www.burmeseclassic.com

# ဂျပန်ခေတ်စစ်တက္ကသိုလ်

နှင့်

# ဗြိတိန်ဆင်းဟတ်စ်ဘုရင့်စစ်တက္ကသိုလ်

ဒုတိယဗိုလ်မှူးကြီး

**သောင်းထိုက်**

(အငြိမ်းစား)




ဒုတိယအကြိမ်

www.burmeseclassic.com

www.burmeseclassic.com

**စာမူခွင့်ပြုချက်** - ၁၁/၂၀၀၁(၅)
**အဖုံးခွင့်ပြုချက်** - ၁၇/၂၀၀၁(၇)
**အတွင်းပုံနှိပ်သူ** - ဦးရှိန်ဘီး၊ (၀၇၆၅၉)၊ ဝင်းလိုက်မိတ် ပုံနှိပ်တိုက်
အမှတ် ၃၅၂၊ စရည်းပင်လမ်း၊ သုဝဏ္ဏ၊
သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။
**မျက်နှာဖုံးပုံနှိပ်** - ဦးတိုးဝင်း
နေလရောင်အော့ဖ်ဆက်
(၉၆/ခ)၊ ၁၁ လမ်း၊ ရန်ကုန်မြို့။
**အတွင်းဖလင်** - ငြိမ်းအေး
**ထုတ်ဝေသူ** - ဦးသန်းမြင့်၊ လင်းလင်းစာပေ
အမှတ် - ၄/၂၉၊ မြဝတီမင်းကြီးလမ်း၊
၁၀ မိုင်ကုန်း၊ အင်းစိန်၊ ရန်ကုန်မြို့။
**အဖုံးပန်းချီ** - **စံတိုး**
**အကြိမ်** - ဒုတိယအကြိမ်၊
**ထုတ်ဝေသည့်လ** - ၂၀၀၁ ခုနှစ်၊ အောက်တိုဘာ
**စာအုပ်ချုပ်** - ပပစိုးနှင့်အဖွဲ့
**တန်ဖိုး** 1500
**အုပ်ရေ** -

# ဂျပန်ခေတ် စစ်တက္ကသိုလ်

နှင့်

# ဗြိတိန်ဆင်းဟတ်စ် ဘုရင့်စစ်တက္ကသိုလ်

## ဒု-ဗိုလ်မှူးကြီးသောင်းထိုက်

(အငြိမ်းစား)

www.burmeseclassic.com

www.burmeseclassic.com


ဒို့တာဝန် အရေးသုံးပါး

ပြည်ထောင်စု မပြိုကွဲရေး ဒို့အရေး၊
တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး၊
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး၊

နိုင်ငံတော်ပွဲ့ စည်းပုံ အခြေခံဥပဒေပေါ် ပေါက်ဖွားရေးသည်
ပြည်ထောင်စု သားအားလုံး၏ ပဓာနကျသော တာဝန်ဖြစ်သည်။

ရပ်ရွာအေးချမ်းသာယာရေး
ပိုင်းဝန်းကူညီ စောင့်ထိန်းပေး။
ကိုကျမှန်ကန် စိတ်အားသန်
မြန်ဆန်ဆောင်ရွက် ပြည်သူ့တွက်။
သင့်ကြောင့် ပြည်ထောင်စုကြီး မပြိုကွဲပါစေနှင့်။

ပြည်သူ့သဘောထား

ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို
နှောင့်ယှက် ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
နိုင်ငံတော်၏ပြည်တွင်းရေးကိုဝင်ရောက်စွက်ဖက်နှောင့်ယှက်သော
ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ်
သတ်မှတ်ချေမှုန်းကြ။


## မာတိကာ


၁။ စာရေးသူ၏အမှာ

### ပထမပိုင်း

၂။ ပထမပိုင်းအတွက် စာရေးသူ၏အမှာ ၁၁
၃။ ပထမပိုင်းအတွက် ပဏာမ ၁၉
၄။ ဗမာ့လွတ်လပ်ရေးတပ်မတော်မှ ဗမာ့ကာကွယ်ရေးတပ်မတော် ၂၅
၅။ လွတ်လပ်ရေး ၃၀
၆။ စစ်တက္ကသိုလ်များ စတင်ပေါ်ပေါက်လာပုံ ၄၂
၇။ ဂျပန်ခေတ် စစ်တက္ကသိုလ် စတင်တည်ထောင်ဖွင့်လှစ်ခြင်း ၄၆
၈။ စတုတ္ထပတ် အရာရှိသင်တန်း ၅၇
၉။ အရာရှိ သင်တန်းသားများ ခေါ်ယူခြင်းနှင့် သင်တန်းစိမံချက် ၅၈
၁၀။ ၁၉၄၄ ခုနှစ် အခြေအနေ ၆၆
၁၁။ ဒုတိယ ကမ္ဘာစစ်နှင့် မြန်မာပြည် စစ်မျက်နှာ ၇၂
၁၂။ စစ်တက္ကသိုလ် ဝင်ခွင့်စာမေးပွဲ ၇၈
၁၃။ သင်တန်းဝင်ခွင့်ရသူများ ၈၆
၁၄။ သင်တန်း ၉၃
၁၅။ ကျောင်းဆင်းမိန့်ခွန်း ၉၉
၁၆။ ကျောင်းဆင်းအရည်အချင်း ၁၀၂
၁၇။ ကျောင်းအုပ်ကြီး အစီရင်ခံစာ ၁၀၉
၁၈။ တပ်အသီးသီးသို့ ရောက်ကြပြီ ၁၁၂
၁၉။ ဖို့စ် ၁၃၆ ၁၁၉
၂၀။ ဗိုလ်ဗထူး တော်လှန်ပြီ ၁၂၁
၂၁။ ဗိုလ်ချုပ်အောင်ဆန်းမှ အမိပတိသို့ ပေးစာ ၁၂၁
၂၂။ တော်လှန်ရေး ၁၂၄
၂၃။ စစ်တက္ကသိုလ်နေ့စဉ်မှတ်တမ်း (နောက်ဆက်တွဲ-က) ၁၂၅
၂၄။ မိတ်ဆုံပွဲ (နောက်ဆက်တွဲ-ခ) ၁၈၀


www.burmeseclassic.com

www.burmeseclassic.com

## ဒုတိယပိုင်း


၂၅။ ဒုတိယပိုင်းအတွက်အမှာ ၁၈၉

၂၆။ ဒုတိယပိုင်းအတွက် ပဏာမ ၁၉၄

၂၇။ ဘီအေစီအက်စ် ၂၀၄

၂၈။ မောန်းစ် ဗိုလ်သင်တန်းကျောင်း ၂၃၄

၂၉။ ဆင်းဟတ်စ် ဘုရင့်စစ်တက္ကသိုလ် ၂၄၆

၃၀။ ဆင်းဟတ်စ် ဘုရင့်စစ်တက္ကသိုလ်ဖွဲ့စည်းပုံ (နောက်ဆက်တွဲ-က) ၄၄၄

၃၁။ ဆာဂျွန်ဟာဒင်းမိန့်ခွန်း (နောက်ဆက်တွဲ-ခ) ၄၅၂

၃၂။ မြန်မာနိုင်ငံမှ ဗြိတိန်ဆင်းဟတ်စ်ဘုရင့်စစ်တက္ကသိုလ် တက်ရောက်ခဲ့သူများစာရင်း (နောက်ဆက်တွဲ-ဂ) ၄၅၆


## စာရေးသူ၏အမှာ

ကျွန်တော့်စာမူကို ဖတ်ကြည့်ပြီး ဘဝတက္ကသိုလ်ကိုနေဝင်းက 'ဂျပန်ခေတ်စစ်တက္ကသိုလ်နှင့် ဗြိတိန်ဆင်းဟတ်စ်ဘုရင့် စစ်တက္ကသိုလ်တက်ခဲ့သူ နှစ်ဦးတည်းရှိသည်ဆိုရာတွင် ဂျပန်ခေတ် စတုတ္ထအပတ်ကသူများအား မြေ တာလားဆရာ'ဟု မေးပါသည်။

စတုတ္ထအပတ်တွင် ဆိုလိုခြင်းမဟုတ်ပါ။ ကိုကြည်အေး (ယခု ဦးအေး ကို၊ ဒုတိယဝန်ကြီး၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန)မှာ ဂျပန်ခေတ် စစ်တက္ကသိုလ် တတိယပတ်ကျောင်းဆင်းဖြစ်၍ ကျွန်တော်က စတုတ္ထပတ် ကျောင်းဆင်း ဖြစ်ပါသည်။

နည်းနည်းရှင်းပြရန် လိုပါလိမ့်မည်။ နိုင်ငံအသီးသီးမှ စစ်တက္ကသိုလ် ဘိုင်းမှာပင် အသက်ကန့်သတ်ချက်များ ရှိပါသည်။ များသောအားဖြင့် ယခု ခေတ် စစ်တက္ကသိုလ်များတွင် အသက်ဆယ့်ခြောက်နှစ်မှ နှစ်ဆယ်ကြား လူငယ် လူရွယ်များကို လေ့ကျင့်သင်ကြားပေးနေခြင်း ဖြစ်ပါ၏။

ဂျပန်ခေတ်စစ်တက္ကသိုလ်မှာ စစ်အတွင်းဖြစ်၍ တက်ရောက်ရသည့် အချိန်မှာ တိုတောင်းပြီး အပြင်းထန်ဆုံး လေ့ကျင့်ပေးခဲ့ပါသည်။ ကျွန်တော်တို့ စတုတ္ထပတ် စစ်တက္ကသိုလ် ဗိုလ်သင်တန်းခေါ်ယူစဉ်က (တပ်ထဲမှသူများ အသက်နှစ်ဆယ်မှ နှစ်ဆယ့်ရှစ်နှစ်၊ ပြင်ပနှစ်ဆယ်မှ နှစ်ဆယ့်ငါးနှစ်) လူငယ် များကို တပ်ထဲမှရော၊ ပြင်ပမှပါ ခေါ်ယူခဲ့ခြင်းဖြစ်၏။

ကျွန်တော်က ထိုစဉ်က တပ်မတော်ထဲ ရောက်နေပြီဖြစ်ပြီး အသက် ဆယ့်ခြောက်နှစ်သာသာပဲ ရှိပါသေးသည်။ အသက်ပိုကြီးပြော၍ ဗိုလ်သင် တန်း တက်ရောက်ခဲ့ရခြင်း ဖြစ်ပါသည်။

ဆင်းဟတ်စ်ဘုရင့်စစ်တက္ကသိုလ် ခေါ်ယူသောအခါ ကျွန်တော့်အသက် နှစ်ဆယ့်လေးနှစ် ရှိနေပြီ။ အသက်မီသေး၍ တပ်မတော်မှရွေးချယ်ပြီး ဗိုလ်လောင်း သို့စေလွှတ်ခဲ့ခြင်း ဖြစ်ပါသည်။

ကိုကြည်အေးလည်း ကျွန်တော့်နည်းတူ ဖြစ်ပါလိမ့်မည်။

www.burmeseclassic.com

www.burmeseclassic.com

ထို့ကြောင့် စစ်တက္ကသိုလ်ကြီးနှစ်ခုကို ဆက်တက်နိုင်ရန် အရေးအကြီးဆုံး ကန့်သတ်ချက်မှာ အသက်ကန့်သတ်ချက်ပင် ဖြစ်ပါသည်။ အခြား အရည်အချင်းများ မည်မျှပြည့်စုံစေကာမူ အသက်ကန့်သတ်ချက်ကြောင့်ပင်လျှင် စစ်တက္ကသိုလ်နှစ်ခုဆက်တက်ရန် အခွင့်အလမ်းရရန် အလွန်ခဲယဉ်းမည် ဖြစ်ပါသည်။

ယင်းအခွင့်အရေးကို မြန်မာတစ်နိုင်ငံလုံးတွင် ကျွန်တော်တို့နှစ်ဦးတည်းသာရရှိခဲ့ခြင်း ဖြစ်လေသည်။

ကျွန်တော်နှင့် ဘဝတက္ကသိုလ်ကိုနေဝင်း ကံစပ်သည်ဆိုရပါမည်။ ယခုစာမူကို ကျွန်တော်စိတ်တိုင်းကျမှ ကိုနေဝင်းနှင့် လာတွေ့ရခြင်းဖြစ်ပါသည်။ ဤအချက်ကိုလည်း ရှင်းပြရန်လိုပါလိမ့်မည်။

ဤစာအုပ်အတွက် အဓိကကုန်ကြမ်းများမှာ ကျွန်တော် ၁၉၄၄ ခုနှစ်နှင့် ၁၉၅၁–၁၉၅၃ ခုနှစ်များက ရေးသားခဲ့သော နေ့စဉ်မှတ်တမ်းများ ဖြစ်ပါသည်။ နေ့စဉ်မှတ်တမ်းနှင့်ပတ်သက်၍ နှစ်မျိုးနှစ်စား ခွဲခြားနိုင်မည်ဟု ယူဆပါသည်။

စာရေးဆရာ သို့မဟုတ် တိုင်းပြည်ခေါင်းဆောင်တစ်ဦးက တိုင်းပြည်သို့ တင်ပြနိုင်ရန်ရေးသော နေ့စဉ်မှတ်တမ်းမှာ ပထမအမျိုးအစား ဖြစ်ပါသည်။ ယင်းအမျိုးအစားတွင် စစ်ခေါင်းဆောင်ကြီးများ၊ နိုင်ငံရေးသမားများ၊ ပြည်သူ့ဝန်ထမ်း တာဝန်ကြီးကြီး ထမ်းဆောင်ခဲ့ရသောသူများ ရေးသည့်မှတ်တမ်းများ ပါဝင်ပါသည်။ (ဥပမာ ဂျူးလီယပ်ဆီဇာ၊ နပိုလီယံ၊ ချာချီ၊ ကစ်ဆင်ဂျာ၊ ဆရာကြီးရွှေဥဒေါင်းတို့ မှတ်တမ်းများ)။

ဒုတိယအမျိုးအစားမှာ စာရေးဝါသနာပါပြီး အလေ့အထတစ်ခုအနေဖြင့် နေ့စဉ်မှတ်တမ်း ရေးမှတ်သွားခြင်းသာဖြစ်ပြီး တိုင်းပြည်သို့ စာအုပ်ထုတ်ဝေတင်ပြရန် ရည်ရွယ်ရေးသားခြင်း မဟုတ်သည့် နေ့စဉ်မှတ်တမ်းများ ဖြစ်လေသည်။ ယခု ကျွန်တော်တင်ပြသော မှတ်တမ်းများမှာ ဒုတိယအမျိုးအစားတွင် ပါဝင်ပါသည်။ တိုင်းပြည်သို့ စာအုပ်ထုတ်ဝေတင်ပြရန် ရေးမှတ်ခဲ့ခြင်းမဟုတ်ဘဲ မိမိဘဝအတွေ့အကြုံများကို ဝါသနာအလျောက် ရေးမှတ်ထားခဲ့ခြင်းသာ ဖြစ်ပါ၏။ နောင်တွင် အကြောင်းတိုက်ဆိုင်၍သာ ယင်းနေ့စဉ်မှတ်တမ်းများကို စာအုပ်အဖြစ် ထုတ်ဝေရခြင်း ဖြစ်လေသည်။

မှတ်တမ်းနှစ်မျိုးစလုံးတွင် အကောင်းအဆိုး၊ အားကောင်းချက်၊ အားနည်းချက်များ ရှိလေသည်။ ပထမအမျိုးအစားမှာ စာအုပ်ထုတ်ဝေရန် ရည်ရွယ်ရေးသားခြင်းဖြစ်၍ ရေးမှတ်ကတည်းက မည်သည့်အချက်ကို တိုင်းပြည်သို့ တင်ပြမည်၊ မည်သို့ ခြယ်မှုန်းရေးသားမည်ကို သိရှိနေပြီး ရေးမှတ်သွားခြင်းဖြစ်၍ စာချောမည်မှာ မုချဖြစ်၏။ သို့သော် ချွတ်ယွင်းချက်ကား ပြည့်စုံချင်မှ ပြည့်စုံပါမည်။ တွေ့သမျှ၊ မြင်သမျှ ရေးမှတ်ခြင်းမဟုတ်ဘဲ မိမိကောင်းသည် အရေးကြီးသည် ထင်သည်ကိုသာ ရေးမှတ်ခြင်း ဖြစ်ပေလိမ့်မည်။ တစ်နည်းအားဖြင့် မိမိအား လူထုအထင်ကြီးစေမည့် အချက်များကိုသာ ဦးစားပေး ရေးသွားမည်ဖြစ်၏။

ဒုတိယအမျိုးအစားကား တွေ့သမျှ၊ မြင်သမျှ ဝါသနာအလျောက် ရေးသားမှတ်တမ်းတင်ခြင်းဖြစ်ရကား အလွန်ပြည့်စုံသည်။ ဥပမာ တစ်ခု တင်ပြပါမည်။ ဂျပန်ခေတ်က ဆင်းရဲပင်ပန်းပုံကို စာအုပ်အသီးသီးတွင် ရေးသားချက်များ ရှိပါ၏။ ငတ်ခဲ့ပြတ်ခဲ့ပုံ၊ အစားအသောက်ဆင်းရဲပုံတို့ကို ရေးသားခဲ့ကြပါ၏။ လူလေးဦး ခြင်ထောင်တစ်လုံးတည်းအိပ်ရသည်ဟု မည်သည့်စာအုပ်တွင်မှ ကျွန်တော်မဖတ်ခဲ့ရဖူးပါ။ ကျွန်တော့် နေ့စဉ်မှတ်တမ်းတွင် ဝင်ဆာ လေ့ကျင့်ရေးစခန်းတွင် လူသစ်များလေးဦးတွင် ခြင်ထောင်တစ်လုံးနှင့် အိပ်ရပုံကို ရေးသားထားသည်ကို တွေ့ရပါမည်။

အနှစ်လေးဆယ် ကြာပြီဖြစ်သော်လည်း နေ့စဉ်မှတ်တမ်းကျေးဇူးကြောင့် ယခုပြန်စဉ်းစားလျှင် ခြင်ထောင် အစိမ်းအရှည်ကြီးများဖြင့် ခြင်ထောင်တစ်လုံးတွင် လူလေးဦးအိပ်ခဲ့ရသည်ကို ပြန်လည်မြင်ယောင်မိပါသည်။

ထို့ကြောင့်ပင် ဖြစ်မည်။ ကျွန်တော် ဂျပန်ခေတ် နေ့စဉ်မှတ်တမ်းကို ၁၉၆၈ ခုနှစ်လောက် ကျွန်တော်နှင့် စတုတ္ထပတ်ဗိုလ်သင်တန်းတွင် အတူတက်ရောက်ခဲ့သူ ဒေါက်တာမောင်မောင် (နိုင်ငံတော်ကောင်စီဝင်)အား ပြကြည့်သောအခါ ဒေါက်တာမောင်မောင်က စာအုပ်ထုတ်ဝေရန် အားပေးစကားပြောကြားပြီး စာအုပ်ထုတ်ဖြစ်လျှင် သိပ်မပြင်ဘဲ ယခင်က နေ့စဉ်ရေးသားခဲ့သည့်အတိုင်း ထုတ်ဝေရန် အကြံပေးခဲ့ပါသည်။

သို့သော် စာအုပ်ထုတ်ဝေရန် ရည်ရွယ်ရေးသားခြင်း မဟုတ်သည့်အလျောက် ဤကဲ့သို့ နေ့စဉ်မှတ်တမ်းမျိုးမှာ စာကြမ်းမည်။ စကားအလှအပဆင်၍ ခြယ်မှုန်းမှုနည်းမည်။

ထို့ကြောင့်(အထူးသဖြင့် ဆယ့်ခုနစ်နှစ်သားက ရေးခဲ့သည့်) ကျွန်တော့်ဘဝ ပထမပိုင်း (ဂျပန်ခေတ် စစ်တက္ကသိုလ်ပိုင်း)ကို ကျွန်တော် ဘာမှမပြင်ဘဲ စာအုပ်ထုတ်ဝေမှု နှောင့်နှေးခဲ့ရခြင်း ဖြစ်ပါ၏။

www.burmeseclassic.com

www.burmeseclassic.com

၁၉၈၁ ခုနှစ်၊ ဒီဇင်ဘာလ ၁၃ ရက် နေ့တွင် ဂျပန်ခေတ် စတုတ္ထပတ် ဗိုလ်သင်တန်းကျောင်းဆင်းအချို့ ရွှေတိဂုံစေတီတော်တွင် တွေ့ဆုံကြပြီး၊ ကျွန်တော်တို့အပတ် စာစောင်ဖြစ်မြောက်ရေးအတွက် အစည်းအဝေး ကျင်းပခဲ့ကြပါသည်။

ဂျပန်ခေတ် ဒုတိယပတ် ဗိုလ်သင်တန်းကျောင်းဆင်းများက စာစောင်တစ်ခု ဖြစ်မြောက်သွားပြီ။

ကျွန်တော်တို့ စတုတ္ထပတ်ကလည်း စာစောင်ထုတ်ဝေရန် အစည်းအဝေး ကျင်းပခဲ့ကြခြင်းဖြစ်၏။

ထိုအဖွဲ့က စာစောင် ဖြစ်မြောက်ရေး ကော်မတီတစ်ရပ် ဖွဲ့စည်းပေးခဲ့ပြီး၊ ထိုကော်မတီတွင် ဗိုလ်လေးကျော်ညွန့်၊ ဗိုလ်မှူးကြီးအောင်ဇင်(အငြိမ်းစား)တို့က နာယကအဖြစ် ဆောင်ရွက်၍ ကျွန်တော့်အား ဥက္ကဋ္ဌအဖြစ် တာဝန်ပေးခဲ့ကြလေသည်။

အဖွဲ့လိုက်လုပ်ရသောအခါ တစ်ဦးချင်း သုတေသနလုပ်နေစဉ်ကထက် အချက်အလက်များစုမိလာ၏။ တစ်ဦးချင်း လုပ်ဆောင်၍ မရနိုင်သော အကူအညီများကိုရလာ၏။

ကျွန်တော်တို့အဖွဲ့တွင် ကိုဇော်ဝင်း (ဂျပန်ခေတ် စစ်တက္ကသိုလ် တက်ရောက်စဉ်က မောင်သန်း)ပါ၏။ ကိုဇော်ဝင်းက ယခု ကုလသမဂ္ဂ မြန်မာနိုင်ငံဆိုင်ရာ မူးယစ်ဆေးဝါး တိုက်ဖျက်ရေးအဖွဲ့တွင် တာဝန်ခံအရာရှိဖြစ်ရာ သူ့ရုံးမှ စာကူးစက်ကြီးဖြင့် ကျွန်တော်လိုသော စာများကူးရ၏။

အဖွဲ့ဝင် ကိုကိုကြီး (မေပုလဲကိုကိုကြီး) ထံမှ စတုတ္ထပတ်ဗိုလ်သင်တန်း ဝင်ခွင့်စာမေးပွဲတွင် စစ်မေးခဲ့သည့် မေးခွန်းများ တစ်စုံလုံး ရခဲ့ပါ၏။ ကိုအေး (ရခိုင်မ) ထံမှ ဂျပန်ခေတ်နှင့် ပတ်သက်သည့် ရှားပါးစာအုပ်များပါ ရခဲ့လေသည်။ ကိုဇော်ဝင်း၊ ကိုကိုကြီး၊ ကိုအေးတို့အား အထူးကျေးဇူးတင်ကြောင်း ဖော်ပြအပ်ပါသည်။

စိန်အောင်လင်းကို ကျေးဇူးတင်ကြောင်း ရေးရဦးမည်။

ကျွန်တော်တို့ ဂျပန်ခေတ် စတုတ္ထပတ် ကျောင်းဆင်းများ မည်သူ မည်သည့်နေရာ ရောက်နေသည်၊ မည်သူက ကျဆုံးပြီ၊ မည်သူ ကွယ်လွန်သွားပြီကို အသိဆုံးမှာ စိန်အောင်လင်း ဖြစ်၏။

နာမည်ပြောင်များ နောက်၌ခေါ်သည့် အမည်များကိုလည်း သူသိ၏။ မည်သူက အိမ်သာ၊ မည်သူက မိုးနက် စိန်အောင်လင်းက ပြောနိုင်၏။

လူအမည်နှင့် မည်သူမည်ဝါ ကျွန်တော်မသိသည်များကို စိန်အောင်လင်းအား မေးရ၏။ ဤကဲ့သို့ ပြောပြကူညီ၍ စိန်အောင်လင်းအား အထူးကျေးဇူးတင်ရှိပါကြောင်း ဖော်ပြအပ်ပါသည်။

အဖွဲ့အနေနှင့် စာမူပြုစုကြရာ၌ အပိုင်းသုံးပိုင်း ပါဝင်ရမည်ဖြစ်ပြီး၊ ပထမပိုင်းက စစ်တက္ကသိုလ် စတင်တည်ထောင်သည်မှ စတုတ္ထပတ် ဗိုလ်သင်တန်းအကြောင်း ပြည့်ပြည့်စုံစုံ ပြုစုတင်ပြရန်၊ ဒုတိယပိုင်းတွင် စတုတ္ထပတ် ဗိုလ်သင်တန်းဆင်းများ အမည်၊ နေရပ်၊ စာရင်းဇယား ပြည့်စုံအောင် ကောက်ယူရန်နှင့် တတိယပိုင်းတွင် ကျောင်းဆင်းများ ရေးသားထားသည့် ဆောင်းပါးများကို စုဆောင်းထည့်သွင်းရန် ဖြစ်လေသည်။

ပထမပိုင်းကို ကျွန်တော်ပြုစုရပြီး ဒုတိယပိုင်းကို ဗိုလ်လေးကျော်ညွန့် (ယခု ဦးကျော်ညွန့် ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီးဌာန)ဦးဆောင်သည့် အဖွဲ့ငယ်ကပြုစု၍ တတိယပိုင်းကို ကိုအေး၊ ကိုကျော်ဆန်း(ကဆ)၊ ကိုစိန်အောင်လင်းတို့အဖွဲ့က အယ်ဒီတာအဖွဲ့အနေဖြင့် စုဆောင်းပြုစုရမည် ဖြစ်လေသည်။

စာမူတစ်ခုလုံး ပြီးစီးနေပြီဖြစ်သော်လည်း အကြောင်းအမျိုးမျိုးကြောင့် ကျွန်တော်တို့စာစောင် ထွက်မလာခဲ့ပါ။ ထုတ်ဝေဖြစ်ရန်လည်း အကြောင်းနည်းတော့ပါ။

စာစောင် ဖြစ်မြောက်ရေးကော်မတီ စတင်ဖွဲ့စည်းစဉ်ကတည်းက ကျွန်တော်က ကျွန်တော့်အနေဖြင့် ဂျပန်ခေတ်စစ်တက္ကသိုလ်နှင့် ဗြိတိန်ဆင်းဟတ်စ်ဘုရင့်စစ်တက္ကသိုလ် စာမူပြုစုနေကြောင်း၊ စာအုပ်ထုတ်ဝေရန် ကြော်ငြာပြီးလည်းဖြစ်ကြောင်း၊ သို့သော် အဖွဲ့လိုက်ပြုစုသည့် စာမူကို ဦးစားပေးမည်ဖြစ်ပြီး ၁၉၈၃ ခုနှစ်၊ ဇန်နဝါရီလအထိ (အဖွဲ့လိုက် စာမူစတင်ပြုစုသည်မှ နှစ်နှစ် အချိန်ပေးထားခြင်း ဖြစ်ပါသည်) စောင့်ဦးမည်ဖြစ်ကြောင်း၊ ထိုအချိန်တွင် အဖွဲ့လိုက် စာစောင်မထုတ်ဖြစ်ပါမူ ကျွန်တော့်စာမူကို ထုတ်ဝေရန်လုပ်ဆောင်ရမည်ဖြစ်ကြောင်း ကျွန်တော်က အဖွဲ့တွင် တင်ပြထားပြီး ဖြစ်ပါသည်။

ပထမပိုင်းကို အတတ်နိုင်ဆုံး ပြည့်စုံအောင် ကျွန်တော်ပြုစုခဲ့ပါသည်။ တပ်မတော်မော်ကွန်းတိုက်၊ တက္ကသိုလ်စာကြည့်တိုက်များသို့ အခေါက်ခေါက်ရောက်၍ အချို့စာမူများကို စာကူးစက်ဖြင့် ကူးပြီး အချို့ဂျပန်ခေတ် (၁၉၄၄ ခုနှစ်)က သတင်းစာကြီးများကို ဓာတ်ပုံရိုက်ယူခဲ့ပါသည်။ စာမူမှာ [illegible]အောင် ပြည့်စုံနေပါပြီ။ မည်သည့်စာအုပ်တွင်မှ မပါသေးသော အချက်အလက်များကို ယခု ဤစာအုပ်တွင် ဖော်ပြနိုင်ပြီဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

တပ်မတော်မော်ကွန်းတိုက်မှရရှိသည့် ဂျပန်ခေတ်စစ်တက္ကသိုလ်မှုရင်းစာရွက်စာတမ်းများမှ စာရင်းအင်းများ၊ လူအမည်များကို နောက်ဆုံးစိစစ်သည့် အနေနှင့် ၁၇–၁၁–၁၉၈၄ နေ့ (အမျိုးသားအောင်ပွဲနေ့)တွင် အောက်ပါသူများနှင့် စာရေးသူနေအိမ်မှာပင် အစည်းအဝေးတစ်ရပ်ကျင်းပပြီး စိစစ်ခဲ့ကြပါသည်။

ဗိုလ်လေးကျော်ညွန့်၊ ကိုစိန်အောင်လင်း၊ ကိုညွန့်၊ ကိုရန်ရှင်း၊ ကိုကိုကြီး (မေပုလဲ)တို့ ဖြစ်ကြပါသည်။

ထို့ကြောင့် ယင်းပုဂ္ဂိုလ်အားလုံးကို အထူးကျေးဇူးတင်ရှိပါကြောင်း တင်ပြအပ်ပါသည်။

အထက်တစ်နေရာတွင် ဖော်ပြခဲ့သည့်အတိုင်း ဒေါက်တာမောင်မောင်ကလည်း ၁၉၆၈ ခုနှစ်မှစ၍ ကျွန်တော့်စာအုပ်ထုတ်ဖြစ်အောင် အားပေးတိုက်တွန်းခဲ့သဖြင့် ဒေါက်တာမောင်မောင်အား အထူးကျေးဇူးတင်ရှိကြောင်း ဖော်ပြအပ်ပါသည်။

ကျွန်တော့် ဘာသာပြန်စာအုပ်များ ဆက်တိုက်လို ထွက်လာသောအခါ ဘာသာပြန်များသာမကဘဲ မိမိအတွေ့အကြုံများကို ရေးသားရန် ရေးဖော်ရေးဘက်များနှင့် ခင်မင်သည့်ငယ်ပေါင်းသူငယ်ချင်းများကပါ မကြာခဏ တိုက်တွန်းကြပါသည်။

၁၉၈၂ ခုနှစ် အမျိုးသားနေ့က ဗဟန်းမြို့နယ် ပါတီယူနစ်က ကြီးမှူးကျင်းပသည့် အမျိုးသားနေ့ စာပေဟောပြောပွဲတွင် ဆရာဦးထင်ဖတ်(ဆရာမောင်ထင်)နှင့် ကျွန်တော်တို့နှစ်ဦး ဟောပြောခဲ့ရ၏။ ဆရာမောင်ထင်က ကျွန်တော်နှင့် ခဏကလေး တွေ့ရစဉ်မှာပင် မိမိအတွေ့အကြုံများ ရေးသားရန် တိုက်တွန်းခဲ့ပါသေးသည်။

တောင်တွင်းကြီးမှ ငယ်သူငယ်ချင်း ကိုဌေးမြင့် (ဝတ်လုံတော်ရ ဦးဌေးမြင့်)ကလည်း ကျွန်တော်နှင့်တွေ့တိုင်းလိုပင် မိမိအတွေ့အကြုံများ ရေးသားရန် တိုက်တွန်းခဲ့ပါသည်။ ဤကဲ့သို့ တိုက်တွန်းအားပေးခဲ့သူ အားလုံးကိုလည်း ကျေးဇူးအထူးတင်ရှိပါကြောင်း တင်ပြအပ်ပါသည်။

တပ်မတော်မော်ကွန်းတိုက်မှ ဓာတ်ပုံရိုက်ပေးသည့် ကိုမောင်မောင်၊ စာတွဲများရှာပေးသည့် ဒေါ်တင်တင်အေး၊ ဒေါ်ခင်စောနှင့် ဒေါ်ယဉ်ယဉ်မျိုးတို့အား အထူးကျေးဇူးတင်ရှိကြောင်း ဖော်ပြအပ်ပါသည်။ အင်္ဂလိပ်စာအုပ်များ ကူညီရှာပေးသည့် ဦးအေးကြူနှင့် ဦးအောင်မြင့်တို့အားလည်း အထူး ကျေးဇူးတင်ရှိပါသည်။

တက္ကသိုလ်စာကြည့်တိုက်မှ ဦးသော်ကောင်း၊ ဆရာမဒေါ်ကျော့ကျော့နှင့်တကွ ကူညီကြသူများကိုလည်း အထူးကျေးဇူးတင်ရှိပါသည်။

ကျွန်တော်စာရေးဖြစ်အောင် အဘက်ဘက်မှ ကူညီအားပေးသည့် ဇနီးဒေါ်သောင်းသောင်းလေးနှင့် သားသမီးများအား အထူးကျေးဇူးတင်ရှိပါသည်။ ကျောင်းစာများနှင့် လုံးပန်းနေရစဉ် ကျွန်တော်သွားလိုရာ ကားမောင်းပို့ပေးသည့် သား ထင်အောင်ထိုက်အားလည်းကောင်း၊ စာမူချောကူးပေးသည့် သမီး ခင်ဖြူဖြူထိုက်၊ သား ဇော်ဝင်းထိုက်တို့အားလည်းကောင်း၊ စာမူ လက်နှိပ်စက်ရိုက်ပေးသည့် စာပေဗိမာန်မှ ဦးချစ်စိန်အားလည်းကောင်း အထူးကျေးဇူးတင်ပါကြောင်း ဖော်ပြအပ်ပါသည်။

အကြောင်းအမျိုးမျိုးကြောင့် နာမည်ဖော်ပြခြင်း မပြုနိုင်သော်လည်း အခြားနည်းအမျိုးမျိုးဖြင့် ကူညီခဲ့သူအပေါင်းအား အထူးကျေးဇူးတင်ရှိပါကြောင်း တင်ပြလိုက်ရပါသည်။

**သောင်းထိုက်**

၁၉၈၄ ခုနှစ်၊ ဒီဇင်ဘာလ ၁ ရက်

www.burmeseclassic.com

www.burmeseclassic.com

## ဒုတိယအကြိမ် ပုံနှိပ်ခြင်းအတွက် စာရေးသူ၏ အမှာစာ...

ဤအမှာစာတွင် ကျေးဇူးတင်ကြောင်းကို ဖော်ပြရပါမည်။ ကျွန်တော်တို့ ဗြိတိန်စစ်ကျောင်းကြီးများတွင် တက်ရောက်ခဲ့စဉ်က ဓာတ်ပုံများ ကျန်ရှိခြင်းမှာ ကိုခင်အောင်တင့်ကျေးဇူး ဖြစ်ပါသည်။ ကျွန်တော်တို့အဖွဲ့တွင် ကိုခင်အောင်တင့်က ဓာတ်ပုံဆရာ ဖြစ်၏။ အရေးကြီးသည့် အဖြစ်အပျက်များကို သူ့ကင်မရာနှင့် မှတ်တမ်းတင်ခဲ့၍ ကျွန်တော်တို့မှာ ဓာတ်ပုံတွေ အများကြီးကျန်ခဲ့ခြင်း ဖြစ်ပါသည်။ ထို့ကြောင့် ကိုခင်အောင်တင့်နှင့် သူ့ဇနီးဒေါ်နီနီ အား အထူးပင် ကျေးဇူးတင်ရှိကြောင်း ဖော်ပြအပ်ပါသည်။ ကျွန်တော် စာအုပ်များရေးဖြစ်အောင် ဝန်းကျင် ဖန်တီးပေးသည့် ချစ်ဇနီး ဒေါ်သောင်းသောင်းအေးနှင့် မိသားစုအား အထူးပင် ကျေးဇူးတင်ရှိပါသည်။ သူတို့ ကူညီအားပေးမှုမရှိလျှင် ကျွန်တော် စာအုပ်များ ရေးဖြစ်မည် မဟုတ်ပါ။ ထိုသို့ အဘက်ဘက်မှ ကူညီခဲ့ကြသူ အားလုံးအား အထူးပင်ကျေးဇူးတင်ရှိပါကြောင်း တင်ပြအပ်ပါသည်။

သောင်းထိုက်

၁၀၊ ၆၊ ၂၀၀၁။

# ပထမပိုင်း

# ဂျပန်ခေတ်စစ်တက္ကသိုလ်

www.burmeseclassic.com

www.burmeseclassic.com

# ပထမပိုင်းအတွက်
# စာရေးသူ၏ အမှာ

ပထမပိုင်းဖြစ်သော ဂျပန်ခေတ် စစ်တက္ကသိုလ် ဗိုလ်လောင်းဘဝ နေ့စဉ်မှတ်တမ်းနှင့်ပတ်သက်၍ စတုတ္ထအပတ် ဗိုလ်လောင်းသင်တန်းတွင် တစ်ပတ်တည်း တက်ရောက်ခဲ့သည့် ဒေါက်တာမောင်မောင်အား ကျွန်တော့် ဒိုင်ယာရီကို ဖတ်ရှုကြည့်စေ၍ ပုံနှိပ်ထုတ်ဝေခြင်း ပြုသင့်,မသင့် တိုင်ပင်ကြည့် ပါသည်။

ဒေါက်တာမောင်မောင်က အားပေးစကားပြောပြီး ပုံနှိပ်ဖြစ်လျှင် သိပ်ပြီး ပြုပြင်ခြင်းမလုပ်ဘဲ (သိပ်ပြီး Tamper မလုပ်ပါနှင့်ဟုဆို၏။) ရေးထား သည့်အတိုင်း ပုံနှိပ်ရန် အကြံပေးပါသည်။ ထို့ပြင် ကျွန်တော့်ဒိုင်ယာရီတွင်ပါ သော အဖြစ်အပျက်တစ်ခုနှစ်ခုကို 'ဒါတွေ တကယ်ဖြစ်ခဲ့ကာပဲလား'ဟု မေးပါ သည်။ အဖြစ်အပျက်တစ်ခုမှာ ထိုခေတ်က ဗမာ့တပ်မတော်မှ လူကြီးတစ်ဦး (နောင်တွင်နာမည်ကြီး နိုင်ငံရေးခေါင်းဆောင်တစ်ဦးဖြစ်လာ၍ အနားယူနေ သည်မှာ ကြာပြီဖြစ်ပါသည်။)ကို ဂျပန်က ပါးရိုက်သည့်ကိစ္စ ဖြစ်ပါ၏။

ဒေါက်တာမောင်မောင်ထောက်ပြသော အချက်နှစ်ချက်စလုံးမှာ အထူး အရေးကြီးလှပြီး 'သိပ်ပြီးမပြင်ပါနှင့်'ဆိုသော အကြံပေးချက်ကို လုံးဝ လက်ခံ ယူ၍ စကားအထားအသိုနှင့် စာလုံးပေါင်းအနည်းငယ် ပြင်ဆင်ခြင်းမှအပ ရှောင်ခဲ့သည့်နှစ်လေးဆယ်မှ ရေးသားခဲ့သည့်အတိုင်းပင် ပုံနှိပ်ခဲ့ပါသည်။

ဒေါက်တာမောင်မောင် မေးမြန်းသည့် နောက်တစ်ချက်နှင့် ပတ်သက် ၍ ရှင်းလင်းဖော်ပြရန်လိုပါသည်။ ထိုစဉ်က နေ့စဉ်မှတ်တမ်းကို ရေးသားခဲ့ရာ

www.burmeseclassic.com

www.burmeseclassic.com



တွင် ကျွန်တော်ကိုယ်တိုင် မျက်မြင်ကိုယ်တွေ့အပြင်၊ ကြားသိရသည်တို့ကို မှတ်တမ်းတင်ခဲ့ခြင်း ဖြစ်ပါသည်။ မျက်မြင်ကိုယ်တွေ့ အဖြစ်အပျက်များကို ကျွန်တော်တွေ့ကြုံခံစားရသည့်အတိုင်း ရေးသားမှတ်တမ်းတင်ခဲ့ခြင်းဖြစ်၍ မှန်ကန်ပါသည်ဟု အာမခံနိုင်သော်လည်း ကြားသိရသည်တို့ကိုမူ မှန်သည်များသည် အတိအကျ ပြောဆိုနိုင်ခြင်းမရှိပါ။ ကြားခဲ့သည်မှာတော့ အမှန်ပင်ဖြစ်၍ ယင်းသို့ ကြားသိခဲ့ရသည့်အတိုင်း မှတ်တမ်းတင်ခဲ့ခြင်းဖြစ်ပါသည်ဟုသာ ပြောဆိုရပါမည်။ ကျွန်တော်တို့ စတုတ္ထပတ် ဗိုလ်လောင်းသင်တန်း ကျောင်းဆင်းပြီး နှစ်လမပြည့်မီ ဖက်ဆစ်တော်လှန်ရေးဖြစ်ခဲ့ရပြီး နောင်တွင်လည်း စစ်ဆေးကြည့်ရန် အခွင့်အရေးမကြုံခဲ့ပါ။

ယင်းပုဂ္ဂိုလ်ကြီးများနှင့် စာရေးသူတို့ လူချင်းတွေ့ကြုံသည့်တိုင် 'ခင်ဗျား ဂျပန်က ပါးရိုက်ခံရတယ်ဆိုတာ တကယ်ပဲလား'ဟု မေးကောင်းသည့်ကိစ္စမဟုတ်ပါ။ ထို့ကြောင့် ယင်းအဖြစ်အပျက်များတွင်ပါဝင်သော ပုဂ္ဂိုလ်ကြီးများ၏အမည်ကို ချန်လှပ်ထားခဲ့ပါသည်။

ဗိုလ်လောင်းသင်တန်း တက်ရောက်ခဲ့စဉ်က ဗိုလ်လောင်းများ ပါးရိုက်ခံရသည့်ကိစ္စကိုလည်း ရှင်းလင်းရေးသားရန် လိုပါလိမ့်မည်။ ယင်းကိစ္စကို ကျွန်တော့်ဒိုင်ယာရီတွင် လုံးဝရေးသားခြင်းမပြုဘဲ တမင်မြှုပ်ထားခဲ့ခြင်းဖြစ်ပါသည်။ ဘာကြောင့် ပါးရိုက်ခံရခြင်းကို လုံးပမြှုပ်ထားခဲ့ရပါသနည်း။ ထိုစဉ်က စစ်တက္ကသိုလ် တက်ရောက်ဖူးသူတိုင်း ပါးရိုက်ခံရခြင်းမှာ ရိုးနေပြီး လူတိုင်းပင် ကြယ်တွေလတွေမြင်အောင် အရိုက်ခံခဲ့ကြရပါသည်။ အမှန်ဆိုသော် စတုတ္ထပတ် ဗိုလ်လောင်းသင်တန်းတွင် ပထမဆုံး ပါးအရိုက်ခံရသူများမှာ ကျွန်တော်အပါအဝင် သုံးဦးရှိပါသည်။ မင်္ဂလာဒုံစစ်တက္ကသိုလ်သို့ရောက်ကြပြီး နောက်တစ်ရက် နံနက် တန်းစီရာတွင် တန်းစီရင်းရန်ဖြစ်ကြသောကြောင့် မြန်မာအကြပ်ဆရာကလေးများဖြစ်ကြသည့် ဆရာစိုးမြင့်၊ ဆရာမောင်မြင့်တို့က ဆုံးမခြင်းဖြစ်ပါသည်။ တဖြန်းဖြန်း ဘယ်ပြန်ညာပြန် အရိုက်ခံရခြင်းဖြစ်ပြီး တော်တော်ပင် 'အီ'သွားခဲ့ပါသည်။

ရန်ဖြစ်ရခြင်းအကြောင်းမှာ ဤသို့ဖြစ်၏။ တန်းစီရာတွင် ကျွန်တော်၊ သန်းကြွယ်(ကျဆုံး)၊ လှဟန် (ယခု ဦးရန်ရှင်း၊ ကုန်းလမ်းသယ်ယူပို့ဆောင်ရေး) တို့မှာ ဘယ်ဘက်အစွန်တွင် ဖြစ်ပါသည်။ သန်းကြွယ်က တန်းစီရင်း စကားပြောနေ၍ ကျွန်တော်က စကားမပြောရန် ဟန့်တားရာမှ စတင်ရန်ဖြစ် ထိုးကြိတ်ကြပြီး သန်းကြွယ်၏သူငယ်ချင်းဖြစ်သူ လှဟန်ကပါ ကျွန်တော့်ကို



ထိုးကာ နှစ်ယောက်နှင့်တစ်ယောက် ဆော်ကြခြင်းဖြစ်ပါသည်။ ရန်ဖြစ်သူ ခလုံးကို ဆရာစိုးမြင့်တို့က ရေရေလည်လည် ပါးရိုက်ဆုံးမခဲ့လေသည်။ ပါးရိုက်ခံရခြင်းမှာ စတုတ္ထပတ်ဗိုလ်လောင်းများအနက် ပထမဦးဆုံး ထွက် ပါးရိုက်ခံရခြင်းပင် ဖြစ်ပါသည်။

နောင်တွင်လည်း မကြာခဏပင် ပါးရိုက်ဆုံးမခြင်း ခံကြရပါသည်။ များက ရိုက်ခြင်းတော့မဟုတ်။ မြန်မာဆရာလေးများ (အကြပ်၊ ဒုတပ်ကြပ် ) က ရိုက်ခြင်းသာများပါသည်။ တစ်ကြိမ်တွင်မူ ကျွန်တော်တို့ တပ်ခွဲမှူးက လောင်းတစ်ဦးအား ပုံလဲသွားအောင် ရိုက်နှက်ခဲ့ဖူးပါသည်။ ယင်း အဖြစ် ပျက်ကို အသေအချာ မှတ်မိနေသော်လည်း ကျွန်တော့်ဒိုင်ယာရီတွင် ရေးမှတ် ခြင်း မရှိခဲ့ပါ။ အရိုက်ခံရသူမှာ ဗိုလ်လောင်း(—)ဖြစ်ပြီး ကျွန်တော်တို့တပ်စု မှ ဖြစ်ပါသည်။ ဗိုလ်လောင်းချစ်လှိုင်(ကျဆုံး)နှင့် (—)တို့မှာ တစ်တန်းတည်း ရာချင်းကပ်လျက် အိပ်ကြသူများ ဖြစ်ပါသည်။ ချစ်လှိုင် ပိုက်ဆံပျောက်ရာမှ (—)ကို မသင်္ကာဖြစ်ပြီး တပ်ခွဲမှူးက ရိုက်နှက်ခြင်း ဖြစ်ပါသည်။ ပုံလဲသွားသည် ထိ အချက်ပေါင်းများစွာ ရိုက်နှက်ခံလိုက်ရပါသည်။ နောက်ထပ် စစ် ည်းကမ်းနှင့်ပက်သက်ပြီး အရေးယူခြင်း မရှိခဲ့ပါ။ သက်သေသက္ကာယလည်း ပြည့်စုံ၊ အရေးမယူနိုင်သောကြောင့် ထိုကဲ့သို့ အရေးမယူခဲ့ခြင်းဖြစ်ပါလိမ့်မည်။ ပါ ဗိုလ်လောင်းသည် သင်တန်းပြီးဆုံးသည့်အထိ ဖွဲကောင်းကောင်းနှင့် က်နိုင်ခဲ့ပြီး အောင်မြင်ပြီးဆုံးအောင် သင်တန်းတက်ရောက်ခဲ့ပါ၏။

သင်တန်းပြီးဆုံးအောင် တက်ရောက်ခဲ့သည်ဟု ဖော်ပြရခြင်းမှာ ဗိုလ် င်တန်းတက်ရောက်နေစဉ် ထွက်ပြေးသူများ ရှိခဲ့ခြင်းကြောင့် ထိုကဲ့သို့ က်ပြေးသည့်အထဲမပါဘဲ သင်တန်းပြီးဆုံးသည်အထိ တက်ရောက်ခဲ့သည်ဟု ရခြင်း ဖြစ်ပါသည်။

ကျွန်တော်တို့အပတ်တွင် သင်တန်းတက်ရောက်သူများအနက်မှ နှစ်ဦး ဦး ထွက်ပြေးခဲ့ကြပါသည်။ တိုင်းပြည်ချစ်စိတ်နှင့် တပ်မတော်ထဲ ဝင်ရောက် ကြပြီး ဗိုလ်သင်တန်းသို့ရောက်ပြီးခါမှ အရိုက်အနှက်၊ အစားဆင်းရဲ၊ အနေ င်းရဲ၊ ပင်ပန်းမှုဒဏ်ကို မခံနိုင်တော့၍ ထွက်ပြေးကြခြင်း ဖြစ်ပါလိမ့်မည်။

နောက်တစ်ကြိမ် တပ်စုတစ်ခုလုံး မျက်နှာချင်းဆိုင် ရပ်စေ၍ အချင်း ချင်း ပါးရိုက်ကြရသည်ကို ဖော်ပြလိုပါသေးသည်။

စက်သေနတ် ကိုင်ဆောင်လေ့ကျင့်ရသည့် လေ့ကျင့်ခန်းဖြစ်ပါ၏။ ဒ်တိုက်ပွဲလား၊ တပ်စုတိုက်ပွဲလားတော့ မမှတ်မိတော့ပါ။ စက်သေနတ်မှ

www.burmeseclassic.com

www.burmeseclassic.com



ပင်လေးတစ်ခု ပြုတ်ကျခဲ့သဖြင့် တပ်စုတစ်ခုလုံးကို မျက်နှာချင်းဆိုင် နှစ်တန်းစီစေ၍ အချင်းချင်း ပါးရိုက်ကြရခြင်း ဖြစ်ပါသည်။ ကြယ်တွေလတွေမြင်အောင် ခံလိုက်ရပါသည်။ ဤကဲ့သို့ အချင်းချင်းရိုက်ရာတွင် ဖော့ရိုက်လျှင် ညှာရိုက်လျှင် ယင်းအတွဲမှာ မသက်သာပါ။ ဆရာများက နံဘေးမှ ကြည့်နေ၍ လျှော့ရိုက်သည်ထင်လျှင် နှစ်ဦးစလုံးကို နမူနာပြ 'ဒီလိုရိုက်ရတယ်ကွ' ဟု စိန်ဗေဒါကြီးသဖွယ် လက်စွမ်းပြကြပါသည်။ လေ့ကျင့်ရေးကွင်း တစ်ခုလုံးတွင် တပ်စုတစ်ခုလုံး ဒူးထောက်တန်းစီ၍ ရှာကြရပါသည်။ ပင်ကိုတွေ့,မတွေ့ မမှတ်မိတော့ပါ။

ဤကဲ့သို့ ပါးရိုက်ခံရခြင်း၊ အစားဆင်းရဲ၊ အနေဆင်းရဲ၊ ပင်ပန်းမှုဒဏ်တို့ကို အရှိကို အရှိအတိုင်း ဖော်ပြခြင်း မပြုခဲ့သည်မှာ လုံလောက်သော အကြောင်းရှိပါသည်။ ကျွန်တော့်မှတ်တမ်းမှာ ထိုစဉ်က နေ့စဉ် အလွန်ပင်ပင်ပန်းပန်း လေ့ကျင့်နေရစဉ် ရသမျှအချိန်ကလေးတွင် နေ့စဉ်ဖြည့်သွင်း ရေးသားခဲ့ရသည့် ဒိုင်ယာရီ ဖြစ်ပါသည်။ ဆရာများ၊ အရာရှိများက ဗိုလ်လောင်းတိုင်းကို အချိန်ရှိသရွေ့ မျက်စိဒေါက်ခံကြည့်ရှုနေကြ၍ နေ့စဉ်အမှတ်ပေးသွားကြပါသည်။ လေ့ကျင့်ရာတွင်လည်းကောင်း၊ ယင်ကောင်ရိုက်ရာတွင်လည်းကောင်း မြက်နုတ် သန့်ရှင်းရေးလုပ်ရာတွင်လည်းကောင်း တစ်နေ့ရာဇဝမှ မျက်စိနှစ်လုံးက စောင့်ကြပ်နေသည်ဆိုသည်ကို ဗိုလ်လောင်းတိုင်းက သိကြပါသည်။

ကျွန်တော် နေ့စဉ်မှတ်တမ်း ရေးခဲ့ပုံကို ဖော်ပြပါဦးမည်။ များသောအားဖြင့် ညနေသင်တန်းအပြီး မိမိအိပ်ရာခေါင်းရင်းမှ ခေါင်းအုံး၊ ခြင်ထောင်စောင်များနှင့် ယူနီဖောင်းအကောင်းတစ်စုံကို စနစ်တကျ ထောင့်ကျအောင်ခေါက်ပြီး တင်ထားရသောတန်းတွင် စာအုပ်ကိုတင်၍ မတ်တတ်ပင် ရေးမှတ်ရပါသည်။ ထို့နောက် ဒိုင်ယာရီကို စောင်ကြားတွင် ထည့်ခဲ့ပြီး သင်တန်းသွားသည့်အခါ၊ အပြင်ထွက်သည့်အခါများတွင် ယင်းကဲ့သို့ စောင်ကြားထဲမှာပင်ထားခဲ့ရပါသည်။ ပါးရိုက်ခံရခြင်းများ၊ အလွန်အမင်း ဆင်းရဲပင်ပန်းခြင်းများကို ရေးထည့်မိ၍ ယင်းဒိုင်ယာရီကို ဆရာတစ်ဦးဦး တွေ့သွားပါက စဉ်းပင်မစဉ်းစားဝံ့ပါ။ သွားအားလုံး ပြုတ်ထွက်အောင် ပါးရိုက်ခြင်း ခံရလျှင်ခံရမည်။ မိမိခံစားမှုများ ရေးသားမိပါက ကျောင်းမှထုတ်ပစ်ခြင်းပင် ခံရနိုင်ပါသည်။ ကျွန်တော့်ဒိုင်ယာရီကို ဆရာများတွေ့မည်မှာ သေချာပါသည်။ ဗိုလ်လောင်းတိုင်း၏အပြုအမူများကို စောင့်ကြည့်နေသည့်ဆရာများသည် နေ့စဉ် ဗိုလ်လောင်းတစ်ဦး အိပ်စင်တန်းပေါ် စာအုပ်လေးတင်၍ ရေးမှတ်နေသည်ကို တွေ့မည်ပင် ဖြစ်ပါ၏။



ထို့ပြင် သင်တန်းမသွားမီ ခြင်ထောင်၊ စောင်စသည်တို့ကို စနစ်တကျ ထောင့်(ဒေါင့်)ကျအောင် ခေါက်ထားရရာ ဗိုလ်လောင်းများ သင်တန်းသို့ ရောက်သွားကြ၍ စစ်ဆေးသူ ဆရာက ခြင်ထောင်ခေါက်ပုံကို သဘောမကျပါက ခြင်ထောင်ပုံကို ဖျက်ဆီးဖြန့်ကြဲချထားပြီး သူတို့သဘောမကျကြောင်း၊ ပုံစံ ကျသေးကြောင်း ပြကြပါသည်။ ငါးပိကြော်ဘူး၊ တိုလီမိုလီ ပစ္စည်းများ ထည့်ထားမိပါက ဆရာများက သိမ်းဆည်းသွားကြသည်သာ ဖြစ်ပါသည်။ ကျွန်တော့် ခြင်ထောင်ပုံကို တစ်ကြိမ်မက အဖွခံရသော်လည်း ကံအားလျော်စွာ ဒိုင်ယာရီကို အသိမ်းမခံရဘဲ ယခုအချိန်အထိ ကျွန်တော့်လက်တွင် ကျန်ရစ်နေခြင်း ဖြစ်ပါသည်။

တပ်စု ၃ တွင် ကျွန်တော်နှင့် အိပ်ရာခြင်းကပ်လျက်အိပ်သူမှာ ဗိုလ်လောင်းကျော်စိန် ဖြစ်ပါသည်။ (မေ မသိသည့် မောင် ဆောင်းပါးဖြင့် ၁၉၄၈ ခုနှစ်ခန့်က ရှုမဝမဂ္ဂဇင်းတွင် ဖော်ပြခဲ့ဖူးသည်။) အသားဖြူလှသဖြင့် ဦးဟပ်ဖြူကျော်စိန်ဟုအခေါ်ခံရသူ ကျော်စိန်မှာ လက်ပံတန်းသားဖြစ်၍ ကျွန်တော်နှင့် အထူးရင်းနှီးပါသည်။ အပြင်ထွက်လည်စရာရှိလျှင် ဖိနပ်ကောင်းကို ကျွန်တော့်ကိုစီးစေပြီး အစစအရာရာ ကျွန်တော့်ကို စောင့်ရှောက်ခဲ့ပါသည်။

ကျော်စိန့်ကျေးဇူးကို ကျွန်တော်မမေ့မရပါ။ ယခု ဒိုင်ယာရီကျန်ခဲ့ခြင်းမှာ ကျော်စိန့်ကျေးဇူး ဖြစ်ပါ၏။ ကျော်စိန်သည်လည်း သင်တန်းအပြီး ညနေများတွင် နံငယ်ပိုင်းလေးနှင့် သူ့ပေါင်ဖြူကြီးများဖော်ပြီး မတ်တတ်ပင် ခေါင်းရင်း အိပ်စင်တန်းပေါ် စာအုပ်တင်၍ မှန်မှန် ဒိုင်ယာရီရေးခဲ့သူ ဖြစ်ပါသည်။ ကျွန်တော် ဒိုင်ယာရီ မှန်မှန်ရေးဖြစ်သည်မှာ ကိုကျော်စိန်ကို အားကျ၍လည်း အမှန်ရေးသွင်းခဲ့ခြင်း ဖြစ်ပါသည်။

ဒိုင်ယာရီစာအုပ်ကလေးမှာ လက်ဝါးမျှလောက်သာရှိ၍ လက်တစ်လုံးခန့် ထုပါလိမ့်မည်။ ယင်းစာအုပ်ကို ပေးသူမှာလည်း ကျော်စိန်ပင် ဖြစ်ပါသည်။ ဤကဲ့သို့ စာအုပ်ရှားရှားပါးပါးဖြစ်နေချိန်တွင် ဝယ်ရ၊ ထားရလွယ်ကူလှသည့် စာအုပ်ကလေးကို လက်ဆောင်ပေးသည့် ကျော်စိန်အား ကျေးဇူးတင်လှပါသည်။

ကျော်စိန့်ကို ကျွန်တော် ကျေးဇူးတင်ရသည့် အချက်ရှိပါသေး၏။ ကျော်စိန်တင်မကပါ၊ (ဆကုရ) မောင်လှ(ယခုဦးခင်မောင်လှ၊ ညွန်ကြားရေးမှူးချုပ်၊ လယ်ယာနှင့် သစ်တောဝန်ကြီးဌာန) ပါပါသေးသည်။

၁၉၄၆ ခုနှစ်၊ ဗိုလ်ချုပ်အောင်ဆန်းတို့ ဘိလပ်သို့ သွားရောက်ကြစဉ် လွတ်လပ်ရေးအတွက် အဆင်မပြေဘဲ ဆွေးနွေးပွဲများ ပျက်ပြားပါက ပြည်သူ

www.burmeseclassic.com

www.burmeseclassic.com

ရဲဘော်များအပါအဝင် ပြည်သူလူထု တစ်ရပ်လုံးက အင်္ဂလိပ်ကို ခံချကြ စီစဉ်ထားကြ၏။ ကျွန်တော်မှာ ထိုစဉ်က တောင်တွင်းကြီးမြို့ ပြည်သူ့ရဲဘော် တပ်ဖွဲ့တွင် လေ့ကျင့်ရေးမှူးအဖြစ် တာဝန်ယူထားရပါသည်။

တစ်နေ့တွင် တောင်တွင်းကြီးမြို့၊ ဖဆပလဥက္ကဋ္ဌ ဦးထွန်းမောင် ဆိုရှယ်လစ်ပါတီမှ ဦးစောမောင်တို့ ခေါင်းဆောင်ရစ်ဦး၊ ဆယ်ဦးခန့် ကျွန်တော်တို့နေအိမ်သို့ ရောက်လာကြပါသည်။ ထိုအချိန်တွင် ကျွန်တော်သည် တပ်မတော် စစ်ဗိုလ်လူထွက်ဖြစ်၍ တောင်တွင်းကြီးမြို့၊ ရွှေအိုးရပ် သောင်းသောင်းလေးနှင့် အိမ်ထောင်ကျနေပြီ ဖြစ်သည်။ ကျွန်တော့်ဇနီးသည်မှာ ကျွန်တော် ဗမာ့တပ်မတော်သို့ ဝင်မသွားမီ ကျွန်တော်၏ ငယ်ချစ်ပင် ဖြစ်ပါ၏။ ကျွန်တော်သည် ထိုအချိန်တွင် အသက်ဆယ့်ကိုးနှစ်သာ ရှိပါသေးသည်။

ဖဆပလခေါင်းဆောင်များက ဗိုလ်ချုပ်တို့ ဘိလပ်မှပြန်လာ၍ လွတ်လပ်ရေးမရပါက အင်္ဂလိပ်ကို ပြန်တိုက်ကြရမည်ဖြစ်သဖြင့် အချိန်အခါအရ ကျွန်တော်သာ တောင်တွင်းကြီး ဖဆပလကို ဦးဆောင်သင့်ကြောင်း (ဗိုလ်သိန်းအောင်မှာ ကွန်မြူနစ်ဖြစ်နေကြောင်း သူတို့သိပြီး ဖြစ်ပုံရ၏။) ထို့ကြောင့် ဖဆပလ ဥက္ကဋ္ဌရာထူးကို ကျွန်တော်လုပ်ဆောင်ရန် ပြောကြပါသည်။

ကျွန်တော်က နိုင်ငံရေးလုပ်ရန် ငယ်ရွယ်လွန်းပါသေးကြောင်း ပြောဆို တောင်းပန်ရပြီး နိုင်ငံရေးလုပ်မည့်အစား တပ်ထဲသို့ ဘာရာထူးနှင့်ဖြစ်ဖြစ် ဝင်မည်ဟုဆုံးဖြတ်ကာ ရန်ကုန်သို့ ထွက်လာခဲ့ပါသည်။ ကျော်စိန်ကို တွေ့အောင်ရှာ၍ သွားရောက်တိုင်ပင်ပါသည်။

ထိုစဉ်က ကျော်စိန်သည် သံလျှင်တွင် တပ်ကြပ်ရာထူးဖြင့် တပ်မတော်တွင် အမှုထမ်းဆောင်ဆဲ ဖြစ်ပါ၏။ ဘာတပ်ရင်းဖြစ်သည်ကိုတော့ မမှတ်မိတော့ပါ။ ကျော်စိန်က တပ်ထဲသို့ဝင်ရန် မလိုသေးကြောင်း၊ မကြာမီ ကျင်းပမည့် မက်ထရစ်စာမေးပွဲ ဝင်ရောက်ဖြေဆိုသင့်ကြောင်း အကြံပေးပါသည်။ ထို့နောက် သူပါ ရန်ကုန်သို့လိုက်လာပြီး ကျွန်တော်တို့ စတုတ္ထအပတ်မှ မောင်လှကို ရှာကြပါသည်။ မောင်လှမှာ တက္ကသိုလ်အင်ဂျင်နီယာတန်းတွင် တက်ရောက် သင်ကြားနေပြီ ဖြစ်၏။ ကျော်စိန်နှင့် မောင်လှတို့က စာအုပ်များပါ ရှာပေးပြီး တီတီစီတွင် ကျွန်တော့်အား အပ်နှံပေးကြပါသည်။ ကျောင်းအုပ်ကြီးမှာ ဦးဘ ဖြစ်၍ သူကိုယ်တိုင် အင်္ဂလိပ်စာသင်ကြားပြီး၊ ဦးကျော်ငွေ (သင်္ချာနှင့် အင်္ဂလိပ် သင်ကြားသည်ဟု ထင်ပါသည်)၊ ဒေါ်ချစ်(မြန်မာစာ)၊ ဒေါ်အေးရှင် (ပထဝီ) စသည့် နာမည်ကြီးဆရာများနှင့် တက်ညီလက်ညီ သင်ကြားနေကြချိန် ဖြစ်ပါ



သည်။

၁၉၄၆ ခုနှစ်၊ ဇူလိုင်လတွင် မက်ထရစ်စာမေးပွဲ ဝင်ရောက်ဖြေဆို သည်။ စစ်ပြီးခေတ်တွင် ပထမဦးဆုံး ကျင်းပပြုလုပ်သည့် မက်ထရစ်ပင် ၏။ ယင်းစာမေးပွဲတွင် အမှတ်ကောင်းကောင်းနှင့် အောင်မြင်သူများကို အောက်တန်းတွင် မတက်ရတော့ဘဲ ဥပစာအထက်တန်းသို့ တန်း၍ ပေးလေသည်။ ယင်းကျောင်းသားများ၏ ခုံနံပါတ်ရှေ့တွင် အက်စ်တပ်၍ ပါသည်။ ကျွန်တော်သည် အက်စ် ၂၄၇ နံပါတ်ဖြင့် ရန်ကုန်တက္ကသိုလ် စာအထက်တန်းမှ စတင်တက်ရောက်ခဲ့ရလေသည်။

ယင်းသို့ စာမေးပွဲ ပြန်၍ဖြေဆိုနိုင်ခြင်းမှာ ကျော်စိန်နှင့် မောင်လှတို့၏ ကျေးဇူးပင် ဖြစ်ပါသည်။

ကျော်စိန်၊ မောင်လှနှင့် ကိုတင်မြင့် (ဂျပန်ခေတ်စစ်တက္ကသိုလ် ဒုတိယ သင်တန်းဆင်း)တို့အားလည်းကောင်း၊ ဂျပန်ခေတ် ဗမာ့တပ်မတော် ဝင်ဆာ လေ့ကျင့်ရေးမှ ဆရာအားလုံးအားလည်းကောင်း၊ ဂျပန်ခေတ် မင်္ဂလာဒုံ စစ် တက္ကသိုလ်မှ ဆရာအားလုံးအားလည်းကောင်း အထူးပင်ကျေးဇူးတင်ရှိပါ ကြောင်း ဖော်ပြအပ်ပါသည်။

ပထမပိုင်းအတွက် မှုရင်းစာရွက်စာတမ်းများကို တပ်မတော်မော်ကွန်း တိုက်မှ ရရှိပါသည်။ ထိုစဉ်က မှုရင်းစာရွက်စာတမ်းများဖြစ်၍ အားအကိုးရဆုံး နိုင်လုံဆုံး အထောက်အထားဖြစ်သည်မှာ မှန်၏။

သို့သော် အချို့နေရာများတွင် ထိုစာရင်းအင်းများနှင့် အဖြစ်မှန် ကွဲလွဲနေသည်ကို တွေ့ရပါသည်။ ဥပမာ စစ်တက္ကသိုလ်သို့ ရောက်လာသူများ စာရင်းတွင် ကိုဟန်သိန်း (စစ်ပြန်စစ်မှုထမ်းဟောင်းအဖွဲ့ အတွင်းရေးမှူးနှင့် ရန်ကုန်တိုင်းကောင်စီဝင်) အမည်ပါမလာပါ။

ကိုဟန်သိန်းသည် စတုတ္ထအပတ် အရာရှိသင်တန်းကို ကျွန်တော်တို့နှင့် တူ အစအဆုံးတက်ရောက်ခဲ့ပြီး နောက်ပိုင်းတွင်လည်း တပ်မတော်တွင် ဆက်လက်အမှုထမ်းဆောင်ခဲ့၍ ဒုဗိုလ်မှူးကြီးအဖြစ် အငြိမ်းစားယူခဲ့သူ ဖြစ်သည်။

ဤကဲ့သို့ မှုရင်းစာရင်းအင်းနှင့် အဖြစ်မှန် ကွဲလွဲနေသည့်အခါ လူချင်း တွေ့ဆုံမေးမြန်းရပါသည်။

ကိုဟန်သိန်းအဖြစ်မှာ ဤသို့ဖြစ်၏။

ကိုဟန်သိန်းသည် တတိယပတ် အရာရှိသင်တန်း တက်ရောက်ရန် ရွေးချယ်ခံရပြီးကာမှ ဖျားနာဆေးရုံတက်နေရ၍ တတိယပတ် ဗိုလ်သင်တန်း

www.burmeseclassic.com

www.burmeseclassic.com



မတက်ရဘဲ စတုတ္ထပတ်ကျတော့မှ သင်တန်းတက်ခဲ့ရခြင်း ဖြစ်လေသည်။

မော်ကွန်းတိုက်မှစာရင်းမှာ စတုတ္ထပတ် အရာရှိသင်တန်းဝင်ခွင့် စာမေး ပွဲ ဝင်ရောက်ဖြေဆို၍ အောင်မြင်သူများစာရင်း ဖြစ်ပေလိမ့်မည်။ ထို့ကြောင့် စာမေးပွဲဖြေစရာမလိုတော့ဘဲ ယခင်ကတည်းက ရွေးချယ်ထားသည့် ကိုဟန် သိန်း အမည်စာရင်းတွင်မပါဝင်ခဲ့ခြင်း ဖြစ်ပါသည်။ ကိုဟန်သိန်းကဲ့သို့ပင် ကိုမျိုးညွန့်နှင့် ကိုမောင်မောင်(ဆန်းအောင်)တို့လည်း တတိယပတ် ဗိုလ်သင် တန်းအတွက် ရွေးချယ်ထားပြီး စတုတ္ထပတ်ကျတော့မှ သင်တန်းတက်ရသူများ ဖြစ်ပါသည်။

ကျွန်တော် သိလိုသည်များကို စိတ်ရှည်လက်ရှည် ပြောပြသည့်အပြင် ယခု စာမူပထမပိုင်းပြုစုရာတွင် အဘက်ဘက်မှ စေတနာထားကူညီခဲ့သည့် ကိုဟန်သိန်းအား အထူးကျေးဇူးတင်ကြောင်း ဖော်ပြအပ်ပါသည်။

နောက်တွေ့ရသည့် ကွဲလွဲချက်တစ်ရပ်မှာ စစ်တက္ကသိုလ် စတုတ္ထပတ် အရာရှိသင်တန်းတက်ရောက်သူ ၁၃၂ ဦးရှိသည်ဟု ကျောင်းအုပ်ကြီး အစီရင်ခံ စာတွင် ဖော်ပြထားသော်လည်း ကျောင်းဝင်စာရင်းတွင် ပြင်ပမှ ၂၄ ဦး၊ တပ်တွင်းမှ ၁၂၅ ဦး၊ စုစုပေါင်း ၁၄၉ ဦး ဖြစ်နေပါသည်။

ပြင်ပမှ စာရင်းပါ ၂၄ ဦးအနက် ခင်မောင်သန်း၊ ခင်မောင်ထွေး၊ သာစောအောင် ဆိုသူများမှာ ကျောင်းသို့ လုံးဝရောက်မလာပါ။ အောင်မြင့်မှာ တီဘီရောဂါရ၍ ကျောင်းရောက်လာပြီးမှ ပြန်လွှတ်လိုက်ရသည်ကို မိမိ မှတ်မိကြောင်း ထိုစဉ်က တပ်စုမှူးဖြစ်သူ ဗိုလ်လေးကျော်ညွန့်က ပြောပြ၍ သိရပါသည်။ ထိုသူ ၄ ဦးမပါလျှင် ပြင်ပမှ ၂၀ ဦး စတုတ္ထပတ်သို့ တက် ရောက်ခဲ့ပါသည်။

ထို့ကြောင့် တပ်မတော်မော်ကွန်းတိုက်မှ စာရင်းအင်းများကို မူရင်း အတိုင်း ဖော်ပြထားသော်လည်း ယင်းစာရင်းများနှင့် အဖြစ်မှန်တိုက်ဆိုင်၍ ထပ်မံအချိန်ယူ သုတေသနပြုလုပ်ရန် လိုပါသေးကြောင်း တင်ပြရပါသည်။

သုတေသနပြုရာ၌ တစ်ဦးတည်း တစ်ယောက်တည်း ပြုလုပ်နေ၍ ပြည့်စုံမည်မဟုတ်ဘဲ သင်တန်းတစ်ပတ်စီမှ စိတ်ပါဝင်စားသူ သုတေသနပြု နိုင်သူများ စုပေါင်းပြုလုပ်ပါမှ စစ်တက္ကသိုလ်တစ်ခုလုံးအတွက် ပြည့်စုံသည့် စာရင်းအင်းမှန်များ ရနိုင်မည်ဖြစ်ကြောင်း အလျဉ်းသင့်၍ တင်ပြအပ်ပါသည်။

❖❖❖

## ပထမပိုင်းအတွက်ပဏာမ

ဂျပန်ခေတ်စစ်တက္ကသိုလ် ဗိုလ်လောင်းမဖြစ်မီ ကျွန်တော်စစ်ထဲဝင် ရောက်လာခြင်းကို ပဏာမအဖြစ် ဖော်ပြပါမည်။

ကျွန်တော် စစ်ထဲဝင်သည့်နေ့အတိအကျကိုတော့ မှတ်တမ်းမထားမိ၍ မသိရတော့ပါ။ မှတ်မိခြင်းလည်း မရှိပါ။ ကျွန်တော့်ဇနီးသည်ကတော့ ထိုနေ့ကို မှတ်မိနေပါသည်။ ၁၃၀၆ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁၂ ရက်ဟု ဆိုပါသည်။ သူ ဤနေ့ကို မှတ်မိနေခြင်းမှာ ထိုအချိန်တွင် ကျွန်တော်နှင့် ကျွန်တော့်ဇနီး လောင်းတို့မှာ သမီးရည်းစား ဖြစ်နေကြပြီဖြစ်ပါ၏။ သူ့ကိုပင် ခွင့်မပန်တော့ဘဲ စစ်ထဲဝင်သွားခဲ့ခြင်းကြောင့် အတော်ဒေါပွနေခဲ့၍ ထိုနေ့ကို ကောင်းကောင်း မှတ်မိနေသည်ဟုဆို၏။ သမီးရည်းစားဖြစ်ကြပြီး သုံးလလောက်တွင် ကျွန်တော် စစ်ထဲဝင်သွားခြင်း ဖြစ်ပါသည်။ ထိုစဉ်က ကျွန်တော်သည် တောင်တွင်းကြီးမြို့ ရွှေအိုးရပ်တွင် နေထိုင်ခဲ့ပါသည်။

ကျွန်တော်၏ဖခင်မှာ ကိုရွှာန်ဆေးကုအင်စပက်တော် ဦးဘရှင်ဖြစ်၍ ကျွန်တော်လေးနှစ်သားအရွယ်တွင် မိတ္ထီလာမြို့တွင် ဖခင်ကြီးကွယ်လွန်ခဲ့ပါ သည်။ ထိုအချိန်တွင် မိခင်ကြီးနှင့်အတူ အစ်မအကြီးဆုံးနှင့် ကျွန်တော်တို့ ညီအစ်ကိုသုံးဦးပေါင်း မောင်နှမလေးယောက် ကျန်ခဲ့ပါသည်။ ဖခင်၏ညီ ကျွန်တော်တို့ဦးလေးမှာ မြင်းခြံမြို့တွင် ရာဇဝတ်ရုံး စာရေးကြီးဖြစ်သဖြင့် ကျွန်တော်တို့ မိသားစုအားလုံး မြင်းခြံသို့ ဦးလေးနှင့်အတူ လိုက်နေကြရပါ သည်။ မေမေ၏ဆွေမျိုးများလည်း မြင်းခြံမှပင် ဖြစ်ကြပါ၏။

မြင်းခြံတွင်ပင် ကျွန်တော်ကျောင်းနေရ၍ အစတွင် အောဘ်အမ်

www.burmeseclassic.com

www.burmeseclassic.com



(အမေရိကန် သာသနာပြုကျောင်း) ကျောင်းတွင် နေရပါသည်။ ခြောက်တန်း အောင်သောအခါ အစိုးရအထက်တန်းကျောင်းသို့ ပြောင်းရွှေ့နေရပါသည်။

ကျွန်တော်တို့ ညီအစ်ကိုသုံးဦးအနက် အကြီးဆုံးမှာ မြင်းခြံအစိုးရ အထက်တန်းကျောင်းတွင် ကိုးတန်း၌ ပညာသင်ဆဲမှာပင် ဆုံးပါးသွားသဖြင့် မောင်နှမသုံးဦးသာ ကျန်ပါတော့သည်။

အစ်မအကြီးဆုံးမှာ တောင်တွင်းကြီးမြို့မှ ကုန်သည်ဦးမြတ်နှင့် အိမ်ထောင်ကျသဖြင့် ဒုတိယကမ္ဘာစစ်ကြီးဖြစ်လာ၍ မြင်းခြံမြို့သို့ ဂျပန်များ ရောက်လာသောအခါ ကျွန်တော်တို့မိသားစုသည် အစ်မကြီးနှင့်အတူ တောင်တွင်းကြီးသို့ လိုက်လာကြရပါသည်။

ထိုစဉ်က ကျွန်တော်သည် မြင်းခြံမြို့အစိုးရအထက်တန်းကျောင်း၌ ကိုးတန်းတွင် ပညာသင်ကြားဆဲ ဖြစ်ပါသည်။ စစ်ဖြစ်၍ ကျောင်းများပိတ်ခါနီး သောအခါ စာမေးပွဲကြီး မစစ်ရသေးပါ။ သို့သော် ပထမအစမ်း စာမေးပွဲ၊ ဒုတိယအစမ်းစာမေးပွဲများတွင် အောင်မြင်ကြပြီး တစ်တန်းလုံးတွင် အမှတ် အကောင်းဆုံး ထိပ်မှသုံးပုံတစ်ပုံကို စာမေးပွဲကြီးမစစ်တော့ဘဲ ကိုးတန်းအအောင် ပေးကြောင်း ဆရာကြီး မစ္စတာဖနန်ဒတ်စ်က ကြေညာခဲ့သဖြင့် ကျွန်တော်သည် ကိုးတန်းအောင်မြင်ခဲ့ပြီဟု ဆိုနိုင်ပါသည်။

တောင်တွင်းကြီးမြို့မှာ ရထားလမ်း၊ ကားလမ်းဆုံမြို့တစ်မြို့ဖြစ်၍ ဂျပန်စစ်သားများ၊ ဗမာ့တပ်မတော်မှ စစ်သား၊ စစ်ဗိုလ်များ မကြာခဏ ဖြတ်သန်း သွားလာရာမြို့ ဖြစ်နေပါသည်။ တပ်မတော်မှ စစ်သား၊ စစ်ဗိုလ်များကို တွေ့မြင်ရခြင်းမှာ အလွန်ပင် အားကျဖွယ်ကောင်းပါသည်။ ဦးခေါင်းတွင် ဂျပန်ဦးထုပ်မှ နေကာအဝတ်ဖတ်လေးများက လေထဲတွင် တဖျပ်ဖျပ်လှုပ်နေ၍ ဓားကြီးများ၊ လုံခွပ်များတကားကားနှင့် သွားလာလှုပ်ရှားနေကြသော တပ်မတော်သားများကို ကျွန်တော်အထူးပင် အားကျမိပါသည်။ အချို့မှာ ပေါင်မုန့် အဝိုင်းပုံ ခြောက်လုံးပြူးအိတ်နှင့် ခြောက်လုံးပြူးပါ ချိတ်ဆွဲထားကြ၍ သေနတ် များကိုလည်း အမျိုးစုံ မြင်တွေ့ရပါသည်။

တောင်တွင်းကြီးမြို့ အာရှလူငယ်မှာလည်း အလွန်တက်ကြွသည့် အစည်းအရုံးဖြစ်၍ ရောက်လာသမျှ၊ မြို့ကိုဖြတ်သန်းသွားသမျှ တပ်မတော်သား များကို ဧည့်ဝတ်ကျေပွန်စွာ ကျွေးမွေးဧည့်ခံလေ့ ရှိပါသည်။

ကျွန်တော်သည် တောင်တွင်းကြီးမြို့ အာရှလူငယ်အစည်းအရုံးတွင် လည်းကောင်း၊ ကျွန်တော်တို့အိမ်တွင်လည်းကောင်း တပ်မတော်သားများကို



မကြာခဏ တွေ့နေရပါသည်။

ကျွန်တော့်ယောက်ဖ ဦးမြတ်မှာလည်း တောင်တွင်း-မကွေးနယ်မှ ဆီများကို တပ်မတော်သို့ သွင်းနေသူဖြစ်သဖြင့် ကျွန်တော်တို့အိမ်သို့လည်း တပ်မတော်အရာရှိအရာခံ ရဲဘော်များ အမြဲလိုပင် ဝင်ထွက်နေကြပါ၏။

ယင်းသို့ တပ်မတော်သားများကို မကြာခဏ တွေ့နေရသဖြင့် ကျွန်တော်ပါ တပ်မတော်တွင်းသို့ ဝင်ရောက်အမှုထမ်းလိုစိတ် အလွန်ပင် ပြင်းထန် နေပါသည်။

သို့သော် တစ်ဖက်က မိခင်မုဆိုးမကြီးမှာ ကျွန်တော်တို့ သားနှစ်ဦးကို သာ အလွန်အားကိုးပါသည်။ သားနှစ်ဦးအနက် အစ်ကိုဖြစ်သူ ကိုကိုကြီးမှာ လူငယ်ဘာဝ အပျော်အပါး အပေါင်းအသင်းများသဖြင့် ကျွန်တော့်လောက် စာမတော်ပါ။ ခေတ်ပျက်သည့် အချိန်တွင် ကျွန်တော်က ကိုးတန်းတွင်ဖြစ်၍ ကျွန်တော့်အစ်ကိုက ရှစ်တန်းတွင်ပညာသင်ကြားဆဲ ဖြစ်ပါ၏။ (မှတ်တမ်းတွင် ကျွန်တော့်အစ်ကို ကိုကိုကြီးထံသို့ စာရေးသကဲ့သို့ ရေးသားခဲ့ခြင်းဖြစ်ပါ၏။) ထို့ကြောင့် မိခင်အိုကြီးအား လုပ်ကျွေးလိုစိတ်နှင့် စစ်ထဲဝင်ရောက် အမှုထမ်း လိုစိတ်တို့ လွန်ဆွဲကြပါတော့သည်။ ချစ်သူရည်းစားက မိခင်ဘက်မှဝင်၍ ခေါင်းပေးပေ၏။ သို့သော် စစ်ထဲဝင်လိုစိတ်ကသာ အနိုင်ရခဲ့ပါ၏။ မျိုးချစ်စိတ် ကြောင့် စစ်ထဲဝင်သည်ဟုမရေးသားဘဲ စစ်ထဲဝင်လိုစိတ်ကြောင့် တပ်မတော်ထဲ ဝင်ခဲ့သည်ဆိုသည့် အသုံးအနှုန်းကို စာရှုသူ သတိချပ်စေလိုပါသည်။ မည်သူမဆို မျိုးချစ်စိတ် အနည်းနှင့်အများရှိကြသည်ဟု စာရေးသူကခံယူထားပြီး တပ်မတော် ထဲ ဝင်သူကသာ ပို၍အမျိုးချစ်သည်ဟု မည်သည့်အခါမျှ ခံယူခြင်းမရှိပါ။ ထိုစဉ်က တပ်ထဲဝင်လိုစိတ်ကို ပြန်လည်ဆန်းစစ်သည့်အခါတွင်လည်း စစ်ဝတ် စစ်စားနှင့် တပ်မတော်သားများကိုမြင်တွေ့ရ၍ အားကျပြီး စစ်ထဲဝင်လိုစိတ်က ပြင်းထန်သည်ကို တွေ့ရပေသည်။

တောင်တွင်းကြီးမြို့၊ ရွှေအိုးရပ်မှ ကျွန်တော်နှင့် အလေးမ လေ့ကျင့် ဖက်မှာ သိန်းဦး ဖြစ်ပါသည်။ (ဗိုလ်သိန်းအောင်၊ နောက်ပိုင်းတောခို၍ ကြို့ပင်ကောက်သူနှင့် အိမ်ထောင်ကျပြီး ၁၉၈၄ ခုနှစ်၌ ကြို့ပင်ကောက်မှာပင် ကွယ်လွန်ခဲ့ပါသည်။) တစ်နေ့တွင် သိန်းဦးနှင့် အလေးမ,သွားကြရာမှ လူငယ် ချင်းနှစ်ယောက် ဗမာ့တပ်မတော်တွင် ဝင်ရောက်အမှုထမ်းရန် တိုင်ပင်ကြပါ သည်။ သိန်းဦးတွင် ရွှေလက်စွပ်တစ်ကွင်းရှိ၍ ကျွန်တော့်တွင် အဝတ်တစ်ထည် ငယ်တစ်ခုနှင့် ချွေးသုတ်သည့် မျက်နှာသုတ်ပဝါငယ်တစ်ခုသာ ပါပါသည်။

www.burmeseclassic.com

www.burmeseclassic.com

နှစ်ဦးသား သဘောတူ သိန်းဦး၏လက်စွပ်ကို ရောင်း၍ လမ်းစရိတ်လုပ်ပြီး အာလံ(ယခုအောင်လံ) သို့ ကားဖြင့်သွားကြကာ တပ်မတော် စစ်သားစုဆောင်းရေးတွင် စာရင်းသွင်းခဲ့ကြပါသည်။

အာလံတွင် စခန်းချ၍ စစ်သားစုဆောင်းရန် တာဝန်ကျနေသူမှာ မင်္ဂလာဒုံ ဒုတိယပတ် ဗိုလ်လောင်းသင်တန်းဆင်း အလုပ်သင်ဗိုလ်လောင်း ဗိုလ်လေးတင်မြင့် ဖြစ်ပါသည်။ (ကိုတင်မြင့်မှာလည်း တောင်တွင်းသား ဖြစ်၏။) ထိုစဉ်က စစ်တက္ကသိုလ်မှဆင်းသူများသည် တစ်လိုင်းသုံးပွင့်နှင့် အထူးကြယ်ကြီး တပ်ဆင်ရ၍ အလုပ်သင်ဗိုလ်လောင်းဟု ခေါ်ပါသည်။ ခြောက်လ တစ်နှစ်ခန့်ရှိမှ သုံးလိုင်းတစ်ပွင့် ရာထူးတိုးပေး၍ ဒုဗိုလ်ဖြစ်လာပါသည်။ အလုပ်သင်ဗိုလ်လောင်းနှင့် သုံးလိုင်းတစ်ပွင့်တို့ကို အရာခံအကြပ်နှင့် ရဲဘော်များက ဗိုလ်လေးဟုပင် ခေါ်ကြပါသည်။ ထိုစဉ်က ကိုတင်မြင့်မှာ အထူးကြယ်ကြီးနှင့် အလုပ်သင်ဗိုလ်လောင်း ဖြစ်ပါ၏။

ကိုတင်မြင့်နှင့် ကျွန်တော်မှာ ထိုစဉ်ကပင် ခင်မင်သွားကြ၍ ကျွန်တော် ရန်ကုန်သို့ရောက်ပြီး ဝင်ဆာလေ့ကျင့်ရေးစခန်းတွင် တပ်သားသစ်အဖြစ် အမှုထမ်းဆောင်စဉ်တစ်လျှောက်လုံး ကိုတင်မြင့်က ကျွန်တော့်အား ကူညီစောင့်ရှောက်ခဲ့ပါသည်။

အာလံမြို့တွင် စစ်ထဲသို့ဝင်လျှင်ဝင်ချင်း ခေါင်းတုံးရိတ်၍ ဆေးများထိုးကြရပါသည်။ ကန်စွန်းရွက်ဟင်း၊ ဖရုံသီးဟင်းတို့နှင့် စ၍ တွေ့ကြရလေပြီ။ အာလံဈေးအနီး တိုက်ပျက်ကြီးတွင် ရက်အနည်းငယ်နေ၍ ပြည်သို့သွားကြရပြီး ဗိုလ်လေးတင်မြင့်က တာဝန်ပေးသဖြင့် ကျွန်တော်မှော်ဇာသို့ သွားရပါသည်။ မှော်ဇာတွင်ရှိသော ရထားတွဲလွတ်များကို ရရှိအောင် စီစဉ်ရမည်ဖြစ်၏။ ကျွန်တော့်နောက်တွင် လိုသလိုအသုံးပြုရန် ရဲဘော်နှစ်ယောက်ပါ ထည့်ပေးလိုက်ပါသည်။ ကြယ်တစ်ပွင့်မှ မရသေးမီ အရေးကြီးသည့်တာဝန်ကို စတင် ထမ်းဆောင်ရခြင်း ဖြစ်၏။ မှော်ဇာမှ ရထားတွဲလွတ်များရလာပြီး ယင်းရထားတွဲများနှင့် ပြည်မှ (အာလံတွင် စုဆောင်းခဲ့သော လူသစ်များကို တင်ဆောင်၍) ရန်ကုန်သို့ လာကြရလေသည်။

ရန်ကုန်မြို့၊ ဝင်ဆာလမ်းတွင်ရှိသော လူသစ်လေ့ကျင့်ရေးစခန်းတွင် စာရင်းသွင်း ကြရလေသည်။ တပ်သားသစ်အဖြစ် စာရင်းသွင်းရာတွင် အရပ်တိုင်း၍ ကိုယ်အလေးချိန်ကို ချိန်ကြည့်ရာ ကျွန်တော်၏ကိုယ်အလေးချိန်မှာ ၁၁ဝ ပေါင်ပင် မပြည့်ပါ။ ၁၁ဝ ပေါင်ပြည့်မှ စစ်ထဲဝင်ခွင့်ရမည် ဖြစ်လေသည်။



သို့သော် အလေးမ,နေကျဖြစ်၍ ကိုယ်ကာယမှာမူ အတော်တောင့်တောင့် တင်းတင်း ရှိပါသည်။ လူသစ်များအနေနှင့် အလယ်မှ ဝင်ရိုးတပ်ထားသော ရထားဘီးကြီးနှစ်ခုကို ငါးကြိမ်စီ မ,ပြကြရသည်။ ကျွန်တော်သည် ကိုယ်အလေးချိန် မပြည့်သော်လည်း ယင်းရထားဘီးကြီးများကို စိတ်ထဲမှ မှန်းဆကြည့်၍ ပေါင်ခြောက်ဆယ် ခုနစ်ဆယ်ထက်မပိုဟု တွက်မိပါသည်။ ကျွန်တော့်အနေနှင့် ပရက်စ်ခေါ် ဝိတ်အနေးမခြင်းကို ပေါင်တစ်ရာအထိ မ,နိုင်နေပြီဖြစ်သဖြင့် ဝင်ဆာလေ့ကျင့်ရေးမှ တပ်သားသစ်များလက်ခံသည့် အရာရှိကို အရေးဆိုတော့၏။

"ကျွန်တော် အဲဒီအလေးကို ငါးကြိမ်မဟုတ်ဘူး၊ ဆယ်ကြိမ် မ,ပြမယ်၊ နိုင်ရင် တပ်ထဲဝင်ရမလား"

အရာရှိက စပ်ဖြီးဖြီးနှင့်ကြည့်ပြီး 'ကိုင်း၊ မ,ပြစမ်း' ဟုဆို၏။ ကျွန်တော်က ရထားဘီးကြီးများကို ဆယ်ကြိမ် ပရက်စ်တွန်း၍ မ,ပြနိုင်ခဲ့သဖြင့် တပ်ထဲသို့ဝင်ခွင့်ရခဲ့လေသည်။

ထိုစဉ်က ကျွန်တော်တို့တပ်စုမှူးမှာ မင်္ဂလာဒုံဗိုလ်သင်တန်း ဒုတိယပတ်ဆင်း ဗိုလ်ဘသော်(ယခု ဦးဘသော်၊ နိုင်ငံတော်ကောင်စီဝင်) ဖြစ်သည်။ လူသစ်ဘဝတွင် လေ့ကျင့်ခန်းများမှာ အထူးပင်ပင်ပန်းဆင်းရဲလှပါသည်။ ပျက်နေသည့် လေယာဉ်ပျံများမှ ဒန်သတ္တုများနှင့် လုပ်ထားသည့် ပန်းကန်ပြားများ၊ ခွက်များနှင့် စားသောက်ကြရလေသည်။ ယခု ပြည်သူ့လွှတ်တော် ဆောက်လုပ်နေသည့်ကွင်းတွင် လေ့ကျင့်ကြရ၍ နံနက်တိုင်း အိမ်တော်ကိုပတ်၍ အပြေးလေ့ကျင့်ရလေသည်။

ထိုအချိန်က ဗိုလ်တင်မြင့်သည် ဟယ်လပင်လမ်းတွင်နေ၍ ကျွန်တော်နှင့် မကြာခဏဆိုသလို တွေ့ရပါသည်။ တစ်ခါတွင် ဂိတ်၌ ကျွန်တော် ကင်းတာဝန်ကျနေစဉ် ဗိုလ်တင်မြင့်က လမ်းမှဖြတ်သွားရင်း ကျွန်တော့်ကို မြင်သဖြင့် ဝင်လာပါသည်။ သူ့မှာ စစ်ဗိုလ်အဆောင်အယောင်အပြည့်နှင့် ဖြစ်၏။ မိမိအရပ်နီးနီးရှိသည့် ဓားရှည်ကြီးကိုလည်း ချိတ်ဆွဲထား၏။ မင်္ဂလာဒုံ စစ်တက္ကသိုလ်တွင် ယောနင်းဟုခေါ်သည့် ကလေးများကို လေ့ကျင့်ပေးသည့် သင်တန်းရှိကြောင်း၊ ယင်းသင်တန်းသို့ တက်ရောက်သင့်ကြောင်း၊ တော်သည့်သင်တန်းသားများကို လေတပ်တွင် အမှုထမ်းဆောင်ခွင့် ပေးမည်ဖြစ်ကြောင်း၊ အချို့ကို ဂျပန်နိုင်ငံသို့ ပညာတော်သင် စေလွှတ်မည်ဖြစ်ကြောင်း ပြောပါသည်။ ထို့ကြောင့် ယင်းသင်တန်းသို့ တက်ရောက်လျှင် ကောင်းမည်လားဟု စိတ်ကူးမိပါသေးသည်။

www.burmeseclassic.com

www.burmeseclassic.com



မကြာမီ စတုတ္ထပတ် ဗိုလ်သင်တန်းသို့ တက်ရောက်ရန် လျှောက်လွှာများ ခေါ်ယူနေကြောင်း ကြားသိကြရပါသည်။ ကိုယ်တိုင် လျှောက်ယူရသလော သို့မဟုတ် လူသစ်တပ်ခွဲမှူး တပ်စုမှူးများက စာရင်းပေးသလားတော့ မမှတ်မိတော့ပါ။ ကျွန်တော် အပါအဝင် လူသစ်စခန်းမှ တပ်သားသစ်အချို့ မင်္ဂလာဒုံ ဗိုလ်သင်တန်းသို့ တက်ရောက်ရန် စာမေးပွဲ ဖြေဆိုကြရပါသည်။ ကန်တော်ကလေး အစိုးရကျောင်းတွင် သွားရောက်ဖြေဆိုကြရပြီး အောင်မြင်သူများကို မင်္ဂလာဒုံ စတုတ္ထပတ် ဗိုလ်သင်တန်းသို့ တက်ရောက်ခွင့် ပေးခဲ့လေသည်။ ကျွန်တော်လည်း ဝင်ဆာလေ့ကျင့်ရေးမှ အခြားရဲဘော်များနှင့်အတူ စတုတ္ထပတ် ဗိုလ်သင်တန်းသို့ တက်ရောက်ခွင့် ရရှိခဲ့လေသည်။

❖❖❖

## ဗမာ့လွတ်လပ်ရေးတပ်မတော်မှ ဗမာ့ကာကွယ်ရေးတပ်မတော်

၁၉၄၁ ခုနှစ်၊ ဒီဇင်ဘာလ ၂၆ ရက်နေ့တွင် ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့တော်၌ စတင်တည်ထောင်ခဲ့သော ဗမာ့လွတ်လပ်ရေး တပ်မတော်ကို ၁၉၄၂ ခုနှစ်၊ ဇူလိုင်လ ၂၇ ရက်နေ့ (၁၃၀၄ ခု၊ ဒုတိယ ဝါဆိုလပြည့်နေ့)တွင် ဗမာ့ကာကွယ်ရေးတပ်မတော်အဖြစ် ပြန်လည်ဖွဲ့စည်းခဲ့ပေသည်။*

တပ်မတော်တစ်ခုကို ဖျက်သိမ်း၍ တပ်မတော်အသစ်တစ်ခု တည်ထောင်ဖွဲ့စည်းရသည်မှာ လွယ်ကူသည်မဟုတ်ပါ။ ယင်းလုပ်ငန်းကြီးကို တပ်မတော်ခေါင်းဆောင်ကြီးများသည် စနစ်တကျ လုပ်ဆောင်နိုင်ခဲ့ကြ၏။ ပြဿနာ

---

* ဒေါက်တာမောင်မောင်၏ မြန်မာ့နိုင်ငံရေးခရီးနှင့် ဗိုလ်ချုပ်ကြီးနေဝင်း၊ ပုဂံစာအုပ်တိုက်၊ ၁၉၆၉ ခုနှင့် ဗိုလ်သံတိုင်၏ လွတ်လပ်ရေး အရေးတော်ပုံ မှတ်တမ်း၊ ပထမတွဲ၊ စာပေဗိမာန်။

လူထုဦးလှကမူ ဗမာ့လွတ်လပ်ရေးတပ်မတော်ကို ၁၉၄၂ ခုနှစ်၊ ဇူလိုင်လ ၂၇ ရက်နေ့တွင် ဖျက်သိမ်း၍ ဖျက်သိမ်းပြီး တစ်လအကြာ ၁၉၄၂ ခုနှစ်၊ ဩဂုတ်လ ၂၆ ရက်နေ့တွင် ဗမာ့ကာကွယ်ရေးတပ်မတော်အမည်ဖြင့် ပြန်လည်ဖွဲ့စည်းခဲ့ကြောင်း ရေးခဲ့၏။ လူထုဦးလှ၏ သတင်းစာများ ပြောပြသော စစ်အတွင်း မြန်မာပြည်၊ ပထမတွဲ စာ ၄၄။

F.N. Trager ၏ Myanmar Japanese Military Administration Selected Documents 1941-45

စာ ၁၁ တွင်လည်း ဇူလိုင်လ ၂၇ ရက်နေ့ ၁၉၄၂ ခုကိုပင် ဘီအိုင်အေ ဖျက်သိမ်း၍ ဘီဒီအေတည်ထောင်သောနေ့ဟု ဖော်ပြထားပါသည်။


www.burmeseclassic.com

www.burmeseclassic.com



ကြီးကြီးကျယ်ကျယ် မပေါ်ပေါက်အောင် အဘက်ဘက်မှ စစ်စည်းကမ်းအောင် အတွင်းမှ ဖြစ်ရလေအောင် ကြံဆောင်ကြိုးပမ်းခဲ့သည်ကို တွေ့ရပါသည်။

ယင်းလုပ်ဆောင်ချက်များအနက် ထိုစဉ်က မုံရွာတွင် ရောက်နေသော ဗိုလ်ချုပ်ကလေးနေဝင်း (ယခု လမ်းစဉ်ပါတီဥက္ကဋ္ဌကြီး) ၂၅-၇-၄၂ နေ့စွဲဖြင့် ထုတ်ပြန်ခဲ့သော ကြေညာချက်တစ်ရပ်ကို ဖော်ပြအပ်ပါသည်။ အသစ်ပြန်လည်ဖွဲ့စည်းသည့် ဗမာ့ကာကွယ်ရေးတပ်မတော်တွင် ကိုယ်ကျိုးရှာသမားများ ပါဝင်မလာစေရန် လုပ်ဆောင်ချက်တစ်ရပ် ဖြစ်ပေ၏။





ပြဿနာကြီးကြီးကျယ်ကျယ် မရှိခဲ့စေကာမူ စည်းကမ်းဖောက်ဖျက်မှု ရှိမည်ကို ကြိုတင်မြင်ပြီး ဖော်ပြပါကြေညာချက်ကို ထုတ်ပြန်ခဲ့ခြင်း ဖြစ်ပေ၏။

ဥက္ကဋ္ဌကြီး ကြိုတင်မျှော်မှန်းသကဲ့သို့ စည်းကမ်းဖောက်ဖျက်မှုများ ပေါ်ပင်ဖြစ်၏။ နောက်ပိုင်းတွင် ဥက္ကဋ္ဌကြီးဦးနေဝင်းက ဤကဲ့သို့ပြန်ပြောင်း ပြောပြခဲ့၏။ 'ဘီအိုင်အေတပ်မတော်တွင် ရှမ်းပြည်နယ်၌ ဘီအိုင်အေ အမှား အယွင်းများပြုလုပ်ခဲ့သည့် ဗိုလ်တစ်ဦးသည် လူတစ်ရာမျှပါသော တပ်တစ်တပ် ဖြင့် လမ်းတွင်ရမ်းသွားသည်။ သီပေါဟော်ထဲဝင်၍ ပလ္လင်ပေါ်ထိုင်ပြီး စော်ဘွား ကတော်ကို ဆဲ၍သွားကြသည်။ လားရှိုးတွင် နွားကို အရမ်းပစ်ခတ်စားကြတာမျိုး ရှိသည်။ ဤသည်မှာ ယခင်ဘဝတုန်းကခံခဲ့ရသည့်ဒဏ်ချက်များကို တုံ့ပြန် ခြင်းဖြစ်သည်။ ၎င်းဗိုလ်ကို ဗိုလ်ချုပ်အောင်ဆန်းနှင့် ကျွန်တော်တို့က လိုက်၍ ဖမ်းမည်လုပ်သောအခါ ဘုန်းကြီးဝတ်သွားသည်။'*

* တိုင်းရင်းသားလူမျိုးများအရေး မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီ ၁၉၆၄ ဒေါက်တာမောင်မောင်၏ မြန်မာ့နိုင်ငံရေးခရီးစဉ်စာအုပ်တွင် ကိုးကားထားသည့် အတိုင်း။

www.burmeseclassic.com

www.burmeseclassic.com



[ပုံ ၆] စစ်ထောက်ချုပ် (ဝဲ)
သိပ္ပံကျောင်းအုပ်ကြီး (ယာ)



[ပုံ ၇] စစ်တက္ကသိုလ် ကျောင်းအုပ်ကြီး (ဝဲ)
ကောလိပ်သစ်ကျောင်းအုပ်ကြီး (ယာ)

www.burmeseclassic.com

www.burmeseclassic.com

## လွတ်လပ်ရေး

ဂျပန်ခေတ် ဗမာ့တပ်မတော်တွင် အစားဆင်းရဲ၊ အဝတ်ဆင်းရဲ၊ အနေအထိုင်ဆင်းရဲ၊ ပါးတဖြန်းဖြန်း အရိုက်ခံရပါလျက် လူငယ်လူရွယ်အများ အပြားသည် တပ်ထဲဝင်၍ တိုင်းပြည်တာဝန်ကို ထမ်းဆောင်ခဲ့ကြပါသည်။


စာတစ်ကြောင်းတည်းဖြင့်ဖြေပါဆိုလျှင် မျိုးချစ်စိတ်ကြောင့်၊ တိုင်းချစ်ပြည်ချစ်စိတ်ကြောင့် ဤကဲ့သို့ စစ်ထဲဝင်ခဲ့ကြခြင်းဖြစ်သည်ဟု ဖြေရပါမည်။ ယင်းစိတ်ဓာတ်ကို တိုင်းပြည်ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းက အပေါ် လွင်ဆုံး ရေးသားဖော်ပြခဲ့ပါသည်။

ခေါင်းဆောင်ဆိုသည်မှာ လူအများ ပြောလိုနေသည့်အရာ၊ လုပ်ဆောင်လိုနေသည့်အရာကို လူထုကိုယ်စား ပြုမူပြောဆို လုပ်ဆောင်နိုင်သူဟု ဆိုပါက ၁၉၄၃ ခုနှစ်၊ ဩဂုတ်လ ၃ ရက်နေ့ လွတ်လပ်ရေးနေ့အထူးထုတ်သတင်းစာများတွင်ပါဝင်သည့် ဗိုလ်ချုပ်အောင်ဆန်းဆောင်းပါးက ထိုစဉ်က လူငယ်လူရွယ်အားလုံး စိတ်ဓာတ်ကို အပေါ်လွင်ဆုံး ဖော်ကျူးထားသည်ပင် ဖြစ်လေသည်။

၁၉၄၃ ခုနှစ်၊ ဩဂုတ်လ ၁ ရက်နေ့တွင် ဂျပန်က မြန်မာနိုင်ငံအား (ဘုရားစူး) လွတ်လပ်ရေးပေးခဲ့၍ ဩဂုတ်လ ၃ ရက်နေ့ လွတ်လပ်ရေးနေ့ အထူးထုတ် ဗမာ့ခေတ်သတင်းစာတွင် ဗိုလ်ချုပ်အောင်ဆန်း၏ ဆောင်းပါး တစ်ပုဒ် ပါလာပါသည်။



ယင်းဆောင်းပါးမှ ကောက်နုတ်ချက်ကို အောက်တွင် ဖော်ပြလိုက်ပါသည်။




ထိုခေတ်က လူငယ်အများစုသည် ဤကဲ့သို့ တိုင်းချစ်ပြည်ချစ်စိတ်ဖြင့် ဗမာ့တပ်မတော်သို့ ဝင်ရောက် အမှုထမ်းခဲ့ကြခြင်း ဖြစ်ပါ၏။

၁၉၄၂ ခုနှစ် ကုန်ခါနီးတွင် ဗမာ့ကာကွယ်ရေး တပ်မတော်က အသုံးပြုခဲ့သည့် စစ်ထဲဝင်ရန် လှုံ့ဆော်ပိုစတာကို ဖော်ပြအပ်ပါသည်။ ၁၉၄၂ ခုနှစ်၊ ဒီဇင်ဘာလ ၁၀ ရက်နေ့ သူရိယသတင်းစာမှ ကူးယူဖော်ပြလိုက်ခြင်းဖြစ်ပါ၏။

www.burmeseclassic.com


www.burmeseclassic.com



ဗမာ့ကာကွယ်ရေးတပ်မတော်က အသုံးပြုခဲ့သည့်
စစ်ထဲဝင်ရန်လှုံ့ဆော်ပိုစတာ

## ၁၉၄၃ ခုနှစ် ဩဂုတ်လ ၁ ရက်နေ့ လွတ်လပ်ရေး

ဂျပန်ကပေးသော ဘုရားစူး လွတ်လပ်ရေး။ သို့သော် လွတ်လပ်ရေး မြန်မာတစ်မျိုးသားလုံးနှင့် တပ်မတော်သားတိုင်း၏ ရည်မှန်းချက်ဖြစ်သည့် ...ျှော်စွာ ထိုစဉ်က လွတ်လပ်ရေးနေ့ အထူးထုတ် စာစောင်တစ်ခုမှ ...ပုံအချို့ကို ဖော်ပြအပ်ပါသည်။




ဗမာပြည် လွတ်လပ်ရေးနေ့ အထူးထုတ်စာစောင် မျက်နှာဖုံး

www.burmeseclassic.com

www.burmeseclassic.com



နိုင်ငံတော် အဓိပတိဝန်ကြီးချုပ် ဦးဘမော် ဗြိတိန်နှင့် အမေရိကန်နိုင်ငံတို့အား ရာဇဝင်တွင်အောင် စစ်ကြေငြာစာတမ်းဖတ်ကြားနေပုံ
(ဗမာပြည်လွတ်လပ်ရေးနေ့ အထူးထုတ်စာစောင်မှ)



(ဂျပန်) သံအမတ်ကြီး ဆာဝါဒါ(ဝဲ)နှင့် ဝန်ကြီးချုပ် ဘမော်(ယာ)တို့ [illegible]နှင့် မြန်မာနိုင်ငံတော် မဟာမိတ်စာချုပ် လက်မှတ်ရေးထိုးနေကြပုံ
(မြန်မာပြည် လွတ်လပ်ရေးနေ့ အထူးထုတ်စာစောင်မှ)

လွတ်လပ်ရေးရသည့်နေ့ (၁–၈–၄၃) မှာပင် မြန်မာနိုင်ငံတော် အုပ်[illegible] စီစဉ်ရေးအဖွဲ့ကြီးက ၁ နာရီ ၄၅ မိနစ်တွင် ဗြိတိသျှနှင့် အမေရိကန်အား [illegible]ကြေညာခဲ့လေသည်။

ဂျပန်ကပေးသည့် အတုအယောင် လွတ်လပ်ရေးဖြစ်သည့်အားလျော် [illegible]ဝင်ရိုးစွန်း မဟာမိတ်နိုင်ငံများနှင့် ယင်းတို့နှင့် မကင်းရာမကင်းကြောင်း [illegible]အသီးသီးက မြန်မာ့လွတ်လပ်ရေးကို အသိအမှတ်ပြုခဲ့ကြပေသည်။

မြန်မာနိုင်ငံသည် ကျွန်နိုင်ငံမဟုတ်
မြန်မာ့လွတ်လပ်ရေးအတွက် အတိုင်းတိုင်းအပြည်ပြည်တို့မှ
နှစ်ထောင်းအားရဝမ်းမြောက်စွာဖြင့် အသိအမှတ်ပြုကြခြင်း

**[illegible]ထင်မြို့၊ ဩဂုတ်လ ၁ ရက်နေ့**

မြန်မာ့လွတ်လပ်ရေးနှင့် စစ်ကြေညာခြင်းများနှင့် ပတ်သက်ပြီး အထူး[illegible]ကား ဂျာမန်သတင်းစာများနှင့် ဂျာနယ်များက ရေးသားဖော်ပြကြ[illegible]ကြောင်း။

www.burmeseclassic.com



**နန်ကင်းမြို့၊ ဩဂုတ်လ ၁ ရက်နေ့**

တရုတ်ပြည် အမျိုးသားအစိုးရက မြန်မာပြည်လွတ်လပ်ရေးကို အသိအမှတ်ပြုကြောင်း ကြေညာလိုက်သည်။

**ဆင်ကင်းမြို့၊ ဩဂုတ်လ ၁ ရက်နေ့**

မန်ချူးကိုးအစိုးရက မြန်မာပြည်လွတ်လပ်ရေးအတွက် အထူးဝမ်းမြောက်ပြီး ချီးကျူးကြောင်း ကြေးနန်းရိုက်လိုက်သည်။

**ဘန်ကောက်မြို့၊ ဩဂုတ်လ ၂ ရက်နေ့**

မြန်မာပြည်လွတ်လပ်ရေးကို ယိုးဒယားအစိုးရက အသိအမှတ်ပြု လိုက်ပြီဖြစ်ကြောင်းကို အကြောင်းကြားလိုက်ပြီ ဖြစ်ကြောင်း။

**မနီလာမြို့၊ ဩဂုတ်လ ၂ ရက်နေ့**

မြန်မာပြည်၏ ရာဇဝင်တွင်မည့် လွတ်လပ်ရေး ကြေညာချက်အတွက် အထူးအားရဝမ်းမြောက်ကြောင်းဖြင့် 'မနီလာထရီဗွန်း' သတင်းစာ ခေါင်းကြီး ပိုင်းက အရေးတကြီး ဖော်ပြလိုက်၏။

**ရှီနန်မြို့၊ ဩဂုတ်လ ၃ ရက်နေ့**

ရှီနန်မြို့မှ မြန်မာပြည် လွတ်လပ်ရေးရပြီး အင်္ဂလိပ်နှင့် အမေရိကန် တို့အား စစ်ကြေညာကြောင်းအတွက် အထူးဝမ်းမြောက် ချီးကျူးကြောင်း

**လစ္စဘုန်းမြို့၊ ဩဂုတ်လ ၆ ရက်နေ့**

စပိန်ပြည် မက်ဒရစ်မြို့ သတင်းစာများက မြန်မာပြည် လွတ်လပ်ရေး နှင့် စစ်ကြေညာချက်များသတင်းကို အထူးအခွင့်အရေးပေးကာ ဖော်ပြကြ ကြောင်း။

**အစ္စတန်ဘူမြို့၊ ဩဂုတ်လ ၆ ရက်နေ့**

စလိုဗက်ကီးယားအစိုးရက မြန်မာပြည်လွတ်လပ်ရေးကို အသိအမှတ် ပြုသည့်အပြင် တစ်ပြည်နှင့်တစ်ပြည် သွေးလမ်း၊ ငွေလမ်းဆက်သွယ်ရန် အသင့်ရှိကြောင်းဖြင့် ကြေးနန်းရိုက်ကြားလိုက်ကြောင်း။



**အတရန်(ဇာဂရက်) ဩဂုတ်လ ၇ ရက်နေ့**

ကရိုရှားအစိုးရက မြန်မာပြည်၏လွတ်လပ်ရေးကို အသိအမှတ်ပြု လိုက်ကြောင်းဖြင့် ကြေးနန်းရိုက်၍ အကြောင်းကြားလိုက်သည်။

**ပါရစ်မြို့၊ ဩဂုတ်လ ၈ ရက်နေ့**

'ပါရစ်ဒိမိ' ခေါ် သတင်းစာခေါင်းကြီးပိုင်းက မြန်မာ့လွတ်လပ်ရေးနှင့် စစ်ကြေညာချက်များကို အထူးအရေးပေးကာ ဝမ်းမြောက်ကြောင်း ရေးသား ဖော်ပြကြသည်။

(ဗမာသစ်စာစောင်မှ)

လူထုဦးလှ၏ သတင်းစာများပြောပြတဲ့

စစ်အတွင်းဗမာပြည်၊ တတိယတွဲ၊ စာ-၁၁၈

မြန်မာနိုင်ငံ လွတ်လပ်ရေးရသောအခါ ဗိုလ်ချုပ်အောင်ဆန်းက ကာကွယ်ရေးဝန်ကြီး (စစ်ဝန်ကြီး) ဖြစ်လာ၍ ဗမာ့တပ်မတော် ဗိုလ်ချုပ်ကြီး အဖြစ် ကာနယ်နေဝင်း (ဥက္ကဋ္ဌကြီး ဦးနေဝင်း)က တာဝန်ယူရလေသည်။ ထိုခေတ်သတင်းစာများက 'ဗမာ့ကာကွယ်ရေးတပ်များ၏ ဗိုလ်ချုပ်ကြီး ကာနယ် နေဝင်း'ဟု ရေးသားခဲ့ကြ၏။*

၁၉၄၃ ခုနှစ်၊ ဩဂုတ်လ ၁ ရက်နေ့တွင် လွတ်လပ်ရေးရပြီး ဩဂုတ် လ ၆ ရက်နေ့၌ ဗမာ့ကာကွယ်ရေးတပ်ကို ဗိုလ်ချုပ်ကြီး ကာနယ်နေဝင်းက သတင်းစာ ကွန်ဖရင့်တစ်ရပ် ပြုလုပ်၍ တပ်မတော်အကြောင်း သတင်းစာ ဆရာများ မေးသမျှ ဖြေကြားခဲ့၏။ တပ်မတော်အတွက် အရေးကြီးသည့် သမိုင်းဝင် အချက်အလက်များ ဖြစ်သဖြင့် အောက်တွင် ယင်းသတင်းစာ ကွန်ဖရင့်အကြောင်း သတင်းအပြည့်အစုံကို ဖော်ပြအပ်ပါသည်။

---

* ဦးလှ စစ်အတွင်း မြန်မာပြည်၊ အတွဲ ၃၊ စာ ၁၈၄။

www.burmeseclassic.com

www.burmeseclassic.com



**မြန်မာ့ကာကွယ်ရေးတပ် ဗိုလ်ချုပ်ကြီး ကာနယ်နေဝင်း နိပ္ပွန်-မြန်မာ သတင်းစာဆရာများနှင့် တွေ့ဆုံဆွေးနွေးရာတွင် မေးမြန်းချက်များကို စိတ်ဝင်စားစွာပြန်ကြားဖြေဆိုခြင်း**

## မကြာခဏ ဓာတ်ပုံရိုက်ယူကြခြင်း

ဩဂုတ်လ ၆ ရက်နေ့ နံနက် ၁၁ နာရီအချိန်တွင် ရန်ကုန်နေပြည်တော် ပြည်လမ်း၊ ဗမာ့ကာကွယ်ရေးတပ်မတော် စစ်ဗဟိုဌာနချုပ်ရုံးကြီး၌ ဗမာ့ကာကွယ်ရေးတပ်မတော် ဗိုလ်ချုပ်သစ် ကာနယ်နေဝင်းက နိပ္ပွန် မြန်မာ သတင်းစာဆရာများအား ဖိတ်ကြားပြီးလျှင် တွေ့ဆုံဆွေးနွေးကြောင်း သတင်းကို ဤသတင်းစာတွင် ဖော်ပြခဲ့ပြီးဖြစ်ကြောင်း။ နိပ္ပွန်ဓာတ်ပုံဆရာများက အရပ်မြင့်မြင့် တည်ကြည်ခန့်ညား ယောကျာ်းပီသ ဗလကောင်းသော ဗိုလ်ချုပ်ကြီးကာနယ်နေဝင်းအား မကြာခဏဓာတ်ပုံရိုက်ယူကြသည်ကို တွေ့ရကြောင်း။

နိပ္ပွန်သတင်းစာဆရာများနှင့် မြန်မာသတင်းစာဆရာများသည် ဗိုလ်ချုပ်ကြီးအား အရိုအသေပြုလျက် စုဝေး၍ မျက်နှာချင်းဆိုင် ထိုင်ကြပြီးနောက် ဗမာ့ကာကွယ်ရေးတပ်မတော်ကြီး အကြောင်းနှင့် စပ်လျဉ်း၍ မိမိတို့သိလိုသော အချက်များကို မေးမြန်းဆွေးနွေးခြင်းပြုကြသည်ကို ဗိုလ်ချုပ်သစ် ကာနယ်နေဝင်းသည် အောက်ပါအတိုင်း တစ်နာရီခွဲခန့် စိတ်ရှည်လက်ရှည် စိတ်ဝင်စားစွာဖြေဆိုကြောင်း။

## ဗမာ့ကာကွယ်ရေးတပ်မတော်၏ နာမည်

သတင်းစာဆရာတစ်ဦးမေး။ ။ ဗမာ့ကာကွယ်ရေးတပ်မတော်ကြီး နာမည်ကို အသစ်ပြောင်းလဲရန် ကြံရွယ်ထားပါသလား။

ဗိုလ်ချုပ်ကြီးဖြေ။ ။ နာမည်အသစ် ပြုပြင်ပြောင်းလဲရန် ကြံရွယ်ထားပါတယ်။ မြန်မာနိုင်ငံတော် အမျိုးသားစစ်တပ်ကြီးလို့ နာမည်ကို ပြောင်းလဲကောင်း ပြောင်းလဲပါလိမ့်မယ်။ ကာကွယ်ရေးဆိုတဲ့ စကားဟာ ခံတယ်လို့သာ အဓိပ္ပာယ်ရပါတယ်။ နိပ္ပွန်တပ်မတော်များဟာ ခံတဲ့ဘက်က မနေဘဲ အမြဲတိုက်စစ်ဘက်ကသာ နေခဲ့လို့



...တို့လိုပဲ မြန်မာစစ်တပ်ကြီးကလည်း ခံကာကွယ်ဖို့သာ မဟုတ်ဘဲ ရန်သူကို သတ္တိကောင်းကောင်းနဲ့တိုက်မယ်၊ ခံစစ်မဟုတ် တိုက်စစ်ဆင်မယ်ဆိုတဲ့ ရည်...ချက်ရှိတာမို့ ဗမာ့ကာကွယ်ရေးတပ်မတော်နာမည်မှ ကာကွယ်ရေးဆိုတဲ့ ...အားကို ဖြုတ်ပယ်ပြုပြင်ဖို့လိုပါတယ်။ ဒါကြောင့် မြန်မာစစ်တပ်ကြီး နာမည် ပြုပြင်ပြောင်းလဲဖို့ လိုပါလိမ့်မယ်။

...။ ။ မြန်မာစစ်တပ်ကြီးဟာ မြန်မာနိုင်ငံအတွက် တိုက်ခိုက်ဖို့ အပြင် အခြားရည်ရွယ်ချက်များ ရှိပါသေးသလား။

...။ ။ မြန်မာနိုင်ငံအတွက်သာ မဟုတ်ပါ။ ခေတ်သစ် အာရှတိုက်ကြီး ထူထောင်ရေး အောင်မြင်ဖို့ မြန်မာပြည်ရဲ့ ရန်သူသာမဟုတ်၊ ခေတ်သစ် အာရှတိုက်ကြီးရဲ့ ရန်သူကိုပါ ဖြိုဖျက်တိုက်ခိုက်ပေးဖို့ ရည်ရွယ်ပါတယ်။

...။ ။ နိပ္ပွန်စစ်သည်တော်များဟာ တိုင်းပြည်အတွက်လိုရင် တိုက်ပွဲမှာ သေရဲစွန့်ရဲ သတ္တိထူးကဲပါတယ်။ မြန်မာစစ်သားများအတွက် ဗိုလ်ချုပ်ကြီးက ဘယ်လိုထင်မြင်ချက်ပေးလိုပါသလဲ။

...။ ။ မြန်မာစစ်ဗိုလ်၊ စစ်သားတွေဟာလည်း နိပ္ပွန် စစ်ဝိဇ္ဇာဆရာကြီးများထံမှ စစ်ပညာကို လေ့လာသင်ကြားထားလို့ နိပ္ပွန်တို့ရဲ့ ဖွဲ့...စိတ်ဓာတ်ဟာ မြန်မာစစ်ဗိုလ်၊ စစ်သားတွေကိုလည်း ဖန်တီးပြုပြင် ...ချင်းပင် ရောပြွမ်းထားတာမို့ နိပ္ပွန်စစ်သည်တို့လိုပဲ တိုက်ပွဲမှာ သေရဲ...ပါတယ်။ မြန်မာတွေဟာ ရှေးခေတ်အခါကလည်း သတ္တိကောင်းကောင်းနဲ့ ...ပွဲပေါင်းများစွာ ပါဝင်ဆင်နွှဲခဲ့ဖူးပါတယ်။ မြန်မာစစ်ဗိုလ်၊ စစ်သားတွေဟာ ...ပြည်အတွက် အသက်စွန့်ဖို့ အသင့်ပင်ရှိနေကြပါတယ်။

...။ ။ မြန်မာစစ်တပ်ကြီးရဲ့ လက်နက်အင်အား အခြေအနေကိုလည်း သိစမ်းပါရစေ။

...။ ။ မြန်မာစစ်တပ်ကြီးအတွက် နိပ္ပွန်တို့က လက်နက်များကိုဖြည့်တင်း အကူအညီပေးနေပါတယ်။ ယခုအခါ နိပ္ပွန်တို့ဟာ လက်နက် ...အား အထူးကောင်းနေသလို မြန်မာစစ်တပ်ကြီးဟာလည်း လက်နက်အင် ...အား လုံလုံလောက်လောက် ရှိနေပါတယ်။ မြန်မာစစ်တပ်ကြီးရဲ့ လက်နက် ...အားဟာ နိပ္ပွန်တို့အပေါ်မှာ အမှီပြုတည်နေပါတယ်။

...။ ။ မြန်မာနိုင်ငံထဲကို ရန်သူတွေ မဝင်နိုင်အောင် တိုက်ခိုက်ဖို့ အသင့်

www.burmeseclassic.com

www.burmeseclassic.com



ရှိပြီ မဟုတ်ပါလား။

**ဖြေ။** ။ မြန်မာနိုင်ငံရဲ့ မြေတစ်လက်မကိုတောင် ရန်သူတွေ ခြေမ နိုင်အောင် တိုက်ခိုက်ဖို့ အသင့်စီစဉ်ပြီးပါပြီ။ ယခုလည်း ဗ ကာကွယ်ရေး တပ်မတော်ကြီးဟာ နယ်ခြားမှာ ရန်သူတွေကို တိုက်ခိုက်နိုင် နေပါတယ်။

**ဗိုလ်ချုပ်သစ်ကာနယ်နေဝင်း**

**မေး။** ။ ဗမာ့ကာကွယ်ရေးတပ်မတော်ကြီးကို တိုးချဲ့ဖို့ စီစဉ်ထားပါ လား။

**ဖြေ။** ။ မြန်မာစစ်တပ်ကြီးကို အင်အားကောင်းသည်ထက် ကောင်းအော ထူးခြားတဲ့ စစ်တပ်ကြီးဖြစ်လာအောင် ချဲ့ထွင်ပြုပြင်ဖို့ စီစဉ် ပါပြီ။ ယခုအချိန်ကစပြီး လွတ်လပ်တဲ့ မြန်မာနိုင်ငံတော်ကြီးအတွက် တိုက် ကာကွယ်ဖို့ စိုင်းပြင်းစီစဉ်နေပါပြီ။ အသင့်ပြင်ဆင်ပြီးသား ဖြစ်ပါတယ်

**မေး။** ။ မြန်မာလေတပ်၊ ရေတပ်များ ပေါ်ပေါက်လာဖို့ စီစဉ်နေပါသလ

**ဖြေ။** ။ မြန်မာ့လေတပ်၊ ရေတပ်၊ စက်ယန္တရားတပ်၊ ရိက္ခာပို့တပ် အစရှိ မြန်မာ့စစ်တပ်ခွဲများကို ချဲ့ထွင်ပြုလုပ်ပေးဖို့ စီစဉ်နေပါတ လေတပ်၊ ရေတပ်အတွက် ပညာတတ် မြန်မာလူငယ်များကို စုဆောင်းဖို့လ လိမ့်မယ်။

လူဦးရေပြဿနာကို ပြောရင် မြန်မာပြည်ဟာ လူဦးရေ အလွန်နည် ပါတယ်။ လူဦးရေများတဲ့ နိုင်ငံကြီးနှစ်ခုအကြားမှာ ရှိနေတာကိုလည်း သိကြ လိမ့်မယ်။ မြန်မာနိုင်ငံရဲ့လူဦးရေဟာ တစ်နေ့တခြား တိုးပွားလာဖို့ အရေးကြီး တယ်။ မြန်မာစစ်တပ်ကြီးအတွက် စစ်သားစုဆောင်းရေးကိစ္စမှာ မလိုက်ချင် လူတွေကို အတင်းအကြပ်မခေါ်လိုပါဘူး။ တိုင်းပြည်အတွက် ဆောင်ရွက် အလုပ်မို့ မိမိတို့အလိုအလျောက် မတိုက်တွန်းဘဲ စစ်တပ်ထဲဝင်ရောက်လာ မျိုးချစ်စိတ်ရှိသူ လူငယ်များကိုသာ လိုချင်ပါတယ်။ ဖွံ့သတ္တိကောင်းတဲ့ လူ တွေ မျိုးချစ်စိတ်ဓာတ်နဲ့ တိုင်းပြည်ကို ကာကွယ်တိုက်ခိုက်လိုတဲ့ သူရဲကော တွေကိုသာ စုဆောင်းဖို့ ကြံရွယ်ထားပါတယ်။

**မေး။** ။ ဗိုလ်ချုပ်ကြီးဟာ စစ်ဘက်ဌာနသို့မဝင်မီက ကျန်းမာရေး လို စားခဲ့ဖူးပါသလား။

**ဖြေ။** ။ ဘောလုံးကစားတာကို ဝါသနာပါလို့ ဘောလုံးအသင်းတွေမှာ



ဘောလုံးကန်သမားတစ်ဦးအဖြစ်နဲ့ ပါဝင်ခဲ့ဖူးပါတယ်။

**ည်ထက် အရည်အချင်း**

နိပ္ပွန်-မြန်မာ သတင်းစာဆရာများ သိလိုသောအချက်များကို မေးမြန်း အသီးသီးပြန်ခါနီးအချိန်တွင် ဗိုလ်ချုပ်ကြီးကာနယ်နေဝင်း (ဗိုလ်ရှုမောင်) သတင်းစာဆရာများအား ဗမာ့ကာကွယ်ရေးတပ်မတော်ကြီးရဲ့ နာမည် ပြောင်းလဲဖို့ကိစ္စနှင့်စပ်လျဉ်းပြီး မိမိရဲ့ထင်မြင်ချက်ကို ပြောကြားရရင် စစ်တပ်ကြီးရဲ့နာမည်ဟာ ဘာပဲဖြစ်ဖြစ် အရေးမကြီးလှပါဘူး။ မြန်မာ့ တပ်ကြီးမှာ ပါဝင်တဲ့စစ်ဗိုလ်များ၊ စစ်သားများဟာ သူရသတ္တိရှိဖို့၊ သေရဲဖို့၊ လို့၊ ဖွဲ့မာန်ကောင်းဖို့၊ စစ်ပညာအရည်အချင်း ပြည့်စုံလုံလောက်ဖို့သာ အရေးကြီးပါတယ်။ ဒါကြောင့်မို့ စစ်တပ်နာမည်ဟာ ပဓာနရည်ရွယ်ချက် တ်ပါဘူး။ မြန်မာစစ်ဗိုလ်တိုင်း၊ စစ်သားတိုင်း စစ်ပညာအရည်အချင်း စုံလုံလောက်အောင် ဆောင်ရွက်ကြိုးစားကြဖို့သာ ဖြစ်ပါတယ်ဟု ဗိုလ်ချုပ် နိဂုံးချုပ်မိန့်ခွန်းတွင် ပြောကြားဖြေဆိုလိုက်ကြောင်း။

(မြန်မာ့အလင်း၊ ၁၉၄၃ ခု၊ ဩဂုတ်လ ၁၀ ရက်၊ ၁၃၀၅ ခု၊ ဝါခေါင်လဆန်း ရက်၊ အင်္ဂါနေ့) ◆

www.burmeseclassic.com

www.burmeseclassic.com

## စစ်တက္ကသိုလ်များ စတင်ပေါ်ပေါက်လာပုံ

နိုင်ငံတစ်ခုအနေဖြင့် စစ်တက္ကသိုလ်တည်ထောင်ခြင်းမှာ တကယ့် အရေးကြီးလှသည့်ခြေလှမ်းကြီး ဖြစ်၏။ တိုင်းပြည်၏ အချုပ်အခြာအာဏာပိုင် သည့် အဖွဲ့အစည်း(ဥပမာ ပြည်သူ့လွှတ်တော်စသည်)တို့က ဥပဒေဖြင့် ပြဋ္ဌာန်း၍ စစ်တက္ကသိုလ်တစ်ခု ဖွင့်လှစ်တည်ထောင်သည်က များပါသည်။

ခေတ်သစ်တပ်မတော်အသီးသီး၏ စစ်တက္ကသိုလ်များ ပေါ်ပေါက်လာ သည်မှာ နှစ်ပေါင်း ၂၀၀ ကျော်လေးမျှသာရှိသေးရာ၊ သမိုင်းတွင် မကြာသေး ဆိုရမည်။

၁၇ ရာစု ကုန်ခါနီးတွင် အမြဲတမ်းတပ်မတော်များ ပေါ်ပေါက်လာရာ ကြည်း၊ ရေ၊ လေတပ်များအတွက် ပြန်တမ်းဝင်အရာရှိများ လိုအပ်လာသဖြင့် စစ်တက္ကသိုလ် ပေါ်ပေါက်လာရခြင်း ဖြစ်ပါသည်။

ဥရောပ၌ အစောဆုံးထူထောင်ခဲ့သည့် စစ်တက္ကသိုလ်မှာ ရုရှားနိုင်ငံ စစ်တက္ကသိုလ် ဖြစ်လေသည်။ သို့သော် ၁၆၉၈ ခုနှစ်တွင် ပီတာဘုရင်ကြီး အမိန့်ဖြင့် ထူထောင်ခဲ့သည့် စစ်တက္ကသိုလ်မှာ စစ်တက္ကသိုလ်အမည်ခံထား သော်လည်း ခေတ်သစ်စစ်တက္ကသိုလ်ဟု ခေါ်ဆိုနိုင်မည်မဟုတ်ဟု စစ်သုတေသီ များက ဆိုပါသည်။

ရုရှားနိုင်ငံ၌ ခေတ်သစ်စစ်တက္ကသိုလ် အစမှာ ၁၇၃၁ ခုနှစ်တွင် တည်ထောင်ခဲ့သည့် ဗိုလ်လောင်းတပ်မကြီး [၁] ဖြစ်၏။ ၁၈၂၇ ခုနှစ်တွင် ပထမ ဆုံးရေတပ် စစ်တက္ကသိုလ်ကို တည်ထောင်ခဲ့၍ ၁၈၅၅ ခုနှစ်တွင်မှ ပထမဆုံး

၁။ Cadet corps-Kadetski korpus



(ကြည်းတပ်) စစ်တက္ကသိုလ်ကို ထူထောင်ခဲ့လေသည်။

၁၉၁၇ ခုနှစ်၊ အောက်တိုဘာတော်လှန်ရေးအပြီး ၁၉၁၈ ခုနှစ်တွင် ဆိုဗီယက်တို့၏ ပထမဆုံးစစ်တက္ကသိုလ်ကို မော်စကိုမြို့တော်တွင်ပင် ထူ ထောင်ခဲ့ပြီး ၁၉၂၄ ခုနှစ်၌ စစ်တက္ကသိုလ် ညွှန်ကြားရေးမှူးမှာ တပ်နီတော် ဦးစီးချုပ်ကြီး ဖရွန်ဇေ [၁] ဖြစ်၍၊ ခေတ်သစ် ဆိုဗီယက် စစ်တက္ကသိုလ်၏ ဖခင်ကြီး ဟု အသိအမှတ်ပြုခြင်း ခံရသူဖြစ်လေသည်။ သူသေဆုံးပြီးနောက် ဆိုဗီယက် စစ်တက္ကသိုလ်ကို ဖရွန်ဇေစစ်တက္ကသိုလ်အမည်သို့ ပြောင်းလဲ မှည့်ခေါ်ခဲ့ပါသည်။

ခေတ်သစ် စစ်တက္ကသိုလ်များအကြောင်း လေ့လာလျှင် ၁၈၀၂ ခုနှစ် မှာ ထူးခြားသည်ဆိုရမည်။ ထိုနှစ်ထဲမှာပင် ပြင်သစ်စစ်တက္ကသိုလ်၊ အမေရိကန် နိုင်ငံ ဝက်စ်ပွိုင့်စစ်တက္ကသိုလ်၊ ဗြိတိန်နိုင်ငံ ဘုရင့်စစ်ကောလိပ်တို့ကို စတင် တည်ထောင်ခဲ့ခြင်းကြောင့် ၁၈၀၂ ခုနှစ်မှာ ထူးခြားသည် ဆိုရခြင်းဖြစ်၏။

ပြင်သစ်နိုင်ငံတွင် ၁၈၀၂ ခုနှစ်၌ တည်ထောင်ခဲ့သည့် စစ်တက္ကသိုလ်မှာ ဖွန်တိန်ဗလို [၂] တွင်ဖြစ်၍ ဧကရာဇ်ဘုရင် နပိုလီယံအမိန့်ဖြင့် တည်ထောင်ခဲ့ခြင်း ဖြစ်ပြီး Ecole Speciale Militarie အတိုကောက် ESM ဟု ခေါ်၏။ ၁၈၀၈ ခုနှစ်တွင် စစ်တက္ကသိုလ်ကို ဗာဆိုင်းအနီးစိန့်စီယာ [၃] သို့ ပြောင်းရွှေ့ ဖွင့်လှစ်ခဲ့၏။

ဒုတိယကမ္ဘာစစ်ကြီးအပြီး ၁၉၄၇ ခုနှစ်၊ မေလ ၂၇ ရက်နေ့၌ စိန့် စီယာ စစ်တက္ကသိုလ်ကို ဘရစ်တိန်နီးနယ် ကိုအက်ကွီဒန် [၄] သို့ပြောင်းရွှေ့ ဖွင့်လှစ်ခဲ့ပါသည်။

ဗြိတိန်ဘုရင့် စစ်ကောလိပ် [၅] ကို ၁၈၀၂ ခုနှစ်၌ ဘုရင့်ခွင့်ပြုအမိန့် [၆] ဖြင့် ဂရိတ်မာလို [၇] တွင် စတင်ဖွင့်လှစ်ခဲ့၍ ၁၉၁၂ ခုနှစ်ကျတော့မှ ဆင်းဟတ်စ်သို့ ပြောင်းရွှေ့ခဲ့ခြင်း ဖြစ်လေသည်။ ၁၉၄၇ ခုနှစ်တွင်မှ ဆင်းဟတ်စ်ဘုရင့်

၁။ Mikhail Vasilievick Frunze 1885-1925
၂။ Fontainebleau
၃။ St. Cyr
၄။ Coetequidan
၅။ The Royal Military College
၆။ Royal Warrant
၇။ Great Marlow

www.burmeseclassic.com

www.burmeseclassic.com



စစ်ကောလိပ်ကို ဘုရင့်စစ်တက္ကသိုလ်[၁] ဟု ပြောင်းလဲခေါ်ဝေါ်ခြင်း ဖြစ်ပါသည်။

အမေရိကန် ဝက်စ်ပွိုင့်စစ်တက္ကသိုလ်ကို ၁၈၀၂ ခုနှစ်မှာပင် အမေ ကန် ကွန်ဂရက်လွှတ်တော်က အက်ဥပဒေပြဋ္ဌာန်း၍ ထူထောင်ခဲ့ခြင်း ဖြစ်ပေ သည်။ ၁၈၁၂ ခုနှစ်အထိ အင်ဂျင်နီယာ အရာရှိများ ကျောင်းအဖြစ်တည်ရှိခဲ့ပြီး ထိုနှစ်ဧပြီလထဲတွင် ကွန်ဂရက်က နောက်ထပ် ဥပဒေတစ်ရပ်ပြဋ္ဌာန်း၍ သင် တန်းဆရာများနှင့် ဗိုလ်လောင်းအရေအတွက်ကိုပါတိုးချဲ့ကာ ကြည်းတပ်မတော် အတွက် ခေတ်မီစစ်တက္ကသိုလ်အဖြစ် ပြောင်းလဲဖွင့်လှစ်ခဲ့လေသည်။

၁၉၄၈ ခုနှစ်တွင် မြန်မာပြည် လွတ်လပ်ရေးရပြီးနောက် ၁၉၅၅ ခုနှ တွင် တောင်ပိုင်းရှမ်းပြည် ဗထူးမြို့၌တည်ထောင်ခဲ့သည့် စစ်တက္ကသိုလ်မှာလည်း လွှတ်တော်တွင် လိုအပ်သလို အက်ဥပဒေပြဋ္ဌာန်း၍ စနစ်တကျ တည်ထောင်ခဲ့ ခြင်း ဖြစ်လေသည်။

ရန်ကုန်တက္ကသိုလ် (ပြင်ဆင်ချက်) အက်ဥပဒေ ၁၉၅၃ ပုဒ်မ ၃၃(၁) အရ၊ နိုင်ငံတော်သမ္မတက အမိန့်ကြော်ငြာစာထုတ်ပြန်၍ ဗထူးစစ် တက္ကသိုလ် ကို ထူထောင်ခဲ့ခြင်းဖြစ်ပြီး စစ်တက္ကသိုလ်ကို ရန်ကုန်တက္ကသိုလ်နှင့် ပေါင်း စည်း[၂]ထားသည့်အလျောက် မေမြို့စစ်တက္ကသိုလ် (၁၉၅၈ခုနှစ်တွင် မေမြို့သို့ ပြောင်းရွှေ့ဖွင့်လှစ်သည်)မှ ကျောင်းဆင်းဒုဗိုလ်များသည် မြန်မာ့တပ်မတော်မှ ပြန်တမ်းဝင်အရာရှိများ ဖြစ်လာသည့်အပြင် ရန်ကုန်တက္ကသိုလ်မှ ဝိဇ္ဇာ သို့မဟုတ် သိပ္ပံဘွဲ့ထူးများပါ ရရှိကြလေသည်။

အိန္ဒိယနိုင်ငံတွင်လည်း ၁၉၄၈ ခုနှစ်၊ ဧပြီလ ၈ ရက်နေ့တွင် ပါလီမန်လွှတ်တော်က အိန္ဒိယအမျိုးသား ဗိုလ်လောင်းတပ်မကြီး အက်ဥပဒေ[၃] ကို ပြဋ္ဌာန်းထုတ်ပြန်၍ ဒဲရာဒွန်း[၄] တွင် အိန္ဒိယအမျိုးသား စစ်တက္ကသိုလ်ကို ဖွင့်လှစ်ခဲ့ပါသည်။

နိုင်ငံတိုင်းမှာလိုပင် ခေတ်သစ်စစ်တက္ကသိုလ်များကို ဥပဒေပြဋ္ဌာန်း ဖွင့်လှစ်တည်ထောင်ခဲ့ခြင်း ဖြစ်လေသည်။ ၁၉၄၂ ခုနှစ်က ဂျပန်ခေတ် စစ် တက္ကသိုလ်ကို မည်သို့တည်ထောင် ဖွင့်လှစ်ခဲ့သနည်း။

---

၁။ The Royal Military Academy- Sandhurst

၂။ affiliated

၃။ The Indian National Cadet Corps Act

၄။ Dehradoon



၁၉၄၂ ခုနှစ်၊ ဩဂုတ်လ ၂၀ ရက်နေ့တွင် မြန်မာ့တပ်မတော် စစ် သိုလ်ကို မင်္ဂလာဒုံ၌ စတင်ဖွင့်လှစ်ခဲ့ခြင်းဖြစ်၍ မြန်မာနိုင်ငံကို ဂျပန်က ခုနှစ်၊ ဩဂုတ်လ ၁ ရက်နေ့တွင်) ပေးသည့် (ဘုရားစူး) လွတ်လပ်ရေး င်ကပင် စစ်တက္ကသိုလ်ကို စတင်ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပေ၏။ ယင်းမှာ မာနိုင်ငံ၏ ထူးခြားလှသည့် အခြေအနေတစ်ရပ်ဟု ယူဆရပါမည်။

ထို့ကြောင့်ဖြစ်မည်။ ဂျပန်ခေတ် စစ်တက္ကသိုလ်တည်ထောင်ခြင်းကို ၁အမိန့်၊ ပြန်တမ်း မည်သည့် အကောက်အထားမျှ မတွေ့ရပါ။

www.burmeseclassic.com

www.burmeseclassic.com

## ဂျပန်ခေတ်စစ်တက္ကသိုလ် စတင်တည်ထောင်ဖွင့်လှစ်ခြင်း

မစ္စတာအိုးတတက်ဆူနေရိ ဂျပန်ဘာသာဖြင့်ရေးသည့် စာအုပ်ကို မစ္စတာအိုးနိုတိုး၇ မြန်မာပြန် (ပုဂံစာအုပ်တိုက်မှ ထုတ်ဝေသည်) ဂျပန် စစ်အုပ်ချုပ်ရေးခေတ် မြန်မာနိုင်ငံစာအုပ်နှင့် တပ်မတော်မော်ကွန်းတိုက်မှ ဗမာ့တပ်မတော်သမိုင်းစာမူတွင် မင်္ဂလာဒုံစစ်တက္ကသိုလ် ဖွင့်လှစ်ခြင်းနှင့်ပတ်သက်၍ ဤသို့ ဖော်ပြထားပါသည်။

'ဂျပန်အာဏာပိုင်တို့သည် ဗမာ့လွတ်လပ်ရေးတပ်မတော်ကို ဖျက်သိမ်း၍ ဗမာ့ကာကွယ်ရေးတပ်မတော်ကို ဖွဲ့စည်းပေးခဲ့ပြီးနောက် ဗမာ့ကာကွယ်ရေး တပ်မတော်မှ အရာရှိ၊ အရာခံ၊ အကြပ်တပ်သားများအား ယင်းတို့ကို အကျိုးပြုနိုင်လောက်သည့် စစ်ရေးလေ့ကျင့်မှုများပေးရန် လိုအပ်လာလေသည်။'

'ထို့ကြောင့် ဂျပန်ဘာသာဖြင့် ခံဘူကောဟောဆေးတိုင်ခေါ် မြန်မာနိုင်ငံတော် စစ်အတတ်သင်တန်းကျောင်း( ဗိုလ်သင်တန်းကျောင်း)ကို ၁၉၄၂ ခုနှစ်၊ ဩဂုတ်လ ၂၀ ရက်နေ့၌ မင်္ဂလာဒုံတွင် တည်ထောင်လိုက်သည်'

ဂျပန်ခေတ်စစ်တက္ကသိုလ် တည်ထောင်ခဲ့ခြင်းနှင့် ပတ်သက်၍ အစိုးရဆုံးဖြတ်ချက် အမိန့်ပြန်တမ်း ရှိ၊မရှိသိလို၍ တပ်မတော်မော်ကွန်းတိုက်၊ တက္ကသိုလ်စာကြည့်တိုက်များသို့ အခေါက်ခေါက်သွားရောက်ရှာဖွေခဲ့ရာ အစိုးရဆုံးဖြတ်ချက်များ မတွေ့ရစေကာမူ မင်္ဂလာဒုံစစ်တက္ကသိုလ်၊ (အထူးသဖြင့် စာရေးသူတို့ ၁၉၄၄ ခုနှစ်တွင်တက်ရောက်ခဲ့သည့် စတုတ္ထအပတ် အရာရှိသင်တန်း)နှင့်ပတ်သက်သည့် အရေးကြီးလှသော စာရွက်စာတမ်း အမြောက်အမြား တွေ့ခဲ့ရပါသည်။



တစ်ခါမှ ပုံနှိပ်ထုတ်ပြန်ခြင်းမပြုခဲ့ရသေးသည့် ယင်းသမိုင်းဝင် စာရွက်စာတမ်းအချို့နှင့် ယင်းတို့နှင့်ဆက်စပ်နေသော အဖြစ်အပျက်များကို သက်ဆိုင်ရာအခန်းများတွင် ဆက်လက်တင်ပြသွားပါမည်။

ပထမဆုံးစစ်တက္ကသိုလ် ကျောင်းအုပ်ကြီးမှာ ဗမာ့ကာကွယ်ရေး တပ်မတော်ဖွဲ့စည်းရေးဌာနမှ ဒုတိယဗိုလ်မှူးကြီး ဖုကုအိဖြစ်ပြီး ယင်းကျောင်းအုပ်ကြီး တာဝန်ထမ်းဆောင်မီ ဗိုလ်မှူးမာရူအိုကား (Major Maruoka)က ကျောင်းအုပ်အဖြစ် ခေတ္တဆောင်ရွက်ခဲ့သည်။ ကျောင်းရှိနည်းပြဆရာများနှင့် အကြပ်များမှာ ဂျပန်များသာဖြစ်သည်။ ဂျပန်နည်းပြဆရာများအနက် ကျောင်းအုပ်ကြီးနှင့်၊ ဗိုလ်မှူးမာရူအိုကားနှင့် ဗိုလ်ကြီးကာဝါရှီမား (Capt. Kawashima) တို့သည် (ဂျပန်) ဘုရင်စစ်တက္ကသိုလ် ကျောင်းဆင်းများဖြစ်ပြီး ကျန်အရာရှိများမှာ အခြားအရာရှိသင်တန်းဆင်းများ ဖြစ်ကြသည်။[၁]

ဗိုလ်သင်တန်းကျောင်းတွင် ဌာနချုပ်ရုံးအတွက် လက်နက်တာဝန်ခံ၊ စာရေးတာဝန်ခံ၊ စစ်ဝတ်တန်ဆာတာဝန်ခံ၊ မြင်းတပ်စုနှင့် ဆေးတပ်စုတို့ ရှိလေသည်။

ပထမအပတ် ဗိုလ်သင်တန်းကို ၁၉၄၂ ခုနှစ်၊ စက်တင်ဘာလ ၁ ရက်နေ့တွင် စတင်ဖွင့်လှစ်ခဲ့ပြီး သင်တန်းသား ၃၀၀ ခန့် တက်ရောက်ခဲ့ပါသည်။ ၁-၁-၁၉၄၃ နေ့တွင် အချို့ သင်တန်းသားများအား ကျောင်းဆင်းပေးခဲ့၍ ဗိုလ်များအဖြစ် တာဝန်ပေးအပ်ခဲ့၏။

ပထမအပတ် ဗိုလ်သင်တန်း ကျောင်းဆင်းပွဲကို ၁၉၄၃ ခုနှစ်၊ မတ်လ ၁၀ ရက်နေ့တွင်ကျင်းပခဲ့ပြီး သင်တန်းသား ၁၅၀ ခန့် အလုပ်သင်ဒုဗိုလ်များ (အစ်ရှိခန်း)အဖြစ် တာဝန်ထမ်းဆောင်ခဲ့ကြလေသည်။

ဒုတိယအပတ် ဗိုလ်သင်တန်းကို ၁၉၄၃ ခုနှစ်၊ မေလ ၁၀ ရက်နေ့တွင် စတင်ခဲ့ပြီး သင်တန်းသား ၃၀၅ ဦး တက်ရောက်ခဲ့၏။ ယင်းအနက် ၁၉၄၃ ခုနှစ်၊ အောက်တိုဘာလ ၁၃ ရက်နေ့တွင် အချို့သင်တန်းသားများအား ကျောင်းဆင်းစေ၍ တပ်ကြပ်ရာထူးဖြင့် ဗမာ့ကာကွယ်ရေးတပ်မတော်တွင် တာဝန်ထမ်းဆောင်ခဲ့ကြလေသည်။

၁၉၄၄ ခုနှစ်၊ မတ်လ ၁၃ ရက်နေ့တွင် ဒုတိယအပတ် ဗိုလ်သင်တန်း

---

[၁] တပ်မတော်သမိုင်း အပိုင်း ၃ ဗမာ့ကာကွယ်ရေး တပ်မတော်(ဘီဒီအေ)၊ တပ်မတော်သမိုင်း ပြုစုရေးကော်မီနှင့် စာကူးစက် ကော်ပီမှ

www.burmeseclassic.com

www.burmeseclassic.com



ကျောင်းဆင်းပွဲ ကျင်းပပေးခဲ့၏။


၁၉၄၃ ခုနှစ်၊ ဩဂုတ်လ ၁ ရက်နေ့တွင် မြန်မာနိုင်ငံအား ဂျပန် (ဘုရားစူး) လွတ်လပ်ရေးပေးခဲ့ပြီး ထိုနေ့မှာပင် ဗိုလ်ဇေယျအား မင်္ဂလာ ဗိုလ်သင်တန်းကျောင်းအုပ်ကြီးအဖြစ် တာဝန်ပေးအပ်ခဲ့ပါသည်။

မင်္ဂလာဒုံ စစ်အတတ်သင်ကျောင်းမှာပင် ယောနင်းဂတ်ကော မူလတန်း လူငယ်စစ်အတတ်သင်ကျောင်း ဖွင့်လှစ်ပေးခဲ့၍ ပထမပတ် မူလတ ကို ၁၉၄၃ ခုနှစ်၊ ဧပြီလ ၇ ရက်နေ့တွင် ဖွင့်လှစ်သင်ကြားပေးခဲ့၏။ သင်တ သား ၇၀ တက်ရောက်ခဲ့ပြီး ၁၉၄၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၈ရက်နေ့တ တာဝန်ပေးခဲ့၏။

ဒုတိယပတ် မူလတန်းကို ၁၉၄၃ ခုနှစ်၊ နိုဝင်ဘာလ ၁၁ ရက် တွင် သင်တန်းသား ၁၀၀ဖြင့် ဖွင့်လှစ်ပေးခဲ့၍ သင်တန်းသား ၁၀၀ အန ၅၀ ကို အချက်ပြသင်တန်းသို့ ပို့ခဲ့၍ ကျန်လူငယ် ၅၀ အနက် ၁၇ ဦး ၂၇-၉-၄၄ နေ့တွင် လူငယ်လေကြောင်း သင်တန်းဖွင့်လှစ် သင်ကြားပေးခဲ့ လူငယ်လေကြောင်း သင်တန်းကို ၂၈-၂-၄၅ နေ့တွင် ကျောင်းဆင်းပေ လေသည်။

ဒုတိယပတ် မူလတန်းတက်ရောက်နေစဉ်မှာပင် တတိယပတ် မူ တန်းကို ၂၀-၁၀-၁၉၄၄ နေ့တွင် ဖွင့်လှစ်ပေးခဲ့၏။ သင်တန်းသား ၇၂ တက်ရောက်ခဲ့လေသည်။

မင်္ဂလာဒုံ ဗိုလ်သင်တန်း ကျောင်းမှာပင် ပထမအပတ် အကြ သင်တန်းကို ၁၀-၉-၁၉၄၃ တွင် ဖွင့်လှစ်ပေးခဲ့၍ ၃၁-၁-၁၉၄၄ တွင် ကျော ဆင်းပေးခဲ့၏။ အကြပ်သင်တန်းကို မင်္ဂလာဒုံ ဗိုလ်သင်တန်း၌ ပဥ္စမအပတ်အ ပို့ချသင်ကြားပေးခဲ့လေသည်။



နောက်တန်း (ဝဲမှယာ)

| | | |
|---|---|---|
| မြင့်ဟန် | နည်းပြ | မူလတန်းသင်တန်း |
| ကျော်ညွန့် | နည်းပြ | စတုတ္ထပတ် ဗိုလ်သင်တန်းတပ်စုမှူး |
| မှူးဇေယျ | | ကျောင်းအုပ်ကြီး |
| ကြည် | | ဘဏ္ဍာရေးတာဝန်ခံ |
| သောင်း | | ကျောင်းရုံးအုပ် |
| စိန်တင် | နည်းပြ | စက်သေနတ်ကြီး |

ရှေ့တန်း (ဝဲမှယာ)

| | | |
|---|---|---|
| တိုးလွင် | နည်းပြ | မူလတန်းသင်တန်း |
| သန်းရွှေ | နည်းပြ | အကြပ်သင်တန်း |
| ဘသိန်း | နည်းပြ | မူလတန်းသင်တန်း |
| ကြည်ရှိန် | နည်းပြ | စတုတ္ထပတ် ဗိုလ်သင်တန်းတပ်စုမှူး |

(ဤဓာတ်ပုံကို ပြည်သူ့ဥပဒေအကျိုးဆောင်အဖွဲ့ဝင် ဦးခင်အုန်းထံမှ ရရှိပါ ည်။ ဦးခင်အုန်းမှာ စတုတ္ထပတ်အရာရှိ သင်တန်းကျောင်းဆင်းဖြစ်၍ သင်တန်း ဆုံးသောအခါ ဗိုလ်ချုပ်အောင်ဆန်း၏ ဂုဏ်ပြုဓားဆုရခဲ့သူ ဖြစ်ပါသည်။)

www.burmeseclassic.com

www.burmeseclassic.com



## တတိယနှင့် စတုတ္ထပတ် ဗိုလ်သင်တန်းများ

တတိယပတ် ဗိုလ်သင်တန်းကို ၂၇–၅–၁၉၄၄ တွင် ဖွင့်လှစ်ပေးခဲ့ သင်တန်းသား ၂၀၀ ခန့် တက်ရောက်သင်ကြားခဲ့ပြီး ၃၀–၉–၁၉၄၄ တွ ကျောင်းဆင်းပွဲ ကျင်းပပေးခဲ့ပါသည်။

စတုတ္ထပတ် ဗိုလ်သင်တန်းကို ၇၊ ၁၀၊ ၁၉၄၄ နေ့တွင် ဖွင့်လှစ်ပေး သင်တန်းသား ၁၃၂ ဦး တက်ရောက်ခဲ့၏။ ၃၁–၁–၄၅ နေ့တွင် စတုတ္ထပ ဗိုလ်သင်တန်း ကျောင်းဆင်းပွဲကျင်းပပေး၍ သင်တန်းသား ၁၂၅ ဦး အလ သင်ဗိုလ်များအဖြစ် တပ်အသီးသီးတွင် တာဝန်ထမ်းဆောင်ခဲ့ကြလေသည်

၁၉၄၂ ခုနှစ်၊ ဩဂုတ်လ ၂၀ ရက်နေ့တွင် မင်္ဂလာဒုံ၌ စတင်ဖွင့်လှစ် သည့် ဂျပန်ခေတ်စစ်တက္ကသိုလ်သည် စတင်ဖွင့်လှစ်သည်မှ ၁၉၄၅ ခုနှ မတ်လအထိ (နှစ်နှစ်ခွဲကာလအတွင်း) စုစုပေါင်း

| | |
|---|---|
| အရာရှိ | ၇၆၀ ခန့် |
| တပ်ကြပ် | ၃၃၀ ခန့် |
| တပ်ကြပ်ကလေး | ၇၅၀ ခန့် |

မူလတန်းကျောင်းသား ၂၆၀ ခန့် လေ့ကျင့်ပေးခဲ့လေသည် ထိုသူများမှာ နောင်တွင် မြန်မာ့တပ်မတော်တွင်လည်းကောင်း၊ မြန်မာနိုင် အာဏာပိုင် အဖွဲ့အစည်းအသီးသီးတွင်လည်းကောင်း ခေါင်းဆောင်များအဖြ ကြီးလေးသည့်တာဝန်များ ထမ်းဆောင်ခဲ့ကြလေသည်။ အချို့မှာ ယခုအ တပ်မတော်နှင့် တိုင်းပြည်တာဝန် ထမ်းဆောင်ဆဲ ဖြစ်ပါသည်။





ဗိုလ်လေး ကျော်ညွန့် — သင်တန်းဆရာ

ဗိုလ်ထွန်းလှ — သင်တန်းဆရာ

(စတုတ္ထပတ် အရာရှိသင်တန်း)

## ကျောင်းအုပ်ကြီးနှင့်ဆရာများ

စတုတ္ထပတ် အရာရှိသင်တန်းဖွင့်လှစ်ပြီး မကြာမီပင် ကျောင်းအုပ်ကြီး ဗိုလ်ဇေယျနေရာတွင် ဗိုလ်ရန်နိုင်က ကျောင်းအုပ်ကြီးအဖြစ် ဆက်လက် တာဝန် ယူလေသည်။

တပ်ခွဲမှူးနှင့် တပ်စု ၁ တပ်စုမှူး ဗိုလ်ကျော်သိန်း

တပ်စု ၂ တပ်စုမှူး ဗိုလ်ကြည်ရှိန် (နောက်ဗိုလ်ထွန်းလှ)

တပ်စု ၃ တပ်စုမှူး ဗိုလ်ကျော်ညွန့်

ဗိုလ်တင်သိန်းမှာ အရာခံဗိုလ်ရုံးအုပ်ဖြစ်၏။

တပ်ကြပ်ကလေးများမှာ

သာထွန်းအောင်

မောင်မြင့်

စိုးမြင့်တို့ ဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com




ကမ်ဘူကောဟောဆေတိုင်
မြန်မာအရာရှိအတတ်သင်ကျောင်း



ဗမာ့ကာကွယ်ရေး တပ်မတော်အလံတော်နှင့် လှူငယ်
တပ်မတော်သားတစ်ဦး

www.burmeseclassic.com

www.burmeseclassic.com




ဗမာ့ကာကွယ်ရေးတပ်မတော်သားများ



လက်နက်များ အသုံးပြုနည်း လေ့ကျင့်သင်ကြားရာတွင်
ကိုယ်လက်ကျန်းမာမှုအတွက် ကိုယ်လက်
လှုပ်ရှားခြင်းကိုလည်းပြုကြသေး၏။

www.burmeseclassic.com

www.burmeseclassic.com



သေနတ်ကို ဒူးပေါ်တင်၍ ချိန်နည်းလေ့ကျင့်နေပုံ



## စတုတ္ထပတ် အရာရှိသင်တန်း

မြန်မာနိုင်ငံတော် စစ်တက္ကသိုလ် မြန်မာ့တပ်မတော် စတုတ္ထပတ်ကို အတတ်သင်တန်းကို ၁၉၄၄ ခုနှစ်၊ စက်တင်ဘာလ ၇ ရက်နေ့တွင် ဖွင့်လှစ်ခဲ့ပါသည်။

စတုတ္ထပတ် ဗိုလ်လောင်းများ ခေါ်ယူလေ့ကျင့်ပေးခြင်းနှင့် ပတ်သက်၍ သင်ကြားရေးဌာနမှူး ဗိုလ်မှူးကလေးဘိုးကွန်းက ဦးစီးဗိုလ်ချုပ်သို့ ၄-၄၄ နေ့စွဲဖြင့် အစီအစဉ်တစ်ရပ် တင်သွင်းခဲ့၍ ဦးစီးဗိုလ်ချုပ်၊ ဗိုလ်ချုပ် (ယခု လမ်းစဉ်ပါတီ ဥက္ကဋ္ဌကြီး ဦးနေဝင်း)က မှတ်ချက်ရေးသားထားတို့ ဖော်ပြအပ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

## အရာရှိသင်တန်းသားများခေါ်ယူခြင်းနှင့် သင်တန်းစီမံချက်

အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း ဦးစီးဗိုလ်ချုပ်၏ ပေါ်လစီရရှိပြီး ...နှင့် ဗိုလ်လောင်းများခေါ်ယူရန် စက်ယန္တရား စတင်လည်ပတ်ပါတော့ ...။

၁၉၄၄ ခုနှစ်၊ ဇူလိုင်လ ၈ ရက် (၁၃၀၆ ခုနှစ်၊ ဝါဆိုလဆုတ် ၄ ... နေနေ့) မြန်မာ့အလင်းသတင်းစာတွင်ပါလာသော စတုတ္ထပတ်အရာရှိ ...တန်းသားများ ခေါ်ယူသည့်ကြော်ငြာကို ဖော်ပြအပ်ပါသည်။ ယင်းကြော်ငြာ ...ကို ၁၉၄၄ ခုနှစ်၊ ဇူလိုင်လ ၁၄ ရက်၊ ၂၂ ရက်၊ ၂၆ ရက်၊ ၃၁ ရက်၊ ...တ်လ ၁ ရက်၊ ၄ ရက်နေ့ မြန်မာ့အလင်းသတင်းစာတွင် ဆက်တိုက် ...ငြာခဲ့သည်ကို တွေ့ရပါသည်။

စစ်ပညာသင်ကြားရေးဌာနမှူး ဗိုလ်မှူးကလေးဘိုးကွန်းက ဦးစီးဗိုလ်ချုပ် ...ချုပ်နေဝင်း)ထံတင်ပြသည့် စတုတ္ထပတ်အရာရှိ သင်တန်းသားများ ရွေး ...စစ်ရေးအစီအစဉ်မှာ အသေးစိတ်များပါရှိပြီး စီမံချက်သဘောမျိုး တင်ပြ ...သည်ကို တွေ့ရပါသည်။

သမိုင်းဝင်အထောက်အထားများဖြစ်သည့် ယင်းစီမံချက်အပြည့်အစုံကို ...ဖော်ပြအပ်ပါသည်။

### စတုတ္ထပတ်–အရာရှိသင်တန်း–အစီအစဉ်ချုပ်

| | |
|---|---|
| ...ောက်လွှာ ခေါ်မည့်ရက် | ၂၆–၆–၄၄ |
| ...ောက်လွှာ ပိတ်မည့်ရက် | ၅–၈–၄၄ |
| ...ဆာရေး စစ်ဆေးမည့်ရက် | ၇–၈–၄၄ မှ ၁၂–၈–၄၄ ထိ |
| ...ပွဲရက် | ၁၄–၈–၄၄ မှ ၁၆–၈–၄၄ ထိ။ |

www.burmeseclassic.com

www.burmeseclassic.com

ဒုဗိုလ်မှူးကြီးသောင်းထိုက်(အငြိမ်းစား)

နှုတ်မေးခွန်းစစ်ဆေးရက်　　၁၇-၈-၄၄ မှ ၁၉-၈-၄၄ ထိ။

အရာရှိသင်တန်း ဝင်ခွင့်ရသူများ
ရွေးချယ်မည့် နေ့ရက်　　၂၆-၈-၄၄
အရာရှိသင်တန်းအောင်စာရင်း
ကြေညာရက်　　၂၈-၈-၄၄
ကျောင်းပို့မည့်နေ့ရက်　　၃၀-၈-၄၄
ကျောင်းဖွင့်မည့်ရက်　　၁-၉-၄၄

## မြန်မာပြည်စစ်တက္ကသိုလ် စတုတ္ထပတ် အရာရှိသင်တန်းအတွက် ပြုလုပ်မည့်အစီအစဉ်

(၁) ကျောင်းသားသစ်များ ခေါ်ယူမည့် စည်းကမ်းများ။
(၂) အရာရှိသင်တန်းအတွက် တိုင်ပင်ဆွေးနွေးရန် ပါဝင်မည့် အရာရှိများ
(၃) သတင်းစာနှင့် ရေဒီယိုတို့မှ ကျောင်းသားသစ်များ ခေါ်ယူရေးအတွက် ကြေညာရန်။
(၄) လျှောက်လွှာလက်ခံရန်နှင့် လျှောက်လွှာစစ်ဆေးရန်။
(၅) ကျန်းမာရေး စစ်ဆေးခြင်း။
(၆) စာမေးပွဲ ကျင်းပမည့် ရက်နှင့်နေရာ၊ အချိန်စာရင်း။
(၇) စာမေးပွဲ အဖြေစာရွက် စစ်ဆေးရေး၊ ပါဝင်ရမည့် လူကြီးများ
(၈) နှုတ်မေးခွန်း စစ်ဆေးရန် ပါဝင်ရမည့် အရာရှိများ။
(၉) Moderation Board အရာရှိသင်တန်း ရွေးချယ်ရန်အဖွဲ့။
(၁၀) ကျောင်းသားများ ကျောင်းပို့ခြင်း။
(၁၁) ကျောင်းဖွင့်ပွဲ။

အထက်ပါ အစီအစဉ်များအတိုင်း စီစဉ်ပြုလုပ်မည်။ ပြင်ဆင်ဖြည့်စွက်ရန် တင်ပြပါကြောင်း။

စစ်ပညာ သင်ကြားရေး ဌာနမှူး
ဦးစီးဗိုလ်ချုပ်ရုံးတော်
နေပြည်တော်



## မြန်မာ့တပ်မတော်
## မြန်မာနိုင်ငံတော်စစ်တက္ကသိုလ် မင်္ဂလာဒုံ
## စတုတ္ထပတ်အရာရှိသင်တန်း ကျောင်းသားများခေါ်ယူခြင်း

### စည်းကမ်း

၁။ လက်ခံမည့် ကျောင်းသားဦးရေ - (၂၀၀)
၂။ လျှောက်ထားရန် ရက်အပိုင်းအခြား ၂၈-၆-၄၄ မှ ၅-၈-၄၄ နေ့ထိ
၃။ ကျောင်းဖွင့်မည့်ရက်　　၁-၉-၄၄
၄။ လိုအပ်သည့် အရည်အချင်းများ...

(က) အသက်။ ။ မြန်မာ့တပ်မတော်သားများ အသက် ၂၀ နှစ်မှ ၂၈ နှစ်ထိ။ အပြင်လူများ အသက် ၂၀ နှစ် မှ ၂၅ နှစ်ထိ။ (အသက်နှင့်ပတ်သက်၍ လုံလောက်သော ရက်ချုပ်စာတာ အစရှိသည်တို့ လျှောက်လွှာနှင့် ပူးတွဲပါရမည်။)

(ခ) ပညာအရည်အချင်း။ ။ မြန်မာ (သို့မဟုတ်) အင်္ဂလိပ်-မြန်မာ အထက်တန်းပညာသင်ကြားဖူးရမည်။ စတုတ္ထပတ် အရာရှိ သင်တန်းဝင် စာမေးပွဲကို အောင်မြင်ရမည်။

(ဂ) ကျန်းမာရေး။ ကျန်းမာရေး ဆေးစစ်ခြင်းကို ၈-၈-၄၄ နေ့တွင်နံနက် (၈:၀၀) နာရီမှ စ၍ စစ်ဝန်ကြီးရုံးတော်တွင် ပြုလုပ်မည်။ ကျန်းမာရေး စစ်ဆေးခြင်း ကောင်းရမည်။

(ဃ) လူမျိုး။ ။ မြန်မာ၊ ရှမ်း၊ ကရင်၊ ကချင်၊ ချင်း အစရှိသော မြန်မာပြည်ဖွား တိုင်းရင်းသားများ။

၅။ လျှောက်ထားရန် ဌာန။ ။ ဦးစီးဗိုလ်ချုပ်ရုံး၊ စစ်ပညာသင်ကြားရေးဌာနမှူးထံ လျှောက်ထားရမည်။

၆။ လျှောက်လွှာတွင် အမည်၊ အသက်၊ မွေးသက္ကရာဇ်၊ ပညာအရည်အချင်း၊ မိဘအမည်၊ အလုပ်အကိုင်၊ နေရပ်။

www.burmeseclassic.com

www.burmeseclassic.com



## မြန်မာ့တပ်မတော်သားများအတွက်

၁။ တပ်မတော်သားများ၏ အသက်နှင့်ပတ်သက်၍ တပ်ရင်းမှူးထံမှ ထောက်ခံချက်ယူရမည်။

၂။ တပ်မတော်သားများအတွက် တပ်ရင်းမှူးများထံမှ လျှောက်လွှာများကို တစ်ဆင့်ပေးပို့ရမည်။

၃။ အထက်ပါ ပညာအရည်အချင်းနှင့်ပြည့်စုံသော တပ်မတော်သားတိုင်း လျှောက်ထားခွင့်ပြုသည်။

၄။ လျှောက်ထားသော တပ်မတော်သားများသည် နေပြည်တော် ဦးစီးဗိုလ်ချုပ်ရုံးတော်သို့ ကျန်းမာရေးစစ်ဆေးခံရန်နှင့် စာမေးပွဲဖြေဆိုရန်အတွက် အချိန်မီ လာရောက်ရမည်။

၅။ လာရောက်သော တပ်မတော်သားတိုင်း မိမိတို့၏ အသုံးအဆောင်များဖြစ်သော စောင်၊ လုံချည် စသည်တို့ကို ခရီးသွားသကဲ့သို့ အစုံအလင်ယူခဲ့ရမည်။

ဗိုလ်မှူးကလေး
စစ်ပညာ သင်ကြားရေးဌာနမှူး
ဦးစီးဗိုလ်ချုပ်ရုံးတော်



## စတုတ္ထပတ် အရာရှိသင်တန်းဝင်များအတွက် တိုင်ပင်ဆွေးနွေးရန် အရာရှိများ

ဦးစီးဗိုလ်ချုပ်၊ ဦးစီးဗိုလ်ချုပ်ရုံး။ (ယခုလမ်းစဉ်ပါတီ ဥက္ကဋ္ဌကြီး ဦးနေဝင်း)
စစ်ဆင်ရေးဌာနမှူး၊ ဦးစီးဗိုလ်ချုပ်ရုံးတော်။
စစ်ဖွဲ့စည်းရေးဌာနကြီးမှူး၊ စစ်ဝန်ကြီးရုံးတော်။
ဆေးမှူးချုပ်၊ ဆေးဌာန၊ စစ်ဝန်ကြီးရုံးတော်။
ကျောင်းအုပ်ကြီး၊ မြန်မာနိုင်ငံတော် စစ်တက္ကသိုလ်။
စစ်ပညာသင်ကြားရေးဌာနမှူး၊ ဦးစီးဗိုလ်ချုပ်ရုံးတော်။

## သတင်းစာ၊ ရေဒီယိုများမှ ကြော်ငြာခြင်း

စည်းကမ်းချက်စာကို အပိုဒ်(၁)နှင့်(၃)ကိုပယ်၍ အပိုဒ်(၂-၄-၅-)တို့ကို ကြေညာပါမည်။

စတုတ္ထပတ်အရာရှိသင်တန်း စာမေးပွဲကို(၁၄-၈-၄၄ မှ ၁၆-၈- ၄၄)နေ့များတွင် ကန်တော်ကလေး မြူနီစီပါယ် အထက်တန်းကျောင်း၌ ...ပါအချိန်အတိုင်း ကျင်းပမည်ဖြစ်ပါကြောင်း။

**...ပွဲအချိန်ဇယား**

...-၄၄ နေ့ နံနက် ၈း၃၀ နာရီမှ ၁၀း၃၀ နာရီထိ၊ မြန်မာဘာသာ။
...-၄၄ နေ့ ညနေ ၁း၀၀ နာရီမှ ၃း၀၀ နာရီထိ၊ ပထဝီဝင်ဘာသာ။
...-၄၄ နေ့ နံနက် ၈း၃၀ နာရီမှ ၁၀း၃၀ နာရီထိ၊ ရာဇဝင်ဘာသာ။
...-၄၄ နေ့ ညနေ ၁း၀၀ နာရီမှ ၃း၀၀ နာရီထိ၊ ဗဟုသုတဘာသာ။
...-၄၄ နေ့ နံနက် ၈း၃၀ နာရီမှ ၁၀း၃၀ နာရီထိ၊ ဂဏန်းဘာသာ။
...-၄၄ နေ့ ညနေ ၁း၀၀ နာရီမှ ၃း၀၀ နာရီထိ၊ နိပွန်ဘာသာ။

စတုတ္ထပတ်အရာရှိသင်တန်းဝင် စာမေးပွဲ မေးခွန်းထုတ်မည့်သူနှင့် ...စစ်ဆေးမည့်သူများ။

ဗိုလ်မှူး ဗိုလ်ဇေယျ　[redacted] *　ဗဟုသုတ

ဗိုလ်မှူးကလေး ဘိုးကွန်း　[redacted] *　ဂဏန်းသင်္ချာ

www.burmeseclassic.com

www.burmeseclassic.com



၃။ ဦးဘို ပထဝီ
၄။ ဦးဘရှင် ရာဇဝင်
၅။ ဦးတင်မောင် မြန်မာစာ
၆။ နိပွန်အကြံပေးအရာရှိချုပ် နိပွန်ဘာသာ

အရာရှိသင်တန်းဝင်များအား (၁၇–၈–၄၄) မှ (၁၉–၈–၄၄)နေ့ နှုတ်မေးခွန်းကို စစ်ဝန်ကြီးရုံးတော် ညွှန်ခန်းအဆောက်အဦ၌ စစ်ဆေး ဖြစ်ပါကြောင်း။

အရာရှိသင်တန်းဝင်များအား နှုတ်မေးခွန်းစစ်ဆေးမည့် အဖွဲ့ဝင်များ

၁။ ဦးစီးဗိုလ်ချုပ်
၂။ စစ်ဖွဲ့စည်းရေးဌာနကြီးမှူး၊ စစ်ဝန်ကြီးရုံးတော်။
၃။ စစ်ဆင်ရေးဌာနမှူး၊ ဦးစီးဗိုလ်ချုပ်ရုံးတော်။
၄။ ကျောင်းအုပ်ကြီး၊ မြန်မာနိုင်ငံတော် စစ်တက္ကသိုလ်။
၅။ မြန်မာနိုင်ငံတော် စစ်တက္ကသိုလ်၊ နိပွန်အကြံပေး အရာရှိချုပ်။
၆။ စစ်ပညာသင်ကြားရေးဌာနမှူး၊ ဦးစီးဗိုလ်ချုပ်ရုံးတော်။

အရာရှိသင်တန်းဝင်များအား (၂၆–၈–၄၄) နေ့တွင် စစ်ဝန်ကြီး တော်ညွှန်ခန်း၌ စတုတ္ထပတ် အရာရှိသင်တန်းတက်ရန် သင့်သည့်သူများအ ရွေးချယ်မည် ဖြစ်ပါကြောင်း။

**အရာရှိသင်တန်းဝင်များအား ရွေးချယ်ရေးအဖွဲ့ဝင်များ**

၁။ ဦးစီးဗိုလ်ချုပ်
၂။ စစ်ဆင်ရေးဌာနမှူး၊ ဦးစီးဗိုလ်ချုပ်ရုံးတော်။
၃။ စစ်ပညာသင်ကြားရေးဌာနမှူး၊ ဦးစီးဗိုလ်ချုပ်ရုံးတော်။
၄။ စစ်ဖွဲ့စည်းရေးဌာနကြီးမှူး၊ စစ်ဝန်ကြီးရုံးတော်။
၅။ ဆေးမှူးချုပ်၊ စစ်ဝန်ကြီး ရုံးတော်။
၆။ ကျောင်းအုပ်ကြီး၊ မြန်မာနိုင်ငံတော် စစ်တက္ကသိုလ်။

ဖော်ပြခဲ့သည့်အတိုင်း မြန်မာနိုင်ငံစစ်တက္ကသိုလ် စတုတ္ထပတ် အ သင်တန်းသို့ လူ ၂၀၀ (တပ်ထဲမှ ၁၆၀၊ ပြင်ပမှ ၄၀) ခေါ်ယူလေ့ကျင့်



ဦးစီးဗိုလ်ချုပ် (ယခု လမ်းစဉ်ပါတီ ဥက္ကဋ္ဌကြီး)က အမိန့်ချမှတ်ခဲ့သော်လည်း ထိုသင်တန်းသို့ တပ်ထဲမှရော ပြင်ပမှပါ လူ ၁၃၂ ဦးသာ ရောက်လာပါသည်။

ယင်းအနက် သင်တန်းသား ၁၂၅ ဦးသာ သင်တန်းပြီးဆုံး အောင်မြင် ကြ၍ မြန်မာ့တပ်မတော် တပ်အသီးသီးတွင် တာဝန်ထမ်းဆောင်ခဲ့ကြလေသည်။ အကြောင်းနည်း။ ဘာကြောင့် ဗိုလ်လောင်း ၂၀၀ ရအောင် မစုဆောင်းနိုင်ကြ သနည်း။

❖❖❖

www.burmeseclassic.com

## ၁၉၄၄ ခုနှစ်အခြေအနေ

အဖြေကို ထိုစဉ်က အနောက်မြောက်တိုင်း စစ်ဌာနချုပ်မှ ဦးစီးဗိုလ်ချုပ်ထံသို့ ပေးပို့ခဲ့သည့် ၂၈–၈–၄၄ နေ့စွဲပါ စာတွင် တွေ့ရှိနိုင်မည် ဖြစ်ပါ၏။

တိုင်းတပ်မှူးကြီးမှာ ဗိုလ်မှူးကလေး ဗထူးဖြစ်၍ ထိုစာကို မူရင်းအတိုင်း တင်ပြထားပါသည်။

ဗိုလ်မှူးကလေးဗထူး အစီရင်ခံစာအရ ၁၉၄၄ ခုနှစ်က မြန်မာ့တပ်မတော်အခြေအနေနှင့် မြန်မာနိုင်ငံအခြေအနေကိုပါ အတော်အသင့် သိရှိနိုင်ပါသည်။

မြန်မာ့တပ်မတော် တပ်ရင်းအချို့သည် စစ်မြေပြင်တွင် ရန်သူနှင့် ဆိုင်တိုက်နေကြရပြီး အချို့နေရာများတွင် တစ်နေရာနှင့် တစ်နေရာ အမြဲလိုလို ပြောင်းရွှေ့နေကြရခြင်းကိုထောက်ရှု၍ တပ်မတော်သည် လှုပ်ရှားစားတိုက်နေသည်မှာ ထင်ရှားပေ၏။ ၁၉၄၁ ခု၊ ဒီဇင်ဘာလတွင်မှ စတင်တည်ထောင်ခဲ့သော တပ်မတော်အနေနှင့် ၁၉၄၄ ခုနှစ်၊ ဩဂုတ်လကုန်လောက်တွင် သုံးနှစ်သားသာသာမျှသာ ရှိသေးသော်လည်း တိုက်ရေးခိုက်ရေး အတွေ့အကြုံ အတော်ရှိနေပြီး တိုက်ရည်ခိုက်ရည် အတော်ဝနေပြီ ဖြစ်၏။

တပ်ကြပ်များမှာ အရည်အချင်းပြည့်ဝ၍ စစ်မြေပြင်တွင် အားကိုးရသူများဖြစ်ကြောင်း ဗိုလ်ဗထူး စာအရ ထင်ရှားလှပေသည်။ အထူးခြားဆုံးအချက်ကား တပ်ကြပ်များ၏ စိတ်ဓာတ်ဖြစ်၏။ ဆက်တိုက်ဆိုသလို တိုက်ခိုက်နေရသည့် စစ်မြေပြင်တွင် ပျော်ရွှင်နေကြသူများဖြစ်ပြီး အနစ်နာခံစိတ်၊ မည်သည့်နေရာကမဆို ကျရာတာဝန် ထမ်းဆောင်လိုသည့် စိတ်ဓာတ်များကို ဗိုလ်ဗထူး အစီရင်ခံစာက မီးမောင်းထိုးပြထားပေသည်။

www.burmeseclassic.com



မည်သည့်စစ်တပ်တွင်မဆို အရာရှိများသည် တာဝန်ကြီးကြီးထမ်းဆောင်ရသည့်အလျောက် အခြားအဆင့်အတန်းများထက် အခွင့်အရေးပိုရ၏။ မည်သည့်တပ်မတော်တွင်မဆို အခြားအဆင့်အတန်းနှင့် အမှုထမ်းဆောင်နေသူ တစ်ဦးအား အရာရှိဖြစ်လိုခြင်း ရှိမရှိ မေးကြည့်လျှင် အရာရှိ ဖြစ်ချင်ပါသည်ဟု ၉၉ ရာခိုင်နှုန်းက ဖြေကြမည်ဖြစ်ပါသည်။

ဗိုလ်ဗထူး၏ အနောက်မြောက်တိုင်းက အကြပ်များကို ကြည့်ပါ၊ သူတို့ ဗိုလ်သင်တန်းတက်ရန် အရည်အချင်းရှိကြောင်းကို သူတို့တိုင်းမှူး ကိုယ်တိုင်က ဝန်ခံပြီးဖြစ်၏။

သို့သော် နေ့စဉ်ရက်ဆက်ဆိုသလို ရန်သူနှင့် ရင်ဆိုင်နေရသော ယင်းအကြပ်များအား အစားထိုးရန်မလွယ်။ အချို့ တပ်များဆိုလျှင် အမြဲတမ်း လှုပ်ရှား စစ်ကစားနေကြရ၏။

ထိုအခြေအနေတွင် ဗိုလ်မဖြစ်ချင်နေပါစေ။ စစ်မြေပြင်တွင်သာ ဆက်၍ ရန်သူကို တိုက်နေပါမည်ဟု တိုင်းပြည်အတွက် တပ်မတော်အတွက် တာဝန်ထမ်းဆောင်ခဲ့သူများ ဖြစ်ပါပေသည်။

ထိုစဉ်က အနောက်တိုင်း မြန်မာ့တပ်မတော် စစ်တပ်များ ရန်သူနှင့် ရင်ဆိုင် တိုက်ခိုက်နေကြရသည်ကို ပေါ်လွင်စေရန် မြန်မာ့အလင်း သတင်းစာမှ ၁-၄-၁၉၄၄ နေ့နှင့် ၁၀-၅-၁၉၄၄ နေ့ ကောက်နုတ်ချက်များကို ဖော်ပြအပ်ပါသည်။

ပုံ

၁-၄-၁၉၄၄ မြန်မာသက္ကရာဇ် ၁၃၀၅ ခု၊ တန်ခူးလဆန်း ၉ ရက် စနေနေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင် **'ဗမာ့တပ်မတော်သား ၁၀ ဦးတည်းနှင့် လေထီးတပ်ကို ဖြိုခွင်းခြင်း'** (မျက်နှာဖုံး ၆ လိုင်း)ဖြင့် ဖော်ပြခဲ့၏။

ကသာနယ် မိုးညှင်း အရှေ့ဘက်တွင် အာသံနယ်မှ လေဟုန်စီးသည့်



ယာဉ်ပျံ ၈၀ ဖြင့် သယ်ပို့ချပေးသော အိန္ဒိယနှင့် ချူကင်းလေထီးတပ်သားကို နိပ္ပွန်နှင့် မြန်မာ့တပ်မတော်သားများအပြင် မြန်မာအရပ်သားများကပါ ညီသုတ်သင်ကြခြင်း။

**သူလေထီး စစ်သားအားလုံး ပြုတ်တော့မည်**

မြန်မာနိုင်ငံ မြောက်ပိုင်းစခန်း မေလ ၂၈ ရက်နေ့တွင် ကြေးနန်း။

... ... ...

၁၀-၅-၁၉၄၄ နေ့ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ ၃ တွင် 'မြန်မာအမျိုးသမီး ရေအိုးရွက်ပြီး စစ်မြေပြင်သို့လိုက်ပို့ခြင်း' (၆ လိုင်း) သုံးမည်းကြီးများဖြင့် ဖော်ပြထားပါသည်။

မြန်မာစစ်သည်များ ရန်သူနှင့် ရင်ဆိုင်တိုက်ခိုက်သည်သာမက ကျောက်ဘက်မှလည်း လုံ့စွပ်ဖြင့် ဝင်တိုက်ခြင်း၊ ရန်သူတို့မှာ ကောင်းကင်ယံမှ ရိက္ခာအထောက်အပံ့ မရတော့သဖြင့် အနီးအနားရှိ ရွာများအတွင်းသို့ ဝင်ရောက်၍ ယက်ကာ မိမိတို့ရိက္ခာကို မိမိတို့ဘာသာ ချက်ပြုတ်စားသောက် နေကြရခြင်း။

မြန်မာပြည်မြောက်ပိုင်းတစ်နေရာတွင် ရန်သူလေထီးတပ်သားများနှင့် ယှဉ်ပြိုင်တိုက်ခိုက်နေကြသော မြန်မာ့တပ်မတော် တပ်ခွဲရှိရာ နေရာသို့ တာဝန်ကြီး၏အမှာကို ယူဆောင်ကာ စစ်အခြေအနေကို လှည့်လည် ကြည့်ရှုပြီး ပြည်တော်သို့ ပြန်လည်ရောက်ရှိလာသော မြန်မာ့တပ်မတော် စစ်ဌာနချုပ် ဗိုလ်မှူးသည် ၁၃၀၆ ခု၊ ကဆုန်လပြည့် ၂ နာရီ ဝါ၁ဖြန့်ချိရေးရုံးဘက်က သတင်းစာဆရာများ အထူးအစည်းအဝေးကျင်းပပြီး မြန်မာပြည်မြောက်ပိုင်း နယ်စပ်တွင် တွေ့မြင်ခဲ့ရသော အဖြစ်အပျက်သတင်းများကို သတင်းစာဆရာများအား ရှင်းလင်းပြောပြကြောင်း၊ ဗိုလ်မှူးပြောပြသော သတင်းအတိုချုပ်မှာ အောက်ပါအတိုင်းဖြစ်ကြောင်း။

**ရန်သူတို့ အဆုံးအရှုံး**

'တန်ခူးလဆန်းလောက်က မြန်မာနိုင်ငံတော်မြောက်ပိုင်း အင်းတော်နယ်တွင် ရန်သူ ၅,၀၀၀ လေထီးနှင့် ဆင်းကြကြောင်း၊ ရန်သူတို့လေကြောင်းမှ ဝင်သည်နှင့်တစ်ပြိုင်နက် ပြည်တွင်းကာကွယ်ရေးနှင့် ရှေ့တန်းစစ်ကြောင်းနှင့် နိုင်ငံတော် သယ်ယူပို့ဆောင်ရေးများကို ကာကွယ်ရန် တာဝန်အားရှိကာ

www.burmeseclassic.com



မြန်မာ့တပ်မတော် တပ်ခွဲတစ်တပ်သည် နီပွန်တပ်ခွဲများနှင့် ပူးပေါင်း၍
သူတို့အား ချက်ချင်းတိုက်ခိုက်နိုင်ကြကြောင်း။ မြန်မာတပ်ခွဲမှာ ရှေ့ဆုံး
ကြောင်း ရှေ့ဆုံးတန်းအစွန်ဘက်က တိုက်ရန်တာဝန်ကို ယူထားကြော
ငင်းတပ်ခွဲသည် ၁၅ ဆမျှ အင်အားကြီးမားသော ရန်သူတပ်ကြီးကို တို
ကြောင်း၊ ရန်သူတို့မှာ တော်မီဂန်း၊ စိန်ပြောင်း၊ လက်ပစ်ဗုံး အစရှိ
လက်နက်များ အပြည့်အစုံပါရှိကြသော်လည်း မြန်မာ့တပ်မတော်သားမျာ
စိတ်အားထက်သန်စွာ မကြောက်မရွံ့ တိုက်ခိုက်ကြောင်း၊ တိုက်ပွဲတစ်ပွဲ
နေ့လယ် ၁၁ နာရီမှ ညနေ ၇ နာရီခွဲအထိ မရပ်မနားတိုက်ရကြော
မြန်မာစစ်တပ်များသည် ရင်ဆိုင်တိုက်ခိုက်သည်သာမက ရန်သူနောက်ဘ
လည်း လှံစွပ်နှင့် တရကြမ်း ဝင်တိုက်ခြင်းအားဖြင့် ရန်သူတို့ဆုတ်ပြေးကြော
ငင်းစစ်ပွဲကလေးပြီးသည့်အခါ ရန်သူတို့ဘက်မှ ဗိုလ်ကြီး ၃ ဦးနှင့် အ
ဗိုလ်တစ်ဦး အပါအဝင်ဖြစ်သော ရန်သူ ၉၈ ယောက် မြေပြင်ပေါ်တွ
သေဆုံး၍နေသည်ကို တွေ့ရကြောင်း၊ ကျွန်ုပ်တို့ဘက်ကမူ အနည်းငယ် ကျ
ကြောင်း၊ ထို့ပြင် ရန်သူတို့ဘက်မှ ထိခိုက်အနာတရဖြစ်သော စစ်သည်များ
လေယာဉ်ပျံနှင့် အခေါက်နှစ်ဆယ်ကျော်မျှ စစ်မြေပြင်မှ သယ်ယူသွားရသည်
လည်း မြန်မာ့တပ်မတော်ကင်းထောက်က တွေ့မြင်ခဲ့ရကြောင်း။

'ကျွန်ုပ်တို့ဘက်မှ စိတ်အားထက်သန်သလောက် ရန်သူဘက်မှလည်
စိတ်အားပျော့၍ နေသည်ကိုလည်း တွေ့ရကြောင်း၊ မြေပြင်ပေါ်၌ တိုက်လျ
ရှိသော ရန်သူစစ်သားများအား ရန်သူလေယာဉ်ပျံများပေါ်မှ အမိန့်များ ပေးသေ
အခါ ရန်သူစစ်သည်များသည် ကြောက်ရွံ့ထိတ်လန့်ကာ မျက်ရည်များပ
ကျသည်ကို ကျွန်ုပ်တို့ဘက်မှ အထူးကင်းထောက်များက တွေ့ခဲ့ရကြောင်း

## ရိုက္ခာအထောက်အပံ့ မရတော့ခြင်း

'ကျွန်ုပ်တို့၏ တပ်မတော်များမှာ စိတ်အားထက်သန်စွာနှင့် ဆက်
လက်၍ တိုက်ခိုက်နေကြောင်း ဖော်ပြပါတပ်ခွဲမှာ ၁၅ ရက်ကျော်မျှ မရပ်မနား
တိုက်ကာနေသော်လည်း အစဉ်သဖြင့် ပြုံးရွှင်လျက်ရှိကြောင်း၊ အထူးသဖြင့်
စွန့်စားချက်မှာ မြန်မာတပ်ကြပ်တစ်ယောက်နှင့် ရဲဘော်တစ်ယောက်သည်
နီပွန်တပ်ခွဲများနှင့်အတူ ပူးပေါင်း၍ တိုက်ခိုက်နေရာ ရန်သူနောက်ဘက်မှနေ၍
စက်သေနတ်ဖြင့် ထိရောက်စွာ ပစ်ခတ်ခြင်းကြောင့် ရန်သူတပ်ခွဲမှာ ပြိုပျက်၍
ပရမ်းပတာ ထွက်ပြေးရကြောင်း။



## အရပ်သားများ၏ စိတ်ဓာတ်

'မြန်မာစစ်သည်တော်များ၏ စိတ်ဓာတ်သာလျှင် ခိုင်မြဲတောင့်တင်း
သည်သာမက စစ်မြေပြင်တစ်ဝိုက်တွင် နေထိုင်လျက်ရှိသော မြန်မာရပ်သူ
များသည်လည်း မကြောက်မရွံ့ အချိန်မရွေး မြန်မာစစ်သည်များကို
ဆောင်ရွက်နေကြကြောင်း၊ အထူးသဖြင့် တိုက်ပွဲတစ်ပွဲတွင် မြန်မာအမျိုး
အချို့သည် တိုက်ပွဲပြင်းထန်စွာ တိုက်လျက်ရှိတုန်းပင် စစ်သည်တော်များ
ရေအိုးများရွက်ကာ ပို့ကြကြောင်း။

'အထက်ဖော်ပြပါ စစ်သတင်းကို မြန်မာနိုင်ငံ အောက်ပိုင်းတွင်ရှိသော
ပ်များအား ပြောကြားရာတွင် စစ်တပ်တိုင်း၏ စိတ်ဓာတ်မှာ လွန်စွာမှ
တက်ကြွလာ၍ စစ်တပ်တိုင်းပင်လျှင် အထက်မြန်မာပြည် နယ်စပ်သို့
တို့အား ဖြိုခွင်းနှိမ်နင်းရန်၊ သွားရောက်ရန် ဆန္ဒပြင်းပြကြောင်း၊ အားကြီး
ဘက် တောင်းပန်ချက်များ ပြုကြကြောင်း။'

❖❖❖

www.burmeseclassic.com

www.burmeseclassic.com

## ဒုတိယကမ္ဘာစစ်နှင့် မြန်မာပြည်စစ်မျက်နှာ

ဗိုလ်ဗထူးတိုင်းမှ တပ်ကြပ်များမှာ ဝင်းဂိတ် လေကြောင်းချီစစ်သည်များနှင့် ရင်ဆိုင်နေရသဖြင့် မအားမလပ် တိုက်ခိုက်နေကြရ၏။ မိမိတို့သည် ဗိုလ်သင်တန်းတက်ရန် အရည်အချင်းရှိသူများ ဖြစ်ပါသည်ဟု တိုင်းမှူးဗိုလ်မှူးဗထူးကိုယ်တိုင်က ထောက်ခံထားသည့်တိုင် စစ်မြေပြင်အခြေအနေကြောင့် ဗိုလ်သင်တန်း မတက်လိုက်ကြရသူများဖြစ်၏။ ထိုအချိန်၌ ဒုတိယကမ္ဘာစစ်ပွဲအခြေအနေ မည်သို့ရှိသနည်း။

မြန်မာပြည်တိုက်ပွဲစဉ်ကို အရှေ့တောင်အာရှ စစ်အခြေအနေ၊ အခြားစစ်မျက်နှာများမှ အခြေအနေများနှင့် နှိုင်းယှဉ်လေ့လာမှ ယေဘုယျပုံစံ ပေါ်လာမည် ဖြစ်၏။ မြန်မာပြည် တိုက်ပွဲစဉ် မည်မျှအရေးပါသည်၊ ဦးစားပေးမည်သည့်အဆင့်တွင်ရှိသည်၊ နှစ်ဖက်စစ်ပြုသူများ မည်သို့စီမံချက်ချမှတ်လုပ်ဆောင်ခဲ့ကြသည်ကို သိရှိနိုင်စေရန် ၁၉၄၄ ခုနှစ်၊ ဒုတိယကမ္ဘာစစ် အခြေအနေကို အကျဉ်းပြန်လည်တင်ပြပါမည်။

၁၉၄၄ ခုနှစ်က ဒုတိယကမ္ဘာစစ် အခြေအနေကို သိရှိနိုင်ရန် ၁၉၄၃ ခုနှစ် ကဆာဘလင်ကာ အစည်းအဝေး[၁] မှ ပြန်၍ ဖော်ပြရမည်။ ၁၉၄၃ ခုနှစ်၊ ဇန်နဝါရီလ ၁၂ ရက်နေ့မှ ၂၃ ရက်နေ့အထိ ကဆာဘလင်ကာအနီး အင်ဖာဟိုတယ်[၂] တွင် အမေရိကန်သမ္မတရူးစဗဲ့၊ ဗြိတိသျှ ဝန်ကြီးချုပ်ချာချီနှင့် စစ်ဘက်ခေါင်းဆောင်များ တွေ့ဆုံဆွေးနွေးခဲ့ကြခြင်း ဖြစ်လေသည်။

၁။ Casablanca Conference

၂။ Anfa Hotel



ယင်းအစည်းအဝေးက မြန်မာပြည် စစ်မျက်နှာနှင့် ပတ်သက်၍ ...ပြည်ကို ၁၉၄၃ ခုနှစ် အတွင်းမှာပင် ပြန်လည်သိမ်းပိုက်ရန် ဆွေးနွေး...တ်ခဲ့ကြပေသည်။ စစ်ဆင်ရေးအနာကင်[၁] ဟု အမည်ဝှက် ပေးထား၍ ...တပ်များက မြောက်ပိုင်းမှတိုက်ပြီး အမေရိကန်တို့က တောင်ပိုင်းမှ ...ာက်တိုက်ခိုက်ကာ ရန်ကုန်ကို သိမ်းရန် ဖြစ်လေသည်။

နောက်ပိုင်းတွင် မြန်မာပြည် သိမ်းပိုက်ရေး အစီအစဉ်ကို ပယ်ဖျက်ခဲ့ရ...သည်း အရေးကြီးလှသည့် မဟာဗျူဟာတစ်ရပ်ကို ချမှတ်နိုင်ခဲ့လေသည်။ ...မှာ ထိုအချိန်မှ အစပြု၍ မြေထဲပင်လယ်နှင့် ပစိဖိတ်စစ်မျက်နှာတို့ကို ...ပေးအဆင့် အတူတူထားရန် ဖြစ်ပေ၏။ ထိုအချိန်မတိုင်မီက တရုတ်၊ ...း မြန်မာစစ်မျက်နှာမှာ ဦးစားပေးအဆင့်အောက်ဆုံးတွင် ရောက်ရှိနေလေ...

ကဆာဘလင်ကာမှ အစပြုပြီး ပြင်သစ် ကမ်းတက် တိုက်ခိုက်ရေး ...န်ဒီ စစ်ဆင်ရေး) အတွက် ဗြိတိန်တွင် လူအင်အားစုစည်း၍ ပို့သမျှ ... လက်နက်၊ လူတို့ကို မြေထဲပင်လယ်နှင့် ပစိဖိတ် စစ်မျက်နှာများ ...တ် ၅၀၊ ၅၀ ဝေမျှ သုံးစွဲရန်ဖြစ်လေသည်။

မြန်မာစစ်မျက်နှာနှင့် ပတ်သက်၍ အရေးကြီးသည့် နောက်အစည်း...မှာ ၁၉၄၃ ခုနှစ် ဝါရှင်တန်၌ မေလအတွင်းပြုလုပ်သော ထရိုင်းဒင့်[၂] ...အဝေးဖြစ်လေသည်။ အမေရိကန်သမ္မတ ရူးစဗဲ့၊ ဗြိတိသျှဝန်ကြီးချုပ် ...နှင့် နှစ်ဖက်စစ်ဦးစီးအဖွဲ့များ အဂ္ဂမဟာဗျူဟာနှင့် မဟာဗျူဟာ ညှိနှိုင်းကြ... အစည်းအဝေး ဖြစ်လေသည်။

ထရိုင်းဒင့်အစည်းအဝေးက မြန်မာပြည်စစ်မျက်နှာနှင့် ပတ်သက်၍ ...ပါအတိုင်း သဘောတူညီခဲ့ကြလေသည်။

အာသံစစ်မျက်နှာတွင် ဗြိတိသျှတို့က အတတ်နိုင်ဆုံးအင်အားစုစည်း...ရန်။

တရုတ်တို့အား လေကြောင်းမှ ပိုမိုထောက်ပံ့ရန်နှင့် တရုတ်ပြည်ရှိ အမေရိကန်လေတပ်ကို အင်အားဖြည့်တင်းပေးရန်။

အင်ဖာနှင့် လီဒိုမှ ကြည်းကြောင်း၊ လေကြောင်း စစ်ဆင်ရေးများ...

၁။ Operation ANAKIN

၂။ Trident

www.burmeseclassic.com

www.burmeseclassic.com



ပြုလုပ်ရန်နှင့် တစ်ချိန်တည်းမှာပင် တရုတ်တို့က ယူနန်မှ တော

သို့ ထိုးစစ်ဆင်နွှဲရန်။

– စစ်တွေနှင့် ရမ်းဗြဲကျွန်းကို သိမ်းပိုက်၍ ဂျပန်တို့၏ ရေကြော

လေကြောင်း ဆက်သွယ်ရေးလမ်းများကို အနှောင့်အယှက်ပေး

ယခုဆုံးဖြတ်ချက်များကို အိန္ဒိယရှိ ဗြိတိသျှစစ်ဌာနချုပ်သို့ ယေ

ဌာနချုပ်က ယခုအစီအစဉ်များကို ၁၉၄၃ ခုနှစ်တွင် ပြုလုပ်ရန် အခက်အခဲ

ရှိ၍ ၁၉၄၄ ခုနှစ်တွင်မှ စတင်ပြုလုပ်ရန်နှင့် အချို့အစီအစဉ်များကို ၁၉၄

နှစ်ဦးပိုင်းတွင်ကျမှစ၍ လုပ်ဆောင်သင့်ကြောင်း၊ အိန္ဒိယရှိ ဗြိတိသျှ စစ်အ

ပိုင်တို့က ပြန်လည် အစီအရင်ခံခဲ့ပေသည်။

ဤကဲ့သို့ ဗြိတိသျှစစ်ဦးစီးအဖွဲ့သို့ အကြောင်းအမျိုးမျိုးပြ၍ စစ်

ရေး ရွှေ့ဆိုင်းလိုသည်ကို ချာချီက လုံးဝမကျေနပ်ပေ။ ဤကဲ့သို့ အိ

စစ်ဌာနချုပ်အပေါ် ချာချီ မကျေနပ်ရှိနေစဉ် သူ့လက်ဝယ်သို့ ဝင်းဂိတ်

ပထမ(၁၉၄၃ ခု၊ ဖေဖော်ဝါရီလမှ ဇွန်လ) ချင်းဒစ်စစ်ဆင်ရေး[၁] အစီအရင်

ရရှိလာခဲ့ပေသည်။

အိန္ဒိယမှ အကြောင်းအမျိုးမျိုးပြ၍ ဆင်ခြေပေးနေသော ဗိုလ်

ကြီးများနှင့် စစ်ကိုရှာ၍တိုက်ပြီး လာမည့်ဘေးပြေးတွေ့လိုသည့် ဝင်းဂိ

ခြားနားပုံကို ချာချီမြင်သွား၏။ ထို့ကြောင့် မိမိနှင့် သမ္မတရူးစဗဲ့တို့ ပြုလု

ကွိဘက် အစည်းအဝေး[၂] သို့ ဝင်းဂိတ်အား ချာချီက ခေါ်ယူလိုက်ပေ

ကွိဘက်သို့ မထွက်ခွာမီ ချာချီသည် အမှတ် ၁၀ ဒေါင်းနင်းလ

ဝင်းဂိတ်အား ပထမခေါ်ယူတွေ့ဆုံခဲ့၏။ ဝင်းဂိတ်နှင့် စတွေ့ခဲ့ရပုံကို ချာ

ဤကဲ့သို့ ပြန်လည်ရေးသားခဲ့လေသည်။

'အဘိဆီနီယာ (ယခု အီသီယိုးပီးယား) ပြောက်ကျားများကို ခေ

ဆောင်ခဲ့ပြီး နာမည်ရခဲ့တဲ့ ဝင်းဂိတ်ဟာ တောတွင်းတိုက်ပွဲများမှာလည်း ထူ

ခဲ့ပေတယ်။ ဒီလိုပြောင်မြောက်စွာ လုပ်ဆောင်ခဲ့လို့ သူ့ကို မြန်မာပြ

ကလိုက်ဗ်[၃] လို့တောင် ခေါ်နေကြပြီ ဖြစ်တယ်။ ဒီသတင်းတွေကို တော

၁။ Chindits မြန်မာနိုင်ငံ ဘုရားပုထိုးများ ရှေ့တွင်ရှိသော ခြင်္သေ့ကြီးမျ

အစွဲပြုခေါ်ဝေါ်ထားသော စစ်ဆင်ရေးအမည် ဖြစ်၏။

၂။ Quebec Conference

၃။ ရောဘတ် ကလိုက်ဗ် (Robert Clive) ၇နှစ်စစ်ပွဲ (Seven Years

1756-63) တွင် ကွိဘက်မြို့ကို တိုက်ခိုက်အောင်ပွဲခံခဲ့သော ဗြိတိသျှ စစ်ဗိုလ်



သိရှိခဲ့ရတဲ့အပြင် ဗီယွန်ဝါဒီတွေက အစ္စရေးတပ်မတော်တစ်ခု တည်

ပြီးတဲ့အခါ သူ့ကိုစစ်သေနာပတိချုပ် ခန့်အပ်ဖို့တောင် စီစဉ်နေတယ်လို့

သိရတယ်။ ဒါကြောင့် ကွိဘက် အစည်းအဝေး မတက်ရောက်ခင် သူနဲ့

အောင် ချိန်းခဲ့တာပဲ။

'ဩဂုတ်လ ၄ ရက်နေ့ ကျွန်ုပ်တစ်ဦးတည်း ညစာမစားမီ သူရောက်

တဲ့အတွက် သူ့ကိုပါ ညစာစားခေါ်ပြီး အတူတူဆွေးနွေးခဲ့ကြရပါတယ်။

နာရီဝက်လောက်စကားပြောမိရင်ပဲ ဒီလူဟာ ထိပ်တန်းစားလူတစ်ယောက်

ကြောင်း ကျွန်ုပ် အကဲခတ်မိပါပြီ။ တောတွင်းတိုက်ပွဲများ၊ သူ့ခရီးရှည်

ခိုက်တဲ့အုပ်စုတွေကို ရန်သူ့နောက်ပိုင်းမှာ လေယာဉ်နဲ့ချပြီးတော့ ဘယ်လို

မယ်ဆိုတာကို အားရပါးရ ပြောတော့တာပဲ။

'ကျွန်ုပ်အလွန်စိတ်ဝင်စားခဲ့ပြီး ထပ်ပြီးတော့ ဒီကိစ္စတွေကို သူနဲ့ဆွေး

သေးတယ်။ ပြီးတော့ ဝင်းဂိတ်ကိုယ်တိုင် (ဗြိတိသျှ) စစ်ဦးစီးအဖွဲ့ကိုလည်း

ပြောခိုင်းဖို့ လုပ်ရဦးမယ်။

'ဝင်းဂိတ်ကို ကျွန်ုပ်တို့နဲ့အတူ ကွိဘက်အစည်းအဝေးကို ခေါ်သွားဖို့

တစ်ခါတည်း ဆုံးဖြတ်လိုက်ပါတယ်။'[၁]

ဝင်းဂိတ်သည် စစ်မြေပြင်မှ အင်္ဂလန်သို့ ပြန်လည်ရောက်ရှိနေသော်

သူ့ဇနီးနှင့်ပင် မတွေ့ရသေးသည်ကို ချာချီသိသွားပြီး ဝင်းဂိတ်၏

ကိုပါ ကွိဘက်သို့ ခေါ်ဆောင်သွားခဲ့လေသည်။

ကွိဘက်အစည်းအဝေး၌ ဝင်းဂိတ်က မိမိပြုလုပ်မည့် စစ်ဆင်ရေး

အစဉ်များကို အမေရိကန်သမ္မတ ရူးစဗဲ့၊ ဗြိတိသျှ ဝန်ကြီးချုပ်ချာချီနှင့်

င်း စစ်ဦးစီးအဖွဲ့ Combined Chiefs of Staff အားတင်ခဲ့ပြလေသည်။

ဝန်ကြီးချုပ်နှင့် ပူးပေါင်းစစ်ဦးစီးအဖွဲ့ကပါ ဝင်းဂိတ်တင်ပြခဲ့သည်များ

အတည်ပြုပေးခဲ့၏။

၁၉၄၄ ခုနှစ်တွင် မဟာမိတ်များက မြန်မာပြည် စစ်မျက်နှာတွင်

ကြီးများ ပြုလုပ်ရန် စီစဉ်နေစဉ် ဂျပန်ကလည်း မြန်မာပြည် မြောက်ပိုင်း၌

စစ်ကြီးများပြုလုပ်ရန် စီစဉ်ခဲ့လေသည်။ ဟူးကောင်းတောင်ကြားနှင့် ရခိုင်

ကြားနှစ်နေရာတွင် တစ်ပြိုင်တည်း အရေးကြီးသည့်တိုက်ပွဲကြီးများ ဖြစ်

လေသည်။ ဂျပန်တို့ထိုးစစ်မှာ မဏိပူရလွင်ပြင်ကို သိမ်းပိုက်ရန် ဂျပန်

ချာချီ၏ ဒုတိယကမ္ဘာစစ်၊ အတွဲ ၅။

www.burmeseclassic.com

www.burmeseclassic.com



တပ်မဟာ ၃ ခုက ထိုးစစ် ဆင်နွှဲခဲ့ခြင်းဖြစ်၏။

တစ်ချိန်တည်းလိုလိုမှာပင် ဧရာဝတီမြစ် အထက်ပိုင်းဒေသ ဝင်းဂိတ်တပ်များက ဒုတိယအကြိမ် ခရီးရှည်ထိုးဖောက် တိုက်ခိုက်ခဲ့ကြ သည်။ ဟူးကောင်းတောင်ကြားတွင် တိုက်နေကြသော စတီးဝဲလ်၏ တ တပ်များအား ကူညီရန် ယူနန်မှ တရုတ်တပ်များကလည်း သံလွင်မြစ် အ ဘက်တွင် တိုက်လျက်ရှိလေသည်။

၁၉၄၄ ခုနှစ်၊ မတ်လ ၉ ရက်နေ့တွင် ဂျပန်က ချင်းတောင် ကဆော်တောင်ကြားဘက်တွင် ထိုးစစ် စတင်ခဲ့လေသည်။ မတ်လ ၁၀ ရက် ၁၁ ရက်တွင် ဝင်းဂိတ်၏ လေယာဉ်များ၊ ဂလိုက်ဒါများက ဗန်းမော် ကသာကြား ဧရာဝတီမြစ်ကွေ့ကြီးနှင့် အင်းတော်မော်လူးအကြား မီးရထားလ အနီးတွင် ချင်းဒစ် စစ်သည်များအားချပေးခဲ့၏။ ဆက်သွယ်ရေး လမ်းကြော များ ဖျက်ဆီးရန်နှင့် ရန်သူများအား ချုံခိုတိုက်ခိုက်ရန် ဖြစ်လေသည်။

ဝင်းဂိတ်၏ တပ်အချို့သည် လီဒိုလမ်းမကြီး တောင်ဘက်သို့ ချီတ ခဲ့ပြီး မော်လူးနှင့် ဟိုပန်ကြား ကားလမ်း၊ မီးရထားလမ်းများကို ပိတ် ဖြတ်တောက်ခဲ့ကြ၏။ အချို့က အင်းတော်နှင့် မိုးကောင်းကြားတွင် စစ်ဆ ခဲ့ကြပြီး တစ်ချိန်တည်းတွင် အမေရိကန် ဗိုလ်ချုပ်စတီးဝဲလ်ခေါင်းဆောင်သ တရုတ်တပ်များက မိုးကောင်းဘက်သို့ ချီတက်ခဲ့ကြလေသည်။

ဤကဲ့သို့ ၁၉၄၄ ခုနှစ်အတွင်း မြန်မာနိုင်ငံ စစ်မျက်နှာတွင် နှစ် စလုံးက ထိုးစစ်ကြီးများ ဆင်နွှဲခဲ့ကြရာ မဟာမိတ်များက လက်နက်၊ ပစ္စည် လူသူတွင် ဂျပန်တို့ထက် အဆမတန် သာလွန်လျက်ရှိသည့်အလျောက် ဂျပန် များစွာ အရေးနိမ့်ခဲ့ရ၏။

၁၉၄၄ ခု၊ မေလ ၁၃ ရက်နေ့တွင် မြစ်ကြီးနားတိုက်ပွဲ စ ဩဂုတ်လ ၃ ရက်နေ့တွင် မဟာမိတ်များလက်သို့ မြစ်ကြီးနားကျပြီး ဇွန် ၂၆ ရက်နေ့တွင် မိုးကောင်း မဟာမိတ်လက်သို့ ကျခဲ့၏။

ဝင်းဂိတ် စစ်ဆင်ရေးများတွင် ဗိုလ်ဗထူး၏ အနောက်မြောက်တိုင် စစ်သည်များက (ထိုစဉ်က မဟာမိတ်) ဂျပန်များနှင့်အတူ သတ္တိပြောင်မြော စွာ တိုက်ခိုက်ပြီး မိမိတို့ အစွမ်းအစ ပြသနိုင်ခဲ့ကြလေသည်။

ထို့ကြောင့် စတုတ္ထပတ် အရာရှိသင်တန်း ဖွင့်လှစ်သည့် ၁၉၄၄ ဩဂုတ်လ ၇ ရက်နေ့သည် မြန်မာပြည် မြောက်ဘက် စစ်မျက်နှာ၌ မြစ်ကြီး မဟာမိတ်များလက်သို့ ကျရောက်ပြီး ၄ ရက်အကြာတွင် ဖြစ်ပါသည်။

ဩဂုတ်လနှင့် စက်တင်ဘာလများအတွင်း ဖက်ဆစ်ဂျပန်အား လှန်တိုက်ခိုက်ရန် ဖက်ဆစ်ဆန့်ကျင်ရေး ပြည်သူ့လွတ်လပ်ရေး အဖွဲ့ချုပ် လကိုလည်း ဖွဲ့စည်းခဲ့ပြီးဖြစ်၏။

❖❖❖

www.burmeseclassic.com

www.burmeseclassic.com

## စစ်တက္ကသိုလ်ဝင်ခွင့် စာမေးပွဲ

စတုတ္ထပတ် အရာရှိသင်တန်းသို့ တက်ရောက်ရန် လျှောက်ထား[illegible] များအား (အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း တပ်တွင်းမှရော၊ ပြင်ပမှပါ[illegible] ချယ်ယူခြင်းဖြစ်၏) ရေးဖြေစာမေးပွဲ စစ်ဆေး၍ ရေးဖြေအောင်မြင်သူများအ[illegible] သင်တန်းသား ရွေးချယ်ရေးအဖွဲ့က လူချင်းတွေ့ဆုံ နှုတ်မေးခွန်းမေး၍ စိစစ်[illegible] ချယ်ခဲ့ခြင်း ဖြစ်ပါသည်။

မြန်မာနိုင်ငံတော် စစ်တက္ကသိုလ် အရာရှိသင်တန်းဝင် စာမေးပွဲများ[illegible] ရန်ကုန်မြို့၊ ကန်တော်ကလေး အစိုးရအထက်တန်းကျောင်းတွင် ပြုလုပ်[illegible] ဘာသာရပ်လေးခုကို ရေးဖြေကြရ၏။ မြန်မာဘာသာ၊ ရာဇဝင်၊ ပထဝီ[illegible] ဗဟုသုတမေးခွန်းများ ဖြစ်လေသည်။ မေးခွန်းများကို တစ်ဖက်တွင် ဖော်[illegible] အပ်ပါသည်။

❖❖❖



### မြန်မာ့တပ်မတော် စစ်တက္ကသိုလ် စတုတ္ထပတ် အရာရှိသင်တန်းဝင် စာမေးပွဲ

၁၉၄၄ ခု၊ အင္ဂမလ (အချိန် ၂ နာရီ)

## မြန်မာဘာသာ

[illegible] အောက်ပါကောက်နုတ်ချက်တို့၏ အဓိပ္ပာယ်ကို သင်တို့စကားဖြင့် ပြန်ဆို ရေးသားပါ။

([illegible]) ထောင့်တစ်ရာတစ်ဆယ့်လေးတွင်မှ၊ အလှည့်ပေးကံဘုန်းတော်၊ မြန်မာမှာ အခါကောင်းတယ်၊ ဆောင်းရိပ်ဖြူပေါ်၊ ဥသြအော်မည်ခေါ်တဲ့စကား၊ ဘွဲ့နာမံနာသဃ်ကို ခွန်းတ တည်ထား။

([illegible]) သြော်...ဘာသာသောက်စား၊ သိဝေမူးမော်၊ ခေါင်ကဓော်ပျော်တပါးနှင့်၊ ထွန်သွားငယ်မမြင်၊ ကရင်စုံနှဲ့၊ ယာဝန်းချဲ့လို့၊ လွမ်းဘွဲ့တစ်ဖုံ၊ မျှော်လေ တိုင်းမှာလ၊ တမှိုင်းငယ်မှုံသည်၊ ရက်ညိုမြ ရှုန်းတော့တယ်။

[illegible] အောက်ပါဆိုရိုးစကားများ အဓိပ္ပာယ်ကို အကျဉ်းမျှ ဖွင့်ပြပါ။

(က) လသာခိုက်ဗိုင်းငင်၊ (ခ) ဇာတ်တူသားစား၍ ဟင်္သာကိုးသောင်းပျက်၊ (ဂ)မြေပြို၍ လူမကုန်၊ လူမျိုမှ လူမျိုးကုန်သည်၊ (ဃ)ငုပ်မိသဲတိုင် တက်နိုင်ဖျားရောက်၊ (င) တစ်သိန်းအားနှင့် ယူသော်မရ၊ တစ်ယောက် အားနှင့် ယူသော်ရ၏။ (စ) ကျားကြောက်လို့ ရှင်ကြီးကိုး၊ ရှင်ကြီးကျား ထက်ဆိုး။

[illegible] အောက်ပါသုံးခုအနက် သင်နှစ်သက်ရာ တစ်ခုအကြောင်းကို စာစီကုံးရေး သားပါ။

(က)တို့တာဝန်၊ (ခ) လွတ်လပ်သော မြန်မာပြည်၊ (ဂ) ကျွန်ုပ်တို့၏ အကြီးဆုံးသော လိုအင်ဆန္ဒ။

www.burmeseclassic.com

www.burmeseclassic.com



## မြန်မာ့တပ်မတော် စစ်တက္ကသိုလ်၊ စတုတ္ထပတ် အရာရှိသင်တန်းဝင်စာမေးပွဲ

၁၉၄၄ ခု၊ အဋ္ဌမလ (အချိန် ၂ နာရီ)

### ရာဇဝင်ဘာသာ

မှတ်ချက်။ ။ အချက်ကျအောင် အကျဉ်းရုံး ဖြေဆိုခြင်း၊ မြေပုံကြမ်းများကို လိုအပ်နေရာတွင် ထည့်သွင်းဖော်ပြခြင်းများအတွက် အမှတ်ပို ရရှိလိမ့်မည်။ (နှစ်သက်ရာ လေးပုဒ်ကို ဖြေပါ။)

၁။ မည်သည့်ခေတ်က မြန်မာနိုင်ငံသည် ပထမဆုံးအကြိမ် တစ်လုံးတစ်စည်းတည်းဖြစ်ခဲ့၍ နိုင်ငံရေးအင်အား အထွတ်အထိပ်သို့ ရောက်ခဲ့သနည်း။ မည်သည့်မင်းက ဦးဆောင်ကြိုးစား၍ ရောက်ခဲ့ရကြောင်းနှင့် မည်သည့်မင်းလက်ထက်တွင် မည်သည့်အကြောင်းများကြောင့် နိမ့်ကျပျက်စီးကြောင်းကို အကျဉ်းအားဖြင့် ဖော်ပြပါ။

၂။ မင်းခေါင်နှင့် ရာဇဓိရာဇ်တို့ခေတ်တွင် ဖြစ်ပွားခဲ့သော စစ်တို့၏ ရည်ရွယ်ချက်များနှင့် တပင်ရွှေထီး၊ ဘုရင့်နောင်တို့ ခေတ်တွင်ဖြစ်ပွားခဲ့သော စစ်တို့၏ ရည်ရွယ်ချက်များမှာ မည်သို့တူညီကွာခြားကြသနည်း။ ထိုစစ်များကြောင့် မြန်မာနိုင်ငံသည် မည်သည့်အကျိုးအပြစ်များကို ခံစားရသနည်း။

၃။ စစ်သည် တိုင်းနိုင်ငံထူထောင်ရာတွင် အရေးအပါဆုံးဖြစ်သော်လည်း ထိုစစ်ပင်လျှင် တိုင်းပြည်ကို ပျက်စီးစေခဲ့ကြောင်း၊ ဘုရင့်နောင်ခေတ် မြန်မာနိုင်ငံ၏ အဖြစ်အပျက်ကို ဥပမာပြ၍ ရှင်းလင်းဖော်ပြပါ။

၄။ သာလွန်မင်းကို အဘယ်ကြောင့် မြန်မာနိုင်ငံတော်တွင် အကောင်းဆုံးမင်းတစ်ပါးဟု ခေါ်ဆိုနိုင်ပါသနည်း။ ထိုမင်းဆောင်ရွက်ခဲ့သော နိုင်ငံတော် ပြုပြင်ရေးလုပ်ငန်းတို့ကို အကျဉ်းမျှ ဖော်ပြပါ။

၅။ တကယ့် လွတ်လပ်ရေးအရသာကို မြန်မာတိုင်းရင်းသားတို့ ခံစားခဲ့ရသော မြန်မာ့ရာဇဝင် ခေတ်တစ်ခေတ်ကို ဖော်ပြပါ။ ထိုခေတ်က ခံစားခဲ့ရသော လွတ်လပ်ရေးအရသာမှာ မည်သို့ ရှိခဲ့သည်ကို ခန့်မှန်း၍ အချက်နှင့် ခွဲခြားဖော်ပြပါ။



၆။ ကုန်းဘောင်ခေတ် ဆင်ဖြူရှင်မင်း၏ လက်နက်နိုင်ငံ(အင်ပါယာ)၏ အကျယ်အဝန်းကိုပြသည့် မြေပုံတစ်ခုကို ဆွဲပြပါ။ ထိုပုံတွင် (ထိုခေတ်ထိ) ပေါ်ပေါက်ခဲ့ပြီးသော မင်းနေပြည်တော် (မြို့တော်များ) ကို ထည့်ပြပါ။

၇။ မည်သည့် အကြောင်းများကြောင့် အောက်ပါပုဂ္ဂိုလ်တို့နှင့် ပတ်သက်၍ မြန်မာတို့ ဂုဏ်ယူသင့်သနည်း။ နှစ်သက်ရာ ၅ ဦးကို ရွေးပြပါ။

(၁) ကျန်စစ်သား

(၂) အနော်ရထာမင်း

(၃) ရှင်စောပု

(၄) နန္ဒဘုရင်

(၅) ဘုရင့်နောင်

(၆) အလောင်းစည်သူ

(၇) စစ်သူကြီး မဟာသီဟသူရ

(၈) ဒုတိယမင်းခေါင်၊

(၉) ရာဇသင်္ကြံ(ပုဂံခေတ်)

(၁၀) အလောင်းမင်းတရားကြီး။

၈။ ဗြိတိသျှအင်ပါယာတွင်းသို့ ကျရောက်ခဲ့ပြီးနောက် လွတ်လပ်ရေးအတွက် တိုင်းရင်းသားတို့ ကြိုးစားဆောင်ရွက်ခဲ့သော လွတ်လပ်ရေးရာဇဝင်ကို အကျဉ်းမျှ တစ်ဆင့်ပြီးတစ်ဆင့် ဖော်ပြပါ။

www.burmeseclassic.com

www.burmeseclassic.com



## မြန်မာ့တပ်မတော်၊ စစ်တက္ကသိုလ်၊ စတုတ္ထပတ်
## အရာရှိသင်တန်းဝင်စာမေးပွဲ

၁၉၄၄ ခု၊ အင္ဂမလ (အချိန် ၂ နာရီ)

### ပထဝီဝင်ဘာသာ

မှတ်ချက်။ ။ အပိုင်း ၁ မှ မေးခွန်းအမှတ် ၁ နှင့် အခြားကြိုက်ရာ တစ်ပုဒ်။ အပိုင်း ၂ မှ ကြိုက်ရာတစ်ပုဒ်ကို ဖြေဆိုပါ။ မြေပုံကြမ်းများကို တတ်နိုင်သမျှ ထည့်သွင်းဖော်ပြပါ။

အပိုင်း ၁။

၁(က)။ ရန်ကုန်မြို့၌ အချိန်သည် မွန်းလွဲ သုံးနာရီ ရှိနေလျှင် ရန်ကုန်မြို့၏ အရှေ့ဘက်(၃၀)၌ လည်းကောင်း၊ တောင်ဘက် (၃၀)၌ လည်းကောင်း၊ အနောက်ဘက် (၄၅)၌လည်းကောင်း၊ ရှိသော မြို့အသီးသီးတို့တွင် အချိန်မည်မျှစီ ရှိသနည်း။ တစ်နေရာနှင့်တစ်နေရာ အချိန်ချင်း မတူသည့်အကြောင်းကို ရှင်းလင်းဖော်ပြပါ။

၁(ခ)။ 'တောင်'ဆိုသည်မှာ မည်သို့ ဖြစ်လာသနည်း။ ပုံစံနှင့် ဥဒါဟရဏ်များကို တတ်နိုင်သလောက် ထည့်သွင်းဖော်ပြပါ။

၂။ "ပကတိအပိုင်းအခြားအရပ်ဒေသ"ဟူ၍ သင်မည်သို့ နားလည်သနည်း။ မြန်မာနိုင်ငံ၏ ပကတိအပိုင်းအခြား ဒေသများကို မြေပုံကြမ်းတွင် ဖော်ပြပြီးလျှင် ဒေသအသီးသီး၏ ရာသီဥတု အခြေအနေတို့ကို အကျဉ်းအားဖြင့် ရေးသားပါ။

၃။ စက်မှုလက်မှုလုပ်ငန်း ထွန်းကားရာနေရာ ဖြစ်ရန်အတွက် မည်သည့် အချက်များနှင့် ပြည့်စုံရမည်နည်း။ မြန်မာနိုင်ငံအတွက် စက်မှု ထွန်းကားရန် ဤအချက်များနှင့် ပြည့်စုံပါ၏လော။

အပိုင်း ၂။

၄။ အမေရိကန်တို့သည် ဖိလစ်ပိုင်ကျွန်းစုကို အဘယ်ကြောင့် စိုးပိုင်လိုသနည်း။

၅။ အာရှေဗျကျွန်းဆွယ်၌ အဘယ့်ကြောင့် မြို့တော် မရှိသနည်း။ အကယ်၍ ထားရှိလိုပါလျှင် 'ဘယ်နေရာ၌ မြို့တော် စိုက်သင့်သနည်း' အဘယ်ကြောင့်နည်း။



ဂျပန်ပြည်၌ ရှစ်ပုံတစ်ပုံမျှသော မြေနေရာသာ လယ်ယာစိုက်ပျိုးနိုင်သော်လည်း ဤမျှကြီးမားများပြားသော လူဦးရေကို အဘယ်အကြောင်းကြောင့် ထောက်ပံ့ကျွေးမွေးနိုင်သနည်း။

www.burmeseclassic.com

www.burmeseclassic.com



မြန်မာ့တပ်မတော်၊ စစ်တက္ကသိုလ်၊ စတုတ္ထပတ်
အရာရှိသင်တန်းဝင်စာမေးပွဲ

၁၉၄၄ ခု၊ အဌမလ (အချိန် ၂ နာ

ဗဟုသုတမေးခွန်းလွှာ

မှတ်ချက်။ ။ ပုစ္ဆာနံပါတ် ၁ နှင့် အခြားကြိုက်နှစ်သက်ရာ လေးပုဒ်
ဖြေဆိုပါ။

၁။ မြန်မာ့တပ်မတော်သည် ကြေးတန်းစားမဟုတ်၊ မြန်မာလူမျိုးတိုင်းအ
နားလည်နိုင်အောင် အထက်ပါခေါင်းစဉ်ဖြင့် ဆောင်းပါးတစ်စေ
ရေးပါ။

၂။ (က) ကမ္ဘာစစ်ကြီးအတွင်း လေတပ်၏ တွင်ကျယ်ပုံများကိုအထော
အထားနှင့် ဖြေဆိုပါ။

(ခ) အောက်ပါတို့အကြောင်းကို ရှင်းလင်းဖော်ပြပါ။

(၁) ယန္တရားတပ်၊ (၂) လေမုန်တိုင်းတပ်၊ (၃) ပဋ္ဌမံတပ်၊

(၄) ပြောက်ကျားတပ်၊ (၅) လေထီးတပ်

၃။ မဟာ အရှေ့အာရှစစ်ပွဲ၏ ရှေ့တန်းစစ်မျက်နှာတွင် မြန်မာလူမျိုး
သွေး၊ ချွေး၊ ဖွဲ့နှင့် ပါဝင်ဆင်နွှဲနေကြပုံများကို စုံလင်စွာဖော်ပြ

၄။ ကမ္ဘာစစ်ကြီး ပြီးဆုံးသည့်နောက် လွတ်လပ်သော မြန်မာပြည်သ
ကမ္ဘာ၏အဆင့်အတန်းနှင့် ရင်ပေါင်တန်း လိုက်နိုင်ရန်အတွက် ဆေ
သစ်ထူထောင်ရပေမည်။ ခေတ်သစ် စီမံကိန်းများကို ဉာဏ်သွားသ
ရေးဆွဲပါ။

၅။ အင်အားဆိုသည်မှာ အဘယ်နည်း။ အင်အားသည် ဖျက်ဆီးရန်လ
နက်သာမဟုတ်၊ ဖန်တီးရန် လက်နက်လည်းဖြစ်ပေသည်။ အကြော
ပြပါ။

၆။ မြန်မာပြည်၏ ပထဝီအနေအထားကို စဉ်းစား၍ ကမ္ဘာစစ်ကြီးပြီး
လွတ်လပ်သော မြန်မာပြည်သည် မည်သည့်အခြေအနေ အဆ
အတန်းထိအောင် တိုးတက်ဆိုက်ရောက်နိုင်ကြောင်းကို ဉာဏ်စေ
ပါ။

အခြားသော မေးခွန်းများ အဆင့်အတန်းမှာ ၁၀တန်း စာ



င်အတန်းဖြစ်၍ ဗဟုသုတမေးခွန်းမှာမူ အလွန်ပင်အဆင့်အတန်းမြင့်သည်
တွေ့ရပါသည်။

ဗဟုသုတ မေးခွန်းနံပါတ် (၁)များ မဖြေမနေရဖြစ်၍ 'မြန်မာ့
တော်သည် ကြေးတန်းစားမဟုတ်' ဆိုသည့် အကြောင်းအရာကို ဆောင်း
အရေးခိုင်းထားခြင်းဖြစ်၏။

နိုင်ငံရေးအနှစ်သာရ အပြည့်အဝပါဝင်၍ စတင်ထူထောင်စက
မြန်မာ့တပ်မတော်၏ ပြည်သူ့တပ်မတော်သွင်ပြင်ကို အထူးပေါ်လွင်
သည့် မေးခွန်းတည်း။

စာစီစာကုံးမဟုတ်ဘဲ ဆောင်းပါးအရေးခိုင်းထားခြင်းကို သတိပြုရန်
ပါသည်။

မေးခွန်း (၂)မှာ ကမ္ဘာစစ်ကြီးအတွင်း လေတပ် တွင်ကျယ်ပုံကို
ခိုင်းထားခြင်းဖြစ်၏။ တိုင်းပြည်တစ်ခုတင်မဟုတ်ဘဲ ကမ္ဘာစစ်ကြီးတွင်
တပ်အရေးပါပုံကို ခြုံ၍ အရေးခိုင်းထားခြင်း ဖြစ်လေသည်။

မေးခွန်း (၄) မှာ တကယ့် မေးခွန်းဖြစ်၏။ "ခေတ်သစ်စီမံကိန်းကို
သွားသရွေ့ ရေးဆွဲပါ" စီမံကိန်းတွင် ဘာတွေပါဝင်ရမည်။ ခေါင်းစဉ်များ
ခွဲ၍ ရေတိုရေရှည် စီမံကိန်း မည်သို့ရေးဆွဲမည်ကို ဗဟုသုတရှိသလောက်
ဆောတော့မည်။

ဗဟုသုတ မေးခွန်းမှာမူ စစ်တက္ကသိုလ် ဝင်ခွင့်အနေနှင့် အလွန်ပင်
င့်အတန်းမြင့်သည်ကို တွေ့ရပါလိမ့်မည်။

ယင်းမေးခွန်းကို စစ်သက္ကသိုလ် အရာရှိသင်တန်းအတွက်မဟုတ်ဘဲ
တ် စစ်ဦးစီးတက္ကသိုလ်နှင့် နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ် ဝင်ခွင့်
ပွဲများမှာပင် မေးနိုင်သည့် မေးခွန်းဖြစ်သည်ကို တွေ့နိုင်ပါသည်။

ကျွန်တော်တို့တစ်တွေ ရန်ကုန်၊ ကန်တော်ကလေး အထက်တန်း
ကျောင်းတွင် စာမေးပွဲ သွားရောက်ဖြေဆိုရသည်ကို သတိရနေပါသည်။

ဤကဲ့သို့ စာမေးပွဲဖြေဆိုကြပြီး ပြင်ပမှ ၂၂ ဦး၊ တပ်တွင်းမှ ၁၁၀
ပေါင်း ၁၃၂ ဦး စစ်တက္ကသိုလ် စတုတ္ထပတ် အရာရှိသင်တန်း တက်ရောက်
ကြောင်း တင်ပြလိုက်ရပါသည်။

စစ်တက္ကသိုလ် စတုတ္ထပတ် အရာရှိသင်တန်း ဝင်ရောက်ခွင့်ရသူ
မှ ၂၂ ဦးနှင့် တပ်တွင်းမှ ၁၁၀ ဦးစာရင်းကို ဆက်လက်တင်ပြသွားမည်
ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



## သင်တန်းဝင်ခွင့် ရသူများ

စစ်ဦးစီးချုပ်က ချမှတ်ပေးလိုက်သည့် ပေါ်လစီအရ ပြင်ပမှ အရပ် များနှင့် တပ်မတော်သားများကို အရည်အချင်းစစ်ဆေး၍ ခေါ်ယူခဲ့ခြင်းဖြ အရာရှိသင်တန်းသို့ ဝင်ခွင့်ရသူများကို ပြင်ပမှသူများနှင့် မြန်မာ့တပ်မတော် များဟူ၍ စာရင်းနှစ်စောင် ပြုစုတင်ပြထားပါသည်။

### မြန်မာနိုင်ငံတော်-စစ်တက္ကသိုလ်
### စတုတ္ထပတ် အရာရှိသင်တန်းသို့ ဝင်ခွင့်ရသူများ စာရင်း

အောက်စာရင်းပါ အပြင်လူများအား မြန်မာနိုင်ငံတော် စစ်တက္ကသိ စတုတ္ထပတ် အရာရှိသင်တန်းသို့ ဝင်ခွင့်ပြုသည်။ စာရင်းကို အရည်အ အစဉ်အလိုက် ဖော်ပြထားပါသည်။

| အမှတ်စဉ် | စာမေးပွဲအမှတ်စဉ် | အမည် | အဘအမည် |
|---|---|---|---|
| ၁ | ၆၉ | မောင်ဘုန်းအောင် | ဦးဘာ |
| ၂ | ၉၇ | မောင်လှ | ဦးထွန်းအုံ |
| ၃ | ၈၀ | မောင်သန်း | ဦးမောင်မော |
| ၄ | ၁၂၅ | မောင်ခင်မောင်သန်း | ဦးလှဒင် |
| ၅ | ၅ | မောင်ထွန်းငွေ | ဦးလှဖေ |
| ၆ | ၃ | မောင်ထွန်းတင် | ဦးဘိုးရင် |
| ၇ | ၄၉ | မောင်ခင်မောင်ထွေး | ဦးဘိုးကျွန်း |
| ၈ | ၆၇ | မောင်မောင်သိန်း | ဦးမြ |
| ၉ | ၂ | မောင်တင်အေး | ဦးဘဖေ |
| ၁၀ | ၄၃ | မောင်ဖေမြင့် | ဦးစူကာ |
| ၁၁ | ၆၀ | မောင်မောင်တင် | ဦးဘိုးဝင်း |
| | ၇၅ | မောင်သာစောအောင် | ဦးပန်းအောင် |
| ၁၁ | ၈၄ | မောင်လှမိုး | ဦးသိဟန် |
| ၁၂ | ၃၀ | မောင်လှဖေ | ဦးဘိုးခိုင် |
| ၁၃ | ၂၄ | မောင်လွင် | ဦးဘအို |



| အမှတ်စဉ် | စာမေးပွဲအမှတ်စဉ် | အမည် | အဘအမည် |
|---|---|---|---|
| ၁၄ | ၁၈ | မောင်ကျော်ဒင် | ဦးလှအောင် |
| ၁၅ | ၄၇ | မောင်ဘမြင့် | ဦးမောင်မောင်ကြီး |
| ၁၆ | ၃၂ | မောင်စိန်အောင်လင်း | ဦးညိမ်းမောင် |
| ၁၇ | ၁၃ | မောင်အောင်မြင့် | ဦးစံဖေ |
| ၁၈ | ၁၉ | မောင်နေဝင်း | ဦးကျော်စိန် |
| ၁၉ | ၁၂၂ | မောင်တင်အုံး | ဦးဝင်း |
| ၂၀ | ၇၉ | မောင်ဘိုးသိန်း | ဦးဘိုးသင်း |
| ၂၁ | ၃၇ | မောင်စန်းလှိုင် | ဦးဘိုးရင် |
| ၂၂ | ၃၉ | မောင်အေး | ဦးဘိုးလိပ် |

### မြန်မာနိုင်ငံတော်-စစ်တက္ကသိုလ်
### စတုတ္ထပတ် အရာရှိသင်တန်းသို့ ဝင်ခွင့်ရသူများစာရင်း

အောက်စာရင်းပါ မြန်မာ့တပ်မတော်သားများအား မြန်မာနိုင်ငံတော် တက္ကသိုလ် စတုတ္ထပတ် အရာရှိသင်တန်းသို့ဝင်ခွင့်ပြုသည်။ စာရင်းကို ည်အချင်းအစဉ်အလိုက် ဖော်ပြထားသည်။ စာရင်းတွင်ပါရှိသည့် ရာထူး ာ သင်တန်းဝင်ရန် စာရင်း တင်သွင်းစဉ်က ပေးထားသော ရာထူးများ သည်။

| အမှတ်စဉ် | စာမေးပွဲ အမှတ် | အမည် | ရာထူး | တပ်(သို့မဟုတ်)ဌာန |
|---|---|---|---|---|
| ၁ | ၂၀၀ | မောင်မောင် | X<br>X | ပင်ရင်းဖြည့်တင်းရေး<br>သယ်ယူပို့ဆောင်ရေးတပ် |
| ၂ | ၁၇ | မောင်ကံဝင်း | XX | လေယာဉ်ပျံပစ် အမြောက်တပ် |
| ၃ | ၂၀ | မောင်အုံးကြီး | XX | ၎င်း |
| ၄ | ၃၂ | မောင်စိန်မောင် | X | ၎င်း |
| ၅ | ၁၁၁ | မောင်ကျော်ညွန့်(၁)(လူသစ်) | | ဝင်ဆာ လေ့ကျင့်ရေးတပ် |

www.burmeseclassic.com

www.burmeseclassic.com



| အမှတ်စဉ် | စာမေးပွဲအမှတ် | အမည် | ရာထူး | တပ်(သို့မဟုတ်)ဌာန |
|---|---|---|---|---|
| ၆ | ၁၁၇ | မောင်ကျော်ထင် | (လူသစ်) | ၎င်း |
| ၇ | ၁၀၇ | မောင်ကေစန်း | X | စစ်တက္ကသိုလ် |
| | ၂၁၄ | မောင်အောင်ဇင် | (လူသစ်) | အချက်ပြဆက်သွယ်ရေးတပ် |
| ၈ | ၁၀ | မောင်ထွန်းအေး | X | သယ်ယူ(ပျဉ်းမနား) |
| ၉ | ၆၀ | မောင်သင်းမောင် | -X X | အမြောက်တပ် |
| ၁၀ | ၂၅ | မောင်သန်းအောင် | X | ၎င်း |
| ၁၁ | ၃၁ | မောင်ဘအေး | X | ၎င်း |
| ၁၂ | ၁၉ | မောင်ချန်ထွန်း | XX | ၎င်း |
| ၁၃ | ၂၃၀ | မောင်ကျော်စိန် | (လူသစ်) | အချက်ပြဆက်သွယ်ရေးတပ် |
| ၁၄ | ၁၄၈ | မောင်တင်မောင် | ( ။ ) | လေ့ကျင့်ရေးတပ် |
| ၁၅ | ၇၄ | မောင်မြင့်စိန် | -X | စံပြ |
| ၁၆ | ၁၈ | မောင်တင်ယုံ | X X | အမြောက်တပ် |
| ၁၇ | ၁၄၉ | မောင်ဘသန်း | (လူသစ်) | လေ့ကျင့်ရေး |
| ၁၈ | ၁၀၁ | မောင်ကျော်မြင့် | ( ။ ) | ၎င်း |
| ၁၉ | ၁၀၅ | မောင်ထွန်းမောင် | ( ။ ) | ၎င်း |
| ၂၀ | ၁၉၆ | မောင်ကိုကို | X | ဝင်ဒါမီယာ |
| ၂၁ | ၄ | မောင်တင်မြင့် | -X | ဦးစီးဗိုလ်ချုပ် |
| ၂၂ | ၁၆ | မောင်ရန်အောင် | XX | အမြောက်တပ် |
| | ၂၆၅ | မောင်အေးဝင်း | -X | ၎င်း |
| ၂၃ | ၂၁၃ | မောင်ချစ်လွင် | (လူသစ်) | အချက်ပြဆက်သွယ်ရေးတပ် |
| ၂၄ | ၃၄ | မောင်ထွန်းတင် | X | အမြောက်တပ် |
| | ၂၁၁ | မောင်ဘသိန်း | (လူသစ်) | အချက်ပြဆက်သွယ်ရေး |
| | ၂၆၁ | မောင်ကိုကိုကြီး | ( ။ ) | စစ်မြင်းလေ့ကျင့်ရေး |
| ၂၅ | ၁၆၉ | မောင်ထွန်းရွှေ | ( ။ ) | လေ့ကျင့်ရေး |
| ၂၆ | ၁၂၅ | မောင်မြင့်စိန် | ( ။ ) | ၎င်း |



| အမှတ်စဉ် | စာမေးပွဲအမှတ် | အမည် | ရာထူး | တပ်(သို့မဟုတ်)ဌာန |
|---|---|---|---|---|
| | ၁၇၅ | မောင်လူ | -X | ထောက်ပံ့ရေးဌာနကြီး စစ်ဝန်ကြီးရုံး |
| | ၁၂၉ | မောင်တင်အေး | ( ။ ) | လေ့ကျင့်ရေးတပ် |
| | ၂၁၉ | မောင်ဦးဂေါင်း | (လူသစ်) | အချက်ပြဆက်သွယ်ရေးတပ် |
| | ၁၉၁ | မောင်သောင်းညွန့် | X -X | ထောက်ပံ့ရေးဌာနကြီး စစ်ဝန်ကြီးရုံး |
| | ၁၃၀ | မောင်ရဲမြင့် | (လူသစ်) | လေ့ကျင့်ရေးတပ် |
| | ၉၅ | မောင်လှမောင် | XX | စစ်ဝန်ကြီးရုံးကင်း |
| | ၁၈၅ | မောင်လှမောင်ကလေး | -X | စစ်တက္ကသိုလ် |
| | ၁၉၄ | မောင်မျိုးအောင် | X | ဝင်ဒါမီယာ |
| | ၂၆၃ | မောင်အောင်တင် | -X | စစ်ဆေးရုံအမှတ်(၂) |
| | ၂၄၁ | မောင်ညွန့်မောင် | X -X | ရင်း ၅ |
| | ၅၅ | မောင်တင်အောင် | XXX | အမြောက်ကြီးတပ် |
| | ၂၄ | မောင်ချစ်ဝေ ကလေး | XX | ၎င်း |
| | ၂၅၈ | မောင်တင်အောင် သန်း | (လူသစ်) | စစ်မြင်းလေ့ကျင့်ရေး |
| | ၁၂ | မောင်မင်းအောင် | -X | ကိုယ်ရံတော်တပ် |
| | ၁၉၇ | မောင်ကျော်ဦး | -X | ဝင်ဒါမီယာ |
| | ၂၂၉ | မောင်ခင်သိန်း | (လူသစ်) | အချက်ပြဆက်သွယ်ရေးတပ် |
| | ၂၁ | မောင်အောင်မြတ် | XX | အမြောက်ကြီးတပ် |
| | ၂၆၄ | မောင်မြအေး | X | ၎င်း |
| | ၅ | မောင်အောင်သန်း | XX | ထောက်ပံ့ရေးစစ်ဝန်ကြီးရုံး |
| | ၄၇ | မောင်မြင့်တင် | X | အမြောက်ကြီးတပ် |
| | ၁၃၆ | မောင်စောမောင် | X | လေ့ကျင့်ရေးတပ် |
| | ၁၂၂ | မောင်ဘလှိုင် | (လူသစ်) | ၎င်း |
| | ၄၆ | မောင်ကျော်ထင် | X | အမြောက်ကြီးတပ် |

www.burmeseclassic.com

www.burmeseclassic.com



| အမှတ်စဉ် | စာမေးပွဲအမှတ် | အမည် | ရာထူး | တပ်(သို့မဟုတ်)ဌာန |
|---|---|---|---|---|
| ၄၄ | ၆၅ | မောင်အောင်သန်း | X | |
| | | | X | ငင်း |
| | ၁၀၂ | မောင်စိန်လှ | (လူသစ်) | လေ့ကျင့်ရေးတပ် |
| ၄၅ | ၇၀ | မောင်ဦး | -X | ဆေးဌာန၊ စစ်ဝန်ကြီးရုံး |
| ၄၆ | ၁၉၀ | မောင်ခင်ဦး | X | ဦးစီးဗိုလ်ချုပ်ရုံး |
| ၄၇ | ၁၆၄ | မောင်ခင်ရွှေ | (လူသစ်) | လေ့ကျင့်ရေးတပ် |
| ၄၈ | ၇၂ | မောင်သန်းနွယ် | -X | ဆေးဌာန၊ စစ်ဝန်ကြီးရုံး |
| | ၁၁၆ | မောင်လှ | (လူသစ်) | လေ့ကျင့်ရေးတပ် |
| ၄၉ | ၃၆ | မောင်စိုးတင် | X | အမြောက်ကြီးတပ် |
| ၅၀ | ၃၃ | မောင်အုံးဖေ | X | ငင်း |
| | ၅၉ | မောင်ခင်အေး | XXX | ငင်း |
| ၅၁ | ၁၉၉ | မောင်ကျော်မြ | X | ဝင်ဒါမီယာ |
| ၅၂ | ၂၅၀ | မောင်အောင်ခင် | (လူသစ်) | စစ်မြင်း လေ့ကျင့်ရေး |
| | ၂၅၆ | မောင်ချစ်ရွှေ | (လူသစ်) | ငင်း |
| ၅၃ | ၁၃၁ | မောင်မြသန်း | (လူသစ်) | လေ့ကျင့်ရေးတပ် |
| | ၁၄၀ | မောင်စောလွင် | X | ငင်း |
| | ၂၆၀ | မောင်ကြည်မြင့် | (လူသစ်) | စစ်မြင်း လေ့ကျင့်ရေးတပ် |
| ၅၄ | ၁၈၂ | မောင်ဘမင်း | X | |
| | | | X | စစ်တက္ကသိုလ် |
| ၅၅ | ၂၃၉ | မောင်ညိုမောင် | X | ရင်း ၅ |
| ၅၆ | ၁၆၁ | မောင်ထွန်းသိန်း | (လူသစ်) | လေ့ကျင့်ရေးတပ် |
| ၅၇ | ၁၄၃ | မောင်သောင်းထိုက် | (လူသစ်) | ငင်း (စာရေးသူ) |
| ၅၈ | ၆ | မောင်ချစ်လှိုင် | X | ထောက်ပံ့ရေးစစ်ဝန်ကြီးရုံး |
| | ၁၇၉ | မောင်ဖေသန်း | X | |
| | | | X | စစ်တက္ကသိုလ် |
| ၅၉ | ၅၇ | မောင်မင်းလွင် | XXX | အမြောက်ကြီးတပ် |



| အမှတ်စဉ် | စာမေးပွဲအမှတ် | အမည် | ရာထူး | တပ်(သို့မဟုတ်)ဌာန |
|---|---|---|---|---|
| ၆၀ | ၆၄ | မောင်လှဟန် | XX | ငင်း |
| | ၂၃၆ | မောင်ထွန်းအောင်ကျော် | X | |
| | | | X | ရင်း ၅ |
| ၆၁ | ၁၄၄ | မောင်ခင်မောင် | (လူသစ်) | လေ့ကျင့်ရေးတပ် |
| ၆၂ | ၈၂ | မောင်အောင်ဖေ | -X | စံပြ |
| | ၁၈၈ | မောင်ခင်အုံး | -X | စစ်တက္ကသိုလ် |
| ၆၃ | ၁၇၄ | မောင်ကြိုင် | - | ထောက်ပံ့ရေးစစ်ဝန်ကြီးရုံး |
| ၆၄ | ၁၁၅ | မောင်လှဆွေ | (လူသစ်) | လေ့ကျင့်ရေးတပ် |
| ၆၅ | ၂၃၇ | မောင်အေးမောင် | X | |
| | | | X | ရင်း ၅ |
| | ၆၆ ၁၈၆ | မောင်ထွန်းရီ | -X | စစ်တက္ကသိုလ် |
| | ၂၂၅ | မောင်လှမောင် | (လူသစ်) | အချက်ပြဆက်သွယ်ရေးတပ် |
| ၆၇ | ၁၆၆ | မောင်အေးဖေ | (လူသစ်) | လေ့ကျင့်ရေးတပ် |
| | ၂၁၅ | မောင်ညွန့် | (လူသစ်) | အချက်ပြဆက်သွယ်ရေးတပ် |
| [illegible] | ၆၇ | မောင်အောင်ကြီး | X | |
| | | | X | ဆေးဌာန၊စစ်ဝန်ကြီးရုံး |
| [illegible] | ၈ | မောင်ထွား | X | သယ်ယူ(ပျဉ်းမနား) |
| [illegible] | ၁၅၇ | မောင်ကျော်ရှိန် | (လူသစ်) | လေ့ကျင့်ရေး |
| [illegible] | ၁၈၀ | မောင်တင်သိန်း | X | |
| | | | X | စစ်တက္ကသိုလ် |
| | | | X | |
| [illegible] | ၃၉ | မောင်တင်လေး | X | အမြောက်ကြီးတပ် |
| | ၇၉ | မောင်အောင်မြ | X | |
| | | | X | စံပြ |
| [illegible] | ၁၂၀ | မောင်ထွန်းကြည် | (လူသစ်) | လေ့ကျင့်ရေးတပ် |
| [illegible] | ၃၀ | မောင်ဘမင်း | X | အမြောက်ကြီးတပ် |
| [illegible] | ၂၄၉ | မောင်သန်းကြွယ် | (လူသစ်) | စစ်မြင်းလေ့ကျင့်ရေး |

www.burmeseclassic.com

www.burmeseclassic.com



| အမှတ်စဉ် | စာမေးပွဲအမှတ် | အမည် | ရာထူး | တပ်(သို့မဟုတ်)ဌာန |
|---|---|---|---|---|
| ၇၆ | ၁၀၀ | မောင်လှဘူး | X | လေ့ကျင့်ရေးတပ် |
| | ၂၀၇ | မောင်မျိုးဆွေ | (လူသစ်) | အချက်ပြဆက်သွယ်ရေးတပ် |
| ၇၇ | ၅၆ | မောင်တင်အုန်း | XXX | အမြောက်ကြီးတပ် |
| | ၂၃၈ | မောင်စောဝင်း | -X | ရင်း ၅ |
| ၇၈ | ၁၇၁ | မောင်တင်အေး | X | သယ်ယူ (ပျဉ်းမနား) |
| ၇၉ | ၂၁၀ | မောင်ဘသိန်း | (လူသစ်) | အချက်ပြဆက်သွယ်ရေးတပ် |
| | ၂၄၀ | မောင်ထွန်း | -X | ရင်း၅ |
| ၈၀ | ၂၂၂ | မောင်လှနွယ် | (လူသစ်) | အချက်ပြဆက်သွယ်ရေးတပ် |
| ၈၁ | ၉၈ | မောင်ခင်မောင် | -X | စစ်ဝန်ကြီးရုံးကင်းတပ် |
| | ၁၁၃ | မောင်နေထွန်း | (လူသစ်) | လေ့ကျင့်ရေးတပ် |
| ၈၂ | ၁၄၅ | မောင်သိန်းအောင် | (လူသစ်) | ၎င်း |
| | ၁၅၉ | မောင်သန်းတင် | (လူသစ်) | ၎င်း |
| ၈၃ | ၁၈၉ | မောင်သီဟ | X<br>-X | စစ်တက္ကသိုလ် |
| ၈၄ | ၁၄၁ | မောင်အေးလွင် | X | လေ့ကျင့်ရေးတပ် |
| ၈၅ | ၄၁ | မောင်ဝင်းဖေ | X | အမြောက်ကြီးတပ် |

## သင်တန်း

မြန်မာ့တပ်မတော် စစ်တက္ကသိုလ် စတုတ္ထပတ် အရာရှိသင်တန်းကို ၁၉၄၄ ခု၊ စက်တင်ဘာလ (၇) ရက်မှ စတင်ဖွင့်လှစ် သင်ကြားခဲ့၍ ၁၉၄၅ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက်နေ့တွင် သင်တန်းဆင်းခဲ့ပါသည်။

သင်တန်းချိန် ၄၊လအတွင်း အထူးပင် ပင်ပင်ပန်းပန်း သင်ကြားလေ့ကျင့်ခဲ့ရ၍ တပ်စုတစ်စုကို ဦးဆောင်တိုက်ခိုက်နိုင်သည်အထိ သင်ကြားပေးခဲ့လေသည်။

၁၉၄၄ ခုနှစ်၊ အောက်တိုဘာလ ၇ ရက်နေ့တွင် စစ်ဝန်ကြီး ဗိုလ်ချုပ်အောင်ဆန်း စစ်တက္ကသိုလ်သို့ လာရောက်၍ မိန့်ခွန်းပြောကြားခဲ့လေသည်။ ဗိုလ်ချုပ်၏ မိန့်ခွန်းအပြည့်အစုံကို ၁၉၄၄ ခုနှစ်၊ အောက်တိုဘာလ ၈ ရက်နေ့ ဗမာ့ခေတ်သတင်းစာမှ ကူးယူဖော်ပြအပ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



## စစ်ဝန်ကြီး ဗိုလ်ချုပ်အောင်ဆန်း မိန့်ကြားချက်
## စစ်ကြပ်အရာရှိ မူလတန်းနှင့် လေကြောင်းအတတ်
## သင်တန်းများဖွင့်လှစ်ခြင်း

သီတင်းကျွတ် လပြည့်ကျော် ၆ ရက်၊ (၇-၁၀-၄၄) နေ့က နေပြည်တော် စစ်တက္ကသိုလ်တွင် စစ်ကြပ်သင်တန်း၊ အရာရှိသင်တန်း၊ မူလတန်းနှင့် လေကြောင်းသင်တန်းများ ဖွင့်လှစ်ပွဲကို ကျင်းပကြောင်း။

သင်တန်းဖွင့်ပွဲတွင် မြန်မာနိုင်ငံတော် စစ်ဝန်ကြီး ဗိုလ်ချုပ်အောင်ဆန်းက အောက်ပါအတိုင်း မိန့်ခွန်းမြွက်ကြားကြောင်း။

**ရဲဘော်တို့-**

ယခုကဲ့သို့ စစ်တက္ကသိုလ် သင်တန်းအစတွင် လာရောက်ပြောဟော ခဲ့ရသည်မှာ ဒီတစ်ကြိမ်သာ မဟုတ်ခဲ့၊ ယခင်က အကြိမ်ပေါင်းများစွာ လာရောက်၍ ပြောခဲ့ရလေပြီ၊ သို့သော်လည်း ယနေ့လာရောက်၍ ပြောရခြင်းမှာ ခါတိုင်းထက်ပို၍ အရေးကြီးသဖြင့် ခါတိုင်းထက် ဂရုတစိုက်ပြောပြရန်အတွက် လာရောက်ခြင်းဖြစ်တယ်၊ ရဲဘော်တို့သည် ယနေ့ပြောဟောသော စကားများကို သေချာစွာနားထောင်၍ လိုက်နာကြလိမ့်မည်ဟု ယုံကြည်ကြောင်း၊ အခု မိုးကုန်လျှင် ကမ္ဘာစစ်ကြီး၏အခြေအနေသည် ကမ္ဘာကြီးနှင့်တကွ မြန်မာပြည် တစ်လျှောက် အနှံ့အပြားတွင် ပြင်းထန်သထက် ပြင်းထန်လာမည်မှာ မုချမလွဲ ဖြစ်သည်။ ထို့ကြောင့်ရဲဘော်တို့၏သင်တန်းအချိန်ကို ယခင်ကထက် တိုတောင်းစေ၍ ယခင်ကထက် ပြင်းပြင်းထန်ထန် လေ့ကျင့်ပေးရတော့မည် ဖြစ်သဖြင့် ရဲဘော်တို့သည် ထိုသင်ပြသော လေ့ကျင့်ခန်းအစုံစုံကို ဖွဲ့နပဲနဲ့ အဆုံးတိုင် လိုက်နာသင်ကြားကြလိမ့်မည်ဟု ယုံကြည်ကြောင်း။

### လောကနိဗ္ဗာန်သို့ရောက်ရန်

ယခုအခါမှာ မြန်မာနိုင်ငံမှာ လွတ်လပ်သည်ဟုဆိုသော်လည်း အားလုံး သိသည့်အတိုင်း အနှစ်သာရပြည့်စုံခြင်း မရှိသေး၊ ထိုမှတစ်ပါး ရထားသော လွတ်လပ်ရေးသည်လည်း အခြေအထူးမခိုင်ခံ့ဘဲ တလှုပ်လှုပ်ရှိနေပေသည်။ ငါတို့ရသော လွတ်လပ်ရေးသည် ခိုင်မာပြည့်ဝမှသာလျှင် အခုငါတို့ ခံစား နေရသော၊ အဝတ်အစားမရှိသော၊ အစစအရာရာချို့တဲ့သော ဆင်းရဲ၊ ရောဂါ အန္တရာယ်ထူပြောသော ဆင်းရဲ၊ ပညာမသင်ရ၊ ပညာမတိုးတက်ရသော ဆင်းရဲစသည်ဖြင့် ဒုက္ခဆင်းရဲအပေါင်းမှ ကျော်နင်းနိုင်၍ ငါတို့လိုရာ လောက နိဗ္ဗာန်စခန်းသို့ ရောက်နိုင်ပေမည်။ တိုင်းပြည် လွတ်လပ်ရေးရနိုင်ရန် လက်ဆုပ် လက်ကိုင်ရရန် ငါတို့မြန်မာနိုင်ငံနဲ့ မြန်မာလူမျိုးတို့ ဒီစစ်ကြီးကို အနိုင်ရအောင် တိုက်နိုင်ရမည်။ ဤကဲ့သို့ ငါတို့အနိုင်ရရှိအောင် တိုက်နိုင်ရန်မှာ ငါတို့အား ရှိရမည်၊ အားရှိရမည်ဆိုရာ၌ ငါတို့သည် အများအစား အရေအတွက်ကို မဆိုလိုကာမထား၊ အများအစား အရေအတွက်သည် ခိုင်ခိုင်မာမာရနိုင်က ကောင်း ပါလည်း၊ မခိုင်မမာ မထိန်းနိုင်မသိမ်းနိုင်ရှိသော အများအစား အရေ အတွက်မှာ တကယ့်အားမဟုတ်၊ တကယ့်အားကို ဆုတ်ယုတ်ပျက်ပြားစေရာ အကြောင်းပင် ဖြစ်သည်။ (လူများပွဲမစည်)ဆိုသည့် မြန်မာစကားကို သတိပြု ကြလေ၊ ငါတို့ဆိုလိုသောအားမှာ အမျိုးအစားအားဖြင့် ခိုင်မာတောင့်တင်း၊ ခင့်အတန်းမြင့်သော အင်အားမျိုးကို ဆိုလိုပေသည်။ ထိုအင်အားမျိုးကား သယ်နည်း။

လေ့ကျင့်သား ကောင်းစွာရသောတပ်မှူး၊ တပ်သားများ။

လက်နက်၊ ခဲယမ်းရိက္ခာ အစရှိသဖြင့် ကောင်းစွာပြည့်စုံလုံ လောက် ခြင်း။

ဤအချက်နှစ်ချက်သည် အမျိုးအစားတည်းဟူသော အားဖြစ်ရာ အချက်ကြီးနှစ်ချက်ပင်ဖြစ်သည်။

ဤအချက်နှစ်ချက်တွင် စစ်လေ့ကျင့်သား ပညာအခြေခံ ရင့်သန်သော ခိုင်ကျည်ခိုက်ရည်နှင့် ပြည့်စုံသောတပ်မှူး၊ တပ်သားများသည်သာလျှင် အဓိက ဖြစ်သည်။

လက်နက်၊ ခဲယမ်း၊ ရိက္ခာ အစရှိသည်တို့ မပြည့်စုံက စစ်ကြာခြင်း ဖြစ်သော အကြောင်းအရာများ သို့မဟုတ် စစ်ပရိယာယ် ပြောင်းလွဲခြင်း ဖြစ်သော အကြောင်းအရာများသာ ဖြစ်စေတတ်၏။ တပ်မှူး၊ တပ်သားများ ကောင်းသော အဓိကလက်နက်ကြီး ညံ့ဖျင်းခဲ့လျှင်ကား ငါတို့သည် စစ်ကို မုချ ရှုံးမည်မှာ အမှန်ဖြစ်သည်။

### လူသာလျှင် အရေးကြီးဆုံး

လောကတွင် ရှိသမျှသော ဝတ္ထုပစ္စည်းတို့တွင် လူတည်းဟူသော ပစ္စည်းသာလျှင် အဖိုးတန်ဆုံး ဖြစ်ပေသည်။ လက်နက်၊ ခဲယမ်း၊ ရိက္ခာ



www.burmeseclassic.com

www.burmeseclassic.com



တို့သည် လူကဖန်တီး၍ လူကပြုပြင် လုပ်ထားသော ပစ္စည်းများဖြစ်၏ လူ၏ အရှင်သခင်များမဟုတ်ပါ။ လူ၏ အခိုင်းအစေကျေးကျွန်များသာ ဖြစ်၏။ ထို့ကြောင့် လက်နက်ကိုင်စွဲသောလူသည် လက်နက်ထက် အဆပေါင်းများစွာ အရေးကြီးပေသည်။ မူလစစ်ပရိယာယ် သင်ခန်းစာများအရ ပြောပြရသော် သဘာဝအတားအဆီးများထက် လူ၏အတားအဆီးများသည် အထက်မြင့်ဆုံးဟု စစ်ပါရဂူများက ဆိုထားပေသည်။

၈-၁၀-၄၄ နေ့ထုတ် ဗမာ့ခေတ်သတင်းစာမှ

ထို့ကြောင့် လူအရေးကြီးပေသည်။ ငါတို့တပ်တွင်ရှိသောတပ်၊ တပ်ကြပ်၊ တပ်သားတည်းဟူသော လူဦးရေများသည် အများအစားသဘောတွင် အမျိုးအစားအဆင့်အတန်းမြင့်သော သဘောသို့ ရောက်ရှိနေပါက ငါတို့သည် ငါတို့၏ လူနှင့်တူတူ သူနှံ့မှုမှု လွတ်လွတ်လပ်လပ် ချမ်းချမ်းသာသာ နေနိုင်သော ဘဝကို မခဲမယဉ်းရနိုင်၍ ဤစစ်ကြီးတွင် လိုအပ်သော အောင်ပန်းကို ဆွတ်ခူး နိုင်ပေမည်။

ဥပမာအားဖြင့် စစ်အခြေအနေ အင်မတန်ပြင်းထန်လာပါက ငါတို့သည် စစ်တပ်များကို အလျင်အမြန် အများအပြားချဲ့ထွင်ရန် လိုပေလိမ့်မည်။ ကျန် သော တပ်မှူး၊ တပ်သားများနေရာတွင်လည်း ဝင်ရောက် ဆောင်ရွက်နိုင်သော လူစားများ အမြောက်အမြား လိုလာပေလိမ့်မည်။ ထိုအခါ ထိုကဲ့သို့ အလျင် အမြန် ချဲ့ထွင်ခြင်း၊ လူစားထိုးခြင်း ပြုလုပ်နိုင်ရန် ငါတို့တပ် လက်ရှိလူများ



အမျိုးအစားပေါ်တွင် တည်လေသည်။

ဥပမာ ငါတို့ လက်ရှိတပ်သားများသည် တပ်ကြပ်များ လုပ်နိုင်သော အရည်အချင်းရှိက၊ လက်ရှိတပ်ကြပ်များသည် စစ်ဗိုလ်များ လုပ်နိုင်သော အရည်အချင်းရှိက၊ တပ်ဗိုလ်များသည် တပ်၏ခေါင်းဆောင် ဗိုလ်ကြီးများအထိ ဆောင်ရွက်နိုင်ရန် အရည်အချင်းများရှိပါက မည်သည့်အချိန်အခါမဆို ငါတို့တပ်ကို အဆင်သင့် ဖြစ်စေနိုင်၍ မြန်မာနိုင်ငံ၏ အကျိုးကျေးဇူးများကို ကာကွယ်ရာ၌ ရှေ့တန်းက မားမားမတ်မတ်ရပ်၍ ဆောင်ရွက်နိုင်ပေလိမ့်မည်။

**ယခုခေတ် စစ်မျိုးကား**

၎င်းပြင် ယခုစစ်မျိုးတွင် ရှေးကကဲ့သို့ မလှုပ်ရှားနိုင်သော အဘိုးကြီးများ တိုက်လို့မဖြစ်တော့၊ ထထကြွကြွ လှုပ်လှုပ်ရှားရှား တိုက်နိုင်သော စစ်သားကြီး တပ်မှူးမျိုးနှင့်သာ သင့်တော်တော့သည်။ ထို့မှမက ယခုခေတ် စစ်မျိုးတွင် အငယ်ဆုံး တပ်စိတ်မှူးကအစ စည်းကမ်းအဆင့်အတန်းမြင့်ကာ ကိုယ်ပိုင် ဉာဏ်ဖြင့် ဦးဆောင်တတ်သော အရည်အချင်းရှိရန် အထူးလိုလာလေပြီ။ အနှစ်စင်စစ်အားဖြင့် တပ်သားများပင်လျှင် ထိုအရည်အချင်းများ ရရှိနိုင်က အကောင်းဆုံးပင် ဖြစ်သည်။ ရှေးကလို (ဆင်ကန်းတောတိုး) ခိုင်းရာလုပ် တတ်သော စစ်တပ်မျိုးနဲ့ ယခုစစ်မျိုးကို တိုက်၍မဖြစ်တော့။

ထို့ကြောင့် ယခုခေတ် စစ်မျိုးတွင် တပ်မှူး၊ တပ်ကြပ်၊ တပ်သား အားလုံးသည် အဆင့်အတန်း အမျိုးအစား အထူးမြင့်ရန်လိုပေသည်။ ငါတို့ တပ်လူများ အဆင့်အတန်းမြင့်မှသာလျှင် ငါတို့တစ်မျိုးလုံးအတွက် အောင်ပန်း ဆွတ်ခူးနိုင်လိမ့်မည် ဖြစ်ရကား၊ ရဲဘော်တို့သည် ယနေ့ကစ၍ ပေးလတ္တံ့သော သင်ခန်းစာများကို ပင်ပန်းသည်ဟု ညည်းညူခြင်းမပြုဘဲ အဆုံးတိုင် ခိုင်ခိုင်မြဲမြဲ ကောင်းစွာ ကျွမ်းကျင်အောင် ကြိုးစားကြလိမ့်မည်ဟု ယုံကြည်ကြောင်း၊ အကယ်၍ ရဲဘော်တို့သည် မကြိုးစားနိုင်က ဒီစစ်တပ်ကြီးသည် ဘာမှ အသုံး မကျဖြစ်သွားပြီး ငါတို့မြန်မာနိုင်ငံလည်း ကျွန်ဘဝက တက်မယောင်ယောင်နှင့် ကျွန်ဘဝရောက်ရန်သာ ရှိတော့သည်။

(သာသူစံ၊ ညံ့သူခံ) ဖြစ်နေသော ဒီကမ္ဘာလောကကြီးတွင် ငါတို့အတွက် ငါတို့အားကို ငါတို့မွေး၊ ငါတို့လုပ်မှသာလျှင် ငါတို့အောင်ပန်းဆွတ် ရနိုင်မည် ဆိုသည်ကို မမေ့မလျော့ အမြဲအမှတ်ရ၍ ရဲဘော်တို့၏ စစ်လေ့ကျင့်ခန်းများကို

www.burmeseclassic.com

www.burmeseclassic.com



နေ့ရောညပါ အပြင်းအထန်ပေးသည့်အခါ မညည်းမညူ မြန်မာပီပီ၊ ယောက်ျား ပီပီ၊ အာဇာနည်ပီပီ၊ သူရဲကောင်းပီပီ ကြိုးစားကြရမည့်အကြောင်း နောက်ဆုံး မှာကြားခဲ့သည်။

❖❖❖

## ကျောင်းဆင်းမိန့်ခွန်း

၁၉၄၅ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက်နေ့တွင် စတုတ္ထပတ် အရာရှိသင်တန်းကျောင်းဆင်းပွဲပြုလုပ်ရာ ကျောင်းအုပ်ကြီးဗိုလ်မှူးရန်နိုင်က ကျောင်းဆင်းမိန့်ခွန်း ပြောခဲ့ပါသည်။

ကျောင်းဆင်းမိန့်ခွန်းကို တပ်မတော်မော်ကွန်းတိုက် ဖိုင်များတွင် တွေ့ရှိရသော်လည်း အချို့နေရာများတွင် ပျက်နေ၍ ဖတ်မရတော့ပါ။ ယင်းမိန့်ခွန်းကို မော်ကွန်းတိုက်ဖိုင်များမှ တွေ့ရှိသည့်အတိုင်း အောက်တွင် ဖော်ပြအပ်ပါသည်။

မြန်မာနိုင်ငံတော်စစ်တက္ကသိုလ်
မင်္ဂလာဒုံ

နေ့စွဲ၊ ၃၁–၁–၄၅။

စတုတ္ထပတ် အရာရှိသင်တန်း ကျောင်းဆင်းဘွဲ့နှင်းသဘင်။

### ကျောင်းအုပ်ကြီးမိန့်ခွန်း

ဆည့်တို့–

ယနေ့ တပည့်တို့၏ သင်တန်းပြီးဆုံးပြီဖြစ်၍ ကျောင်းတွင် သင်ကြားလာရသော တာဝန်ဝတ္တရားပင်ပန်းမှုများသည် အပြီးသတ်ခဲ့လေပြီ။ သို့ ကျောင်းတာဝန်များကို ပြီးဆုံးပြီးနောက် ကိုယ့်တိုင်းပြည် ကိုယ့်လူမျိုးတို့၏ ရေးရာများအတွက်ကို ထမ်းဆောင်ကြရန် အစပြုကြရတော့မည်။

ကျောင်းတွင် သင်ကြားပေးသော သင်တန်းများဆိုသဖြင့် စာမေးပွဲ

www.burmeseclassic.com

www.burmeseclassic.com



အောင်မြင်၍ မကြာမတင် အရာရှိများ ဖြစ်ကြရတော့အံ့ဟု သာမညထင်မှတ်ကာ ရောင့်ရဲတင်းတိမ်ခြင်း မဖြစ်အပ်။ စာမေးပွဲအောင်၍ ဗိုလ်ဖြစ်ခြင်းကား တပည့်တို့ ပန်းတိုင်မဟုတ်။ နိုင်ငံတော်၏ တည်တံ့ရေး အမျိုး၏ လူချင်းတူတူ သူချင်းမျှမျှ နေထိုင်စားသောက်ရရေးတို့ကို စွမ်းဆောင်နိုင်ခြင်းသာလျှင် တပည့်တို့ ပန်းတိုင်ဖြစ်လိမ့်မည်။

စစ်ပညာတတ်ရုံမျှနှင့် အကျိုးမထူးပြီ၊ ထိုစစ်ပညာကို အကျိုးဖြစ်ထွန်းအောင် အသုံးချတတ်မှသာလျှင် ငါတို့၏ ပင်ပန်းမှုသည် အရာရောက်လိမ့်အံ့။

ယခုအချိန်အခါသည် ရန်သူတို့သည် မြန်မာမြေအတွင်းသို့ ချင်းနင်းဝင်ရောက်လျက်ရှိကြ၏။ မြန်မာ့အိုးအိမ်၊ မြန်မာ့စည်းစိမ်နှင့် မြန်မာလူထု၏ အကျိုးမှန်သမျှကို စောင့်ရှောက်ရန်တာဝန်သည် တပည့်တို့ မျှော်လင့်တောင့်တအပ်သော တာဝန်၊ တပည့်တို့ ထမ်းဆောင်လိုသော တာဝန်ဖြစ်သည်ဟု ယုံကြည်၏။ ဤ စစ်တက္ကသိုလ်သို့ လာရောက် သင်ကြားလေ့လာ၍ လိုအပ်သော နည်းလမ်းများကို အသုံးပြုခြင်းအားဖြင့် တိုင်းပြည်၏တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်ကြကုန်။

ပညာဟူသည်ကား အဆုံးအစမရှိ။ ငါတတ်ပြီဟူသော ရောင့်ရဲမှုမျိုးကို ဘယ်အခါမှ မတွေးအပ်၊ တပ်ခွဲသီးသီး၊ ဌာနအသီးသီးသို့ ရောက်ရှိသည့်အခါတွင်လည်း ရနိုင်သမျှသော ပညာရပ်များတို့ကို နောက်ထပ်ရှာမှီး ဆည်းပူးပါလေ၊ ဓားတစ်ချောင်းကို ထပ်ခါထပ်ခါသွေးလျှင် သွေးတိုင်းသွေးတိုင်း ပိုထက်လာ၏။ ထို့အတူ ပညာကို ရတိုင်းရတိုင်း ဆည်းပူးကြိုးစားလျှင် တပည့်တို့ ကြီးစားတိုင်း ကြီးစားတိုင်း လူတော်များဖြစ်လာလိမ့်မည်။

ဤကျောင်းမှ ထွက်ခွာကြပြီး နောက်အဖို့ တပ်တွင်းတွင်လည်းကောင်း အရပ်သားများနှင့်လည်းကောင်း ပေါင်းသင်းဆက်ဆံကြရာတွင် ငါသည် မြန်မာတစ်ယောက်ဟူသော အသိဉာဏ်ကို ခေါင်းတွင်သွင်း၍ အစဉ်ပေါင်းသင်းဆက်ဆံပါလေ။ လက်အောက်ငယ်သားများအပေါ်တွင် အမိအဘ ဆရာရဲဘော်အဖြစ်မျိုးနှင့်လည်းကောင်း၊ တိုင်းသူပြည်သားများအပေါ်တွင် မြန်မာတစ်ဦးတစ်ယောက်အနေနှင့်လည်းကောင်း၊ တိုင်းရင်းသားများအပေါ်တွင် သွေးချင်းသားချင်းတစ်ယောက် အနေနှင့်လည်းကောင်း ဆက်ဆံပါလေ။

ဤကျောင်းမှ ထွက်ခွာသွားကြပြီးနောက် ကိုယ်လုပ်သမျှအလုပ်၊ ပြောသမျှစကား၊ ကြံသမျှအကြံတို့သည်လည်း တိုင်းပြည်အကျိုးကို ရှေ့ရှုလျက်



သာ ဖြစ်ရမည်။ တိုင်းပြည်၏အကျိုးနှင့်ဆန့်ကျင်လျှင် ငါတို့တပ်မတော်သည် ပြည်သူ့တပ်မတော်ဟူသော စကားနှင့် ဆန့်ကျင်လိမ့်မည်။

နောက်ထပ်၍ သတိပေးလိုသည်မှာ မကြာမတင် တိုင်းပြည်နှင့် အမျိုးကို ကာကွယ်ရန်တာဝန်သည် တပည့်တို့ အပေါ်သို့ ကျရောက်လိမ့်မည်အံ့။ အနိုင်မခံ အရှုံးမပေးဟူသော ဓာမဏီစိတ်ဓာတ်ကိုမွေး၍ အရေးတော် ကျေပွန်စေရန်တွင်အောင် ဦးလည်မသုန် ထမ်းဆောင်ကြကုန်။ ဤကျောင်းမှ တပည့်တို့ကို စစ်ပညာများကို တတ်နိုင်သမျှပေးဝေလိုက်ပြီး တပည့်တို့ထံမှ ကျောင်းအုပ်မှစ၍ ဆရာအပေါင်းတို့သည် အခြားဘာမျှ မမျှော်မှန်းလင့်။ တပည့်တို့သည် တိုင်းပြည်နှင့် လူမျိုးအတွက် အသေခံတပ်ဗိုလ်များအဖြစ် ဆောင်ရွက်နေပြီဟူသော သတင်းကောင်းကိုသာ မကြာမီ ကြားလိုသိလိုကြောင်း။

တပည့်တို့အားလုံး စိတ်ချမ်းသာ ကိုယ်ချမ်းသာနှင့် တာဝန်ဝတ္တရားများကို ကျေပွန်စွာ ဆောင်ရွက်နိုင်ကြပါစေ။

**ကျောင်းအုပ်ကြီး**

❖❖❖

www.burmeseclassic.com

www.burmeseclassic.com



## ကျောင်းဆင်းအရည်အချင်း

၁၉၄၅ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက်နေ့တွင် ကျောင်းဆင်းပွဲပြုလုပ်ရ... စက်တင်ဘာလက ဗိုလ်လောင်း ၁၃၂ ဦး ဝင်ခွင့်ရရှိသည့်အနက် ဗိုလ်လောင်း ၁၂၅ ဦးသာ အောင်ခဲ့၍ အလုပ်သင် ဗိုလ်လောင်းအဖြစ် ခန့်အပ်ခဲ့ပါသည်။

တပ်မတော် မော်ကွန်းတိုက် ဖိုင်များတွင် စတုတ္ထပတ်အရာရှိသင်တန်း ကျောင်းဆင်းများ ရှိသည့်အမှတ်နှင့် ကျောင်းဆင်းအရည်အချင်း စာရင်းကို တွေ့ရှိရ၍ ယင်းစာရင်းအတိုင်း အောက်တွင်ဖော်ပြအပ်ပါသည်။

### မြန်မာနိုင်ငံတော်စစ်တက္ကသိုလ် စတုတ္ထပတ်အရာရှိသင်တန်း ကျောင်းဆင်းများ၏ အရည်အချင်းစာရင်း

| အဆင့်အတန်းအမှတ် ၁ | အမှတ် ၂ | အမည် ၃ | တပ်စု ၄ | ရမှတ် ၅ | လာသည့်တပ်ရင်း ၆ |
|---|---|---|---|---|---|
| | ၇၇ | ခင်အုံး | ၂ | ၆၂၂.၀ | စစ်တက္ကသိုလ် |
| | ၈၈ | ဖေသန်း | ၁ | ၆၁၅.၂ | စစ်တက္ကသိုလ် |
| | ၁၂၂ | လှမောင်လေး | ၁ | ၅၉၇.၀ | စစ်တက္ကသိုလ် |
| | ၅၄ | မြဖေ | ၂ | ၅၇၈.၆ | အမြောက်ကြီး |
| | ၆၈ | အောင်ဇင် | ၂ | ၅၆၈.၄ | ဆက်သွယ်ရေး |
| | ၈၂ | ကောစမ်း | ၂ | ၅၅၄.၆ | စစ်တက္ကသိုလ် |
| | ၅ | ထွန်းအောင်ကျော် | ၃ | ၅၅၁.၇ | တပ်ရင်း ၅ |
| | ၁၁၉ | ချစ်လှိုင် | ၁ | ၅၄၉.၈ | စစ်ဝန်ကြီးရုံး |
| | ၃ | စိုးတင့် | ၃ | ၅၄၆.၂ | အမြောက်ကြီး |
| | ၂၃ | လှမောင် | ၃ | ၅၃၃.၄ | အပြင်လူ |
| | ၈၅ | မောင်သန်း | ၂ | ၅၂၄.၀ | ။ |
| | ၄၃ | သိဟ | ၃ | ၅၂၁.၁ | စစ်တက္ကသိုလ် |
| | ၁၀၄ | သင်းမောင် | ၁ | ၅၁၈.၁ | အမြောက်ကြီး |
| | ၅၃ | စံမောင် | ၂ | ၅၁၆.၆ | တပ်ရင်း ၅ |
| | ၅၆ | မောင်ညွန့် | ၂ | ၅၁၄.၂ | ဆက်သွယ်ရေး |
| | ၈၃ | မောင်မောင် | ၂ | ၅၁၁.၄ | အမြောက်ကြီး |
| | ၈၇ | မျိုးအောင် | ၂ | ၅၁၁.၀ | ထောက်ပံ့ရေး |
| | ၁၄ | သောင်းညွန့် | ၃ | ၅၀၇.၀ | စစ်ဝန်ကြီးရုံး |
| | ၅၉ | ဘမင်း | ၂ | ၅၀၅.၈ | စစ်တက္ကသိုလ် |
| | ၃၀ | မင်းအောင် | ၃ | ၅၀၃.၄ | ကိုယ်ရံတော်တပ် |
| | ၂၂ | ထွန်းရီ | ၃ | ၅၀၃.၁ | စစ်တက္ကသိုလ် |
| | ၁၈ | ညွန့်မောင် | ၃ | ၅၀၁.၇ | တပ်ရင်း ၅ |
| | ၁၃ | မောင်ဦး | ၃ | ၄၉၇.၀ | စစ်ဝန်ကြီးရုံး |
| | ၂၉ | စိန်အောင်လင်း | ၃ | ၄၉၅.၀ | အပြင်လူ |
| | ၁၂၇ | တင်အောင်သန်း | ၁ | ၄၉၄.၁ | စစ်မြင်းဌာန |
| | ၃၅ | အောင်ဒင် | ၃ | ၄၉၃.၂ | စစ်ဆေးရုံ |
| | ၁၀၅ | ချစ်ဝေ | ၁ | ၄၉၂.၀ | အမြောက်ကြီး |
| | ၁၂၉ | လှဟန် | ၁ | ၄၉၁.၈ | ။ |
| | ၃၄ | အုံးဖေ | ၃ | ၄၉၁.၂ | ။ |
| | ၈၉ | ဘလှိုင် | ၁ | ၄၈၉.၄ | လေ့ကျင့်ရေး |
| | ၂ | မောင်မောင် | ၃ | ၄၈၆.၉ | ထောက်ပံ့ရေး |
| | ၆၅ | အောင်မြတ် | ၂ | ၄၈၆.၄ | အမြောက်ကြီး |
| | ၁၁၄ | ညိုမောင် | ၁ | ၄၈၀.၉ | တပ်ရင်း ၅ |
| | ၄၉ | မြင့်တင် | ၂ | ၄၇၉.၄ | အမြောက်ကြီး |

www.burmeseclassic.com

www.burmeseclassic.com



| အဆင့်အတန်း အမှတ် | အမှတ် | အမည် | တပ်စု | ရမှတ် | လာသည့်တပ်ရင်း |
|---|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ | ၆ |
| | ၇၈ | ချစ်ထွန်း | ၂ | ၄၇၉.၁ | အမြောက်ကြီး |
| | ၁၂၂ | ကျော်စိန် | ၁ | ၄၇၉.၁ | ဆက်သွယ်ရေး |
| | ၅၀ | ဖုန်းအောင် | ၂ | ၄၇၇.၆ | အပြင်လူ |
| | ၇၃ | ကျော်ထင် | ၂ | ၄၇၃.၉ | အမြောက်ကြီး |
| | ၁၁၂ | တင်မောင် | ၁ | ၄၇၃.၉ | လေ့ကျင့်ရေးတပ် |
| | ၁၁၃ | မြင့်စိန် | | ၄၇၁.၂ | ။ |
| | ၉၀ | လှဆွေ | | ၄၆၅.၄ | ။ |
| | ၂၈ | မောင်ထွန်း | ၃ | ၄၆၃.၃ | တပ်ရင်း ၅ |
| | ၂၁ | ထွန်းတင် | ၃ | ၄၆၀.၉ | အပြင်လူ |
| | ၁၀၈ | လွင် | ၁ | ၄၄၉.၄ | လေ့ကျင့်ရေးတပ် |
| | ၁၆ | မောင်ကြိုင် | ၃ | ၄၄၈.၁ | စစ်ဝန်ကြီးရုံး |
| | ၇၉ | လှခိုင် | ၂ | ၄၄၇.၈ | လေ့ကျင့်ရေးတပ် |
| | ၂၄ | အောင်ခင် | ၃ | ၄၄၇.၂ | စစ်မြင်း |
| | ၁၂၁ | စောဝင်း | ၁ | ၄၄၅.၈ | တပ်ရင်း ၅ |
| | ၈၀ | တင်ဇ | ၂ | ၄၄၅.၇ | လေ့ကျင့်ရေးတပ် |
| | ၁၁၆ | နေထွန်း | ၁ | ၄၄၃.၃ | ။ |
| | ၄ | တင်ဇ | ၃ | ၄၄၂.၉ | သယ်ယူပို့ဆောင်ရေး |
| | ၈၁ | မောင်သိန်း | ၂ | ၄၄၁.၀ | အပြင်လူ |
| | ၁၂၄ | ကံဝင်း | ၁ | ၄၄၀.၈ | အမြောက်ကြီး |
| | ၅၇ | ဦးဂေါင်း | ၂ | ၄၃၈.၄ | ဆက်သွယ်ရေး |
| | ၆၁ | ဘမြင့် | ၂ | ၄၃၆.၉ | အပြင်လူ |
| | ၄၂ | ခင်မောင် | ၃ | ၄၂၇.၉ | စစ်ဝန်ကြီးရုံး |
| | ၉၆ | ခင်ဇ | ၁ | ၄၂၇.၇ | အမြောက်ကြီး |
| | ၉၂ | မောင်လှ | ၁ | ၄၂၄.၃ | လေ့ကျင့်ရေးတပ် |
| | ၉၃ | ကိုကိုကြီး | ၁ | ၄၂၄.၀ | စစ်မြင်း |
| | ၄၄ | အုံးကြီး | ၃ | ၄၂၃.၁ | အမြောက်ကြီး |
| | ၇၄ | မောင်လွင် | ၂ | ၄၂၁.၁ | အပြင်လူ |
| | ၁၂၃ | သောင်းထိုက် | ၁ | ၄၂၀.၆ | လေ့ကျင့်ရေးတပ် |
| | ၅၂ | မောင်ထွား | ၂ | ၄၁၇.၀ | သယ်ယူပို့ဆောင်ရေး |
| | ၉၄ | မောင်လူ | ၁ | ၄၁၅.၆ | စစ်ဝန်ကြီးရုံး |
| | ၂၆ | ချစ်ရွှေ | ၃ | ၄၁၄.၇ | စစ်မြင်း |
| | ၁၂၅ | ဝင်းသိန်း | ၁ | ၄၁၄.၄ | ဆက်သွယ်ရေး |
| | ၃၃ | မျိုးဆွေ | ၃ | ၄၁၄.၁ | ။ |
| | ၁၀၀ | ကျော်မြ | ၁ | ၄၁၂.၄ | ထောက်ပံ့ရေး |
| | ၁၁၅ | မောင်လှ | ၁ | ၄၁၁.၇ | အပြင်လူ |
| | ၁၀၃ | ဖေ | ၁ | ၄၁၁.၄ | လေ့ကျင့်ရေးတပ် |
| | ၆၆ | သန်းနွယ် | ၂ | ၄၀၇.၂ | စစ်ဝန်ကြီးရုံး |
| | ၁၂ | ကိုကို | ၃ | ၄၀၆.၂ | ထောက်ပံ့ရေးတပ် |
| | ၁၆ | ကျော်ဦး | ၂ | ၄၀၅.၉ | ။ |
| | ၄၅ | ဝင်းဖေ | ၂ | ၄၀၅.၇ | အမြောက်ကြီး |
| | ၁၁၇ | မျိုးမြင့်စိန် | ၁ | ၄၀၅.၃ | စက်မှုလက်မှု |
| | ၁၂၆ | စောမောင် | ၁ | ၄၀၅.၁ | လေ့ကျင့်ရေးတပ် |
| | ၅၁ | ကျော်ညွန့် | ၂ | ၄၀၂.၉ | ။ |
| | ၅၅ | တင်ဇ | ၂ | ၄၀၂.၆ | အပြင်လူ |
| | ၁၀၇ | ရန်အောင် | ၁ | ၄၉၈.၉ | အမြောက်ကြီး |
| | ၃၉ | အောင်ဖေ | ၃ | ၃၉၈.၇ | စံပြ |
| | ၇၉ | ထွန်းဇ | ၁ | ၃၉၇.၄ | သယ်ယူပို့ဆောင်ရေး |
| | ၆၉ | ဘသိန်း | ၂ | ၃၉၆.၁ | ဆက်သွယ်ရေး |
| | ၆ | ဟံသိန်း | ၂ | ၃၉၅.၈ | တပ်ရင်း ၁ |
| | ၁၉ | ကိုးသိန်း | ၃ | ၃၉၅.၁ | အပြင်လူ |
| | ၆၀ | အောင်မြ | ၂ | ၃၉၃.၈ | စံပြ |
| | ၁၁ | မောင်ဇ | ၃ | ၃၉၁.၁ | အပြင်လူ |
| | ၁၀၆ | စိန်းမောင် | ၁ | ၃၉၀.၇ | အမြောက်ကြီး |
| | ၄၆ | ထွန်းဝေ | ၂ | ၃၈၉.၆ | အပြင်လူ |

www.burmeseclassic.com

www.burmeseclassic.com



| အဆင့်အတန်း အမှတ် | အမှတ် | အမည် | တပ်စု | ရမှတ် | လာသည့်တပ်ရ |
|---|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ | ၆ |
| | ၉ | တင်အုံး | ၃ | ၃၈၈.၃ | ॥ |
| | ၇၁ | ဖေမြင့် | ၂ | ၃၈၆.၉ | ॥ |
| | ၁၁၁ | မျိုးညွန့် | ၁ | ၃၈၆.၂ | တပ်ရင်း ၆ |
| | ၆၇ | သန်းတင် | ၂ | ၃၈၄.၀ | လေ့ကျင့်ရေ |
| | ၆၃ | လှမောင် | ၂ | ၃၈၃.၃ | ဆက်သွယ် |
| | ၅၈ | တင်ယုံ | ၂ | ၃၈၂.၄ | အမြောက်ကြ |
| | ၆ | နေဝင်း | ၃ | ၃၇၈.၅ | အပြင်လူ |
| | ၂၈ | ထွန်းတင် | ၃ | ၃၇၅.၄ | လေ့ကျင့်ရေ |
| | ၉၈ | ထွန်းမောင် | ၁ | ၃၇၅.၁ | ॥ |
| | ၄၀ | တင်အုံး | ၃ | ၃၇၃.၄ | အမြောက်ကြ |
| | ၈၆ | ထွန်းတင် | ၂ | ၃၇၂.၇ | ॥ |
| | ၄၈ | ဘမင်း | ၂ | ၃၇၂.၁ | ॥ |
| | ၃၂ | လှဖေ | | ၃၇၃.၃ | အပြင်လူ |
| | ၈ | မြသန်း | ၃ | ၃၇၀.၀ | လေ့ကျင့်ရေ |
| | ၁၁၈ | တင်အောင် | ၁ | ၃၆၉.၇ | အမြောက်ကြ |
| | ၁၃၁ | တင်မြင့် | ၂ | ၃၆၇.၉ | စစ်ဝန်ကြီး |
| | ၁၅ | ခင်မောင် | ၃ | ၃၆၀.၇ | လေ့ကျင့်ရေ |
| | ၁၀၁ | သိန်းအောင် | ၁ | ၃၅၉.၂ | ॥ |
| | ၂၀ | ရဲမြင့် | ၃ | ၃၅၈.၆ | ॥ |
| | ၁၃၂ | လှဇ | ၁ | ၃၅၈.၂ | ဆက်သွယ် |
| | ၈၄ | ဘသန်း | ၂ | ၃၅၇.၈ | လေ့ကျင့်ရေ |
| | ၉၅ | မောင်တင် | ၁ | ၃၅၆.၁ | အပြင်လူ |
| | ၁၂၀ | ထွန်းကြည် | ၁ | ၃၅၆.၀ | လေ့ကျင့်ရေ |
| | ၁၂၈ | သန်းကြွယ် | ၁ | ၃၅၅.၇ | စစ်မြင်း |
| | ၉၁ | လှမောင် | ၁ | ၃၅၉.၉ | စစ်ဝန်ကြီး |
| | ၆၄ | ကျော်စိန် | ၂ | ၃၅၂.၆ | လေ့ကျင့်ရေ |
| | ၇၅ | ကျော်ဒင် | ၂ | ၃၄၉.၀ | အပြင်လူ |



| အဆင့်အတန်း အမှတ် | အမှတ် | အမည် | တပ်စု | ရမှတ် | လာသည့်တပ်ရင်း |
|---|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ | ၆ |
| | ၉၉ | သန်းအောင် | ၁ | ၃၄၈.၁ | စက်အမြောက် |
| | ၃၈ | ဘဟိန်း | ၃ | ၃၄၇.၉ | ဆက်သွယ်ရေး |
| | ၁၀ | ကျော်မြင့် | ၃ | ၃၄၄.၆ | လေ့ကျင့်ရေး |
| | ၁၇ | စောလွင် | ၃ | ၃၃၁.၃ | ॥ |
| | ၁၀၉ | ကျော်မြင့် | ၁ | ၃၃၁.၁ | စစ်မြင်း |
| | ၇၆ | ခင်ရွှေ | ၂ | ၃၂၈.၉ | လေ့ကျင့်ရေး |
| | ၂၅ | ကျော်ထင် | ၃ | ၃၂၇.၄ | ॥ |
| | ၇၀ | ဘဇေ | ၂ | ၃၁၆.၈ | စက်အမြောက် |
| | ၃၇ | ထွန်းရွှေ | ၃ | ၃၁၆.၈ | လေ့ကျင့်ရေး |
| | ၄၁ | တင်လှ | ၃ | ၂၉၃.၂ | ॥ |

တပ်မတော်မော်ကွန်းတိုက်မှ ရရှိသည့် စတုတ္ထပတ် အရာရှိသင်တန်း ာင်းဆင်းများ အရည်အချင်းစာရင်းကို ဖော်ပြအပ်ပါသည်။ မူလအရင်း ဖြစ်ဖြစ်၍ စိတ်အချရဆုံး ကိုးကားစာတမ်း ဖြစ်သည်မှာမုန်၏။ သို့သော် ာက်တစ်နေရာတွင် ဖော်ပြခဲ့သည့်အတိုင်း အဖြစ်မှန်နှင့် ကွဲလွဲချက်များ သည်ကို တင်ပြသွားမည် ဖြစ်ပါသည်။

ကျောင်းသားအမှတ် ၂၃ လှမောင်မှာ လှမောင်မဟုတ်ဘဲ လှမိုး ါသည်။ ယခု လမ်းစဉ်ပါတီဌာနချုပ်မှ အငြိမ်းစား ဒုဗိုလ်မှူးကြီး လှမိုး ါသည်။

ကျောင်းသားအမှတ် ၇၈ ကို ချစ်ထွန်းဟုဖော်ပြထားသော်လည်း ွန်း ဖြစ်ရပါမည်။ တိုက်ပွဲတွင် ကျဆုံးသွားပြီ ဖြစ်ပါ၏။

အမှတ် ၇၉ မှ လှခိုင်လိုလို ဖျက်ရာနှင့် ဖတ်မရဖြစ်နေသူမှာ လှဗူး ါသည်။

အမှတ် ၂၈ ထွန်းတင်ဟု ဖော်ပြထားသူမှာ ကျောင်းသားအမှတ် ထွန်းသိန်း ဖြစ်ပါသည်။ ကွယ်လွန်သွားပြီ ဖြစ်ပါသည်။

အမှတ် ၃၂ လှဖေဟု ဖော်ပြထားသူမှာ လှနွယ်ဖြစ်၍ ကွယ်လွန်ပြီး ါသည်။

www.burmeseclassic.com

www.burmeseclassic.com



အမှတ် ၆၄ ကို ကျော်စိန်ဟု ဖော်ပြထားသော်လည်း အမှန်မှာ ကျော်ရှိန် ဖြစ်ပါသည်။ ကျဆုံးသွားပြီဖြစ်သော ဗန္ဓုလကျော်ရှိန် ဖြစ်ပါသည်။

အမှတ် ၁၀၉ ကျော်မြင့်မှာ ကြည်မြင့်ဖြစ်၍ ယခုလမ်းစဉ်ပါတီဌာနချုပ်တွင် တာဝန်ထမ်းဆောင်နေသူ ဖြစ်ပါသည်။

နောက်ဆုံး ကျောင်းသားအမှတ် ၄၁ ကို တင်လှဟု ဖော်ပြထားသော်လည်း အမှန်မှာ စိန်လှဖြစ်ပါသည်။ ကွယ်လွန်သွားပြီ ဖြစ်ပါသည်။

ကျောင်းသား ၁၂၅ ဦးအနက် လက်ရှိအမှန်တကယ် အသက်ထင်ရှားရှိသူမှာ ၇၉ ဦး ဖြစ်ပါသည်။

အမှန်တကယ်ရှိသူဟု ဖော်ပြရခြင်းမှာ ကျောင်းသားအမှတ် ၁... စာလွှင်မှာ ပျောက်ဆုံး၊ သို့မဟုတ် ကွယ်လွန်ဟု သတ်မှတ်ထားပါသည်။ ကျွန်တော်တို့က ပျောက်ဆုံး၊ ကွယ်လွန်ဟု သတ်မှတ်ထားသော်လည်း ရွှေ...တောင်တွင် ရှိသေးသည်၊ တွေ့ခဲ့ပါသည်ဟု အခိုင်အမာပြောသူ ရှိနေပါသည်။ ကျွန်တော်တို့နှင့်တော့ တော်လှန်ရေးပြီးသည်မှ ယခုအထိ အဆက်အသွယ် မရပါ။

ထို့ကြောင့် ယနေ့အထိ အသက်ထင်ရှားရှိသူ ၇၉ ဦးရှိ၍ တိုက်ပွဲတွင် ကျဆုံးသူ ၁၆ ဦး၊ ကွယ်လွန်သူ ၂၉ ဦး ရှိပါသည်။ ပျောက်ဆုံး၊ ကွယ်လွန် တစ်ဦး ဖြစ်ပါသည်။

တိုက်ပွဲတွင် ကျဆုံးသူများမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

၈၈ ဖေသန်း၊ ၁၂၂ လှမောင်လေး၊ ၃၀ မင်းအောင်၊ ၃၄ အုံး... ၆၅ အောင်မြတ်၊ ၇၈ ချန်ထွန်း၊ ၁၂၂ ကျော်စိန်၊ ၁၁၃ မြင့်စိန်၊ ၉... လှဆွေ၊ ၆၆ သန်းနွယ်၊ ၁၀၆ စိန်းမောင်၊ ၆၇ သူရသန်းတင်၊ ၈ မြသန်း... ၁၂၈ သန်းကြွယ်၊ ၆၄ ကျော်ရှိန် (ဗန္ဓုလ)၊ ၃၇ ထွန်းရွှေ။

ကွယ်လွန်သွားသူများမှာ...

၁၁၉ ချစ်လှိုင်၊ ၅၃ ဓမောင်၊ ၁၈ ညွန့်မောင်၊ ၃၅ အောင်ခင်... ၁၀၅ ချစ်ဝေ၊ ၅၇ ဦးဂေါင်း၊ ၉၄ မောင်လူ၊ ၁၀၀ ကျော်မြ၊ ၁၂ ကိုကို... ၁၂၆ စောမောင်၊ ၇၉ ထွန်းဧ၊ ၄၆ ထွန်းဝေ၊ ၉ တင်အုံး၊ ၁၁၁ မျိုးညွန့်... ၆၃ လှမောင်၊ ၅၈ တင်ယုံ၊ ၂၇ ထွန်းသိန်း၊ ၉၈ ထွန်းမောင်၊ ၅၉ ဘမောင်... ၃၂ လှဖေ၊ ၁၃၁ တင်မြင့်၊ ၁၀၁ သိန်းအောင်၊ ၃၂ လှနွယ်၊ ၉၉ သန်းအောင်... ၃၈ ဘဟိန်း၊ ၇၆ ခင်ရွှေ၊ ၂၅ ကျော်ထင်၊ ၇၀ ဘဧ၊ ၄၁ စိန်လှ၊ (စုစုပေါင်း ၂၉)။

## ကျောင်းအုပ်ကြီး၏ အစီရင်ခံစာ

ကျောင်းအုပ်ကြီး အစီရင်ခံစာတွင် စတုတ္ထပတ်အရာရှိသင်တန်းကို ...ကဲ့သို့ လေ့ကျင့်သင်ကြားပေးခဲ့သည်၊ မည်သည့်အဆင့်အထိ လေ့ကျင့်ပေး...သည်တို့ကို ဖော်ပြထားပေသည်။

အစီရင်ခံစာတွင် ရက်စွဲအချို့ လွဲမှားနေ၍ ပြင်ဆင်ထားသည်ကိုလည်း ...ရပါသည်။ သမိုင်းဝင် စာရွက်စာတမ်းဖြစ်နေ၍ ထပ်မံပြင်ဆင်ခြင်း မပြု...ဘဲ ယင်းအတိုင်းပင် အောက်တွင်ဖော်ပြအပ်ပါသည်။

## မြန်မာနိုင်ငံတော်စစ်တက္ကသိုလ် မင်္ဂလာဒုံ ကျောင်းအုပ်ကြီးအစီရင်ခံစာ

စတုတ္ထပတ် ဗိုလ်သင်တန်းကျောင်းတွင် ကျောင်းသားပေါင်း ၁၃၂ ...ကို ၈-၉-၄၄ နေ့တွင် ကျောင်းဝင်ခွင့်ပြုပါသည်။ ကျောင်းဖွင့် အခမ်း...ကို ၇-၁၀-၄၄ နေ့တွင် အကြပ်သင်တန်း၊ လေကြောင်း အတတ်သင် ...ာင်းသားများနှင့်အတူ ပူးပေါင်း၍ ပြုလုပ်ပါသည်။ အစီအစဉ်အတိုင်း ...နှစ်ခွဲသင်တန်းပြုလုပ်ရန်ရှိသော်လည်း အခြေအနေအမျိုးမျိုးကြောင့် တစ်...နှစ်သင်တန်းကို ခြောက်လသင်တန်းအဖြစ် ချုံး၍သင်ကြားခဲ့ပါသည်။ သင်...ရာတွင် မြန်မာဗိုလ်ကလေးများက ခေါင်းဆောင်သင်ကြားသဖြင့် ရှေးက ...အကြံပေးများ ဂျပန်ဘာသာဖြင့်သင်ပြီး၊ မြန်မာလို တစ်ဆင့်ပြန်ပြီး သင်...သည်ထက် ပိုမိုခရီးရောက်ပါသည်။ ထို ၁-၆ လ သင်တန်းကို ၈-...၄ နေ့မှ ၂၉-၁၁-၄၄ နေ့ထိ ပထမပိုင်းအဖြစ်လည်းကောင်း၊ ၁-၁၂-... နေ့မှ ၃၁-၁-၄၅ နေ့ ဒုတိယပိုင်းအဖြစ်လည်းကောင်း ပိုင်းခြားသင်...

www.burmeseclassic.com

www.burmeseclassic.com



ကြားခဲ့ပါသည်။ ပထမပိုင်းတွင် စစ်သား၊ စစ်ကြပ်များ တတ်အပ်သော ပညာအခြေခံ လှံစွပ်ထိုးခြင်း၊ ကင်းတာဝန် ဝတ္တရားများနှင့် တပ်စိတ်တိုက် အထိသင်ကြားခဲ့ပြီး ဒုတိယပိုင်းတွင် ဓားခုတ်၊ မြင်းစီး၊ စစ်ပရိယာယ်၊ ရာဇဝင်၊ အုပ်ချုပ်မှုနှင့် တပ်ခွဲတိုက်ပွဲအထိ အရာရှိများတတ်အပ်သော ပည ရပ်များကို သင်ကြားပြီးခဲ့ပါသည်။

၂။ ကျောင်းဝင်ကျောင်းသား ၁၃၂ ယောက်အနက် ကျောင်းသား ၁၂ ယောက်ကို အလုပ်သင်ဗိုလ်ကလေးများအဖြစ် ကျောင်းဆင်းပေးပါမည်။ ကျ ကျောင်းသား ၇ ယောက်မှာ ကျန်းမာရေးချို့တဲ့မှုကြောင့် လာရင်းတပ် ၂ ယောက်၊ ကျန်းမာရေး ချို့တဲ့မှုအတွက်ထွက်ခွင့် ၁၊ စိတ်ဓာတ် ချို့တဲ့ အတွက် စာရင်းမှထုတ်ပယ်ရန် ၁၊ ပဉ္စမပတ်သို့ တက်ရန် ၃ ယောက် ဖြ ပါကြောင်း။ ကျောင်းဆင်းမည့် ကျောင်းသားများအား ယခု လ ၂၀ ရက်နေ့တ အရည်အချင်းစစ်ဆေးပွဲပြုလုပ်၍ ၂၄ ရက်နေ့တွင် လေ့ကျင့်ခန်း စစ်ဆေး ပြုလုပ်ခဲ့ပါကြောင်း၊ ၎င်းတို့ ပညာရေးအဆင့်အတန်းမှာ ၆ လမျှသာ သ ချိန်ရသော်လည်း ကျေနပ်ဖွယ်ကောင်း၍ ကျောင်းဆင်းဗိုလ်လောင်း အဆ အတန်းထက် အောက်မကျပါကြောင်း။ ထို့ကြောင့် ကျောင်းဆင်း ၇ ယောက် ချန်လှပ်၍ ကျန် ၁၂၅ ယောက်မှာ အလုပ်သင်ဗိုလ်ကလေးများ အဆင့်အတ နှင့် ထိုက်တန်ပါကြောင်း။

၃။ ကျောင်းသားများအား ဌာနအသီးသီးသို့ ခွဲပို့သော စာရင်းမှာ အော ပါအတိုင်း ဖြစ်ပါကြောင်း။

| | | |
|---|---|---|
| ၁။ | စစ်ဝန်ကြီးရုံး | ၂၀ |
| ၂။ | စစ်ဦးစီးဌာနချုပ် | ၂၀ |
| ၃။ | အနောက်တိုင်း | ၆ |
| ၄။ | အနောက်မြောက်တိုင်း | ၆ |
| ၅။ | စစ်တက္ကသိုလ် | ၁ |
| ၆။ | တပ်ရင်း ၁ | ၆ |
| ၇။ | တပ်ရင်း ၂ | ၆ |
| ၈။ | တပ်ရင်း ၃ | ၆ |
| ၉။ | တပ်ရင်း ၄ | ၆ |
| ၁၀။ | တပ်ရင်း ၅ | ၆ |



| | | |
|---|---|---|
| ၁၁။ | တပ်ရင်း ၆ | ၆ |
| ၁၂။ | တပ်ရင်း ၇ | ၆ |
| ၁၃။ | တပ်ရင်း ၈ | ၆ |
| ၁၄။ | စက်မှုလက်မှု ၁ | ၆ |
| ၁၅။ | ၎င်း ၂ | ၆ |
| ၁၆။ | စက်အမြောက် | ၆ |
| ၁၇။ | အမြောက်ကြီး | ၆ |
| | ပေါင်း = | ၁၂၅ ယောက် |

www.burmeseclassic.com

www.burmeseclassic.com

## တပ်အသီးသီးသို့ရောက်ကြပြီ

ဂျပန်ခေတ် စစ်တက္ကသိုလ်တွင် အရာရှိသင်တန်းဆင်းများကို ကျော
ဆင်းလျှင်ဆင်းချင်း အလုပ်သင်ဗိုလ်ရာထူးဖြင့် ခန့်အပ်ခဲ့၏။ တပ်ဆင်ရသည့်
ရာထူးတံဆိပ်မှာ တစ်လိုင်းသုံးပွင့်အပြင် အထူးကြယ်ကြီးပါ တပ်ဆင်ရသည်
အလုပ်သင်ဗိုလ် ရာထူးဖြင့် ၆ လ၊ တစ်နှစ် အမှုထမ်းဆောင်ပြီးမှ ဒုဗိုလ်
ရာထူးတိုးမြှင့်ပေးလေသည်။ စတုတ္ထပတ် အရာရှိသင်တန်းဆင်းများကို အလု
သင်ဗိုလ်ရာထူးခန့်အပ်၍ တပ်အသီးသီးသို့ နေရာချထားခဲ့ရာ ယင်းခန့်အပ်စာ
မြန်မာတပ်မတော် စစ်ဝန်ကြီးနှင့် စစ်သေနာပတိ ဗိုလ်ချုပ်အောင်ဆန်းကိုယ်တို
လက်မှတ်ရေးထိုး၍ ၁၉၄၅ ခု၊ ဇန်နဝါရီလ ၃၀ ရက် နေ့စွဲဖြင့် ထုတ်ခဲ့သေ
သည်။

ယင်းအမိန့်စာတွင် အလုပ်သင်ဗိုလ် အသီးသီးတာဝန်ထမ်းဆော
ရမည့် တပ်တို့ကို အောက်တွင်ဖော်ပြအပ်ပါသည်။

အောက်အမည်ပါ မြန်မာနိုင်ငံတော် စစ်တက္ကသိုလ် စတုတ္ထပ
အရာရှိသင်တန်း အောင်မြင်သူများအား အလုပ်သင်ဗိုလ်ရာထူးဖြင့် မိမိတို့
အမည်နှင့် ယှဉ်တွဲလျက်ရှိသော တပ် သို့မဟုတ် ဌာနအသီးသီးသို့ ခန့်ထား
သည်။



| အမှတ်စဉ် | အမည် | ကျောင်းသား အမှတ်စဉ် | ပို့မည့်တပ် သို့မဟုတ် ဌာန |
|---|---|---|---|
| ၁ | မောင်မောင် | ၂ | စစ်ဦးစီးဌာနချုပ် |
| ၂ | မောင်စိုးတင့် | ၃ | တပ်ရင်း ၁ |
| ၃ | မောင်တင်အေး | ၄ | အနောက်မြောက်တိုင်း စစ်ဌာန |
| ၄ | မောင်ထွန်းအောင်ကျော် | ၅ | တပ်ရင်း ၅ |
| ၅ | မောင်နေဝင်း | ၆ | စစ်ဦးစီးဌာန |
| ၆ | မောင်မြသန်း | ၈ | တပ်ရင်း ၁ |
| ၇ | မောင်တင်အုန်း | ၉ | အနောက်တိုင်းစစ်ဌာန |
| ၈ | မောင်ကျော်မြင့် | ၁၀ | တပ်ရင်း ၂ |
| ၉ | မောင်မောင်အေး | ၁၁ | တပ်ရင်း ၁ |
| ၁၀ | မောင်ကိုကို | ၁၂ | စစ်ဦးစီးဌာနချုပ် |
| ၁၁ | မောင်ဦး | ၁၃ | စက်၊ လက်ရင်း၂ |
| ၁၂ | မောင်သောင်းညွန့် | ၁၄ | စစ်ဝန်ကြီးရုံး |
| ၁၃ | မောင်ခင်မောင် | ၁၅ | တပ်ရင်း ၃ |
| ၁၄ | မောင်ကြိုင် | ၁၆ | အနောက်မြောက်တိုင်း စစ်ဌာန |
| ၁၅ | မောင်စောလွင် | ၁၇ | စစ်ဦးစီးဌာနချုပ် |
| ၁၆ | မောင်ညွန့်မောင် | ၁၈ | စစ်ဦးစီးဌာနချုပ် |
| ၁၇ | မောင်ကိုးသိန်း | ၁၉ | စစ်ဦးစီးဌာနချုပ် |
| ၁၈ | မောင်ရဲမြင့် | ၂၀ | တပ်ရင်း ၁ |
| ၁၉ | မောင်ထွန်းတင် | ၂၁ | တပ်ရင်း ၃ |
| ၂၀ | မောင်ထွန်းရီ | ၂၂ | စက်အမြောက်တပ် |
| ၂၁ | မောင်လှမိုး | ၂၃ | တပ်ရင်း ၄ |
| ၂၂ | မောင်အောင်ခင် | ၂၄ | အနောက်မြောက်တိုင်းစစ်ဌာန |
| ၂၃ | မောင်ကျော်ထင် | ၂၅ | တပ်ရင်း ၄ |
| ၂၄ | မောင်ချစ်ဆွေ | ၂၆ | စစ်ဝန်ကြီးရုံး |
| ၂၅ | မောင်ထွန်းသိန်း | ၂၇ | တပ်ရင်း ၂ |

www.burmeseclassic.com

www.burmeseclassic.com



| အမှတ်စဉ် | အမည် | ကျောင်းသား အမှတ်စဉ် | ပို့မည့်တပ် သို့မဟုတ် ဌာန |
|---|---|---|---|
| ၂၆ | မောင်ထွန်း | ၂၈ | တပ်ရင်း ၅ |
| ၂၇ | မောင်စိန်အောင်လင်း | ၂၉ | စစ်ဦးစီးဌာနချုပ် |
| ၂၈ | မောင်မင်းအောင် | ၃၀ | တပ်ရင်း ၂ |
| ၂၉ | မောင်လှဖေ | ၃၂ | စစ်ဝန်ကြီးရုံး |
| ၃၀ | မောင်မျိုးဆွေ | ၃၃ | တပ်ရင်း ၈ |
| ၃၁ | မောင်အုံးဖေ | ၃၄ | တပ်ရင်း ၃ |
| ၃၂ | မောင်အောင်တင် | ၃၅ | စစ်ဝန်ကြီးရုံး |
| ၃၃ | မောင်ကျော်ဦး | ၃၆ | စစ်ဦးစီးဌာနချုပ် |
| ၃၄ | မောင်ထွန်းရွှေ | ၃၇ | တပ်ရင်း ၄ |
| ၃၅ | မောင်ဘဟိန်း | ၃၈ | တပ်ရင်း ၈ |
| ၃၆ | မောင်အောင်ဖေ | ၃၉ | တပ်ရင်း ၇ |
| ၃၇ | မောင်တင်အုံး | ၄၀ | အမြောက်ကြီးတပ် |
| ၃၈ | မောင်စိန်လှ | ၄၁ | တပ်ရင်း ၅ |
| ၃၉ | မောင်ခင်မောင် | ၄၂ | တပ်ရင်း ၆ |
| ၄၀ | မောင်သီဟ | ၄၃ | တပ်ရင်း ၅ |
| ၄၁ | မောင်အုံးကြီး | ၄၄ | တပ်ရင်း ၃ |
| ၄၂ | မောင်ဝင်းဖေ | ၄၅ | တပ်ရင်း ၂ |
| ၄၃ | မောင်ထွန်းငွေ | ၄၆ | အနောက်တိုင်းစစ်ဌာနချုပ် |
| ၄၄ | မောင်ဗမင်း | ၄၈ | စစ်ဦးစီးဌာနချုပ် |
| ၄၅ | မောင်မြင့်တင် | ၄၉ | အမြောက်ကြီးတပ် |
| ၄၆ | မောင်ဘုန်းအောင် | ၅၀ | စစ်ဦးစီးဌာနချုပ် |
| ၄၇ | မောင်ကျော်ညွှန့် | ၅၁ | တပ်ရင်း ၆ |
| ၄၈ | မောင်ထွား | ၅၂ | စစ်ဝန်ကြီးရုံး |
| ၄၉ | မောင်အေးမောင် | ၅၃ | စစ်ဦးစီးဌာနချုပ် |
| ၅၀ | မောင်မြအေး | ၅၄ | စစ်တက္ကသိုလ် |
| ၅၁ | မောင်တင်အေး | ၅၅ | အနောက်မြောက်တိုင်းစစ်ဌာန |
| ၅၂ | မောင်ညွှန့် | ၅၆ | တပ်ရင်း ၇ |



| အမှတ်စဉ် | အမည် | ကျောင်းသား အမှတ်စဉ် | ပို့မည့်တပ် သို့မဟုတ်ဌာန |
|---|---|---|---|
| ၅၃ | မောင်ဦးဂေါင်း | ၅၇ | အနောက်တိုင်းစစ်ဌာန |
| ၅၄ | မောင်တင်ယုံ | ၅၈ | တပ်ရင်း ၄ |
| ၅၅ | မောင်ဘမင်း | ၅၉ | စက်အမြောက်တပ် |
| ၅၆ | မောင်အောင်မြ | ၆၀ | တပ်ရင်း ၃ |
| ၅၇ | မောင်ဘမြင့် | ၆၁ | စစ်ဝန်ကြီးရုံး |
| ၅၈ | မောင်ဟံသိန်း | ၆၂ | တပ်ရင်း ၁ |
| ၅၉ | မောင်လှမောင် | ၆၃ | စက်–လက်ရင်း ၂ |
| ၆၀ | မောင်ကျော်ရှိန် | ၆၄ | တပ်ရင်း ၈ |
| ၆၁ | မောင်အောင်မြတ် | ၆၅ | အမြောက်ကြီးတပ် |
| ၆၂ | မောင်သန်းနွယ် | ၆၆ | တပ်ရင်း ၂ |
| ၆၃ | မောင်သန်းတင် | ၆၇ | စက်–လက်ရင်း ၁ |
| ၆၄ | မောင်အောင်ဇင် | ၆၈ | စစ်ဦးစီးဌာနချုပ် |
| ၆၅ | မောင်ဘသိန်း | ၆၉ | စစ်ဝန်ကြီးရုံး |
| ၆၆ | မောင်ဘအေး | ၇၀ | စက်–လက်ရင်း ၂ |
| ၆၇ | မောင်ဖေမြင့် | ၇၁ | တပ်ရင်း ၇ |
| ၆၈ | မောင်ကျော်ထင် | ၇၃ | တပ်ရင်း ၄ |
| ၆၉ | မောင်လွင် | ၇၄ | စစ်ဦးစီးဌာနချုပ် |
| ၇၀ | မောင်ကျော်ဒင် | ၇၅ | စစ်ဝန်ကြီးရုံး |
| ၇၁ | မောင်ခင်ရွှေ | ၇၆ | တပ်ရင်း ၅ |
| ၇၂ | မောင်ခင်အုံး | ၇၇ | စစ်ဦးစီးဌာနချုပ် |
| ၇၃ | မောင်ချန်ထွန်း | ၇၈ | စက်အမြောက်တပ် |
| ၇၄ | မောင်လှဗူး | ၇၉ | တပ်ရင်း ၃ |
| ၇၅ | မောင်တင်အေး | ၈၀ | တပ်ရင်း ၇ |
| ၇၆ | မောင်သိန်း | ၈၁ | တပ်ရင်း ၇ |
| ၇၇ | မောင်ကျော်ဆန်း | ၈၂ | စစ်ဦးစီးဌာနချုပ် |
| ၇၈ | မောင်မောင် | ၈၃ | စက်အမြောက်တပ် |
| ၇၉ | မောင်ဘသန်း | ၈၄ | စစ်ဝန်ကြီးရုံး |

www.burmeseclassic.com

www.burmeseclassic.com



| အမှတ်စဉ် | အမည် | ကျောင်းသား အမှတ်စဉ် | ပို့မည့်တပ် သို့မဟုတ်ဌာန |
|---|---|---|---|
| ၈၀ | မောင်သန်း | ၈၅ | စစ်ဦးစီးဌာနချုပ် |
| ၈၁ | မောင်ထွန်းတင် | ၈၆ | အမြောက်ကြီးတပ် |
| ၈၂ | မောင်မျိုးအောင် | ၈၇ | အနောက်တိုင်းစစ်ဌာန |
| ၈၃ | မောင်ဖေသန်း | ၈၈ | တပ်ရင်း ၄ |
| ၈၄ | မောင်ဘလှိုင် | ၈၉ | တပ်ရင်း ၈ |
| ၈၅ | မောင်လှဆွေ | ၉၀ | စက်–လက်ရင်း ၂ |
| ၈၆ | မောင်လှမောင် | ၉၁ | စစ်ဝန်ကြီးရုံး |
| ၈၇ | မောင်လှ | ၉၂ | စစ်ဝန်ကြီးရုံး |
| ၈၈ | မောင်ကိုကိုကြီး | ၉၃ | စစ်ဝန်ကြီးရုံး |
| ၈၉ | မောင်လူ | ၉၄ | စစ်ဝန်ကြီးရုံး |
| ၉၀ | မောင်တင် | ၉၅ | စက်–လက်ရင်း ၂ |
| ၉၁ | မောင်ခင်အေး | ၉၆ | တပ်ရင်း ၈ |
| ၉၂ | မောင်ထွန်းအေး | ၉၇ | စက်အမြောက်တပ် |
| ၉၃ | မောင်ထွန်းမောင် | ၉၈ | စစ်ဦးစီးဌာနချုပ် |
| ၉၄ | မောင်သန်းအောင် | ၉၉ | အမြောက်ကြီးတပ် |
| ၉၅ | မောင်ကျော်မြ | ၁၀၀ | စက်–လက်ရင်း ၁ |
| ၉၆ | မောင်သိန်းအောင် | ၁၀၁ | တပ်ရင်း ၂ |
| ၉၇ | မောင်လှမောင်လေး | ၁၀၂ | စစ်ဦးစီးဌာနချုပ် |
| ၉၈ | မောင်အေးဖေ | ၁၀၃ | အနောက်မြောက်တိုင်း စစ်ဌာန |
| ၉၉ | မောင်သင်းမောင် | ၁၀၄ | စက်–လက်ရင်း ၁ |
| ၁၀၀ | မောင်ချစ်ဝေ | ၁၀၅ | စက်အမြောက်တပ် |
| ၁၀၁ | မောင်စိန်းမောင် | ၁၀၆ | စစ်ဝန်ကြီးရုံး |
| ၁၀၂ | မောင်ရန်အောင် | ၁၀၇ | စက်–လက်ရင်း ၁ |
| ၁၀၃ | မောင်အေးလွင် | ၁၀၈ | စစ်ဝန်ကြီးရုံး |
| ၁၀၄ | မောင်ကြည်မြင့် | ၁၀၉ | တပ်ရင်း ၁ |
| ၁၀၅ | မောင်မျိုးညွန့် | ၁၁၁ | တပ်ရင်း ၆ |




| အမှတ်စဉ် | အမည် | ကျောင်းသား အမှတ်စဉ် | ပို့မည့်တပ် သို့မဟုတ်ဌာန |
|---|---|---|---|
| [illegible] | မောင်တင်မောင် | ၁၁၂ | စက်–လက်ရင်း ၂ |
| [illegible] | မောင်မြင့်စိန် | ၁၁၃ | စစ်ဝန်ကြီးရုံး |
| [illegible] | မောင်ညိုမောင် | ၁၁၄ | တပ်ရင်း ၅ |
| [illegible] | မောင်လှ | ၁၁၅ | တပ်ရင်း ၆ |
| [illegible] | မောင်နေထွန်း | ၁၁၆ | တပ်ရင်း ၆ |
| [illegible] | မောင်မျိုးမြင့်စိန် | ၁၁၇ | စစ်ဝန်ကြီးရုံး |
| [illegible] | မောင်တင်အောင် | ၁၁၈ | အနောက်မြောက်တိုင်းစစ်ဌာန |
| [illegible] | မောင်ချစ်လှိုင် | ၁၁၉ | စစ်ဦးစီးဌာနချုပ် |
| [illegible] | မောင်ထွန်းကြည် | ၁၂၀ | တပ်ရင်း ၇ |
| [illegible] | မောင်စောဝင်း | ၁၂၁ | တပ်ရင်း ၆ |
| [illegible] | မောင်ကျော်စိန် | ၁၂၂ | စစ်ဝန်ကြီးရုံး |
| [illegible] | မောင်သောင်းထိုက် | ၁၂၃ | အနောက်တိုင်းစစ်ဌာန |
| [illegible] | မောင်ကံဝင်း | ၁၂၄ | စစ်ဝန်ကြီးရုံး |
| [illegible] | မောင်ခင်သိန်း | ၁၂၅ | တပ်ရင်း ၈ |
| [illegible] | မောင်စောမောင် | ၁၂၆ | စက်–လက်ရင်း ၁ |
| [illegible] | မောင်တင်အောင်သန်း | ၁၂၇ | စက်–လက်ရင်း ၁ |
| [illegible] | မောင်သန်းကြွယ် | ၁၂၈ | စစ်ဝန်ကြီးရုံး |
| [illegible] | မောင်လှဟန် | ၁၂၉ | အမြောက်ကြီးတပ် |
| [illegible] | မောင်တင်မြင့် | ၁၃၁ | အနောက်တိုင်းစစ်ဌာန |
| [illegible] | မောင်လှနွယ် | ၁၃၂ | စစ်ဦးစီးဌာနချုပ် |

(ပုံ)အောင်ဆန်း
စစ်ဝန်ကြီးနှင့် စစ်သေနာပတိ
မြန်မာ့တပ်မတော်။

၃၀–၁–၄၅

www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်ချုပ်အောင်ဆန်းလက်မှတ်နှင့် စစ်တက္ကသိုလ် စတုတ္ထပတ် အရာ
သင်တန်းကျောင်းသား မောင်ခင်အုံးအား ပေးအပ်ချီးမြှင့်သည့်
ဂုဏ်ထူးဆောင်လက်မှတ်။



## ၁၉၄၅ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက် ဖို့စ် ၁၃၆


စတုတ္ထပတ် အရာရှိသင်တန်း တက်ရောက်နေစဉ်မှာပင် ၁၉၄၄ ခု မကုန်ဆုံးမီ ရခိုင်တိုင်းအတွင်း ဦးညိုထွန်း၊ ဦးပညာသီဟတို့က ဖက်ဆစ် န်များအား တော်လှန်တိုက်ခိုက်ခဲ့ကြလေသည်။

၁၉၄၅ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့တွင် အိန္ဒိယရှိ ဗြိတိသျှဖို့စ် ဌာနချုပ်သို့ မြန်မာပြည်တွင်း ယင်းတို့ ကိုယ်စားလှယ်များက သတင်းထူး ပို့ခဲ့ကြလေသည်။ ယင်းသတင်းထူးကား တပ်အင်အား ၈၀၀၀ ခန့်ရှိ မြန်မာ့တပ်မတော်သည် ဂျပန်များအား ပြန်လည်တော်လှန်ရန် အသင့်ရှိ ပြီဖြစ်ကြောင်း၊ ဖို့စ် ၁၃၆ က ဆက်သွယ်ရေးအဖွဲ့များ စေလွှတ်ပါက နိုင်ငံအတွင်း မြန်မာ့တပ်မတော်နှင့် တော်လှန်ရေးအင်အားစုများက ခဲ့ကြိုဆိုမည့်သတင်း ဖြစ်လေသည်။

ထို့ကြောင့် ကျွန်ုပ်တို့ကျောင်းမဆင်းမီ ဗမာ့တပ်မတော်က ဖို့စ် ၁၃၆ အဆက်အသွယ်ရရှိပြီး ဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



၁၉၄၅ ခု၊ မတ်လ ၁၇ ရက်နေ့ စစ်ရေးပြနှင့်
တပ်ထွက်ပွဲ အခမ်းအနားအပြီး တပ်မတော်သားများ
ရွှေတိဂုံစေတီတော်မြောက်ဘက်မုခ်ဆီသို့ ချီတက်သွားကြစဉ်



## ၁၉၄၅ ခုနှစ်၊ မတ်လ ၈ ရက် ဗိုလ်ဗထူး တော်လှန်ပြီ

၁၉၄၅ ခုနှစ်၊ မတ်လ ၈ ရက်နေ့တွင် မန္တလေးတိုင်းမှ ဗိုလ်မှူးဗထူး တပ်က ဂျပန်အား တော်လှန်တိုက်ခိုက်ခဲ့ကြလေသည်။

မတ်လ ၁၇ ရက်နေ့တွင် ယခု တော်လှန်ရေးပန်းခြံနေရာ၌ ဗိုလ်ချုပ်အောင်ဆန်း၊ ဂျပန်ဗိုလ်ချုပ်ကြီး ဆာမူရိုင်း၊ ဒေါက်တာဘမော်တို့က တပ်မတော်တပ်ဖွဲ့များကို စစ်ဆေး ဗိုလ်ရှုခံပြီး ဗိုလ်ချုပ်အောင်ဆန်းက တပ်မတော်သည် အနီးဆုံးရန်သူကို ရှာတိုက်ရန် ညွှန်ကြားခဲ့လေသည်။

## ၁၉၄၅ ခုနှစ်၊ မတ်လ ၂၃ ရက် ဗိုလ်ချုပ်အောင်ဆန်းမှ အဓိပတိထံသို့ပေးစာ


မတ်လ ၂၃ ရက်နေ့တွင် ဗိုလ်ချုပ်အောင်ဆန်း ရန်ကုန်မှ စတင်ထွက်ခွာခဲ့၏။ ဖက်ဆစ်များအား တော်လှန်ရန် စစ်မြေပြင်သို့ ထွက်ခွာခြင်းဖြစ်ကြောင်း ဂျပန်များ မသိရှိခဲ့ကြပေ။

ဗိုလ်ချုပ်က အဓိပတိ ဒေါက်တာဘမော်ထံသို့ စာတစ်စောင် ပေးခဲ့၏။ ထိုစာသည် ထိုစဉ်က ဗမာ့တပ်မတော်၏ သန္နိဋ္ဌာန်ကို ကွက်ကွက်ကွင်းကွင်း ဖော်ပြခဲ့သဖြင့် အောက်တွင်တင်ပြအပ်ပါသည်။ မူရင်းစာကို ဗိုလ်ချုပ်က အင်္ဂလိပ်စာဖြင့် ရေးသားထားရာမှ မြန်မာဘာသာသို့ ပြန်ဆိုဖော်ပြလိုက်ခြင်း ဖြစ်ပါသည်။

"ကျွန်တော်တို့ ဘယ်သူ့အကူအညီမှမပါဘဲ အချိန်တော်တော်ကြာ တိုက်ကြဖို့ ပြင်ဆင်ထားကြရလိမ့်မယ်။ ဒါပေမဲ့ ကျွန်တော်တို့ ရည်မှန်းချက် နောက်ဆုံး တစ်နေ့မှာ မုချအောင်ရမယ်လို့ ကျွန်တော် ယုံကြည်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်ချုပ်အောင်ဆန်းထံမှ အဓိပတိဒေါက်တာဘမော်ထံသို့
ပေးသောစာ လက်ရေးမူ

"စစ်ဖြစ်နေသည်ဖြစ်စေ၊ စစ်ပြီးသွားသည်ဖြစ်စေ၊ ငြိမ်းချမ်းနေသည်ဖြစ်စေ၊ ငြိမ်းချမ်းရေး မရသေးဘဲဖြစ်စေ၊ နောက်ဆုံး အောင်ပွဲရသည်အထိ ကျွန်တော်တို့ လွတ်လပ်ရေးအတွက် ဆက်လက်တိုက်ပွဲဝင်သွားရမှာ ဖြစ်ပါတယ်"

ယင်းစာ အဓိပတိလက်သို့ မရောက်ရှိတော့ချေ။



## တော်လှန်ရေး

၁၉၄၅ ခုနှစ်၊ မတ်လ ၂၇ ရက်နေ့တွင် မြန်မာ့တပ်မတော်တစ်ခုလုံး ...ထုနှင့်အတူ ဂျပန်ဖက်ဆစ်များအား စွမ်းစွမ်းတမံ တော်လှန်တိုက်ခိုက် ...သည်။ စတုတ္ထပတ် အရာရှိသင်တန်းဆင်းများအနေဖြင့် စစ်တက္ကသိုလ် ...င်းဆင်းပြီး ၅၅ ရက်အကြာတွင် တော်လှန်ရေးတစ်ရပ် ပါဝင်ဆင်နွှဲ ... ဖြစ်ပေ၏။ စတုတ္ထပတ်အရာရှိ သင်တန်းဆင်း ၁၂၅ ဦးသည် ...င်ဗိုလ်လောင်းများအဆင့်ဖြင့် တာဝန်ကျရာ တပ်အသီးသီးမှ ဖက်ဆစ် ...န်ရေးကြီးတွင် ပါဝင်ဆင်နွှဲတိုက်ခိုက်ခဲ့ကြပါသတည်း။

❖❖❖

www.burmeseclassic.com

www.burmeseclassic.com

ပထမပိုင်း၏ နောက်ဆက်တွဲ (က)

# စစ်တက္ကသိုလ်
# ခါ
# ရွှေကျောင်းတော်

(...အုပ်ကို ၁၅–၁၀–၄၄ နေ့တွင် ကိုကျော်စိန်ထံမှ လက်ဆောင်ရရှိသည်။)

www.burmeseclassic.com

www.burmeseclassic.com



၆-၉-၄၄

တော်သလင်းလဆုတ် ၅ ရက် (ဗုဒ္ဓ

**ကိုကိုကြီး**

ကနေ့ ကျွန်တော်တို့ လေ့ကျင့်ရေးတပ်ရင်းက မြေဆိုကြသူ ၄ ယောက်အနက်၊ ၂၉ ယောက် မင်္ဂလာဒုံစစ်မြေကို ပြောင်းပြီး နိုင်ငံတော် စစ်တက္ကသိုလ် ကျောင်းကြီးကို ရောက်တဲ့နေ့ပေါ့။ မကြာခင် ကျွန်တော် တစ်တွေဟာ မင်္ဂလာဒုံရောက်ရင် အဝတ်အစားအားလုံး အသစ်ရမယ်ဆိုပြီး တပ်မှာရှိတဲ့ အဝတ်သစ်တွေကို အားလုံးအဟောင်းနဲ့ လဲခဲ့ကြရတယ်။ မနက် အားလုံး စစ်ဝန်ကြီးရုံးမှာ စုကြရတယ်။ နံနက်စာကို စစ်ဝန်ကြီးရုံးမှာ မောင်း ပြီး ကျွေးတယ်လေ၊ ဟင်းက ကြက်သားနဲ့ပဲသီးဗျ။ ဒါနဲ့ နေ့လယ်မှာ ကား နှစ်စင်းနဲ့ မင်္ဂလာဒုံကျောင်းကို လာကြရတယ်။ ကျောင်းပေါက်ဝမှာ 'မြန် နိုင်ငံတော် စစ်တက္ကသိုလ်'ဆိုတဲ့ ဆိုင်းဘုတ်အကြီးကြီး ချိတ်လို့၊ ကျွန်တော် ကျောင်းအဆောက်အအုံက အရင်တုန်းက ဗြိတိသျှ 11th Battalion ထား နေရာလို့ ပြောတယ်။ မျက်နှာချင်းဆိုင်မှာ ကုလားတပ်ရှိတယ်။ ကျွန်တော် အရင်စောပြီး ၄ လလောက်က တက်တဲ့အပတ် (တတိယအပတ်ပေါ့)ထဲ မြင်းခြံက မောင်ဟင်[1]တို့၊ လှမောင်[2]တို့ရှိတယ်။ ချက်ချင်းအခန်းတွေခွဲပေး အခန်းထဲမှာနေတုန်း ဦးတင်သား ကိုအုန်းဖေကြီး[3] ရောက်လာတယ်။

၁။ **မောင်ဟင်** မြင်းခြံအစိုးရ အထက်တန်းကျောင်းမှ (၁၀)တန်းကျောင်းသား တပ်ထဲ ဝင်သောအခါ ဝင်းအောင်ဟု နာမည်ပြောင်းသည်။ တပ်မတော် ဖျက်သိမ်းပြီး ရန်ကုန်တက္ကသိုလ်တွင် ဆက်လက်ပညာသင်ကြားခဲ့သည် အင်းစိန် အရေး အခင်းတွင် ကျောင်းသားရဲဘော်အဖြစ် တပ်မတော်နှင့်အ သောင်းကျန်းသူ များကို တိုက်ခိုက်ခဲ့ရာ တိုက်ပွဲတွင် ကျဆုံးသွားခဲ့သည်။

၂။ **လှမောင်** မြင်းခြံ အစိုးရ အထက်တန်းကျောင်းမှ (၁၀)တန်းကျောင်းသား ကျဆုံးသွားပြီ ဖြစ်သည်။

၃။ **ကိုအုန်းဖေကြီး** မြင်းခြံမှ တိုရှဉ့်ဆေးကု အင်ဇပက်တော် ဦးတင်၏ သား အကြီးဆုံး။ စစ်ဖြစ်သောအခါ ရန်ကုန်တက္ကသိုလ်တွင် ဉပစာ (သိပ္ပံ)တန်း တက်ရောက်နေပြီ ဖြစ်သည်။ ရဲချုပ်အဖြစ်လည်းကောင်း၊ မြန်မာ့တပ်မတော် စစ်ဦးစီးတက္ကသိုလ်တွင် နည်းပြမှူးချုပ်အဖြစ်လည်းကောင်း တာဝန် ထမ်းဆော ခဲ့ဖူး၍ ယခု ဗိုလ်မှူးကြီး အဆင့်ဖြင့် အငြိမ်းစားယူသွားသူ ဖြစ်ပါသည်။



ဘော်ထဲမှာ စိန်ပြောင်းကြီး ကိုင်လို့လေ။ လူလည်းတော် တော်ပိန်နေတယ်။ ကြီးက ဗိုလ်သင်တန်းနဲ့ အတူတူပေမယ့် Staff Training[1] ခေါ်တယ်။ ချုပ်ရေးဘက်ကပေါ့။ ကျောင်းမှာ အကြပ်သင်တန်းက ကျောင်းသားတွေ ဘော်မလာကြသေးဘူး။

ပြီးတော့ ဒီတက္ကသိုလ်မှာတက်သွားတဲ့ ကျောင်းသားတိုင်း အံ့သြရတဲ့ တန်းကျောင်းသားတွေရှိတယ်။ မူလအစီအစဉ်ကတော့ သူတို့ကို ဒီမှာ ining ၃ နှစ်ပေးပြီး Nippon ကို တော်တဲ့သူ ပို့ဖို့ပဲ။ ဒါပေမဲ့ အခြေအနေ ဘက် ပို့တော့မယ်မထင်ပါဘူး။ ဒီကောင်လေးတွေဟာ သိပ်ပြီးအံ့သြစရာ င်းတယ်ဗျာ။ ဂျပန်စာမှာရော စစ်ပညာမှာရော ဖွဲ့မှာရော သိပ်တော်တဲ့ င်လေးတွေပဲ။ ခုဆိုရင် သူတို့ကျောင်းရောက်နေတာ သုံးနှစ်လောက်ရှိသွား သူတို့ကို ကျောင်းစောင့် နတ်လေးတွေလို့ခေါ်ကြတယ်။

ကျောင်းရောက်တယ်ဆိုရင် ကျောင်းရဲ့နေ့စဉ် ဝတ္တရားတချို့ကို ပြောပြ ။ လူတိုင်းဟာ ခေါင်းဆောင်ခြင်း အရည်အချင်းရအောင် တပ်စုခေါင်း င် အခန်းခေါင်းဆောင်စသည်ဖြင့် လုပ်ရတယ်။ ကျွန်တော်တို့တပ်ခွဲမှာ ၃ စုရှိတယ်။ တပ်စုတစ်စုမှာ နှစ်ခန်းထားတယ်။ ပြီးတော့ အဲဒီအခန်း ထမင်းကျွေးရတဲ့တာဝန်ကို ကျောင်းသားတွေပဲ အလှည့်ကျ လုပ်သွားရ ။ ပြီးတော့ သတင်းကောင်းတစ်ခုကြားရတာက ကျွန်တော်တို့ 4th မှာ နိပွန်တွေ မကိုင်ရတော့ဘူးတဲ့။ အကြပ်ပေးအရာရှိလောက်သာ တော့မယ်တဲ့။ ဒီနေ့တော့ ဘာမှအထူးမလုပ်ရသေးပါဘူး။ စည်းကမ်းလေး လောက်ပဲ ပြောပြတယ်။

၇-၉-၄၄

တော်သလင်းလဆုတ် ၆ ရက်။

ကနေ့ ကျွန်တော်တို့ကို အဝတ်အစားပေးတဲ့နေ့ပဲ။ အဝတ်ကြမ်း ခ်ပဲရတယ်။ ဒီတော့မှ တပ်မှာထားခဲ့ရတာလေးတွေ ပြန်နှမြောသလို တာပေါ့။ ဒါပေမဲ့ ကျွန်တော်တို့ထားခဲ့ရတာတွေကို ရဲဘော်တွေ ပျော် ကြီးသုံးစွဲ နေကြတာတွေမို့ တစ်မျိုးဝမ်းသာရသေးတယ်။ ခေါင်းအုံး

၁။ **Staff Training** ဦးစီးသင်တန်း၊ ပညာအခြေခံကောင်းသော ကျောင်းသားများ ကို ဦးစီးအရာရှိများ တာဝန်ပေးအပ်ရန် သီးခြားရွေးချယ်ထားသည်။ ကျွန်တော် တို့ စတုတ္ထပတ်တွင် ယင်းသို့သီးခြား ရွေးချယ်ခြင်းမရှိပါ။

www.burmeseclassic.com

www.burmeseclassic.com



ကြီးတစ်လုံး၊ ခြင်ထောင်တစ်ထည်၊ စောင်သုံးထည်စီရတယ်။ ဒါတွေကျ
တပ်ထက်ကောင်းတာပေါ့။ တပ်မှာ ခြင်ထောင်တစ်ခုကို လေးယောက်အိ
တယ်။ ဖိနပ်တွေတော့ ခုထိမပေးသေးဘူး။ ခုံဖိနပ်တော့ တရန်စီရနေပြီ
တပ်စုတွေ ခွဲတော့ ကျွန်တော်က ဗိုလ်ကျော်ညွန့်[1] တပ်စု ၃ မှာကျတ
သိန်းအောင်[2] လည်း အတူတူပဲ။ တပ်စု ၃ မှာပဲ။ ဗိုလ်ကျော်ညွန့်က မကျေ
တဲ့၊ တပ်ခွဲမှာ သဘောအကောင်းဆုံးလို့ပြောတာပဲ။ ကျောင်းသားတွေအ
တကယ်စေတနာထားပုံရပါတယ်။ ကနေ့ စာအုပ်တစ်အုပ်စီနဲ့ ခဲတံတွေ ရတ
လေ။

၈-၉-၄၄၊ တော်သလင်းလဆုတ် ၇ ရ

ကနေ့ တပ်တွင်းစည်းကမ်းပဲသင်တယ်။ ပြီးတော့ထမင်းစားပြီး ကျ
မာရေး စစ်ဆေးကြရတယ်။ ပြီးတော့ နေ့လယ်ခင်းမှာ စစ်ပညာအခြေခံ
သင်ကြရတယ်။

၉-၉-၄၄၊ တော်သလင်းလဆုတ် ၈ ရ

ကနေ့လေ့ကျင့်ခန်း ကွင်းကြီးထဲမှာ ကျန်းမာရေး အခြေခံကို စစ်ဆေ
တယ်။ ကိုက် ၁၀၀ အပြေးပြိုင်ကြရတယ်။ လက်ပစ်ဗုံးပစ် ပြိုင်ရတ
နေပူကြီးမှာဆိုတော့ တော်တော်လေး ဖားတာပဲ။ နေ့လယ်ခင်းမှာ စစ်ပ
အခြေခံ စစ်ဆေးတယ်။ လုံ့ခွပ်ထိုးတို့ ချိတက်ခြင်းတို့ ကင်းစောင့်အပြုအမူ
တော်တော်ဖားတာပေါ့။ ကနေ့တော့ တော်တော်လေး ချွေးမြေကျတဲ့နေ့

၁၁-၉-၄

ကနေ့တပ်ခွဲ အကြပ်ပေးအရာရှိ ဂျပန်ကြီးက မိန့်ခွန်းပေးတယ်
ကျွန်တော်တို့တစ်တွေဟာ ဗိုလ်ပေါက်ဖွားလာမယ့် ဥလေးတွေနဲ့တူတဲ့အကြော
ဒီဥလေးတွေဟာ ပေါက်ဖွားလာရင် ဗိုလ်တွေဖြစ်လာမယ့်အတွက် ဗိုလ်

၁။ **ဗိုလ်ကျော်ညွန့်** ကုန်းလမ်းသယ်ယူပို့ဆောင်ရေးမှ အငြိမ်းစားယူသ
စတုတ္ထကျောင်းဆင်းများက ဒုဗိုလ်မှူးကြီးကျော်ညွန့်အား ယခုအထိ ဂျပန်ခေ
စစ်တက္ကသိုလ်က အတိုင်းဗိုလ်လေးဟု ခေါ်ကြသည်။

၂။ **သိန်းအောင်** တောင်တွင်းကြီးမှ သိန်းဦး။ (ကွယ်လွန်)



တဲ့ အရည်အချင်းနဲ့ပြည့်စုံကြဖို့ပေါ့။ ညမှာ Air Raid Alarm ၃ ခါတောင်
တယ်။ တော်တော်လေး အိပ်ရေးပျက်တာပေါ့။

၁၂-၉-၄၄

မနက်ပိုင်းမှာ ကိုယ်စီလေ့ကျင့်ခန်း လေ့ကျင့်ကြရတယ်။ ပြီးတော့
တော်ရဲ့အခြေအနေနဲ့တကွ လေ့ကျင့်ခန်းမှာ စိတ်ပါလက်ပါနဲ့ ပြုမူဖို့
မှူးက ဟောပြောတယ်လေ။ ညနေကျတော့ ရိုဝါနေတဲ့ နေရောင်ထဲမှာ
ချင်းတွေ ဆိုကြရတယ်။

၁၃-၉-၄၄

ကနေ့မနက်ပိုင်းမှာ ကျွန်တော်တို့တပ်စုမှူးက ဘောလုံးကန် တော်တော်
နာပါတယ်နဲ့တူတယ်။ စာသင်ရင်းပဲ ဘောလုံးကန်ကောင်းတဲ့ လူတွေကို
တယ်လေ။ ပြီးညနေမှာ ဘောလုံးကန်ကြရတယ်။ ကျွန်တော်တော့ သိပ်
နာမပါတာနဲ့ ကွင်းဘေးကပဲ သွားပြီးကြည့်ခဲ့တယ်။

၁၅-၉-၄၄

ကနေ့မနက်မှာ နှင်းတွေ တော်တော်လေး ကျနေပြီး အဲဒီနှင်းတွေ
တဲ့အထဲမှာ ကျန်းမာရေးပြကြရတယ်။ ထမင်းစားပြီး တပ်ခွဲအကြပ်ပေးအရာ
မိန့်ခွန်းပေးတယ်လေ။ ညနေမှာ တပ်ခွဲ ထမင်းစားပွဲအတွက် **အကြီးကြယ်**
တွေ တပ်ကြရတယ်လေ။ ဟင်းက ခါတိုင်းလိုပေမယ့် ကနေ့ ထူးခြား
ဗိုလ်တွေရော၊ အကြပ်ပေးအရာရှိတွေပါ ကျောင်းသားတွေနဲ့ အတူတူ
ကြရတယ်။ အရပ်သားအဖြစ်နဲ့ကြည့်ရင် ရယ်စရာလိုဖြစ်နေပေမယ့် ငတ်
နေတဲ့ ကျောင်းသားတွေဟာ ဒီလိုအခါမျိုး ကြုံခဲဘိခြင်းပေါ့။ ဟင်းက
သားနဲ့ ဖရုံသီးလေ။ ဆီလေးနည်းနည်း အပေါ်မှာ ဝေ့နေပြီး ဝက်သား
ဖရုံသီးဖတ်ကလေးတွေက အပေါ်မှာ ပေါလောပေါ်နေတယ်။ ထမင်းစား
မရွေးမုန့်လေးခုစီ ထမင်းပန်းကန်နားမှာ လာချတယ်လေ။ တပ်ခွဲအကြ
ရာရှိတွေရော၊ အုပ်ချုပ်တဲ့ ဗိုလ်တွေရော ကျောင်းသားထဲကပါ ထင်ရှာ

**အကြီးကြယ်** ဗိုလ်လောင်း အမှတ်အသားလည်း ဟုတ်သည်။ ဗိုလ်လောင်း
ဘ၀တွင် ကော်လာ တစ်ဖက်တစ်ချက်တွင် တပ်ရပါသည်။ ကျောင်းဆင်းသော
အခါ တစ်လိုင်းသုံးပွင့်အပေါ်မှ အကြီးကြယ် တစ်ခုကိုသာ တပ်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



မြင်ရာ **သီချင်းတွေထဆို**[၁] ကြရတယ်။

၁၆–၉–၄၄

ကနေ့ဟင်းက အမဲသား၊ ဒါပေမဲ့ စစ်ထဲရောက်မှ ကျွန်တော်အမဲသား စားနေတာကြားရင် ခင်ဗျား တော်တော်လေးအံ့သြသွားမှာပဲ၊ မဆန်းတော့ပါဘူး ကျွန်တော့်လို မစားတဲ့လူတွေ ခပ်များများပဲ စစ်ထဲမှာစားကြတာပဲ။ အကြီး အရာရှိချုပ်က မိန့်ခွန်းပေးတယ်လေ။ ညနေပိုင်းမှာ ကြယ်တွေတပ်ပြီး အခ ရင်ဘတ်မှာ နာမည်တွေထိုးကြရတယ်။ ပြီးတော့ နောင်တော်တပ်ခွဲ ၁ 1st eleven နဲ့ ခွဲ ၂ နဲ့ ဘောကန်ကြတာ လှလှလေး ရှုံးကြတယ်လေ။ ပြီး တော့ ဘောပွဲအခြေအနေကို ဝေဖန်ကြတာဟာ အခန်းထဲမှာ ဆူနေတာပဲ

၁၇–၉–၄၄

နံနက်အိပ်ရာကထတော့ မိုးကလည်း တဖွဲဖွဲနဲ့ လွမ်းစရာပေါ့။ သံကို ကြားတာနဲ့တစ်ပြိုင်နက်ထပြီး ဆင်းပြေးကြရတယ်။ တပ်ခွဲ ၁ မှလတန်းကျောင်းသားတွေကတော့ ထွက်လည်ဖို့ ပြင်နေကြတာပေါ့လေ။ ကျွန် တော်တို့တော့ ထွက်လည်ဖို့ သတင်းမကြားရသေးပါဘူး။

၁၈–၉–၄၄

ကနေ့ မနက်မှာ ခွဲအကြပ်ကြီးက မိန့်ခွန်းပေးတယ်လေ။ နေ့လ တစ်ချိန်မှာ 'စစ်ပထဝီ' သင်တယ်။ သာတူညီမျှစနစ်ကြောင့် မြန်မာ ဝါထွက်လျက်နဲ့ အဝတ်မရှိ၊ ဆန်ထွက်လျက်နဲ့ ထမင်းငတ်တဲ့ အကြောင်း ပေါ်ရုံရှိတာပဲ။

၁။ **သီချင်းဆိုခြင်း** ညနေခင်းတန်းစီ လူစစ်ပြီးသည့်အခါ ဗိုလ်လောင်းများ တ လိုက် ဝိုင်း၍ထိုင်ကြပြီး တစ်ယောက်ကထပြီး ဝိုင်းအလယ်တွင် သီချင်းဆို ရပါသည်။ ဆရာများ၊ တပ်စုမှူးများက ဘေးမှ ကြည့်ရှုလေ့လာနေကြ လူအများရှေ့ထွက်၍ သီချင်းဆိုခြင်းမှာ ကိုယ့်ကိုယ်ကိုယ် ယုံကြည်စိတ် ရှိ စေရန် သတ္တိမွေးပေးသည့် နည်းတစ်နည်း ဖြစ်ပေ၏။ သူများကို အခွင့်အရေး မပေးလိုဘဲ မိမိချည်း ကိုယ်စွမ်းပြချင်သူများလည်း ရှိတတ်လေသည်။ ထ သူများကိုလည်း တစ်ကိုယ်ကောင်းစိတ် မည်မျှပြင်းထန်သည်ကို ဆရာများ ကြည့်ရှုလေ့လာခဲ့ကြသည်။



၁၉–၉–၄၄

ကနေ့ နှင်းတွေဝေနေတဲ့ အထဲမှာ ထပြီး ပြေးကြရတယ်။ နေ့လယ် မှာ စစ်ပညာသင်ပြီး **ကိုယ်စီလှေကျင့်ခန်း**[၂] သင်ရတယ်။ မသက်သာလှဘူး။ နေ့လယ်ပိုင်းမှာ လှေကျင့်ရေးကွင်းကြီးမှာ သွားပြီး လှေကျင့်ရတယ်။ ကွင်းက တော်တော်လေး မြေမြင့်ဆိုတော့ ရွှေတိဂုံဘုရားကြီးနဲ့ ရန်ကုန်မြစ်ကြီးကို မြင်ရတယ်။ မိုးကလည်း တောင်ကညို့နေတယ်။ ဝင်းနေတဲ့ ရွှေတိဂုံစေတီတော် ကြီးဟာလည်း မကြာခင် မိုးသားတွေ ခသွားတယ်။

၂၀–၉–၄၄

ခုတော့ မနက်တိုင်းလိုလို ပြေးနေရပြီလေ။ လှေကျင့်သားရနေတော့ ပြေးရတာ တော်တော်လေး အရသာရှိတယ် ထင်ရတယ်။ နေ့လယ်မှာ လှံစွပ် ထိုးသင်ရတယ်။ ပြီး ညမှာ ညတိုက်ပွဲ သင်ရတယ်လေ။ မြန်မာပြည် အခြေ အနေနဲ့ဆိုရင် အသင့်တော်ဆုံးဆိုရမယ့် တိုက်နည်းပေါ့။ တော်တော် စိတ်ဝင် စားစရာကောင်းတယ်။ လှံစွပ်တဝင်းဝင်းနဲ့ ညမှာရန်သူနယ်ကို ချွတ်နင်း ဝင်သွားပြီး လှံစွပ်တက်ထိုးရတာပေါ့။ အပြန်မှာ မရွေးမုန့် ၂ ခုစားရတယ်။

၂။ **ကိုယ်စီလှေကျင့်ခန်း** (ကိုယ်စီတိုက်ပွဲ) စစ်မြေပြင်တွင် စစ်သည်တစ်ဦးစီ ရန်သူကို ချေမှုန်းရန် ပြေးလိုက်၊ ဝပ်လိုက်၊ တက်လိုက်။ ဝပ်စဉ် ရိုင်ဖယ် သေနတ်နှင့် ပစ်ခတ်လိုက် လှေကျင့်ရသောနည်းဖြစ်၏။ ရန်သူအဖြစ် ဆရာ တစ်ဦးကဖြစ်စေ၊ အခြားဗိုလ်လောင်း တစ်ဦးကဖြစ်စေ ကိုက် ၄၀၀ ခန့်အကွာမှ အလံနီနှင့် အချက်ပေးနေ၏။ အလံပြလျှင် ရန်သူပစ်ခတ်သည်ဟု အဓိပ္ပာယ် ရ၍ သင်တန်းသားက မှောက်၍ နေရာယူပြီး ဖြစ်ရမည်။ အကာအကွယ် ကောင်းသည့် နေရာသို့ တွား၍ တက်ရသည်။ တွားတက်နည်း အမျိုးမျိုးသင် ထားရာ မြေအနေအထား၊ ရန်သူအခြေအနေနှင့် ကိုက်ညီသည့် တွားတက်နည်း နှင့် တွားတက်နိုင်ရမည်။ တံတောင်ဆစ်များ အသားနီလန်အောင် ဒူးများပွန်းပဲ့ နေအောင် လှေကျင့်ကြရ၏။ ကျွန်တော်တို့ သင်ခဲ့ရသည့် စစ်ပညာ များအနက် အကောင်းဆုံး အဖိုးတန်ဆုံးနည်း ဖြစ်ပါသည်။ အင်္ဂလိပ် အမေရိကန် စစ်ပညာ တွင် အလားတူလှေကျင့်နည်း မရှိပါ။ အင်္ဂလိပ်တပ်တွင် သင်ကြားသော Individual Stalking မှာ ကိုယ်စီတိုက်ပွဲနည်းနှင့် ဆင်သော်လည်း ကိုယ်စီတိုက် ပွဲကို လုံးဝမမှီပါ။

www.burmeseclassic.com

www.burmeseclassic.com



၂၁-၉-၄၄

အရှေ့က နေရောင်လာပြီး နှင်းတွေ မစဲတစဲမှာ ကျွန်တော်တို့တစ်တွေ ပြေးနေကြပြန်ပြီလေ။ မြန်မာပြည်ကို ထူထောင်မယ့် သားကောင်းရတနာတွေရဲ့ စိတ်အားထက်သန်ပြီး ဝင်းလက်နေတဲ့ မျက်နှာတွေကို အားကျတယ် ထင်တယ်။ မျက်နှာချင်းဆိုင် ကုလားတပ်က ကြည့်ကြတယ်လေ။ ကျွန်တော်တို့တစ်တွေလည်း ဒီလို လူမျိုးခြားက အထင်ကြီးခံရအောင် ကိုယ်နေကိုယ်ထား တောင့်နိုင်သမျှ တောင့်ပြီး စစ်စိတ်စစ်သွေးပြည့်ဝနေတဲ့ မျက်နှာလေးတွေ ပြကြတာပေါ့။

၂၂-၉-၄၄

ခရာသံ နားထဲဝင်လာတာနဲ့ ထပြီးတန်းစီကြပြန်ပြီ။ ဒီလိုနဲ့ အချိန်ကုန်လာကြတဲ့ ကျွန်တော်တို့တစ်တွေအတွက် သတင်းကောင်းတစ်ခု ရောက်လာတယ်လေ။ သင်တန်းဟာ ပြင်းပြီး တိုမယ်တဲ့။

ညနေမှာ တပ်စုက ဘောလုံးပွဲမှာနိုင်လို့ တပ်စုမှူးကြီးက ငွေ၂၀/- ပေးတာကို လက်ဖက်ရည်သောက်ပြီး ပျော်ကြတာပေါ့။

၂၃-၉-၄၄

ကနေ့ ကျွန်တော်တို့ကို တပ်ရင်းရုံးအုပ်က မိန့်ခွန်းပေးတယ်လေ။ တစ်နေ့မှာ မြန်မာ့ခေါင်းဆောင်တွေ ဖြစ်ကြရမယ့် အကြောင်းပဲ။ ဆောင်းဦးမိုး ငှက်ကလေးတွေလည်း မြူးလို့ပေါ့။ သစ်ရွက်တွေတောင် ဝါရော်စပြုလာပြီ။

၂၄-၉-၄၄

ကနေ့ သာမုကန်ဆိုတာကို သွားကြရတယ်။ အကောင်းဆုံး အဝတ်အစားတွေဝတ်ပြီး သီချင်းတကြော်ကြော်နဲ့ ချီတက်သွားကြတာပေါ့။ ၆ မိုင်လောက်ဝေးတယ်။ သီချင်းကို ရဲစိတ် ရဲမာန် အပြည့်အဝနဲ့ အော်ပြီးဆိုလာတာကြားရတဲ့ သူတွေတော့ အားရစရာကြီးပေါ့။ တော်တော် ရှုခင်းသာတဲ့နေရာလေးပါပဲ။ ကန်ကြီးက ရေကြည်ကြည်လေးနဲ့ အလယ်မှာ ဘုရားလေးရှိတယ်လေ။ ကောင်းကင်ပြာကြီးနဲ့ ကမ်းပါးက သစ်စိမ်းပင်လေးတွေနဲ့ ဘုရားလေးဟာ သိပ်ပနံရတာပဲ။ လှေလှော်ကြတဲ့လူက လှော်ကြပြီး ရထားလမ်းမှာ မော်တော်ဆိုက်လီပျက်လေး တွန်းတဲ့လူကတွန်းပြီး ကစားကြတယ်။ ညကျတော့ သွားကြည့်ရတယ်။ ^



၂၅-၉-၄၄

မနက်ကျတော့ လန်းလန်းဆန်းဆန်း နိုးလာတယ်လေ။ ညက စိတ်မစွဲ ...ဘဲ 'အချစ်'ကို သွားပြီး အိပ်မက်မက်လို့ တော်တော်အံ့သြနေတယ်။ ...မှဲ့ ပြည့်ဝနေတဲ့ စစ်စိတ်စစ်သွေးနဲ့ ရဲစိတ်ရဲမာန်ဝင်ပြီး မြန်မာ့အရေးကို ...တင်ရမယ့် တာဝန်တစ်ခုနဲ့ တခြားစိတ်တွေ ဖျောက်ဖျက်ပစ်လိုက်ပါ ...။

ကနေ့တော့ အလုပ်ဟာ တစ်ခုပြီးတစ်ခု ဆက်ပြီးနေတယ်။ အားတဲ့ ...မရှိဘူး။ ရေကို ကပျာကယာ ချိုးရတယ်လေ။ ဒီထဲမှာ ထမင်းစားနေတုန်း ...င် တာဝန်ခံအကြပ်က ၁၅ မိနစ်ထက် မကြာရဘူးလို့ ခဏခဏလာပြီး ...ပေးနေသေးတယ်။ ဒီတော့ ညနေပိုင်းအချိန်လေးဟာ ကျွန်တော်တို့အဖို့ ...ားပြောကြပြီး အင်မတန် ဓိမ်ယူကောင်းတဲ့ အချိန်လေးပဲ။

၂၆-၉-၄၄

ကနေ့ စာသင်တန်းက ချက်ချင်းပြန်လာပြီး အဝတ်အစားလဲကြရ ...။ ဘာလုပ်မယ် မသိသေးဘူးလေ။ နောက် သံရုံးကြီးထဲမှာသွားပြီး ...ကြရတယ်။ ကျောင်းအုပ်ကြီး လဲပွဲတဲ့။ ဗိုလ်မှူးကြီးဓေယျက ဗိုလ်မှူးရန်နိုင် ...တာဝန်လဲပေးတယ်လေ။ ၂ ဦးစလုံးပဲ စိတ်အားတက်ကြွစရာ မိန့်ခွန်းတွေ ...ယ်။ သင်တန်းလျှော့ထားတဲ့အတွက် လေ့ကျင့်ခန်းကို ပြင်းပြင်းထန်ထန် ...ားကြရမယ်တဲ့။

၂၇-၉-၄၄

ကနေ့အစောကြီး လေ့ကျင့်ခန်းဆင်းကြရတယ်။ သီတင်းကျွတ်မှာ ...ပိတ်မယ် ကြားရပြန်ပြီ။ ဒီသတင်းတွေကတော့ မီးဖိုတို့ ရေချိုးရုံတို့ ...င်း ကြားနေရတာပဲ။ သတင်းတွေဟာ စုံနေတာပေါ့။ မိုးတွေ ရွာနေပြီ...

^ **စာသွားကြည့်ခြင်း** သင်တန်းခန်းမတွင် စုပေါင်း၍ စာသွားကြည့်ကြ...သည်။ အချိန်စေ့မှ မိမိအဆောင်သို့ ပြန်ကြရ၏။

www.burmeseclassic.com

www.burmeseclassic.com



ပြီလေ။ ညကျတော့ မိုးစဲပြီး သီချင်းဆိုကြရတယ်။

၂၈-၉-

ကနေ့ စာသင်တန်းချည်းပဲ တက်ရတယ်။ သင်ရတဲ့ ပညာအ အတန်းကို နည်းနည်းပြောပြမယ်။ Course က လျှော့ထားတော့ Pra cal ကို ပြင်းပြင်းထန်ထန်ကြီး ကြိုးစားကြရတယ်။ Theory လည်း အ Batch တွေထက် များတယ်၊ အရင် ပထမ၊ ဒုတိယ၊ တတိယပတ်တွေတုန်း ဂျပန်စကားအားထားပြီး ဘာသာပြန်က မရှိသေးဘူး။ လက်တွေ့လော သင်ကြရတယ်။ တတိယပတ်ကျလာတော့ ဘာသာပြန် နည်းနည်းပါလာ ဒါပေမဲ့ ကျွန်တော်တို့အပတ်လောက် မပြည့်စုံဘူး။ ကျွန်တော်တို့အပတ် တော့ ဂျပန်ဟာ အကြံပေးအရာရှိ (တစ်လိုင်းသုံးပွင့်) အောက်ဆုံး အဆ အတန်းပဲ ရှိတော့တယ်။ **ရိုက်လည်းမရိုက်ရတော့ဘူး။**[1] ပြီးတော့ Tra tion တွေပဲ ပိုပြီးစုံပါတယ်။ လေ့ကျင့်ခန်းတွေလည်း မြန်မာဗိုလ်တွေ သင်ရတော့ သာပြီးကောင်းတယ်ဆိုရမှာပဲ။

၂၉-၉-

ကနေ့ ချိန်မှတ်လျှောက် ပြန်သင်နေပြန်ပြီလေ။ စနစ်ကျကျ စိတ် ပါပါ လျှောက်တဲ့အခါ သူလည်းတယ်ပြီး မသက်သာလှဘူး။ Goose S လို့ ခေါ်တာပေါ့။ ပေါင်ကို မြေကြီးနဲ့ မျဉ်းပြိုင်ထိအောင် မြှောက်ပြီး ခြေသ ပေါင်ကြားက ဒီဂရီ ၁၂၀ ရှိရတယ်။ ခြေဖျားကို ဆန့်ထားပြီး မြေကြ ပေါက်ပြီး ဆောင့်ချရတာ စစ်ဖိနပ်တွေနဲ့ဆိုတော့ ဖြောင်းကနဲ ဖြောင်း နေတာပဲ။ ပင်ပန်းပေမယ့်လို့ စိတ်အားတက်ကြွဖို့တော့ တကယ်ကောင် လျှောက်နည်းပဲ။

၃၀-၉-

ကနေ့ညနေ 'ချစ်တီးကုန်း' ဆိုတဲ့ ကျွန်တော်တို့ ကျောင်းအနေ ရွာကလေးတစ်ရွာကို သွားလည်ရတယ်။ ရွာက သိပ်တော့မကြီးပါဘူး။ အိ

၁။ **ရိုက်လည်းမရိုက်ရတော့ဘူး** ဂျပန်အကြံပေးများက မရိုက်ရခြင်းကို ပါသည်။ မြန်မာဆရာများက ရိုက်နှက်ဆုံးမသည်ကို အမှာတွင် ဖော် ဖြစ်ပါသည်။





လောက်ရှိမယ်လို့ ခန့်မှန်းရတယ်။ လမ်းမှာ သီချင်းတကြော်ကြော်နဲ့ပေါ့။ ချင်းဆိုင် ကုလားတပ်ကလည်း ကြည့်ကြတယ်လေ။ ဒီလိုကြည့်လေ ာက်တို့တွေက ခပ်တောင့်တောင့်လျှောက်ပြီး အာပြဲလျှာပြဲကြီးတွေ အသံ ဆစ်ပြီးအော်လေပေါ့။ နောက်တော့ ချစ်တီးကုန်းမှာရှိတဲ့ ဆိုင်လေးတွေက သားနည်းနည်းပါးပါး ဝယ်စားကြရတယ်။

၁-၁၀-၄၄

(တနင်္ဂနွေ)

ကနေ့လည်း 'ချစ်တီးကုန်း'ကိုပဲ ထွက်လည်ကြရတယ်။ အပြန်မှာ အောင် ဆေးရုံတက်နေတဲ့ဆီဝင်ပြီး ရှေးဟောင်းနှောင်းဖြစ်တွေ ပြောကြ လေ။ ပြီးစိတ်ကူးရလို့ နှစ်ယောက်စလုံးသဘောတူ သူက သူ့ကောင်မလေး ကျွန်တော်လည်း (...)ဆီကို ကျွန်တော့်လက်ရေးနဲ့ စာနှစ်စောင် တူတူ ငြိမ်မှုတစ်ဆင့် ထည့်လိုက်ကြတယ်လေ။ ပြီးတော့ စကားများပြီး တရှန်း ကျနေတယ်။ ပြီးတော့ အချိန်စေ့လို့ ပြန်ခဲ့ရရော။

၂-၁၀-၄၄

ကနေ့လည်း လည်ခွင့်ပေးတယ်လေ။ ဒါပေမဲ့ လည်ချင်တဲ့သူအားလုံး 'အင်းစိန်'ကို တန်းစီပြီးသွားကြရတယ်။ ၈ မိုင်လောက် ဝေးပေမယ့်လို့ တကြော်ကြော် အော်ဆိုလာကြတော့ မောမှန်းမသိကြဘူး။ ဒါပေမဲ့ မှာတော့ ချွေးကရွှဲစိုလို့ပေါ့။ လမ်းက အရပ်သူအရပ်သားတွေကလည်း ကြည့်ကြတယ်လေ။ လည်ပင်းက အကြီးကြယ်ကြီးတွေကို တိုက်ပွဲပြန် လားမေးတဲ့သူမေးတယ်။ အင်းစိန်ရောက်တော့ တန်းခဏဖြုတ်ပြီး မုန့်ပဲ ဝယ်စားပြီး ပြန်ခဲ့ကြရတယ်။ အပြန်ကျတော့ အသံတွေ သိပ်မပါတော့ အခန်းရောက်ကြတော့ အိပ်ရာထဲ ပစ်လှဲကြတာပဲ။ မလိုက်တဲ့သူတွေ ပြတယ်။ သူတို့တွေ 'ကျိုက္ကလို့' ဘုရားပွဲမှာ အစားစုံသွားစားရတာကို ကြတယ်။

၃-၁၀-၄၄

ကနေ့ည တိုက်ပွဲရှိတယ်လေ။ နေ့လယ်မှာ မရွေးစားကြတာပေါ့။ သင်တန်းလည်း ရောက်လာပြီလေ။ ကျွန်တော်တို့တွေ

www.burmeseclassic.com

www.burmeseclassic.com



သလို ကျောင်းကွင်းပြင်ကြီးမှာ မြက်ကလေးတွေလည်း စိမ်းလို့ပေါ့။

ညတိုက်ပွဲမှာ ရန်သူနယ်နဲ့ ၂ ဖာလုံလောက်က တွားပြီး တက်ကြ တယ်လေ။ တော်တော်လေး ဖားတာပေါ့။ ဒါပေမဲ့ စိတ်ဝင်စားစရာ တော်တော်အကောင်းသား။ မိုးသားတွေ ဆိုင်းဆို့နေတဲ့ အထဲက လ မှုန်တို့ ဝါး ပေါ်လာတဲ့အချိန်မှာ လှံစွပ်တက်ထိုးကြရတယ်။ တိုက်ပွဲပြီးပြီလို့ အော် လို့ ကြည့်လိုက်တော့ ကျွန်တော်တို့ ကိုယ်တွေဟာ စိမ်းနုနေတဲ့ မြက်ဖျား တွေပေါ်က နှင်းဥလေးတွေနဲ့ ရွှဲလို့ပေါ့။

၄-၁၀-

ကနေ့ စစ်ကျောင်းသားဆိုတဲ့ ကျွန်တော်တို့တွေကို သေနတ်ဝေ ပဲ။ ယူအက်စ် သေနတ်ကြီးတွေလေ။ တချို့လည်း Striker တောင် ကျို တယ်။ ဒီလို အသုံးချ မရတဲ့ သေနတ်တွေတောင် နောင်တော်ရဲ့ဘော် သွေးနဲ့ လဲယူထားတာတွေဖြစ်တဲ့အကြောင်း တပ်ခွဲမှူးက ပြောပြတယ်။

ညမှာ နှစ်ယောက်တွဲစီ အသံခန့်မှန်းပြီး သွားခြင်း၊ အရပ်အ မှန်းပြီးသွားခြင်း လေ့ကျင့်ရတယ်။ တချို့တွေလည်း ချောက်တွေထဲမှာ လ အကြာကြီးနေကြရတယ်။ ဒီညမှာ လေ့ကျင့်ခန်း လုပ်ကောင်းအောင်ထင် လကြီးဟာ တိမ်တိုက်တွေကို ကျော်ဖြတ်ပြီး ထွက်မလာနိုင်ဘူး။ နောက် တပ်စုမှူးက ပြောပြတယ်။ အဲဒီဖြတ်လာတဲ့နေရာဟာ အရင်က သင်္ချိုင်းမြေ ကြီးတဲ့၊ ရယ်ကြရသေးတယ်။

၅-၁၀-

ကနေ့ ကြားရတဲ့အမိန့်ဟာ တော်တော် စိတ်ထိခိုက်စရာ ကော တယ်။ မင်းတို့တွေကို နောက်ပေးဖို့ ဖိနပ်မရနိုင်ဘူးတဲ့။ ဒါကြောင့် ရှိတဲ့ဟာ ကို ချွေတာပြီး စီးရမယ်တဲ့။ လေ့ကျင့်ခန်းမှာတောင် အမိန့်မရဘဲ မစီးရဘူး ဒါတွေကြားရတော့ ကိုယ့်နိုင်ငံ ချမ်းသာလျက်သားနဲ့ တိုင်းပြည်ကို သွေးသော ပြီး အသက်စွန့်ထားတဲ့ သူတွေတောင် လူနဲ့တူအောင် မနေရဘဲ၊ နိုင်ငံ ကောင်းကောင်းဝတ်၊ ကောင်းကောင်းလာစားပြီး စီးပွားရှာသွေးစုပ်နေတဲ့ ရ ခြားတွေကို တစ်နေ့ လုလုကြီးကလဲ့စားချေမယ်ဆိုတဲ့ သန္နိဋ္ဌာန်ဟာ ပို ခိုင်မာလာကြတာပေါ့။ ကနေ့ တပ်ခွဲအကြဲပေးက မိန့်ခွန်းပေးတယ်လေ။ ကန တွေကိုချော့ပြီး တစ်ခုခုလုပ်ခိုင်းနေသလား အောက်မေ့ရတယ်။



၆-၁၀-၄၄

တပ်ခွဲရောက်မှ အင်္ကျီတစ်စုံစီပဲရလို့ ကုတ်ကတ်ပြီး ဝတ်လာရတဲ့ ကျောင်းတော်သားတွေကို ပေါ်ပလင်အင်္ကျီနဲ့ ဘောင်းဘီကြမ်း တစ်ထည်စီ ပေးတယ်လေ။ ဝမ်းသာလိုက်ကြတဲ့ ဖြစ်ခြင်း။ အင်္ကျီဝတ်ကြည့်တဲ့သူက ညီ၊ အော်တဲ့သူတွေက အော်လို့ ဆူညံနေတာပဲ။

ကနေ့ အားတဲ့အချိန်ဆိုလို့ မရှိသလောက်ဘဲ။ တစ်နေ့လုံးတိုက်ပွဲ ရတယ်။ တော်တော့်ကို ဖားတယ်။ စစ်သားဟာ အဝတ်ကောင်းကောင်း ဝတ်လိုက်တာပဲ။ အစားတွေ့ရင် ကုန်းစားလိုက်တာပဲ။ အလုပ်ကျရင် နားမသာအောင် နေပူထဲမှာ လုပ်ကြရတာပဲ။ တွေးကြည့်ရင် ကလေးဆိုး တော်တော်တူတာပဲ။

၇-၁၀-၄၄

ကနေ့ ကျွန်တော်တို့ ကျောင်းဖွင့်ပွဲလေ။ ဗိုလ်ချုပ်အောင်ဆန်းလာပြီး ခွန်းပေးတယ်။ တကယ်အရေးကြီးလာတဲ့အချိန်မှာ သေချာစွာလေ့ကျင့်ပြီး ဆိုလိုကြောင်းပဲ။ ပြီးတော့ မြန်မာ့အရေးဟာ ကျွန်တော်တို့တွေအပေါ်မှာ ပြီး ကျွန်တော်တို့တွေမှာ အရည်အချင်းရှိရင် မြန်မာပြည်ဟာ အရေးလှ ပြီး ကျွန်တော်တို့တွေ အရည်အချင်းမမီရင် မြန်မာ့နောင်ရေး ဘယ်လို သွားမယ်ဆိုတာတွေပေါ့။ ဒီလို မြန်မာ့အရေးနဲ့ ယှဉ်ပြီးပြောလိုက်တိုင်း သန္နိဋ္ဌာန်တွေကို ပိုပြီးခိုင်မာအောင် လုပ်ကြမယ်ဆိုတဲ့ စိတ်ဓာတ်တွေဟာ ကျောင်းသားတိုင်းရဲ့ မျက်နှာတွေမှာ ထင်ရှားနေပါတယ်။

၈-၁၀-၄၄

ကနေ့ တစ်နေ့လုံး လေ့ကျင့်ခန်းလေ၊ ကျိုက္ကလို့ ဘုရားမှာ ဘုရားပွဲမို့ တခြိမ့်ခြိမ့်နဲ့ပေါ့။ လမ်းက ဖြတ်သွားတဲ့ ပွဲသွားလမ်းသွားတွေကလည်း လောင်းလေးတွေကို သမင်လည်ပြန် ကြည့်လို့ပေါ့လေ။ အချိန်ကျတော့ ညီချင်း တကြော်ကြော်ဟစ်ဆိုကြရင်း ပြန်လာကြရတာပါပဲ။

၉-၁၀-၄၄

ကနေ့တော့ စာသင်တန်းတွေချည်းပဲ တက်ရတယ်။ သိပ်အော

www.burmeseclassic.com

www.burmeseclassic.com



မထူးခြားပါဘူး။ ဒါပေမဲ့ စာသင်တန်းနဲ့ပတ်သက်ပြီး နည်းနည်းပြောပြမယ်။ အားလုံး စစ်ပညာတွေကို မြန်မာလို ဘာသာပြန်ထားတာတွေ သင်ရ[...] ဂျပန်စာကတော့ သပ်သပ် ဘာသာရပ်တစ်ရပ်အဖြစ်နဲ့ သင်ရတယ်လေ။ ငပုစာ မပါတဲ့နေရာတော့ မရှိဘူး။ 1st နဲ့ 2nd Batch တုန်းကတော့ လုံး[...] ငပုကြီးစိုးတော့ ကျောင်းမှာ ဂျပန်စာတော်ရင် ဗိုလ်ဖြစ်ပြီး ဂျပန်စာမတော်[...] တပ်ကြပ်အဖြစ်နဲ့ပဲ ကျောင်းဆင်းရတယ်လို့ ပြောကြတယ်။

၁၀-၁၀-[...]

ကနေ့ အကြံပေးအရာရှိချုပ် လဲတယ်လေ။ ဗိုလ်ကြီး (ဂျပန်[...] ရေးထားသည်)တဲ့။ အရပ်က ပုပု၊ မျက်နှာက ပြားပြား၊ စကားပြော[...] အမြဲတမ်း ရွှံ့မဲ့ပြီးမှပြောတယ်။ သူစကားပြောရင် မရယ်ပဲ မနေနိုင်ဘူး။ [...] က သူ့ကိုကြည့်ရယ်ရင် စိတ်ဆိုးသေးတယ်။ ကျောင်းရောက်ရောက်ချင်း [...] ပြောလဲဆိုတော့ တကယ့်အရည်အချင်းပြည့်ဝပြီး မြန်မာပြည်ကြီး တက[...] ကယ်တင်မယ့် ဗိုလ်လောင်းလေးတွေဖြစ်လာရအောင် ပြင်းပြင်းထန်ထန် [...] သွားပြီး မလုပ်မကိုင်နိုင်တဲ့အထိ လေ့ကျင့်ကြရမယ်။ စည်းကမ်းသေ[...] အတွက် ဂျပန်အကြံပေးတွေရဲ့ လက်ဖဝါးတော် ကြမ်းကြမ်းတွေကို ပါးတော်[...] တွေနဲ့ ထိုးပြီးအသုံးတော်ခံကြရမတဲ့။

၁၁-၁၀-[...]

ကနေ့ ကျွန်တော်တို့တပ်ခွဲ အကြံပေးအရာရှိကြီးက မိန့်ခွန်းပေးတယ် လေ။ 'မြန်မာတပ်မတော် တည်ထောင်ရခြင်းအကြောင်းရင်း'တဲ့ သူပြော[...] တွေတော့ စုံနေတာပဲ။ အခု East Asiatic War မှာ မနိုင်ရင် သူတို့နဲ့အတ[...] ကျွန်တော်တို့ အရှေ့တိုင်းသားတွေဟာ အားလုံးဝါးမျိုခြင်းခံရမယ့်အကြော[...] လည်းပါရဲ့။ ခုမှ သေသေချာချာ ကိုယ်တွေ့ကြားရတယ်။ နိပ္ပွန်ဟာ ကျော[...] တွေမှာ ကလေးတွေ ငယ်ငယ်ကတည်းကစပြီး ဝါဒဖြန့်ပေးတဲ့ အကြောင်း[...] ဖတ်သာဖတ်ဖူးတယ်။ အခုတော့ ကျွန်တော်တို့တစ်တွေကိုလည်း ကလေး[...] အောက်မေ့နေသလားမသိဘူး။ နိပ္ပွန်ဟာ အရှေ့အာရှအတွက် ဘယ်လို ဆော[...] ဆောင်ခဲ့ပုံ၊ မြန်မာ့စစ်မျက်နှာ စသည်တို့မှာ သူတို့ နိပ္ပွန်တပ်မတော်[...] သွေးနဲ့လဲပြီး စောင့်ရှောက်နေပုံတွေပေါ့။



၁၂-၁၀-၄၄

မနက်ထလိုက် လေ့ကျင့်ခန်းဆင်းလိုက်နဲ့ နေလာကြတာ အချိန်ကုန် [...]သိ ကုန်ပြီးသွားတာပဲ။ ညနေပိုင်းမှာ စက်သေနတ်လေးတွေနဲ့ လေ့ကျင့် [...]တယ်။ ကောင်းကင်ကြီးဟာ ပြာလို့။ တောင်ဘက် မိုးကုပ်စက်ဝိုင်းမှာ [...]ိုက်ထဲမှာ ထိုးနေတဲ့ ရွှေတိဂုံစေတီတော်ကြီးကို မြင်ကြရတယ်။ မကြာ [...] အကြံပေးအရာရှိ မြင်းနဲ့စီးလာပြီး လိမ့်ကျတော့တာပဲ။ ခဏာခဏ [...]မျိုးတစ်မျိုးလုံးအပေါ် ထိခိုက်ပြောလွန်းတော့ မြင်းပေါ်က လိမ့်ကျတော့ [...]ယ်ကြပြီး တပ်စုမှူးက ဟန့်တားမှ ငြိမ်နေကြတယ်။ မြင်းလွတ်ကြီးလည်း [...]ကြီး တောင်ကုန်းကို ဖြတ်ပြီး မြင်းဇောင်းကို ပြန်ပြေးပါရော။

၁၃-၁၀-၄၄

ကနေ့ဟာ ကိုယ်စိတ်ကိုက်ပွဲ စသင်တဲ့နေ့ပေါ့။ မြေပြောင်ထဲရော၊ [...]စရစ်ပွမ်းနေတဲ့နေရာရော အော်ပြီးပေးလိုက်တဲ့ အမိန့်သံကြားရင် [...]ထိုး မှောက်ချလိုက်ရတာပဲ။ အဲဒီလို ပြင်းထန်တဲ့ လေ့ကျင့်ခန်းတွေကျ [...] မျက်နှာချင်းဆိုင် ကုလားတပ်ကို သွားပြီးသတိရတယ်။ သူတို့တွေ [...]ခန်းပြကြတာတော့ တစ်ခုခုပြတော့မယ်ဆိုရင် Canvas ပြားလေးခင်း [...]အပေါ်မှာပြတယ်လေ။ ကျွန်တော်တို့တွေကတော့ ရွှံ့ဗွက်ရော၊ ကျောက် [...]၊ မြေပြောင်ရော ဝပ်လို့ ဆိုလိုက်ရင် ပြားကနဲပေါ့။ ဒါနဲ့ တနင်္ဂနွေနေ့ [...]ည်ကြရမယ်တဲ့။ ဒီမေပဲလားတော့ မသိဘူး။

၁၄-၁၀-၄၄

ကနေ့ လည်ရမယ့်စာရင်းတွေ ထွက်လာတယ်လေ။ ကျောင်းသား [...] လည်ကြရတာမဟုတ်ဘူး။ ကံကောင်းလို့ ကျွန်တော်လည်း လည်ရမယ့် [...]ပါတယ်။ အဝတ်အစားတွေ ပြင်ကြဆင်ကြ၊ အကြီးကြယ်ကြီးတွေ [...]ချွတ်ကြ၊ အခန်းတွင်းလည်း သန့်ရှင်းကြနဲ့ ဆူဆူညံညံ စည်စည် [...]ားပဲ။

၁၅-၁၀-၄၄

ကနေ့ဟာ လွတ်လွတ်လပ်လပ် ပထမဆုံး ထွက်လည်ရတဲ့နေ့ပဲ။ [...] လည်ရတာတောင် ကားရမှ၊ ကားမရရင် စိတ်ညစ်ရတာပဲ။ အသွား [...] ကားနဲ့ပါပဲ။ အပြန်ကျတော့ ကားမရလို့ ကုန်းကြောင်းလျှောက်လာရတာပဲ။

www.burmeseclassic.com

www.burmeseclassic.com



ဖိနပ်အသစ်စီးသွားမိလို့ ခြေတွေဟာ ဖုပေါက်ကုန်တာပဲ။ နောက် သွား... တော့ပါဘူးတောင် စိတ်ထဲမှာ ဖြစ်မိတယ်။

၁၆-၁၀...

ကနေ့မနက်မှာ လေ့ကျင့်ခန်းဆင်းပြီးတော့ ညကျတော့ မီးဖ... သီချင်းဝိုင်းပြီး ဆိုကြရတယ်။

၁၇-၁၀...

ကနေ့ သူတို့ 'ဆံစစ်ပွဲတော်'တဲ့၊ နေ့တစ်ဝက်ပိတ်တယ်၊ ဘာပွဲ... ဖြစ်ဖြစ်လေ၊ ကျောင်းနေ့တစ်ဝက်ပိတ်လို့ အနားယူလိုက်ရတာ အ... နားရက်ပေးမယ့် ဆရာတွေက ကောင်းကောင်းအနား မပေးချင်ဘူးလေ... လောင်းတစ်ယောက်ကို **ယင်ကောင်ငါးဆယ်** [၁] ရိုက်ပေးရမယ်တဲ့။

၁၈-၁၀...

လကလေးဟာ မှိန်မှိန်ကလေး သာနေတယ်။ ကျွန်တော်တို့တွေ... **ခုနစ်စင်တို့ ဆိုင်းတန်းတို့ W.Shape** [၂] ကြယ်တွေ ရှာနေကြတာပေါ့... တိုက်ပွဲလေးပြီးတော့ နေရာအရပ်ကို ခန့်မှန်းပြီးတော့ အတွဲလိုက် ထွ... ရတယ်။ ပျော်စရာပါပဲ။ ဒါပေမဲ့ တော်တော်ကို ညဉ့်နက်မှ ကိုယ်သွား... နေရာကို ရောက်ကြတယ်။

---

၁။ **ယင်ကောင်ရိုက်ခြင်း** ကျန်းမာရေးအတွက် လူထုနည်းဖြင့် ယင်ကောင် မှ... စေရန် ကျောင်းသားတစ်ယောက်ကို ယင်ကောင် မည်မျှရိုက်ရမည်ဟု ... မှတ်ပေးထားသည့်အတိုင်း ရိုက်၍ ဆရာကို သွားအပ်ရ၏။

၂။ **W. Shape** ဓူဝံနှင့် မြောက်အရပ်ရှာနည်း ဖြစ်၏။ အင်္ဂလိပ်စကားလုံး... ပုံသဏ္ဌာန် ကြယ် (၅)လုံးအနက် အောက်ထောင့်ကို အလယ်တည့်... မျဉ်းဖြတ်ဆွဲလျှင် ဓူဝံကိုတွေ့နိုင်သည်။ ခုနစ်စင်ကြယ်နှင့် တစ်ဖက်တ... တွင်ရှိသဖြင့် ခုနစ်စင်ကြယ်နှင့် W.Shape နှစ်ခုနှင့် ရှာလျှင် ဓူဝံကို မလွ... တွေ့နိုင်ပါသည်။



၁၉-၁၀-၄၄

ကိုယ်စီလေ့ကျင့်ခန်း ဆင်းရတယ်လေ။ တက်လိုက် ဝပ်လိုက်နဲ့ပေါ့။ ...င်းပြည့်အတွက်မို့သာ အားလုံးအားခဲပြီး ကြိတ်ကြရတာ။ ကိုယ်ရေးကိုယ်တာ ...တော့ ဘယ်သူမှ ဒါလောက် အပင်ပန်း မခံပါဘူး။ ဒူးတွေ တံတောင်ဆစ်တွေ ...သားနီ လန်ကုန်ကြပြီ။

၂၀-၁၀-၄၄

ကနေ့တစ်နေ့လုံး လေ့ကျင့်ခန်းဆိုပြီး ထွက်လည်းလာကြရော၊ မိုးတွေ ...ာတာပဲ။ မိုးခိုနေရသေးတယ်၊ တပ်စု ၁ နဲ့ ၂ တော့ မိုးတွေထဲမှာ ...ယားယားနဲ့ လုံ့စွပ်တက်ထိုးနေသံ ကြားရတယ်။ အပြန်ကျတော့ စိုရွှဲနေတဲ့ ...နတ်တွေ တိုက်ကြရတာပေါ့။ ကနေ့ တတိယပတ် မူလတန်း ကျောင်းသား... စစ်တက္ကသိုလ်ကို ရောက်လာကြတယ်။

၂၁-၁၀-၄၄

ကနေ့ထုတ်တဲ့အမိန့်က ကျောင်းသားတွေ ဘာပဲလုပ်လုပ် ပြေးပြီးလုပ် ...ယ်တဲ့။ ရေချိုးတာ၊ အိမ်သာသွားတာကအစ အပြေးသွားရမယ်တဲ့။ ဒီအမိန့် ...ရတဲ့ ရည်ရွယ်ချက်ကတော့ အားလုံးဖျတ်ဖျတ်လတ်လတ်ရှိအောင် လုပ် ...ပေါ့။ ကျောင်းဝင်းကြီးတစ်ခုလုံးဟာ အားလုံးအပြေးအလွှားချည်း လုပ်တော့ ...ကြောင်းထူးတစ်ခုခုဖြစ်နေသလား အောက်မေ့ရတယ်။

၂၂-၁၀-၄၄

ကနေ့ဟာ တနင်္ဂနွေနေ့ပဲ။ ဒါပေမဲ့ မလည်ရဘူး။ ပုန်းကျင်းတွေ ...ကြရတယ်။ တစ်နေ့လုံး နေပူထဲမှာ ပုန်းကျင်းတူးကြရင်းနဲ့ပဲ အချိန်ကုန်ရ...။

၂၃-၁၀-၄၄

လေ့ကျင့်ခန်းဆင်းလိုက်၊ စာသင်လိုက်နဲ့ပဲ အချိန်ကုန်ရပြန်တာပဲ။ ...လုံးမှာ အားတယ်လို့ မရှိပေမယ့် ကျောင်းသားတိုင်းဟာ စိတ်ဓာတ်အား...တဲ့ မျက်နှာထားကို မပေါ်လွင်ကြဘူး။ တစ်နေ့မှာ မြန်မာပြည်ကို ကယ်တင်

www.burmeseclassic.com

www.burmeseclassic.com



နိုင်မယ့် စစ်ဗိုလ်တစ်ဦး ဖြစ်လာမှာပဲဆိုတဲ့ ဖွဲ့နဲ့သန္နိဋ္ဌာန်ဟာ ခိုင်မြဲကိန်းအောင်းပြီးနေတယ်။

၂၅-၁၀-၄၄

ကနေ့ နေ့လယ် မုန့်စားရတယ်လေ။ မုန့်စားရရင်သိရောပေါ့။ ညတိုက်ပွဲ တိုက်ရမှာ သေချာနေပြီ။ ညတိုက်ပွဲဟာ တပ်မတော်ရဲ့ အင်အားနဲ့ အသင့်တော်ဆုံး တိုက်ပွဲဖြစ်ကြောင်းကို တပ်စုမှူးက မကြာခဏပြောပြတယ်။

၂၆-၁၀-၄၄

ကနေ့ ဆေးစစ်ခြင်းခံကြရတယ်။ ဆေးစစ်တိုင်း ဘောင်ဘီချွတ်ပြီလိုက်ရင် ကျောင်းသားတိုင်းမှာ ပွေးနဲ့ဝဲနဲ့ချည့်ပေါ့။ မိုးရွာနေပုံမရှောင် လေ့ကျင့်ခန်းဆင်းလိုက်၊ အဝတ်တွေက လဲစရာမရှိနဲ့ ချွေးနဲ့ မိုးရေနဲ့ဟာ ပွေး၊ ဝဲပေါက်တာတောင် နည်းဦးမယ်လို့ ထင်ရတယ်။

ကျောင်းကို ဂျပန်ဘုရင်ရဲ့ အပါးတော်မြဲလာကြည့်မှာမို့ မြက်ရှင်းရတော့မယ်ဆိုတဲ့ အမင်္ဂလာသတင်းကြီး ထွက်လာလေပြီ။

၂၇-၁၀-၄၄

ကနေ့တစ်နေ့လုံး အပါးတော်မြဲလာကြည့်မှာမို့ အစမ်းတိုက်ပွဲ တိုက်ကြရတယ်။ ကျွန်တော်တော့ တော်တော်ဖျားနေလို့ ကနေ့ ပျက်ကွက်တယ်လေ တခြားရဲဘော်တွေ မေးကြည့်တော့ ရေစင်ကြီးကို ခံစစ်လုပ်ပြီး ခံကြရတယ်တဲ့

ညနေကျတော့ လခထုတ်လာတယ်။ **ကျောင်းကဆိုင်**[၁] လေး ဖြေ့ပြတာပေါ့ဗျာ။

၂၈-၁၀-၄၄

ကနေ့တစ်နေ့လုံး တပ်တွင်းသန့်ရှင်းရေးလေ၊ တချို့ကတော့ လမ်းမကြီးကို သွားပြီးသန့်ရှင်းရတယ်။ ကျွန်တော်တော့ ကျောင်းဝင်းထဲက

၁။ **ကျောင်းကဆိုင်လေး** စစ်တက္ကသိုလ်အတွက် ဖွင့်ထားသော လက်ဖက်ရည် မုန့်ဆိုင် ဖြစ်သည်။ ကင်တင်းသဘောဖြစ်၏။



သန့်ရှင်းရေးဘက်က ကျတယ်။ ရေစင်ကြီးနားက **အသံလေ့ကျင့်တဲ့ကုန်း**[၁] မှာ မြက်တွေရှင်းလင်းရင်း ပြာလဲ့နေတဲ့ ကောင်းကင်ကြီးနဲ့ ရီဝေမှိုင်းနေတဲ့ ရေစင်ကြီးကို မြင်ရတယ်။ ဝါရော်နေတဲ့ မြက်စလေးတွေကို တစ်နေရာစီ ဆိုက်နုတ်ရင်း အနီးအနားကရဲဘော်တွေနဲ့ စကားပြောကြရတယ်။

၂၉-၁၀-၄၄

ကနေ့လည်း တစ်မနက်လုံး ရှင်းလင်းကြရတယ်။ အလဟဿ အချိန်ကုန်တဲ့အတွက် ဒီကောင်ကိုတော့ ကျောင်းသားတွေ မေတ္တာပို့ကြလို့ပြီ။ လမ်းမှာ လေယာဉ်ပျံပျက်ပါစေတဲ့။ မော်တော်ကား မှောက်ပါစေတို့ပေါ့။ ညနေကျတော့ တိုက်ပွဲအတွက် ပြင်ကြရတယ်။

၃၀-၁၀-၄၄

ကနေ့ မနက်တော့ အကြံပေးအရာရှိရဲ့ မိန့်ခွန်းတဲ့လေ၊ နားရှုပ်စရာပေါ့၊ လေနတ်မောင်တို့ (ကာမိကဇေ)တို့ပေါ့။ အမှုအရာနဲ့ ရှုံ့မဲ့ပြီး ပြောလိုက်သူကိုကြည့်ပြီးရယ်တော့ မကြိုက်ဘူးလေ။ ညနေကျတော့ အစမ်းတိုက်ပွဲ တိုက်ကြရတယ်။

၃၁-၁၀-၄၄

ကနေ့ ဘုရင့်အပါးတော်မြဲ လာတဲ့နေ့ပဲ။ နေ့လယ်ကျတော့ ကျောင်းသားတွေ ခံစစ်ခံတဲ့သူက ခံပြီး တစ်ဖွဲ့က တိုက်စစ်တိုက်ပြရတယ်။ ကြည့်တဲ့

၁။ **အသံလေ့ကျင့်တဲ့ကုန်း** ရေစင်တောင်ကုန်းကြီးမှာ အသံလေ့ကျင့်သောကုန်းဖြစ်သေး၏။ ဂျပန်ဘာသာဖြင့် အော်တာ ကောဘီတိုက်ဟု ခေါ်သည်။ အမိန့်ပေးရာတွင် ပြတ်သားရှင်းလင်း ကျယ်လောင်မှုရှိစေရန် လေ့ကျင့်ရ၏။ ခြေစုံခွဲ၍ လက်နှစ်ဖက်ကို ဆီးခုံပေါ်တွင် ယှက်တင်ထားပြီး ဝမ်းခေါင်းထဲမှ အသံထွက်လာအောင် အော်၍ စစ်မိန့်သံများ လေ့ကျင့်ကြရ၏။ အစတွင် မိမိဘာသာ ထင်မြဲကျယ်လောင်သည် ထင်နေစေကာမူ 'မင်းတို့အသံတွေဟာ လည်ချောင်းထွက်တဲ့ အသံပဲ၊ ဝမ်းခေါင်းထဲက ထွက်အောင်အော်ရမယ်'ဟု ဆရာများက ဆို၏။ မှန်လည်း မှန်ပါသည်။ လေ့ကျင့်သားကျသွားသောအခါ ဝမ်းခေါင်းထဲက လှိုက်ထွက်လာသော အမိန့်သံများဖြင့် အော်ဟစ်အမိန့်ပေးနိုင်လာသည်ကို တွေ့ရပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ငနဲ့ကတော့ ရေစင်တောင်ကုန်းပေါ်က မှန်ပြောင်းနဲ့ပေါ့လေ။ အောက်က တိုက်ရတဲ့ ကျောင်းသားတွေတော့ ဖတ်ဖတ်ဆာလို့၊ ဒီအထဲမှာ သူတို့ ပါးစပ်ထဲ တွေ့တဲ့ ထင်းမြင်ချက်တွေ လျှောက်ပြီး ပြောကြသေးတယ်။ ဒီကောင်ကတော့ တော်ပါတယ်။ ကောင်းတယ်လို့ ချီးမွမ်းသွားတယ်လေ။

၁-၁၁-၄၄

၁၃၀၆ ခု၊ တန်ဆောင်မုန်းလဆုတ် ၂ ရက်

(ဗုဒ္ဓဟူး)

ကနေ့ ဟိုကောင်ကြည့်သွားလို့ အေးပြီးတော့ သန့်ရှင်းရေး မလုပ်ရ မယ့် တိုက်ပွဲတွေ ပြန်တိုက်ရပြန်ပြီလေ။ မီတာ ၅၀၀ လောက်ရှိတဲ့ တိုက်ပွဲ တိုက်ကြရတယ်။ တော်တော်ဖားတာပေါ့။ နေ့လယ်ကျတော့ မုန့် ၄ ချပ် ရတယ်လေ။ လာပြန်ပြီ ညတိုက်ပွဲ။

၂-၁၁-၄၄

၁၃၀၆ ခု၊ တန်ဆောင်မုန်းလဆုတ် ၃ ရက်

(ကြာသပတေး)

ကနေ့တော့ ခရာမှုတ်သံကြားမှပဲ ကပျာကယာ အိပ်ရာကထကြ တယ်။ မနက်ပိုင်း စာသင်ပြီးတော့ မူလတန်းကျောင်းဖွင့်ပွဲကို တက်ကြရတယ်။ စစ်ဝန်ကြီးကိုယ်စား ဗိုလ်မှူးကြီးဇေယျ လာတယ်လေ။ မိန့်ခွန်းပေးသွားသေး တယ်။

ဒါနဲ့ မနက်ဖြန် ထွက်လည်ရမယ်တဲ့။ မေရိုဘုရင် မွေးနေ့မို့ ဘာပဲဖြစ်ဖြစ် လည်ရလို့ မိုးသာနေကြတယ်။

၃-၁၁-၄၄

၁၃၀၆ ခု၊ တန်ဆောင်မုန်းလဆုတ် ၄ ရက်

(သောကြာ)

ကနေ့လည်း တော်,တော်ဆိုတဲ့ ခရာမှုတ်သံကြားမှ ကပျာကယာ ထပြီး အင်္ကျီကောက်ဝတ်ရတယ်။ ခါတိုင်း အားလုံးချွတ်အိပ်နေကျ တော်သေး တယ်။ ကနေ့တော့ ဘောင်းဘီ ဝတ်အိပ်မိလို့ တောင်၊ ခြင်ထောင် ကပျာကယာ



သွားတော့ အပြင်ဘက်မှာ နှင်းတွေဝေလို့ပေါ့။ တန်းစီပြီး ရှိုဘန်း[1] ကျူးရတယ် မသိဘူး ဆိုဂျီ[2] ခဏလေး လုပ်ရတယ်ဗျ။ ကျွန်တော်တော့ သေမကို အိမ်သာထဲကပဲ ပြုံးပြီးနားထောင်လိုက်ရတယ်။ နောက် ယာ ရေသွားချိုးရတယ်။ နှင်းတွေကျနေတဲ့ အထဲမှာတောင် ရေချိုးရုံက လုပြည့်နေတာပဲဗျို့။ ပြန်လာပြီး ထမင်းစားပြီး ကြည့်လိုက်တော့ တော့ပဲကိုး။ ဟိုလူ လာယူသွားတာပေါ့၊ ဒါပေမဲ့ စိတ်မပျက်ရပါဘူး။ စိန်က သူ့ဖိနပ်အသစ်ပေးပြီး သူက အဟောင်းကိုစီးတယ်လေ။ ဒါနဲ့ ပြီး ထွက်လာကြရော။ အပြင်ကျတော့ ကျော်စိန်နဲ့ပဲ ခုပြောင်းထားတဲ့ ခနေဘက် ကိုတင်လှိုင်[3] သွားရှာတယ်။ အဲဒီမှာလည်း ကားစောင့်နေတဲ့ တွေပြည့်လို့ပဲ။ ဒါပေမဲ့ ရှောရှောရှုရှုပဲ ကားရပြီး ကမာရွတ်ထိ ရောက် ရှောရှောရှုရှုဆိုတာ အရပ်ထဲကလို သုံးတာ မဟုတ်ဘူးနော်။ စစ်သုံး စစ်ထဲမှာ ရှောရှောရှုရှုဆိုတာ ၃၊ ၄ မိုင်တော့ လမ်းလျှောက်ရသေး ကမာရွတ်မှာ Alarm ပေးတယ်။ ဒါပေမဲ့ ကားမရပ်ဘူး ဆက်ပြီး လာတာ။ ဆက္ကူရရုံလည်းရောက်ရော လေယာဉ်ပျံတွေ ခေါင်းပေါ် လာတာပဲ။ မကြာဘူး ကျောက်မြောင်းဈေးတည့်တည့်ကို ဗုံးချတာပဲ။ လောက်သေတယ်လို့သိရတယ်။ အဲ့ဒီ Air Raid Alarm ပေးထား Nippon တွေနဲ့ Incident တစ်ခု တွေ့ရသေးတယ်။ တော်တော် နာစရာကောင်းတာပဲ။ ဗိုလ် (...) (သုံးလိုင်းသုံးပွင့်) Captain က လာတယ်။ အဲဒါကို လမ်းစောင့်ဂျပန် (နှစ်ပွင့်) တစ်ယောက်က တား ကားကို ချက်ချင်းရပ်တာပါပဲ။ ဒါပေမဲ့ Force နဲ့ဆိုတော့ နည်းနည်း လွန်သွားတာပေါ့။

အဲဒါကို လွန်ရမလားဆိုပြီး သေနတ်ဒင်နဲ့ ကားမှန်ကို ဆောင့်တယ်။ သွားမထိဘူး။ ဒီတော့ ဗိုလ် (...) ဆင်းပြီး တောင်းပန်ရှာတယ်။ မျက်မှာန်တော်ရှုတဲ့ ကိုယ်တော်က 'ဒူးရကား' ဆိုပြီး ပါးချပါရော။ ကြည့်စမ်းဗျာ။ မြန်မာ Captain တစ်ယောက်ကို တပ်ကြပ်တစ်ယောက် ရိုက်တယ်ဆိုတာ သခင်နဲ့ကျွန် ဘယ်ထိအောင်ကွာတယ်ဆိုတာ

---

[1] ဘန်း — တာဝန်ကျ အရာရှိ။
[2] ဂျီ — တံမြက်လှည်း သန့်ရှင်းရေးလုပ်ခြင်း
[3] တင်လှိုင် — ရေနံချောင်းမှ တောင်တွင်းကြီးတွင် ကျောင်းသားနေသူ။ ယခု (ကွယ်လွန်)

www.burmeseclassic.com

www.burmeseclassic.com



ရှင်းပြစရာ မလိုတော့ဘူး။ အဲဒီတော့ ဗိုလ် (...) ကလည်း ခြောက်လုံးပြူး
သူနဲ့ ပါလာတဲ့ မြန်မာစစ်ဗိုလ်တစ်ယောက်ကလည်း ဓားနဲ့ ခုတ်မလို့
လွှန်မှာစိုးလို့ ဝိုင်းဆွဲထားလို့သာပေါ့။ ဒီပြင် ဂျပန်တွေလည်းပြေးလာ၊ မြ
စစ်သည်တော်တွေကလည်း အနားက အံကြိတ်လို့ပေါ့။ သူတို့က တောင်းပ
ကျေအေးလိုက်ရတယ်။ အဲဒီကိစ္စနဲ့ပတ်သက်ပြီး အရင်စစ်ထဲဝင်ခါစက အ
အပျက်ကလေးတစ်ခု ပြောပြရဦးမယ်။

လွတ်လပ်ရေး နှစ်ပတ်လည် လှည့်ကြတုန်းကပေါ့။ ဒီတော့ ကျေ
မရောက်ကြသေးဘူး။ ကြယ်တစ်ပွင့်ဘဝမယ် တပ်လိုက်လှည့်လာတုန်း၊
၁၅ ယောက်လောက်ပါတယ်။ စက်သေနတ်လည်း ပါတယ်ဗျ။ ကားနဲ့ ထ
လာပြီးဖြတ်တယ်။ ပထမ ကျွန်တော်တို့က တားတယ်။ နောက်တစ်ခါ
ဖြတ်ပြန်ရော။ လူတော့ ဘယ်တိုးမိမလဲ။ တစ်တပ်နဲ့ တစ်တပ်ကြား ဖြတ်
ကိုး။ ဒါပေမဲ့ စစ်တပ်တစ်တပ်ကို အဖြတ်သွားခံရတယ်ဆိုတာ တော်တော်
တာဗျ။ အားလုံးလုံ့စွပ်တွေ ချွတ်ပြီးဒီကောင်တွေ စက်သေနတ် ဆွဲရင်
ထိုးမယ်လို့ ကားဝိုင်းထားတာပေါ့။ ငတိတွေ ဒီတော့ တော်တော်ကြောက်
သား။ မျက်နှာတွေငယ်လို့။ နောက် ချက်ချင်းပဲ မြန်မာဗိုလ်တွေနဲ့ ကျေအေး
သွားပါရော။

ဒါနဲ့ ခင်ဗျား engaged လုပ်ထားတယ်ဆိုတဲ့ စာရတော့ ဝမ်း
လိုက်တာဗျာ။ မအေးကြည်ဆီက စာရတာပေါ့။ နှစ်ခေါက်၊ သုံးခေါက်ပြန်
တယ်။ ကနေ့ ဂိုက်ရှိစု[1] ကတော့ အပြန်လည်းကားနဲ့ပဲ။

၄-၁၁-

၁၃၀၆ ခု၊ တန်ဆောင်မုန်းလဆုတ် ၅

ကနေ့တော့ မနက်တန်းစီပြီး လေ့ကျင့်ခန်း မရှိဘူး။ စာသင်တန်း
သွားနေရတယ်။ ပြီးတော့ နေ့လယ်မှာ လက်နက်စစ်ဆေးပွဲရှိတယ်လေ။ ကျ
တော်တို့မှာ စာတွေက ပေးတာ သိပ်များပေမဲ့လို့ စစ်တပ်မှာ အရပ်ထဲတုန်းက
အချိန်ပိုမှာ ဂရုစိုက်ပြီးစာကြည့်မယ်ဆိုလို့ မရဘူးဗျ။ ဥပမာ ကနေ့ စ
ဆိုရင် အမှန်က လေ့ကျင့်ခန်းမရှိဘဲ စာကြည့်မယ်ဆိုကြည့်နိုင်တာပေါ့။ အ
လက်နက်စစ်ဆေးမှာဆိုတော့ အားလုံးဂရုစိုက်ပြီးတော့ လက်နက်တိုက်

၁။ ဂိုက်စုရှိ အပြင်ထွက်လည်ခြင်း။



ယ်။ ကနေ့လာသေးတယ်ဗျာ။ ယင်ကောင် ၅၀ ရိုက်ရဦးမယ်တဲ့။ ဒီအလုပ်
က ကျွန်တော့်အယူအဆနဲ့ဆိုရင် တော်တော်အရုပ်ဆိုးတာပဲ။ ရည်ရွယ်ချက်က
ဂါနည်းအောင်တဲ့။ ဒီအလုပ် လုပ်ရတိုင်း ကျွန်တော်တော့ ကြက်သီးထတာ

ကနေ့ကြားရတဲ့ သတင်းတစ်ခုဟာ တော်တော်ဝမ်းသာစရာကောင်း
ယ်။ ဂျပန် နောက်ဆုံးထွင်တဲ့ ကမီကာဇေ အသေခံ လေတပ်သားတပ်မျိုး
မြေပြည်က Front Line ကို ကနေ့ပဲ လွှတ်လိုက်ကြောင်း ကျွန်တော်တို့ကို
ပြပါတယ်။ ကနေ့နေ့လယ် ထမင်းစားရင်း လေယာဉ်ပျံ ၁၀၀ ကျော်လိမ့်
။ Fighter လေးတွေဟာ ကောင်းကင်မှာ ပလူပျံနေသလိုပဲ။ ဗုံးချ
သွားတယ်။ ဘယ်မှာလို့ မကြားရသေးဘူး။

၅-၁၁-၄၄

ကနေ့ တနင်္ဂနွေနေ့မှာ ထွက်လည်ရဦးမယ်။ မနက်တန်းအစီမှာ
ဆနေတဲ့ နှင်းတောထဲမှာ အလည်ထွက်ရမယ့် ကျွန်တော်တို့တွေဟာ
လို့ပေါ့။ ခါတိုင်းလိုတော့ ကျန်းမာရေးပြ၊ တံမြက်စည်းလှည်းတွေ
တော့ဘူး။ အဝတ်အစားဝတ်ပြီး ထွက်ကြရတော့တာပဲ။ ကျောင်းသားတွေ
ဖိနပ်အသစ်တွေနဲ့ သောကြာနေ့က လည်ထားတဲ့ အရှိန်ကြောင့် ထော့နင်း
နင်းနဲ့ တော်တော်ရယ်စရာကောင်းတာပဲ။ ဒီအထဲမှာ ကျွန်တော်လည်း
တာပေါ့။ လေယာဉ်ပျံကွင်းထိ စကားတပြောပြောနဲ့ ကုန်းကြောင်းလျှောက်
ပြီး အဲဒီက ရန်ကုန်ထိကားရတယ်။ ကုက္ကိုင်းကို သွားရအောင် လန်ချားငှား
တုလားကို လမ်းပြောပြတယ်။ သူ့မေးမှ သာရှုပ်လာလို့ ပိုက်ဆံပေးပြီး
လွှတ်လိုက်ရတယ်။ ကိုယ်ဟာကိုယ် စွပ်ပြီးသွားတာ ကံကောင်းချင်လို့
တယ်။ တစ်ခါတည်း မကျင်တင်တို့နေတဲ့ဝင်းဝ ရောက်သွားတယ်။
ကြီးနဲ့ တစ်ခါတွေ့တဲ့အကြောင်းလည်းပြောပြတယ်။ မကျင်တင်တို့အမေ
ငွေ ၁၀/- လက်ဖက်ရည်ဖိုး ထုတ်ပေးတယ်လေ။ ဘာငြင်းမလဲ ယူခဲ့တာ
။ နံနက်စာကို စကုရရုံနောက် ကင်းတပ်ထောင့်က တရုတ်ဆိုင်လေးမှာ
ယ်။ တော်တော်ကောင်းတဲ့ ဆိုင်ကလေးပဲ။ အဲဒီဆိုင်က အကြိုက်ဆုံးတို့
ဘတ်တဲ့ တရုတ်ကပြားမလေးဟာ သိပ်သဘောကျစရာကောင်းတာပဲ။
သူကြည့်ရတာ ပြုံးလို့။ ကနေ့တော့ အစောကြီးပဲ ကားရလို့ ပြန်လာတယ်။

www.burmeseclassic.com

www.burmeseclassic.com



၆-၁၁-

ကနေ့တော့ ညထဲက မိုးလေးတစ်ဖြောက်ဖြောက်ရွာလို့ အိပ်လို့သ ကောင်းတာပဲ။ မနက်လည်း မိုးဖွဲကလေးတွေ ကြားထဲမှာပဲ တန်းစီရတ ပထမဆုံး Period မှာ အကြံပေး အရာရှိချုပ်က မိန့်ခွန်းပေးတယ်လေ။ ပြောတာဟာ ကျွန်တော်တို့ တစ်တွေကို ကလေးတွေလောက် သဘောထာ ဝါဒဖြန့်တဲ့အနေ သက်ရောက်နေတာပေါ့။ ဘယ်လောက် ရယ်စရာကောင်းသ ဆိုရင် အင်္ဂလိပ်အမေရိကန်တို့ဟာပေါ့လေ Washington မှာ အစည်းအ လုပ်ပြီး၊ အဲဒီ အစည်းအဝေးမှာ နိပ္ပွန်ကိုနှိမ်တဲ့သဘောနဲ့ စစ်အသုံးအဆော လေယာဉ်ပျံ စစ်သင်္ဘော စသည်တို့ကို ၅း၃ လိပ်-ကန်၊ ၅ ဆလုပ် သူတို့က ၃ ဆသာလုပ်ရမယ်တဲ့။ အဲဒီတော့ လိပ်-ကန်ကိုမီအောင် သူ ဘာပေါင်းထည့်သလဲဆိုရင် စစ်စိတ်စစ်သွေး (ဝါ) စစ်သားစိတ်ဓာတ်ပေါ့ အဲဒါပေါင်းထည့်လိုက်တဲ့အခါ သူတို့က ၁၀ ဆလောက်တောင်ပြန်ပြီး ပိုသ သတဲ့။ အဲဒီတော့ သူတို့ဟာ ကမ္ဘာပေါ်မှာ အင်အားအကြီးဆုံး နိုင်ငံဖြစ်သ အဲဒီလို သူပြောနေတဲ့အချိန်မှာ မိုးက တဖြောက်ဖြောက်ကျလို့ မြောက် ရှူးလေးကလည်း မှန်မှန်လေးတိုက်ပေးနေတော့၊ အင်္ကျီအထူတို့ဘာတို့ မဝ တဲ့ ကျွန်တော်တို့ဟာ ခိုက်ခိုက်တုန်နေတာပေါ့ဗျာ။ ဒီအထဲမှာ သူပြောတာ ခပ်ကုပ်ကုပ်ကလေး နားမထောင်ရဘူးတဲ့။ လေတဟူးဟူးတိုက်နေတဲ့ မြော လေရှူးကို ရင်ဖွင့်ပြီး ခပ်တောင့်တောင့်ထိုင်ပြီး နားထောင်ရတယ်။ နေ့လ အထိပဲ မိုးကမတိတ်ဘူးဗျ။ ကနေ့ လေ့ကျင့်ခန်းကို စာသင်တန်း ပြောင်းလို တယ်လေ။ ညနေကျတော့ မိုးတိတ်သွားပြီ။ ဒါပေမဲ့ ဆီးနှင်းတွေဟာ ဆ တာပဲ။

၇-၁၁-

တန်ဆောင်မုန်းလဆုတ် ၈ ရ

ကနေ့နံနက်တော့ မိုးမရွာတော့ဘူး။ ကနေ့ နေ့စွဲ မြင်လိုက်ရင် ကျောင်းနေစဉ်တုန်းက ပါတော်မူနေ့ အခမ်းအနားတွေ၊ အခုတောင်တွင်းကြီး ကျင်းပမယ့် အစီအစဉ်တွေ သွားပြီးတွေးမိသေးတယ်။ မနက်မှာ ကာကွယ် ကျင်းတွေ ရှင်းလင်းရတယ်လေ။ မိုးကုန်တယ်ဆိုရင် လေကြောင်းရန်အတွ ပြင်ဆင်ရတာပဲ။ နေ့လယ်မှာ ဟင်းကအမဲသားဗျာ။ တပ်ထဲမှာ အမဲသားလည် စားရပြီလေ။ ဒါပေမဲ့ ဝဲတွေကြောင့် နည်းနည်းရှောင်လာတာ ကနေ့



ရသီးညှစ်ပြီးစားတော့ ထမင်းတော်တော်ဝင်သွားတယ်။ ညနေမှာ တပ်ခွဲ (တတိယအပတ် ကျောင်းသားများ)က သူတို့ မနက်ဖြန်ချီတက်ခြင်း ကျင့်ခန်းသွားရမှာမို့ မြူးလို့ပေါ့။ ချီတက်ခြင်းလေ့ကျင့်ခန်းဆိုတာ ၄၊ ရက်လောက် ကျောင်းမပြန်ဘဲ တခြားတစ်နေရာက တစ်နေရာကို တူရှူချီ ကြရတာကိုး။ ပျော်စရာသိပ်ကောင်းမှာပဲ။ ကျွန်တော်တို့လည်း ကျောင်း ခါနီးမှာ ဒီလေ့ကျင့်ခန်းမျိုး လုပ်ရမှာပဲ။

ကနေ့ညနေ လေ့ကျင့်ခန်းအပြန်မှာ တပ်စုမှူးက လှံစွပ်တွေတပ်ခိုင်း သိမ်းလျှောက်ခိုင်းတယ်။ ဒီအနေမယ် ကျောင်းသားတစ်ယောက်က ခြေပတ် ပြင်လိုက်တော့ ကံကောင်းလို့ပေါ့၊ နောက်လူနည်းနည်းပဲလိုတော့တယ်။ နဲ့ အဲဒီကျောင်းသားကို အပြင်ထွက်ပြီး လှံစွပ်ထမ်း၊ ခဲလေးတစ်လုံးကို အောက်ခိုင်းပြီး၊ သူ့လှံစွပ် သူပြန်ကြည့်ခိုင်းတယ်။ ပြီး ခုနက သူလုပ်ခဲ့တဲ့ အမှုကို ပြန်ပြောပြပြီး၊ မင်းဒီလိုအမှတ်မဲ့လုပ်လို့ တခြားရဲဘော်ကို ရင် အလဟဿ တခြားရဲဘော်မှာ ဒုက္ခရောက်မယ့်အကြောင်း၊ ဒီရဲဘော် ကိုယ်နှင့်သေဖော်ဖြစ်ကြောင်း ရှင်းပြတယ်လေ။ စိတ်ဆိုးတော့ အံကြိုး ကိုက်ပြီး ကျောင်းသားတွေကိုလည်း မရိုက်ရက်ဘူး။ တခြား တပ်စုမှူးဆိုရင် အောင်တွယ်မှာပဲ။

၈-၁၁-၄၄

ကနေ့မနက် ၃ နာရီလောက်ကျမှ ရန်သူလေယာဉ်ပျံလာလို့ ထပြီး ကြရသေးတယ်လေ။ အဲဒီလို လေယာဉ်ပျံ ညမှာလာတဲ့အခါ မပုန်းဘဲ၊ ဆောင်ထဲမှာပဲ အိပ်ကျန်ရစ်ခဲ့တဲ့ လူတွေလည်း အများကြီးပဲ။ ကနေ့လည်း ချန်နေခဲ့တဲ့သူတွေ မနက်ကျတော့ အပြစ်ပေးခံရတယ်။ ကျွန်တော်တော့ ယာဉ်ပျံလာရင်ပုန်းတာပါပဲ။ ကနေ့မနက်မှာ တပ်ခွဲ ၁ ကလူတွေ တန်း အထုပ်အပိုးတွေပြင်လို့။ သူတို့ကြည့်ရတာ တကယ့်စစ်မြေပြင် သွားတော့ အတိုင်းပဲ။ တော်တော်စိတ်ဝင်စားစရာကောင်းတယ်။

ပထမဆုံး အချိန်မယ် တပ်ခွဲအကြံပေးအရာရှိ Nippon ကြီးက ခွန်းပေးတယ်။ သူတို့တစ်တွေဟာ ကိုယ်တစ်ယောက်ဟာ အမြဲသူ ၂၀ သတ်ပြီးမှ သေမယ်ဆိုတဲ့ ဆုံးဖြတ်ချက်ရှိတာကို ပြောပြတယ်လေ။ တော့ Yunnan ဘက်မှာ ဒုတိယချည်း ၃၀၀ လောက်ခေါင်းဆောင်တဲ့ တွေဟာ ရန်သူ ၁၅,၀၀၀ လောက်ကို သတ်သင်ပြီး သူတို့ဟာလည်း

www.burmeseclassic.com

www.burmeseclassic.com



အတူအားလုံးသေသွားကြောင်း ပြောပြတယ်လေ။ အဲဒီအထဲမှာ သူ Yunn
တုန်းက ဆရာဖြစ်ခဲ့စဉ်က တပည့်တွေအားလုံးသေကုန်ဆိုပဲ ဒါကြောင့်
ဟာလည်းပဲ ရန်သူ ၂၀၊ ၂၅ ယောက်ကို သူတစ်ယောက်တည်းနဲ့ သုတ်သင်
သူ့တပည့်တွေလမ်း လိုက်ရန်အသင့်ဆိုတဲ့အကြောင်း ပြောပြတယ်လေ။

ကနေ့ နေ့လယ်ဟင်းက မျောက်ဥဟင်းတဲ့လေ။ စစ်ထဲရောက်မှ
လူဖြစ်မှရော တစ်ခါပဲစားဖူးတယ်။ သံဒယ်နဲ့ ချက်ထားတော့ ဟင်းက သံ
ထပြီး မည်းနေတယ်လေ။ ကနေ့ ညတိုက်ပွဲရှိတယ်။ ဒါပေမဲ့ ခါတိုင်း
မရွေးမုန့် မဝေဘူး။ မုန့်ဆမ်းဝေတယ်။ ဒါနဲ့ မနက်ဖြန် အပြင်ထွက်လည်
မယ်ကြားတယ်။ နေရှင်နယ်ဒေး အတွက်လေ။

၉-၁၁-၄၄

ကနေ့ဟာ ခါတိုင်း ဒေါင်းလံလေးတွေ ရင်ဘတ်မှာထိုးပြီး မြို့ထဲ
လှည့်ခဲ့ကြတဲ့ အမျိုးသားအောင်ပွဲနေ့ပေါ့။ စစ်တက္ကသိုလ်ကြီး ကနေ့ပိတ်တ
လေ။ နံနက် အိပ်ရာထတန်းစီပြီး ချက်ချင်းအဝတ်အစားသစ်တွေနဲ့ သေန
တွေယူပြီး စစ်ရေးပြကွင်းကြီးမှာ အလံတော်သွားပြီး အရိုအသေပြုရတယ်
နှင်းတွေဝေပြီး ဆိုင်းဆိုနေတဲ့ ကောင်းကင်ကြီးမှာ နောက်က ကော်ကော်ဆို
ခရာသံနဲ့အတူ ဒေါင်းသုံးရောင်ခြယ် အလံတော်ကြီးဟာ ငွားငွားစွင့်စွင့် လွ
တက်နေတာကို ဗိုလ်တွေက ဓားတွေချွတ်ပြီး ကျွန်တော်တို့က လှံစွပ်တွေ
အရိုအသေ ပြုကြတယ်လေ။ အဲဒီအရိုအသေပြုတဲ့ အခမ်းအနားပြီးတော့
မြို့ထဲကို ထွက်လည်ခွင့်ပေးတယ်။ လူတွေ ညပ်သိပ်နေတဲ့ကားလေးရဲ့ ခေါင်
ပေါ်မှာ လစ်လပ်တဲ့ နေရာလေးကနေပြီး ကုတ်ကတ် လိုက်သွားရတယ်။ ကန
နံနက်စာ စားရတာကိုပြောပြမယ်။ ဗဟန်းထဲက ထမင်းဆိုင်တစ်ဆိုင်
ကြက်သားဟင်းရယ်၊ ငါးဟင်းရယ်၊ ငံပြာရည်ဖျော်ရယ်၊ ၁၄ ကျပ် ၅၀ ပြ
ကျတယ်။ ပါသွားတာက ၁၂ ကျပ် ၇၅ ပြားပါတယ်။ ဘယ်ဒါလော
ကုန်လိမ့်မယ်ထင်မလဲ။ အကျိုးအကြောင်း ပြောပြတော့ ၁၂ ကျပ်ပဲ ယူလို
ပြီး၊ ၇၅ ပြားကို ဆေးလိပ်ဖိုးဆိုပြီး ပြန်ပေးလိုက်သေးတယ်ဗျ။

အဲဒီက နောက်ကို ရွှေတိဂုံဘုရားကြီး သွားဖူးတယ်လေ။ ညီလေး
မိုက်တယ် ဆိုရင်လည်းဆိုတော့၊ ဒီတစ်ခါဟာ ရန်ကုန်ရောက်မှ ပထမ
အကြိမ် ဘုရားကြီးဖူးရတာပဲ။ တော်တော်ကြည်ညိုစရာ ကောင်းပါတယ်
ကိုယ့်ရှေ့မှာ ဖူးနေရင်း ရွှေတောင်ကြီး ပေါက်နေသလား အောက်မေ့ရတယ်



အားမှာ ထမင်းစားတုန်းကပိုတဲ့ ၇၅ ဆင့်ကို ဘုရားအလှူခံပုံးထဲ ထည့်ခဲ့ရ
ယ်လေ။ အပြန်မယ် အချိန်စောသေးတာနဲ့ တင်လှိုင်ကို သွားတွေ့တယ်။
မယ် ပိုက်ဆံများရမလား အောက်မေ့ပါတယ်။ လူတွေ့တွေ့ချင်း မင်းမှာ
ဆံရှိသလားတဲ့။ အကျိုးအကြောင်းပြောပြတော့ သူ့ရှိတဲ့ ၁ ကျပ်နဲ့ မြေပဲလိပ်
ကျွေးရှာတယ်လေ။ အဲဒီမှာ သောင်းဖေအစ်ကို သောင်းရွှေလည်း တွေ့ခဲ့ရ
ယ်။ မြင်းခြံတုန်းက တောင်တွင်းတုန်းက ရှေးဟောင်းနှောင်းဖြစ်လေးတွေ
ပြောကြပြီး ပြန်ခဲ့တာပါပဲ။

၁၀-၁၁-၄၄

ကနေ့နံနက် အစောကြီးမှာ သေနတ်တွေ ပြောင်နေအောင်တိုက်ကြရ
ယ်လေ။ ကျည်ဆံနဲ့ သေနတ်ပစ်မလို့ပေါ့။ တန်းစီပြီးတော့ ကျောင်းမြောက်
က် သေနတ်ပစ်ကွင်းကို သွားကြရတယ်လေ။ သေနတ်ပစ်တာက မီတာ
ကနေပြီး ပစ်ရတယ်။ ငါးချက်ပစ်တာ Target ကို တစ်ခါပဲထိတယ်။
မဆန်းပါဘူး။ ပထမဆုံးအကြိမ် သေနတ်ပစ်ခြင်းဖြစ်တဲ့အပြင် တပ်
က သေနတ်တွေဟာ အရှော်တွေပဲများတယ်။ လူလည်း ရှော်လို့ပေါ့ဗျာ။
ယ် ထမင်းကို လှည်းနဲ့တပ်ကို ပြန်ယူပြီးစားကြရတယ်လေ။ လှည်း
မှာ ဟင်းပုံး၊ ထမင်းပုံးတွေတင်ပြီး လူတွေ ဆွဲကြရတယ်။ ဟင်းက
သားဟင်းနဲ့ ဆန်ကြာဖံနဲ့ ဆာနေတော့ သိပ်စားကောင်းတာပဲ။ ကနေ့
နေ့လုံး တပ်ခွဲတစ်ခုလုံး သေနတ်ပစ်တာဆိုတော့ သေနတ်ပစ်ကွင်းထဲမှာပဲ
နေ့လုံး နေရတယ်။ နေကသိပ်ပူတာပဲ။ အရင်ပစ်ပြီးတဲ့ ကျွန်တော်တို့
တွေဟာ ချုံပုတ်အကွယ်လေးတွေမှာ သွားပြီး အိပ်နေကြတယ်။ သေနတ်သံ
ခိုင်းဆော်နေတဲ့ကြားထဲက တစ်ရေးတော့ ရလိုက်သေးတယ်။ အပြန်မှာ
သားဟင်းနဲ့ ကျောက်ဖရုံသီးဟင်း၊ ဒါပေမဲ့ ရေဆာလို့ သိပ်သောက်ထားလို့
စား သိပ်မကောင်းဘူး။ ညနေ လေကြောင်းအချက်ပေးသေးတယ်။
ဘာဉ်ပျံသံတော့ မကြားရပါဘူး။

၁၁-၁၁-၄၄

ကနေ့ စနေနေ့မှာ မနက်ပိုင်း စာသင်တန်းချည်းတက်ရတယ်။
ယ်မှာ သင်တန်းမရှိဘူး။ ဒါပေမဲ့ ကျောင်းသားတွေကို အားမပေးဘူး
ကျောင်းပတ်ပတ်လည် နေပူကြီးမှာ မြက်ထိုးခိုင်းတယ်။ ဒီလို အထော

www.burmeseclassic.com

www.burmeseclassic.com



ကြမ်း ခဏခဏပေးတာ ဗိုလ်ဖြစ်မယ့်သူတွေ ဖွဲ့ရှိဖို့နဲ့ အပင်ပန်းခံနိုင်အောင် လေ့ကျင့်ပေးတာနဲ့တူပါတယ်။ မနက်ဖြန်လည်း လည်ခွင့်ရဦးမယ်လေ။ က... အခန်းတာဝန်ခံတွေက လည်မယ့်လူစာရင်း လိုက်ယူနေတယ်။ ညနေလည် ထမင်းစားပြီး မြက်ဆက်ရှင်းရဦးမယ်လေ။ ဒါပေမဲ့ မနက်ဖြန် လည်ရမ... ကျွန်တော်တို့တစ်တွေရဲ့ မျက်နှာတွေဟာ သိပ်ပြီးရွှင်လန်းနေတာပေါ့။ ညနေ မမတင် လူကြုံနဲ့ပေးလိုက်တဲ့ စာကိုရတယ်။ ဒီလို အိမ်ကစာတွေ ဖတ်လိုက် တာ သိပ်ဝမ်းသာတာပဲ။

၁၂-၁၁-...

ကနေ့ အမိန့်တစ်မျိုး တန်းစီပြီးမှ ထုတ်လိုက်တယ်လေ။ ကျွန်တော် တစ်တွေ တစ်နေ့က ပစ်ကွင်းမှာ အမှတ် ၃၀ ပေးတာ။ ၁၅ မှတ်အောက်... သူ မလည်ရဘူးတဲ့။ ကျွန်တော်လဲ မလည်ရတဲ့အထဲ ပါလာတာပေါ့။ အမှန် အကုန်လုံးကို လည်ခွင့်မပေးချင်တဲ့ သဘောနဲ့ လုပ်တာပဲ။ ဒါပေမဲ့ သေ... လည်း တစ်ခါမှ မပစ်ဖူးဘူး၊ သေနတ်အကြောင်းလည်း မသိရသေး။ သေ... တွေကလည်း ဘယ်ဘက်ဆွဲတဲ့ သေနတ်နဲ့ အထက်ဆွဲတာနဲ့။ ဒီလို မပြည့်... နိုင်တဲ့ အချက်တွေကြောင့် ပစ်ကွင်းမှာ ကောင်းကောင်း မမှန်ခဲ့တဲ့ ကျွန်တော် တစ်တွေဟာ ဘယ်ကျေနပ်နိုင်မလဲ။ မနက်မှာ နှင်းတွေကျတာကလည်း တစ်... တည်းဆိုင်းပြီး ဆိုနေတာပဲ။ အစောကြီး ရေပြေးပြီးချိုးလိုက်တယ်။ ဆော... တွင်းမှာ မနက်အစောကြီးရေချိုးရတာ တော်တော်ကောင်းတယ်။ လာ... တယ်ဗျာ မလည်တဲ့သူတွေ ယင်ကောင် ၅၀ ရိုက်ရဦးမယ်တဲ့။ ကနေ့ နေ့လ... တော့ တစ်နေ့လယ်လုံးစာကြည့်ပြီး တစ်နေကုန်ရတယ်။

၁၃-၁၁-...

ကနေ့နံနက် နှင်းတွေ တော်တော်လေးထူတယ်။ မနက်အစော... မယ် ဟင်းက ဝက်သား Soup ဗျ၊ ထမင်းတော်တော်ဝင်တယ်။ တောင်တွ... ကြီး မောင်းတိုင်ဗလအဖွဲ့က ပြန်စာရတယ်လေ။ ကိုမြသောင်းကြီး ရေး... လိုက်တာပေါ့။ စာမှာ မောင်းတိုင်ဗလတံဆိပ်တွေ ခတ်နှိပ်လိုက်သေးတယ် စာထဲမှာ ယောက်ျားကောင်းပီသစွာ မြန်မာ့တာဝန်ကို ထမ်းဆောင်နေတဲ့အတွ... များစွာ ဝမ်းသာကြောင်းတွေပဲ။

ပထမဆုံးအချိန်မှာ အကြံပေးအရာရှိချုပ်က မိန့်ခွန်းပေးတယ်...



...ပ်မတော်မှာ ယဉ်ကျေးမှု နည်းပါးသေးတဲ့အတွက် ခွေးနဲ့ကြောင်နဲ့ တူသူတွေ ...သေးသတဲ့။ ပြီးတော့ ဒီကျောင်းသားတွေ Batch မှာ အားလုံးဗိုလ်ဖြစ်မယ်လို့ ...ယူဆကြနဲ့တဲ့၊ ပြန်လွှတ်တန်သူ လွှတ်မယ်ပေါ့ဗျာ။ ဒီလိုညံ့တဲ့လူတွေကို ...ပြီးတော့ Dec: မှာ (တစ်လိုင်းနှစ်ပွင့်)နဲ့ ဆင်းပေးမယ်ကြားတယ်။ နေ့လယ် ...မှာ ဝါဒဖြန့်ဖြူးရေးဘက်ကလာပြီး ဓာတ်ပုံရိုက်တယ်လေ။ လုံ့စွပ်တပ်လျက် ...လေးပြုတာတွေ၊ ချီတက်တာတွေ အားလုံးပါတာပေါ့။ ညနေမှာ အကြောင်း ... ခရာမှုတ်ပြီး လေ့ကျင့်တယ်။ အားလုံး အဝတ်အစား လက်နက်အပြည့်အစုံ ...န်းစီပြီး အထက်အရာရှိ တာဝန်ခံများအမိန့် နာခံရတယ်။ ဒီလေ့ကျင့်ခန်း ...ရည်ရွယ်ချက်က ရုတ်တရက် ရန်သူဝိုင်းဝန်းခံရတဲ့အခါ လေထီးတပ်သား ...ည်ဖြင့် ရန်သူ ရုတ်တရက်ပေါ်ပေါက်လာရင် ခုခံနိုင်အောင်တဲ့။

၁၄-၁၁-၄၄

ကနေ့ တတိယအချိန်မှာ ခုန်ခြင်းကို လေ့ကျင့်ရတယ်။ High ...mp, Long Jump တို့ စစ်မြေပြင်မှာ မြေကမူ စသည်တို့ကို ကျော်လွှားနည်း ...လေ့ကျင့်တယ်။ ညနေမှာ ကျောင်းဝင်းက ကင်းကို ကျွန်တော်တို့ တပ်ခွဲက ...စောင့်ရတော့မယ်။ ကနေ့ နေ့လယ်မှာလည်း ယင်ကောင်ရိုက်ရသေးတယ်။ ...လယ်မှာ လေ့ကျင့်ခန်း မဆင်းရဘူး။ ကင်းအကြောင်းတွေ ကင်းစောင့်ရတော့ ...နဲ့ လက်တွေ့သင်နေတယ်။

၁၅-၁၁-၄၄

ကနေ့နံနက် တန်းစီပြီးမှ သောကြာနေ့ သေနတ်ပစ်ရမှာမို့ သေနတ် ...ခြင်း လေ့ကျင့်ရတယ်လေ။ ပထမဆုံးအချိန်မှာ တပ်ခွဲအကြံပေး အရာရှိက ...ခွန်းပေးတယ်။ သူတို့ အနှစ် ၉၀၀ လောက်ကတည်းက ပေါ်ပေါက်လာတဲ့ ...ရိုင်း သူ့ရဲ့ကောင်းကြီးတွေရဲ့ ဘူရှီဒို စိတ်ဓာတ်အကြောင်းပဲ။ စိတ်ဝင်စားဖို့ ...ောင်းတော်ကောင်းတယ်။ နေ့လယ်မှာ ညတိုက်ပွဲ တိုက်တဲ့နေ့မို့ မရွေးမှန့် ...တယ်။ ပြီးတော့ ငှသိုင်း၊ ဆပ်ပြာ၊ ခုံဖိနပ်တွေ ရကြတယ်။ ညမှာ ည ...တိုက်ပွဲတိုက်တာ တံတားလေး ဖြတ်ကူးပြီး တိုက်ကြရတယ်။ ဆောင်းတွင်း ...ကလေးလေးကလည်းတိုက်လို့။ အဲဒီအချိန်မှာ မြင်းခြံမှာတုန်းက သူသူ ...ောင်းပြောတဲ့တားကြီးသွားပြီးထိုင် စကားများကြတာတွေ ပြန်ပြီးအေးချ... ...မိတယ်။ ကနေ့ထုတ်တဲ့ အမိန့်စာက ကနေ့ကစပြီး နေ့တိုင်း ယင်ဆောင်

www.burmeseclassic.com

www.burmeseclassic.com



ရိုက်သွားရမတဲ့။

၁၆-၁၁-၄၄

ကနေ့ နံနက်အစောကြီး ၅ နာရီမှာ အကြောင်းထူး ခရာမှုတ်တယ်လေ။ အားလုံး ကပျာကယာထပြီး ပတ်တီးတွေပတ်၊ သေနတ်လုံ့စွပ်တွေ ယူပြီး တန်းစီကြရတယ်။ ကျွန်တော်နဲ့ ရဲဘော်တစ်ယောက်က နောက်တံခါးမှာ စောင့်ရတယ်။ အဲဒီအချိန်မှာ နှင်းတွေဟာဝေလို့ပေါ့။ အရှေ့ဘက်မှာ ရောင်ခြည်တွေဟာ ရွှေတော်ပြေးရောင်ခြည်အဖြစ်နဲ့ လောကဓာတ်ကြီးကို ဖုံးလွှမ်းထားတယ်။ တော်တော်လွှမ်းစရာကောင်းတဲ့ ရှုမျှော်ခင်းလေးပဲ။ ကနေ့ည ဘိုင်စကုတ်ပြတယ်လေ။ "ငြိမ်းချမ်းသာကြည် တရုတ်ပြည်"တဲ့။ တရုတ်ကို ဂျပန်တိုက်ခိုက်ကာစ ဒီကားရိုက်ပြီး ဝါဒဖြန့်တာပဲ။ ဓာတ်လိုက်မက တရုတ်မလေး၊ K. Tan တဲ့။ ဓာတ်လိုက်က အဲဒီနာမည်လေး ခေါ်ခေါ်နေတာကိုး။ ဒါနဲ့ မနက်ကျတော့ လေ့ကျင့်ခန်းမယ် ဒီ K. Tan ဆိုတဲ့နာမည်လေး လူတိုင်းပါးစပ်က အော်နေကြတယ်လေ။

၁၇-၁၁-၄၄

ကနေ့ နံနက်အစောကြီးမှာ ကျောင်းမှာ ကားတိုက်သေတဲ့ (သုံးလိုင်း) ဂျပန်တစ်ယောက်ရဲ့ ချီးကျူးပွဲ လုပ်တယ်လေ။ စားပွဲပေါ်မှာ အဝတ်ဖြူခင်းပြီး မုန့်တွေ၊ ဖယောင်းတိုင်တွေ၊ အမွှေးတိုင်တွေထွန်းလို့ပေါ့။ ပြီးတော့ ဂျပန် စစ်တပ်က ဘုန်းကြီးတဲ့။ သူက စိပ်ပုတီးစိပ်ပြီး ပရိတ်လိုဟာကို ဖြည်းဖြည်း ဆွဲရွတ်နေတယ်လေ။ အဲဒါကို ကျွန်တော်တို့က သတိအနေအထားနဲ့ မလှုပ် မယှက် နားထောင်ကြရတယ်။ ကနေ့တော့ တစ်နေ့လုံး လေ့ကျင့်ခန်းပဲ။

၁၈-၁၁-၄၄

ကနေ့ ဖံရင်[၁] ဆီက စာရတယ်လေ။ ဒီလို စစ်ထဲယောက်ျားကောင်း ပီသစွာ ဝင်ရောက်အမှုထမ်းနေလို့ ဝမ်းသာကြောင်း၊ သူလည်း မကြာခင် ဒီလိုဝင်ရောက် အမှုထမ်းမည် ဖြစ်ကြောင်းတွေပဲ။ ကနေ့ ကျွန်တော်တို့ကို အင်္ကျီစုတ်၊ ဘောင်းဘီစုတ်တွေ အားလုံးလဲပေးတယ်လေ။ အင်္ကျီအဟောင်း

၁။ ဦးဖံရင် – ကုန်သွယ်ရေးဝန်ကြီးဌာန (ကွယ်လွန်)



နဲ့ ထပ်ရတာပေါ့။ ဘောင်းဘီကတော့ အကြမ်းပါပဲ။ ဒီကိစ္စမယ် အင်္ကျီ နည်းစုတ်တဲ့သူတွေလည်း ဖြပ်ဖြစ်ပြီး သွားလဲကြတာပဲ။ ကျွန်တော်လည်း လုပ်မိတာပဲ။ ပြီးမှ တွေးကြည့်ပြီး မှားမှန်းသိတယ်။ ဒီကိစ္စမှာ အမှန်က က်ကလည်း မှားတာပဲဗျ။ အားလုံးလိုလို အသစ်နဲ့ အဟောင်း လာလဲကြ တယ်။ ဒီတော့ နည်းနည်းစုတ်တဲ့ အဝတ်တွေများများ စုတ်ကုန်တာပေါ့။ လောက်ငှသလောက် ဝေပေးဖို့ ကောင်းပါတယ်။

၁၉-၁၁-၄၄

ကနေ့ တနင်္ဂနွေနေ့မှာ သေနတ်ပစ်လေ့ကျင့်ခန်း လုပ်ကြရတယ်။ အရင်တစ်ခါလို သေနတ်ကို သေသေချာချာ သဲအိတ်ပေါ်မေးတင်ပြီး ပစ်ရတာ မဟုတ်ဘူး။ လက်ထောက်ပစ်ရတယ်။ ဒါပေမဲ့ ကျွန်တော်တော့ အရင်တစ်ခါထက် အမှတ်များတယ်။ ၃ ချက်မှာ ၂ ချက်ထိတယ်။ ထမင်းကိုလည်း အရင်တစ်ခါတုန်းကလိုပဲ လက်ဆွဲလှည်းနဲ့ယူပြီး စားရတယ်။ ဟင်းက အမဲသားနဲ့ ခရမ်းချဉ်သီး။ ထမင်းစား တော်တော်ပဲကောင်းတယ်။ တပ်ခွဲ ၁ကတော့ စာမေးပွဲနီးလို့ သိပ်ပျော်နေကြတာပေါ့။ ကျောင်းက လွတ်သွားပြီဆိုရင် တစ်ခါတည်း ထောင်ကလွတ်ထွက်သလို ကျွတ်လွတ်သွားတော့မှာကိုး။

ကနေ့ လေ့ကျင့်ခန်းတော့ မရှိပါဘူး။ ပစ်ထားတဲ့ သေနတ်တွေကို ပြောင်အောင် တိုက်ကြရတယ်။

၂၀-၁၁-၄၄

ကနေ့ ကျောင်းအုပ်ကြီး ဗိုလ်ရန်နိုင် မိန့်ခွန်းပေးတယ်လေ။ တပ်မတော်ရဲ့အင်အားကိုပြောပြပြီး တပ်မတော်ကြီး အင်အားတောင့်တင်းလာအောင် တကယ်ကြိုးစားကြဖို့ပေါ့။ ပြီးတော့ ဗဟုသုတအဖြစ်နဲ့ သူတို့ ဂျပန်မှာ စစ်ပညာ သင်ခဲ့ရပုံ၊ ပြန်ပြီး မြန်မာပြည်ထဲ ဝင်ခဲ့ကြပုံတွေ ပြောပြတယ်။ ကနေ့ တပ်ခွဲ ၁က စာမေးပွဲကြီးနေ့လေ။ ဒီစာမေးပွဲကြီးပြီးရင် သူတို့တွေ ကျောင်းမှာ အလွန်ဆုံး ၇ ရက်ပဲနေရတော့မယ်။

ကနေ့ (တတိယအပတ်က) ဝင်းအောင်တို့ စာမေးပွဲအကြောင်း ပြောပြတယ်လေ။ အမှန်က စာမေးပွဲတို့၊ စစ်ပညာတို့မှာ ဒါလောက်အမှတ် မပေးနိုင်ဘူး။ နေ့စဉ် နေမှုထိုင်မှုနဲ့ ကျောင်းမှာ Popular ဖြစ်ဖို့ပဲလိုတယ်ဗျ။ နေ့စဉ် ဒီကျောင်းသားရဲ့ နေမှုထိုင်မှု အထားအသိုတွေ ပြုမူပုံတွေ

www.burmeseclassic.com

www.burmeseclassic.com



ကြည့်ပြီး အမှတ်ပေးတယ်။ အဲဒီ Result ကောင်းတဲ့သူဟာ တပ်ရင်း နာမည်ကောင်းတာပဲ။ သူတို့တပ်ခွဲ ၁ က လူ ၁၂ ယောက် (တစ်လိုင်း ပေးမယ် ကြားရတယ်။ ဟုတ်မလား မသိဘူး။

၂၁-၁၁

ကျွန်တော်တို့တစ်တွေကို ညမှာ တပ်စုမှူးက ကိုယ့်ကိုယ်ကိုယ် မကြီးဖို့နဲ့ ပတ်သက်ပြီး မိန့်ခွန်းပေးတယ်လေ။ ည စာကြည့်ချိန်မှာ သူ့မိန့် ပဲ ပွဲကျနေရတယ်။

ကျွန်တော်တော့ သူငယ်ချင်းကောင်း ရနေပြီ။ သူက ကျွန်တေ ယင်ကောင် အမြဲကူပြီး ရိုက်ပေးတယ်လေ။ ကျွန်တော်က သူ့ထမင်း တွေ ဆေးပေးရတယ်။ အမှန်မယ် ယင်ကောင်ရိုက်ရတာ ပင်ပန်းတဲ့အလု မဟုတ်ပါဘူး။ မီးဖိုချောင်ကိုသွားရိုက်ရင် တစ်ခါရိုက် အနည်းဆုံး အ ၅၀ လောက်တော့ရတယ်။ ဒါပေမဲ့ ကျွန်တော့်အတွက်တော့ ကိုကိုကြီး အတိုင်း အတော်ကိုဝန်လေးတာပဲ။ ဒီတော့ နှစ်ယောက်စလုံး သဘေ ကြည်ကြည်ဖြူဖြူနဲ့ လုပ်နိုင်ကြပါတယ်။

၂၂-၁၁

ကျွန်တော်တို့ စာမေးပွဲ ၂၄ ရက်မှာ လုပ်မှာမို့ စာကြည့်ခ သွားပြီး စာကြည့်ရတယ်။ မနက်ပိုင်း လေ့ကျင့်ခန်း မရှိဘူး။ စာကြ သူတွေတော့ ကြည့်ကြတာပဲ။ ဒါပေမဲ့ တချို့လူတွေကတော့ စာကြည့်ခ လျှောက်ပြီး သင်ပုန်းပေါ်မှာ ကဗျာတွေရေး၊ ခြစ်ချင်ရာတွေ လျှောက် နေကြတာပဲ။ ကနေ့ည တိုက်ပွဲရှိလို့ ဂျပန်မုန့် စားရတယ်လေ။ ဆန် နဲ့ထန်းလျက်နဲ့ လုပ်ထားတဲ့ မုန့်ပဲ။ ညတိုက်ပွဲမှာ လတော်တော် သာတ သေနတ်တွေဆွဲပြီး လေ့ကျင့်နေရတဲ့ ကျွန်တော်တို့ စစ်သားတွေဟာ ဒီလို တဲ့အခါတွေမယ် အတွေးပိုကြတာပေါ့။ ညတိုက်ပွဲပြီး သီချင်းတွေ အေ လာကြပြီး အိပ်လို့တော်တော်ကောင်းတယ်။

၂၃-၁၁

ကနေ့ ဂျပန်ဆဲဆစ်ပွဲနေ့မို့ ကျောင်းပိတ်တယ်လေ။ ဒါပေမဲ့ မနက် မှာ စာသင်တယ်။ ကနေ့ ခါတိုင်းထက် တော်တော်လေး ပိုအေး နင်းတော့ သိပ်မကျလှဘူး။ ကျွန်တော်တပ်ဝင်၊ ကင်းခေါင်းဆောင်ကျ



င်းကျတဲ့ညမယ် တော်တော်ပျော်စရာကောင်းတယ်။ ၁၁ နာရီလောက် မင်းချက်ရုံက ကန်စွန်းဥပြုတ်တွေ ရတယ်။ ဒါနဲ့ မဝသေးလို့ အဲ့ဒီကန်စွန်း တွေ တစ်ပုံကြီးနဲ့ ထမင်းရယ်၊ ငါးပိအစိမ်းတွေရယ်၊ ညက ချဉ်ရည်ဟင်း ရည်ရယ် နယ်ပြီး တုတ်ကြသေးတယ်။ ဆာနေတော့ သိပ်စားလို့ ကောင်းတာ အဲဒီညမှာ စည်းကမ်းပျက်မှုကြောင့် ကျွန်တော့် သူငယ်ချင်းနှစ်ယောက် းထိသွားသေးတယ်။ ကျွန်တော်ကတော့ ကင်းခေါင်းဆိုတော့ ဒါလောက် စ်ရေးမပျက်ပါဘူး။ တခြားရဲဘော်တွေတော့ ချမ်းချမ်းစီးစီးထဲမှာ လေတိုက် ပြီး စောင့်ကြရရှာတယ်။

၂၄-၁၁-၄၄

ကနေ့ ၈ နာရီမှ ကင်းတဲက ကျောင်းကို ပြန်ရတယ်လေ။ တခြား ကျောင်းသားတွေ လေ့ကျင့်ခန်း ဆင်းကုန်ကြပြီ။ ကျွန်တော်တို့တော့ ထမင်းစား တုန်းပေါ့။ ပြီးမှ ပြင်ဆင်ပြီး လေ့ကျင့်ခန်းကို လိုက်သွားကြတယ်။ လေ့ ကျင့်ခန်းက ကွင်းပြင်ကြီး တစ်ခုလုံးမှာ ခံစစ်လေ့ကျင့်ခန်းဆိုတော့ တော်တော်နဲ့ ပိုလ်လေး [1] ကို ရှာမတွေ့နိုင်ဘူး။ သူ့ရှာပြီး ကင်းက ပြန်ရောက်တဲ့အကြောင်း တင်းပို့ရဦးမှာကိုး။ ကင်းအဖွဲ့ ၁၃ ယောက်ဟာ ဟိုသွားဒီသွားနဲ့ နောက် ဘော်တော်နဲ့ ရှာမတွေ့တော့ ချောင်ကောင်းကောင်းရှာပြီး အိပ်နေလိုက်ကြ တယ်။ နောက်မကြာဘူး ထပြီးရှာကြပြန်ရော။ ဗိုလ်လေးလည်းတွေ့ရော ကြာပါဘူး လေ့ကျင့်ခန်းပြီးလို့ ပြန်ရတာပါပဲ။

၂၅-၁၁-၄၄

ကနေ့ ကျန်းမာရေးစစ်ဆေးပြီး ဆေးထိုးပေးတယ်လေ။ ဘယ်ဘက်က ရောဂါဆေး၊ ညာဘက်က ပုလိပ်ဆေး။ ကနေ့တစ်နေ့လုံး စာကြည့်ရတယ်။ မေးပွဲက ၂၇ ရက်မှာလေ။ ဒီစာမေးပွဲဟာ တော်တော်အရေးကြီးတယ်လို့ ရမယ်။ ဒီစာမေးပွဲ အောင်မှတ်မရတဲ့သူတွေဟာ (တစ်လိုင်းနှစ်ပွင့်)နဲ့ ကျောင်း ဆင်းပေးတော့မလိုလို ပြောထားတာကိုး။ စာက များလည်းမများလှပါဘူး။ ချိန်လည်း သိပ်မနည်းပါဘူး။ Traslation တွေက သိပ်မရှင်းတော့ ပြီး သင်တဲ့ဟာ ဂရုမစိုက်ဘဲ စာမေးပွဲကြီးနီးမှ ကြည့်လို့တော့ ပိုရှုပ်ပိုပဲ့တယ်

[1] ဗိုလ်လေး တပ်စုမှူးဗိုလ်ကျော်ညွန့်ကိုဆိုလိုသည်။

www.burmeseclassic.com

www.burmeseclassic.com



၂၆-၁၁-

နက်ဖြန် စာမေးပွဲအတွက် ကနေ့စာကြည့်ရတယ်။ ကျွန်တော် ဆေးထိုးတဲ့အရှိန်နဲ့ တော်တော်လေးဖျားတယ်။ ဆောင်းဝင်လို့ ဖျား တော်တော်လေးများတယ်။ ညနေမှာ တပ်ခွဲ ၁ က ကျောင်းဆင်းတော့ သူတို့ ကျောင်းသားတွေစုထားတဲ့ ပိုက်ဆံနဲ့ ဒန်ပေါက်ထမင်းတို့ မုန့်ဟင်းခါး ပျော်ပွဲထိုင်ကြတယ်လေ။ ကျွန်တော်တို့တစ်တွေတော့ သူတို့ကြည့်ပြီး ကျောင်းဆင်းရက် ကိုယ် လက်ချိုးရေတွက် နေရတော့တာပဲ။

၂၇-၁၁-

ကနေ့ ကျွန်တော်တို့ Course တစ်ဝက်ကျိုးတဲ့နေ့မှာ စာမေးပွဲ တယ်။ စာမေးပွဲမရောက်ခင် စာတွေတော်တော်ကြည့်ခဲ့ရပေမယ့်လို့ စာမေး တော့ သိပ်ခက်ခက်ခဲခဲ မရှိလှပါဘူး။ ကနေ့ ကျွန်တော်တို့ထဲက (..... ဆိုတဲ့ရဲဘော်ကြီး လစ်ပြေးပြီလေ။ တပ်ခွဲ ၂ မှာ သူက ပထမဆုံးပြေးတဲ့သူ သူ့နောက်လည်း ပြေးမယ့်သူ တယ်မမြင်ပါဘူး။

၂၈-၁၁-

ကနေ့ ဖျားနေတဲ့အရှိန်နဲ့မို့ တော်တော်လေး နေလို့ဆိုးတယ်။ အစောကြီးမှာ လေအေးကလေး နှောလာလို့ တော်တော်လေး အချမ်းပိုတ ကနေ့ တစ်နေ့လုံး နက်ဖြန် သင်တန်းစစ်ဆေးပွဲအတွက် လေ့ကျင့်ရတယ် ကျွန်တော်တော့ နေသိပ်မကောင်းတာနဲ့ လေ့ကျင့်ခန်းမလိုက်နိုင်ဘူး။

၂၉-၁၁-

ကနေ့ လေ့ကျင့်ခန်းစစ်ဆေးပွဲနေ့ပေါ့။ ကျွန်တော်တို့ တပ် Course တစ်ဝက်ကျိုးတဲ့အတွက် သင်ခဲ့တဲ့ သင်တန်းတွေကို စစ်ဆေးပြီး ဗိုလ်မှူးရန်နိုင် (ကျောင်းအုပ်ကြီး)တို့ ကြည့်တယ်လေ။ အားရစရာ မကော သေးဘူးတဲ့။ ဘယ်မှာ လေ့ကျင့်ခန်းတွေ တော်နိုင်မလဲဗျာ။ အခြေခံလော သင်ပေးပြီး Practice ကသိပ်နည်းနေတော့ ဒါလောက်ပဲ ရှိနိုင်မှာပဲ။ ကျွန် တော့ ကနေ့တစ်နေ့လုံး လေ့ကျင့်ခန်းမလိုက်နိုင်ဘူး။ တော်တော်လေး တယ်။ ညမှာ တပ်ခွဲ ၁ က လက်ဖက်ရည်သောက်ပွဲလေ။ နက်ဖြန် ကျော ဆင်းပွဲကိုး။



၃၀-၁၁-၄၄

ကနေ့ ကျွန်တော် နည်းနည်း နေကောင်းလာပြီ။ ကနေ့ တပ်ခွဲ ၁ င်းဆင်းပွဲနေ့လေ။ တပ်ခွဲ ၁ က စားဆုနဲ့ သားရေအိတ် ဆုရတဲ့သူ ၇ က်ရှိတယ်။ စစ်ဝန်ကြီးကိုယ်တိုင် ဆုတွေပေးတယ်လေ။ အခုပဲ Tokyo က်နေလို့ ကိုယ်စား သခင်မြလာပြီး စကားပြောတယ်။ ပြီးတော့ လ်အောင်ဆန်း။ ပြီး ကျောင်းအုပ်ကြီး ဗိုလ်မှူးရန်နိုင် အသီးသီးစကားပြော လေ။ ကျောင်းဆင်းမယ့် သူတွေဟာ ရာထူးတံဆိပ်ကလေးတွေနဲ့ သူတို့ တွေဟာ မြူးပြီးနေတာပဲ။ တစ်လိုင်းသုံးပွင့် ၆ ယောက်၊ တစ်လိုင်းနှစ်ပွင့် က် ပါသေးတယ်။ ဘငွေက တပ်ရင်း ၇၊ ဝင်းအောင်က စက်မှုလက်မှု င်း ၁၊ ညာဏ်ဝင်းက တပ်ရင်း ၂ ကျတယ်လေ။ ဒါပေမဲ့ အားလုံး နားမှာ ကျကြမှာပါပဲ။ ကနေ့ည မြန်မာရုပ်ရှင် 'မြဂနိုင်' ကြည့်ရတယ်။

၁-၁၂-၄၄

ကနေ့ စက်သေနတ်လေး သွားပစ်ရတယ်လေ။ ထမင်း တစ်ခါတုန်း လှည်းနဲ့ယူပြီး စားရတယ်။ ညနေကျမှ သေနတ်ပစ်တာပြီးတယ်။

၂-၁၂-၄၄

ကနေ့ တော်တော်လေးချမ်းတယ်။ နံနက် တန်းစီပြီး ကြည့်လိုက် ကျောင်းသားတွေဟာ အားလုံး နေပူစာလေးတွေမှာပဲ စုနေတာကို တွေ့ရ

၃-၁၂-၄၄

ကနေ့ တနင်္ဂနွေနေ့ပေမယ့် ထွက်လည်ခွင့်မရကြဘူးလေ။ တစ်နေ့လုံး င့်ခန်းရှိတယ်။ လေ့ကျင့်ခန်းက ချီတက်ခြင်းလေ့ကျင့်ခန်း။ ခြည်းကုန်း အောင်ချီပြီး အဲဒီအနီးမှာ တန်းဖြုတ်တယ်။ ကျွန်တော်တို့ ပိုက်ဆံ ဆည်းကပ်တဲ့ ကောင်တွေတော့ ရွာထဲပြေး ကမန်းကတန်း လက်ဖက်ရည် သောက်ကြတယ်။ ညမှာ လခထုတ်တယ်။ ဒါပေမဲ့ ကျောင်းဆင်းပွဲ တစ်ခုလုံး ပျော်ပွဲအတွက်က ၁၀ ကျပ်၊ အခန်းတွင်းပျော်ပွဲအတွက်က ကျပ် ထည့်ရတယ်လေ။ တစ်ယောက်ကို ၁၀ ကျပ်ပဲ ကျန်တယ်။ ကနေ့ အောင်ရိုက်တာကို အရင်တုန်းက ရိုက်ထားတဲ့ ယင်ကောင်အပေါင်းထဲထဲ

www.burmeseclassic.com

www.burmeseclassic.com



ပေးလိုက်တယ်၊ မတတ်နိုင်ဘူး။

၄–၁၂–၄၄

ကနေ့ နံနက်အစောကြီး တန်းစီတုန်းမှာ **ကျော်သန်းကြီး**[၁] ရောက်လာတယ်။ စာကြည့်ချိန်မှာမို့ ရုတ်တရက် မတွေ့ရသေးဘူး။ နေ့လယ်ကျ တွေ့တော့ အိမ်က ပေးလိုက်တဲ့စာရယ်၊ ပိုက်ဆံရယ် ပေးသွားတယ်။ သူကြည့်ရတာ တော်တော် ပြောင်ပြောင်လက်လက် နိုင်တယ်။ ကိစ္စနဲ့ လာတာဆို ၃–၄ ရက်နေပြီး ပြန်မယ်ပြောတယ်။

ကနေ့ကစပြီး ကျွန်တော် အလွန်ဝါသနာပါတဲ့ မြင်းစီးပညာ သင်ရမြီလေ။

၅–၁၂–၄၄

ကနေ့ ကျော်သန်းကြီးလာပြီး သူပြန်တော့မယ့်အကြောင်း နှုတ်ဆက်ရှာတယ်။ စာတိုက်က ထည့်မယ်လို့ ရေးထားတဲ့ စာတွေကို သူ့ကိုပဲ ပေးလိုက်တယ်။

၆–၁၂–၄၄

ကနေ့ တပ်ခွဲမယ် သင်ပေးတဲ့ ပညာဟာ တော်တော်အဆင့်အတန်းမြင့်တယ်။ ယမ်းတောင့် လုပ်နည်းတဲ့။ ဒါပေမဲ့ အပ်မှ မလုပ်တတ်သေးဘူး။ မြန်မာပြည်ဟာ ယမ်းတောင့်လုပ်နည်း Theory လောက်ပဲသင်နိုင်တယ်။ သူတို့ ဂျပန်ပြည် ဗိုလ်သင်တန်းတွေမှာဆိုရင် ဒါတွေ Practical သင်တာပေါ့။

၇–၁၂–၄၄

ကနေ့ နံနက် အစောကြီးအချိန်မှာ ဂျပန်ကျောင်းအုပ်ကြီးက မိန့်ခွန်းပေးတယ်လေ။ စကားမပြောခင် ပလ္လင်ခံပုံက သူဟာ မြန်မာတွေရဲ့ မကောင်းကြောင်း ပြောမှာမို့ ကျောင်းသားတွေဟာ စိတ်ဆိုးမှာပဲတဲ့။ ဒါပေမဲ့ အပြစ်ကိုပြောပြမှ ဒီအပြစ်ကို သိပြီး ပြင်တတ်မယ်ဆိုပြီး ပြောရခြင်း ဖြစ်တဲ့အကြောင်း

---

၁။ **ကျော်သန်းကြီး** မြင်းခြံမှ ဖြစ်သည်။ တစ်လိုင်းသုံးပွင့်ဖြစ်၍ တပ်မတော်မှ ဖျက်သိမ်းပြီးသောအခါ ရေနံချောင်းတွင် နေခဲ့သည်။ ကွယ်လွန်ပြီဖြစ်သည်။



ပြောပြတယ်။ သူပြောတာဟာ တကယ့်စေတနာနဲ့ပဲ ပြောသည်ဖြစ်စေ၊ နှိမ့်ချသဘောနဲ့ ပြောသည်ဖြစ်စေ လူမျိုးကိုချိုးပြီး အပြောခံရတော့ ကျွန်တော်တို့တွေကတော့ စိတ်ဆိုးကြတာပဲ။

၈–၁၂–၄၄

ကနေ့ 8th Dec: ဟာ Japan က လိပ်–ကန်တို့ကို စပြီး စစ်ကြေညာတဲ့နေ့မို့ အားလပ်ခွင့်ရတယ်လေ။ ပထမဆုံးအချိန်မှာ ကျောင်းအုပ်ကြီး ဗိုလ်မှူးကြီး မိန့်ခွန်းပေးတယ်။ အားလပ်တဲ့နေ့ ဆိုပေမယ့် မနက်ဖြန် လက်နက်စစ်ဆေးပွဲအတွက် အခန်းတွင်း အနေအထားနဲ့ လက်နက်တွေအားလုံး တိုက်ချွတ်ကြရတယ်။ ကျောင်းပတ်ပတ်လည် တံမြက်စည်းလှည်းရတယ်။ အဝတ်အစားတွေ လျှော်ကြရတယ်။ နေ့အားဆိုပေမယ့် လေ့ကျင့်ခန်း မဆင်းရတာ တစ်ခုပဲ ရှိတာပဲ။

၉–၁၂–၄၄

ကနေ့ နံနက်ပိုင်းမှာတော့ စာသင်တန်းကြီးပဲ တက်ရတယ်။ နေ့လယ်ပိုင်းမှာ တပ်ခွဲလက်နက်စစ်ဆေးပွဲ လုပ်တယ်။ အခုလုပ်တာက 12th Dec: မှာ ကျောင်းအုပ်ကြီးကိုယ်တိုင် တပ်ခွဲလက်နက် စစ်ဆေးမှာကို ပြင်ဆင်ခြင်းပဲ။ ပြီးတော့ တပ်ခွဲမှူးက ကျွန်တော်တို့တစ်တွေကို လက်နက်ရှိသေဖို့ မြန်မာ့အခြေအနေနဲ့တကွရှင်းပြီး ပြောပြတယ်။ ညနေပိုင်းကတော့ ကျွန်တော်တို့အဖို့ ပျော်ကြတဲ့ အချိန်ပိုင်းကလေးပေါ့။ ဖိနပ်ထွက်ငှားတဲ့လူငှား၊ အကြီးကြယ်ကြီးတွေ မန်ကျည်းမှည့်နဲ့ တိုက်သူတိုက်၊ သေနတ်တိုက်၊ ဆီနဲ့ ဖိနပ်ပွတ်သူပွတ်၊ မနက်ဖြန် လည်ခွင့်ရမှာကိုး။

၁၀–၁၂–၄၄
(တနင်္ဂနွေ)

ကနေ့ နံနက်တန်းစီမှာ စစ်ဝတ်စစ်စား လက်နက်အပြည့်အစုံဝတ်ပြီး တန်းစီရတယ်။ နောက်ပြီး ကျန်းမာရေး ပြေးရတယ်လေ။ ပြေးရာက ပြန်လာမှ ရေချိုးလည်ကြရတယ်။ (လူသစ်စခန်း)၊ တင်လှိုင်ကို သွားတွေ့ပြီးတော့ ရှေ့ကိုဆိုင်းလောက်ကြိုပြီး ကားသွားစောင့်တယ်။ ဂျပန်ကားတစ်စီးရလို့ ကံကောင်းပြီးစီးတယ်။ စတွက်လာတဲ့ နေရာမှာ ကားထိုးရပ်တော့ ရယ်ချင်ချင်နဲ့ပဲ

www.burmeseclassic.com

www.burmeseclassic.com



ဆင်းပြီးနေခဲ့ရတယ်။ နောက် ဂျပန်ကားတွေ တစ်ပုံတစ်ခေါင်း ပဲ ဖြတ်ဖြတ် တာ တားတော့မရတော့ဘူး။ ကျွန်တော်တို့လည်း ဒီနေရာကနေထိုင်ပြီး ကားတွေကိုကြည့်ရင်း စောစောစီးစီး မေတ္တာဘာဝနာ ပွားများနေတုန်း ကားရလို့လိုက်သွားရတယ်။ အပြန်တော့ ရှော့ရှော့ရှူရှူပဲ ကားရလို့ အ ပြန်ရောက်တယ်။ မလည်ရတာကြာလို့ တော်တော်အရသာရှိတဲ့ လည် လေးပဲ။

၁၁-၁၂-

ကနေ့ မနက်ပိုင်းမှာ စာသင်တန်းချည်းပဲ တက်ရတယ်။ နေ့ ပိုင်းမှာတော့ မနက်ဖြန် ဗိုလ်မှူးကိုယ်တိုင် လက်နက်စစ်ဆေးမှာမို့ လက် တိုက်ကြရတယ်။

၁၂-၁၂-

ကနေ့ နံနက် အစောကြီး ထမင်းစားပြီးတော့ လက်နက် ခ ချိန်ရတယ်။ မကြာခင်တန်းစီပြီး လက်နက်စစ်ဆေးတာပဲ။ ဂျပန်အ အရာရှိတွေနဲ့ ဗိုလ်မှူးကိုယ်တိုင် စစ်ဆေးတယ်လေ။ လက်နက်စစ်ဆေးပြီး ခင်မှာ ထပ်ပြီးတန်းစီပြန်ရော။ တော်တော် ကြီးကျယ်တဲ့အမှုပဲ။ အစ ဘာမှန်းမှ မသိရဘူး။ အင်္ကျီတွေ အားလုံးချွတ်ပြီး ကျောင်းက တပ်ခွဲမှူးနဲ့ အားလုံး ဆရာတွေပါ ကျောင်းသားအားလုံးကို ရှာဖွေတယ်။ အထဲမှာ ထ အဝတ်တွေလည်း စစ်ဆေးတယ်။ နောက် သတိအနေအထားနဲ့ ၁ နာရီ ထားတယ်။ ပြီးမှ ကျွန်တော်တို့ တပ်ခွဲ ရန်ပုံငွေကို ဗီရိုထဲမှာ သော့နဲ့ထ (၁၄၂ဝိ/-) ပျောက်သွားကြောင်း ပြောပြတယ်။ တော်တော် အံ့သြစ တော်တော် အစဉ်းစားရ ကျပ်တယ်။

၁၃-၁၂-

ကနေ့ နံနက် နှင်းတော်တော်လေးကျတယ်။ နံနက် အစောကြီး 'မဟာဆိုဂျိ' လုပ်ရတယ်လေ။ အဲဒီစကား အဓိပ္ပာယ်က ဆိုဂျိဆိုတာ တံမြက်လှည်းခြင်း၊ မဟာထည့်တော့ ခါတိုင်းထက်ပိုပြီး တံမြက်စည်းလှည်း နေ့ပေါ့ဗျာ။ ဒုတိယအကြပ်ပေးအရာရှိချုပ် လာစစ်ဆေးမှာမို့တဲ့။ နေ့လယ် ကျွန်တော်တို့တပ်စုက လေ့ကျင့်ခန်းလုပ်ကြရတယ်။ ပြီးတော့ ညတိုက်ပွဲအတွ မရွေးမုန့်တွေ ဝေတယ်။



ညတိုက်ပွဲမှာ ကင်းလေးအဖြစ် နေရတဲ့ ကျွန်တော်တော့ ကင်းစောင့် ရင်း အိမ်မှာတုန်းက လူ့ဘဝနဲ့ အခုမြန်မာပြည် အမှုထမ်းနေရတဲ့ တပ်မတော် သားဘဝ နှိုင်းယှဉ်ပြီးတော့ အချိန်ဖြုန်းလိုက်တယ်။ ညမှာတော့ ပန်းရနံ့လေး တွေကလည်း တသင်းသင်းနဲ့ စိတ်ကူးယဉ်လို့ တော်တော်ကောင်းတယ်။

၁၄-၁၂-၄၄

ကနေ့နံနက်ပိုင်းမှာ နှင်းတွေဟာ ငွေပြာရောင် ကမ္ဗလာကြီး ခင်းထား သလား အောက်မေ့ရတယ်။ အစောကြီး စာသင်ခန်းတက်နေတုန်း ရန်သူ လေယာဉ်ပျံ ၁၅ စင်းလောက် ရှိလိမ့်မယ်။ မြို့ပေါ်အရောက်မှာ အောက်က စ်လိုက်တော့ ကောင်းကင်မှာ မီးလောင်ပြီး အဲဒီမီးရောင်ကို နေရောင်က ထိုးနေတော့ ကြည့်လို့တော်တော်ကောင်းတဲ့ မြင်ကွင်းလေးပဲ။ မကြာဘူး လထိုးနဲ့ ၄၊ ၅ ယောက် ဆင်းကြတယ်။ လေယာဉ်ပျံကတော့ ၁၉ လမ်း က ဘုရားအနီးမှာ ကျတယ် ကြားတယ်။ သတင်းကတော့ မသေချာသေး ဘူး။ ကျွန်တော် ရန်ကုန်ရောက်မှ ရန်သူလေယာဉ်ပျံကို အောက်က ပစ်လို့ကျ တာ ဒီတစ်ခါပဲ ရှိသေးတယ်။ ညစာကြည့်ချိန်မှာ အိမ်ကိုစာရေးရင်း အချိန်ဖြုန်း တယ်လေ။

၁၅-၁၂-၄၄

ကနေ့ သောကြာနေ့ တစ်နေ့လုံးတိုက်ပွဲရှိတယ်။ မနက်ပိုင်းမှာ ပထမ ကျွန်တော်တို့တပ်စုက ခံစစ်လုပ်ရတယ်။ ခံစစ်မှာလာပြီး တိုက်တဲ့အထိ စောင့် နေရတော့ စကားပြောရင်း၊ အိပ်ရင်းနဲ့ စောင့်ပြီးနေကြရတယ်။ နောက်တစ်ချိန် ကျွန်တော်တို့တပ်စုက တိုက်စစ်ဆင်တော့မှ ဖားမှန်းသိတော့တယ်။ ၂ မိုင် လောက်အတွင်းမှာ ရန်သူ ၃ ခါဆက်ပြီး တိုက်သွားရတယ်။ ကိစ္စမရှိပါဘူး။ အပြန်မှာ ဟင်းက ကန်စွန်းဉမို့ နေ့လယ်မှာလည်း တိုက်ပွဲပဲ။ နေ့လယ်ကတည်း က ညနေအားလပ်ခွင့်လေးမှာ အမောဖြေရအောင် စဉ်းစားပြီးထားတာ ညနေမှာ ဟာဆိုဂျိ လုပ်ရတယ်လေ။ ကနေ့တော့ တော်တော်လေးဖားတဲ့နေ့ပဲ။

-၁၂-၄၄

ကနေ့ မနက်မှာ စာသင်ခန်း တက်နေတုန်း လေကြောင်းရန် နှစ်ခါ လောက် လာတယ်။ ညနေပိုင်းမှာ ဓားခုတ်ပညာ သင်ရတယ်လေ။ ပြီးတော့

www.burmeseclassic.com

www.burmeseclassic.com



အပြန်မှာပြေးရင်း သီချင်းတွေ အော်ဆိုပြီး ပြန်လာရတယ်။

ကနေ့ညမှာ မိုးရွာတယ်။ မိုးရွာနေတုန်းမှာ လေကြောင်းရန်လာ [illegible] ပုန်းကြရသေးတယ်။

၁၇-၁၂-[illegible]

ကနေ့ မနက်ပိုင်းမှာ စာသင်တန်းချည်းပဲ တက်ရတယ်။ နေ့လယ် [illegible] မှာတော့ ဂျပန် Lt. General တစ်ယောက် သင်တန်းလာကြည့်မှာမို့ ရင် [illegible] တိုက်ပွဲတိုက်ကြရတယ်။ အကြပ်အရာရှိတွေနဲ့ တပ်ခွဲမှူးတို့ကကြည် [illegible] သဘောမကျတိုင်း 'မြွေကိုက်' ပြန်ပြန်ပြီးလုပ်ခိုင်းတာ တော်တော်လေး [illegible] တယ်။ မြွေကိုက်ဆိုတဲ့စကားကို ကိုကိုကြီး နားလည်မှာမဟုတ်ဘူး။ မြွေကိုက် ဆိုတာ ဂျပန်စကား (ဂျပန်လို ရေးထားသည်)က ဆင်းသက်လာတာ [illegible] အဓိပ္ပာယ်က 'ပြန်လုပ်'ပေါ့။ အဲ့ဒီ မြွေကိုက်ဆိုရင် ကျောင်းသားတွေ သိပ် [illegible] တာပဲ။ အစကအဆုံးအထိ ပြန်ပြန်လုပ်ကြရတာ၊ ခဏခဏ 'မြွေကိုက်'လို့ [illegible] တာ လူတွေ မသေရုံတမယ်ပဲ ကျန်တော့တယ်။

ညနေပိုင်းမှာ မဟာဆိုကျိုလုပ်ရတယ်။ ည စာသင်တန်းမှာ ဒဂုန်မ [illegible] အဟောင်းတစ်အုပ်ရလို့ ဖတ်ရတယ်လေ။ မဖတ်ရတာ တော်တော်ကြာ [illegible] ဖတ်ရတာ သိပ်အရသာရှိနေတယ်။

၁၈-၁၂-[illegible]

ကနေ့နံနက်ခင်းမှာ စာသင်တန်းချည်းပဲ တက်ရတယ်။ နေ့လယ် [illegible] လေ့ကျင့်ခန်းဆင်းရတယ်။ ညနေမှာတော့ ခါတိုင်းလို မဟာဆိုကျိုပေါ့။ ပြီး [illegible] ကနေ့ ညနေပိုင်းမှာ ဘယ်ကရောက်လာတဲ့ သတင်းရယ်မဆိုနိုင်ဘူး။ [illegible] Surrender လုပ်ရတယ်တဲ့။ ပြီးသူတို့ပြောတဲ့သတင်းက သာမန် ဒိုမေ မ [illegible] ဘူးတဲ့။ Radio သတင်းလိုလို သေသေချာချာပြောတယ်။

ညနေပိုင်း ကျောင်းသားတွေရဲ့ အပြုအမူထဲမှာ ရယ်စရာကောင်း [illegible] အပြုအမူတစ်ခု ပြောပြရဦးမယ်။ ညနေ ထမင်းစားပြီး တန်းမစီခင် မီးဖို [illegible] လူစုလူဝေးနဲ့ ဝါးလုံးတိုရှည်နဲ့ မီးခဲယက်ယူပြီး ကန်စွန်းဥ ဖုတ်နေကြတာ [illegible] တချို့ကတော့ ကင်းဖို့ ပြုတ်ထားတဲ့ကန်စွန်းဥပြုတ် လစ်ကြတယ်လေ။ [illegible] က ကြည့်ရင် ရယ်စရာပေမယ့် ကျောင်းမှာတော့ ရိုးနေပါပြီ။ တော်နေတုန်း [illegible] ကန်စွန်းဥပြုတ် မီးဖုတ်ဟာ နတ်သုဒ္ဓါပဲ။



၁၉-၁၂-၄၄

ကနေ့ မနက်ပိုင်းမှာ အထူးသန့်ရှင်းရေး လုပ်ရပြီး တတိယ အချိန်မှာ [illegible] Lt. General ကို လုပ်ပြရမယ့် လေ့ကျင့်ခန်းကို လေ့ကျင့်ကြရတယ်လေ။ [illegible] နေပိုင်းမှာ စစ်ဆေးတဲ့ သူက ၂ ဖာလုံလောက်ဝေးတဲ့ တောင်ကုန်းကလေး [illegible] ကြည့်နေတာကို ကျွန်တော်တို့တစ်တွေက တိုက်ပြကြရတယ်။ ကျောင်း [illegible] စိတ်ပါလက်ပါရှိကြောင်းတွေ ချီးမွမ်းသွားတယ်။ လေ့ကျင့်ခန်း [illegible] ပြီးတော့ ကျောင်းအုပ်ကြီး (ဗိုလ်ရန်နိုင်)က ချီးမွမ်းခံရတဲ့အတွက် [illegible] ဂုဏ်ယူဖွယ်ရာဖြစ်ကြောင်းနဲ့ ပတ်သက်ပြီး မိန့်ခွန်းပေးသေးတယ်။

၂၀-၁၂-၄၄

ကနေ့တော့ တစ်နေ့လုံးလိုလိုပဲ စာသင်တန်းချည်း တက်ရတယ်။ [illegible] ပိုင်းတစ်ချိန်ပဲ စားခုတ်သင်ရတယ်။

ကျောင်းဆင်းခါနီးတော့ သတင်းတွေဘာတွေ အမျိုးမျိုး ထွက်နေတာ [illegible] ဟော်ဝါရီမှ ဆင်းမလိုလို ပြောနေကြပြန်တယ်။ ဗုဒ္ဓဟူးနေ့ ည တိုက်ပွဲရှိ [illegible] မုန့်မစားကြရဘူးလေ။ ကန်စွန်းဥပြုတ်တွေ ကျွေးတယ်။ ညတိုက်ပွဲက [illegible] ဘောပန်းရန့်လေးတွေ တသင်းသင်းပေါ့။ ညမှာ လေကြောင်းရန်လာလို့ [illegible] ကြရသေးတယ်။

၂၁-၁၂-၄၄

ကနေ့ တစ်နေ့လုံး စာသင်တန်း တက်ရတယ်။ တတိယအချိန်မှာ [illegible] သေအရာရှိချုပ်က မိန့်ခွန်းပေးတယ်လေ။ မြန်မာတွေ စည်းလုံးခြင်း [illegible] ကြောင်း၊ အသက်စွန့်ပြီး တိုင်းပြည်ကာကွယ်သူက ကာကွယ်ပြီး၊ [illegible] မိန်းမတို့၊ အဝတ်အစားကောင်းတို့၊ စည်းစိမ်တို့ကို ခုံမင်နေကြသူက [illegible] ကြသေးတယ်တဲ့။ ဟုတ်တော့လည်း ဟုတ်တာပဲ။

၂၂-၁၂-၄၄

ကနေ့ အကြပ်သင်တန်း ကျောင်းဆင်းပွဲအတွက် လေ့ကျင့်ခန်းစစ်ဆေး [illegible] မှာ ရန်သူ သွားလုပ်ရတယ်လေ။ ဗိုလ်မှူးကြီးနေဝင်း (လေးလိုင်းသုံးပွင့်) [illegible] ကြည့်တယ်။ ညနေလေ့ကျင့်ခန်း ကွင်းကြီးထဲမှာ ကုလားစစ်သားတွေ [illegible] ထုံးပစ်ကစားပြီး ဟိုတစ်စု သည်တစ်စု ထမင်းစားနေတာ ကြည့်ရတာ

www.burmeseclassic.com

www.burmeseclassic.com



ပျော်စရာကြီးပဲ။ ညတိုက်ပွဲမှာ ကောင်းကင်ပြင်ကြီးဟာပြာလို့။ လတ
ကလေးကလည်း သာလို့ပေါ့။ နှင်းဥကလေးတွေသီးနေတဲ့ မြက်ခြေ

၂၃-

တစ်နေ့လုံး စာသင်တန်းချည်းပဲ တက်နေရတယ်။ နေ့လယ်
စားနေတုန်း ဧည့်ခန်းကလူလာပြီး ကျွန်တော်နဲ့သိန်းအောင် လာပြီးမေး
စာရွက်ကြည့်လိုက်တော့ အောက်က ကိုကိုကြီးဆိုတော့ သိပ်ဝမ်းသာသွား
ထမင်းအစားရပ်လိုက်ပြီး တာဝန်ခံတပ်ကြပ်တိုင်ပြီး ဧည့်ခန်းကို လာ
တယ်။ ဧည့်ခန်းမယ် တွေ့ကြတာတွေတော့ ခင်ဗျားသိတဲ့အတိုင်း
အချိန်စေ့တာနဲ့ ခင်ဗျားတို့လည်းပြန်သွားရော၊ ကျွန်တော်တို့လည်း
ဆောင်ကို ပြန်လာကြတာပဲ။ ညနေမှာ ကျောက်ဆေးထိုးရတယ်လေ။
ဆေးထိုးပြီး ညနေပိုင်းအားလပ်ချိန်မှာ မနက်ဖြန် လည်ခွင့်အတွက် ပြင်
တာပေါ့။

၂၄-

ကနေ့ တနင်္ဂနွေ လည်ခွင့်နေ့လေ။ အဝတ်အစားတွေ အပြ
ဝတ်ပြီး ထွက်ကြတာပေါ့။ အရင်တော့ နောက်ကကြိုပြီး ကားစောင့်
ကနေ့တော့ ကိုကိုကြီးတို့နဲ့ တွေ့ချင်အားကြီးနဲ့ ကုန်းကြောင်းခွတ်ပြီး
လာခဲ့တယ်။ ဂျပန်ကားတွေကို တားလိုက်၊ ရှေ့နားမှာရပ်လို့ ပြေးလိုက်
မမီတော့၊ ဒီလိုပဲ ကားနဲ့ပြေးတမ်း လိုက်တမ်းကစားရင်း ၆ မိုင်
ခရီးပေါက်ခဲ့တယ်။ အဲ့ဒီကျမှ ကားဆက်ရလို့ ရန်ကုန်ကို ရောက်တော့
ဘန်ကောက်လုံချည်ကိုလည်းဝတ်တော့ မြို့ထဲမှာ အလေးပြုရတော့
လေး သက်သာခဲ့ပါတယ်။ လည်ခဲ့ရတာတွေတော့ ခင်ဗျားသိတဲ့အ
ကိုညီထွေးဆီက Over Coat တစ်ထည် ရလိုက်တယ်လေ။ အပြန်အ
ပဲ ဂျပန်ကားရခဲ့တယ်။

၂၅-

ကနေ့ မနက်ပိုင်းမှာ စာသင်တန်းတက်ရပြီး နေ့လယ်မှာ လေ့ကျ
ဆင်းကြရတယ်။ လေ့ကျင့်ခန်းက ကင်းထောက် လေ့ကျင့်ခန်းဆိုတော့
ကြီးအလယ်မှာ သေနတ်ပစ်လေ့ကျင့်တဲ့ အုတ်တံတိုင်းကြီးကနေပြီး
ကင်းထောက်ကြရတာကိုး။ နေပူလယ်ခေါင်မှာ အုတ်တံတိုင်းအရိပ်ထဲမှာ



ဆင်နေတုန်း ယယ်ယယ်က လောက်လေးခွ ပစ်ထွက်ရင်း တံတားတွေအောက်
နားနေကြတာကို အမှတ်ရမိသေးတယ်။ ဂျပန်ကျောင်းအုပ်ကြီးက ကင်း
ထောက် လေ့ကျင့်ခန်းမှာ သူကိုယ်တိုင် တရုတ်စစ်မြေပြင်မှာ ကင်းထောက်
တဲ့ အကြောင်းတွေ ပြန်ပြောပြတယ်လေ။ သိပ်စိတ်ဝင်စားဖို့ ကောင်းတာပဲ။

၂၆-၁၂-၄၄

ကနေ့ မနက်ပိုင်းမှာ 28th (နေ့) အကြပ်သင်တန်းကျောင်းဆင်းပွဲ
အတွက် အစမ်း လေ့ကျင့်ရတယ်လေ။

၂၇-၁၂-၄၄

ကနေ့မနက်ပိုင်းမှာ စာသင်တန်းတက်ရပြီး၊ နေ့လယ်ပိုင်းမှာ သန့်ရှင်း
ရေး လုပ်ရတယ်။ ညနေမှာ ညတိုက်ပွဲရှိလို့ မရွေးမှန့်ဝေတယ်လေ။ ညတိုက်ပွဲ
ကုလားတပ်နဲ့ မျက်နှာချင်းဆိုင် ကွင်းထဲမှာသွားပြီး လေ့ကျင့်ကြရတယ်။
ကောင်းကင်ပြာကြီးမှာ လမင်းကြီးဟာ ဝိုင်းဝိုင်းစက်စက်ကြီးထွက်လို့။ အရပ်ထဲ
တုန်းက လမင်းကြီးကြည့်ပြီး ကြည်နူးခဲ့ရသလို၊ ခုစစ်သားဘဝမှာလည်း
သေနတ်ကိုင်စွဲရင်း လမင်းကြီးကြည့်ပြီး ကြည်နူးကြရတာပဲ။ မျက်နှာချင်းဆိုင်
ကုလားတပ်က ဘာအတွက် လေ့ကျင့်နေတယ်မသိဘူး။ စစ်တီးဝိုင်းက ဘင်ခရာ
တီးရင်း လေ့ကျင့်နေတယ်လေ။ လသာနေတဲ့ ကွင်းပြင်ကြီးထဲမှာ ဘင်ခရာ
တွေနဲ့ ကိုယ်ကိုယ်တိုင် ဘိုင်စကုပ်ထဲမှာ ပါဝင်ကပြနေသလား အောက်မေ့ရ
တယ်။

၂၈-၁၂-၄၄

ကနေ့ အကြပ်သင်တန်း ကျောင်းဆင်းပွဲနေ့လေ။ လေ့ကျင့်ခန်း လုံးဝ
မရှိဘူး။ ၂၉ ရက်နေ့မှာ စစ်ဆေးပွဲရှိလို့ သန့်ရှင်းရေးလုပ်ကြရတယ်။ ညနေမှာ
မြန်မာနိုင်ငံတော် အသံလွှင့်ဌာနက တီးဝိုင်း လာပြီးတီးတာကို နားထောင်ကြရ
တယ်။ ညကျတော့ မီးမလာလို့ လသာထဲမှာ သီချင်းတွေအော်ဆိုရင်း ကျွန်တော်တို့
အားကို လမ်းလျှောက်ကြရတယ်လေ။ ဘုရားမှာ ကသူက၊ သီချင်းအော်ဆိုသူ
နဲ့ တော်တော်အူမြူးကြတာပဲ။ ကျောင်းဆင်းပွဲမှာ ဗိုလ်ချုပ်အောင်ဆန်းနဲ့
ကျောင်းအုပ်ကြီး (ဗိုလ်ရန်နိုင်)တို့ မိန့်ခွန်းပေးတယ်လေ။

www.burmeseclassic.com

www.burmeseclassic.com



၂၉–၁၂–

ကနေ့ တပ်ခွဲ အဝတ်အစား လက်နက်စစ်ဆေးပွဲအတွက် မနက်
၂ ချိန်မှာ ပြင်ဆင်ကြရတယ်လေ။ တတိယအချိန်မှာ ဗိုလ်မှူးလာပြီး စစ်
တယ်။ ဝေဖန်ချက်က ကျောင်းသားတွေဟာ စည်းကမ်းကျနပြီး သေသ
အကြောင်းတွေမို့ ကျောင်းသားတွေ တော်တော်ဝမ်းမြောက်နေကြတယ်။ ထ
မှူးကလည်း တပ်ခွဲမှာ ဒီလို ချီးမွမ်းခံရတဲ့အတွက် ဝမ်းမြောက်ကြောင်း ပြေ
တယ်။

၃၀–၁၂–

ကနေ့မနက်ပိုင်းမှာ စာသင်တန်းတက်ရပြီး၊ စတုတ္ထအချိန်မှာ ခုန်
လေ့ကျင့်ခန်းလုပ်ရတယ်။ တော်တော် စိတ်ဝင်စားစရာကောင်းတဲ့ လေ့
ခန်းပဲ။ ပထမ ရိုးရိုး ၂ ပေလောက်မြင့်တဲ့တန်းကို ခုန်ရတယ်။ ဒုတိယအ
က ၃ ပေလောက်ပဲမြင့်တယ်။ သစ်သားတန်းတွေကတော့ ကောက်
အကျယ်က လက်တစ်ဝါးလောက်လည်း ရှိတယ်။ အဲဒါကို လိမ့်မကျအေ
ပြေးတက်ရပြီး၊ တတိယအဆင့်က ၁၀ ပေလောက်မြင့်တဲ့ အုတ်တံတိုင်း
လေ။ အဲဒီအုတ်တံတိုင်းကို အရင်ရောက်တဲ့သူက ကုန်းပေးပြီး သူ့ကျော
နေ တက်ရတယ်။ နောက်အဆင့်က ၅ ပေလောက်ကျယ်တဲ့ မြောင်း
လျက်နေတာတွေကို ခုန်ရတယ်။ အဲဒီလေ့ကျင့်ခန်းကို တပ်စုသုံးခုပြိုင်
လုပ်ရတယ်လေ။ တော်တော်ပျော်စရာကောင်းတဲ့ လေ့ကျင့်ခန်းလေးပဲ။ မ
မကျိုးမပဲ့အောင် မနည်းသတိနဲ့လုပ်ရတယ်။

၃၁–၁၂–

ကနေ့ဟာ တနင်္ဂနွေနေ့ပေမယ့် လည်ရမယ့်အပတ် မဟုတ်လို့ မ
ရဘူး။ စက်သေနတ်လေး သွားပစ်ရတယ်။ ဒီတစ်ခါပစ်တာတော့
ကောင်းအောင်ခဲ့ပါတယ်။ ထမင်းကို ခါတိုင်းလိုပဲ လှည်းနဲ့ယူပြီး စားကြရ
နေ့လယ်မှာလည်း ခါတိုင်းလိုပဲ ချုံပုတ်တွေထဲမှာ ဟိုတစ်စုသည်တစ်စု
သံ တဒိုင်းဒိုင်းညံနေတဲ့အထဲမှာ ခွေကြတာပေါ့။

ညမှာပြန်လာပြီး လက တော်တော်သာတယ်။ ကျွန်တော့်သူငယ်
(ဆကုရ) မောင်လှနဲ့ ညအိပ်ခွင့်သွားတောင်းကြမယ်လို့ တိုင်ပင်ကြတ
မနက်ဖြန် New Year Day ကိုး။ ကျောင်းပိတ်လို့ ညထဲက သွားအိပ်ချ



းတောင်းကြပါရော။ ဗိုလ်ကလေးက တော်တော်သဘောကောင်းလို့
ခဲ့လို့ ကျောင်းအပြင်လည်းထွက်ရော ကားရတယ်လေ။ ဒါပေမဲ့ မြန်မာ
မို့ လမ်းတစ်လမ်းလုံး တွန်းလိုက်လာကြရတယ်။ မြို့ထဲရောက်ရောက်ချင်း
ကြီး ရှိဦးမလားလို့ သွားမေးသေးတယ်။ မရှိတော့ဘူးဆိုလို့ ကျွန်တော့်
ယ်ချင်းအိမ် [1] လိုက်အိပ်ရတယ်။ ရွှေတိဂုံ ဒုတိယပစ္စယံမှာ နေတယ်လေ။
ယ် ဝင်းပနေတဲ့ လမင်းကြီးနဲ့ ရွှေတောင်ကြီးအတိုလိုနေတဲ့ စေတီတော်ကြီး
သိပ်ပန်ရတာပဲ။

၁–၁–၄၅

ကနေ့မနက်မှာ အတော်လေးနဲ့အောင် လည်ရတယ်။ မနက်စာကို
ယ်ချင်းအိမ်မှာပဲ စားလိုက်ပါတယ်။ ကျွန်တော့် သူငယ်ချင်းမိဘတွေလည်း
ပြီး မျက်နှာမကောင်းဘူး။ အရင်တစ်ခေါက် လည်ခွင့်ရတုန်းကဆိုရင်
ောင်ငိုသေးတယ်လို့ပြောတယ်။ ဒီလောက် အိမ်နဲ့နီးနီးလေးနေရတဲ့ မိဘ
င် ဒီလောက်ဆွေးရရင် ညီလေး မိဘကိုလည်း ပြန်ပြီးသနားမိပါတယ်။
မဲ့ တာဝန်ဟာတာဝန်ကိုး။ နေ့လယ်မှာ ဘုရားပေါ်မှာ အဓိပတိ မိန့်ခွန်း
တယ်လေ။ လျှောက်လည်ကြရင်း ဒိုင်ယာရီတစ်အုပ်တွေ့လို့ မေးကြည့်တော့
– ဆိုလို့ လန့်လာခဲ့ရတယ်။ ညနေတစ်နာရီလောက်မှာ ပြန်ဖို့ လုံးပမ်း
ပြီလေ။ ဂျပန်ကားပဲရတယ်။ ကားပေါ်က သုံးလိုင်းတစ်ပွင့်က ပထမ
ာမာရွတ်တပ်သွားမယ့်အကြောင်း ပြောပြတယ်လေ။ ဒီတော့ ကမာရွတ်က
ာလုံတောင် မလိုတော့ဘူး။ ဒါနဲ့ ပြန်ဆင်းကြမယ်လုပ်တော့ ကျွန်တော်တို့
ာလဲလို့မေးတယ်။ ဗိုလ်သင်တန်း ကျောင်းသားမှန်းပြောပြလို့ သူလိုက်ပြီး
တယ်။ ကားပေါ်မှာ တခြားဂျပန်လေးငါးယောက်လည်း ပါတယ်လေ။
လုံး New Year Day မို့ မူးလို့ပေါ့။ မြန်မာသီချင်း သင်ပေးခိုင်းလို့
ထွန်းတဲ့တောင်ကျွန်းဒီပါဆိုတဲ့ သီချင်း တစ်ပုဒ်သင်ပေးလို့ တစ်လမ်းလုံး
က်ဆိုလာတယ်။ ကျောင်းပေါက်ရောက်အောင် လိုက်ပို့ရှာတယ်။ ရောက်
ဆင်းပြီးအလေးပြု၊ သူတို့လည်း ပြန်သွားရော။

---

[1] သူငယ်ချင်းဆကုရမောင်လှ၊ ယခုညွှန်ကြားရေးမှူးချုပ်၊ လယ်သစ်ဝန်ကြီးဌာန။

www.burmeseclassic.com

www.burmeseclassic.com



၂-၁-

ကနေ့ မြန်မာ့တပ်မတော်နေ့လို့ စပြီးအသိအမှတ်ပြုတဲ့နေ့ ဖြ
တယ်။ ဘီဒီအေက BA (Burma Army) ပြောင်းတဲ့နေ့ပေါ့။ မနက်
အလံတော်ကို အလေးပြုပြီး လည်ခွင့်ရတယ်လေ။ ဂျပန်ကားပဲ ရခဲ့တ
ဒါပေမဲ့ ကနေ့လည်ရတာ မြန်မာစံတော်ချိန် ၃း၃၀ အထိ လည်ရမယ်
မနေ့ကလည်တဲ့အထဲက ရဲဘော်နှစ်ကောင်က အရက်နှိပ်လာတာကို ဒဏ်
သဘောပေါ့။ ဒါနဲ့ လျှောက်လည်ပြီး မနက်စာတော့ ကျွန်တော့် သူငယ်ချင်
သူ့မိတ်ဆွေကို Supply လုပ်ခိုင်းလို့ ကောင်းကောင်းစားကြရတယ်။
ခပ်စောစောပဲ ပြန်လာကြတာ မရမ်းကုန်းရောက်တော့ သူငယ်ချင်း တစ်ယေ
နဲ့တွေ့ပြန်ရော။ ညထိအောင် လည်ခွင့်တိုးပြီးပေးကြောင်း ပြောပြလို့သိရ
မရမ်းကုန်းက ခရီးတစ်ဝက်ကျော်လာပြီ။ ဒါပေမဲ့ အချိန်အများကြီး ရှိသေး
ရန်ကုန်ပြန်လိုက်လာပြီး တစ်ပတ်လည်ကြသေးတာပေါ့။ ညစာ ထမင်းစာ
ပြန်ခဲ့ကြတယ်။

၃-၁-

ကနေ့တစ်နေ့လုံး စာသင်တန်းပဲ တက်ရတယ်။ ကျောင်းဆင်း
လာတော့ သိပ်မဖားတော့ဘူး။ လက်တွေ့ထက် သီအိုရီကို ပိုပြီးပေးလာ
ညနေတစ်ချိန်မှာ မနက်ဖြန် အရုဏ်တက်တိုက်ပွဲအတွက် ပြင်ဆင်ကြရ
ဗုဒ္ဓဟူးနေ့မို့ ညတိုက်ပွဲမရှိပေမယ့် အဲဒီ အရုဏ်တက်တိုက်ပွဲကို လေ့ကျ
တယ်။ နေ့လယ်မှာ ငှက်ပျောသီးနဲ့ ဆေးလိပ်ဝေတယ်လေ။

၄-၁-

ကနေ့ မနက် ၃ နာရီခွဲလောက်မှာ ထပြီးတော့ အရုဏ်တက်
တိုက်ကြရတယ်။ အရုဏ်တက်တိုက်ပွဲက ညမှာချီတက်ပြီး နေထွက်
တစ်ပြိုင်နက် တက်ပြီးတိုက်ရတာကိုး။ မနက်မှာ နေရောင်ခြည်နုနုလေး
ပြေးလို့ပေါ့။ အဲဒီအထဲမှာ နှင်းဥလေးတွေ သီးနေတဲ့ မြက်တွေထဲမှာ
လိုက်ပြေးလိုက် ဝပ်လိုက်ပေါ့။ နေ့လယ်ပိုင်းမှာ စာသင်တန်းပဲ တက်ရ

၅-၁-

ကနေ့မနက်မှာ တပ်ကြပ်တွေရဲ့ တပ်စိပ်တိုက်ပွဲကိုသွားပြီး ရှု



ယ်။ နေ့လယ်ပိုင်းကျတော့ လေ့ကျင့်ခန်းမရှိဘူး။ စာကြည့်ရတယ်။

၆-၁-၄၅

ကနေ့လည်း တစ်နေ့လုံး စာသင်တန်းပဲတက်ရတယ်။ စာမေးပွဲလည်း
ပတ်နီးလာပြန်ပြီလေ။ ဒါပေမဲ့ ကျောင်းသားတွေဟာ ကျောင်းဆင်းခါနီး
တော့ စာသိပ်မကြည့်ကြတော့ဘူး။ တစ်ယောက်နဲ့တစ်ယောက် နောက်
ပြီး အချိန်ရှိသမျှ ဆူပွက်နေကြတာများတယ်။

၇-၁-၄၅

ကနေ့ တပ်စု ခံစစ်လေ့ကျင့်ရတယ်လေ။ ခံစစ်နေရာယူထားတာဟာ
င်ကုန်းလေးပေါ်မှာကိုး။ ကျောင်းနားက ရေစင်မည်းကြီးနဲ့ ချုံပုတ်စိမ်း
လေးတွေကြားက တရေးရေးလေးထင်နေတဲ့ ကျောင်းကြီးကိုမြင်ရတယ်။
င်းဟိုဘက်ကမ်းမှာတော့ လမ်းပေါ်ကဖြတ်သွားတဲ့ မော်တော်ကားတွေပေါ့။
ကျင့်ခန်းပြီးလို့ ပြန်လာကြတော့ ကားတစ်စီးစီးပေါ်မှာ ရှမ်းရှမ်းစိုစို စိမ်းစားဥ
ကြီးတွေ တင်သွားတာတွေ့လို့ သွားရည်ယိုကြရသေးတယ်။ နေ့လယ်ကျ
တော့ လေ့ကျင့်ခန်းက ခပ်ပန်းပန်းနဲ့ ထမင်းစားမယ်လည်းလုပ်ရော မီးလောင်
ဆိုပြီး ခရာမှုတ်တာပါပဲ။ ကပျာကယာပစ္စည်းတွေ စုယူပြီး မီးသတ်ဖို့ဆိုပြီး
က ရေပုံးတွေနဲ့သွားကြရတယ်လေ။ အကြောင်းထူးကိစ္စဖြစ်ခဲ့လျှင် အဆင်
ဖြစ်အောင် လေ့ကျင့်ခြင်းတဲ့ဗျာ။

၈-၁-၄၅

မနက်မှာ ခရာမှုတ်သံနဲ့ပဲ နိုးလာကြရပြန်ပြီလေ။ ကပျာကယာ
တွေခေါက်ပြီး အပြင်ထွက်တန်းစီလိုက်ရင် နှင်းတွေဟာ ပြာဝေဆိုင်းဆိုင်းပြီး
တစ်ယောက်နဲ့တစ်ယောက် သဲသဲကွဲကွဲ မြင်ရရုံလောက်ပဲရှိတယ်။ အရှေ့
နေရောင်ခြည် ပြေးလာတာနဲ့တစ်ပြိုင်နက် နှင်းလေးတွေလည်း ပြယ်စပြု
ပြီလေ။ ပြီးတော့ အရှေ့ဘက်က ပြေးထွက်လာတဲ့ နေရောင်ခြည်လေးမှာ
ပြည်သစ္စာဆိုကြရတယ်။ ကနေ့သင်တဲ့သင်တန်းဟာ တော်တော်အသုံးဝင်
န်း မြင့်တယ်ဆိုရမှာပဲ။ ကျောင်းဆင်းရင် တပ်စုမှူးလုပ်ရမယ့်သူတွေကို
ရေးတိုက်ပွဲ Map Fighting လုပ်ခိုင်းတယ်လေ။ တော်တော် စိတ်ဝင်
ရာ ကောင်းပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



၉-၁-၅

ကနေ့မနက်ပိုင်းမှာ စာသင်တန်း တက်ရပြီး ညနေပိုင်းကို ခရီးရှည် ချီတက်ခြင်းအတွက် ပြင်ဆင်ကြရတယ်။ လှည်းနဲ့ ပစ္စည်းတချို့ကို ကနေ့ည က လွှတ်လိုက်ပြီး လူက မနက်မှချီတက်ရလိမ့်မယ်။ ကနေ့ညအတွက် ... တွေကို လှည်းနဲ့ပို့နိုင်လို့ စောင်နှစ်ထည်မှာ တစ်ထည်ခင်းပြီး တစ်ထည်တည ... အိပ်ကြရတယ်။ မနက်ကျတော့ ၃ နာရီလောက်ထပြီး ပြင်ဆင်ကြရတ... အပြင်မှာတော့ နှင်းတွေနဲ့ မှောင်ပိတ်ပြီးနေတာပဲ။ အခန်းတံခါးတွေ မဖွင့်... ဘဲ မီးမလာလို့ ဆီနဲ့ထွန်းထားတဲ့ ဆီမီးရောင်လေးမှာ စိတ်အားထက်သန်... ပြင်ဆင်နေကြရတယ်။ တောက်ပြောင်တဲ့ မျက်နှာတွေနဲ့ ကျောမှာ နော... ထားတဲ့ ကျောပိုးအိတ်တွေနဲ့ဟာ တကယ်စစ်ထွက်ကြရတော့မယ့်အတိုင်း...

၁၀-၁-၅

## ခရီးရှည်ချီတက်ခြင်း

ကနေ့မနက်တော့ အစောကြီးထပြီး ပြင်ကြဆင်ကြတာ ဆူညံနေ... ပဲ။ လူတစ်ယောက်ကို စောင် ၂ ထည်၊ ပန်းကန် ၁ လုံး၊ ဇွန်း၊ အ... ဘောင်းဘီအပို ၁ စုံစီ ယူကြရတယ်လေ။ တပ်စိပ်တွေ အသီးသီးခွဲပြီး... ကျွန်တော်တို့တပ်စိပ်က ဗိုလ်တွေစီးဖို့ မြင်းတွေ မြင်းဇောင်းကသွားယူကြ... တယ်။ အထုပ်တွေလွယ်ပြီးတော့ နောက်ဆုံး ကျောင်းဆင်းခါနီး အပင်... ဆုံးဖြစ်တဲ့ ခရီးရှည်ချီတက်ခြင်း သွားတော့မှာကိုး။ ကျောင်းအရှေ့ဘက်... စပါးခင်းတွေဟာ အရင်ကလို စိမ်းစိမ်းစိုစို မမြင်ရတော့ဘူး။ ဝါကျော်... ရိုးပြတ်တွေပဲ မြင်ရတော့တယ်။ ကျောင်းကထွက်ပြီး ၆ မိုင်လောက်မှာ အရ... သွားခဲ့တဲ့ သာစုကန်နားမှာပဲ ရင်ဆိုင်တိုက်ပွဲတစ်ပွဲ တိုက်ကြရတယ်။ ရိတ်... သား လယ်ကွင်းတွေမှာ ဖြတ်ပြီးတိုက်ကြရတယ်။ ရွှံ့နဲ့ စစ်သားကို သွား... သတိရတယ်လေ။ ပင်ပန်းလိုက်တာတော့ မပြောပါနဲ့တော့။ တစ်လမ်း... ချီတက်လိုက် တိုက်လိုက်ပဲ။

၁၂-၁-၅

ကနေ့ ခရီးရှည်ချီတက်ခြင်းကနေပြီး ကျောင်းတော်ကို ပြန်ဝင်မယ်... ပေါ့။ မနက်ပိုင်းမှာ လေ့ကျင့်ခန်းသွားဆင်းကြရပြီး နေ့လယ်ပိုင်းမှာ ပြန်...



အတွက် ပြင်ဆင်ကြရတယ်။ နေ့လယ် ၁ ချက်တီးလောက်မှာ ထွက်၊ သာစုကန် ပေါင်ရိုးကနေလျှောက်လာပြီး ဓိးကုန်းရွာလေးဘက်ကို ချီတက်ကြရ တယ်။ ကန်ကြီးထဲမှာ လေပြည်လေးကြောင့် လှိုင်းခေါင်းဖြူလေးတွေ ထလို့ ပေါ့။ အဲဒီကန်ပေါင်မှာ သီချင်းတွေအော်ဆိုပြီး လာကြရတယ်။ ဓိးကုန်းရွာမှာ ထမင်းစားကြရတယ်။ ဟင်းက တော်တော်ကောင်းပါတယ်။ စားပြီးပြီးချင်း ပြင်ကြဆင်ကြရတယ်။ နေဝင်ရီတရော တိုက်ပွဲအတွက်ပေါ့။ လယ်ကွင်းတွေကို ဖြတ်ပြီး တိုက်ကြရတယ်။ စားထားသမျှထမင်းတွေ ကုန်သွားသလား အောက် မေ့ရတယ်။ မောလိုက်တာဟာ အလွန်ပဲ။ နေဝင်ရီတရော တိုက်ပွဲပြီးတော့ ညတိုက်ပွဲအတွက် ပြင်ဆင်ကြပြန်တယ်။ တစ်ညလုံး မအိပ်ရဘူး။ နှင်းတွေထဲမှာ သွားတက်လိုက်၊ ဝပ်လိုက်နဲ့ လက်တွေဟာကျဉ်ပြီးတော့ ထုံနေတယ်။ အိပ်ချင် တာလည်းအလွန်ပဲ။ နှင်းတွေထဲမှာ ရန်သူအခြေအနေကြည့်ရင်း ဝပ်နေရတဲ့ အချိန်လေးတွေမှာ မှောက်နေရင်း ခဏလေး မှေးကြရတယ်။ တော်တော်လေး ချီတက်သွားမိတော့ စမ်းချောင်းလေးကို ဖြတ်ကြရပြန်တယ်။ ဖိနပ်တွေထဲ ရေဝင်ပြီး ခြေထောက်ကလည်းအေးပြီး လူတွေ မနေနိုင်တော့သလောက် တုန်ခိုက်တုန်လာကြတယ်။ ဒါပေမဲ့ ခွဲဟာ တော်တော်အံ့သြစရာကောင်းတယ်။ ညအကြောင်းသာ ဆက်ပြီးရေးနေရရင် ကုန်နိုင်မှာ မဟုတ်တော့ဘူး။ ည တိုက်ပွဲ လှံစွပ်တက်ထိုးပြီးတော့ ရာဘာချုံထဲမှာ ၃ နာရီ အိပ်ခွင့်ပေးတယ်။ ... င်တွေထုတ်ပြီး ကွေးကြတာပဲ။ ဘာမှ မသိတော့ဘူး။ ခရာထမှုတ်တော့မှ ... တော့တယ်။ နှင်းတွေကြားမှာ ပြင်ဆင်ကြရပြန်တာပဲ။ ကိုယ်တွေ လက်တွေ ... အရိုက်ခံထားရသလိုပဲ။ မလှုပ်ချင်တော့ဘူး။ ဒါပေမဲ့ ဆက်လုပ်ကြရဦးမှာပဲ ... တာဝန်ကိုး။

၁၃-၁-၅၅

နှင်းတွေဝေနေတဲ့ အထဲမှာ တက်လိုက်ဝပ်လိုက်၊ တွားတက်လိုက်နဲ့ နေ ... ပြန်ပြီ။ လက်တွေဟာ ကျဉ်ပြီးတော့ထုံနေတယ်။ အဲဒီလို အသံမကြားအောင် ... ရန်သူ့အနားအထိချဉ်းကပ်ပြီး အသံလေ့ကျင့်တဲ့ တောင်ကုန်းကို ကျား-ကျား ... အော်ရင်း လှံစွပ်တက်ထိုးကြရတာပေါ့။ လှံစွပ်ထိုးပြီး ဝပ်ချလိုက်တော့ ... တွေ ... တော်ခန်းနေကြပြီ။ အရဏ်တက်တိုက်ပွဲမှာတုန်းက နေ့လယ်... မှာ အိပ် ... ခွင့်ပေးတယ်။ ၃ ရက်လုံး ပင်ပန်းလာတဲ့ ခရီးရှည်ချီတက်ခြင်းလည်း ... ... လောင်းဘဝတစ်လျှောက်လုံးမှာ အပင်ပန်းဆုံးလေ့ကျင့်ခန်းကြီး ...

www.burmeseclassic.com

www.burmeseclassic.com



စိတ်လည်း တော်တော်ပေါ့သွားပြီ။

၁၄-၁-၄၅

ကနေ့ လည်ချွင့်ဟာ ကျောင်းတက်တဲ့နေ့ကစပြီး အလွယ်ကူဆုံး လည်ချွင့်လို့ဆိုရမယ်။ အသွားရော အပြန်ရော တပ်မတော်ကားက ကျောင်းအရောက် ပို့ပေးတယ်လေ။ မြို့ထဲမှာ လျှောက်လည်ကြရင်း ပိုက်ဆံကုန်လို့ ဦးအုန်းမောင်တို့ဆီက ၁၀ဝိ/သွားယူရသေးတယ်။ ကျောင်းသားတွေဟာ ခြောက်လုံးပြူးအိတ် လုပ်လာတဲ့သူနဲ့၊ မာရည်ကြီး ဆွဲလာတဲ့လူနဲ့၊ ဘောင်းဘီ ပိုက်လာတဲ့လူနဲ့၊ ကျောင်းဆင်းဗိုလ်လေးဘဝအတွက် ပြင်ဆင်ကုန်ကြပြီ။

၁၅-၁-၄၅

ကနေ့ မနက်ပိုင်းမှာ စာသင်တန်းချည်း တက်ရတယ်။ ညနေတစ်ချိန် မှာ မြင်းစီးသင်တန်း တက်ကြရတယ်။ ကျောင်းတောင်ဘက်က ကွင်းပြင်ကြီးမှာ သွားပြီးစီးကြရတယ်။ ကနေ့ ကျွန်တော့်သူငယ်ချင်း တစ်ယောက်က မန္တလေး စစ်အုပ်ချုပ်ရေး လုပ်ထားရတဲ့အကြောင်း လာပြောတယ်။ ခေတ်ပျက် ဗိုလ်လေး တွေတော့ ဖြစ်ကြဦးမှာပေါ့။

၁၆-၁-၄၅

နှင်းတွေဟာ ဝေလို့ပေါ့။ ရေချိုးသံနဲ့ပဲ လန်းလန်းဆန်းဆန်း နိုးလာကြ တယ်။ မနက်ပိုင်း စာသင်တန်းတက်ရပြီး နေ့လယ်ပိုင်း စက်သေနတ်ကြီး လေ့ကျင့်ခန်းသွားရတယ်။ လေ့ကျင့်ခန်း ဆင်းနေတုန်း Air Raid Alarm လာပါရော။ ဖြန့်ပြီး ဝပ်နေကြတုန်း လေယာဉ်ပျံကွင်းဘက်ကို ဗုံးကြဲချတယ်။ ကျောင်းနားက ဝါယာလက်ရုံတွေနားလည်းကျတယ်။ ပြီးတော့ မကြာခင် စာရွက်လေးတွေ ပလူပျံသလို နေရောင်မှာ လက်ပြီးကျလာတာတွေ့ရတယ်။ (...)နေ့စွဲနဲ့ပါပဲ၊ အမိပွာယ်က သူတို့ တိုကျိုကို ဘယ်တုန်းကသွားပြီး ဗုံးချတဲ့ အကြောင်းရေးထားတယ်။ ဂျပန်စာနဲ့ရေးထားတာ ဖြစ်ပါတယ်။

၁၇-၁-၄၅

ကနေ့တစ်နေ့လုံးပဲ စာသင်တန်း တက်ရတယ်။ အရင်စာမေးပွဲ ကတည်းက မကျက်ခဲ့တဲ့စာတွေကို ခုမှ စုပြီးကျက်ပေမယ့် သိပ်မရတော့ဘူး။ ကျောင်းဆင်းခါနီးတော့ ရှုတ်နှောက်နေတဲ့ သူတွေပိုများနေတယ်။



၁၉-၁-၄၅

မနက်ဖြန် နှစ်ပတ်လည်စာမေးပွဲ ပေမယ့် ကနေ့မနက်ပိုင်း တပ်ခွဲ လေ့ကျင့်ခန်းလုပ်ကြရတယ်။ တပ်ခွဲလေ့ကျင့်ခန်းကို ကျောင်းဆင်းအထိ ၃ ခါ လုပ်ပြီး လုပ်ရမယ်မဟုတ်ဘူးလို့ပြောတယ်။ နေ့လယ်ပိုင်းကျတော့ အများ အားနဲ့ စာကြည့်ကြရတယ်။ ညနေပိုင်းမှာ စွန့်စားခန်းတစ်ရပ် လုပ်ကြရ လေ။ ဗိုရိုတံခါးကပွင့်လို့ အဲဒီဗီရိုထဲမှာ ကျွန်တော်တို့ တစ်နှစ်ပတ်လုံး ယူခဲ့တဲ့ အပြုအမူတို့ သင်တန်းတို့၊ လေ့ကျင့်ခန်းတို့ အမှတ်တွေစုရေးထား တဲ့ စာရွက်ခွေကြီးပေါ့။ အဲဒီအမှတ်တွေကို ခိုးကြည့်ကြတာ။ ဒီအမှတ်တွေကို ကျောင်းဆင်းလို့ ရောက်သွားတဲ့တပ်ရင်းတွေ ပို့ရတယ်။

၂၀-၁-၄၅

ကနေ့ဟာ နှစ်ပတ်လည်စာမေးပွဲနေ့ကြီးပဲ။ ဒီစာမေးပွဲပြီးလို့ သင်တန်း ဆင်းပွဲ 31 st မှာ ကျောင်းဆင်းပွဲတဲ့။ အရင် 1 st Test ပြီးကတည်းက ကြည့်လာတဲ့ စာမေးပွဲကပ်လာမှ ကုန်းကြည့်ကြရတယ်။ တော်ပါသေး ရဲ့ စာမေးပွဲက ထင်သလောက်မခက်ဘူး။ ကောင်းကောင်းပဲ ဖြေနိုင်ပါ တယ်။

၂၁-၁-၄၅

24 th မှာ လေ့ကျင့်ခန်း စစ်ဆေးပွဲအတွက် Bush Fighting တို့ (ချုံတိုက်ပွဲ) ရင်ဆိုင်တိုက်ပွဲတို့ လေ့ကျင့်ကြရတယ်။ လေ့ကျင့်ခန်း မလုပ်ရ တာတော်တော်ကြာနေတော့ အမောသိပ်မခံနိုင်ကြဘူး။ အနားပေးလိုက်တာနဲ့ တော်တော့ ချုံပုတ်ဘေးမှာ သွားပြီးပစ်လှဲလိုက်တာပဲ။ ဒါပေမဲ့ အခု လေ့ကျင့်ကြရတာ ကျောင်းဆင်းပွဲအတွက် လေ့ကျင့်ကြရတာဆိုတာကို သိနေ တော့ ပင်ပန်းတုန်း ပင်ပန်းလိုက်ပြီး ပြန်လည်းလာကြရော သီချင်းတွေ ဆိုပြီး ပြန်လန်းဆန်းလာကြတာပဲ။

၂၂-၁-၄၅

ကနေ့မနက်ပိုင်းမှာ စာသင်တန်းချည်းပဲ တက်ရတယ်။ စစ်တက္ကသိုလ် မှာ အရင်ကထက်ပိုပြီး စိုပြည်လာပြန်ပြီလေ။ မြန်မာ့တပ်မတော်က ကောင်းမှူးတွေ၊ တပ်ခွဲမှူးတွေ ကျောင်းကိုလာပြီး စစ်ပရိယာယ် သင်တန်း

www.burmeseclassic.com

www.burmeseclassic.com



လာတက်ကြတယ်။ ကျောင်းဆင်းခါနီး ဘယ်သူတွေက တပ်ကြပ်ရာ ဆင်းရမယ်။ ဘယ်သူတွေက ဓားဆုရမယ်ဆိုတဲ့ ဒိုမေတွေတော့ ပြေး တာပေါ့။ ညတော့ တစ်ညလုံး မိုးတစိမ့်စိမ့်ရွာလို့ ကျွန်တော်တို့တစ်တွေ သေနတ်တွေဆွဲပြီး မိုးရွာထဲမှာ သင်တန်းဆင်းလို့ပေါ့။ တစ်ခါတစ်ခါ လေး နှောလာလိုက်တိုင်း ချမ်းလိုက်တာ။ ဒါပေမဲ့ ဒီဒုက္ခလေးတွေ ခံစား တိုင်းပြည်အတွက် နောက်ဆုံး အသက်တောင်စွန့်ရဦးမယ်ဆိုတဲ့ သန္နိဋ္ဌာ ဟာ ပိုမိုခိုင်မာလာတာပေါ့။

၂၃-

ကနေ့မနက်ထိအောင် မိုးမစဲသေးဘူး။ မိုးရွာနေလို့ လေ့ကျ မဆင်းရဘဲ စာကြည့်ခန်းထဲမှာ စာပဲသင်ရတယ်။

၂၄-

ကနေ့မှာ တပ်ခွဲက အလုပ်သင်တာဝန်ခံ တပ်ကြပ်လုပ်ရလို့ သားတွေကို ဆေးရုံလိုက်ပို့ရတယ်လေ။ ဆရာဝန်ကြီးက ဦးမောင်မောင် (သုံးလိုင်းနှစ်ပွင့်) သိပ်စိစစ်တဲ့ ဆရာဝန်ကြီးပဲ။ ဘုပြောတတ်ကြောင်း၊ အ ဆိုးကြောင်းတော့ စောစောထဲက ကြားဖူးပါတယ်။ နည်းနည်းလေး ဖျား ဆေးလာထည့်တဲ့သူတောင် သူ့စာအုပ်ကြီးထဲမှာ နာမည်ပါသွားတာပဲ။ တော်တန်တန် ပွေးဝဲပေါက်နေတဲ့သူတွေတော့ နာမည်ပေးရမှာမို့ ဆေးမ ဘူး။ တစ်နေ့လုံးမှာ တပ်ခွဲရဲ့ နှစ်ပတ်လည်သင်တန်းပြီးဆုံးတဲ့အတွက် ခန်း စစ်ဆေးပွဲနေ့ပေါ့။ ဗိုလ်ချုပ်အောင်ဆန်းတို့၊ ဗိုလ်ကျော်ဇောတို့ လာ ကြတယ်လေ။ ကျောင်းအုပ်ကြီး (ဗိုလ်ရန်နိုင်)က ဝေဖန်ချက်ပေးတာကို ဗိုလ် အောင်ဆန်းက လက်ပိုက်ရင်းနားထောင်နေတယ်။ သူတော့ ထင်မြင် မပြောပါဘူး။

၂၅-

ကနေ့တစ်နေ့လုံး စာသင်တန်းတက်ကြရတယ်။

၂၆-

ကနေ့ဟာ သောကြာနေ့ တပ်ခွဲစစ်ဆေးခြင်းအတွက် အထူး



စား လုပ်ကြရမှာပေါ့။ ဒါပေမဲ့ သူငယ်ချင်းတစ်ယောက်နဲ့ ခွင့်တောင်းပြီး လျှောက်လည်ကြရတယ်။ လေယာဉ်ပျံကွင်းကြီးကို လွန်အောင်တော်တော် လျှောက် ပြီးမှ ကားရတယ်။ သူငယ်ချင်းနဲ့ ဘုရားပေါ်တက်ကြသေးတယ်။ အပြန်တော့ မိုင်ခွဲထိ Private ကားလေးနဲ့လိုက်လာပြီး လသာထဲမှာလမ်းလျှောက်လာ ကြတယ်။ မင်္ဂလာဒုံမြေက ရော်ဘာချုံတွေနဲ့၊ သစ်ပင်လေးတွေနဲ့ စိမ်းစိုနေတဲ့ မြက်စလေးတွေဟာ လရောင်နဲ့ သူ့အလိုက်အထိုက် တော်တော်ကြည့်လို့ ကောင်းတယ်။ ပဲခူး–ရန်ကုန်လမ်းမကြီးမှာ Tank တွေ ငပုကားတွေလည်း အစီစီနဲ့ ဖြတ်လို့တွေ့နေရတယ်။

၂၇-၁-၄၅

မနက်ပိုင်း တစ်ပိုင်းလုံး သန့်ရှင်းရေးလုပ်ကြရတယ်။ ခုတလော လုပ်ကြတဲ့ အပြုအမူတွေကြည့်လိုက်ရင် ကျောင်းသားမှန်သမျှရဲ့ မျက်နှာတွေဟာ ကြာခင် လေးငါးရက်မှာ တပ်မတော်တာဝန်ထမ်း ဗိုလ်ဖြစ်တော့မယ့်အတွက် သိပ်ပြီး စိတ်အားထက်သန်နေကြတာတွေ့ရတယ်။

၂၈-၁-၄၅

ကနေ့ဟာ လည်ခွင့်နေ့ပေါ့။ ထုံးစံအတိုင်း တော်တော်လေး လမ်း လျှောက်ပြီးမှပဲ ကားရတယ်။ စီးရတဲ့ကားက ကုလားတပ်ကကား၊ လမ်း အလျှောက်လုံး ကျောင်းသားတွေ တက်လိုက်လာကြတာ မရမ်းကုန်းရွာလေး ရောက်ခင် ကားကြီး Over Load ဖြစ်နေတော့ တောင်းပန်ရှာတယ်။ ကျောင်းသားတွေဟာ ရဲဘော်စိတ် တကယ့်အရေးမှာ ပေါ်ကြသားပဲ။ ကျွန်တော် တို့ လူကြီးစုတွေဟာ အားလုံးတပြိုင်တည်း ဆင်းပေးကြပြီး မူလတန်းက အလေးတွေလောက်ပဲ တင်ပေးလိုက်ကြတယ်။ ကမာရွတ်ကျတော့ (တစ်လိုင်း သုံးပွင့်) ကင်ပေက ငပုနဲ့တွေ့လို့ (ကွာတီပိသော) ရွတ်ပြလို့ ရယ်ကြရသေး တယ်။ အပြန်ကျတော့ ကားလွယ်လွယ်ပဲရခဲ့ပါတယ်။

၂၉-၁-၄၅

ကနေ့ဟာ တပ်ခွဲက စုရတဲ့ငွေတွေနဲ့ ထမင်းစားပွဲ လုပ်တဲ့နေ့ပေါ့၊ ကျောင်းမြောက်ဘက် သရက်တောလေးကို ခုံတွေထမ်းပြီးပို့ကြတယ်။ ကျောင်း သားဘဝမှာ ဒီလို ကိုယ့်ပိုက်ဆံနဲ့ကိုယ် စုပြီးစားကြရတဲ့ ကျောင်းဆင်း ထမင်း

www.burmeseclassic.com

www.burmeseclassic.com





စားပွဲဟာ အပျော်ဆုံးလို့ဆိုရမှာပေါ့။ အုပ်ချုပ်ရေးသင်တန်းလာပြီး တက်နေ
ဗိုလ်ရန်အောင်တို့ ထမင်းစားပွဲမှာ လာပြီးတက်ရောက်ကြတယ်။ ပြီးတော့
ကျောင်းသားထဲက လေးငါးယောက်နဲ့ ကျောင်းကတပ်ကြပ်လေးတွေ
သီချင်းဆိုကြပြီး ထမင်းစားပွဲလည်း ပြီးတာပါပဲ။

၃၀–၁–၄၅

ကနေ့မနက်ပိုင်းမှာ နောက်ဆုံးသင်တန်းအဖြစ်နဲ့ ကျောင်းသား
တောင်းပန်ချက်အရ မြို့တွင်းတိုက်ပွဲကို တပ်ခွဲမှူးကသင်တယ်။ နေ့လယ်ပိုင်း
တော့ ပစ္စည်းတွေပြန်အပ်ကြရတယ်။ အကြီးကြယ်ကြီးတွေကို Badge တပ်
သက္ကလတ်စတွေမှာ တပ်ကြလို့ပေါ့လေ။ ညနေပိုင်းကျတော့ ဒိုမဲတွေ ထွက်
လာပါရော။ ဘယ်သူ ဘယ်ဌာနမှာကျမယ် ဆိုတာတွေပေါ့။ တော်တော်
ညဉ့်နက်မှ စစ်ဝန်ကြီးရုံးက ဌာနအသီးသီး ခွဲတဲ့အမိန့်တွေကို ဖတ်ပြတယ်
ညီလေး အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်မှာ ကျတယ်လေ။ ကိုယ့်မြို့နဲ့ နီးသေ
မြို့တော်နဲ့ဝေးတော့ မျက်စိပိတ်၊ နားပိတ် ဖြစ်သွားမှာစိုးရတယ်။ နေ့လယ်ပိုင်း
တပ်စုလက်ဖက်ရည်ပွဲပဲ။

၃၁–၁–၄၅

ကနေ့မနက် အစောကြီးကစပြီး ရာထူးတံဆိပ်လေးတွေ ရင်ဘတ်
ချိတ်လို့ပေါ့။ အရင် 2nd နဲ့ 3rd Batch မှာ တပ်ကြပ်ကြီးတွေနဲ့ ကျောင်း
ဆင်းသွားရတဲ့ သူတွေရှိပေမယ့် ကျွန်တော်တို့ Batch မှာ အကြပ်နဲ့ ထ
ယောက်မှမပါဘူး။ အားလုံး ဗိုလ်လောင်းတွေချည်းဖြစ်တယ်။ နေ့လယ်စာ
သံရုံးကြီးထဲမှာ ထမင်းစားပွဲလုပ်တယ်လေ။ ဂျပန်စစ်တီးဝိုင်းနဲ့ ဧည့်ခံတယ်
ထမင်းစားပြီးတော့ ကိုယ်သွားရမယ့် နယ်ကလူတွေ အားလုံးစုပြီး မနက်ဖြ
သွားကြဖို့ပြင်ကြရပြီ။ ကျောင်းသားဘဝတော့ကုန်ပြီ။ **ဗိုလ်လောင်း**[1] ဘ
ဘယ်လိုစခန်းသွားရမယ် မသိသေးဘူး။ တပ်ရင်းမှူးနဲ့ လက်အောက်တပ်သ
အကြပ်တွေနဲ့ ဘယ်လိုဆက်ဆံကြရဦးမယ် တော်တော်တွေးနေမိတယ်။

၁။ **ဗိုလ်လောင်း** စစ်တက္ကသိုလ် ဆင်းပြီးလျှင် အလုပ်သင်ဗိုလ်လောင်းဟု ခေါ်
တစ်လိုင်းသုံးပွင့်နှင့် အကြီးကြယ်ကြီး တပ်ဆင်ရသည်။ နောက်တစ်ဆင့်
သုံးလိုင်းတစ်ပွင့် ဒုဗိုလ် ဖြစ်လေသည်။

၁–၂–၄၅

ကနေ့ဟာ ကျောင်းကြီးမှာ ၄–၅ လ လာပြီး ကျဉ်းကျပ်စွာ နေခဲ့ရပြီး
ဆင်းလာရတဲ့နေ့ ဖြစ်ပါတယ်။

တော်သေးပြီ။

www.burmeseclassic.com

www.burmeseclassic.com

## ပထမပိုင်း၏ နောက်ဆက်တွဲ(ခ)
## မိတ်ဆုံပွဲ

အောက်ပါဆောင်းပါးမှာ စစ်ပြန်မဂ္ဂဇင်းသို့ပေးပို့ရန် ရေးသားထား မပို့ဖြစ်သဖြင့် စာရေးသူဖိုင်တွဲတွင် ထည့်ထားခဲ့ပါသည်။ ယခု ကြုံကြိုက်သ ဂျပန်ခေတ် စစ်တက္ကသိုလ်စာအုပ် နောက်ဆက်တွဲ (ခ)အဖြစ် ဖော်ပြလို ပါသည်။

၁၉၇၇ ခုနှစ် ဖေဖော်ဝါရီလ ၁၃ ရက်။

၃၂ နှစ် ၅ လနှင့် ၇ ရက်တိတိ ကြာညောင်းခဲ့ပါပြီ။ အတိအ တွက်ချက်နိုင်သည်မှာ ယခုစာရေးနေသည့်အချိန်တွင် စာရေးသူရှေ့တွင် ထို က နေ့စဉ်ရေးမှတ်ခဲ့သော ဒိုင်ယာရီမှတ်တမ်းရှိနေသဖြင့် ဤကဲ့သို့ တိတိကျ တွက်ချက်နိုင်ခြင်းဖြစ်ပါ၏။

၁၉၄၄ ခုနှစ်၊ စက်တင်ဘာလ ၆ ရက်နေ့ (တော်သလင်းလဆု ၅ ရက်၊ ဗုဒ္ဓဟူးနေ့)တွင် ကျွန်တော်တို့ စတုတ္ထအပတ် ဗိုလ်သင်တန်း ကျော သားများ မင်္ဂလာဒုံ စစ်တက္ကသိုလ်သို့ စတင်ရောက်ခဲ့ကြပါသည်။

ကျွန်တော်တို့ ဝင်ဆာလေ့ကျင့်ရေးမှ စစ်တက္ကသိုလ် ဝင်ရောက် စာမေးပွဲ အောင်မြင်သူများကို စစ်တက္ကသိုလ်သို့ပို့ဆောင်ရာတွင် ဘယ် မောင်း၍ ပို့ဆောင်ပေးခဲ့သူမှာ ကိုလှဖူး ဖြစ်ပါသည်။

၁၉၇၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၃ ရက်နေ့တွင် ကန်တော်ကြီး စတုတ္ထအပတ် စစ်တက္ကသိုလ်ကျောင်းဆင်းများ ပြန်လည်တွေ့ဆုံကြရာ ကိုလှဖူးတစ်ယောက်ကိုတွေ့ရပါသည်။ ယယ်ရပ်လုံးဝမရှိတော့သော်လည်း လှ



ည်နှင့်တပ်၍ မှတ်မိပါသေးသည်။ 'ဟေး ခင်ဗျား ကျွန်တော်တို့ကို စစ် က္ကသိုလ်အထိမောင်းခဲ့တဲ့ ကိုလှဖူး မဟုတ်လား'ဟု မေးမိရာ 'အေးပေါ့ဗျ၊ တော်တော့ အခုထိ အရာခံဗိုလ်ပဲဗျို့'ဟု ပြောရှာပါသည်။ အမှတ် (၅၀၂) ပ်စခန်းတွင် အရာခံဗိုလ်အဖြစ် အမှုထမ်းဆောင်ဆဲဖြစ်ပါသည်။

ထိုနေ့က စတုတ္ထအပတ် ကျောင်းဆင်း ၃၅ ဦး တက်ရောက်ခဲ့သည့် တွင် အသက်အကြီးဆုံးမှာ မြင်းခြံမှ ဦးကိုကိုကြီး (မေပုလဲ) ဖြစ်ပါသည်။ က် ၆၁ နှစ် ရှိပြီဖြစ်ပြီး မြေး ၈ ယောက်ရနေပြီဖြစ်၏။ မြစ်နှစ်ယောက်ပင် ပြီဟု သူ့ထုံးစံအတိုင်း အများကြားလောက်အောင် မေပုလဲက အော်ပြောခဲ့၍ မမသန်းကမူ မြစ်မရသေးပါဟု **ဆောင့်ကြီးအောင့်ကြီး** တိုးတိုးပင် ။

သားသမီး အထွန်းကားဆုံးမှာ မအူပင်မြို့နယ်၊ စည်ပင်သာယာရေးရုံး ငွေစာရင်းကိုင်အဖြစ် တာဝန်ထမ်းဆောင်နေသည့် ဦးလှမောင် ဖြစ်ပေ သားသမီး ၁၂ ဦး ဖခင်ဖြစ်၏။ မြေးတော့မရသေး။

ထိုစဉ်က အသက်အငယ်ဆုံးသူပင် ယခုအသက် ၅၀ တွင်းသို့ င်းဝင်ရောက်ခဲ့ပါပြီ။

အလုပ်အကိုင်အားဖြင့်လည်း နိုင်ငံတော်ကောင်စီဝင်မှ အငြိမ်းစားအထိ ။ အငြိမ်းစားဆိုသည်မှာ တစ်နည်းအားဖြင့် ယခု ဘာမျှအလုပ်မရှိသူကို ခြင်း ဖြစ်၏။ သို့သော် အလုပ်လက်မဲ့လို့ ဘာလို့ပြန်ဖြေရမလဲ။ ခပ်ခန့်ခန့် မော်ကွန်းဝင် ပထမအဆင့်၊ ရိက္ခာတော်ရ အငြိမ်းစား (...)ပါဟုဆို၏။

ကျန်းမာရေး အချို့တဲ့ဆုံးမှာကား ကျွန်တော်တို့ ဗိုလ်လောင်းဘဝက လေးဟုခေါ်ခဲ့ကြသည့် (ယခုတိုင်လည်း ဗိုလ်လေးဟုပင် ခေါ်ကြပါသည်။) ွန်းလှ ဖြစ်ပါသည်။ သူ့အမည်ကို ဦးစောချိုဟုပေး၏။ တောထဲက ည်ဟုဆို၏။ တုတ်ကောက်ကြီးကိုင်ပြီး မနည်းအားယူ လျှောက်နေရပြီ ည်။ သို့သော် စတုတ္ထအပတ် စစ်တက္ကသိုလ်ကျောင်းသားများ စုရုံးကြရာ ရောက်အောင်လာခဲ့၏။ အင်္ဂလိပ်ဆေးနှင့်မဟုတ်၍ မြန်မာဆေး စားနေပါ ဟုဆိုသည်။ ကန်တော်ကြီး ရဲဘော်ဟောင်းများ မိတ်ဆုံပွဲ တွေမှာ အကြာ က်ပြီးတွေ့နေပါရစေဟု စိတ်ထဲမှ ကျိတ်ပြီးဆုတောင်းမေတ္တာ ပို့သပါ (ယခု ကွယ်လွန်သွားရှာပြီ။)

အသက်ကြီးသူတွေ ကျန်းမာရေးချို့တဲ့သူတွေကိုသာ ရောလို့မပြီးသေး မပျောက်သေးသူ အချို့လည်း ပါပါသေးသည်။ ကျွန်တော်တို့ အစွဲ

www.burmeseclassic.com

www.burmeseclassic.com



ထဲတွင် အရွယ်အတင်ဆုံးသူမှာ ကိုအေးလွင်ဖြစ်၏။ ယခုကြည့်လျှ[illegible] တက္ကသိုလ်ကျောင်းသားကြီးတစ်ဦးဟု ထင်ရမလောက် အရွယ်တင်သူ ဖြ[illegible] မည်းနက်နေသော ဆံပင်ကို သပ်သပ်ရပ်ရပ် ဖြီးထားပြီး ယခုအထိ နေ့စဉ်[illegible] ဆဲဟုသိရ၏။ ဘားအံတွင် ပြည်နယ်ပြန်ကြားရေးဦးစီးဌာနမှူးအဖြစ် ထ[illegible] ထမ်းဆောင်နေလေသည်။

ထိုနေ့က မိတ်ဆုံပွဲသို့ သံဃာတော်တစ်ပါးလည်း တက်ရောက်[illegible] သေးသည်။ မေပုလဲ ကိုကိုကြီး ပင့်လာသောဆရာတော် ဖြစ်ပါသည်။ [illegible] ဂျပန်ခေတ် မြန်မာ့တပ်မတော်က ရဲဘော်ဟောင်း တစ်ဦးဖြစ်လေသည်။

၃၅ ဦး တက်ရောက်ကြသည့်အနက် ၄ ဦးမှာ မြန်မာ့တပ်မတော်[illegible] ဆက်လက်အမှုထမ်းဆောင်ဆဲ ဖြစ်သဖြင့် ၁၁ ဒသမ ၄ ရာခိုင်နှုန်း ဖြ[illegible] သည်။ သို့သော် ကျောင်းဆင်းသူအမြောက်အမြားမှာ တပ်မတော်တွင် မရှိ[illegible] ဘဲ နယ်တွင် ရေကြည်ရာမြက်နုရာ လုပ်ကိုင်စားသောက်နေကြ၍ သူ[illegible] ထည့်သွင်းတွက်ချက်ပါလျှင် တပ်မတော်တွင် ဆက်လက်အမှုထမ်း ဆော[illegible] သူ ယခုထက် ရာနှုန်းလျော့နည်းသွားမည်မှာ သေချာပါသည်။

မိသားစုများပါခေါ်လာကြ၍ ပျော်ပျော်ပါးပါး စားကြသော[illegible] သည်မှာ အားရဝမ်းမြောက်ဖွယ် ကောင်းလှပါသည်။ အာလူးကို ကြက်သာ[illegible] ပြီး မရမ်းသီးလုံးကွဲလုံးကြေသုပ်ထားသည်မှာ အရသာရှိလှပါသည်။ [illegible] မရမ်းသီးသုပ် ဒကာမှာ ကိုကျော်ဆန်း (က–ဆ) ဖြစ်ပါသည်။

ယခုလို အနှစ် ၃၀ ကျော်ကွဲကွာနေသူများကို တွေ့ဆုံနိုင်[illegible] မမောမပန်း စီစဉ်နေကြသူများမှာ ကိုစိန်အောင်လင်းနှင့် ကိုဝင်းဖေ[illegible] ဖြစ်ပေသည်။

နှစ်စဉ် ရဲဘော်ဟောင်းများ မိတ်ဆုံစားပွဲတွင်လည်း သူတို့နှစ်[illegible] လုံးပန်းနေကျ ဖြစ်၏။

ဘဝမျိုးစုံ ဖြတ်သန်းလာခဲ့ကြ၍ ဒုက္ခ၊ သုခ အမျိုးမျိုး တွေ့ကြုံ[illegible] ဖြစ်သော်လည်း ရဲဘော်စိတ်အပြည့်အဝနှင့် ပြန်လည်တွေ့ဆုံရာတွင် [illegible] ပြဿနာများ ဘဝရန်းကန်မှုများကို တဒင်္ဂမေ့ပျောက်ထားနိုင်ကြပေ၏။

သင်တန်းတစ်ပတ်တည်း တက်ရောက်ခဲ့ကြသူများအနက် [illegible] သွားကြပြီဖြစ်သော ရဲဘော်များကို တွက်ချက်ကြည့်ရာတွင် ၁၀ ဦး[illegible] မနည်းတော့။ ယခု ရှိနေသူများအနက် အငယ်ဆုံးသူပင်လျှင် အသက်[illegible] တွင်းသို့ ချဉ်းနင်းဝင်ရောက်နေပြီ ဖြစ်ပါသည်။ ဇရာတွင်းသို့ ရောက်[illegible]



[illegible] ဗျာဓိဒုက္ခ မရဏဒုက္ခများ တွေ့ကြမည်ဖြစ်ရာ ရဲဘော်များသည် ဗုဒ္ဓတရား [illegible]ဆာင်များကို နှလုံးသွင်း နိုင်ကြပါစေ။

နိဗ္ဗာန်တရားမြတ်ကို မျက်မှောက် ပြုနိုင်ကြပါစေဟုသာ ဆုတောင်း [illegible]တ္တာပို့သလိုက်ရပါတော့သည်။

❖❖❖

www.burmeseclassic.com

www.burmeseclassic.com



**လျက်ရှေ့ဆုံးတန်းဝဲမှယာ**

ကိုဝင်းဖေ၊ ကိုထွန်းတင်၊ ကိုရန်အောင်၊ ကိုတင်၊ စာရေးသူ၊ နေထွန်း (ကိုမင်းမောင်)

**ဒု-တန်း**

ကိုစောဝင်း၊ ကိုစိုးတင့်၊ ကိုဖေမြင့်၊ ကိုခင်သိန်း၊ ကိုကျော်ဆန်း၊ ာန်သိန်း၊ ကိုထွား၊ ကိုမောင်မောင်ဦး၊ ကိုတင်အုန်း

**တတိယတန်း**

ကိုဖုန်းအောင်၊ ကိုဘသန်း၊ ဗိုလ်လေးကျော်ညွန့်၊ ဒေါက်တာမောင် ာင်၊ ကိုညိုမောင်၊ ကိုစိန်အောင်လင်း၊ ကိုချစ်ဆွေ၊ ကိုကြည်မြင့်

**တက်ဆုံးတန်း**

ကိုလွင်၊ ကိုလှဖူး၊ ကိုကျော်ဒင်၊ ကိုမန်းတင်အောင်သန်း၊ ကိုနေဝင်း ကြိုင်၊ ကိုရန်ရှင်း၊ ကိုအောင်ဇင်၊ ကိုအေးလွင်၊ ကိုလှမောင်၊ ကိုအောင်အေး မြင့်၊ ကိုဘမြင့်၊ ကိုခင်အုန်း၊ ဗိုလ်မှူးချုပ် ဘသိန်း၊ ကိုတင်အေးကိုဘအေး

www.burmeseclassic.com

www.burmeseclassic.com

ဒုတိယပိုင်း

# ဗြိတိန် ဆင်းဟတ်စ် ဘုရင့်စစ်တက္ကသိုလ်

www.burmeseclassic.com

www.burmeseclassic.com

## ဒုတိယပိုင်းအတွက် စာရေးသူ၏အမှာ

ဆင်းဟာတ်စ်ဘုရင့်စစ်တက္ကသိုလ်အတွက် နေ့စဉ်မှတ်တမ်းကို မင်္ဂလာဒုံ လေ့ကျင့်ရေးကျောင်း (ဘီအေစီအက်)တွင် ကျွန်တော်တို့ စတင်ရောက်ရှိ သည့်နေ့မှ စတင်ရေးသားခဲ့ပါသည်။

နေ့စဉ်လိုလိုပင် အင်္ဂလိပ်ဘာသာဖြင့်ရေးမှတ်ခဲ့ရာ နှစ်နှစ်ကျော်လောက် ကြာသည်ဖြစ်ပါသည်။

အင်္ဂလန်သို့ မထွက်ခွာမီ ဗဟိုလေ့ကျင့်ရေးကျောင်းတွင် ၄ လခန့် အခြေခံစစ်ပညာ သင်ကြားခဲ့ရပါသည်။

အင်္ဂလန်သို့ သင်္ဘောနှင့်သွားရသည်မှာ တစ်လကြာ၍ ဆင်းဟာတ်စ် မတက်မီ မောန်းသင်တန်းကျောင်းတွင် ၆ ပတ် သင်တန်းတက်ရပါသေးသည်။ ဆင်းဟာတ်စ်သင်တန်းမှာ ၁၈ လကြာ၏။

ဗဟိုလေ့ကျင့်ရေးကျောင်းတွင် သင်ကြားရသော သင်တန်းမှာ အခြေခံ ပညာဆိုသော်လည်း ကျွန်တော်တို့အဖွဲ့အား ကျောင်းအာဏာပိုင်များက ဗိုလ်လောင်းများကဲ့သို့ပင် အသိအမှတ်ပြုထားပြီး သင်ရိုးမှာလည်း အင်္ဂလန် ဘုရင့်စစ်တက္ကသိုလ် တက်သည့်အခါ အထောက်အကူဖြစ်စေရန် ရည်ရွယ်ရေးဆွဲ ထားသော သင်ရိုးဖြစ်လေသည်။ ပုံစံအားဖြင့် မိန့်ခွန်းပြောနည်းကို ဗိုလ်မှူး တစ်ယောက်က သင်ကြားပေးပြီး ဗိုလ်လောင်းတစ်ဦးစီ အင်္ဂလိပ်ဘာသာဖြင့် မိန့်ခွန်း တိုတစ်ခုပြောရန် တစ်ချိန်ထည့်ထား၍ တစ်ဦးစီထ၍ အင်္ဂလိပ်ဘာသာဖြင့် မိန့်ခွန်းပြောကြရပါ၏။

မှတ်တမ်းကို အင်္ဂလိပ်ဘာသာဖြင့် ရေးသားခဲ့ခြင်းဖြစ်ပြီး ယခုမှ ဘာသာပြန်ရခြင်း ဖြစ်လေသည်။ အချို့နေရာများတွင် မိမိဘာသာ သိရုံမျှ

www.burmeseclassic.com

www.burmeseclassic.com

အကျဉ်းမှတ်သားထားသည်များကို အကျယ်ချဲ့ထွင် ရေးသားသည်များ
သည်။

ယင်းသို့ အချို့နေရာများတွင် ချဲ့ထွင်ရေးသားသည်မှအပ
မှတ်တမ်းအားလုံးကို ထိုစဉ်က ရေးမှတ်ထားခဲ့သည့်အတိုင်းပင် မြန်မာဘာ
ပြန်ဆိုရေးသားထားခြင်း ဖြစ်ပါ၏။

မှတ်တမ်းရေးထားခြင်း၏ အကျိုးကို ဖော်ပြလိုပါသည်။ ကျွန်
တက်ခဲ့ရသည့်သင်တန်းများမှာ စစ်ဘက်တွင် ထိပ်တန်းသင်တန်းများ
သည်။ နေ့စဉ်မှတ်တမ်း ရေးသားခြင်းဖြင့် ယင်းသင်တန်းများကို
တက်ရောက်ခဲ့စဉ်က ရေးမှတ်ထားသည့်အတိုင်း ယခုပြန်၍ မြန်မာ
ပရိသတ်သို့ တင်ပြနိုင်ပြီဖြစ်ပါသည်။

ဂျပန်ခေတ်စစ်တက္ကသိုလ်နှင့် အင်္ဂလန်ဆင်းဟတ်စ်ဘုရင့်စစ်တက္က
နှစ်ခုစလုံးကို တက်ရောက်ခွင့်ရသူများမှာ ကိုကြည်အေး (ဗိုလ်မှူးကြီး
စစ်တက္ကသိုလ်ကျောင်းအုပ်ကြီး (ယခု ဒုဝန်ကြီး၊ စီမံကိန်းနှင့် ဘဏ္ဍာရေး
ဌာန)နှင့် ကျွန်တော် နှစ်ဦးသာရှိပါသည်။

ကျွန်တော်က ပို၍ ကံကောင်းသည်မှာ ၁၉၆၀ ခုနှစ်တွင် အ
နိုင်ငံ၊ ဖို့လီဗင်ဝပ်(သ်) စစ်ဦးစီးတက္ကသိုလ်သို့ ဆက်လက်တက်ရောက်
ဖြစ်ပါသည်။ အမေရိကန် စစ်ဦးစီးတက္ကသိုလ် တက်ရောက်စဉ်က
မှတ်တမ်းကို အင်္ဂလိပ်ဘာသာဖြင့် ရေးသားခဲ့ပါသည်။

ပြည်ထောင်စုရိပ်သာတွင် နေထိုင်စဉ် ကားရုံထဲတွင် စာအုပ်
များထားခဲ့ရာ သေတ္တာများကို ခြစားခြင်းခံရပြီး သေတ္တာတစ်လုံးမှာ
စာအုပ်တစ်အုပ်မျှ အကောင်းမရတော့ပါ။ ယင်းသေတ္တာတွင် ကျွန်
အမေရိကန် စစ်ဦးစီးတက္ကသိုလ်တက်ရောက်စဉ်က မှတ်တမ်းများပါ
ပါသည်။

တစ်နေ့တွင် အမေရိကား စစ်ဦးစီးတက္ကသိုလ် တက်ရောက်ခဲ့
အကြောင်းကို မှတ်မိသမျှ ပြန်လည်ရေးသားရန် ရည်ရွယ်ပါသည်။ ကျွန်
သည် သင်တန်းတော်တော်စုံအောင် တက်ရန် ဇာတာပါသူ ဖြစ်ပါ၏။
ခုနှစ်တွင် (သားသမီး ၆ ယောက်ရကာမှ) ဂျီဒီအာနိုင်ငံ၊ ဘာလင်မြို့
သတင်းစာပညာသင်တန်းကို တက်ရောက်ခဲ့ရပါသေးသည်။ ယင်း
တက်ရောက်စဉ်၌လည်း အင်္ဂလိပ်ဘာသာနှင့်ပင် နေ့စဉ်မှတ်တမ်းများ
၍ တစ်နေ့တွင် တိုင်းပြည်သို့တင်ပြခွင့်ရမည်ဟု မျှော်လင့်ပါသည်။

ဆင်းဟတ်စ်မှတ်တမ်းတွင် ဟာကွက်တစ်ကွက် ရှိခဲ့ပါသည်။ သရုပ်
သွားကြည့်ရသည့်အခါများ၊ ပြင်ပထွက်ရသည့်အခါများတွင် ဖြစ်ပါ၏။
ယင်းသို့ စစ်တက္ကသိုလ် အပြင်ထွက်၍ သရုပ်ပြသွားကြည့်သည့်အခါတွင်
သည်းကောင်း၊ ပြတိုက်ကြီးတစ်ခုခုကို သွားရောက်လေ့လာသည့်အခါတွင်
သည်းကောင်း၊ (သရုပ်ပြကြည့်သည့်အခါများတွင်) သရုပ်ပြအစီအစဉ် ပေး
ထားရှိရာ ယင်းအစီအစဉ်မှ လွတ်ရာနေရာများတွင် နေ့စဉ်မှတ်တမ်းကို ရေးသား
ပြီး ကျောင်းပြန်ရောက်၍ မှတ်တမ်းတင်သည့်အခါတွင်မူ သရုပ်ပြနှင့် ပတ်
သက်ပြီး အစီအစဉ်တွင် သီးခြားရေးမှတ်ပြီးဟု မှတ်တမ်းတင်လေ့ ရှိပါသည်။
ယခု ယင်းအစီအစဉ်များ ရှာမတွေ့တော့သဖြင့် မှတ်တမ်းတွင် ဟာကွက်များ
ဖြစ်ရပါတော့သည်။ ပြတိုက်များ လေ့လာသည့်အခါများတွင်လည်း စာရွက်
ရွက်နှင့်ဖြစ်စေ၊ ပို့စကတ်တစ်ခုနောက်တွင်ဖြစ်စေ ရေးမိခဲ့၍ ယခု ယင်းမှတ်စု
များ ရှာမရတော့ပါ။ နေ့စဉ်မှတ်တမ်းရေးသူများ သတိချပ်ဖွယ် ဖြစ်ပါသည်။

ကျွန်တော် စစ်သက်တစ်လျှောက်လုံးတွင် သင်ဆရာ၊ မြင်ဆရာ၊
ကြားဆရာအားလုံးအား အထူးကျေးဇူးတင်ရှိပါကြောင်း ဖော်ပြအပ်ပါသည်။
ကူညီချောကူးပေးသည့် သမီးခင်ဖြူဖြူထိုက်နှင့် လက်နှိပ်စက်ရိုက်ပေးသည့်
ကိုချစ်စိန်အား အထူးကျေးဇူးတင်ရှိပါသည်။

www.burmeseclassic.com

www.burmeseclassic.com

## ဒုတိယပိုင်းအတွက်ပဏာမ

မင်္ဂလာဒုံစစ်တက္ကသိုလ် တက်ရောက်သည့်အချိန်နှင့် အင်္ဂလန်ပြည် ...တတ်စ်ဘုရင့်စစ်တက္ကသိုလ် တက်ရောက်ရသည့် ကာလမှာ ၇ နှစ်ခန့် ...သည်။ ယင်းကာလကို အကျဉ်းချုပ်၍ တင်ပြပါမည်။

ယင်း ၇ နှစ်ကာလအတွင်း ပြောင်းလဲမှုများမှာ အလွန်ပင် လျင်မြန် ...ိုင်းပြည်အနေနှင့်လည်းကောင်း၊ ကျွန်တော်တို့ မိသားစုအနေနှင့် လည်း ...င်း အကြီးအကျယ်ပြောင်းလဲခဲ့ပြီ ဖြစ်ပါ၏။

ဂျပန်ခေတ်စစ်တက္ကသိုလ်ကို ၁၉၄၄ ခုနှစ်တွင် တက်ရောက်ခဲ့ရ၍ ...င်းဆင်းပြီး အလုပ်သင်ဗိုလ်လောင်းအဖြစ်နှင့် တိုင်းအမှတ် (၇) ကင်းတပ် ...)တွင် တာဝန်ထမ်းဆောင်ခဲ့ရပါသည်။ တိုင်း (၇)ကို အနောက်တိုင်းဟု ...ခေါ်ဆို၍ ကျွန်တော်တို့ ကင်းတပ်ကို အနောက်တိုင်းစစ်ဌာနချုပ် ကင်း ...ဟုခေါ်ပါသည်။

တပ်မှူးမှာ ဗိုလ်မင်းလွင် ဖြစ်ပါသည်။ ထိုစဉ်က အခြားအရာရှိများမှာ ...ချစ်ခင် (ဒုတိယအပတ် မင်္ဂလာဒုံ၊ စစ်တက္ကသိုလ်ကျောင်းဆင်း)၊ ဗိုလ် ...င်း (စတုတ္ထအပတ်တွင် ကျွန်တော်နှင့်အတူ သင်တန်းတက်ရောက်ခဲ့သူ) ...ပါသည်။ (ယခု ကွယ်လွန်ရှာပြီ)။ အရာခံ အကြပ်များထဲမှ အရာခံဗိုလ် ...အောင်၊ ကိုကိုလေး (၁)၊ ကိုကိုလေး (၂)တို့ ဖြစ်ကြပေ၏။

ကင်းတပ်နှင့်ပင် ဖက်ဆစ်တော်လှန်ရေးကို ဝင်ရောက်ဆင်နွှဲခဲ့ရပါ ...။ သရက်၊ မင်းတုန်း၊ ကာမ တြိဂံနယ်မြေအကြား တာဝန်ကျခဲ့လေသည်။

ဗိုလ်မင်းလွင် ဦးစီးသည့်တပ်ကို နှစ်ပိုင်းခွဲလိုက်၍ ကျွန်တော်သ... ...င်းလွင်နှင့်ပါပြီး ဗိုလ်ချစ်ခင်ဦးစီးသည့်တပ်တွင် ဗိုလ်ဦးဂေါင်း ...ဝင်ဆော

www.burmeseclassic.com

www.burmeseclassic.com





သည်။

ကျွန်တော်တို့တပ် သရက်ခရိုင်အောက် မနိမ့်တွင်ရှိစဉ်ကပဲ ထင် သည်။ ထိုအချိန်က အဖြစ်အပျက်တစ်ခုကို ဖော်ပြသင့်သည်ဟု ယူဆပါသ တိုက်ပွဲများ မရှိတော့ဘဲ အတော်အေးဆေးနေပြီဖြစ်၍ ရန်သူလည်း ကျွန် တို့ အနီးအနားတွင်မရှိတော့ပါ။

'မဟာမိတ်'ဆိုသူများနှင့်လည်း ပူးပေါင်းဆောင်ရွက်နေကြပြီ ဖြစ် သည်။ တစ်နေ့တွင် ခွင့်ယူပြီး ကျွန်တော်နှင့် တပ်ကြပ်မှတ်ကြီး (ဗိုလ်သိမ်း တို့ အာလံဘက်သို့ သွားလည်ကြပါသည်။ အာလံဘက်ကမ်းသို့ ကူးပြီး ပြီးချင်းပင် ကုလားတပ်များနှင့်တွေ့ပြီး ကုလားစစ်သားအချို့က ကျွန် ခြောက်လုံးပြူးကို သိမ်းမည်ဟု ဆို၏။ ထိုအချိန်က ကျွန်တော်ရော ဗိုလ်သိမ်း ပါ တဘက်ကြီးများ ခေါင်းတွင်ပေါင်းထားပြီး လုံချည်ကို ဒူးဆစ်လောက် ဝတ်ထားကြပါသည်။ တကယ့် ပြောက်ကျားစစ်သည်ကြီးများ။

ကုလားများက လက်နက်ပေးအပ်ရန်ပြောသောအခါ ကျွန်တော်တို့ တော်လှန်သော ဗမာ့တပ်မတော်မှ အရာရှိများဖြစ်ကြောင်း၊ လက်နက် သူများအား ပေးအပ်ရိုးမရှိကြောင်း၊ လက်နက်ချသည်ဆိုသည်မှာ ပျော့ညံ့သူ သာ ပြုမူသည်ဖြစ်ကြောင်း ကျွန်တော်က အင်္ဂလိပ်ဘာသာဖြင့် ရှင်းပြပါသည်

ကုလားတပ်သားများက ဖွတ် ကျွန်တော့်နောက်ကျော ခါး ခြောက်လုံးပြူးကို လုယူရန်ကြိုးစားရာ ဆရာမှတ်ကြီးက ကုလားများလက် အတင်းဆွဲဖယ်ပြီး ကျွန်တော်က ခြောက်လုံးပြူးကိုထုတ်၍ ညာလက် ကိုင်ထားလိုက်ပါသည်။ ပြီးတော့မှ 'မင်းတို့အရာရှိထံခေါ်သွားပါ၊ ငါရှင်း မည်'ဟုပြောရာ ကုလားများက လက်နက်ကို လွယ်လွယ်နှင့်သိမ်းမရ ကြောင်းသိပြီး သူတို့အရာရှိထံ ကျွန်တော်တို့နှစ်ဦးအား ခေါ်ဆောင်သွား သည်။ ကျွန်တော်က လက်မှခြောက်လုံးပြူးကို မချတော့။

ကုလားအရာရှိက ကျွန်တော်ရှင်းပြသည်ကို သေသေချာချာ ထောင်ပြီး ကျွန်တော်တို့မှာ စစ်ဗိုလ်ဆိုသော်လည်း ဘာစစ်ဝတ်စုံ၊ ဘာအ တံဆိပ်မှ ဝတ်ဆင်ထားခြင်းမရှိဘဲ လူကောင်းလူဆိုး ခွဲခြား၍ပင် ခက်ခဲကြော ပြောပါသည်။

ကျွန်တော်က ကျွန်တော်တို့တပ်များမှာ ယခုပင် ဂျပန်ဖက်ဆစ် နှင့် ရင်ဆိုင်နေရကြောင်း၊ တပ်မရဲဘော်အားလုံးပင် ရွာများတွင် တစ်ယော နှစ်ယောက်ကျ တပ်ဖျောက်ထားရပုံတို့ကို ရှင်းပြရာ ကုလားစစ်ဗိုလ်

ပြီး ကျွန်တော့်လက်နက်ကို မသိမ်းတော့သည့်သာမက ကျွန်တော်တို့လို ဘက်ကူးလာသည့် တပ်မတော်မှ အခြားအရာရှိ ၂ ဦးထံမှ သူတို့ ထားသည့် ခြောက်လုံးပြူး ၂ လက်ကိုပါ ကျွန်တော့်လက်ထဲသို့ လိုက်ပါ၏။

ကျွန်တော် ယခု အဖြစ်အပျက်ကလေးကို တင်ပြနေရခြင်းမှာ ထို တွင် ဗိုလ်ချုပ်အောင်ဆန်းသည် အာလံမှတစ်ဆင့် မိတ္ထီလာသို့ သွားရောက် တို့သျှ အမှတ် (၁၄) တပ်တော်မှူး ဗိုလ်ချုပ်စလင်းနှင့် တွေ့ဆုံဆွေးနွေး ဖြစ်၍ ကျွန်တော်တို့တပ်များနှင့် မဟာမိတ်ဆိုသူများ ဆက်ဆံရေး အရေးကြီးနေချိန်ဖြစ်ပါသည်။ ယင်းသို့ ဗိုလ်ချုပ်နှင့် စလင်းတို့ ဆွေးနွေး ကြောင်းကို နောက်ကျမှ သိရခြင်းဖြစ်ပါသည်။ အကယ်၍သာ ထိုနေ့တွင် တစ်ခု ရုပ်ပျက်ဆင်းပျက်ဖြစ်ခဲ့ပါက တပ်အချင်းချင်း ဆက်ဆံရေးတွင် းကွက်တစ်ကွက် ထင်တော့မည်မှာ သေချာပေ၏။

ကံအားလျော်စွာ မိမိလက်နက်ကို အသိမ်းမခံရတော့ဘဲ အာလံတွင် တ် စားသောက်ကြပြီးမှ နှစ်ဦးသား သရက်ဘက်သို့ ပြန်ကူးခဲ့ကြရလေ

နောက်မှ ဗိုလ်မင်းလွင်နှင့် ဗိုလ်ချစ်ခင်တို့တပ်များ ပြန်လည် ပူးပေါင်း နတ်တလင်းအရှေ့ဘက် ရိုးမတောင်ခြေတွင် စစ်ဆင်ရေးလုပ်ကြရသေး သရက်ဘက်က မိခဲ့သလော၊ နတ်တလင်းအရှေ့ဘက် ဓားမငယ်ဘက် မိခဲ့သလော မပြောတတ်။ (ယင်းနှစ်နေရာစလုံးမှာ ငှက်ဖျားနာမည်ကြီး ရာများဖြစ်၏။ မင်းတုန်းဆိုလျှင် 'သေချင်လျှင် စိန်မစားနဲ့ မင်းတုန်းကို ' ဟု စာဆိုရှိလေသည်။) နတ်တလင်းသို့ ပြန်ရောက်ချိန်တွင် ကျွန်တော် အကျယ် ငှက်ဖျား ဖျားပါတော့သည်။ နတ်တလင်းဆေးရုံတွင် တက် ကုသရ၏။ ကျွန်တော်နှင့်အတူ ဆေးရုံတက်ရသူမှာ ကျွန်တော်တို့ ဆင်း ဗိုလ်ဖေမြင့် ဖြစ်လေသည်။ ယင်းငှက်ဖျားဒဏ်ကြောင့် ဖေမြင့် ယခုအထိ ကျန်းမာသည်မရှိတော့ပါ။ ဝဝဖြိုးဖြိုး ပြောင်ပြောင် လက်မရှိတော့ဘဲ လူမမာဂိုက်သာ ပေါက်နေပါတော့သည်။ ငှက်ဖျားမှာ ကိမ်ပဟုတ်။ ဦးနှောက်ထဲသို့ နောက်ကျောရိုးမှ တဖြည်းဖြည်းတက်သည့် အမျိုးဖြစ်သည်ဟု ဆို၏။

တစ်ကြိမ်တွင် ကျွန်တော်သည် အဖျားချိန် (၁၀၅)အထိ တက်သွား ဟုဆို၏။ ဘာမှ လူမှန်းမသိတော့ပါ။ ကံအားလျော်စွာ ဆေးရုံမှ ဆရာဝန်

www.burmeseclassic.com

www.burmeseclassic.com



ကြီးများ၊ သူနာပြုများ ကြပ်မကုသပေးမှုကြောင့် ကျွန်တော်ကတော့ နာလန် လာပါသည်။ ကျွန်တော့်ကို ကုသပေးသူများမှာ ဒေါက်တာစိန်ဘန်း (ဖြ အောင်)နှင့် ဒေါက်တာကျော်မြပင် ဖြစ်ပါသည်။ (ထိုစဉ်ကအမည်မှာ တိုင်း ကျော်မြ ဖြစ်ပါသည်။)

နတ်တလင်းဆေးရုံမှဆင်းပြီး ကျွန်တော်ရော ဖမြင့်ပါ ကြို့ပင်ကော တွင် ပြန်လည်ဖွဲ့စည်းသည့် တပ်ရင်း (၁၀၈)တွင် အမှုထမ်းကြရလေသ တပ်ရင်းမှူးမှာ ဗိုလ်အောင်မြင့် (တောခို၊ သေဆုံး)ဖြစ်လေသည်။

ဗိုလ်နေဒွန်းတစ်ယောက်လည်း တပ်ရင်း (၁၀၈)မှာပင် တာဝန်ကျ (ပေါက်သား– ယခု ဗိုလ်မှူးမင်းမောင်၊ လမ်းစဉ်ပါတီဌာနချုပ်)။ ကျွန်တော်တို့ ဂျပန်ခေတ် တပ်သားသစ်အဖြစ်စုဆောင်းခဲ့သည့် ဗိုလ်တင်မြင့်ကိုလည်း တပ် (၁၀၈)တွင် ပြန်၍တွေ့ရပါသည်။ သူနှင့်အတူ ကြို့ပင်ကောက်မြို့ အမျိုး ကျောင်းအနီး အိမ်တစ်အိမ်တွင် (အိမ်ရှင်မှာ ဦးချစ်စုဟုထင်ပါသည်။ ကြို့ ကောက်က ပဏ္ဍစ်လမ်းဟုထင်၏) အတူနေကြရင်း ကိုတင်မြင့်နှင့်ကျွန် ပို၍ရင်းနှီးခဲ့ရပါသည်။

ထိုစဉ်က တပ်ရင်း (၁၀၈)တွင် တာဝန်ကျသူတစ်ဦးမှာ မင်္ဂ စစ်တက္ကသိုလ်တွင် အရိုက်အနှက်နာမည်ကြီးခဲ့သည့် ဗိုလ်မြင့်ဦး ဖြစ်ပါသ တပ်ရင်း (၁၀၈)တွင် အရာရှိအချင်းချင်းအဖြစ် တာဝန်ထမ်းဆောင်ရာ ပေါင်းရသင်းရ အလွန်ကောင်းသူ ဖြစ်ပါသည်။ ဗိုလ်သင်တန်းတွင်မူ နာ တစ်လုံးနှင့်သူဖြစ်၏။ 'တပ်ကြပ်မောင်ထူး၊ ဗိုလ်မြင့်ဦးနှင့် မြင်းစီးရာ ရွှေလုံးပယ်လော့'ဟု စာစပ်ယူရသူ ဖြစ်လေသည်။

မောင်ထူးက အရိုက်ကြမ်းသလို ဗိုလ်မြင့်ဦးက လက်သံပြောင် ကံကောင်းချင်တော့ ကျွန်တော်တို့ စတုတ္ထအပတ် ဗိုလ်သင်တန်းကျောင်းသ များ သူတို့နှင့် ရေစက်မဆုံခဲ့ရပါ။ နောင်တော် တတိယအပတ်ကျောင်းသ ရေရေလည်လည် ခံလိုက်ကြရ၏။ ရွှေလုံးကိုတော့ မြင်းဖောင်းတွင် တွေ့ ကြုံဖူး၊ စီးဖူး၊ လိမ့်ကျဖူးပါ၏။

ဗိုလ်မြင့်ဦးမှာ သုံးလိုင်းနှစ်ပွင့် ဗိုလ်အဆင့်ဖြစ်၍ ကျွန်တော်တို့မှာ သုံးလိုင်းတစ်ပွင့် ဒုဗိုလ်ရာထူးရနေပြီဖြစ်ရာ အရာရှိအချင်းချင်း ပေါင်းလို့သ ကောင်းပါသည်။

သာယာဝတီမှ ဗိုလ်မျိုးမြင့် (ဒုတိယအပတ် စစ်တက္ကသိုလ် တစ်ယောက်လည်း (၁၀၈)တပ်ရင်းတွင် ကျွန်တော်တို့နှင့်အတူ တာဝန်



သည်။

ကြို့ပင်ကောက်တွင် တာဝန်ထမ်းဆောင်ဆဲမှာပင် တပ်မတော် ဖျက်သိမ်းလိုက်၍ ကျွန်တော်တို့ လူစုကွဲကြပါတော့သည်။ ကျွန်တော်က တောင်တွင်း ပြန်လာပြီး ၁၉၄၅ ခုနှစ်၊ နိုဝင်ဘာလတွင် ငယ်ချစ်ဖြစ်သူ ဒေါ်သောင်း သောင်းနှင့် အိမ်ထောင်ကျခဲ့ပါသည်။ တပ်မတော်ဖျက်သိမ်းသည်မှာ ၁၉၄၅ နှစ်၊ အောက်တိုဘာလတွင် ဖြစ်၏။

မိန်းမရပြီး စစ်ဗိုလ်လူထွက် ယောင်ချာချာပင် ဖြစ်နေခဲ့သည်။ ကုန် သည် လုပ်ကြည့်သေး၏။ မဟန်။ ကုန်သည် ဇာတာ လုံးလုံးပါဟန်မတူ။ န်အောင်မှ လှေကြီးတစ်စင်းလုံး ဆန်တွေတင်ပြီး တောင်တွင်းသို့တက်လာရာ ကျောင်းရဲသို့ လှေနှင့်၊ ထို့နောက် တောင်တွင်းသို့ ကားနှင့်) ကျွန်တော့် န်များ တောင်တွင်းရောက်သည့်အချိန်တွင် ဆန်ဈေးများကျလေပြီ။ မကျဘဲ နေလား၊ မြန်အောင်မှ မိကျောင်းရဲကို တစ်လကျော်လောက် လှေနှင့် လာခဲ့ရ ၊ လမ်းတွင် တောင်တွင်းမှထွက်လာချိန်တွင် ဆန်ဈေးကောင်းဆဲ ဖြစ်၏။ မှာ ကြိုးနှင့်ချည်ထားသည်မဟုတ်။ ကျွန်တော် လှေနှင့် ဆန်သယ်လာသော ါ တောင်တွင်း၌ ဆန်ဈေးကျချေပြီ။ လှေဖြင့် ခရီးရှည်လာရသည့် အတွေ့ ကြုံတော့ရခဲ့ပါသည်။

ပန်းထိမ်နည်းနည်း လုပ်ကြည့်ရသေး၏။ ယောက္ခမမှာ တောင်တွင်း တွင် နာမည်ကြီး ပန်းထိမ်ဖိုပိုင်ရှင် ဖြစ်သည်။ သမီးမှာလည်း တစ်ဦးတည်းသော မီးဖြစ်၍ အလုပ်ကို ဦးစီးနိုင်အောင်ဆိုပြီး ပန်းထိမ်အသင်ခိုင်း၍ သင်ရခြင်း လေသည်။ ငွေနှင့် ဘောလုံးကြယ်သီးနှင့် ရုပ်ကြယ်သီး လုပ်နိုင်သည်အထိ တ်မြောက်ခဲ့ပါ၏။ ရေနံဆီမီးခွက်နှင့် ပြောင်းတိုကလေးများကို ပါးစပ်တွင် ပြီး (ဂဟေဆော်ရန်) မှုတ်ရသည်များမှာ စိတ်ဝင်စားဖွယ် ကောင်းလေ ည်။ တစ်ခါတွင် ကံကောင်း၍ ယောက္ခမ ပန်းထိမ်ဖိုတစ်ခုလုံး မီးလောင်မခံရ င်းဖြစ်၏။ ရေနံဆီမီးခွက် မီးထတောက်စဉ် အနားက ဖိုသားတစ်ဦးက ညှိမီးငြိမ်းပေး၍ မီးလောင်မခံရခြင်း ဖြစ်လေသည်။

ထို့နောက် အထက်တစ်နေရာတွင် ဖော်ပြခဲ့သည့်အတိုင်း တောင်တွင်း ဖဆပလ ဥက္ကဋ္ဌရာထူးကို ကျွန်တော့်အား ထိုးပေးနေကြ၍ နိုင်ငံရေးနှင့် အောင် စစ်ထဲပြန်ဝင်ရန် ရန်ကုန်သို့ ပြန်ရောက်ခဲ့ပြီး ကျောင်းဆက်နေ ၊ သို့သော် ကရင် အရေးအခင်း ဖြစ်လာသောအခါ ကျောင်းဆက်မနေ တော့ပါ။ ကျောင်း ဆက်မနေဖြစ်ခြင်းမှာ ကရင် အရေးအခင်းကြောင့်သာ

www.burmeseclassic.com

www.burmeseclassic.com



မဟုတ်၊ ယောက္ခမနှင့် အဆင်မပြေ၍လည်းဖြစ်၏။ ထိုစဉ်က **သူကိုးကွယ်**သည့် တောင်တွင်းကြီးမြို့အနီး ကျေးရွာတစ်ရွာမှ ကမ္မဋ္ဌာန်းဆရာကြီးတစ်ဦးမှာ **လူညာကြီးတစ်ဦးဖြစ်မှန်း ကျွန်တော်ကသိ၏။ လူညာဆိုသော်လည်း ကမ္မဋ္ဌာန်းပြ တကယ်ကောင်းသူ ဖြစ်လေသည်။ သို့သော် မိန်းမနှစ်ယောက်နှင့် အတူနေသူ** ဖြစ်ပြီး ပထမမယားကြီးက အနာဂန်တည်ပြီး မယားငယ်က နှစ်မင်္ဂရပြီးဖြစ်သည် ဆို၏။ ကျွန်တော်က အကျိုးနှင့်အကြောင်းနှင့် ယောက္ခမကြီးကို ပြောသော်လည်းမရ၊ သူ့တပည့်တစ်ဦးမှာ အကြားအမြင်ရသည်ဆိုပြီး ဟိုသစ်ပင်မှာ သရဲကြီးရှိသည်။ ဒီအိမ်ကတောင်ပို့မှာ နဂါးကြီးစောင့်နေသည် စသည်ဖြင့် လျှောက်ပြောနေလေသည်။ ကျွန်တော်က ဒါတွေကို ဘာမှပြောနေဖို့မလိုဘူး သရဲကြီး၊ နဂါးကြီးတို့မှာ လူတိုင်းမြင်နိုင်သည်မဟုတ်၍ စစ်ဆေးမကြည့်နိုင်။ အလွယ်ကူဆုံးနည်းမှာ ကျွန်တော့်လက်ထဲတွင် တစ်ခုခုထည့်၍ လက်သီးဆုပ်ထားမည်။ အကြားအမြင်ရသူက ဘာဖြစ်သည်ကိုပြောပြနိုင်လျှင် ကျွန်တော်ယုံပါမည်ဟု လက်တွေ့စမ်း၏။

ယောက္ခမကြီးက ဤသို့ လက်တွေ့ချသည်ကို လက်မခံ။ သူတို့ပညာမှာ ဤသို့ ကလေးကလား စမ်းလားသပ်လား လုပ်ရသည့်ကိစ္စမဟုတ်ဟုဆို၏။ **ကျွန်တော်ဟာ ယင်းကိစ္စကို ပြောသည့်အချိန်မှာ ညအချိန်ဖြစ်လေသည်။ နံနက်တွင် ကျွန်တော့်ကို ရန်ကုန်တက္ကသိုလ်သို့ ဆက်၍ကျောင်းပို့တော့မည်** ဖြစ်၏။ ယင်းသို့ ချဲလိုက်ခြင်းကြောင့် ကျောင်းဆက်မထားတော့သဖြင့် ဥပစာတန်းစာမေးပွဲကို အလွတ်ဝင်ရောက်ဖြေဆို၍ ၁၉၄၈ ခုနှစ်တွင် အောင်မြင်ခဲ့လေသည်။ သို့သော် ကျောင်းဆက်မနေနိုင်တော့ပါ။

ထိုအချိန်တွင် ပြည်၊ အာလံ၊ တောင်တွင်း၊ မကွေး၊ ရေနံချောင်းအထိ ရဲဘော်ဖြူများ ကြီးစိုးနေ၏။ ကျောင်းများတွင် ဆရာများမရှိတော့။ ကုန်သည်ထွက်လုပ်သူလုပ်၊ အေးအေးထိုင်နေသူနေကြပြီး ကျွန်တော်မှာ ဥပစာတန်းအောင်ပြီး အလုပ်လက်မဲ့တစ်ဦး ဖြစ်နေ၏။ ထိုအခါ တောင်တွင်းကြီး အထက်တန်းကျောင်း ကျောင်းအုပ်ဆရာကြီးဦးမှူကြီး (ဦးမှူနှစ်ဦးရှိ၍ ဦးမှူလေးမှာ ထိုကျောင်းတွင်ပင် သင်္ချာဆရာဖြစ်၏။)က ကျွန်တော်တို့အိမ် လာရောက်၍ ကျွန်တော့်အား တောင်တွင်းကြီး အထကတွင် အထက်တန်းပြဆရာလုပ်ရန် တောင်းပန်ပြောဆိုလေသည်။

၁၉၄၉ ခုနှစ်၊ အောက်တိုဘာလ ၁၂ ရက်နေ့ ဖြစ်လေသည်။ နေ့စွဲအသေအချာမှတ်မိသည်မှာ ထိုနေ့မှာပင် ကျွန်တော့်သားအကြီးကို မွေးဖွားခဲ့



ပါသည်။ သမီးကြီးမှာ ၁၉၄၇ ခုနှစ်တွင် မွေးဖွားခဲ့ပြီး ဖြစ်သည်။

အထကတွင် ၇ တန်း၊ ၈ တန်း၊ ၉ တန်း၌ အင်္ဂလိပ်စာနှင့်သမိုင်းပြသည်။ **နောက်ပိုင်း ၁၀ တန်းတွင်ပါ သမိုင်းဘာသာ ပြရလေသည်။** ကျောင်းဆရာအလုပ်မှာ အလွန်ပင် ပျော်စရာကောင်း၍ ကျေနပ်မှုအပြည့်အဝရသောအလုပ် ဖြစ်လေသည်။ အတူလုပ်ရသူများမှာလည်း အထူးပင်ချစ်ခင်ရသင်းရကောင်းသူများ ဖြစ်ကြပါ၏။ ဆရာကြီးက ဦးမှူကြီး၊ ပထဝီဦးရှိန်၊ မြန်မာစာ ဦးသာတင့်နှင့် သင်္ချာ ဦးမှူလေးတို့ ဖြစ်၏။ အင်္ဂလိပ်စာ ဆရာကြီးမှာ ဦးဘနောင်နှင့် ကရင်ဆရာတစ်ဦး ဖြစ်လေသည်။ နာမည်မမှတ်မိတော့ပါ။ ဦးဘမောင်ကြီးမှာလည်း အင်္ဂလိပ်စာ ပြသေးပြီး အတော်ကျွမ်းနေပေပြီ။ ကျောင်းသားများမှာလည်း စည်းကမ်းကိုင်၍ ရသေး၏။ ဆိုလျှင် ကျွန်တော်က ကြိမ်နှင့်ဆော်၏။ များများမရိုက်ရပါ။ တစ်ယောက်နှစ်ယောက်လောက် နမူနာပြလိုက်ပြီး အားလုံးစည်းကမ်း ရှိသေကြပါသည်။ ကျောင်းဆရာ ဦးထိမောင်ကလည်း စိတ်ဓာတ်ရေးအရ ကူသေး၏။ 'မင်းတို့ကလေး (ထိုစဉ်က ကျွန်တော့်အမည် တပ်ထဲပြန်ဝင်မှ သောင်းထိုက် အမည်ပြောင်း၏။) သွားမစမ်းနဲ့၊ လက်မောင်းကြီးတွေက အတုတ်ကြီး၊ ဆော်လိမ့်မယ်' ဆိုသောကြောင့်လည်း ဝိတ်ဆက်မနေ၍ ကိုယ်ကာယဖွံ့ဖြိုးမှုရှိနေ၏။

ကျောင်းပြီးသည့်အချိန်တွင် တစ်ခါတစ်ရံ မောနေပြီး အိမ်ပြန်ရောက်သည့်အခါ လှဲပြီးနားနေရ၏။ သို့သော် သင်ရပြရအလွန်ကောင်းသော တပည့်များ ဖြစ်သည်။

တစ်ခါတစ်ရံ ကျောင်းပြီးချိန်တွင် စားပွဲသောက်ပွဲများလည်း ရှိတတ်ပါ၏။ တစ်ခါက 'ဘနောင် ထောင်ရာ ထိမောင်ထိ'ဖူး၏။ ဆရာဘနောင်ကို ကောင်းလေးလဲပဲဟု ဝိုင်းတိုက်ကြရာ ဆရာဘနောင်ကမြို့တောင်မဖြို။ ဆရာ ဦးထိမောင် အောက်ခြေလွတ်သွား၍ ထမ်းပြန်ကြရ၏။

ရသည့်လခမှာတော့ ရဲဘော်ဖြူ လခဖြစ်၍ ပထမဆုံးရသည့်လခကို အသေအချာ မှတ်မိပါသေးသည်။ ငွေစက္ကူ ကျပ်တန်အစုတ်အဆွေးများ ၂၅ ကျပ်နှင့် ဆန်တစ်တင်းခန့်ဖြစ်သည်။ သို့သော် လခက အရေးမကြီး၊ အတူတွဲရသော ဆရာများကကောင်းပြီး ကျောင်းသားများက ကျိုးကျိုးနွံနွံ ရိုသေမှုရှိ၍ သင်ရပြရအလွန်ကောင်းပါသည်။

၁၉၅၁ ခုနှစ်ထဲတွင် အင်္ဂလန်ပြည်၊ ဆင်းဟတ်စ်ဘုရင့်စစ်တက္ကသိုလ်မှ ဗိုလ်လောင်းများ ခေါ်ယူကြောင်း ကြော်ငြာကို သတင်းစာများတွင် တွေ့ရသေး

www.burmeseclassic.com

www.burmeseclassic.com



သည်။

ကျွန်တော်က ကျောင်းဆရာလုပ်ရင်းပင် လျှောက်လိုက်... ဆရာဦးမှုကြီးက တားပါသေးသည်။ ထိုအချိန်တွင် တောင်တွင်းကြီးကို... တပ်များက ပြန်လည်သိမ်းပိုက်ပြီးဖြစ်၍ ကျွန်တော့် အထက်တန်းပြဆရာ... အတည်ပြုရန် ဦးမှုကြီးကိုယ်တိုင် ကျွန်တော့်အတွက် လျှောက်လွှာ... ကျွန်တော်က လက်မှတ်သာထိုးလိုက်ရပါသည်။ ယင်းလျှောက်လွှာ... မကြာမီ ဆင်းဟတ်စ် စစ်တက္ကသိုလ် ကြော်ငြာပါလာ၍ လျှောက်ထား... ဖြစ်ပါသည်။

ဦးမှုကြီးက မိမိထောက်ခံချက် အပြည့်အဝပါ၍ ကျွန်တော် အ... တန်းပြဆရာ ရမှာသေချာပါသည်ဟုဆို၏။ ထိုခေတ်က ဆရာရှားပါး... ၍ ဥပစာတန်းအောင်ပြီး အထက်တန်းပြဆရာရရန် အခွင့်အလမ်းရှိ... အချို့မှာ ဥပစာတန်းပင်မအောင်ဘဲ အတွေ့အကြုံနှင့် အထက်တန်း... ရနေသူများ ရှိပါသည်။ ပုံစံအားဖြင့် ဦးမှုကလေး သင်္ချာအပြ အလွန်... ဖြစ်၏။ ဘာဒီဂရီမှ မရရှိစေကာမူ သူ့ကျေးဇူးကြောင့် တောင်တွင်းကြီး... သင်္ချာဂုဏ်ထူးသမား အတော်များများ ထွက်ခဲ့လေသည်။

ဆင်းဟတ်စ်ကို လျှောက်ထားပြီး စာမေးပွဲ ဖြေဆိုရန် သွားသော... ရှမ်းလမ်း မိတ်ဆွေတစ်ဦးအိမ်တွင် တည်းခိုရပါသည်။

ထိုအချိန်တွင် တက္ကသိုလ်သို့ ပြန်ရောက်နေကြသည့် အပေါင်းအ... တော်တော်များများကို ပြန်တွေ့ရလေသည်။

ကိုခင်မောင်တင့် (တက္ကသိုလ်ဘုန်းနိုင်)၊ ကိုခင်မောင်အေး (တက္က... ခင့်မောင်အေး)၊ ဝင်းမောင် (နောက်ပိုင်း ဗိုလ်ဖဒင်ဒေါင်း၊ ယခု အင်္ဂလ... နေထိုင်လျက်ရှိသည်။ ဆင်းဟတ်စ်တက်ပြီး အင်္ဂလိပ်မနှင့် အကြောင်း... ဆုံထုံးနောက်သျှောင်ပါပြီး အင်္ဂလန်လိုက်နေသူ ဖြစ်၏။) ကိုစော (ဗိုလ်... စောလွင်၊ ဆင်းဟတ်စ်ကျောင်းဆင်းပင် ဖြစ်၏။ ကွယ်လွန်)တို့ ဖြစ်ကြ...

ကျွန်တော်တို့ လူသိုက်ထဲမှ ကိုလေးမောင်ကြီး (ယခု ပြည်သူ... အကျိုးဆောင်အဖွဲ့ အဖွဲ့ဝင်၊ ယခင် နိုင်ငံခြားရေးဝန်ကြီး)မှာ ပထ... ဆင်းဟတ်စ် ပါသွားသူ ဖြစ်၏။ ကျွန်တော်တို့ထက် တစ်ပတ် (၆ လ)... သည်။ ကိုအေးကျော်မှာလည်း ကျွန်တော်တို့နှင့်အတူ ဆင်းဟတ်စ်... ဖြေဆိုထားလေသည်။ အံ့သြစရာကောင်းသည်မှာ ကျွန်တော်တို့ လူသိုက်... ဆင်းဟတ်စ်သို့ အတော်များများရောက်သွားကြခြင်း ဖြစ်၏။ ပထ...



...လေးမောင်၊ နောက် အေးကျော်နှင့် ကျွန်တော်၊ နောက် ကိုစောနှင့် ဝင်းမောင် ...တို့ ဖြစ်ကြ၏။ ဘယ်သူမှ ဘာအကပ်မှမရှိကြ။ ထို့ပြင် သူငယ်ချင်းတစ်စု ...ပေါင်းပင်ထားကြသည်လည်းမဟုတ်။ သူ့ဟာနဲ့သူ ပါသွားကြခြင်းသာ ဖြစ်လေသည်။

ဆင်းဟတ်စ်အတွက် ရေးဖြေ ဖြေဆိုသူပေါင်း အတော်ပင် များပါသည်။ ရေးဖြေ ဖြေဆိုပြီး တောင်တွင်းသို့ ခဏပြန်ကြရ၍ လူတွေ့စစ်ဆေးရန် ...ဆိုသောအခါ ရန်ကုန်ပြန်လာရပြန်၏။

ထိုအခါက်တွင် ရန်ကုန်သို့ ဦးမှုကြီးနှင့် ကျွန်တော် အတူဆင်းလာကြ...း ဖြစ်၏။ ဦးမှုကြီးက ထပ်မံ တားပါသေးသည်။ ကျွန်တော့်ခန့်စာမှာ ...ကြာမီ ရောက်လာတော့မည်ဖြစ်ကြောင်း၊ ကျွန်တော့်အလုပ်မှာ (As good ... confirmed) ရပြီးသလိုပါပဲဟုဆို၏။ ကျွန်တော်ကတော့ ဆင်းဟတ်စ် ...ားရန်သာ ဆုံးဖြတ်ပြီးဖြစ်နေပါပြီ။

လူတွေ့စစ်ဆေးသူများတွင် ဗိုလ်မှူးကြီးခင်ညိုပါဝင်၏။ သူက ...န်တော့်ကို အမေးဆုံး ဖြစ်လေသည်။ မေးခွန်းနှစ်ခုကို သေချာစွာ အမှတ် ...သေးသည်။ ပထမမေးခွန်းမှာ 'အိန္ဒိယပြည် အိမ်တစ်အိမ်မှာ ဝက်သားဟင်း ...ခွက်ရှိတယ်ဆိုတာ လောဂျစ်နဲ့ သက်သေ ထုတ်ပြစမ်းကွာ'ဟူသတည်း။

ကျွန်တော်က ဥပစာတန်းကို စီးပွားရေး၊ တက္ကဗေဒ (လောဂျစ်)၊ ...မိုင်းနှင့် အောင်ထားသူဖြစ်၏။ ထို့ပြင် ကျွန်တော့်မှာ ဘယ်လိုကုသိုလ်ရယ် ...သိ၊ မြန်မာစစ်စစ်က ကုလားဆင် ဖြစ်နေပါသည်။ ငယ်စဉ်ကပင် အိမ်မှ ...ကြီးများက နောက်ပြောင်ကာ ကျွန်တော့်အား ကုလားလေးဟု ခေါ်ကြ၏။ ...မြန်မာ၊ အမေမြန်မာစစ်စစ်က ကုလားရုပ်ပေါက်နေခြင်းဖြစ်၏။ (တချို့ ...ဗိုလ်ကပြောနှင့် တူသည်ဟုဆို၏။)

ထို့ကြောင့် ဗိုလ်မှူးကြီးခင်ညိုက ကျွန်တော် လောဂျစ်ယူခဲ့သည်နှင့် ...လားဆင် ဖြစ်နေခြင်းကိုရောမွှေပြီး ဒေါသထွက်အောင် ဆွပေးလိုက်ခြင်း ...၏။ ကျွန်တော်က ကုလားသွေးမပါတော့ ဒေါသဖြစ်ရန် အကြောင်းမရှိပါ။ ...လားပြည်တွင်လည်း မွတ်ဆလင်မဟုတ်သူ အများအပြားပင်ရှိကြောင်း၊ ...တ်ဆလင်ကသာ ဝက်သားရှောင်၍ အခြားဝက်သားစားသူ အများအပြား ...ည်ပင်ဖြစ်ကြောင်း၊ ဟိန္ဒူများမှာ သက်သတ်လွတ် စားသူများဖြစ်သော်လည်း ...ခြား အသားစားအများအပြားရှိ၍ ဝက်သားဟင်းတစ်ခွက်မက တစ်ချိန်တွင် ...က်သားဟင်းခွက်ပေါင်းများစွာ ရှိနိုင်ကြောင်း ပြန်ဖြေခဲ့ပါသည်။ ယင်းမေးခွန်း

www.burmeseclassic.com

www.burmeseclassic.com



တွင် ကျွန်တော်က အပိုင်ဖြစ်၏။

နောက်မေးခွန်းမှာ ကျွန်တော့်အတွက် ကြောက်စရာကောင်း ခြေချော်လက်ချော် ဖြစ်နိုင်၏။ ကျွန်တော်က ရေးဖြေမေးခွန်းတစ်ခုတွင် လွှတ် လပ်ရေးကျောက်တိုင် ရှိသည့်နေရာကို ရေးမထည့်မိ။ ဗိုလ်မှူးကြီး ခင်ညို 'လွတ်လပ်ရေးကျောက်တိုင် ဘယ်မှာရှိသလဲ'ဟု ထပ်မေး၏။ ကျွန်တော် 'အမြို့မြို့ အရွာရွာမှာရှိကြတာပဲ'ဟု ဆင်ဝှေ့ရန်ရှောင်ဖြေ၏။ 'မဟုတ် ရန်ကုန်မှာ ပြောတာ'ဟု မေး၏။ ကျွန်တော်က ကျွန်တော် ရေးမဖြေမိသည် သတိရပြီး 'ရန်ကုန်မှာတော့ မသိဘူး'ဟု ဘူးခံ၏။ 'မင်း ဆူးလေဘုရားဘ မသွားဖူးဘူးလားကွ'ဟု ဗိုလ်မှူးကြီးခင်ညိုက ထပ်၍ တိုက်စစ်ဆင်၏။ ကျွန် တော်က 'သွားဖူးသားပဲ'ဟုဖြေရာ 'ဟိုဘက် ဒီဘက်များ မကြည့် မိဘူးလား' ခနဲ့၏။ ကျွန်တော်က 'ဘတ်စ်ကားနဲ့သွားပြီး ခရီးသွားရင်း ကျွန်တော် စာ တယ်။ ဟိုဒီမကြည့်ဘူး'ဟု ဖွတ်ပြော၏။ ယင်းမေးခွန်းအတွက် ရေးဖြေ မေးဖြေ တစ်သမတ်တည်းရှိ၍ အမှတ်ပေးလျှင် ရနိုင်ကောင်း၏။ လွတ်လပ် ကျောက်တိုင် ဗန္ဓုလပန်းခြံမှာရှိတာ မသိရကောင်းလားဟုတွယ်လျှင် ကျရှုံး ရှိလေသည်။ သို့သော် မကြာမီပင် ကျွန်တော့် ဆင်းဟတ်စ်တက္ကသိုလ် တ ရောက်ရန် ရွေးချယ်ခြင်းခံရကြောင်း တောင်တွင်းကြီးသို့ အကြောင်းကြား ရောက်လာပါတော့၏။

တောင်တွင်းကြီး အထက,က ချီးကျူးဂုဏ်ပြုပွဲ ကျင်းပသေး ဦးမှူးကြီးက ကျွန်တော့်အနေနှင့် တောင်တွင်း အထကမှ အောင်မြေနင်းသွား ဖြစ်၍ ယခု အင်္ဂလန် ဘုရင့်စစ်တက္ကသိုလ်သို့ အရွေးခံရကြောင်း မိန့်ခွန်းပြော ၏။ ကျွန်တော်ကလည်း ကျေးဇူးတင်ပါကြောင်း ပြန်ပြောခဲ့ရပါသည်။

ထို့နောက် အင်္ဂလန်မသွားမီ မင်္ဂလာဒုံရှိ ဗဟိုလေ့ကျင့်ရေးကျော (BACS) တွင် အခြေခံ စစ်ပညာများ သင်ကြားရပါသေးသည်။ ဆင်းဟတ် ဘုရင့်စစ်တက္ကသိုလ်တက်ရောက်ရန် ကျွန်တော်ပါ ဗိုလ်လောင်း ၄ ဦး ဖြစ် သည်။ ကိုကြည်အေးမှာ မင်္ဂလာဒုံ တတိယပတ် စစ်တက္ကသိုလ်ဆင်း ဖြစ်သေး သည်။ နောက်တစ်ယောက်မှာ ကိုအေးကျော်ဖြစ်၏။ (ယခု ဗိုလ်မှူးကြီး နိုင်ငံတော် ကာကွယ်ရေးတက္ကသိုလ်)။ နောက်တစ်ဦးမှာ ကိုခင်မောင်တ ဖြစ်ပါသည်။ (ဗိုလ်မှူးကြီးအဆင့်ဖြင့် စစ်ရုံးတွင် လေ့ကျင့်ရေး ညွှန်ကြားရေး တာဝန် ထမ်းဆောင်နေခဲ့သည်။ ယခင် ပါတီဌာနချုပ်)။ ကျွန်တော်တို့ ၄ ယောက်အပြင် အိန္ဒိယ ဒယ်ရာဒွန်းတက္ကသိုလ်တက်ရောက်မည့် ကိုမြသင်



ဦးနှင့် ကိုမောင်မောင် (ဗဟိုပြည်သူ့ဝန်ထမ်း တက္ကသိုလ်ကျောင်းအုပ်ကြီး) သည်။ နောက်ပိုင်းတွင် (BACS) ရောက်လာ၍ ကျွန်တော်တို့နှင့် သင်တန်း တူဆင်းရ၏။ ပါကစ္စတန် ကကျူလ်စစ်တက္ကသိုလ်သွားမည့် ကိုကျော်ဇင် ယခု သတ္တုတွင်းဝန်ကြီးဌာန)နှင့် ကိုအေးမောင် (သေဆုံး)ပါ ရောက်လာပြီး တူသင်တန်း တက်ကြရလေသည်။ သင်တန်းမှူးမှာ ဗိုလ်မှူးဆိုင်းလုံဖြစ်၍ ကျွန်တော်တို့ သင်တန်းဆရာများမှာ ဒုဗိုလ်စောကြာညွှန့်နှင့် ဆရာမြင့်လွင်တို့ ဖြစ်လေသည်။

ဘီအေစီအက်(စ်)မှာ အကြပ်များ၊ အရာရှိများအတွက် သင်တန်း ကျောင်းတစ်ခု ဖြစ်လေသည်။ ကျွန်တော်တို့ သင်တန်းတက်နေစဉ် ဂျပန်ခေတ် တပ်ကြပ်မောင်ထူးမှာ ဗိုလ်ထူးဖြစ်နေ၍ စိန်ပြောင်းကြီး သင်တန်း တက် နေသည်။ ဂျပန်ခေတ်စစ်တက္ကသိုလ်တွင် ကျွန်တော်တို့ တပ်စုမှူး ဗိုလ် ကျော်ညွှန့်မှာ ယခုဗိုလ်ကြီး ကျော်ညွှန့်ဖြစ်၍ သင်တန်းကျောင်းဆရာတစ်ဦး ဖြစ်နေ၏။

သင်တန်းသို့ တစ်ခါက ဗိုလ်မှူးအောင်ဇင် ရောက်လာပါသည်။ ကန္တီ ချုပ်အပြီး ပြန်တမ်းဝင်အရာရှိဖြစ်လာ၍ တပ်မတော်တွင် ဆက်တိုက် အမှု ထမ်းခဲ့ခြင်းကြောင့် ယခုဗိုလ်မှူးပင် ဖြစ်နေပြီ။ ကိုအောင်ဇင်မှာ ကျွန်တော်တို့ တူတွဲပတ် ဂျပန်ခေတ်စစ်တက္ကသိုလ်ကျောင်းဆင်းပင် ဖြစ်၏။ ထိုအချိန် အတည်းကပင် ကျွန်တော့်အနေနှင့် အတော်သံဝေဂရနေပါပြီ။ ဂျပန်ခေတ် စစ်တက္ကသိုလ် တပ်စုမှူးဗိုလ်ကျော်ညွှန့်က ယခုမှ ဗိုလ်ကြီး၊ ထိုစဉ်က ကျောင်း သားတစ်ဦးက ယခု ဗိုလ်မှူး၊ ကျွန်တော်မှာ ထိုအချိန်တွင် ဗိုလ်လောင်းတစ်ဦးပင် ဖြစ်သေး။ ဗိုလ်လောင်းအတွက် ရွေးချယ်ခံထားရသူ ဖြစ်နေလေသည်။ ကိုကြည်အေးမှာလည်း ကျွန်တော်နှင့် ဘဝတူပင် ဖြစ်၏။

ခင်မောင်တင့်က ထိုအချိန်မှာ ဘီအေအောင်ပြီး ဖြစ်လေသည်။ အေးကျော်မှာ ဆေးတက္ကသိုလ် ဒုတိယနှစ်သမားဖြစ်၏။ နှစ်ဦးစလုံး ကျောင်းမှ ထွက်ကာစ ဖြစ်၏။

ကျွန်တော့်အနေနှင့် စစ်ဗိုလ်လည်းဖြစ်ဖူးပြီ၊ တော်လှန်ရေးတစ်ရပ်တွင် သည်း ပါဝင်တိုက်ခိုက်ခဲ့ဖူးပြီ၊ မိန်းမရ၍ ကလေးနှစ်ယောက်ပင်ရနေပြီ။ ကျောင်း ဆရာ၊ ပန်းထိမ်အလုပ်သင်၊ ကုန်သည်၊ အတော်စုံအောင် လုပ်ဖူးပြီး(၁၉၄၀ ခုနှစ်တွင် ဥပစာတန်းအောင်၍ နောင် ၁၀ နှစ်ကြာပြီး ၁၉၅၀ ခုနှစ်တွင် ဘီအေကို အလွတ်ဖြေဆိုအောင်မြင်ခဲ့ပါသည်။) ဘဝအတွေ့အကြုံ အသောင်း

www.burmeseclassic.com

www.burmeseclassic.com



ပြီဖြစ်ပြီး ယခု ဘဝကဏ္ဍသစ်တစ်ခု ဖွင့်ရပေဦးမည်။ ကျွန်တော့် ဆင်းဟတ် နေ့စဉ်မှတ်တမ်းကို ဘီအေစီအက်စ်ကျောင်းတွင် စတင်ရောက်သည့်အချိန်မှ ရေးသားထားပါသည်။

၂၇-၂-၅

ဘီအေစီအက်(စ်)သို့ ရောက်ကြပါပြီ။ ကျွန်တော်တို့ လေးယောက် (ကိုကြည်အေး၊ ခင်မောင်တင့်၊ အေးကျော်နှင့် ကျွန်တော်)အား ကျောင်းသား အရာရှိများထားသော တိုက်ကလေးမှာပင် ထားပါသည်။ တစ်ဖက်ခန်းတွ ဗိုလ်ထူးတစ်ယောက် ရောက်နေ၏။ ဗိုလ်ထူးမှာ ဂျပန်ခေတ် စစ်တက္ကသိုလ်တွ နာမည်ကြီး တပ်ကြပ်မောင်ထူးပင်ဖြစ်၏။ (ယခု စာရေးဆရာ တပ်ကြ မောင်ထူး) အခု သူက ဒုဗိုလ် စိန်ပြောင်းကြီးသင်တန်းတက်ရောက်ရန် ဘီအေ စီအက်(စ်)တွင် ရောက်နေခြင်းဖြစ်၏။

ထမင်းစားကြသောအခါ ကျွန်တော်တို့ ဆာဂျင်မက်(စ်)တွင် စားကြ ပါသည်။ ကျွန်တော်တို့ ရဲဘော်အဖြစ် ၁၆ ရက်နေ့ကမှ စာရင်းသွင်းခဲ့ကြ ဖြစ်၍ (၁၆-၂-၅၁ တွင် စလင်လိုင်းတွင် ရဲဘော်အသစ်အဖြစ် စာရင်းသွင်း ခဲ့ကြခြင်းဖြစ်လေသည်။ ကျွန်တော်၏ ကိုယ်ပိုင်နံပါတ်မှာ ဘီ-၂၉၅၃၄ လေသည်။) အရာရှိတွေနေသော အဆောက်အအုံတွင်ထားပြီး ဆာဂျင်မက်(စ်)တွ ကျွေးသဖြင့် တော်ပါသေးသည်။

ညနေတွင် ကန်တော်မင်ဈေးသို့သွား၍ ခုံဖိနပ်ဝယ်ကြ၏။

၂၈-၂-၅

ကိုကြည်အေးကလွဲ၍ ကျွန်တော်တို့အားလုံးမှာ ပိုက်ဆံတစ်ပြား မရှိကြတော့။ သူ့ထံမှ ကျွန်တော်တို့သုံးယောက်က ၁၅ ကျပ်စီ ချေးကြရ သည်။

ကျွန်တော် တစ်ယောက်တည်း မြို့ထဲထွက်လာပြီး ပြင်ထားသော ဘောင်းဘီကို ရွေးပါသည်။ တီတီစီသို့ဝင်၍ စိုးမြင့် (မြင်းခြံမှ၊ ယခု သေဆုံး) ထံမှ ငွေ ၂၀ ရခဲ့၏။ တီတီစီမဂ္ဂဇင်း ကော်မတီတွင် သူက အယ်ဒီတာတဲ့ သူ့ဓာတ်ပုံပါသော မဂ္ဂဇင်းပေးလိုက်၍ ယူခဲ့ရသေးသည်။

နက်ဖြန်ပီတီ (အားကစား)လေ့ကျင့်ခန်းရှိမည်ဆို၍ အဝတ်အစားများ ပြင်ကြရပြီ။ ပြုတ်နေသောကြယ်သီး တပ်ကြရပြီ။ စစ်ဖိနပ်ကြီးတွေပါ ဆေး



ကြရ၏။ အေးကျော်နှင့် ကျွန်တော့်အတွက် ဖိနပ်နဲ့ခြေပတ် (အင်ကလက်) မှာ မတေး (ကိုလေးမောင်ဇနီး မတင်အေးကို ကျွန်တော်တို့ အားလုံးက တေးဟုခေါ်ကြသည်။)ထံမှ အေးကျော် သွားဆွဲလာခြင်းဖြစ်ပြီး ကိုလေးမောင် ခု ပြည်သူ့ဥပဒေအကျိုးဆောင်အဖွဲ့ဝင်)ပစ္စည်းတွေ ဖြစ်ပါသည်။

ထမင်းစားရသည်မှာ မဆိုးပါ။ ကျွန်တော်တို့က လစဉ်မက်(စ်)ဘီ(လ်) ကြရမည် ဖြစ်၏။

ကိုကြည်အေးသည် ဂျပန်ခေတ် မင်္ဂလာဒုံစစ်တက္ကသိုလ်တွင် တတိယ ဆင်းဖြစ်သည်ကို ယခုမှ သိရပါသည်။ မူနဲ့ လူတစ်ယောက်ဖြစ်၍ ဆေးလိပ် သောက်၊ အရက်လည်း မသောက်။

၁-၃-၅၁

၆ နာရီထိုးမှ အိပ်ရာထကြပါသည်။ အခြားသင်တန်းသားများ ပီတီ ကုန်ကြပြီဖြစ်၍ ကျွန်တော်တို့လည်း ကိုယ့်အဆောက်အအုံရှေ့မှာပင် မြင်ကောင်းရုံ) ခေါက်တုံ့ခေါက်ပြန် ပြေးကြ၏။

ယနေ့နံနက် အာအက်(စ်)အမ် (တပ်ရင်းအရာခံဗိုလ်) ဦးစောရည်က ဘီအေစီအက်(စ်) တစ်ခုလုံးကို လျှောက်ပြီး ပြလေသည်။

ညနေတွင် ကျန်းမာရေး ရန်ပုံငွေအဖြစ် ကျင်းပသော ကန်တော်မင် ဈေးပြပွဲ (ဖင်စီဖဲယား)ကိုသွားကြ၏။

ယနေ့ အိန္ဒိယ စစ်တက္ကသိုလ် ဒယ်ရာဒွန်းတက်မည့် ကိုမြသင်းကြီး ရောက်လာသည်။ ကျွန်တော်တို့ အားလုံးထက် အသက်ကြီးပုံရပြီး ချက်ချင်း ဆွေ ဖြစ်သွားကြပါသည်။ နောက်ပိုင်းတွင် ပါကစ်(စ်)တန်ပြည်၊ ကကွာလ် စစ်တက္ကသိုလ်သို့တက်ရောက်မည့် ကိုကျော်ဇင် (ယခု ဗိုလ်မှူးကျော်ဇင်၊ သတ္တု င်း ဝန်ကြီးဌာန)နှင့် ကိုအေးမောင်(သေဆုံး)တို့ ရောက်လာဦးမည်ဟု သိရ သည်။

ဗိုလ်ထူး ပြောပုံဆိုပုံ သတိထားကြည့်မိပါသည်။ ရဲရဲဝံ့ဝံ့ ပြောတတ် တတ်ပြီး အလွန် စိတ်ပါလက်ပါ ပြောတတ်သဖြင့် သူပြောသည်ကို မည်သူ မှ ငြင်းလားခုံလား လုပ်သည်မတွေ့ရပါ။ သူ့အမြင်များမှာ ဆန်းတော့ ဆန်းသည်။ စစ်ထဲဝင်ပြီး နာမည်ပြောင်းကြသူများမှာ အရူးတွေတဲ့။ (သူကတော့ အမေမွေးကတည်းက သေသည့်အထိ မောင်ထူးပဲတဲ့။) စစ်ထဲဝင်သူများ ချစ်စိတ်ရှိလို့ဆိုတာ အလကားပါတဲ့။ သူ၏ချစ်စရာကောင်းသော အချည်း

www.burmeseclassic.com

www.burmeseclassic.com



အချင်းမှာ ရဲရဲဝံ့ဝံ့တွေးပြီး မှန်တာပြောရဲခြင်းပဲ ဖြစ်၏။ ဥပမာ ကျောင်းသာ ရဲခေါင်တွေအဖို့ တိုက်ပွဲမှာ ကြောင်ကြသည်များကို အချို့က သတ္တိနည်းသည် သူရဲဘောကြောင်သည် ပြောကြသော်လည်း ဗိုလ်ထူးက ဒါတွေကို ခွင့်လွှတ်ရ ဖြစ်ကြောင်း၊ ဒီလိုဖြစ်မည်ဆိုသည်ကို ကြိုတင်တွေး ခေါ်ထားရမှာပဲဟုဆို

၂–၃–၅

ပလေတို၏ဆိုစကား (ဒကောဆင်ရေး– ဒိုင်ယာလောက်အော ပလေတို)စာအုပ်ကို ဖတ်ပြီးသွားပြီ။

ဖင်စီဖဲယားသို့သွား၍ ဘောလုံးပစ်ရာ ငွေတစ်ကျပ်ရှုံးခဲ့၏။

၃–၃–၅

ကျွန်တော်တို့အားလုံး ယနေ့ မြို့ထဲထွက်ကြပါသည်။ ကျွန်တော် တကောင်းကျောင်းဆောင်သွားပြီး ကိုခင်မောင်အေး (တက္ကသိုလ် ခင်မော အေး)၊ ဝင်းမောင် (ဗိုလ်ဇင်ဒေါင်း)တို့နဲ့ အင်းလျားတွင်လှေစီးပါသည်။

သောင်းလေးထံမှ စာတစ်စောင်ရပြီး ယနေ့ည တကောင်းကျော ဆောင်မှာပင် အိပ်လိုက်ပါသည်။

၅–၃–၅

ကျောင်းသားအရာရှိများ စိန်ပြောင်းကြီး သင်တန်း ယနေ့ စပါသည် ၆ ပတ်ကြာမည်ဟု သိရ၏။ တနင်္လာနေ့တွင် ထမင်းကြော် စားကြရသည် ဆာကျင်မက်(စ်) အတွင်းရေးမှူးဖြစ်သူ အရာခံဗိုလ်တစ်ယောက် ကျွန်တော်တို့ လာပြီး ရိက္ခာကြေးတောင်းသော်လည်း မပေးနိုင်ကြ။ (ဝင်ကြေး ၅ ကျပ် လစဉ်ကြေး ၁၀ ကျပ်ဟုသိရ၏။)

ကိုအုန်းဖေကြီး (ဗိုလ်ကြီးဖြစ်နေပြီ၊ နောင် ဒုဗိုလ်မှူးကြီး၊ စစ်ရုံ အင်ဒိုနီးရှားနိုင်ငံသို့ စစ်သံနှင့်သွားပြီး အနားယူနေပြီ။) ရောက်လာပြီး ၂ဝိ ပေးသွားပါသည်။ ကိုစော (ကိုစောလွင်၊ ကွယ်လွန်)၊ ခင်မောင်အေး ဝင်းမောင်တို့ ရောက်လာကြ၍ ဝက်သားလိပ်များဝယ်လာပြီး အတာ (ခင်မော အေး၏အဆက်)၏ ကြေးနန်းကိုပြပါသည်။ အမှုကို ပြန်ရုပ်သိမ်းရန် တော ပန်ထားခြင်းဖြစ်၏။



၆–၅–၅၁

တောင်တွင်းကြီး ကျောင်းဆရာကြီး ဦးမှုထံသို့ စာထည့်လိုက်ပြီး သာဇာ ရုံတော်ကြီးတွင် ရုပ်ရှင်ကြည့်ကြပါသည်။ (ကာဗားဂဲလ်)။ ကိုကြည် အေးက သူ့အတွေ့အကြုံများ ပြောပြပါသည်။ နာမ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ ဆန်းသည်များ ကြားရမှတ်သားကြရ၏။

၉–၃–၅၁

ကိုကြည်အေး ကြို့ပင်ကောက်သို့ ခေတ္တပြန်သွားလေသည်။ ကျွန် တော်တို့ သင်တန်းသည် မတ်လ ၁၉ ရက်နေ့ (တနင်္လာ)နေ့ကျမှစမည်ဟု သာကျော်က ပြောပါသည်။ သင်တန်းမစမီ ခွင့်ပေးရန် ကျွန်တော်တို့က ပြောသောအခါ ခေတ္တတပ်ရင်းမှူး ဗိုလ်မှူးကျော်ဝင်းအား တင်ပြပေးမည်ဟု ဆို၏။

၁၀–၃–၅၁

တကောင်းကျောင်းဆောင်သွား၍ ရဲဘော်များနှင့် စားကြသောက်ကြပြီး ရုပ်ရှင်ကြည့်ကြပါသည်။

၁၁–၃–၅၁

တစ်နေ့လုံး တကောင်းကျောင်းဆောင်မှာပင် ရေကူး၊ လှေလှော်နှင့် အချိန်ကုန်ခဲ့၏။

၁၂–၃–၅၁

ဗိုလ်မောင်မောင် (ကျော်ဇောမောင်မောင်၊ နေရှုးမောင်မောင်ဟုလည်း ခေါ်သည်။ နောက်ပိုင်း ပြည်ပြေး၊ ထောင်ကျသွားသည်။) ရောက်လာပြီး ဆင်းဟတ်စ် အတွေ့အကြုံများပြောပြ၍ အလွန်စိတ်ဝင်စားကြပါသည်။ သူသည် စစ်ပြီး မြန်မာပြည်မှ ဆင်းဟတ်စ်သို့သွားသော အစောဆုံး အပတ်နှင့် သွားသူ ဖြစ်၏။ သူတို့သွားစဉ်က ၁၉၄၇ ဖြစ်၍ လွတ်လပ်ရေးပင် မရသေး ပါ၊ သူတို့အပတ်တွင် ၆ ယောက်သွားကြသည်ဆို၏။ ဘုရင့်စစ်တက္ကသိုလ် တွင် (သူတို့ခေတ်တွင်) ဂျူနီယာ၊ အင်တာ၊ စီနီယာ ၄ လစီဖြစ်ပြီး (ကျွန်တော် တို့ခေတ်တွင် ၆ လစီဖြစ်သည်။) ၄ လပြီး ခွင့်တစ်လပေးကြောင်း သူက

www.burmeseclassic.com

www.burmeseclassic.com



ဂျာမနီသွားလည်ခဲ့ကြောင်း၊ ဂျူနီယာဘဝတွင် ဆရာတွေ၊ ကျောင်းသားပြ တွေအားလုံးအား ကြောက်နေရကြောင်းများကို မျက်လုံးပြူး၊ မျက်ဆံပြူး အမူအရာနှင့်ပါလုပ်ပြ၍ အားလုံးပွဲကျနေကြပါသည်။ သိပ္ပံနှင့် သင်္ချာဘာသာ များမှာ မယူမနေရဘာသာများဖြစ်ပြီး ဗြိတိသျှလူမျိုးများ နေပုံထိုင်ပုံလေ့လာ ဗြိတိသျှကောင်စီကပါ စီစဥ်ပေးပုံများ ပြောပြပါသည်။

၁၃-၃-၅

ကျွန်တော်တို့သင်တန်းတွင် နက်ဖြန်မှစပြီး ကိုကြည်အေးက ကျွ တော်တို့ကို ပြန်ပြီး မောင်းရပါမည်။ နောက်တစ်ပတ်ရှိသောအခါ ဗိုလ်သင်တ က ဆင်းလာသော ဒုဗိုလ်လေးတွေကိုလွှဲပေးပြီး သူတို့က ဆက်ပြီးမောင်းရ ဟု ကြားရပါသည်။ ကိုကြည်အေးက ဆာဂျင်ဖြစ်၍ စစ်ရေးပြနှင့် လက်န ငယ် သင်တန်းတော့ ကောင်းကောင်းပြနိုင်မည်ဖြစ်ပါသည်။ ဒုဗိုလ် စောကြ ညွန့်ရောက်လာပြီး သူက ကျွန်တော်တို့သင်တန်းကို ကိုင်ရမည်ဟုဆို၏။

၁၄-၃-၅

သင်တန်းစပါပြီ။ ကိုကြည်အေးက စစ်ရေးပြမောင်းပြီး မင်္ဂလာ နေပူကျဲကျဲမှာ နေ့လယ်တစ်နာရီခွဲအထိ စစ်ရေးပြလုပ်ကြရပါ၏။

၁၅-၃-၅

အုပ်ချုပ်မှုအဆောင်ကို ပြောင်းကြရပါသည်။ ကျွန်တော်တို့ ၅ ယော တစ်ခန်းတည်းတွင် နေကြရပါသည်။ တပ်ရင်းအရာခံဗိုလ် ဗိုလ်စောရည် အဆောင်စည်းကမ်း၊ မည်သို့ နေရထိုင်ရမည်ကို လက်ချာပေးလေသည် အရာရှိများနေသော အဆောင်မှ ရဲဘော်ဆောင်သို့ အပြောင်းခိုင်း၍ ကျွန်တော် တို့အားလုံး အောင့်သက်သက် ဖြစ်ကြရပါ၏။ အဆောင်စည်းကမ်းဆိုသည် ကလည်း ရဲဘော်တွေ လုပ်သလို သင်တန်းမသွားမီ ကိုယ့်အဝတ်ကိုယ် သင် ရပ်ရပ်ခေါက်၍ စနစ်တကျထားခဲ့တာမျိုးကို ဆိုလိုခြင်းဖြစ်ပါ၏။ ယနေ့ မီးပျက်နေ၍ ဆရာရဲမြင့် (မြင်းခြံမှ၊ နောက်ပိုင်း ဗိုလ်ကြီးရဲမြင့်) ပေးသော ဖယောင်းတိုင်ထွန်း၍ စကားပြောအချိန်ဖြုန်းကြရပါသည်။

၁၆-၃-၅၁

တစ်နေ့လုံး စစ်ရေးပြလုပ်ကြရ၍ အလွန်ပင်ပန်းလှပါသည်။ မင်္ဂလာဒုံ ကလည်း ရက်ရက်စက်စက် ပူလှပါ၏။ တစ်နေ့လုံး စစ်ရေးပြချည်း ၅ ရီမိနစ် ၂၀ လုပ်ရခြင်းဖြစ်ပါသည်။

၁၇-၃-၅၁

ပလာဇာ ရုံတော်ကြီးတွင် ရုပ်ရှင်သွားကြည့်ကြပါသည်။ (ချစ်သူ သြဲ)။ ကျွန်တော်တို့ သင်တန်းတွင် စစ်ရေးပြ ဖိပြီးမောင်းမည်ဆိုသော ဂ်လာသတင်းကြီး ကြားကြရ၏။

၁၉-၃-၅၁

ဗိုလ်မှူးဆိုင်းလုံက သင်တန်းအဖွင့် မိန့်ခွန်းပေးပါသည်။ (မိန့်ခွန်း ပြည့်အစုံကို မှတ်စုများတွင် ကြည့်ပါဟု ရေးမှတ်ခဲ့၏။ သို့သော် မှတ်စုများမှ ရှိတော့ပါ။) အကြောင်းအရာမှာ တပ်မှူးများ၊ ဒုတပ်မှူးများ၏တာဝန်များ၊ ပိုင်ခွင့်များ ဖြစ်ပါသည်။ ဒုဗိုလ်စောကြာညွန့်က စစ်ရေးပြတာဝန်ယူပြီး ရာမြင့်လွင်က လက်နက်ငယ်သင်တန်းပြရမည် ဖြစ်ပါသည်။

၂၀-၃-၅၁

တိုက်ပွဲ လေ့ကျင့်ရေးအဆောင်သို့ ပြောင်းကြရပြန်ပါပြီ။ ကျွန်တော်တို့ အားလုံးသည် တော်တော် အခံရခက်နေကြပါသည်။ အကြောင်းရင်းမှာ ဗဟို ကျင့်ရေးကျောင်းတွင် ကျွန်တော်တို့ကို မည်သို့ထားရမည်၊ မည်သို့ ဆက်ဆံ ည်ကို သေသေချာချာ သတ်မှတ်ချက်မရှိ၍ ဖြစ်ပါသည်။ ဆင်းဟတ်စ်နှင့် ရှန်း စစ်တက္ကသိုလ်သွားမည့် ဗိုလ်လောင်းများကို ဗဟိုလေ့ကျင့်ရေးကျောင်း ွင် တွဲဖက်ထားခြင်းသည် ပထမဆုံးအကြိမ်ဖြစ်၍ အစီအစဥ်များ မရေမရာ နေသည်ဟုယူဆရ၏။

၂၂-၃-၅၁ (တပေါင်းလပြည့်)

တစ်နေ့လုံး တကောင်းကျောင်းဆောင်တွင်ပင် အချိန်ဖြုန်းခဲ့ပါသည်။ ဖြန် တပ်ရင်းမှူး စစ်ရေးပြပွဲ ရှိမည်ဖြစ်၍ စောစောပြန်လာပြီး ကျွန်တော်တို့ ပ်များ၊ စစ်ဝတ်များပြင်ကြဆင်ကြရပါသည်။ ညတွင် လကြီးက ထိန်ထိန်သာ ပါသည်။ မည်ကဲ့သို့ ဇနီး သားသမီးလေးများနှင့် နှစ်နှစ်လောက် ခွဲနေရမည်

www.burmeseclassic.com

www.burmeseclassic.com



တွေးတောနေမိပါ၏။

၂၃-၃-

ဗိုလ်မှူးဆိုင်းလုံ မလာဖြစ်ပါ။ ဗိုလ်စောကြာညွန့်နှင့်ပင် စစ် လုပ်ကြရပါသည်။ ဗိုလ်လောင်းနာမည်များရေးပြီး ကျွန်တော်တို့ ခုတင်ခြေ တွင် ကပ်ထားကြရပါပြီ။ အဆောင် စည်းကမ်းအတွက် အမှတ်ပေးဖို့ဟုဆို စနေနေ့တိုင်း သင်တန်းမှူး (ဗိုလ်မှူးဆိုင်းလုံ)က စစ်ဆေးပြီး တနင်္လာနေ့ ဒုဗိုလ်စောကြာညွန့်က အဆောင်ကိုစစ်ဆေးမည်ဆို၏။

၂၇-၃-

တကောင်းကျောင်းဆောင်ကိုသွားပြီး တစ်နေ့လုံး ကိုခင်မောင် (တက္ကသိုလ်ဘုန်းနိုင်)၊ ကိုခင်မောင်အေးတို့နှင့် အချိန်ကုန်ခဲ့ပါသည်။ ကိုအုန်း ကြီး တကောင်းကျောင်းဆောင်ကို ရောက်လာ၍ ပိုပြီး စိုစိုပြည်ပြည် ရှိ သည်။ ညနေကျမှပြန်လာပြီး ညတွင် ချစ်တီးကုန်းရှာ ပွဲသွားကြည့်ကြပါသ

၂၉-၃-

ခေါင်းဆောင်ငယ်သင်တန်း (Junior Leaders) ကျောင်းဆင်းပွဲ သင်တန်းတွင် ရုပ်ရှင်ကြည့်ကြရပါသည်။ ပြည်နှင့် တောင်ငူကို သောင်းကျန်း များလက်မှ အစိုးရတပ်က ပြန်လည်သိမ်းယူစဉ်က ရိုက်ထားသော ရုပ်ရှင်ဖြ သည်။ စိတ်ဝင်စားစရာလည်း အလွန်ကောင်းပြီး ဝမ်းနည်းစရာလည်း အ ကောင်းပါ၏။ နှစ်ဖက်စလုံးက သေကြကျေကြ၊ ဒဏ်ရာရကြနှင့် နှစ်ဖက်စ ဟာ မြန်မာတွေချည်းပဲ မဟုတ်လား။

၃၀-၃-

တစ်နေ့လုံး သင်တန်းဆင်းရ၏။ စစ်ရေးပြနှင့် လက်နက်ငယ် သ တန်းများ ဖြစ်သည်။ ကျွန်တော်တို့တွေ ဗိုလ်သင်တန်းကျောင်းမှ ဗိုလ်လော တွေအတိုင်း လစာရမည်ဟု ကြားကြရပါသည်။

၄-၄-

ကျောင်းတွင် မတော်တဆ သေနတ်ထွက်မှု ဖြစ်ခဲ့ပါသည်။ ဒုဗို



အောင်တင်၏ပစ္စတိုက ကျည်ထွက်သွားပြီး အရာခံဗိုလ်တင်လတ်ဆိုသူ ပွဲချင်းပြီး သေဆုံးခဲ့ရပါသည်။

**ယနေ့မှစ၍ ကျွန်တော်က ဆရာမြင့်လွင်အား အင်္ဂလိပ်စာသင်ပေးရ ပါသည်။**

၂၈-၄-၅၁

မော်တာ (၂ လက်မ စိန်ပြောင်း) ပစ်ကြရပါသည်။ မီးကျည်ဗုံးနှင့် မီးခိုးဗုံးအကြောင်းပါသင်ကြရ၏။ မီးကျည်ဗုံးက ၃၅ စက္ကန့်ကြာပြီး မီးခိုးဗုံးက ၁မိနစ်ကြာ၏။ မော်တာပစ်ပြီး လော့ဘ်ကားကန်ကို သွားကြရပါသည်။ ညနေ သော အစည်းအဝေးတွင် စည်းကမ်းချိုးဖောက်မှုများ၊ မီးဖိုထဲဝင်သော ကိစ္စများ ကို ပြောသူက ပြောကြ၏။ ကျွန်တော်တို့အဖွဲ့ကို ရိပ်ပြီးပြောကြခြင်း ဖြစ်ပုံရ၏။

၃၀-၄-၅၁

ဘီအေတီစီ (လေ့ကျင့်ရေးကျောင်း) စက်ပစ်ကွင်းသို့သွား၍ ကျည် ကွယ်အကြောင်း သင်ကြရပါသည်။ စက်ကလေးနှင့် ရိုင်ဖယ်ပါပစ်ကြရ၏။ စက်ကလေး အတွဲလိုက် သုံးခါနှင့် ရိုင်ဖယ်လေးချက် ပစ်ခဲ့ရလေသည်။

၇-၅-၅၁

စကားပြောနည်း၊ မိန့်ခွန်းပေးနည်းကို ဗိုလ်မှူးဆိုင်းလုံက သင်ပါသည်။ အင်္ဂလိပ်ဘာသာနှင့် ပို့ချခြင်းဖြစ်ပြီး ကျွန်တော်တို့ တစ်ယောက်စီ အင်္ဂလိပ် ဘာသာနှင့် မိန့်ခွန်း ၁၀ မိနစ်စီပြောရန် အစီအစဉ်တွင် ထည့်သွင်းထားကြောင်း ပြောပြပါသည်။

၁၂-၅-၅၁

မြန်မာဘာသာနှင့် အမိန့်ပေးပုံသင်ကြရပါသည်။ နေ့လယ်တွင် ဘုရားဂလုပ်ကိုသွားကြ၍ ဝတ်စုံများမှာကြပြီး တိုင်းထွာကြရပါသည်။

၁၄-၅-၅၁

'ခရီးရှည်' ချီတက်ကြရပါသည်။ ခရီးရှည် ဆိုသော်လည်း မင်္ဂလာဒုံမှ ရွှေညောင်ပင် အသွားအပြန်သာဖြစ်ပါသည်။ သဘောသိရုံ ချီတက်ကြခြင်း ဖြစ်၏။ ကျောင်းပြန်ရောက်သောအခါ တစ်ယောက်စီ မိန့်ခွန်းပေးကြရပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်က အယ်ဖင်းဒါးဆီဗားစကီးရေးသော လေတပ် တန်ခိုးထက်မြက်ပုံ ကိုးကားပြီး အနာဂတ် စစ်ပွဲအကြောင်းကိုပြောပါသည်။ ၁၀ မိနစ်နှင့် ကိုယ်ပြော ချင်တာ အားလုံးပြောရသည်မှာ လွယ်သည်မဟုတ်ပါ။ သင်တန်းဆရာက အရည်အချင်းကို စမ်းလိုက်ခြင်းဖြစ်ပါသည်။ ရသည့်အချိန်အတွင်းတွင် ပြော သည့်အချက်များသည် မပြောမဖြစ် ပြောကိုပြောရမည့်အချက်များ ဖြစ်သည်။ ပြီးတော့မှ အချိန်ကျန်သေးလျှင် မည်သည့်အချက်များကို ပြောသင့်သည်၊ ပြီးတော့မှ အချိန်ရသေးလျှင် မည်သည့်အချက်များကိုတော့ ဖြည့်စွက်ပြောနိုင် သည်ဆိုသည်ကိုတွက်ပြီး ပြောကြရခြင်းဖြစ်ပါသည်။ ဤကဲ့သို့ ပြောရမည့် အချက်၊ ပြောသင့်သောအချက်၊ ပြောနိုင်သောအချက်များကိုတွက်ပြီး နောက် မိနစ်မည်မျှ စကားပလ္လင်ခံမည်။ ဘယ်နှမိနစ်က အဓိကမိန့်ခွန်း ဖြစ်စေရမည်၊ ဘယ်နှမိနစ်နှင့် နိဂုံးချုပ်ရမည်ဆိုသည်ကို သေသေချာချာတွက်ကြရ၏။ သင် တန်းသားက နားမလည်သည်ကိုပြန်မေးရန် ကိုယ်က ပြန်ဖြေရန်လည်း အချိန် ချန်ရသေး၏။ ယင်းတို့ကို ၁၀ မိနစ်နှင့်တွက်လုပ်ရသည်မှာ အတော်ပင်ပန်း သည်။

ပြီးတော့ ပညာပြထားပုံက ခရီးရှည်ချီတက်ပြီး အပြန်တွင် မိန့်ခွန်း ပေးကြရခြင်း ဖြစ်ပါသည်။

ယနေ့ ဗိုလ်လောင်း ၃ ယောက် နောက်ထပ် ရောက်လာကြပါသည်။ နှစ်ယောက်က ပါကစ္စတန် ကကူး(လ်) စစ်တက္ကသိုလ်သွားရန်ဖြစ်၍ တစ် ယောက်ကတော့ ကိုမြသင်နှင့်အတူ အိန္ဒိယပြည် ဒယ်ရာဒွန်းစစ်တက္ကသိုလ် သွားရန်ဖြစ်ပါသည်။ ညနေတွင် ပင်ပင်ပန်းပန်းနှင့် သောင်းလေးဆီက စာ ဖတ်ပြီး အမောဖြေရပါ၏။

၁၆–၅–၅၁

လက်နက်များကို ရေနွေးနှင့် တိုက်ကြ ချွတ်ကြရပါသည်။ ပြောင်အောင် ပါ သေသေချာချာ ပြောင်နေအောင် တိုက်ကြရပါသည်။ နက်ဖြန် စက်ပစ် ကွင်းအတွက် ပြင်ကြဆင်ကြရခြင်း ဖြစ်၏။ သင်တန်းအပြီး စာမေးပွဲ စစ်ကြ မည်တဲ့။ ကျွန်တော်တို့အားလုံးကတော့ ခပ်အေးအေးပဲ။ မည်သူကမှ နင်လား ငါလား ကြိုးစားကြတယ်မရှိပါ။ ကြိုးစားဖို့လည်း မလိုသေးဟု ယူဆ ကြပါသည်။ ထို့ကြောင့် စာမေးပွဲ မစစ်ဖြစ်ပါစေနှင့်ဟု ဆုတောင်းနေကြ သည်။



၁၇–၅–၅၁

လေ့ကျင့်ရေးကျောင်း စက်ပစ်ကွင်းမှာပင် ရိုင်ဖယ်၊ စက်ကလေး၊ ဘရင်း၊ စတင်း စုံအောင် ပစ်ကြရပါသည်။ တစ်နေကုန် စက်ပစ်ကွင်းတွင် နေကြရခြင်း ဖြစ်ပါသည်။ နေကလည်း အလွန်ကိုပူလှပါသည်။ နေတကို ကိုင်ရသည်မှာပင်ပူ၍နေ၏။ စက်ပစ်ကွင်းပြီး၍ ကျောင်းသို့ ပြန် ရောက်ကြသောအခါ ယခုသင်တန်းပြီး၍ အင်္ဂလန် မသွားရသေးမီခွင့် ၁၀ ရက် ပေးရန် ဗိုလ်မှူးဆိုင်းလုံထံ တင်ပြကြပါသည်။ ဗိုလ်မှူးက စစ်ရုံးက ပြမှရမည်ဖြစ်ကြောင်း၊ စစ်ရုံးက သဘောတူလျှင် ခွင့် ၁၀ ရက်ပေးမည်ဟု ကတိပေးလိုက်၍ ပျော်နေကြရပါသည်။

ဆင်းဟတ်စ် သွားမည့် အဖွဲ့ထဲတွင် ကျွန်တော် တစ်ယောက်တည်း အိမ်ထောင်နှင့် ဖြစ်ပါသည်။ ကျွန်တော့်မှာ သမီးတစ်ယောက်၊ သားတစ်ယောက် နှင့် ဖြစ်ပါသည်။ အိန္ဒိယသွားမည့် ကိုမြသင်ကြီးကလည်း အိမ်ထောင်သည် ဖြစ်ပါ၏။ နှစ်ရှည်လများ သားမယားနှင့် ခွဲခွာမသွားမီ အိမ်တစ်ခေါက်ပြန်ပြီး တွေ့ဆက်ချင်သောစိတ် အလွန်ကိုများနေပါသည်။

၁၈–၅–၅၁

နေ့လယ် လက်ဖက်ရည်ချိုနေစဉ်မှာပင် (သင်တန်းဆရာမှာ ဗိုလ် ဆင်သောင်း၊ ယခုဗိုလ်မှူးကြီးမှအနားယူပြီး စက္ကူ ကော်ပိုရေးရှင်း ဦးဆောင် ညွှန်ကြားရေးမှူး ဦးမောင်သောင်း) စစ်ရုံးက အမိန့်စာ ရောက်လာပါသည်။ သင်တန်းပြီးလျှင်ပြီးချင်း စစ်ရုံးကို သတင်းပို့ကြရမည်တဲ့။ သင်တန်းခန်းထဲတွင် ထိုင်နေကြစဉ် ထိုအမိန့်စာကြောင့် မျက်လုံးကျယ်လာကြပါသည်။ နေ့ခင်း ဆင် စစ်ရုံးကိုသွားပြီး သတင်းပို့ကြပါသည်။ 'ဝမ်းနည်းပါတယ်။ ခွင့်တော့ ပေးနိုင်ဘူး' တဲ့။ စစ်ရုံးမှာ ကိုအုန်းဖေကြီးနှင့် တွေ့ခဲ့ရသေး၏။

၁၉–၅–၅၁

စစ်ရုံးကို ပြန်သွားကြရပါသည်။ ဝတ်စုံစရိတ် တစ်ယောက် ၁၀၀ဝိ ထုတ်ကြရ၏။ ဝတ်စုံချုပ်လို့ပိုသည်ကို အိမ်က သားသမီး၊ မိန်းမအတွက် အင်္ကျီထောင်တွေ ဝယ်လိုက်၍ ငွေ ၁၀ဝိပဲ ပိုပါတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



၂၁-၅-

တောင်တွင်းကြီးက လူကြုံဦးမောင်ကလေးနဲ့ အိမ်ပြန်ပြီး လက်ဆောင်တွေ ပို့လိုက်ရပါသည်။ စာလည်းရေးပြီး ပေးလိုက်၏။

၂၃-၅-

မြို့ထဲက မိတ်ဆွေဆီက ငွေ ၅၀ဝိ ရခဲ့ပါသည်။ Reputation B.H Liddell Hart နှင့် Seven Pillars of Wisdom By T. Lawrence ဝယ်ခဲ့ပါသည်။

၂၄-၅-

Emil Ludwig ရေးသော နပိုလီယံ စာအုပ်ဝယ်ခဲ့သည်။ တပ်မတော်နှင့် မျိုးချစ်ဗမာ့တပ်မတော်တွင် အမှုထမ်းခဲ့သည့်အတွက် တံဆိပ် ထုတ်ခဲ့ရ၏။

၂၅-၅-

စစ်ရုံးတွင် သတင်းပို့ကြရသည်။ ယနေ့အထိ ကျွန်တော်တို့ မည်မျှ ဖြတ်မည်ဆိုတာကို မသိကြရသေး။ ဗိုလ်ကြီးစိန်သက် ဆောင်ရွက်သော လခမှ ဘာမှ မဖြတ်မတောက်ဘဲ အင်္ဂလန်က ပြန်လာတော့မှ ဖြတ်စရာရှိသည်များကိုဖြတ်မည်ဟု သိကြရပါသည်။ ဝမ်းသာလိုက်သည့်ဖြစ်ခြင်း၊ ယနေ့ နယူးဂလုပ်မှ ဝတ်စုံတွေရကြပြီ။ ကျွန်တော့်အနေနှင့် ပထမဆုံးအကြိမ် အနောက်တိုင်းဝတ်စုံ ဝတ်ဖူးခြင်း ဖြစ်ပါသည်။ ပထမဆုံးအကြိမ် လည်စည်းဖူးခြင်းလည်း ဖြစ်ပါသည်။ ကျွန်တော်တို့အထဲတွင် လူလည်က ကိုမြသင်းကြီးဖြစ်၏။ သူက အိန္ဒိယတွင်နေခဲ့ဖူးသဖြင့် အနောက်တိုင်းဝတ်စုံ ကောင်းကောင်းဝတ်တတ်သူ ဖြစ်၏။ ဖိနပ်တိုက်တာကအစ ကိုမြသင်းကြီးထံမှ ယူကြရ၏။ ကျွန်တော်တို့က ဖိနပ်ကို အပေါ်ကသားရေအနက်ကိုပဲ တိုက်ကြ၊ ကိုမြသင်းကြီးကတော့ ဖိနပ်အောက်ကသားရေကိုပါ ဖိနပ်ဆေးနှင့်တိုက်၍ သားရေ ပိုပြီးခံအောင်ဟုဆို၏။ ခင်မောင်တင့်နှင့် အေးကျော်ကလည်း လည်စည်းတွေဘာတွေ စည်းဖူးသူတွေဖြစ်ပါသည်။ တကယ့် ဂနိုင်ကတော့ ကျွန်တော်နှင့် ကိုကြည်အေးပဲဖြစ်ပါ၏။



## တောင်တွင်းကြီးသို့ ခွေ့ပြန်ခြင်း

ကျွန်တော်တို့သင်္ဘော အင်္ဂလန်သို့ ထွက်ခွာမည်မှာ ဇွန်လ ၉ ရက် နေ့ဖြစ်သဖြင့် ၁၅ ရက်ခန့် အားနေကြပါသည်။ စစ်ရုံးကလည်း ခွင့်တော့ပေး။ ရန်ကုန်လိပ်စာကို ပေးထားဟုဆို၏။ ကျွန်တော်က တောင်တွင်းကြီးသို့ ခွေ့ပြန်ရန် ဆုံးဖြတ်ခဲ့ပါသည်။ မကွေးသို့ လေယာဉ်နှင့်သွားနိုင်၏။ ဘာပြဿနာမှ ပေါ်ရန်မရှိ။ မကွေး–တောင်တွင်း (၅၁)မိုင်မှာ ပြဿနာပေါ်နိုင်၏။ တောင်တွင်း သူပုန်ရန် မရှင်းလင်းသေး။ တောကြောင်စားပြများကလည်း ရှိသေး၏။

သို့သော် ဇနီးသားသမီးနှင့် မိခင်အိုကြီးနှင့်တကွ ဆွေမျိုးများကို နှုတ်ဆက်ချင်သေး၏။ အနည်းငယ်တော့ စွန့်စားရမည်။ လမ်းမှာဖြစ်ချင်တာ ဖြစ်စေတော့ဟု မကွေးသို့ လေယာဉ်နှင့် လိုက်လာ၍ မကွေးမှ တောင်တွင်းသို့ ကားနှင့် လိုက်ပါလာခဲ့ပါသည်။ ကံကောင်းထောက်မ၍ ဘာပြဿနာမျှ မပေါ်ပါ။

ပြန်လာနိုင်ခဲ့၍ပင် တော်ပါသေးသည်ဟု ဆိုရပါမည်။ ကျွန်တော် အင်္ဂလန်တွင် သင်တန်းတက်သည့် နှစ်နှစ်နှင့် လေးလအတွင်း မိခင်ကြီးရော၊ အစ်မအကြီးဆုံးပါ အနိစ္စရောက်ခဲ့ကြပါသည်။ ထို့ကြောင့် အင်္ဂလန်မသွားမီ ကလေး သွား၍ကန်တော့ဖြစ်ခဲ့ပါသေး၏။

၉-၆-၅၁

နံနက် ၀၇း၃၀ ခန့်တွင် ကျွန်တော်တို့ အလေးအပင်သေတ္တာ၊ ပစ္စည်းများကို ဆိပ်ကမ်းသို့ တပ်ကြပ်ကိုအေးကြင် (ယခု ဗိုလ်မှူးကြီးအေးကြင်၊ ငြိမ်း (၁) ဝန်ကြီးဌာန)ကားနှင့် ပို့ပေးကြပါသည်။ တပ်ကြပ်အေးကြင်မှာ အင်ဂျင်နီယာတပ်မှဖြစ်ပြီး အင်္ဂလန်သို့ အင်ဂျင်နီယာသင်တန်း သွားတက်ရမည့်သူ ဖြစ်ပါသည်။ ကျွန်တော်တို့နှင့် သင်္ဘောတစ်စင်းတည်း သွားရမည့်ရဲဘော် ဖြစ်ပါသည်။ ကျွန်တော်တို့ သေတ္တာများအပေါ်မှ ‘လမ်းခရီးမှာမလို’ ဆိုသော စက္ကူဆိုင်းဘုတ်များ ကပ်ထားကြရပါသည်။ အင်္ဂလိပ်ဘာသာဖြင့် ‘လမ်းခရီးမှာ မလို’ ပုံနှိပ်ထားသောစက္ကူများကို သင်္ဘောကုမ္ပဏီကပေးပါသည်။ ကော်ခြောက် ပြီး စက္ကူများဖြစ်၍ ကပ်ခါနီးကျတော့မှ ရေဆွတ်ပြီး ကပ်လိုက်ဖြစ်၏။

ပစ္စည်းများပို့ပြီး ကိုအေးကျော်မိတ်ဆွေအိမ် (စဥ့်အိုးတန်းကဟု ထင်၏) ပြန်လာကြပြီး ကိုကြည်အေး၊ ခင်မောင်တင့်တို့ကို ခေါ်ကြရပါသည်။

www.burmeseclassic.com

www.burmeseclassic.com



သင်္ဘောမဆင်းမီ စဉ့်အိုးတန်းအိမ်တွင် တည်းခိုနေကြခြင်း ဖြစ်ပါသည်။ နေ့လယ် တစ်နာရီခွဲလောက်တွင် ကိုကြည်အေးနှင့် ခင်မောင်တင့်တို့ ရောက်လာကြပါသည်။ 'စလင်း'သင်္ဘောငယ်နှင့် ကျွန်တော်တို့စီးကြမည့် SS Staffordshire သင်္ဘောကြီးကို သွားကြရပါသည်။

စတက်ဖို့ရှားယားမှာ ဘစ်ဘီလိုင်း Bibby Line သင်္ဘောကုမ္ပဏီပိုင် သင်္ဘောဖြစ်ပါသည်။ နောက်တွင် 'ရှားယား'ဟူသော နာမည်နှင့် သင်္ဘောများမှာ ဘစ်ဘီလိုင်းသင်္ဘောများ ဖြစ်ပါသည်။ (ဝါရစ်ရှားယား၊ ဒါဘီရှားယား စသည်) အက်စ် အက်စ် ပရမ်း၊ အက်စ်အက်စ် တောင်ငူ အစရှိသောသင်္ဘောများမှာ (ဟင်ဒါဆင်လိုင်း Henderson Line) ပိုင် သင်္ဘောများဖြစ်၍ ဘစ်ဘီလိုင်း လောက် မခမ်းနားမကြီးကျယ်ဟု သိရပါသည်။

စတက်ဖို့ရှားယား သင်္ဘောကြီးမှာ အတော်ကြီးကျယ်သော သင်္ဘောကြီး ဖြစ်၏။ ကျွန်တော့်အနေနှင့်တော့ ပြည်တွင်း ရေကြောင်း သယ်ယူပို့ဆောင်ရေးက သင်္ဘောများတောင် မစီးဖူးဘဲ အခု ပင်လယ်ကူးသင်္ဘောကြီး စီးရတော့မည်။

ကုန်းပတ်ကို ၁၁ ကြိမ်ပတ်လျှင် တစ်မိုင်ရှိသည်ဆို၏။ အထပ် ထပ်ရှိပြီး ကျွန်တော်တို့က အောက်ဆုံးထပ်အခန်းတွင် နေကြရပါသည်။ ကျွန်တော် ကိုအေးကျော်နှင့် ကိုခင်မောင်တင့်တို့က တစ်ခန်း၊ ကိုကြည်အေးနှင့် ကိုအေးကြင်ကတစ်ခန်းနေကြရ၏။ အပေါ်ဆုံးထပ်မှာ သင်္ဘောသားများ အတွက်ဖြစ်၍ ခရီးသည်များ မတက်ရပါ။

သင်္ဘောရှေ့ပိုင်း အလံတိုင်တွင် ကျွန်တော်တို့ ပြည်ထောင်စုအလံကို လွှင့်တင်ထားပါသည်။ ရောက်ရာဆိပ်ကမ်းတွင် သက်ဆိုင်ရာ နိုင်ငံအလံ လွှင့်ထူရသောထုံးတမ်းအရ လွှင့်ထူထားခြင်း ဖြစ်ပါသည်။ သူ့ထက် အတန်ငယ် အောက်ကျသောနေရာတွင် (အလံတိုင်ကတော့ တစ်ခုတည်း ဖြစ်ပါသည်) ဘစ်ဘီလိုင်းအလံကို လွှင့်တင်ထား၏။ စားမြောင်းကိုင်ထားသော လက်တံဆီ နောက်အလံတစ်ခုမှာ အနီနှင့် အဝါရောင်အလံ၊ စတက်ဖို့ရှားယား သင်္ဘော အလံ ဖြစ်ပါသည်။


သင်္ဘောတွင် ဆန်တင်ထားပါသည်။ ကိုလံဘိုတွင်ချမည့် ပြုတ်ဆန် တန်ချိန် ၂၅၀၀ နှင့် မစ်ချာ (Milchar) ၅ တန်မှာ လစ်ဗာပူးအတွက် ဖြစ် ပါသည်။ အက်စ်အေအမ်ဘီနှင့် အင်္ဂလိပ်ဘားမားကုမ္ပဏီတို့ ချုပ်ဆိုသော စာချုပ် အရ တင်ထားသောဆန်ဖြစ်ပါ၏။ ဆန်ကွဲလည်း တန်ချိန် ၂၀၀၀ ပါပါသေး



သည်။ ဆန်နှင့် ကုန်များတင်ထားသည်မှာ သင်္ဘောဒုတိယအထပ်တွင် ဖြစ်ပါ သည်။

ညနေ ၁၉:၃၀ နာရီတွင် ညစာကျွေး၏။ ညစာမကျွေးမီ ၅ မိနစ် လောက်တွင် ဘွိုင်ကုလားတစ်ယောက်က ခေါင်းလောင်းလေးကိုလှုပ်ပြီး ကုန်းပတ်ကို လျှောက်ပြီးပတ်ပါသည်။ (နောက်တွင် ဆာလာလျှင် ယင်းခေါင်း လောင်းသံကိုပင် နားစွင့်ကြရပါတော့သည်။)

အတော်ဒုက္ခရောက်သောညနေ ဖြစ်ပါ၏။ ကျွန်တော်တို့ ထမင်း စားပွဲတွင် အချက်ပြဆက်သွယ်ရေးသင်တန်းသွားကြမည့် ဒုဗိုလ်မောင်ဖေ (ယခု ဒုဗိုလ်မှူးကြီးတင်ထွန်း)နှင့် ဒုဗိုလ်တင်မောင် (ယခု ဗိုလ်မှူးကြီးတင်မောင်၊ ကွယ်လွန်ပြီ)၊ ကျွန်တော်တို့လေးယောက်နှင့် တပ်ကြပ်ကြီးအေးကြင်တို့ ဖြစ် ကြပါသည်။ ကျွန်တော်တို့အနေနှင့် ဇွန်းခက်ရင်းလောက်ပဲ စားဖူးသောက် ဖူးကြ၍ စားပွဲကြီးပြင်ထားသည်ကို ကြည့်လိုက်လျှင်ပင် ရင်ထဲမောပြီး သွားပါ သည်။ ဓားများ၊ ခက်ရင်းများ၊ ဇွန်းများ။ ဇွန်းကလည်း အသေးအကြီးစုံလို့၊ ခက်ရင်းခွက်တွေဆိုသည်မှာလည်း တစ်နေရာတွင်သုံးလေးခွက်။ ဘာကစပြီး ဘာကိုင်ရမှန်းကို မသိအောင်ဖြစ်ရ၏။ သို့သော် ဟန်ကိုယ့်ဖို့ဆို မဟုတ်ပါလား။ ခြေသားစားပွဲက သူများလုပ်တာကိုင်တာကြည့်ပြီး လုပ်ကြရပါတော့သည်။



စတက်ဖို့ရှားယားသင်္ဘောပုံ

ပထမဆုံး အလုပ်မှာ ကိုယ့်နေရာကိုယ်ထိုင်ပြီး ကိုယ့်ရှေ့က လက်သုတ် ပဝါ (ခဝါကျ ဖြူဖွေးနေ၍ ကိုင်ရက်စရာမရှိ)ကို ပေါင်ပေါ်ဖြန့်ခင်း လိုက်ရုံတင် ဖြစ်ပါသည်။ ထို့နောက် စားပွဲတွင် တစ်ယောက်စီအတွက် ချထားသေးသော

www.burmeseclassic.com

www.burmeseclassic.com



ညစာအတွက် စားသောက်ရမည့် ဟင်းလျာစာရင်းကို ယူကြည့်သောအခါ လားလား ကျွန်တော်တို့တွေ နားမလည် မသိသည်များ အတော်ပါသည်ကို တွေ့ရ၏။

ညစာအတွက် ကျွေးမွေးသည်များကို မှတ်တမ်းတွင် မှတ်ထားသည့် အတိုင်း ပြန်လည်တင်ပြပါမည်။ ပထမဆုံး ဘွိုင်ကုလားယူလာသည်မှာ လင် ပန်းကြီးတစ်ချပ်တွင် ပန်းကန်ငယ်လေးငါးမျိုးပါ၍ မိမိကြိုက်နှစ်သက်ရာ အနည်းငယ်စီသာ ယူ၍စားရပါသည်။ ခံတွင်းလိုက်ရန် 'ဗွေဆော်ဦး'ကျွေးလိုက် ခြင်း ဖြစ်ပါသည်။ ထို့နောက် ခရမ်းချဉ်သီး စွပ်ပြုတ်၊ စွပ်ပြုတ် ပန်းကန်များ သိမ်းသွားသောအခါ ငါးစားရသော ခက်ရင်းနှင့်ဓားမှာ တစ်မျိုး၊ အသား စားသောဓား၊ ခက်ရင်းနှင့် ငါးမစားရပါ။ ငါးစားသောဓားနှင့် ခက်ရင်းမှာ အသားစားသောဓား၊ ခက်ရင်းထက်ငယ်ပြီး ဓားက ဓားတုံး။ ထို့ပြင် ပန်းရုံ ကလေးများပါ၏။ အသားစားသောဓားနှင့် ငါးစားမိလျှင် ဥရောပတိုက်သား ကြီးများနှင့် ဗိုလ်ဆန်ပြီး မြန်မာများက မသိမသာ မေးငေါ့ခြင်းခံရတတ်၏။ ကြည့်ပုံကလည်း အသာအယာ ခေါင်းစောင်းကြည့်ပုံဖြစ်ပြီး ကိုယ်ကလည်း သူတို့ပြန်ကြည့်လိုက်ရော သူတို့က တခြားကိုမျက်နှာလွှဲသွားကြပြန်၏။ ဟား တိုက်ပြီးတော့ မရယ်။ မသိမသာပြုံးလိုက်ရုံသာ ဖြစ်၏။ ထိုအပြုံးက သရော်ပြုံး သနားစရာလေးတွေဆိုသောအပြုံးဖြစ်၍ တော်တော်အခံရခက်၏။ သို့သော် ကျွန်တော်တို့က သူတို့ယဉ်ကျေးမှု နားမလည်သေးပဲကိုး။

ကျွန်တော်ထိုင်သောနေရာမှာ ပို့(တ်)ဟိုးလ် (Port Hole) ခေါ်သော သင်္ဘောပြတင်းပေါက် အဝိုင်းနားတွင်ဖြစ်၍ လေက တဖြူးဖြူးဝင်နေသည်။ လေပြင်း၊ လှိုင်းကြီးလာသောအခါတွင်မှ ထိုအပေါက်များကို ပိတ်ကြပါသည်။ ထိုနေ့ညက လှိုင်းလေမရှိသေးဘဲ သင်္ဘောက ဆိပ်ကမ်းတွင်ကပ်ထားသည် ဖြစ်၍ ပြတင်းပေါက်များ မပိတ်ရသေးပါ။ သူတို့ အစားအသောက်ကို အရသာ များတွေ့မလားဟု ကျွန်တော်က လေတင်မှ ငရုတ်ကောင်းပုလင်းကို တော်တော် များများ လှုပ်ပြီးခါချရာ၊ အောက်ဘက်ကသူများ ငရုတ်ကောင်းမွှန်ပြီး တချီးချီး နှင့် ဖြစ်ကုန်ကြပြန်ပါသည်။

အသားနှင့် အာလူးဟင်းရွက်ပြုတ် စားပြီးကြသောအခါ အချိုပွဲမှာ တိုင်ပင်ကြပါသည်။ ဟင်းလျာဇယားကို ကြည့်ကြသောအခါ အလွန်လှပသော စကားအသုံးအနှုန်းနှင့်ရေးထားသည့် အစာတစ်မျိုးတွေ့ကြရ၏။ မြင်းကျော

www.burmeseclassic.com



မှ တမန်တော်များ* တဲ့။ တော်တော်ကောင်းပုံရသည်ဆိုပြီး အများသဘောတူ လိုက်ကြ၏။ ရောက်လာ၍ ကြည့်လိုက်ကြသောအခါ အတော်မောသွားကြရ ၏။ လက်မလောက် ပေါင်မုန့်မီးကင် အပြားကလေးများပေါ်တွင် တမန် တော်များကတော့ တခြားမဟုတ်ပါ။ ငါးသေတ္တာ ခပ်ခြောက်ခြောက် သေးသေး များဖြစ်၏။ အဲဒါ မြင်းကျောပေါ်မှ တမန်တော်များပါပဲ။ တစ်ယောက် နှာတစ်ယောက်ကြည့်ပြီး ရယ်ရခက် ပြုံးရခက်။ သူများတွေစားပွဲ လှည့် ကြည့်လိုက်ကြသောအခါ အိုက်စ်ကရင်တွေ၊ ပန်းသီးတွေနှင့်။ အချိုပွဲ တစ်ခါမှာ နှစ်ခါမှာရိုး ထုံးစံမရှိဟု တစ်ဦးကထောက်လိုက်၍ မြင်းကျောပေါ်မှ တမန်တော်များကို မြန်မြန်လွေး၊ အသာတပ်ခေါက်ပြီး ကိုယ့်အခန်း ကိုယ်ကျ ရာမှ အချင်းချင်းပြောဆိုပြီး ဟားကြရပါသည်။

၁၀–၆–၅၁

မနက်စာမှာ တော်တော်ခံတွင်းတွေ့ပါသည်။ ကြွေကာအုပ်နှင့် နွားနို့ ကက်ပြီးသောအခါ ငါးတစ်ပွဲ၊ ထိုနေ့က ဘေကွန် (ဝက်ပေါင်ခြောက်)နှင့် ဥစားကြရပါသည်။ သင်္ဘောကမ်းမှ မခွာမီ ရန်ကုန်မှလိုသော ပစ္စည်းလေး ထပ်ပြီးမှာရန် သင်္ဘောမှ ငွေလဲသောဌာနတွင် ငွေလဲကြပါသည်။ ငွေလဲ သူကို ပါဆာ (Purser) ဟုခေါ်၏။ တစ်ပေါင်လျှင် မြန်မာငွေကျပ် ၁၃ နှင့် ၅ ပဲရပါသည်။ ၂ ပေါင်လဲရာ ၂၆ ကျပ်နှင့် အင်္ဂလိပ် သျှိလင် ၁ ရခဲ့၏။

နေ့လယ်တွင် အင်္ဂလန်သွားပြီး အမေရိကန်ဆက်သွားမည့် အမျိုး တစ်ဦးက ကျွန်တော်တို့နှင့် သူ့ဟာသူ မိတ်လာဖွဲ့ပြီး သူတို့ဥရောပ အသောက်များ၊ စားပွဲတွင် စားပုံသောက်ပုံများကို ရှင်းပြရှာပါသည်။ ပြောပုံဆိုပုံမှာ အလွန်ဖွယ်ဖွယ်ရာရာ ရှင်းရှင်းနှိုးနှိုး ဟာသလေးတွေ နှော၍ ဆရာလုပ်နေသည် မထင်ရဘဲနှင့် အလွန်ကျေးဇူးတင်နေကြရပါသည်။

သင်္ဘောက နံနက်တွင် ရန်ကုန်ဆိပ်ကမ်းကခွာပြီး ပေါ့စ်တင်းတွင် ပြီး ကုန်တင်ရဦးမည်ဟုသိရ၏။

ညနေ ၁၅:၃၀ နာရီလောက်တွင် အပေါ်ထပ်တက် လမ်းလျှောက်ရင်း င်းစားခန်းထဲတွင် အခြားခရီးသည်များ လက်ဖက်ရည်သောက်နေကြသည် တွေ့ရမှ အောက်ပြန်ဆင်းပြီး ရဲဘော်တွေခေါ်ရာ အဝင်လိုနေသည်နှင့်

Angels on horse back

www.burmeseclassic.com

www.burmeseclassic.com



လက်ဖက်ရည်ချိန်လွန်သွားပြီး အခန်းထဲမှာပင် လက်ဖက်ရည်မှာပြီး သော ကြပါသည်။ ဘွိုင်ကုလားလေးအား မေးကြည့်ရာ နေ့လယ် လက်ဖက် အချိန်မှာ ၁၆း၃၀ နာရီဖြစ်ကြောင်းသိကြရသည်။

၁၁-၆-

မနက် ၀၇း၃၀ နာရီတွင် သင်္ဘောကြီး စတင်ထွက်ခွာပါပြီ။ သံ စွန်းကိုသွားခြင်းဖြစ်၍ ရွှေတိဂုံစေတီတော်ကြီးနှင့် တဖြည်းဖြည်းတော့ ဝေး ခဲ့ပြီ။ သို့သော် ဖူးမြော်လို့ရပါသေး၏။

ညနေ ၁၆း၄၅ နာရီတွင် ဟေ့စ်တင်းမှ ထွက်ခွာလာပြီး နောက် ဖူးမြော်ကန်တော့သည့်အနေနှင့် ရွှေတိဂုံစေတီတော်မြတ်ကြီးအား လက်အု မိပါသည်။ ၁၇း၅၃ နာရီတွင် စေတီတော်မြတ်ကြီးကို လုံးဝမမြင်တွေ့ရတော့ ကျွန်တော်တို့ သင်္ဘောကြီးသည် ပင်လယ်ပြာကြီးထဲ ရောက်နေပြီဖြစ်ပါသ အခု ကျွန်တော် နေ့စဉ်မှတ်တမ်းရေးနေသောအချိန်မှာ ည ၂၃း၃၀ နာရီ ပါပြီ။ ချစ်သူဇနီးထံသို့ စာရေးနေစဉ်မှာပင် ဖွင့်ထားသော ပို့(တ်)ဟိုး ပြတင်းပေါက်မှလှိုင်းရိုက်ပြီး ဆားငန်ရေများပင်လာ၍ ခင်မောင်တင့်အိ ရွှဲသွားပါသည်။ ကုလားခေါ်ပြီး အပေါက်ကိုပိတ်ခိုင်းကြရ၏။

၁၂-၆-

သင်္ဘောသည် ဘင်္ဂလားပင်လယ်အော်ထဲ ရောက်နေပါပြီ။ ပင်လ ပြင်ကြီးမှာ မည်းပြီးပြာနေပါသည်။ သင်္ဘောဦးမှကြည့်နေလျှင် သင်္ဘောဦးချွ ပင်လယ်ပြင်ကို ဖောက်ထွင်းသွားရာ ပင်လယ်ပြင်ကွဲသွားပြီး တစ်ဖက်တစ် တွင် ဖြူဖွေးပြီး အပြာနုရောင်နှင့် ရောယှက်နေသော လှိုင်းခေါင်းဖြူလေး တဖွာဖွာနှင့် ရေပန်းလေးများလို ဖွာဖွာကျနေပါသည်။ နာရီဝက်လော အပေါ်ထပ်တွင် လှိုင်းတွေကို စောင့်ကြည့်နေခဲ့မိပါသည်။ ဘင်္ဂလား ပင်လ အော်နှင့် (အင်္ဂလန်မရောက်မီ) ဘစ်ကေးပင်လယ်ကွေ့မှာ လှိုင်းအပြင်း သိရပါ၏။ ကျွန်တော်တို့တစ်တွေမှာ တော်တော်ကို လှိုင်းမူးနေကြပြီ ဖြ သည်။ ကိုအေးကျော်ကြီးကတော့ မနက်စာ ဘာမျှမစားနိုင်ပါ။ ကျွန်တော်လ ပေါ့တီတိ (စွပ်ချို၊ ဆန်ပြုတ်လိုဟာကို နွားနို့၊ သကြားကြိုက်သလော ရောသောက်ရသည်။) နည်းနည်းသောက်ပြီး ဆောကွန်ပဲစားနိုင်ပါသည်။ အိ တွင်လှဲနေရ၏။



နေ့လယ်တွင် အရေးအကြောင်းကြုံလျှင် အသက်ကယ်လှေနှင့် မည်သို့ ဆောင်ကြရမည်ဆိုသည်ကို သင်္ဘောသားများက ရှင်းလင်းပြကြပါသည်။ ကိုအေးကျော်ကြီးကို ကိုအေးကြင်က သင်္ဘော ဒေါက်တာထံ ပို့ပေးပြီး ာကိုတော့ ခင်မောင်တင့်၊ ကိုအေးကြင်နှင့် ကျွန်တော်ပဲ သွားစားကြပါသည်။ န်တော်က ငါးပိကြော်နှင့် ပေါင်မုန့်တစ်လုံးနှင့် ရေခဲမုန့်တစ်ခွက်သာစားပြီး ရာပြန်ခဲ့ရ၏။

ကျွန်တော့်အနေနှင့် လတ်လတ်ဆတ်ဆတ် မြန်မာအစားအစာကို ဆုံးအကြိမ် တောင့်တမိပါသည်။ တောင့်တသည်ဟုပြောလျှင် နည်းတောင် ပါသေးသည်။ နေလိုလလို တောင့်တမိပါပြီ။ သူတို့အစာကို အနံ့နံ့သည် င် အော်ဂလီဆန်နေပါပြီ။ သင်္ဘောမူး၍လည်း ပိုပြီးဆိုးနေသည် ထင်ပါ ည်။ ပြင်ဆင်ထားသည်မှာတော့ အပျံစား ဖြစ်ပါ၏။ ယခင်က ဓာတ်ပုံများ င် ရုပ်ရှင်တွေထဲတွင်မြင်ရသည့် ပန်းကန်ခွက်ယောက် အကောင်းစားနှင့် ဆင်ထားသော အစားအသောက်မျိုးပင်ဖြစ်ပါ၏။ စားလို့ အရသာမတွေ့တာ ားပါသည်။

၁၃-၆-၅၁

နံနက်စာစားပြီး အခန်းပြန်ရောက်သောအခါ အန်ပါတော့သည်။ နေလျှင် ပိုဆိုးတတ်သည်ဆို၍ ထပြီးလမ်းလျှောက်ရင်း ဗိုလ်ဖေတို့၊ ဗိုလ်တင် င်တို့အခန်းကို လာခဲ့ပါသည်။ ဗိုလ်ဖေတစ်ယောက်ကတော့ ခပ်တောင့် င့်ပင်။ ကိုတင်မောင်ကြီးက သင်္ဘောမူးနေပြီ။

ယနေ့ နေ့လယ်စာတွင် ကျွန်တော်တော့ ထမင်းနှင့် အသီးအရွက် နည်းပဲ စားနိုင်ပါသည်။ ငါးပိကြော်နှင့် သရက်သီးကုလားတယ် ကျေးဇူး ကြောင့် ဤမျှစားနိုင်ခြင်း ဖြစ်ပါသည်။

အောက်ထပ် ပစ္စည်းခန်း သေတ္တာများထဲတွင် ရှောက်သီးပြားတွေပါ၍ ထုတ်ယူကြပြီး လျက်ဆားနှင့် စားသောအခါ တော်တော်ခံတွင်းလိုက်သွား သည်။ ညစာတွင် ပေါင်မုန့်နှင့် ငါးပိကြော်နှင့်ပင် ပြီးရပါသည်။ ကျန်တာ ဘာမှစားလို့မရပါ။

ည လသာသာတွင် စစ်ချီသီချင်းများ ဆိုလိုက်၊ အလွမ်းသီချင်းများ ဆိုက်နှင့် အိမ်ပြန်လွမ်းနေကြရပါပြီ။

www.burmeseclassic.com

www.burmeseclassic.com





၁၄–၆–၅

နံနက်စောစောထ ရေချိုးပါသည်။ ရေချိုးရသည်မှာ မိမိ ဘယ်အ ချိုးချင်သည်ဆိုသည်ကို ဘွိုင်ကုလားကိုပြောထားလျှင် ရေချိုးကန်ကို သန့်ရှ ပေးထား၍ ရေဖြည့်ထားပါသည်။ သူ့ကို နည်းနည်းပါးပါး ဆုချရ၏။ ဝထ ရေငန်နဲ့ချိုးပြီးမှ ရေချိုနှင့် ရေပန်းကကျသောရေ ချိုးရခြင်းဖြစ်ပါသည် နံနက်စာကို ဘေကွန်၊ ပေါင်မုန့်နှင့်ငါးပိကြော်နှင့် ပြီးရပါသည်။

နေ့လယ်စာတွင် ထမင်းဟင်း ပြန်ကျွေးပါသည်။ ခေါ်သည်က ဘုံဘေဟင်းတဲ့။ အမဲသား အာလူးသာဖြစ်၏။ စား၍ တော်တော်ဝင်လာ ပြီ။

ကျန်ရဲဘော်များက သင်္ဘောသည့်ခန်းကြီးတွင် ဖဲကစားကြ ကိုကြည်အေး၊ ကိုအေးကြိုင်နှင့် ကျွန်တော်တို့က ဗိုလ်ဖေအခန်းသွား လက် နှင့် ငါးပိကြော်စားကြပြီး ကျွန်တော်တို့ အခန်းပြန်၍ လက်ဖက်ရည်ကြ သောက်ကြပါသည်။ ကိုအေးကြိုင်က မြန်မာလက်ဖက်ခြောက်ပါလာသ ယခုကဲ့သို့ မြန်မာလက်ဖက်ရည်ကြမ်းကို သောက်ကြရသည်မှာ သင်္ဘောပေါ် အရသာအရှိဆုံး ဖြစ်ပါ၏။

ပါဆာထဲတွင် ကျွန်တော်တို့ ခရီးသွား'ချက်'မှ ငွေနှစ်ပေါင်လဲ ပို့စ်ကတ် ဝယ်ကြပါသည်။ စာရေးပြီး ပါဆာထဲ ပေးထားလျှင် နောက်ရော သော ဆိပ်ကမ်းတွင် သင်္ဘောကတာဝန်ယူ၍ စာများ၊ ပို့စ်ကတ်များ ထည့် ပါသည်။ ညနေ၌ ဗိုလ်တင်မောင်ပါလာသော ငါးရံ့ခြောက်ကြော်နှင့် လက် ရည်ကြမ်းဝိုင်း ဝိုင်းကြပါသည်။

၁၅–၆–၅

သီဟိုဠ်ကျွန်းကို လှမ်းပြီး မြင်နေရပါပြီ။ အဝေးကတော့ ခပ်စိမ်း ခပ်မှိုင်းမှိုင်းပဲ မြင်ရပါသည်။ ဘာမျှ ကွဲကွဲပြားပြားမရှိသေး။ တော် ခပ်ဆေးဝေးတွင် သီဟိုဠ်ကျွန်းဘက်ကိုပင် သွားနေသော ကုန်သင်္ဘောတစ်စင် လှမ်းမြင်ရ၏။ မကြာခင်ပင် ကျွန်တော်တို့သင်္ဘောက ထိုကုန်သင်္ဘော ကျော်တက်လာခဲ့ပါသည်။ နေ့လယ်တွင် သီဟိုဠ်တွင်ဆင်းမည့် ဘုန်းတော် (သီဟိုဠ်သား)တစ်ပါးနှင့် စကားပြော၊ တရားဆွေးနွေးပါသည်။ ထို့နော ပစ္စည်းခန်းမှ ကိုအေးကျော်ပါလာသော တရုတ်ဆီးသီးများ သွားထုတ် စားကြပါသည်။

ငါးပျံဟုခေါ်မည်ထင်သည်။ အရှည်က တစ်ပေလောက်၊ တချို့ ပေလောက်၊ ငါးတွေ တော်တော်ဝေးဝေးကို ခုန်ခုန်ပြီးသွားကြသည်ကို ရပါသည်။ သီဟိုဠ်ကျွန်း၊ ကိုလံဘိုမြို့ကို ညနေတွင်ရောက်ပြီး လှေကလေး နှင့် ကမ်းကိုကူးကြရပါသည်။ တစ်ယောက်လျှင် သီဟိုဠ် ပိုက်ဆံ ၁၂ ပဲ ရ၏။ တစ်ပေါင်ကို သီဟိုဠ်ပိုက်ဆံ ၁၃ ကျပ် ၆ ပဲရပါသည်။ သင်္ဘောသည် ဘိုဆိပ်ကမ်းတွင် သုံးလေးရက်ရပ်နား၍ ကုန်တင်မည်ဟုသိရ၏။

၁၆–၆–၅၁

ကိုလံဘို ဆိပ်ကမ်းနေရာကို ခံတပ်နေရာ (Fort Area) ဟု ခေါ်ပါ သည်။ တော်တော် စည်ကားသောနေရာ ဖြစ်၏။ ဆိုင်ကြီးကနားကြီးတွေ တော်တော်များပြီး နိုင်ငံခြားပိုင်တွေ၊ နိုင်ငံခြားနာမည်တွေက များပါသည်။ အဆုံးသတိပြုမိသောအချက်မှာ မြို့က လူတော်တော်များများသည် အင်္ဂလိပ် ပြောကြခြင်းဖြစ်ပါသည်။ လှေကလေးမှ ကုလားများ၊ ဈေးသည်များ၊ မောင်းသမားများ၊ သတင်းစာရောင်းသော ကောင်ကလေး များကအစ လိပ်လို ရေရေလည်လည်ပြောနိုင်ကြသည်ကို တွေ့ရပါသည်။ တက္ကစီကား က တစ်မိုင်တစ်ကျပ်နှုန်းယူကြ၏။ ကမ်းနားတွင် တစ်ပေါင်ကို ၁၅ ကျပ် တောင်ရပါသည်။

တရုတ်တစ်ဦးက လမ်းပြပေး၍ မြန်မာသံအမတ်ကြီးအိမ်ကို ရောက် ပါသည်။ သံအမတ်ကြီးဦးတင်ဆွေက ဖော်ဖော်ရွေရွေ နှုတ်ဆက်စကား ပြီး တနင်္လာနေ့ နေ့လယ်စာစားရန် ဖိတ်လိုက်ပါသည်။

နေ့လယ်စာကို ဟိုတယ်တစ်ခုတွင် စားကြပါသည်။ ကျွန်တော်၊ ကြည်အေးနှင့် ကိုအေးကြိုင် သုံးယောက်စားကြ၍ ၁၈ ကျပ် ၃၀ ပြားကျပါ သည်။

ကိုလံဘိုမြို့တွင် နိုင်ငံခြားသား၊ ဥရောပသား တော်တော်များများ ရှိပြီး ကိုရီးယား စစ်မြေပြင်သွားမည့် ဗြိတိသျှနှင့် တူရကီ စစ်သားများကို တွေ့ကြရသေး၏။ ကိုရီးယား တောင်ပိုင်း၊ မြောက်ပိုင်း တိုက်နေကြဆဲ လသည်။ ကျွန်တော်တို့အဖွဲ့ကို တချို့သီဟိုဠ်သားများက ဂျပန်တွေလား၊ စ်ပိုင်တွေလား၊ ကိုရီးယား သွားကြမှာလားနှင့် မေးကြသေး၏။

သီဟိုဠ်ဆိပ်ကမ်း၏ ထူးခြားချက်မှာ ပင်လယ်ထဲ တော်တော်ရှည် ဆောက်လုပ်ထားသော ရေတား (Break water) နှစ်ခု ဖြစ်ပါသည်။ ကြောင့် ပင်လယ်လှိုင်းဒဏ်ကိုခံနိုင်ပြီး ထိုရေတားနှစ်ခုကြားတွင် သင်္ဘော

www.burmeseclassic.com



များ အေးအေးဆေးဆေး ကပ်ထားနိုင်ကြပါသည်။

၁၇–၆–…

လဗီးနီးယားတောင်သို့ သွားကြပါသည်။ တောင်ဆိုသော်လည်း တောင်ကုန်းကလေးသာ ဖြစ်ပါသည်။ ပင်လယ်ကမ်းခြေတွင်ရှိပြီး ဟိုတယ်… ဆောက်ထား၍ အလွန်သာယာပြီး လုပ်သားပြည်သူများ အပန်းဖြေသော… ဖြစ်၏။ လဗီးနီးယားတွင် ကျွန်တော် သူရာမေရီယက်ကို ပြန်လည်ကျူးလွ… မိပါသည်။ သည့်အရင်က အရက်ကိုဖြတ်ထားတာ တော်တော်ကြာ… သူများတွေ သောက်စားနေကြသည်မှာ အားရစရာကြီး။ ဘီယာဖန်ခွက်… တော်တော်ရည်ပြီး အမြှုပ်တစီစီနှင့်။ အရက်သောက်သူသောက်၊ ရေကူးတော်… အမျိုးသမီးနှင့် ကလေးများ တော်တော်များပါသည်။ ဘီယာတစ်ခွက် သော… ကြည့်မိပါသည်။ အူကရိုင်းနေ၍ နည်းနည်းဝင်လိုက်လျှင်ပင် တော်… ယစ်သွားပါသည်။ ကိုအေးကြိုင်က ‘ခင်ဗျားတော့ လုပ်ဖူးတယ်ရှိအောင် အ… လျှောက်လုပ်နေပြီထင်တယ်’ ဟုကလိ၏။

နေ့လယ်စာကို ပီလားရှုးဆိုသော နေရာတွင်စားကြ၏။ တော်… စားလို့ကောင်းသောနေရာ ဖြစ်ပါသည်။

၁၈–၆–…

သံအမတ်ကြီး ဦးတင့်ဆွေအိမ်မှာပင် နေ့လယ်စာ စားကြရပါသည်။ အုန်းထမင်း၊ အမဲနှပ်၊ ဝက်သားနှပ်၊ ငါးပိကြော်၊ အချဉ်သုပ်နှင့် စားကော… လိုက်တဲ့ဖြစ်ခြင်း။ ဤကဲ့သို့ မြန်မာပီပီ အစားအသောက်နှင့် ခွဲလာသည်မှာ… သိပ်မကြာသေးသော်လည်း မြန်မာအစားအသောက် တောင့်တနေကြ… စား၍ တကယ်ကိုအရသာရှိလှပါသည်။

ထမင်းစားပြီးကြသောအခါ ကျွန်တော်နှင့် ကိုကြည်အေးက ကန္တီ… သွားကြပါသည်။ မြတ်စွာဘုရားသခင် စွယ်တော်မြတ်ဖူးရန် ဖြစ်၏။ ရထား… သွားကြရခြင်းဖြစ်ပြီး တော်တော်ကို ကျပ်ကျပ်တည်းတည်း တိုးဝှေ့စီးကြ… သည်။ ထိုစဉ်က အခြေအနေအရ ရန်ကုန်–မန္တလေး ရွှေမန်းမေ၊ … ရထားများက သူတို့ထက် အများကြီးအဆင့်အတန်းမြင့်ပါသည်။

တောင်ကုန်းများ၊ လယ်ကွင်းများ တစ်ခါတစ်ရံ တောင်ကို ဖော… ထွင်းထားသော ဥမင်လိုဏ်ခေါင်းများကိုဖြတ်ပြီး သွားကြရပါ၏။



ကန္တီဘူတာမှ ဝန်ထမ်းတစ်ဦးကို မေးစမ်းကြည့်သောအခါ Burmese …st ဆိုသော နေရာရှိကြောင်း၊ တစ်ခါတစ်ရံ မြန်မာဘုန်းတော်ကြီးများ …တတ်ကြောင်း၊ မည်ကဲ့သို့ ကားစီးရမည်ကိုပါ ပြောလိုက်သဖြင့် သွားကြပါ…သည်။ မြန်မာဘုန်းတော်ကြီးတစ်ပါး ဖူးတွေ့ရပြီး အလွန်ပင် ဖော်ရွေပါသည်။ …ရာတော်က သူ့တွင်ရှိသည်များကို ထုတ်ပြီးကျွေးမွေးပါသည်။

ထိုနောက် မြတ်စွာဘုရား စွယ်တော်ထားသော နေရာသို့ သွားပြီး …ယ်တော်မြတ်ကို ဖူးကြရပါသည်။ အလွန်ကံကောင်းသည်မှာ စွယ်တော်ဘုရား …င် ကြုံကြိုက်နေခြင်း ဖြစ်ပါ၏။ ကျွန်တော်တို့က ကန္တီကို လိုက်လာကြသည် … စွယ်တော်ပွဲရှိမှန်းသိ၍ မဟုတ်ပါ။ တကယ့်ကြုံကြိုက်မှုပင် ဖြစ်ပါသည်။ …ယ်တော်ထားသော ကျောင်းတော်အဆောက်အအုံမှာ တော်တော်ဟောင်းနေပါ… နန်းတော်ဟောင်းဟု သိရပါသည်။ စွယ်တော်မြတ်ကို ဆင်ပေါ်တင်ထားပြီး …က်ရောင် ကြုတ်ထဲတွင်စံပယ်နေပါ၏။ ဆင်ကြီးကို အလှအပတွေ ဆင် …ထားပါသည်။ စွယ်တော်ပွဲအတွက် အကြီးအကဲတစ်ဦး သပ်သပ်ထားပြီး …ကို စွယ်တော်ဝန်ဟုခေါ်ကြ၏။ ယောက်ျား ၂၀ ပါသော ယိမ်းအဖွဲ့လို …စ်ဖွဲ့ကလည်း ကလိုခုန်လို့ပါသေး၏။ မီးတုတ်ကိုင် ၇ ယောက်က ရှေ့က …ကြရ၍ စွယ်တော်ဖူးမြော်ရန် အချို့ဆိုလျှင် အဝေးကြီး တမင်လာကြရပြီး …ကြီးပေါ်တွင်ပင် အခင်းခင်းကာ အိပ်စောင့်နေကြသည်ကို တွေ့ရပါသည်။ …ယ်တော်မြတ်ထားသော အခန်းထဲသို့ဝင်ပြီး ဖူးမြော်ခွင့်ပေး၍ ကျွန်တော်



ကန္တီမြို့ရှိ မြတ်စွာဘုရား၏ စွယ်တော်ကိန်းဝပ်ရာကျောင်းတော် အဆောက်အအုံ

www.burmeseclassic.com

www.burmeseclassic.com



နှင့် ကိုကြည်အေး အားရပါးရဖူးမြော်ကြရပါသည်။ မမျှော်လင့်ဘဲ ရခဲ့သော အခွင့်အရေးကြီးတစ်ရပ်ပင် ဖြစ်ပါ၏။

အပြန်တွင် ဘုန်းတော်ကြီး ကျွေးမွေးသည့်ခံသော ငါးခြောက်ဖုတ် အုန်းဆီဆမ်း၊ သံပရာရည်ညှစ်ပြီး ရေနွေးကြမ်းနှင့် သောက်စားရသည်မှာ တကယ့်အရသာဖြစ်ပါ၏။

၁၉-၆-၅

ကန္ဒီမြို့ထဲကို လျှောက်ကြည့်ကြပါသည်။ ကျွန်တော်တို့နှင့် ကိုလံ ကတည်းက ရထားတွင်တွေ့ခဲ့ရသော 'မူနီ'တို့တစ်သိုက်ကို သွားတွေ့ရပါသည်။ မူနီဆိုသော ကုလားမလေးမှာ အသားလေးက ဖြူပြီးဝင်းနေ၏။ သူ့နာမည် သိရသည်မှာ သူတို့အချင်းချင်းခေါ်သံကြား၍ မှတ်ထားမိ၍ သိနေကြခြင်း ဖြစ်၏။ ဆာရီလေးက အဝါနုရောင်ကလေး၊ လက်ကလေး မြှောက်ယမ်းပြီး စကားပြောသောအခါ ဗိုက်သားလေးပါ ဝင်းခနဲ ပေါ်ပေါ်သွားသေး၏။ သူက ကျွန်တော်တို့ကို မျက်မှန်းတန်းမိနေပြီး ပြုံးပြုံးပြပါသည်။

ဥယျာဉ်ကြီးကို လှည့်ကြည့်ကြပါသည်။ ပေရာဒနိယ ဥယျာဉ် ခေါ်၏။ တစ်နေရာတွင် အဆောက်အအုံ နှစ်ခုတွေ့ရပြီး ဗိုလ်ချုပ်အောင်ဆန်း နှင့် ဗြိတိသျှရေတပ်ဗိုလ်ချုပ်ကြီး မောင့်ဘက်တန်တို့ ကန္ဒီစာချုပ် ချုပ်ဆိုခဲ့ သော အဆောက်အအုံဟု သိကြရပါသည်။ ဘာဆိုင်းဘုတ်မှ ဆွဲချိတ်ထားသည် ကို မတွေ့ရပါ။ ကျွန်တော်တို့အတွက်တော့ ထိုအဆောက်အအုံမှာ သမိုင်းဝင် အဆောက်အအုံပင် ဖြစ်ပါသည်။ အထဲတွင်ရှိသော ဧည့်သည်တော်စာအုပ်တွင် ဤကဲ့သို့ သမိုင်းဝင် အဆောက်အအုံများကို အများသိနိုင်အောင် ကမ္ပည်း ထားသင့်ကြောင်း ရေးခဲ့ပါသေးသည်။

ကိုလံဘိုသို့အပြန်တွင် ပထမတန်းက ရထားစီးလာသဖြင့် တော်တော် အေးအေးဆေးဆေး လိုက်နိုင်ပါသည်။ လျှောက်လည်ရသည်က ပင်ပန်းသော ရထားထဲတွင်ပင် အိပ်လိုက်လာကြပြီး ဆိပ်ကမ်းသို့ ရောက်သောအခါ သင်္ဘော ပေါ် တန်းတက်ကြပါသည်။ ကိုယ့်အခန်း ကိုယ်ရောက်တော့မှ ကောင်းကောင်း နားကြရ၏။

၂၁-၆-၅

ကိုလံဘိုမြို့ကို လျှောက်ကြည့်ကြသေးသည်။ ပါလီမန်ကို ဝင်လေ့လာ ခဲ့ပါသည်။ လက်ပတ်နာရီတစ်လုံး ၁၀ ပေါင်နှင့်ဝယ်ခဲ့ပါသည်။ (၁၉၆၄ အထိ ယင်းနာရီကိုပင် ပတ်လာခဲ့ပါသည်။) ယနေ့ ကျွန်တော်တို့ သင်္ဘော လိုက်မည့် ကိုလံဘိုမှခရီးသည်များ သင်္ဘောပေါ်တက်ကြပါပြီ။



၂၂-၆-၅၁

သင်္ဘောကြီး ညနေ ၁၉း၃၀ နာရီတွင် ကိုလံဘိုမှ စတင်ထွက်ခွာပါပြီ။

၂၃-၆-၅၁

စောစောထပြီး ကိုကြည်အေးနှင့် ကုန်းပတ်ကို ၁၃ ပတ် လမ်းလျှောက် ခြင်း၌ တစ်မိုင်ကျော် ခရီးပေါက်ကြပြီ ဖြစ်၏။ ကိုကြည်အေး၊ ကိုခင်မောင်တင့် နှင့် ကျွန်တော်က သင်္ဘောမူးတာ ကောင်းကောင်းခံနိုင်ရည်ရှိသွားပြီ။ သင်္ဘော ပေါ်ရှိ ရုပ်ရှင်ညှပ်ဆိုင်မှာပင် ဆံပင်ညှပ်ပါသည်။

ယနေ့ သန်းခေါင်တွင် နာရီကို မိနစ် ၃၀ နောက်ပြန် လှည့်ကြရ ပါ၏။ ကိုကြည်အေးအခန်းတွင် ငါးခြောက်ကြော်နှင့် ရေနွေးကြမ်း သောက်ကြ ရင်း ရှေးဟောင်း နှောင်းဖြစ်များပြောကြပါ၏။

၂၅-၆-၅၁

သန်းခေါင်တွင် နာရီဝက်ထပ်ပြီး နောက်ပြန်လှည့်ရ၏။ ယခုအထိ တွင် မြန်မာစံတော်ချိန်နှင့် ၂ နာရီကွာနေပြီ ဖြစ်ပါသည်။

ထမင်းလည်း တော်တော်စားလို့ကောင်းလာကြပြီ။ ကျွန်တော်တို့ ခရီးသည်များနှင့် ကုလားများကို အထူးစီစဉ်ပေးသလား မပြောတတ်။ ထမင်းဟင်း တော်တော်များများ ကျွေးလာပါသည်။ နေ့လယ်စာဆိုလျှင် ထမင်းနှင့် တစ်ခါတလေ ဘုံဘေဟင်း၊ တစ်ခါတလေ မဒရပ်ဟင်းဟု အမျိုး မျိုးပါသော်လည်း အမဲသားနှပ်ကို အာလူးလေး တစ်ခါတလေ အုပ်ထားသော ဟင်းသာဖြစ်၏။

ကျွန်တော်တို့ စားကောင်းပြီဆိုတော့လည်း ဘိုင်ကုလားလေးတွေ ထပ်ရှုပ်ကြပြန်ပါသည်။ ဥရောပ တိုက်သားတွေ ထမင်းဟင်းစားသည်မှာ ထမင်းကို ဇွန်းနှင့် နှစ်ဇွန်းခန့်၊ ထမင်းပေါ်တွင် ဟင်းတစ်ဇွန်းနှစ်ဇွန်းခန့်ပုံပြီး မုန့် အားထား စားကြခြင်းဖြစ်၏။ ကျွန်တော်တို့ကတော့ အိမ်တွင် ထမင်းဟင်းစားသလို စားကြခြင်းဖြစ်၍ သူတို့ ထမင်းတစ်ဝိုင်းလုံးအတွက်

www.burmeseclassic.com

www.burmeseclassic.com



ကြွေဇလုံနှင့် ထမင်းကို ကျွန်တော်တို့က တစ်ယောက်တည်း ပန်းကန်ပြား အပြည့်ထည့်ပြီး စားကြခြင်းဖြစ်၏။

ကျွန်တော်တို့ဝိုင်းကို စားပွဲထိုးသောကုလားမှာ မီးဖိုနှင့် ထမင်းစား ခေါက်တုံ့ခေါက်ပြန်လျှောက်ရလွန်း၍ တော်တော်ခြေသလုံးတွေ ကြီးလာ ထင်ရ၏။ ပြီးတော့ သူ့ကြည့်ဖြူစေရန် ကျွန်တော်တို့ တစ်ယောက်ကို ၅ သျှိ စီစုပြီးပေးထားရသည်။ ငွေကလေးနှင့်တို့လိုက်၍ ကုလားလည်း သွားဖြဲ ပေါ်အောင်ဖြီးနေပါတော့သည်။ ယခုကဲ့သို့ သူတို့ကို ဆုချရသောငွေကို မြန် လို (အဖြား)လို့ပဲ ခေါ်ကြပါသည်။ အင်္ဂလိပ်ဘာသာနှင့် Tips ကို သူ နားမလည်စေရန် (အဖြား)ဟုခေါ်လိုက်ကြခြင်းဖြစ်ပါသည်။ ဘာမဆို အဖြ ပေးရ၏။ ထမင်းစားလျှင်၊ ရေချိုးလျှင်၊ ဆံပင်ညှပ်လျှင် အားလုံး အဖြား က မကြည်ကြ။ တစ်ပတ်လျှင် တစ်ယောက် ၅ သျှိလင်စီစုပြီး ကုလားဖေ ပေးထားကြရ၏။ သို့မှ ထမင်းနှင့်ဟင်း များများစားကြရမည် မဟုတ်ပါ

ဗိုလ်ဖေ၊ ကိုအေးကြင်နှင့် ကျွန်တော်က သင်္ဘောရေကူးကန် ရေကူးကြပါသည်။ နေ့လယ်စာက တော်တော်ကောင်းပါသည်။ ဟင်းနာရ ကြက်သားပီလောတဲ့။ လှိုင်းလုံးများမှာ ယခင်ကထက် ပိုကြီးလာပါသည် နာရီဝက် နောက်ကိုထပ်ရွှေ့ကြရပြန်ပြီ။

၂၈-၆-

ကနေ့ အေဒင်ကိုစပြီး မြင်ကြရပါပြီ။ ပင်လယ်ထဲတွင် ကမ်း လမ်းမမြင်သွားနေကြရာက ယခုကဲ့သို့ ကမ်းတစ်ခုခုကို မြင်လာရလျှင် ဘာ မဟုတ် တော်တော်ပျော်ကြရပါသည်။ တစ်ယောက်နှင့်တစ်ယောက် က လက်ညှိုးထိုးပြကြ၊ ရောက်ဖူးသူများက ဟိုဟာကဘာ၊ သည်ဟာက ဘာ ဆရာလုပ်နိုင်ကြသောအခါ ဖြစ်၏။ အေဒင်ကြည့်ရသည်မှာ ဘာသစ်ပင် မမြင်ရ၊ ကျောက်ဆောင်များနှင့် သဲသောင်ကမ်းခြေသာ မြင်ရပါ၏။

သင်္ဘော ပါဆာထံမှာ စာရင်းရှင်းကြပါသည်။ ကြွေးပေးချေ ဖြစ်၏။ ဒိုဘီခမှာ တော်တော်ဈေးကြီးပါ၏။ အေဒင်ဆိပ်ကမ်းကို ည လေးနာရီခွဲတွင်ရောက်ပြီး ရေကြောင်းပြ (ပိုင်းလော့)က ၇ နာရီမှာ ရောက် ပါသည်။ ကျွန်တော်တို့ ဆိပ်ကမ်းကို ညနေ ၈ နာရီခွဲတွင် ဆင်းခွင့် ရ သည်။ တောင်ကုန်း တော်တော်မြင့်မြင့်တစ်ခုအပေါ်တွင် နာရီစင် ဆောက်ထ ၍ အဆောက်အအုံကြီးတွေမှာ တော်တော်ခန့်ညားပါသည်။ သို့သော် မြို့



ပတ်၏။ သန့်သန့်ရှင်းရှင်းသာထားလျှင် နံဘေးကတောင်များနှင့် တော် လှမည့်မြို့ကလေး ဖြစ်၏။ ယခုတော့ လမ်းတွေမှာ ညစ်ပတ်နေပြီး ဆောင်းစားလည်း တော်တော်များများ လမ်းကြီးတွေပေါ်တွင် တွေ့ခဲ့ရ၏။ သို့ ည ၁၂ နာရီ ၁၅ မိနစ်တွင်ပြန်ရောက်ကြပါသည်။

၂၉-၆-၅၁

နံနက် ၃ နာရီတွင် သင်္ဘောစထွက်ပါသည်။

၃၀-၆-၅၁

အာဖရိကက ကျွန်းလေးများကို လှမ်းမြင်ရ၏။ မီးပြတိုက်တစ်ခု လည်း မြင်ရသေးသည်။ ညမှာ တော်တော်ပူလာပြီ။ ညစာထမင်းစားကြပြီး သဘင်လည်း ရှိသေး၏။ ကျွန်တော်တို့က အတွဲများကို နံဘေးကသာ ကြည့်ကြရပါသည်။ ဗိုလ်ဖေတစ်ယောက်ကတော့ ရောနှောကတတ်ပါသည်။

၁-၇-၅၁

သင်္ဘောပေါ်တွင် တစ်ခါတစ်ရံ သစ်သားဘောလုံးလှိမ့်ပြီး ကစား ၏။ စကစ်တဲလ် ကစားနည်းဟုခေါ်ပါသည်။ သစ်သားပုလင်း ပုံတိုင် တိုင်ကို ထောင်ထားပြီး သစ်သားလုံးသုံးလုံးနှင့် လှိမ့်ပစ်ရခြင်းဖြစ်၏။ တိုင် အားလုံးလဲအောင်ပစ်ရပါသည်။ တစ်ခါတစ်ရံ ဘောလုံးတစ်လုံး နှင့် တိုင်အားလုံးလဲပြီး တစ်ခါတလေကျတော့ ဘောလုံး ၃ လုံး လှိမ့် လည်း အားလုံးမလဲသောအခါ ရှိတတ်၏။

ပင်လယ်ထဲ တော်တော်ဝေးဝေးတွင်ရောက်နေသော ဘစ်ဘီလိုင်းမှ ရားယား သင်္ဘောနှင့် ကျွန်တော်တို့ စတက်ဖို့ရှားယားသည် ဝိုင်ယာလက် စကစ်တဲလ်ကစားပြိုင်ပွဲ ကျင်းပကြပါသည်။ အနိုင်အရှုံးကို သင်္ဘော ဘုတ်တွင်ကပ်၍ ကြေညာပေးပါ၏။

၂-၇-၅၁

အိပ်ရာကနိုးသောအခါ သင်္ဘောရပ်ထားသည်ကို တွေ့ရပါသည်။ တော်တို့ ဆူဒင်ဆိပ်ကမ်းကို ရောက်နေကြပါပြီ။ ညက ဘယ်အချိန် လိုက်မှန်းမသိလိုက်ပါ။ ဆိပ်ကမ်း တည်ဆောက်ထားပုံမှာ တော်တော်

www.burmeseclassic.com

www.burmeseclassic.com



ကောင်းပါသည်။ ကွန်ကရစ် ဆိပ်ကမ်းကိုတန်း၍ သင်္ဘောကပ်လို့ရပါသ လှေကလေး၊ မော်တော်ကလေးများနှင့် ဆိပ်ကမ်းသွားရသော ပြဿနာမရှိ သင်္ဘောပေါ်မှဆင်းလျှင်ဆင်းချင်း ကမ်းကို ရောက်ပါတော့သည်။ ဆိပ်ကမ်း ကရိန်းအကြီးကြီး ၃ ခုတွေ့ရပါသည်။ တစ်ခုက ၅ တန်ဝန်ချီနိုင်ပြီး နှစ်ခုက ၃ တန်စီနိုင်၏။ နံနက်စာစားပြီး ဆူဒင်မြို့ကို သွားကြပါသ မြို့မှာ ဆိပ်ကမ်းနှင့်မျက်နှာချင်းဆိုင်ဘက်တွင်ရှိပြီး လှေ၊ မော်တော်နှင့် လည်းကောင်း၊ ကားနှင့်သော်လည်းကောင်း သွားလို့ရပါသည်။ ကျွန်တော်တို့ လှေနှင့်သွားကြပြီး တစ်ယောက်ကို အင်္ဂလိပ်ငွေ ၆ ပဲနိပေးရပါသည်။ ငွေနှင့် ၂ ပဲ့ယာစတာပေးရ၏။ တစ်ပေါင်သည် ၁၉၇ ဒသမ ၅ ပဲယာစတာ ညီမျှပါသည်။ မြို့ရောက်အောင် နာရီဝက်ခန့်သွားရ၏။ လူတွေက အသား ပြီး ဆံပင်ကောက်ပါသည်။ များသောအားဖြင့် ဖိနပ်မပါကြဘဲ အချို့ ဦးထုပ်နှင့်သားရေဖိနပ်ပါကြပါသည်။ နွားလုံးဝမတွေ့ရဘဲ မြည်းနှင့် ကု အုတ်သာတွေ့ရပါသည်။ ကုလားအုတ် တော်တော်များများတွေ့ရပါ၏။ ဆူဒင်သားများမှာ အင်္ကျီအဖြူအပွကြီးများနှင့် လက်အောက် ခါးကြား ဓားမြှောင်ဆောင်ထားကြသည်ကို တွေ့ရ၏။ ညနေ ၅ နာရီတွင် ဆူ သင်္ဘောထွက်ခွာလာခဲ့ပါသည်။

၄-၇-


နံနက် ဝ၈း၀၀ နာရီတွင် ဆူးအက်ပင်လယ်ကွေ့ကို ရောက်လာ ညနေ ၉ နာရီတွင် ဆူးအက်မြို့ကိုရောက်ပြီး မြို့နှင့် တော်တော်လှမ်း နေရာတွင် သင်္ဘောကျောက်ချထားပါသည်။ ဆူးအက်မြို့ကလေးမှာ စိမ်းစို သဲကန္တာရအစွန်မှ အိုအေစစ်မြို့ကလေးဖြစ်၏။ ခေတ်မီ တိုက်ပုကလေး နှင့် တော်တော်သန့်သန့်ရှင်းရှင်း သပ်သပ်ရပ်ရပ်ရှိပါသည်။ ဆူဒန်က ထ သော ခရီးသည်အချို့မှာ ဆူးအက်မှာပင်ဆင်းကြပါသည်။ ဆူဒန်မှ ဆူးအ ပေါင် ၂၀ ကျသည်ဟုသိရ၏။

၅-၇-

ဆူးအက်မှ နံနက် ၆ နာရီတွင် ထွက်ခွာလာခဲ့ပါသည်။ ကျွန် တော့ နာမည်ကြီး ဆူးအက်တူးမြောင်းကို လေ့လာလိုသဖြင့် နံနက် ၅ န ကတည်းကထပြီး ကုန်းပတ်ပေါ် ရောက်နေပါပြီ။ တူးမြောင်းအချို့နေရာ နှတ်ခမ်းများပျက်စီးနေ၍ သင်္ဘောမြန်နှုန်းကိုလျှော့ပြီး ခုတ်မောင်းရပါသ



ချို့နေရာများမှာ တော်တော်ကျဉ်းမြောင်းပြီး တစ်ဖာလုံခွဲလောက်ပဲ ရှိမည် င်ရ၏။ နံနက် ၉ နာရီခွဲတွင် တော်တော်ကျယ်သောနေရာကို ရောက်လာပါ သည်။ ထိုအချိန်တွင် မြို့ကလေးတစ်မြို့ကို ဖြတ်သွားကြရပါသည်။ ဗြိတိသျှ တပ်စခန်း၊ လေယာဉ်ကွင်းနှင့် ဘားရိုက်အချို့ကိုတွေ့ရ၏။ ဆူးအက်မှ သည့်အချို့ တက်လာကြသေးသည်။ သူတို့လှေငယ်ကလေးတွေပါ တင်လာ ပြီး ပို့(တ်)ဆက်မြို့ (Port Said) အထိ လိုက်လာကြမှာဖြစ်၏။ တစ်ဦးကို ပေါင်ပေးရသည်ဟုသိရ၏။ သင်္ဘောခရီးသည်များက သူတို့ထံမှပစ္စည်းများ ကြပါသည်။ ကျွန်တော်လည်း ဇနီးသည်အတွက် အမှတ်တရ ပုတီးတစ်ကုံး ခဲ့ပါသေးသည်။ ရွာများအချက်ပြ ကြေးနန်းဌာနများ တော်တော်များများ လာပြီး ညနေ ၁၉း၃၀ နာရီတွင် ပို့(တ်)ဆက်သို့ရောက်ကြပါသည်။ (တ်)ဆက်မှာ အတော်ကြီးကျယ်ပြီး လှပသောမြို့တစ်မြို့ဖြစ်ပါသည်။ အီဂျစ်မ မှာလည်း တကယ်အလှဘုရင်များဖြစ်ပါသည်။ အရှေ့နှင့်အနောက် တကယ့် လှဆုံးတွေစုပြီး ထားသလော အောက်မေ့ရ၏။ အနောက်က ဖြူဆွတ်သော



ကမ္ဘာကျော် ဆူးအက်တူးမြောင်း

သားအရေနှင့် အရှေ့ဘက်က မျက်နှာပေးမျိုး၊ တကယ့်ကို ချောပါလှပပါ သည်။ အီဂျစ်အရာရှိတစ်ယောက်နှင့် တွဲလာသော အမျိုးသမီးလေးမှာ တကယ့် မြင်သူငေးရပါသည်။ အာရပ်ယောက်ျားတွေကတော့ စကားပြော မျက်မှာ တင်းတင်းမာမာရှိလှ၏။ သင်္ဘောက ပို့(တ်)ဆက်မှ ညသန်းခေါင်ကျော် နာရီခွဲတွင် ထွက်ခွာလာပါသည်။

www.burmeseclassic.com

www.burmeseclassic.com



၆-၇-၅၁

သင်္ဘောသည် မြေထဲပင်လယ်ထဲကို ဝင်လာပါပြီ။ ပင်လယ်မှာ ငြိမ်နေပြီး အလွန်ငြိမ်သက်နေပါသည်။ ဗြိတိန်အကြောင်းနှင့် ၁၉၅၁ ခုတွင် သူတို့ကျင်းပနေသော ပွဲတော်အကြောင်း စာအုပ်ငယ်များ သင်္ဘောပေါ်တွင် ဝေငှပါသည်။

၈-၇-၅၁

သင်္ဘောပေါ်မှ ကြော်ငြာသင်ပုန်းတွင် နောက်ဆုံးကြေးနန်းသတင်းထူးများကို ကပ်ထားလေ့ရှိပါသည်။ ယနေ့နံနက် ကိုရီးယားကိစ္စတွင် စစ်ပြေငြိမ်းရေး ဆွေးနွေးကြကြောင်း သတင်းများဖတ်ရပါသည်။ ည ၂၁း၃၀ နာရီတွင် မော်လတာကျွန်းကို ကျော်ဖြတ်လာပြီဖြစ်ကြောင်းသိရပါသည်။ ကျွန်းကိုတော့ မမြင်ခဲ့ရပါ။

၉-၇-၅၁

ယနေ့ ကျွန်တော်တို့အဖွဲ့တွင် အထူးစည်စည်ကားကား ရှိနေပါသည်။ ကျွန်တော်နှင့် ကိုခင်မောင်တင့်က ဘာဂျာမှုတ်ပြီး ကျုန်ရဲဘော်တွေက သီချင်းဆိုလက်ခုပ်တီးကြ၊ မစ္စမ်အလာဂေး၊ မစ္စစ်ဒီလုံးနှင့် မစ္စစ်ထွန်းသာတို့ပါ ကျွန်တော်တို့နှင့်လာပြီး လက်ခုပ်တီး၊ သီချင်းဆိုကြ၍ ကိုကြည်အေးအခန်းတွင် ရေနွေးကြမ်း ဝိုင်းသောက်ကြပါသည်။

၁၁-၇-၅၁

ည ၂၀း၁၅ နာရီကျမှ နေဝင်ပါတော့သည်။ ၂၁း၀၀ နာရီတွင် ဂျီဘရော်တာခံတပ်မြို့ကို ဖြတ်ကျော်လာ၏။ အလင်းရောင် အနည်းငယ်ရှိသေးသဖြင့် သမိုင်းတွင် နာမည်ကြီးသော ဂျီဘရော်တာခံတပ်ကို လှမ်းမြင်နေရပါသည်။ ကျောက်ဆောင်ကြီးများနှင့် ဗြိတိသျှတို့၏ ခံတပ်အဆောက်အအုံများမှာ အလွန်ပင် ခိုင်ခိုင်ခံ့ခံ့ ရှိလှပါသည်။ ရာသီဥတုမှာလည်း သိသိသာသာ အေးလာသဖြင့် အနွေးထည်များ ထပ်ဝတ်လာကြရပါပြီ။ ဂျီဘရော်တာလွန်လျှင်ပင် ငြိမ်သက်ပြီး သင်ဖြူးခင်းထားသကဲ့သို့ ပြန့်ပြူးလှသော မြေထဲပင်လယ်မှ ထွက်လာပြီဖြစ်သဖြင့် ပင်လယ်မှာ လှိုင်းထန်စပြုလာပါပြီ။ ည ၉ နာရီကျမှ နေဝင်ပါတော့သည်။



လှိုင်းများ ပိုကြီး၍ ပိုပြီးပြင်းထန်လာပါသည်။ ဘစ်စကေးပင်လယ်အနားရောက်လာလေ လှိုင်းထန်လာလေ ဖြစ်တော့၏။ လှိုင်းသိပ်ကြီးနေသည့်အခါတွင် ကုန်းပတ်ပေါ်ကိုပင် လူမတက်နိုင်တော့ပါ။ တစ်ခါတစ်ရံ ထွက်ပြီးလမ်းလျှောက်လျှင်လည်း မလဲမကွဲစေရန် သင်္ဘောလက်တန်းများကို ကိုင်ထားရသည်။ တစ်ခါတစ်ရံ လှိုင်းလုံးကြီးများသည် အိမ်ငယ်တစ်ဆောင်လောက်ကို ရှိပါသည်။ မကြာမီ ဆားငန်ရေများနှင့် မျက်နှာ၊ လက်မောင်းတို့တွင် အပေါက်ကလေးများ များလာသဖြင့် ကိုယ့်အခန်းကို ပြန်ကြရပါသည်။

၁၆-၇-၅၁

နံနက် ၁၀ နာရီတွင် အင်္ဂလန်ကျွန်း၊ တီလ်ဗူရီ (Tilbury) သို့ ဆိုက်ကြပါသည်။ ဇွန်လ ၁၁ ရက်တွင် သံလျက်စွန်းမှ ထွက်လာကြရာ ယနေ့နှင့် ၅ ရက်တိတိ ကြာခဲ့ပါသည်။ ၁၁း၃၀ နာရီတွင် သင်္ဘောပေါ်မှ ဆင်းကြပြီး ဘိလပ်မြေကိုနင်းမိပါပြီ။ စိန့်ပဲင်ကရာ(စ်) (St. Pancras) သို့ ရထားနှင့် လာရပြီး လန်ဒန်သို့ ကားနှင့်လာကြရပါသည်။ ဒုဗိုလ်စိုးမင်းနှင့် ရဲဘော် ကျွန်တော်တို့အား စိန့်ပဲင်ကရာ(စ်)မှာ လာကြိုကြပါသည်။ လန်ဒန်မှာ ကျယ်ကြီးကျယ်လှသော မြို့ကြီးဖြစ်ပါသည်။ ဖြတ်သန်းလာသမျှ အဆောက်အအုံကြီးများ၊ မီးရောင်စုံများနှင့် ဆိုင်ကြီးများ၊ လမ်းမကျယ်ကြီးများတွင် ဖြတ်သန်းခုတ် သွားလာလှုပ်ရှားနေသော ကားအမျိုးမျိုးနှင့် မျက်စိနောက်စရာ ဖြစ်နေပါသည်။ ပင်လယ်မြင်ကွင်းနှင့် ဖြုန်းခနဲ ထူးထူးခြားခြား ပြောင်းလဲသွား၍ ခြားနားချက်ကို ပို၍သတိထားမိခြင်း ဖြစ်ပါလိမ့်မည်။

၁၇-၇-၅၁

အမှတ် ၄၁၊ အား(စ်)ကုတ်တွင် တည်းခိုကြရပြီး နံနက်စာ စားအပြီး ဘဏ်တွင် ငွေသွားထုတ်ကြရပါသည်။ မြန်မာပြည်မှာလို အကြာကြီး စောင့်စရာမလိုဘဲ ချက်ချင်းပင် ငွေထုတ်ပြီးကြပါသည်။ တိုကင်ယူပြီး စောင့်ရသော ပြဿနာလုံးဝမရှိ၍ အချိန်ကုန်သက်သာလှပါသည်။ ထို့နောက် ကျွန်တော်တို့ အထုပ်အပိုးများယူပြီး ဝါတာလူး ဘူတာရုံကြီးသို့ သွားကြပါသည်။ လေတပ်မှ ဘိလပ်သို့ ရောက်နှင့်နေသော တပ်ကြပ် မောင်မောင်ကြီးက ကူညီသဖြင့်သာ အလွယ်တကူ မိမိတို့လိုချင်သည်များရပြီး လုပ်ချင်သည်များကို အဆင်ပြေပြေ လုပ်နိုင်ကြခြင်းဖြစ်ပါသည်။ ရထားနှင့်လိုက်လာကြ၍ အော်ဒါရှော့

www.burmeseclassic.com



(Aldershot) သို့ ညနေ ၄ နာရီတွင် ရောက်ကြပါသည်။

အော်ဒါရှော့ မောန်း (Mons) ဗိုလ်သင်တန်းကျောင်းမှ ဆာဂျင်
(အရာခံဗိုလ်)တစ်ဦးက လာကြိုပြီး ကျွန်တော်တို့တစ်တွေမှာ အရပ်ဝတ်မျ
ဖြစ်နေသဖြင့် စစ်ယူနီဖောင်း ဝတ်မလာရကောင်းလားဟုဆိုပြီး တ
တောက်တောက်လုပ်သေး၏။

မောန်းရောက်သောအခါ ပစ္စည်းများ ထုတ်ကြရပါသည်။ တပ်
အမြောက်တပ်မှ အော်ဒါရှော့သို့ ကျွန်တော်တို့ထက် စောရောက်နှင့်နေကြ
မြန်မာကျောင်းသား ၁၀ ယောက်ကို တွေ့ကြရပါသည်။ ၎င်းတို့ထံမှ အ
အညီများစွာရ၍ အထူးသဖြင့် အာသာဒေးဗစ်က စိတ်ရောကိုယ်ပါ အကူ
ပေးပါသည်။ ကျွန်တော်တို့အား ဂေါ်ရာများနှင့်ရောပြီး ဘာရိက်အတွင်း
ချထားလိုက်ပါသည်။ ကိုယ့်အဆောင် ကိုယ်ရောက်၍ မကြာမီပင် ဆံပင်
ကြရပါသည်။ အတော်ရှည်လျားသော ကျူအတန်းကြီး (queue) ကို
ပြီး ညှပ်သည်မှာတော့ ၅ မိနစ်ခန့်သာ ကြာပါသည်။ ပုံစံမှာလည်း နံ
နောက်က တော်တော်ပြောင်အောင် ညှပ်ပစ်လိုက်သော စစ်တပ်ပုံစံဖြစ်
အော်ဒါရှော့နှင့် မောန်းအကြောင်း အနည်းငယ်တင်ပြရန် လိုပါ
မည်။ အော်ဒါရှော့မှာ မင်္ဂလာဒုံ၊ ဗထူးတို့ကဲ့သို့ စစ်တပ်မြို့ပင်ဖြစ်
သင်တန်း အတော်များများရှိပြီး စစ်တပ်မြို့ကြီးတစ်မြို့ဟုခေါ်ရမည် ဖြစ်
သည်။ မောန်းစစ်ကျောင်းကြီးမှာ ဗြိတိသျှတပ်မတော် စစ်ထမဝင်
စနစ်အရ တပ်မတော်ထဲဝင်ရောက်လာကြသော လူငယ်များကို ယာယီ
တန်းဝင် အရာရှိများဖြစ်လာစေရန် လေ့ကျင့်ပေးသော ဗိုလ်သင်တန်းကျောင်း
ဖြစ်ပါသည်။ အချိန်တိုတို (၆ ပတ်)နှင့် ယာယီပြန်တမ်းဝင်အရာရှိဖြစ်လာ
နှစ်နှစ် စစ်မှုထမ်းပြီးသောအခါ အရပ်ဘက်မှ ကိုယ့်လုပ်ငန်း ကိုယ်
အလုပ်လုပ်ကိုင်ကြပါသည်။ တပ်ထဲတွင် ဆက်နေနိုင်ပြီး ယင်းသို့တပ်ထဲ
ဆက်နေသူအတော်ရှားပါသည်။

၁၈-၇-၅

လိုအပ်သော စစ်ပစ္စည်းများ တပ်မှထုတ်ကြရပြန်ပါသည်။ စာ
သောက်လို့ လွန်စွာကောင်းမွန်ပြီး နာဖီး (NAAFI စားသောက်ဆိုင်)
အစားအသောက် အတော်စုံစုံလင်လင်ရရှိ၍ စစ်သုံးပစ္စည်းများ (ဥပမာ–
ဆေး၊ ကြေးပွတ်ဆေး စသည်) လူသုံးကုန် အလှပစ္စည်းများ၊ အားကစား



ပစ္စည်းများ အတော်ပင် စုံစုံလင်လင်ရှိပါသည်။ ဈေးရောင်းသူ လက်ဖက်ရည်
ကော်ဖီဖျော်ပေးသူများမှာ အမျိုးသမီးများဖြစ်၍ အလွန်ချိုချိုသာသာ ရှိလှပါ
သည်။ နောက်မှ သိရသည်မှာ ယင်းအမျိုးသမီးများမှာ စစ်မှုထမ်းများ၏
ဇနီး သားသမီးများဖြစ်ကြပါ၏။ နံနက်တွင် လက်ချာများစပြီး ၂၀ ရက်နေ့တွင်
စစ်ရေးပြ ဆင်းကြရတော့မည်ဟု သိကြရပါပြီ။

၁၉-၇-၅၁

နံနက်စာ လွတ်သွားကြပါသည်။ ကြာသပတေးနေ့ဖြစ်၍ ခါတိုင်း
ထက် စောကျွေးသည်ကို မသိလိုက်ကြ၍ လွတ်သွားကြခြင်း ဖြစ်ပါသည်။
ဗိုလ်လောင်းအားလုံး ရိပ်သာတွင် ကိုယ့်ပန်းကန် ကိုယ်ယူစားသည့်စနစ် (Self-
Service) ဖြင့် စားကြသောက်ကြရပါသည်။ ယနေ့အတွက် နံနက်စာ
ရိပ်သာတွင် မရနိုင်တော့သဖြင့် (နာဖီး)တွင် သွား၍စားသောက်ကြရပါသည်။

အင်္ဂလန်ရောက်စတွင် ယခုလိုအဖြစ်မျိုး မကြာခဏ ကြုံရပါသည်။
ဆင်းဟတ်စ်ရောက်သည့်အထိ ဖြစ်ပါ၏။ ဗိုလ်လောင်းဘဝတွင် အမြဲပင်
ကြော်ငြာစာ ဖွင့်ထားတတ်ရန် လိုပါသည်။ တစ်ခါတစ်ရံ ကြော်ငြာသင်ပုန်းတွင်
ရေးထားသည်ကို မသိလိုက် မတွေ့လိုက်ရ၍ မလုပ်ရ မကိုင်ရ လွတ်သွား
တတ်ပါသေးသည်။ အမိန့်ထုတ်သည်ကို မသိလိုက်ပါဆို၍ အပြစ်မှမလွတ်ပါ။
ထွက်သမျှအမိန့် သိအောင်လုပ်ရန်က ဗိုလ်လောင်း၏ တာဝန်ဖြစ်ပါသည်။

(ဒါကို ကျွန်တော်က ကြိုတင်ရေးသလို ဖြစ်နေပါသည်။ ဤကဲ့သို့
ကြော်ငြာသင်ပုန်းကို မပြတ်ကြည့်နေရန် အမြဲမျက်စိနား ဖွင့်ထားရန်ဆိုသော
သင်ခန်းစာကို အလားတူ အမှားများ တော်တော်လုပ်မိပြီးမှ ရလာခြင်း ဖြစ်ပါ
သည်။ နောင်ဆိုလျှင် သူငယ်ချင်း အချင်းချင်းလည်း အမြဲသတိပေးနေရပါ
သည်။ 'ခင်ဗျား ဒါသိရဲ့လား'၊ 'ဘာကို ဘယ်အချိန်လုပ်ရမယ်'တဲ့။ 'ဘာကော
ထုတ်ပြီးပြီလား'၊ 'ဘယ်အချိန်၊ ဘာကို ဘယ်မှာ ထုတ်ရမတဲ့' စသည်ဖြင့်
တစ်ယောက်နှင့်တစ်ယောက် အမြဲသတိပေး ကူညီကြရပါသည်။)

သင်တန်းများ၊ သင်တန်းရပ်ရှင်များ စတင်တက်ကြရပါပြီ။ သင်တန်း
ဆင်းပွဲတစ်ခု တက်ကြရသေး၏။ တစ်ခါမျှ ဤကဲ့သို့ အခမ်းအနား စစ်ရေးပြ
မျိုး မကြုံဖူးသဖြင့် တော်တော်ကြည့်၍ ကောင်းနေပါသည်။ ဗိုလ်မှူးချုပ်
တစ်ဦးက အလေးပြုခံယူ၏။ စစ်ရေးပြမှာပင်ပန်းပြီး နေပူပြင်းသဖြင့် ဂေါ်ရာ
နှစ်ယောက် (အင်္ဂလိပ်ဟုခေါ်လျှင် သူတို့သိမည်စိုး၍ အင်္ဂလိပ်များကို ဂေါ်ရာဟု

www.burmeseclassic.com

www.burmeseclassic.com



ခေါ်ကြ၏။) မူးလဲကြသည်။

ဖိနပ်များ၊ ခါးပတ်များ တိုက်ကြရပါသည်။ ဤကဲ့သို့ ဖိနပ်၊ ခါးပတ် တိုက်ရသည်မှာ ဗိုလ်လောင်းတိုင်း၏ အဓိကအလုပ်တစ်ခု ဖြစ်နေပါ၏။

၂၀-၇-၅၁

စစ်ရေးပြမှာ တကယ့်ကိုပင်ပန်းလှပါသည်။ ဘာမဆို အမြန်လုပ်နေကြရပြီး သင်တန်းခန်းတွေကို သွားသည်ကလည်း အမြန်လျှောက်သွားကြရပါသည်။ ကျွန်တော်တို့အားလုံး မြေပုံဖတ်ပညာတွင် အခြားကျောင်းသားများထက် တော်တော်နောက်ကျနေကြပါသည်။ ဆရာဖြစ်သူ (Captain) ဗိုလ်ကြီးက အချိန်ပိုသင်ပေးမည်ဖြစ်ကြောင်း ပြောပြပါသည်။

နက်ဖြန် စနေနေ့တွင် တပ်စုလိုက် အဆောင်စည်းကမ်း ပြိုင်ရမည်ဖြစ်၍ ဘားတိုက် ပတ်ဝန်းကျင်ပိုပြီး ရှင်းလင်းနေကြရပါသည်။

၂၁-၇-၅၁

တပ်စုသန့်ရှင်းရေး ပြိုင်ဆိုင်ရာတွင် ဆရာများက သူတို့ဘာသာ သူတို့စစ်ဆေးပြီး အမှတ်ပေးခြင်းဖြစ်ပါသည်။ ကျောင်းသားများကမူ ရှင်းလင်းထားရပြီး ကိုယ့်သင်တန်းကိုယ် ဆက်တက်နေကြရပါသည်။ အနိုင်အရှုံးကို နောက်ကျတော့မှ ဆရာများက ကြေညာပေးခြင်းဖြစ်ပါသည်။

စနေနေ့တွင် နေ့ဝက်သာ သင်တန်းတက်ရသဖြင့် အော်ဒါရှေ့သွားပြီး မီးပူဝယ်ရပါသည်။ ကျောင်းတွင် ဗိုလ်လောင်းတစ်ယောက်တွင် ဓာတ်မီးပူ တစ်ခုမှာ မရှိမဖြစ်ပစ္စည်း ဖြစ်ပါသည်။ ထူပိန်းနေသော သက္ကလတ်ဝတ်စုံ (B.D. Battle Dress) များကို ခေါက်ရိုးကျအောင် နေ့စဉ် မီးပူတိုက်ကြရပါ၏။

အခန်းပြန်ရောက်ကြသောအခါ ကိုလေးမောင်ကြီး[၁] ကျွန်တော်တို့ကို စောင့်နေသည်ကို တွေ့ကြရ၍ အလွန်ပင် ဝမ်းသာသွားကြပါသည်။ သူ့ဆီမှ အလွန်ကောင်းသော အကြံဉာဏ်များ ရကြပါသည်။ ကျောင်းသားဟောင်းများ အနက် ကိုလေးမောင်ထံမှ အကူအညီ အများဆုံးရကြပါ၏။ ကိုလေးမောင်မှာ ကျွန်တော်တို့ထက် တစ်ပတ် (ဖြ လ) စော၍ ဘုရင့်စစ်တက္ကသိုလ်သို့ ရောက်နေသူဖြစ်ပါသည်။ သူတို့အပတ်တွင် ကိုလေးမောင်၊ ကိုဝင်းမောင်၊ (ယခု

၁။ ယခု ပြည်သူ့ဥပဒေအကျိုးဆောင်အဖွဲ့ဝင်



...ဘ် ၁၊ စက်မှုဝန်ကြီးဌာန)၊ ကိုကိုကြီး (ကွယ်လွန်)၊ မောင်မောင်အေး ...ယ်နှင့် ခရီးသွားလာရေးကော်ပိုရေးရှင်း၊ ဦးဆောင်ညွှန်ကြားရေးမှူး)တို့ ...ဖြစ်၏။

တစ်နေ့လုံးလိုလို ဖိနပ်တိုက်ကြရပါသည်။ ကိုလေးမောင်ကြီးက ...း ဖိနပ်တိုက်ပေးပါ၏။ ဖိနပ်တိုက်သည်မှာလည်း ပညာတစ်ရပ် ဖြစ်ပါ ...။ စစ်ဖိနပ်ကြီးများကို ထိပ်နှင့် ဖနောင့်ကို ပြောင်လက်နေပြီး မှန်ကဲ့သို့ ...ကြည့်ရအောင် တိုက်ကြရပါသည်။ ကိုလေးမောင်က သေသေချာချာ ...ည်လက်ရှည် ပြပေးပါသည်။ အဝတ်စတစ်ခုနှင့် ဖိနပ်ဆေးနည်းနည်း ...က် ရေလေး အစက်ချလိုက်၊ ထိုနောက် အဝိုင်းလေးတွေ တစ်ဝိုင်းပြီး ...း စိတ်ရှည်ရှည် အကြာကြီးကိုတိုက်မှ လိုအပ်သောအဆင့်သို့ ရောက်ပါ ...။ ဤကဲ့သို့ ဖိနပ်တိုက်ရသည်မှာ နေ့စဉ်အလုပ်ဖြစ်ပါ၏။ တကယ် ...ကျနေအောင် တိုက်ထားသော ဖိနပ်ဆိုလျှင် မိမိ စီးခါနီးတွင် အသာလေး ...ိုက်ရုံနှင့် ပြောင်သွားပါတော့သည်။ တကယ်တော့ မောန်းတွင် ဖိနပ် ... တကယ် မတတ်သေးပါ။

ဆင်းဟတ်စ်ရောက်တော့မှ ဖိနပ် တကယ်တိုက်တတ်ကြခြင်း ဖြစ်ပါ

ကိုအောင်ကျော်ခိုင်၊ ကိုအုန်းဖေ၊ ကိုမောင်မောင်၊ ကိုချစ်ဆွေ၊ ကိုကိုကြီး ...ာကြပါသည်။ ကူညီကြရန် မောန်းသို့ လာကြခြင်းဖြစ်ပါသည်။

ဤကဲ့သို့ အရင်ရောက်နေသူ ကျောင်းသားကြီးများက ကျောင်းသား ...ားကို ကူညီခြင်းမှာ မြန်မာကျောင်းသားများ၏ အလွန်ကောင်းသော ...အလာတစ်ရပ်ဖြစ်ပါသည်။ ထိုအစဉ်အလာဖြစ်လာအောင် တာဝန်အရှိဆုံး ...ကိုလေးမောင်ကြီး ဖြစ်ပါ၏။ နောက် ရောက်လာသော ကျောင်းသားများ ...ယ်ဖိရင်ဖိ တကယ်ကို ကူညီပေး၍ အရင်ရောက်လာသော ကျောင်းသား ...က နောက်ရောက်လာသော ကျောင်းသားတွေကို မောန်းမှ ဆင်းဟတ်စ် ... ကောင်းကောင်းမွန်မွန် ညီငယ်လေးများသဖွယ် စောင့်ရှောက်ကြပါ ...

ကိုအောင်ကျော်ခိုင်က ကျွန်တော်တို့ ရောက်သောအခါ ဒုဗိုလ်ဖြစ်နေ ...အုန်းဖေ၊ ကိုမောင်မောင်၊ ကိုချစ်ဆွေ၊ ကိုတင်ဝင်းညိုတို့က တစ်ပတ် ... (ကိုအုန်းဖေမှာ တပ်ထဲမှ ၁၉၆၀ ပြည့်နှစ်လောက်တွင် ထွက်သွား၍ ...မ်အိုစီတွင် စာရင်းကိုင်ချုပ်ဖြစ်ပါသည်။ ကိုမောင်မောင်မှာ စစ်ဦးစီး

www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်မှူးကြီးဖြစ်လာ၍ ယခုအငြိမ်းစား၊ ကိုချစ်ဆွေမှာ ဗိုလ်မှူးဖြစ်ပြီး သေ
ကိုတင်ဝင်းညိုမှာ ယခင်လမ်းစဉ်ပါတီဌာနချုပ်၊ ကိုကိုကြီးမှာ ယခုဒုဗိုလ်
**အမြောက်တပ်၊ သေဆုံး)တက်နေသူများ ဖြစ်ပါသည်။**

၂၃-၇

တိမ်တွေထူထပ်နေပြီး နေရောင်လုံးဝ မမြင်ရပါ။ အလွန်အေ
သည်။ စစ်ရေးပြ တစ်ချိန်ရှိ၍သာ တော်တော့သည်။ တကယ့်ကို ယေ
ယောဟဲနှင့် လျှာထွက်အောင်မောင်းသော စစ်ရေးပြဖြစ်ပါ၏။ ယနေ့ ဆံ
ပါသည်။ ဆံပင်ရှည်လျှင်လည်း အပြစ်ပေးခံရတတ်၏။

၂၅-၇

စစ်ရေးပြ တစ်ချိန်ပြီး လေ့ကျင့်ရေးရုပ်ရှင် ကြည့်ရပါသည်။ (
ကွယ်မျက်ကွယ်) အလွန်ကောင်းသော ရုပ်ရှင်ဖြစ်ပြီး ခေါင်းထဲတွင်
တည်း စွဲသွားပါသည်။ ရုပ်ရှင်မပြမီနှင့် ပြပြီးသောအခါ ဆရာများက
ရှင်းလင်းပြသပါသေးသည်။

အားကစားအချိန်တွင် ဝါးလုံးထောက် ခုန်ကြည့်ပါသည်။ ဝါး
မှာ ကျွန်တော်တို့ မြန်မာပြည်တွင် သုံးနေကျ ဝါးလုံးအစစ်မဟုတ်ဘဲ
ဝါးလုံးများဖြစ်နေ၍ ခုန်မရပါ။ မြန်မာပြည်တွင် ၉ ပေလောက်
ယခု ၈ ပေပင် ခုန်၍မလွတ်ပါ။

၂၆-၇

မြေပုံဖတ်ပညာကို ပြင်ပတွင် လေ့ကျင့်ကြရပါသည်။ ၃ မိုင်
လောက် လမ်းလျှောက်ကြရ၏။ ရာသီဥတုမှာ အေးလှပါသည်။ လှုပ်
၍သာ တော်ပါတော့သည်။

စက်ပစ်ကွင်းတွင် ကတုတ်မှနေပြီး အချက်ပြရသော တာဝန်
သည်။ ယင်းတာဝန်မှာ မခက်ခဲလှပါ။ မြန်မာပြည်တွင်လည်း လေ့ကျ
အလှယ်တကူပင် လုပ်ဆောင်နိုင်ပါသည်၊ မျက်စိရှင်ရန်လို၍ တာ
ကြည့်နေပြီး မည်သည့်နေရာတွင် ကျည်ထိသည်ကို သတ်မှတ်ထားသ
အတိုင်း မှန်မှန်ကန်ကန် အချက်ပြရုံသာဖြစ်ပါသည်။ တားဂက်တို
မမှန်သည့်အခါ မြန်မာပြည်တွင် ပြခဲ့သည့်နည်းအတိုင်း အလံနီ ယော



သော ဖြစ်ပါ၏။ ယနေ့ ပစ်ခတ်ကြသည့် အတွဲများတွင်လည်း အလံနီတချို့
သေး၏။ ညနေတွင် ကိုလေးမောင်ကြီး ရောက်လာပြီး အတိုက်အချွတ်
ညီပါသည်။

၃၁-၇-၅၁

ကျောင်းဆင်းပွဲအတွက် အစမ်းလေ့ကျင့်ရပါသည်။ ကျွန်တော်တို့
ကျောင်းဆင်းပွဲ မဟုတ်သေးပါ။ အရင်ရောက်နေသော ဗိုလ်လောင်းများ
ကျောင်းဆင်းရမှာ ဖြစ်ပါသည်။

၁-၈-၅၁

အခက်အခဲတွေ ကျော်လွှားခြင်း လုပ်ရပါသည်။ အခက်အခဲဆိုသည်
မှာ ရေမြောင်းဖြတ်ကူးခြင်း၊ အုတ်နံရံကျော်တက်ခြင်း၊ အမြင့်ခုန်စုံနေပါသည်။
ဝတ်စုံနှင့် သံခမောက်ဆောင်းပြီး သေနတ်များနှင့် လေ့ကျင့်ကြရခြင်း
၏။ ထိုအချိန်အပြီး ကပျာကယာ စစ်ရေးပြဝတ်စုံလဲပြီး ကျောင်းဆင်းပွဲ
အတွက် လေ့ကျင့်ကြရပြန်ပါသည်။ ကျောင်းဆင်းပွဲအတွက် လေ့ကျင့်ခြင်း
သော်လည်း အလွန့်အလွန်ကို ပင်ပန်းပါ၏။ အင်္ဂလန်ရောက်ခါမှ အပင်
ဆုံးဟု ထင်ရပါသည်။

၂-၈-၅၁

ကျောင်းဆင်းပွဲနေ့။ နောင်တော် ပထမရောက်နှင့်သော ဗိုလ်လောင်း
များ ကျောင်းဆင်းပွဲဖြစ်ပါသည်။ ကျွန်တော်တို့က သူတို့နှင့်ရောပြီး စစ်ရေးပြထဲ
ဝင်ရခြင်းဖြစ်၏။ အသေအလဲ ပင်ပင်ပန်းပန်း လေ့ကျင့်ရသော ပွဲတစ်ခုတော့
သွားပါပြီ။ ရေတပ်ဗိုလ်ချုပ်တစ်ဦးက အလေးပြုခံပါသည်။

နေ့ခင်း ပွိုင့် ၂၂ ရိုင်ဖယ်ပစ်ရပါသည်။

၃-၈-၅၁

ပြင်ပ လေ့ကျင့်ခန်း၊ ခံစစ်လေ့ကျင့်ကြရ၏။ စစ်ဝတ်စုံ၊ နောက်ကျော
အိတ်၊ ကျည်ဆန်အိတ်တွေအပြင် ဂေါ်ပြား၊ ပေါက်ချွန်းတွေပါ ယူခဲ့ကြပြီး
စစ်ကျင်းများ တူးကြရပါသည်။ ယနေ့ နေ့ခင်းမှစပြီး ကျောင်း ၅ ရက်
ပါသည်။ လန်ဒန်ကို သူငယ်ချင်းတစ်ယောက်နှင့် သွားခဲ့ကြပြီး **ဟိုက်တော်**

www.burmeseclassic.com

www.burmeseclassic.com



က သူယောင်မယ်တွေနှင့် အပြာဇာတ်ကို လက်တွေ့သွားလေ့လာကြပါသ

အလွန်ယဉ်ကျေးပါသည်ဆိုသော နိုင်ငံကြီးသည် သည်နေရာမှာ ကျွန်တော်တို့ ယဉ်ကျေးမှုနှင့် တခြားစီပါ။ လွတ်လပ်ခွင့် ပေးထားပုံကလ အံ့မခန်း ဖြစ်ပါသည်။

ဟိုက်ပတ်ဆိုသည်မှာ အလွန်သာယာသော ပန်းခြံကြီး ဖြစ်ပါသ နွေအခါ၌ မြက်ခင်းပြင်ကြီးများမှာ အစိမ်းရောင်ကော်ဇောကြီးများ ခင်း သည့်အလား အောက်မေ့ရ၏။ ရေကန်ကလေးများလည်း ရှိပါသေးသ နေရောင်ဝေးသော နေရာဖြစ်၍ နေနုနုလေး ပူနေချိန်များ၌ သာယာလှ ရေကန်နံဘေးတွင် ရောင်စုံပန်းကလေးများပွင့်နေပြီး ထိုင်ခုံများတွင် လူ ပြည့်နေတတ်ပါသည်။ ရေကန်ထက်တွင် ငန်းဖြူကြီးများ နံဘေးတွင် ခိုက များနှင့် အလွန်ပင်သာယာလှပါ၏။ အချို့နေရာများတွင် သစ်ပင်ကြီးမျ အရိပ်ချင်း ဆက်နေပါသည်။

ဓာတ်မီးတိုင်များက တစ်နေရာနှင့်တစ်နေရာ ဝေးဝေးခြားပြီး အ များထဲတွင် သူယောင်မယ်တွေနှင့် အလုပ်မဖြစ်သေးသူတွေက သူတို့ ဖြတ်သွားသော ကျားသတ္တဝါများကို ပြီတီတီပြောပြီးခေါ်ကြ၏။ မြူဆွယ ၏။ အလုပ်ဖြစ်သူတွေက ခပ်တင်းတင်း ဘာမှမဖြစ်သလို သူ့အလုပ် သူ နေကြကုန်၏။ အနီး မလှမ်းမကမ်းတွင် ပုလိပ်များရှိပြီး သူတို့အပြာဇာတ် ရပ်ကြည့်သူမရှိအောင် စောင့်ရှောက်ကြလေသည်။ ရပ်ကြည့်သူတို့ရှိလျှင် သူ က ဆက်ပြီးလျှောက်သွားခိုင်းပါသည်။ ရပ်ကြည့်မနေရပါ။

ဟိုက်ပတ်တွင် တခြားနာမည်ကြီး မြင်ကွင်းတစ်ခု ရှိပါသေးသ ဆပ်ပြာသေတ္တာ (Soap Box) တရားဟော ဆရာများဖြစ်၏။ တရား ဆရာများက ကိုယ့်သေတ္တာ ကိုယ်ယူလာပြီး သေတ္တာပေါ်တက်၍ နားထော ၃၊ ၄၊ ၅ ယောက်ရှိလျှင် စပြီး တရားဟောကြပါတော့သည်။ သေတ္တာလေ က ၃ ပေ၊ ၂ ပေခွဲ၊ တစ်ပေလောက် ရှိပါလိမ့်မည်။ ဘာသာရပ်ကလ ကန့်သတ်ချက်မရှိပါ။ နိုင်ငံရေး၊ လူမှုရေး၊ လူမျိုးရေး၊ အသားအရေ ခွဲခြားမှုစုံနေပါသည်။ ဟောသူက စိတ်ပါလက်ပါ ဟောသလို၊ အော နားထောင်သူတွေက အချင်းချင်းစကားပြောရင်း နားထောင်ကြ၊ တစ်ခါတ တရားဟောဆရာနှင့် ငြင်းခုံကြလုပ်သေး၏။ တစ်နေရာက တရားနာကြ သဘောမကျလျှင် အခြားဆပ်ပြာသေတ္တာကို သွားပြီးတရားနာကြပြန်ကု ကျွန်တော်တို့ ဝင်နားထောင်မိသောတရားဟောဆရာက အသားမည်း (က



တစ်ဦးဖြစ်ပါသည်။ ရင်ကိုကော့ လက်မထောင် စကားပြောနေပါသည်။ သူက အသားအရောင်ခွဲခြားတာ မကောင်းကြောင်းပြောနေသည်ကို အောက်က အဖြူ တစ်ယောက်က လှမ်းနောက်လိုက်ရာ 'အေး၊ မင်းတို့ အသားဖြူတဲ့လူတွေက တို့အမည်းတွေနဲ့ မတူဘူး၊ မတန်ဘူး ပြောတယ်မဟုတ်လား။ အခု ငါပြော တာဟောတာ မင်းတို့ လာနားထောင်ကြရတယ် မဟုတ်လား။ ဘယ်သူက အသိဉာဏ်ပိုသလဲ'ဟုဆိုပြီး ချပါတော့သည်။ အလွန်ကောင်းသော စရိုက်တစ်ခု မှာ မည်သည့်အခါမျှ သည်လိုတရားပွဲများတွင်ရန်ဖြစ်သည် မကြားရဖူးပါ။ တွေ့လည်း မတွေ့ခဲ့ဖူးပါ။ ပုလိပ်တွေက မလှမ်းမကမ်းမှာပဲ ရှိကြပါသည်။ ကျွန်တော်တို့ ကြည့်ရှုကြစဉ် ပုလိပ်က ဘာမှဝင်ပြီးစွက်ဖက်သည်ကို မတွေ့ခဲ့ ရပါ။

၄-၈-၅၁

မြန်မာသံရုံးသွားပြီး ငွေထုတ်ကြပါသည်။ နေ့တွက်နှင့် ခရီးစရိတ်များ ဖြစ်ပါသည်။ နေ့လယ် ၁၂ နာရီကျော်မှ ရခဲ့ကြ၏။

၆-၈-၅၁

ကျောင်းပိတ်ရက်စေ့သဖြင့် ကျောင်းပြန်ပြီး ဖိနပ်တိုက်၊ ခါးပတ်တိုက်၊ အဝတ်တွေ မီးပူတိုက်လုပ်ကြရပြန်ပါပြီ။

၇-၈-၅၁

ပြင်ပတွင် လေ့ကျင့်ခန်း လုပ်ကြရပါသည်။ သရုပ်ပြလည်း ကြည့်ကြ ရ၏။ သရုပ်ပြကြည့်နေကြစဉ်မှာပင် ကင်တင်းကားကြီးနှစ်စီး [၁] ရောက်လာပါ သည်။ ကျောင်းသားများက သရုပ်ပြကြည့်လိုက်၊ ကင်တင်းကားဘက် လှည့် ကြည့်လိုက်နှင့် ဖြစ်နေပါသည်။ တန်းလည်းဖြုတ်လိုက်ရော ကင်တင်းကားကို အပြေးအလွှားသွားကြပြီး သူ့ထက်ငါ ဦးအောင်တန်းစီကြပါသည်။ ကင်တင်း ကားတွင် လက်ဖက်ရည်၊ ကော်ဖီ၊ မုန့်အမျိုးမျိုး၊ ချောကလက်၊ စီးကရက်၊ မီးခြစ်၊ အချိုရည်စုံနေအောင်ရပါသည်။ ဘယ်လောက် ပင်ပန်းပင်ပန်း ကျွ သို့ သက်သာချောင်ချိရေး အစီအစဉ်များရှိနေသဖြင့် စည်းစိမ်နှင့် သင်တန်းတက်

၁ Mobile Canteen

www.burmeseclassic.com

www.burmeseclassic.com



ခြင်းဟု ခေါ်ရမည်ထင်ပါသည်။ စစ်အတွင်း ဂျပန်ခေတ် စစ်တက္ကသိုလ်တက်စဉ်က ဆင်းရဲပင်ပန်းကြီးခဲ့ရပုံများ၊ တစ်ခါတစ်ရံ ပင်ပန်းလွန်းသဖြင့် မှောက်နေရာမှ ကိုယ့်အောက်က မြက်စိုစို ရွှမ်းရွှမ်းလေးတွေနုတ်ပြီး အမြစ်ဖြူဖြူလွလွလေးကို ဝါးကြည့်ပုံများ သွားပြီးအမှတ်ရနေပါသည်။

ဤကဲ့သို့ ကင်တင်းကား လိုက်လာသောအခါ အချို့ ကျွန်တော်တို့နှင့်ခင်နေသော ဂေါ်ရာလေးများဖြစ်ပုံကို တင်ပြပါဦးမည်။ သူတို့မှာ ငွေပါမလာသောအခါ ကျွန်တော်တို့ စားသောက်နေသည့် အနားလာပြီး ငွေကပ်ချေးတတ်ပါသည်။ များများစားစား မဟုတ်ပါ။ ကော်ဖီဖိုး၊ မုန့်ဖိုးဖြစ်၍ တစ်သျှီလင်နှစ်သျှီလင်လောက်သာ ဖြစ်ပါ၏။ 'မင်းကို ငါ တစ်သျှီလင်ပေးစရာရှိတယ်နော်'ဟုဆိုပြီး စာချုပ်သလို ပြန်ပြောလေ့ရှိပါသည်။ ကျွန်တော်တို့က သူငယ်ချင်း အချင်းချင်း တစ်သျှီလင်လောက်ကို မှတ်သားထားလေ့မရှိပါ။ သူတို့ကတော့ ဒါလောက်ကိုပဲ ပြန်ပေးဖြစ်အောင် ပေးကြပါသည်။

၈-၈-၅၁

အပင်ပန်းဆုံး ကိုယ်လက်ကြံ့ခိုင်ရေး လေ့ကျင့်ခန်း လုပ်ကြရပါသည်။ အဖွဲ့လိုက် အခက်အခဲများ ကျော်ဖြတ်ရခြင်းဖြစ်၍ ပင်ပန်းပုံကို ပြောမပြနိုင်တော့ပါ။ အခက်အခဲဆိုသည်ကိုက ကျော်ရဖြတ်ရ ခက်ရသည့်အထဲ ပြိုင်ပွဲကျင်းပသဖြင့် တပ်စုတစ်ခုနှင့်တစ်ခု အနိုင်ရအောင် လုပ်ကြရရာ တကယ့်ကိုပင်ပန်းလှပါသည်။ ပင်ပန်းရသည့်အထဲ ကိုယ့်ကိုယ်ကိုယ် မထိမိမခိုက်မိအောင် ဂရုစိုက်လုပ်ကြရသေး၏။

၉-၈-၅၁

နက်ဖြန် တပ်ခွဲတစ်ခွဲလုံး အပြင်ထွက် လေ့ကျင့်ကြရမည် ဖြစ်သဖြင့် ပြင်ဆင်ကြရပါသည်။ ပြင်ဆင်နေသည့်အထဲမှ ကိုကြည်အေးက သွားငါးပိကြော်ဘူးဖွင့်ပါသည်။ ကျွန်တော်တို့အဖွဲ့ ပေါင်မုန့်နှင့် ငါးပိကြော် ထိုင်စားနေကြစဉ် အတူသင်တန်းတက်နေသော ဝေါလ်တားစ်အမည်ရှိ ဂေါ်ရာတစ်ယောက်က ဘာလဲဆို အနားလာကြည့်သဖြင့် ဒါမြန်မာတွေ အလွန်ကြိုက်တဲ့ အစာဖြစ်ကြောင်း ပြောပြပါသည်။ သူမြည်းကြည့်ချင်သည်ဆိုပြီး နည်းနည်းယူစားပြီး 'အားအား စပ်လိုက်တာ စပ်လိုက်တာ' (So hot, so hot) နှင့် အော်ပြီးပြေးပါတော့သည်။



၁၀-၈-၅၁

တစ်နေ့လုံး ပြင်ပတွင် လေ့ကျင့်ခန်းလုပ်ကြရပါသည်။ ခံစစ် ထိုးစစ်နေ့လုံး လေ့ကျင့်ကြရခြင်းဖြစ်၏။ ညတွင်ပါ ပြင်ပတွင် အိပ်ရသဖြင့် မြေကို ချမ်းလှပါသည်။ စင်စစ် ဩဂုတ်လဖြစ်၍ ဆောင်းဦးတောင် မဝင်သေး။ သို့သော် လေကတိုက်နေသဖြင့် တကယ့်ကိုအေးလှပါသည်။ နေ့ခင်း ကျွန်တော်က တပ်စိတ်မှူးလုပ်ရပြီး ညတွင် တိုက်ကင်းခေါင်းဆောင်ရပါသည်။

၁၁-၈-၅၁

နံနက်တွင် တပ်ကိုပြန်လာကြရပြီး စစ်ရေးပြ အချိန်ရှိသော်လည်း အရှည်ဆုံးသူများ (၅ ပေ ၉ လက်မအထက်)သာ ဂုဏ်ပြုကင်းအတွက် ကျင့်ရခြင်းဖြစ်၍ ကျွန်တော်တို့ မြန်မာကျောင်းသားများ၊ သီဟိုဠ် ကျောင်းသားများ အားနေကြပါသည်။ အော်ဒါရှော့သွားပြီး ရုပ်ရှင်ကြည့်ကြ၏။

၁၂-၈-၅၁

အော်ဒါရှော့တွင် ရုပ်ရှင်ကြည့်ကြပါသည်။ (River lady and the lead Soldiers) ဘိုလပ်မှ ရုပ်ရှင်ရုံများအကြောင်း အနည်းငယ်ပြောပါဦးမည်။ ရုပ်ရှင်ရုံများမှာ စပြပါပြီဆိုကတည်းက မနားတမ်း ဆက်တိုက်ပြသည်။ များသောအားဖြင့် ကားကောင်းကောင်း နှစ်ကားနှင့် သတင်းကား၊ ကာတွန်းကားပါ ပြတတ်ပါသည်။ ဆက်တိုက်ပြ၍ ရရှိသောအကျိုးမှာ အချိန်မီလိုက်၍ မကြည့်ရသည်မရှိတော့။ တစ်နေရာက ဝင်ကြည့်ပြီး ဆက်ကြည့်သွား၍ ထိုနေရာ ပြန်ရောက်သည့်အခါ ပြန်ထွက်ရန်သာဖြစ်၏။ ကြည့်ချင်၍ (မိမိတို့အားနေလျှင်) ဆက်ကြည့်နေလျှင်လည်းရပါသည်။ မည်သူမှ မည်သူကမျှ ဘာမှပြောမည်မဟုတ်ပါ။ သို့သော် လူတွေမှာ ကိုယ့်အလုပ်နှင့်ကိုယ် အလုပ်ရှုပ်နေသူများဖြစ်၍ အချိန်ကုန်ခံပြီး နှစ်ခါကြော့ကြည့်သူ နည်းလှသောက်ဖြစ်ပါသည်။ ကိုယ်စကြည့်သည့်နေရာ ရောက်လျှင် ရုံမှ ပြန်ထွက်ကြသည်။ ရုံတွေကလည်း လူပြည့်သည်ဟု ရှိခဲလှပါသည်။ လူဘယ်နှယောက်ကြော်ငြာထားသည့် စပြချိန်တွင်ပြကြပါသည်။

www.burmeseclassic.com

www.burmeseclassic.com



၁၃-၈-

ယနေ့လည်း တစ်နေ့လုံး ပြင်ပမှာပင် လေ့ကျင့်ခန်းများ ဆက်လ လုပ်ကြရပါ၏။ **ယနေ့တော့ ပင်ပန်းနေကြ၍ သိပ်ချမ်းချိန်ပင် မရလိုက်ပြ ညတွင် ကင်းတာဝန်ကျပါသည်။**

၁၄-၈-

တပ်စုလိုက် ကိုယ်လက် ကြံ့ခိုင်ရေး ပြိုင်ကြရပါသည်။ နေ့ခင်း နောက်ဆုံးစစ်သော စာမေးပွဲ ဖြေကြရပါသည်။ တော်တော် ဖြေဆိုနိုင်ပါသ

၁၆-၈-

စာမေးပွဲတွင် အမှတ် (၁၄၀) ပေးသည့်အနက် ကျွန်တော်က မှတ် ရပါသည်။ အတော်ကောင်းသည် ဆိုနိုင်ပါသည်။ သူများ ကျောင်း ပွဲတွင် စစ်ရေးပြဝင်လုပ်ကြရ၏။ နံဘေးကကြည့်ကြသော ပရိသတ် အ များပါသည်။

၁၈-၈-

စစ်ဥပဒေနှင့် အုပ်ချုပ်မှုစာမေးပွဲ ဖြေနိုင်ပါသည်။ ပြင်ပတွင် ဆော လေ့ကျင့်ခန်း လုပ်ကြရပါသည်။ မနေ့က ကျွန်တော်တို့တပ်ခွဲမှ ဗိုလ် ယောက် မိခင်တပ်ရင်းပြန်အပို့ခံရပါသည်။ ယင်းသို့ ပြန်ပို့ခြင်းကို (Re to Unit - RTU) ဟုခေါ်ပြီး ဗိုလ်လောင်းတိုင်း အကြောက်ရဆုံး ဖြ ဖြစ်ပါသည်။

၂၀-၈-

စစ်ဥပဒေနှင့် အုပ်ချုပ်မှုတွင် ကျွန်တော်က အမှတ် (+၆)ရခဲ့ပါ ထိုအမှတ်သည် ကျွန်တော်တို့တပ်စုတွင် အများဆုံးဖြစ်ပြီး တပ်ခွဲမှာပင် တော်ကောင်းသောအမှတ် ဖြစ်ပါ၏။ သူတို့အမှတ်ပေးပုံ တင်ပြပါဦး အများဆုံးမှာ (+၉)ရနိုင်ပါသည်။ သုည (၀)ကပျမ်းမျှပဲဖြစ်ပါသည် အောက်အမှတ်ကိုလည်း (−၉)အထိပေးပါသည်။ ထို့ကြောင့် (+၆)ဆိုသ တော်တော်ကို ကျေနပ်လောက်ပါသည်။ စာတွေ့နှင့် လက်တွေ့ပေါင်း (Combined grade) ပေးပါသေးသည်။ ယင်းမှာလည်း ကျွန်တော်က



ပါသည်။ အော်ဒါရှော့က ဟိုတယ်တစ်ခုတွင် တပ်စုလိုက်သွားကြပြီး နှုတ် ဆက်ပွဲကျင်းပကြပါသည်။

၂၁-၈-၅၁

ပြင်ပလေ့ကျင့်ခန်းမှာ တပ်ခွဲမှူးက သင်ကြားပြသမှုနည်းနာများနှင့် ဆိတ်စာတ်အကြောင်း လက်ချာပေးပါသည်။ တော်တော် မှတ်သားလောက်ပါ ၏။

၂၂-၈-၅၁

ကျွန်တော်တို့ ကျောင်းဆင်းပွဲအတွက် လေ့ကျင့်ကြရပါသည်။ ပင်ပန်း သော်လည်း ကိုယ့်ကျောင်းဆင်းပွဲအတွက်ဖြစ်၍ လုပ်ရကိုင်ရကောင်းပါသည်။ အဝတ်ကြမ်း ဝတ်စုံ (Denims) ကို အခန်းထဲတွင် လှမ်းထားရာ ပျောက်သွား၍ လျော်ပေးရမည်ဟု ကြားရပါသည်။ ၂ ပေါင် ၅ သျှီလင် ၉ ပဲနိဖြစ်၍ တော်တော် ကိုများလှပါသည်။

၂၃-၈-၅၁

ကျောင်းဆင်းပွဲနေ့တွင် အားလုံးအဆင်ပြေပါသည်။ နက်ဖြန် လန်ဒန် သွားကြရန် ပြင်ကြဆင်ကြပါသည်။

၂၄-၈-၅၁

အခြားရဲဘော်များ လန်ဒန်သွားကြပြီ။ ကျွန်တော်သည် ဒင်နင်းပျောက် နှင့်ကျန်ရစ်ခဲ့၏။ အမှု မလုပ်ဖြစ်ပါ။ ပလပ်လိုက်ပြီး လျော်လည်း မလျော် ပါ။ တော်ပါသေး၏။ နှစ်ပေါင်ကျော်ဆိုသော ငွေသည် ကျွန်တော့်**အတွက်** ဆော်များနေပါသည်။ ညနေကျမှ လန်ဒန်ကို တစ်ယောက်တည်း ဆက်လိုက် ရပါသည်။ ညစာစားလို့ အလွန်ကောင်းပါသည်။ ဘားမားစင်တာ (Burma Centre) မှ ဦးဘတင်ချက်သော အမဲသား၊ အာလူးဟင်း၊ ငံပြာရည်ကျော် အဆင်တော်တော် ပြေပါ၏။

လန်ဒန်မှာ တည်းခိုရသည့်အကြောင်း အနည်းငယ် တင်ပြပါဦးမည်။ ကျွန်တော်တို့ အတည်းများသည်မှာ အားလ်စ်ကုတ် (Earls Court) တွင် သော ဘားမားစင်တာ (Burma Centre) ဖြစ်ပါသည်။ ဦးအောင်မင်းဆိုသူက

www.burmeseclassic.com

www.burmeseclassic.com





ဖွင့်ထားသော တည်းခိုခန်းဖြစ်၏။ ထမင်းချက်က ဦးဘတင်ဆိုသော ကုလား ကပြားဖြစ်ပါသည်။ သို့သော် မြန်မာစကားကို ကုလားသံ လုံးဝမပါဘဲ မြန်မာ တွေလို ပြောနိုင်ပါသည်။ သူ့အမျိုးသမီးက အိုင်ယာလန်သူ ဗိုလ်မပါ။ ဦးဘတင် က မည်းမည်းဗိုက်ရွဲ့ရွဲ့ဖြစ်သော်လည်း သူ့ဇနီးက ဖြူဖြူချောချောက ဖြစ်၏။ ဦးဘတင် လန်ဒန်ရောက်နေသည်မှာ ကြာလှပါပြီ။ ဟင်းချက်လည်း တော်တော်ကောင်းပါသည်။ ဘားမားစင်တာမှာ အခြားတည်းခိုခန်းများနှင့် စာလျှင် ဈေးသက်သာပါသည်။ ဟိုတယ်များကဲ့သို့ အိပ်ရာခင်း မှန်မှန်လဲလှယ် ခြင်း၊ နေ့စဉ် အခန်းရှင်းခြင်းတို့မရှိပါ။ ကျွန်တော်တို့ရောက်စကမှ အခန်းရှင်း သော အမျိုးသမီးတွေ ရှိပါသေးသည်။ နောက်ပိုင်းတွင် စီးပွားရေးအရ မတွက်ချေ တော့ဟု ထင်ပါသည်။ စားရသောက်ရလည်း အချင်းချင်းဖြစ်၍ ကြိုက်သော ဟင်းကို ဦးဘတင်ကို အချက်ခိုင်းပြီး နေ့စဉ် မြန်မာထမင်းဟင်းနှင့် စားကြပါ သည်။ အကောင်းဆုံးအချက်တစ်ခုမှာ ဘားမားစင်တာတွင် အကြွေးရခြင်း ဖြစ်ပါ၏။ ကျွန်တော်တို့တစ်တွေ ဘိုင်ပြတ်နေ၍ 'ဦးဘတင်ရေ နောက် တစ်ခေါက်မှ ယူပေတော့'ဆိုလျှင်လည်း ဦးဘတင်က မျက်မှန်ကြီး ခပ်စိုက်စိုက် ထား၍ ပြုံးပြုံးကြည့်နေတတ်ပါသည်။

၂၅-၈-၅၁

သံရုံးသွားပြီး ကိစ္စပြီးသောအခါ ဗမာသစ် (New Burma) မြန်မာ ထမင်းဆိုင်ကို သွားပါသည်။ တော်တင်ဟမ်ကုတ်လမ်း (Totenhamcourt Road) တွင်ရှိပြီး ဒေါ်မြစိန်က ဖွင့်ထားသောဆိုင်ဖြစ်ပါသည်။ ထမင်းဟင်း အပြင် မုန့်ဟင်းခါး၊ ဗယာကြော်လည်းရပါ၏။ ဈေးတော့ကြီးပါသည်။ မုန့် ဟင်းခါးတစ်ပွဲကို ၇ သျှီလင် ၆ ပဲနိလောက် ကျပါသည်။ ဘယ်လောက်ပဲ ဈေးကြီးကြီး တစ်ခါတလေတော့ မြန်မာအရသာလေး စားရအောင် သွားစား ဖြစ်ကြပါသည်။

မြေအောက်ထပ် (Basement) တွင် ချက်ပြုတ်ခြင်းဖြစ်၍ အပေါ်က နေပြီး မုန့်ဟင်းခါး သုံးခွက်၊ ဗယာကြော်နှင့် (3 Monthingas with bayagyaw) ဟုအော်ပြီး အမိန့်ပေးလိုက်သည့် စားပွဲထိုးအသံကို ကြားလိုက်ရ လျှင် မုန့်ဟင်းခါးပန်းကန် ပြင်ထားသည်ကို မြင်ယောင်လာပြီး သွားရည်ကျ ကြရပါသည်။

၂၆-၈-၅၁

ဘားမားစင်တာအဖွဲ့နှင့် လန်ဒန်မြို့ပြင်နားကို ပျော်ပွဲစား ထွက်ကြပါ

၂၈-၈-၅၁

ဆေးရုံတက်နေသော ကိုဝင်းမောင်ကြီးကို သွားကြည့်ကြပါသည်။ ဟိုင်းဟက် (Hind head) တွင်ရှိသည့် ကွန်နော့ (Connaught) ဆေးရုံသို့ သွားကြရ၏။ ကိုဝင်းမောင်ကြီးခမျာ ဝီရိယလွန်၍ ဒုက္ခရောက်ရခြင်း ဖြစ်ပါ သည်။ ကိုလေးမောင်၊ မောင်မောင်အေးတို့နှင့်အတူ ဆင်းဟတ်စ် တက်ရသူ ဖြစ်၍ ကျွန်တော်တို့ထက် ၆ လ စောပါသည်။ အင်္ဂလန်ရောက်ပြီး အားကစား လွန်လုပ်၍ မျဉ်းပြိုင်ဘား အလွန်အကျွံကစားသဖြင့် အဆုတ်အအေးမိပြီး ဆေးရုံတက်ရခြင်း ဖြစ်၏။

ကျွန်တော်တို့တစ်တွေ ကိုဝင်းမောင်ကို အားပေးပြီးမှ ပြန်လာကြပါ

၃၀-၈-၅၁

သံရုံးသွားပြီး နေ့တွက်နှင့် ခရီးစရိတ် ထုတ်ကြပါသည်။ သံရုံးမှာပင် နေ့လယ်စာ စားလိုက်၏။ သံရုံးကလုပ်သော အစီအစဉ်များအနက် ယင်း အစီအစဉ်မှာ ကျွန်တော်တို့ ဗိုလ်လောင်းများ ပညာတော်သင် ကျောင်းသားများ အတွက် အကောင်းဆုံး ဖြစ်ပါသည်။ သံရုံးအောက်ထပ် မြေတိုက်ခန်းထဲတွင် ထမင်းနှင့် ဟင်းကျွေးခြင်း ဖြစ်၏။ သက်သာချောင်ချိရေးအတွက် စီစဉ်ထား ခြင်းဖြစ်သဖြင့် ကိုယ့်ပန်းကန်ကိုယ်ယူပြီး ထမင်းဝေသောနေရာသွား၍ ထမင်း ပန်းကန်ထဲမှာပင် ဟင်းကို ပုံထည့်ပေးလိုက်ပါ၏။ ဈေးလည်း အလွန်ချိုပြီး ၁ သျှီလင် ၆ ပဲနိသာ ကျပါသည်။ နောက်ကျလျှင် ကုန်သွား၍ မရသည်က ရှိ၏။ အပြန်တွင် တစ်ယောက်တည်း ရုပ်ရှင်သွားကြည့်ပါသည်။

၁-၉-၅၁

လခထုတ်ရပါသည်။ ၁၀ ပေါင်ပါ။ ကျွန်တော်တို့ ဗိုလ်လောင်းတွေ အနေနှင့် ဘာမှသိပ်မရပါ။ ဒီကြားထဲတွင် ကျွန်တော်က တောင်တွင်းကြီးတွင် ကျန်ခဲ့သည့် မိသားစုအတွက် ငွေမှန်မှန်ပို့ရန် (Family Allotment) စီစဉ်

www.burmeseclassic.com

www.burmeseclassic.com



ထားသဖြင့် ပိုပြီးချွေးချွေတာတာနေရပါသည်။ သည်ကြားထဲ ဘဏ်မှ ချေး
ထုတ်မိ၍ ကျောင်းကအရေးယူသည်ကို ခံခဲ့ရပါသေးသည်။

၄-၉-၅

စိန့်ဂျိမ်းပန်းခြံကို တစ်ယောက်တည်းသွားပြီး စာဖတ်နေခဲ့သည်
အပြန်တွင် ဖိနပ်တိုက်၊ အဝတ်အစားတွေပြင်ကြရပြီး ကျွန်တော်တို့ နက်ဖြန်
ဆင်းဟတ်စ်သို့ သွားကြရတော့မည်ဖြစ်ပါသည်။

၆-၉-၅

ဆင်းဟတ်စ်သို့ သွားကြရန် ဝါတာလူးဘူတာရုံကြီးသို့ လာခဲ့ကြ
သည်။ လန်ဒန်တွင် သုံးလိုဖြုန်းလို ငွေသိပ်မကျန်ရတော့သည့်အထဲ ဘူတာ
တွင် ကျွန်တော်တို့ကို ဗြိတိသျှစစ်သားများအားပေးသည့် အခွင့်အရေးတစ်
ဖြစ်သော ရထားခ လျှော့ဈေးမရဆို၍ တော်တော်အခက်အခဲတွေ့နေ
ကျွန်တော်တို့ထက် ၆ လစောရောက်သော မောင်မောင်အေးကျော်မှူးကြော
သူတို့မီးရထားနှင့် ခရီးသွားလာမှုအရာရှိ (R T O) ရှာပြီး ပြောကြတော့
လျှော့ဈေးရပါတော့သည်။

ဆင်းဟတ်စ်ကို ရောက်ပါပြီ။ တော်တော့်ကို ကြီးကျယ်ခမ်းနားသော
ကျောင်းကြီးဖြစ်ပါ၏။ တစ်ယောက်တစ်ခန်းစီ နေကြရပါသည်။ ကျွန်တော်
ကိုကြည်အေးက ဂါဇာ (Gaza) တပ်ခွဲတွင်နေရပြီး ခင်မောင်တင့်နှင့် အေးကျော်
က အိပ်စ် (Ypres) တပ်ခွဲမှာကျပါသည်။

ဆင်းဟတ်စ်အကြောင်း အနည်းငယ် တင်ပြပါဦးမည်။ သို့မှ နောင်
ရေးသော နေ့စဉ်မှတ်တမ်းများ ပိုပြီးရှင်းပါလိမ့်မည်။


ဆင်းဟတ်စ်ဆိုသည်မှာ ရွာကလေးအမည်ပင် ဖြစ်ပါ၏။ လန်ဒန်မှ
မိုင် ၃၀ လောက်ဝေးသော ကင်ဘာလေ (Camberley) ဆိုသည့် မြို့ကလေး
အနီးမှာပင် ဆင်းဟတ်စ်ရွာရှိပါသည်။ ယင်းကိုအစွဲပြု၍ ဆင်းဟတ်စ်
စစ်တက္ကသိုလ်ဟု ခေါ်ကြခြင်းဖြစ်၏။ ယခင်က စစ်တက္ကသိုလ်နေရာတွင်
ဘုရင့်စစ်ကောလိပ် (Royal Military College) ရှိပြီး ဝူးဝစ် (Woolwich)
တွင် ဘုရင့်စစ်တက္ကသိုလ် (Royal Military Academy) ရှိပါသည်။ ဒုတိယ
ကမ္ဘာစစ်ကြီးအပြီးတွင် ကျောင်းနှစ်ခုကို ပေါင်းလိုက်ပါသည်။ ဆင်းဟတ်စ်
ဘုရင့်စစ်တက္ကသိုလ်တွင်လုပ်သော ပထမဆုံးကျောင်းဆင်းပွဲကို ဆဋ္ဌမမြောက်



ဘုရင် တက်ရောက်ခဲ့ပါသည်။ ၁၉၄၈ ခုနှစ်၊ ဇူလိုင်လ ၁၄ ရက်နေ့တွင်
ပါသည်။ စစ်တက္ကသိုလ်တွင် ကောလိပ် ၃ ခုရှိပြီး ကောလိပ်ဟောင်း
(Old College)၊ ကောလိပ်သစ် (New College) နှင့် အောင်ပွဲကောလိပ်
(Victory College) တို့ဖြစ်ပါသည်။ ကောလိပ်တစ်ခုတွင် တပ်ခွဲ ၄ ခုစီ
ရှိပါသည်။ ကောလိပ်ဟောင်းတွင် ဒယ်တီဂျင် (Dettingen)၊ အင်ကာမင်
(Inkerman)၊ ဝါတာလူး (Waterloo) နှင့် ဘလင်ဟိမ်း (Blenheim)
တပ်ခွဲများရှိကြ၏။ မိုးဘရား-ဝယ်လင်တန်တို့ခေတ်က ဗြိတိသျှတပ်မတော်က
အောင်နိုင်ခဲ့သော တိုက်ပွဲနာမည်ပေးထားခြင်း ဖြစ်ပါသည်။

ကောလိပ်သစ်တွင် မန်း (Marne)၊ အိပ်စ် (Ypres)၊ ဆော်မ်
(Somme) နှင့် ဂါဇာ (Gaza) တပ်ခွဲများ ရှိပါသည်။ ပထမကမ္ဘာစစ်ပွဲတွင်
ဗြိတိသျှတပ်မတော် အောင်ပွဲရခဲ့သော တိုက်ပွဲများနှင့် အမည်များကို ယူထားခြင်း
ဖြစ်၏။

အောင်ပွဲကောလိပ်မှာ ဒုတိယကမ္ဘာစစ်ကြီးတွင် ဗြိတိသျှ တပ်မတော်
အောင်ပွဲရခဲ့သောနေရာများကို တပ်ခွဲနာမည်များ ပေးထားခြင်းဖြစ်ပါသည်။



ဆင်းဟတ်စ်ဘုရင့်စစ်တက္ကသိုလ် ကောလိပ်ဟောင်း

ဗားမား (Burma)၊ နော်မန်ဒီ (Normandy)၊ အလာမိန်း (Alamein) နှင့်
ရိုင်း (Rhine) တပ်ခွဲများဖြစ်ကြပါသည်။

တပ်ခွဲတစ်ခုတွင် လူ ၁၀၀ ကျော်ရှိ၍ ကောလိပ်တစ်ခုတွင်
စုစုပေါင်း ၄၀၀ ကျော်နှင့် စစ်တက္ကသိုလ်တစ်ခုလုံးဆိုလျှင် ဗိုလ်လောင်းချည်း
၁,၂၀၀ ကျော်ရှိပါသည်။

www.burmeseclassic.com


www.burmeseclassic.com



စစ်တက္ကသိုလ်ကို အုပ်ချုပ်ရသူမှာ မေဂျာဂျင်နရယ် ဗိုလ်ချုပ် ဖြစ်ပြီး ကျွန်တော်တို့ စစ်တက္ကသိုလ်တက်ရောက်စဉ်က ကျောင်းအုပ်ကြီး ဗိုလ်ချုပ်ဒေါနေ (Major General D. Dawnay) ဖြစ်ပါသည်။

တပ်ခွဲများကို ဗိုလ်မှူး သို့မဟုတ် ဒုဗိုလ်မှူးကြီးက အုပ်ချုပ်ရသည်။ ကျွန်တော်တို့ တပ်ခွဲမှူးနှစ်ယောက်ကြုံရပြီး ပထမတပ်ခွဲမှူးက (Major PA Don)ဖြစ်ပြီး နောက်တပ်ခွဲမှူးက သူရသတ္တိအတွက် ဗြိတိသျှ တပ်မတော်က ပေးသည့် အမြင့်ဆုံးဗွီစီဘွဲ့ရ ပေါတီယပ် (Major Porteous. V.C) ဖြစ် သည်။ စစ်တက္ကသိုလ်တပ်ရေးမှာ ဗိုလ်မှူးအာစကိုင်ကရမ်း (Major Ers Crum) ဆိုသူ ဖြစ်ပါသည်။

သူစီးသော မြင်းကြီးအမည်မှာ ဒတ်စတာ (Duster) ဟုခေါ် ယင်းအမည်များကို မှတ်မိနေခြင်းမှာ စစ်ရေးပြလုပ်၍ အမောဆို့ဟောဟဲဖြစ် ကြစဉ် နားလိုက်ပလားဆိုလျှင် ထိုအမည်နာမများကို ဆရာလုပ်သူများ မေးပါတော့သည်။ မင်းကျောင်းအုပ်ကြီးနာမည် ဘာလဲ၊ တပ်ခွဲမှူးနာမည် ဘာလဲ၊ တပ်ရေးစီးတဲ့ မြင်းကြီးနာမည်သိရဲ့လားဆိုပြီး မေးသည်များကို



ဆင်းဟတ်စ်ဘုရင့်စစ်တက္ကသိုလ် အရာရှိရိပ်သာနှင့် ကောလိပ်သစ်

ရ၏။ တစ်ခါတစ်ရံ စစ်တီးဝိုင်းကတီးသော စစ်တီးလုံးသီချင်းအမည်များ လည်း မေးတတ်သေး၏။

စစ်တက္ကသိုလ်တွင် ကျောင်းသားကြီး၊ ကျောင်းသားလတ်နှင့် ကျောင်း သားငယ် (Senior, Intermediate and Junior) ဟူ၍ အတန်း ၃ တန်း ထားပါသည်။ ပထမဆုံး ၆ လက ကျောင်းသားငယ်၊ ထိုနောက် ၆ လ



ကျောင်းသားလတ်နှင့် နောက်ဆုံး ၆ လက ကျောင်းသားကြီးဖြစ်ပါသည်။ ကျောင်းသားငယ် ခြောက်လပြီး၍ ခွင့်တစ်လရပြီး ကျောင်းသားလတ်ဘဝပြီး လည်း ခွင့်တစ်လ ရပါသေးသည်။ တစ်ကြိမ်ဆင်းလျှင် ကျောင်းသားကြီး ကိုသာ ကျောင်းဆင်းပေးသဖြင့် တစ်ချိန်တစ်ချိန်တွင် ကျောင်းသားကြီး၊ တ်၊ ငယ် သုံးတန်းရှိနေပါသည်။ တပ်ခွဲတိုင်း တပ်စုတိုင်းတွင် ကျောင်းသား း လတ်၊ ငယ်များရှိပြီး ကျောင်းသားကြီးများက ကျောင်းသားငယ်တွေကို ညီအုပ်ချုပ် သွားကြပါသည်။ ကျောင်းသားလတ်ကတော့ ကိုယ့်အရှိန်ရပြီး းကို ခိုင်မြဲအောင် လုပ်ရသောဘဝ ဖြစ်၏။ ရပြီးအခြေအနေကို တည်မြဲ အောင် နောင် ကျောင်းသားကြီးဘဝရောက်လျှင် မည်ကဲ့သို့ အုပ်ချုပ်မည်ဆို ည်ကို တွေးပြီးအရှိန်ယူနေသော အခြေအနေဖြစ်၏။ (Consolidation) ခေါ်ပါသည်။ သူတို့ကိုတော့ အလွန်စည်းပျက်မှ ကျောင်းသားကြီးများက ပါသည်။ မှန်မှန်နေသွားလျှင် ဘာမျှ အန္တရာယ် သိပ်မများပါ။

ကျောင်းသားငယ်ဘဝကတော့ မျက်နှာအငယ်ရဆုံး၊ အပင်ပန်းဆုံး၊ ချိန်ကို လုံးဝမရအောင် အမောင်းခံရဆုံးဘဝ ဖြစ်ပါသည်။ ကျောင်းသားငယ် တွင် စစ်ရေးပြဆရာဂျင်နှင့် အရာခံဗိုလ်များကို ကြောက်ရ၊ ကျောင်းသားကြီး ကြောက်ရ၊ အရာရှိများဆိုလျှင် ပြောမနေနှင့်တော့။ ဟိုကြောက်ရ၊ သည် ကြောက်ရဘဝ ဖြစ်ပါသည်။ နမူနာတစ်ခု ပြပါမည်။ ကျွန်တော်တို့ခေတ်က များကလည်း ဘိုင်စကယ်စီး၍ ကျောင်းတက်၏။ အစေခံဆိုပြီး ပေးထား ာ ဗိုလ်လောင်းတွေ ဖိနပ်၊ ခါးပတ်အကြမ်းကို တိုက်သည့်လူတွေကလည်း ဘီးနှင့်ပင်ဖြစ်၏။ ထို့ကြောင့် ဗိုလ်လောင်းအချို့က အရဲစွန့်ပြီး မေးကြည့် ၏။ 'အစေခံနှင့်ဆရာတွေ ခွဲခြားမသိနိုင်တော့ ဘယ်လိုလုပ်ရမလဲ' စစ် တ္တသိုလ်အရာခံဗိုလ်ဖြေကြားပုံမှာ 'မင်းတို့စိတ်ထဲ သံသယရှိပြီး မဝေခွဲနိုင်ရင် လေးသာပြုလိုက်' (if you are in doubt, salute) တဲ့၊ ဒါ ဆင်းဟတ်စ် ဲတဲ့'။ သည်အတိုင်းလည်း လုပ်ခဲ့ကြရပါသည်။ ကျောင်းသားငယ်ဘဝတွင် ကို ဘယ်နှခါအလေးပြုခဲ့ရ၍ အစေခံများကို မှားပြီး ဘယ်နှခါအလေးပြုခဲ့ ည်မသိနိုင်ပါ။

ကျောင်းသားငယ်ဘဝတွင် အပြေးပြိုင်ကြရ၏။ စစ်ရေးပြ ပြိုင်ရ၏။ တွေ့ မထိုးမနေရထိုးရ၏။ အပြင်ထွက်လည်ခွင့်ရအောင် စစ်ရေးပြ စာမေးပွဲ ဆိုရသေး၏။ အောင်မှ အပြင်ထွက်လည်ခွင့်ရပါသည်။ (Passing out e square) ဟု ခေါ်၏။ အပြေးပြိုင်ရသည်မှာ ပြိုင်ပွဲမ ောင်းပမ်မိ တင်နေ့ကို

www.burmeseclassic.com

www.burmeseclassic.com



၃ မိုင် ၄ မိုင် နေ့စဉ် အပြေးကျင့်ကြရသည်မှာ အပင်ပန်းဆုံး၊ အဆိုးဆုံးဟု ထင်ပါသည်။ ပြေးရသည်မှာလည်း လမ်းအတိုင်းပြေးရသည် မဟုတ်ပါ။ ဆင်းဟတ်စ်အနီးတွင်ရှိသော တော၊ တောင်၊ ချောင်း၊ တောလမ်း၊ တောင်လမ်းတွေတွင် ပြေးကြရပါသည်။ အရပ် ၆ ပေလောက်ရှိသော ဂေါ်ရာများနှင့် မီအောင်လိုက်ပြေးရသည်ကို စဉ်းစားသာ ကြည့်ကြပေတော့ဟု ပြောချင်ပါတော့သည်။ နေ့စဉ် ဘယ်လောက်ချမ်းချမ်း၊ ဘယ်လောက်အေးအေး၊ နှင်းဘယ်လောက်ကျကျ၊ မိုးဘယ်လောက်ရွာရွာ ပြေးကြရပြီး ပြိုင်ပွဲနေ့လည်းပြီးရော ရက်တောင်မခြားပါ လက်ဝှေ့ထိုးရအောင် လေ့ကျင့်ကြရပြန်ပါသည်။ လက်ဝှေ့ပွဲမှာ စစ်တက္ကသိုလ်တစ်ခုလုံး လာကြည့်သည့်ပွဲဖြစ်ပါသည်။ စင်မြင့်ပေါ်တက်ထိုးရသည်မှာ ၃ မိနစ် ၃ ချီဖြစ်၏။ လေ့ကျင့်ရသည်က အလွန်ပင်ပန်းပါသည်။ စစ်ရေးပြပွဲတွင်လည်း တပ်ခွဲလိုက်ပြိုင်ရသေးသည်။ ထိုပြိုင်ပွဲနှစ်မျိုးစလုံး (အပြေးနှင့် စစ်ရေးပြ)ကို တပ်ခွဲလိုက် အမှတ်ပေးသွားသဖြင့် နည်းနည်းမျှ အလျှော့မပေးဘဲ ကြိတ်မှိတ်ကြိုးစားကြရပါသည်။ ကိုယ့်ကြောင့် တပ်ခွဲနာမည် မပျက်ရစေရန်၊ ကိုယ့်ကြောင့် တပ်ခွဲမျက်နှာမငယ်ရစေရန် အစွမ်းကုန်ကြိုးစားကြရပါသည်။

ကျောင်းသားလတ်ဘဝတွင် ကိုယ်လက်လှုပ်ရှားကြံ့ခိုင်ရေး (သို့သော် အင်္ဂလိပ်ဘာသာနှင့် Physical Training ကိုယ်လက်ကြံ့ခိုင်ရေးဟု မခေါ်ဘဲ အသင့်ဖြစ်ရေး၊ ကျန်းမာသန်စွမ်းနေရေး၊ စစ်ပွဲအတွက် ကျန်းမာခြင်းနှင့် ပြည့်စုံစေရေး စသည့် အဓိပ္ပာယ်များရသော Fitness Training ဟု ခေါ်ပါသည်။) ပြိုင်ကြရ၏။

ကျောင်းသားကြီးများက သေနတ်ပစ်ပြိုင်ကြရပါသည်။ ဤကဲ့သို့ ကျောင်းသားကြီး၊ လတ်၊ ငယ် ပြိုင်ပွဲများ အမှတ်ပေါင်းပြီး အမှတ်အများဆုံး တပ်ခွဲကို ဘုရင့်တပ်ခွဲ (The Sovereign's Company) ဟု ခေါ်၍ ယင်းတပ်ခွဲကို အလံပေးအပ်သော အခမ်းအနားကို (Banner Parade) ဟုခေါ်ပါသည်။ စစ်တက္ကသိုလ်တစ်ခုလုံး စစ်ရေးပြလုပ်သောအခါ ထိုတပ်ခွဲက နောက်ဆုံးမှ စစ်ရေးပြကွင်းထဲ ဝင်လာရသည်။ သူ ဝင်လာသည့်အခါ ကျန်တပ်ခွဲအားလုံး သေနတ်မြှောက် အလေးပြုရပြီး စစ်ရေးပြပြီးသောအခါ ထိုတပ်ခွဲက အရင်ဆုံး ပြန်ကြရ၏။ သူတို့ ပြန်သည့်အခါမှာလည်း ကျန်တပ်ခွဲအားလုံးက သေနတ်မြှောက် အလေးပြုရပြန်သည်။ ကံကောင်းသည်မှာ ကိုကြည်အေးနှင့် ကျွန်တော်တို့ ဂါဇာတပ်ခွဲက ကျွန်တော်တို့ ကျောင်းသားငယ်၊ လတ်၊ ကြီးဘဝ သုံးခု



တွင် ဘုရင့်တပ်ခွဲ ဖြစ်ခဲ့ခြင်းဖြစ်ပါ၏။ ဤကဲ့သို့ သုံးခါဆက်ပြီး ဘုရင့် ဖြစ်သည်မှာ ဆင်းဟတ်စ်သမိုင်းတွင် ပထမဆုံးအကြိမ်လည်း ဖြစ်ပါသည်။

ကျောင်းသားငယ်က ကျောင်းသားကြီးများအား ကြောက်ရပုံကို တင်ပြ သည်။ နေ့စဉ် နံနက် တန်းစီချိန်ကို ဘီအာစီ (B.R.C. Breakfast Call) ဟုခေါ်၏။ ဘီအာစီတွင် ကျောင်းသားငယ်များ၊ ကျောင်းသား များ (အထူးသဖြင့် ကျောင်းသားငယ်များ)သည် အဝတ်ကို အလွန်ကို သေသပ်သပ် စနစ်တကျဝတ်ကြရ၏။ ဒါလည်း အပြစ်မတွေ့တွေ့အောင် သော ကျောင်းသားကြီးနှင့်တွေ့လျှင် အမည်ကို မှတ်သွားတော့၏။ စစ်ဆေး နောက်က ကျောင်းသားကြီးတစ်ဦးဖြစ်စေ၊ ကျောင်းသားလတ်ဖြစ်စေ လိုက်ပြီး စာအုပ်ကလေးတစ်အုပ်နှင့် ရေးမှတ်ရပါသည်။ ဥပမာ 'ဗိုလ်လောင်း ဦးထုပ်ညစ်ပတ်တယ်'ဟု စစ်ဆေးသူက ပြောလိုက်လျှင် သူ့နောက်က ရသည့်သူက 'ဗိုလ်လောင်းအေး၊ ဦးထုပ်ညစ်ပတ်တယ်'ဟု အော်ပြောရ၏။ အုပ်တွင်လည်း ရေးမှတ်ရ၏။ ယင်းကို 'နာမည်ရှုံးသည်' (Losing one's ) ဟုခေါ်ပါသည်။ ညနေတွင် ကျောင်းသားတပ်ခွဲခေါင်းဆောင်က ရုံးထိုင် အပြစ်ပေးပါတော့သည်။ အပြစ်မှာ အပိုစစ်ရေးပြ ပေးနိုင်သည်။ အပြစ် ကြီးလျှင် နံနက်စောစောထပြီး စနစ်တကျ ဝတ်စား၍ ကျောင်းသားကြီး ယောက်ယောက်အား သွားပြီး ပြရ၏။ ကြည့်သော ကျောင်းသားကြီးကို ရာက နှိုးပြရပြီး ကျောင်းသားကြီးက အိပ်မှုန်စုံမွှားနှင့် ကြည့်ပြီး 'အေး' ဆိုမှ ပြန်လှည့်လာရပါသည်။ ဤသို့ စောစော ထပြရခြင်းကို (Show ain) ဟုခေါ်ပါသည်။ တစ်ခါတစ်ရံကျတော့ နံနက် ဘယ်နနာရီတွင် ကျောင်းသားခေါင်းဆောင်ကို သွားနှိုးရမည်ဟု အပြစ်ပေးတတ်သေး၏။ (Early ) ဟုခေါ်သည်။ ၎င်းထက် သက်သာသော အပြစ်ပေးပုံမှာ ပါးစပ်က ချလိုက်ခြင်း ဖြစ်၏။ (Reprimand) ဟုခေါ်လေသည်။ ကွင်းလုံးကျွတ် ခြင်းတော့မဟုတ်။ အပြစ်ကျခြင်းဟု အသိအမှတ်ပြုထား၏။

ကျောင်းသားငယ်သည် ဘောင်းဘီအိတ်ထဲ လက်မနှိုက်ရပါ။ အင်္ဂလန် အလွန်ချမ်းသဖြင့် အားနေလျှင် သက္ကလတ်ဘောင်းဘီအိတ်ကပ်ထဲ က အလိုလိုရောက်ရောက်သွားပါတော့သည်။ သို့ အိတ်ကပ်ထဲ ကော်သွားလျှင် ချက်ချင်းအဟောက်ခံထိပါတော့သည်။ 'ဟေ့ ကျောင်းသား မင့်အိတ်ထဲ လက်မထည့်နဲ့။ ချက်ချင်းထုတ်လိုက်'ဟု အော်ပြောရာ ကျောင်းသားကြီးက သူကိုယ်တိုင်က လက်နှစ်ဖက်စလုံး ဘောင်းဘီအိတ်တွင်

www.burmeseclassic.com



လက်ထည့်ပြီး ခပ်တည်တည်အော်ပြီး အမိန့်ပေးနေခြင်း ဖြစ်ပါသည်။

ဆရာတွေကို ကြောက်ရပုံကို ဆက်လက်တင်ပြပါမည်။ စစ်ရေး… တပ်ခွဲအရာခံဗိုလ်နှင့် တပ်ကြပ်များက သင်ပြကြရပါသည်။ စစ်ရေးပြအချိန်… ယင်းအရာခံဗိုလ်နှင့် တပ်ကြပ်တွေက ဗိုလ်လောင်းတွေကို 'ဆာ'နှင့်ခေါ်… စကားပြောရ၏။ ဗိုလ်လောင်းများကလည်း အရာခံဗိုလ်ကို 'ဆာ' ပြန်ခေါ်… တပ်ကြပ်ကို (Staff)ဟု ခေါ်ရပါသည်။ အရာခံဗိုလ်များက ဗိုလ်လောင်း… 'ဆာ'နှင့် ပြောပုံမှာ နံဘေးကကြည့်နေလျှင် ရယ်စရာပင်ကောင်းပါသေး… 'ဟေ့ဗိုလ်လောင်း အေ၊ မင်းဟာ ထုံထုံထိုင်းထိုင်းကြီးဖြစ်နေတယ် ခင်ဗျ' (Officer Cadet A You are Idle' Sir) ဆိုသော အသုံးအနှုန်းမျိုးဖြစ်ပါ… ဤသို့အပြောခံရသော ဗိုလ်လောင်းက ပြန်ပြီးအသိအမှတ်ပြုသည့်အနေ… 'ဆာ' (Sir) ဆိုပြီး အကျယ်ကြီးအော်ပြောရ၏။ သည်ဆရာတွေကလည်း… နာမည်မှတ်နိုင်သေး၏။ သူတို့မှတ်၍ နာမည်ရှိုးသည့်အခါကျလျှင် အပိုစစ်… ပြုလုပ်ရမည်မှာသေချာပါသည်။

ကောလိပ်ကျောင်း အဝင်ဝတွင် ဝိတိုရိယဘုရင်မကြီး ကျောက်ရုပ် ရှိပါသည်။ တစ်ခါတစ်ရံ စစ်ရေးပြ လေ့ကျင့်နေစဉ် တစ်ခုခု မှားယွင်းသွား… 'သွားစမ်း၊ ဘုရင်မကြီးကို သွားပြီး အလေးပြုလိုက်စမ်း' (Go and pay compliments to Her Majesty) ဟု အမိန့်ပေးလိုက်လျှင် ဘုရင်မကြီး ကျောက်ရုပ်သို့ပြေးသွားပြီး သေနတ်မြှောက်အလေးပြုရပါသေးသည်။

အဝတ်အစားအကြောင်းနှင့် အစေခံဆိုသူများအကြောင်း တင်ပြပါ မည်။ နေ့စဉ်ဝတ်စုံမှာ ဘယ်ရီကက်ဦးထုပ်နက်ပြာတွင် ကျောင်းတံဆိပ်… ထားသည်။ ကျောင်းတံဆိပ်မှာ သတ္တုအဖြူတွင် ဘုရင်အမည် အတိုကောက် အပေါ်ပိုင်းတွင်ပါ၏။ ကျွန်တော်တို့ ကျောင်းရောက်စက G.R ဖြစ်… အတိုကောက် ဖြစ်ပါသည်။ R မှာ Rex ဆိုသော လက်တင်စကား အတိုကောက်ဖြစ်၍ ဘုရင်ဟုအဓိပ္ပာယ်ရပါသည်။ ကျွန်တော်တို့ သင်တန်းတက် နေစဉ်ပင် သူနတ်ရွာစံသွား၍ သူ့သမီး အယ်လီဇဘက်မင်းသမီး နန်းတက်… အခါ E II R. ပြောင်းလိုက်ရ၏။ ဒုတိယမြောက် အယ်လီဇဘက်ဘုရင်မ အတိုကောက်ဖြစ်၏။ ဦးထုပ်တံဆိပ်နှင့် အောက်ပိုင်းတွင် (Serve To Lead) ဆိုသော ဆင်းဟတ်စ်၏ဆောင်ပုဒ်ဖြစ်ပါသည်။ အမှုတော်ထမ်းရာတွင် ခေါင်း ဆောင်လုပ်ရင်း အမှုတော်ထမ်းပါဟု အဓိပ္ပာယ်ရပြီး ခေါင်းဆောင်ဖြစ်လာ… အမှုတော်ထမ်းဆောင်သည်ဆိုသော အဓိပ္ပာယ်လည်း ရပါသည်။



ယင်းဦးထုပ်တံဆိပ်ကို ပြောင်လက်နေအောင် ဘရာဆိုနှင့်တိုက်ရပါ သည်။ အောက်က ဦးထုပ်က နက်ပြာဖြစ်သဖြင့် ဦးထုပ်တံဆိပ်ကို မဖြုတ်မိဘဲ ဘရာဆိုနှင့်တိုက်မိလျှင် အောက်ကဦးထုပ်ကို အဖြူစွန်းသွားပြီး နာမည်ရှိုးမှာ သေချာပါ၏။

နေ့စဉ်ဝတ်စုံမှာ သက္ကလတ်အညိုရောင် BD ဟုခေါ်ပါသည်။ ကော်လာတွင် ဂေါ်ဂျက် (Gorges) ဟုခေါ်သော အဖြူတံဆိပ်ပြားတွင် အလယ်က ကြိုးသေးနှစ်ချောင်းပူးနှင့် ကြေးကြယ်သီးလေးပါသေး၏။ ဂေါ်ဂျက်ကို အဖြူဆေးသုတ်ရပြီး ကြေးကြယ်သီးကို ဘရာဆိုတိုက်ရ၏။ အဖြူရောင်ပေါ် ဘရာဆိုသွားတင်လျှင် နာမည်ရှိုးပြန်သည်။ ထိုကြယ်သီးမှာ ဖြုတ်၍မရပါ။ ထို့ကြောင့် သူ့ကို တိုက်သောအခါမှာ ယူပုံသဏ္ဌာန် ကြေးပြားနှင့် ကြယ်သီးကို ညှပ်လိုက်၊ သူ့အောက်ကို ဘရာဆိုစိမ့်မဝင်အောင် စက္ကူကတ်ပြားပါးပါး ခံရသေး၏၊ ပြီးမှ ကြယ်သီးကို ဘရာဆိုနှင့်တိုက်ရ၏။

ဝတ်စုံကိုတော့ နေ့စဉ်မီးပူမပြတ် တိုက်ပေးရပါသည်။ ဘောင်းဘီတို့၊ အင်္ကျီတို့ ခေါက်ရိုးကျနေအောင် တစ်ခါတစ်ရံ ဉာဏ်ကူရ၏။ ဘောင်းဘီကို ပြောင်းပြန်လှန်လိုက်ပြီး ခေါက်ရိုးနေရာကို ဆပ်ပြာကြမ်းနှင့် လိုက်တိုက်ထား ပြီးမှ အလှဘက်ကို အပေါ်ကရောက်အောင် ပြန်လှန်ပြီးမီးပူထိုးလျှင် တောင့် တက်လာပါသည်။ ယင်းကိုလည်း အလွန်လိုမှလုပ်ရ၏။ ခဏခဏလုပ်လျှင် ဘောင်းဘီဆွေးတတ်ပါသည်။

အောက်က ဘောင်းဘီစ သိမ်းထည့်ရသော ခြေပတ်အတိုကို ဘလင် ကို အစိမ်းတိုက်ရ၏။ သူ့တွင် သားရေပတ်နှစ်ခုနှင့် ကြေးခေါင်းနှစ်ခု ပါသေး သည်။ ခြေပတ်တာလပတ်စကို ဘလင်ကိုနှင့်တိုက်၊ သားရေကို ဖိနပ်ဆေးနှင့်သို့ နှင့် တိုက်ရသည်။ ဘယ်ဆေးနှင့် ဘယ်ဆေးမှ မရောစေရ။ ဥပမာ ဖိနပ်ဆေးက ခြေပတ်တာလပတ် စွန်းသွားလျှင် နာမည်ရှိုးပြန်ပါသည်။

ခါးပတ်က သားရေခါးပတ်တွင် ကြေးခေါင်းနှင့် ခါးပတ်ကို ဖိနပ်ဆေး နှင့်သို့၊ ကြေးခေါင်းကို ဘရာဆို တိုက်ရပါသည်။

သားရေစစ်ဖိနပ်ကြီးကို ဖိနပ်ဆေးအနက်ဖြင့် ထိပ်နှင့်ဖနောင့်ကို ပြောင်နေအောင် တိုက်ရပါသည်။

ခါးပတ်၊ ခြေပတ်နှင့် ဖိနပ်ကို အနည်းဆုံး နှစ်စုံစီထားရ၏။ ဝတ်စုံ လည်း ထိုနည်းလည်းကောင်းပင်။ နေ့စဉ်အသုံးပြုသော ခါးပတ်၊ ခြေပတ်နှင့် ဖိနပ်ကို အစေခံဆိုသော အင်္ဂလိပ်ကြီးများက တိုက်ပေးပါသည်။ သူတို့တင်ဦးအား

www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်လောင်း ၂၀–၂၅ ခန့်စီ တာဝန်ယူပြီး နေ့စဉ်ဖိနပ် ခါးပတ်များတိုက်ဆေး ၏။ နေ့စဉ်တိုက်ရခြင်းဖြစ်၍ အပြင်ပန်း ကြည့်သာရှုသာရုံသာ ဖြစ်ပါသည် ကျောင်းသားငယ်ဘဝတွင် သူတို့ကို လုံးဝအားမကိုးဘဲ ကိုယ်တိုင် အား ပြောင်နေအောင် တိုက်ကြရလေသည်။ အစေခံများက (သူတို့ကို Serv ဟုပင်ခေါ်ရ၏။) ဖိနပ်တိုက်၊ ခါးပတ်တိုက်သည့် အလုပ်အပြင် အ အသောက်ကျွေးရာတွင် စားပွဲထိုးလုပ်ရသေး၏။ ထိုအခါတွင် စားပွဲ အဝတ်အစားနှင့်ဖြစ်လေသည်။ သူတို့တွေကလည်း စစ်သားဟောင်းကြီး ဖြစ်ကြလေသည်။ တစ်ခါတစ်ရံ ထမင်းစားပွဲည (မက်စ်နိုက်)များတွင် စားပွဲ ဝတ်စုံနှင့် ရင်ဘတ်တွင် စစ်မှုထမ်းတံဆိပ်တွေ တပ်လာသောအခါ လူများ များပါသည်။ သူတို့ကိုလည်း တစ်ပတ်တစ်ခါလောက် အနားပေးရပါသည် ကျွန်တော် ကျောင်းသားငယ်၊ ကျောင်းသားလတ်ဘဝတွင်ရသော အ (Alan) ဆိုသောလူကြီးမှာ တကယ့်သူတော်ကောင်းကြီးပါ။ ပြုံးရယ်နေ အလွန်ကို သဘောကောင်းပါသည်။ ကျောင်းသားကြီးဘဝတွင်ရသော အ ကတော့ လူလည်၊ ပိုက်ဆံတော်တော်မ်းသောသူ ဖြစ်ပါ၏။

ယခုရေးခဲ့သည်မှာ နေ့စဉ်ဝတ်စုံဖြစ်ပါသည်။ ယင်းကို နေ့စဉ် B.R. တွင် ကျောင်းသားကြီးများက စစ်ဆေးခြင်းဖြစ်၏။ ကျောင်းသားငယ် ဘဝ ကိုယ်က မည်မျှကြိုးစားတိုက်ချွတ်ထားစေကာမူ နာမည်ရှုံးတတ်သဖြင့် မ သောအားဖြင့် သတိအနေအထားနှင့်ရပ်နေရင်း သူတို့စစ်ဆေးသော ဘုရားတရားတနေပြီး တစ်ခါတစ်ရံ သမ္မာဒေ့ရွတ်နေရ၏။ ဒါလည်း ဆွဲချင်သ အခါ ဆွဲသွားခြင်းခံရပါ၏။

ထိုကဲ့သို့ နေ့စဉ်ဝတ်စုံအပြင် အကောင်းဆုံး ဝတ်စုံဆိုပြီး ထားရ ၏။ အကောင်းဆုံး ဝတ်စုံကို အစေခံများက ဘာမျှမကူရပါ။ ကိုယ့်ဟာကို တိုက်ရချွတ်ရ၏။ ရှိင်ဖယ်သေနတ် သစ်သားပိုင်းကိုလည်း ဖိနပ်ဆေးနှိုညှိနှ ပြောင်နေအောင် တိုက်ရပါသည်။ ကျွန်တော်တို့ရောက်လျှင်ရောက်ချင်း ကျောင်းသားကြီးတစ်ယောက်က သေနတ်ကို ဆေးတင်ပုံ သရုပ်ပြပါသည် ဆင်းဟတ်စ်တွင် သေနတ်ရော ဖိနပ်ပါတိုက်သောနည်းကို တံတွေးနှင့် ဆေး တင်နည်း (Spit and Polish) ဟုခေါ်၏။ ကျောင်းသားကြီး သရုပ်ပြပုံ သေနတ်သစ်သားပိုင်းကို ဖိနပ်ဆေးတစ်ကော်ထည့်လိုက်၍ တံတွေး ချလိုက်ပြီး လက်ဝါးစောင်းနှင့် တဒိုင်းဒိုင်းရိုက်ပါတော့သည်။ ဆေးစိမ့်ဝ သွားအောင် ဖြစ်လေသည်။ ဤကဲ့သို့ ဖိနပ်ဆေးကော်ထည့်လိုက်၊ တံတွေး



ချလိုက်၊ လက်ဝါးစောင်းနှင့် တဒိုင်းဒိုင်းရိုက်ပါတော့သည်။ ဤကဲ့သို့ ဆေးကော်ထည့်လိုက်၊ တံတွေးထွေးချလိုက်၊ လက်ဝါးစောင်းနှင့် တဒိုင်း ကိုက်၊ အချက်ပေါင်း မရေမတွက်နိုင်အောင် နေရာရွှေ့ရွှေ့ရိုက်ပြီး အခြေခံ ဘာမှ ဆေးနည်းနည်း တံတွေးနည်းနည်းနှင့် အဝိုင်းလေးတွေဖြစ်အောင် င်နေအောင် တိုက်ရပါသည်။ ဖိနပ်တိုက်ပုံကလည်း တံတွေးနှင့် ဆေးတင် င် ဖြစ်၏။ သို့သော် လက်ဝါးစောင်း ရိုက်စရာမလိုပါ။ အဝိုင်းလေးတွေ တာလဲလဲတိုက်ပြီး အရိပ်ထင်လာအောင် တိုက်ရ၏။ ကျွန်တော်တို့ကတော့ တွေးသုံးခဲ့ပါသည်။ ရေနှင့်ပင် တိုက်လျှင်ရပါသည်။ ဂေါ်ရာတွေကတော့ အေးသောနိုင်ငံမို့ ရေမကိုင်ချင်လို့ပဲလား၊ တံတွေးက မည်သည့်အာနိသင် ည်ဆိုပြီး အစွဲရှိနေလို့လားမသိပါ။ ထံတွေးစဲ သုံးကြပါသည်။

ဖိနပ်တိုက်သည့်နေရာမှာတော့ တံတွေးလေးနည်းနည်းနှင့် တိုက်လျှင် ပြောင်လွယ်သည်ကို တွေ့ရပါသည်။ တံတွေးက အာငွေ့နှင့်ဆိုတော့ ပူနွေးနေ တိုက်ရပိုကောင်းပါသည်။ ပိုပြောင်လွယ်ပါသည်။

သေနတ်ရော ဖိနပ်ပါတိုက်သော အဝတ်စကလည်း (Fancy Goods e FGS) ဟုခေါ်သော ကျောင်းသားပစ္စည်းစုံရောင်းသောဆိုင်တွင် ဝယ်၍ သည်။ ဖလန်နယ် အဝါစကလေးများ ဖြစ်၏။ ဝယ်ပြီးပြီးချင်း အမွေးစုတ် ဖြင့် သုံးမကောင်းသေးပါ။ ရေလျှော် မီးပူတိုက်ပြီးမှ သုံး၍ ပိုကောင်းပါ ည်။

ဤကဲ့သို့ အကောင်းဆုံးပစ္စည်းများကို (Best Kit)ဟုခေါ်ပြီး ကျောင်း ခေါင်းဆောင်များက မကြာမကြာ စစ်ဆေးပါသည်။ သူတို့ ဘယ်အချိန် ည်ဆိုသည်ကို ကြေညာထားပြီး ပစ္စည်းများကို ကျွန်တော်တို့အခန်းများ လိုက်စစ်ခြင်းဖြစ်၏။ သူတို့စစ်နေစဉ် မိမိက အခန်းပြင်ထွက်ပြီး ရှောင်ပေး သည်။ တစ်ခါတစ်ရံလည်း အခန်းထဲနေလို့ရပါသည်။ စစ်ဆေး၍ ချို့ယွင်း တစ်ခုခုတွေ့ပြန်လျှင် နာမည်ရှုံးပြန်ပါသည်။

နောက်ပြီး ခါးပတ်နှင့် သေနတ်လွယ်ကြိုး၊ လုံ့စွပ်အိတ်များကို အဖြူ ထုတ်ပေးထားသေးသည်။ (Buff) ဟုခေါ်ပြီး အခမ်းအနား စစ်ရေးပြပွဲ မှာသုံးရပါသည်။

နောက်ဝတ်စုံက အပြာရောင်ဝတ်စုံများ ဖြစ်ပါသည်။ (Blues) ဟုခေါ် သည်။ ဘောင်းဘီတွင် အနီစင်းကြီးတွေပါသေး၏။ ၎င်းမှာ အခမ်းအနား စုံ ဖြစ်၏။ အခမ်းအနားစစ်ရေးပြများ၊ ကျောင်းဆင်းပွဲများတွင် ဝတ်ရပါ

www.burmeseclassic.com

www.burmeseclassic.com



သည်။ ကြယ်သီးက ကြေးကြယ်သီးများဖြစ်၍ ပြောင်လက်နေအောင် တိုက်ရသည်။ ထုံးစံအတိုင်း အင်္ကျီသားကိုမထိအောင် တိုက်ရခြင်းဖြစ်သည်။ အပြာကိုလည်း ဘရာဆိုမထိအောင် အထူးဂရုစိုက်ရ၏။ ဘလူးစ်နှင့်ဝတ်ရ ဦးထုပ်မှာ အနက်ရောင် အရာရှိဆောင်း ဦးထုပ်ပုံဗ္ဗာန်ဖြစ်ပါသည်။ ဦးထုပ် ချောင်နေပြန်လျှင် လှုပ်ပြုသွားမည်စိုးရ၍ ခပ်ကျပ်ကျပ် ရွေးယူထားရပါသည် ကျပ်သဖြင့် ထိုဦးထုပ်ဆောင်းပြီး အကြာကြီးစစ်ရေးပြလုပ်ရသည့်အခါ တ ကို ခေါင်းကိုက်ပါတော့သည်။

ကိုယ်လက် ကြံ့ခိုင်ရေးဝတ်စုံမှာ ဘောင်းဘီတို၊ စပို့ရှပ်နှင့် ဖိနပ် ဖြစ်ပါသည်။

ယုံကြည်မှုနေရာကို တင်ပြပါမည်။ (Confidence Area) ဟုခေါ် တကယ့်အခက်အခဲများ ဖြစ်ပါသည်။ ဆင်းပတ်စ်က အခက်အခဲကမှ တ အခက်အခဲဖြစ်ပြီး မောန်းတွင်တွေ့ခဲ့ရသော အခက်အခဲဆိုသည်တို့မှာ နှိုင်း ကြည့်ပါလျှင် ကလေးကစားစရာလို ဖြစ်သွားပါပြီ။ ခြေချော် လက်ချော် လျှင် သေနိုင်၊ ကျိုးနိုင်သောနေရာများ ဖြစ်၏။ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှု ရှိလာအောင် လုပ်ပေးသောနေရာ ဖြစ်ပါသည်။ တကယ်လည်းဟုတ်ပါသည် အစကတော့ မြင်လိုက်ရလျှင်ပင် လန့်စရာဖြစ်နေ၏။ ၁၀ မျိုးခန့်ရှိပြီး အ ကြီးသည်များကို ပြောပြပါမည်။ တစ်ခုက သေမင်းဆင်းလျှော (De Slide)ဟုခေါ်၍ သစ်ပင်ပေါ်တွင် လင့်စင်တဲငယ်ထိုးထားပါသည်။ ထိုတဲ သို့ ဒါနင်းဝတ်စုံအကြမ်းနှင့် စစ်ဖိနပ်နှင့်တက်ရပါသည်။ ပေ ၃၀-၄၀ ခ မြင့်ပါလိမ့်မည်။ ထိုနေရာမှ ၇၅ ကိုက်လောက် အကွာတွင်ရှိသော နေရာ သစ်ပင်တစ်ပင်နှင့် သံမဏိကြိုးကိုတန်းထား၏။ ဆင်းလျှောဖြစ်ပါသည် အောက်မှာတော့ ရေကန်ကြီး ဖြစ်၏။ နွေအခါတွင် ရေရှိ၍ ဆောင်းတွင် လျှင် ရေခဲနေ၏။ ထိုလင့်စင်ပေါ်တက်၊ ဆရာလုပ်သူက ဗိုလ်လောင်းအ လက်နှစ်ဖက်ပူးပြီး ပူလီနှင့် ချည်ပေးလိုက်၍ တွန်းချလိုက်ပါသည်။ ပူလီဘီးနှင့် သံမဏိကြိုးအတိုင်း လျှောချလာပြီး အောက်ခြေနားရောက်သောအခါ ဖမ်း သောဆရာရှိ၏။ သူက 'ပြေး ပြေး'ဟုအော်၍ ပြေးကြည့်သောအခါ ခြေထော နှင့် မြေကြီးလုံးဝမထိပါ။ သူတို့ အရပ် ၅ ပေ ၁၀ လက်မ၊ ၆ ပေလော ဂေါရာတွေအတွက်လုပ်ထားခြင်းဖြစ်၍ ကျွန်တော်တို့အရပ်နှင့်မမီပါ။ လေထဲ ပဲပြေးပြီး အောက်ကသစ်ပင်နှင့် မဆောင့်မိအောင် အောက်ခြေနားကျမှ ခြေ ထောက်နှင့် မနည်းထိန်းယူရပါသည်။ သေမင်းဆင်းလျှောကတော့ သံမဏိကြိုး

တို့ ကောင်းသည့်အပေါ်တည်ပါသည်။ ကိုယ်က လျှောလိုက်သွားရုံဖြစ်၍ လုပ်ရဘဲ အသည်းအေးတာပဲရှိပါသည်။ ပူလီနှင့် သံမဏိကြိုး မခိုင်လျှင် ကျိုးရုံမဟုတ်ပါ။ သေမှာသေချာပါသည်။ သို့သော် ကျွန်တော်တို့ ဘာသိုလ်တက်တုန်းရော နောင်မှာပါ ကြိုးပြတ်သည်၊ ပြုတ်သည် မကြားဖူး

နောက်တစ်မျိုးက ဗမာတံတား (Burma Bridge)ဟုခေါ်၏။ က သံမဏိတန်းနှစ်ခု အောက်ကသံမဏိတန်းတစ်ခု ဖြစ်ပါသည်။ ၃၀ ကျော်မြင့်သော သစ်ပင်နှစ်ပင်ကိုတန်းထားပါသည်။ ဒါနင်းနှင့် စစ် ကြီးနှင့် ဖြတ်ကြရပါသည်။ ဆောင်းတွင်းတွင် သံမဏိကြိုးက အေးအေး ာက ဖိနပ်ကြီးနှင့် ချော်များချော်လိုက်လျှင် ကိစ္စပြီးမှာ သေချာပါသည်။ အပေါ်က ကြိုးနှစ်ချောင်းဖြစ်၍ ချိုင်း (ဂျိုင်း)တစ်ဖက်စီ အောက်မှာ ပြီးဖြတ်ရသဖြင့် သည်လောက်အဆိုးကြီး မဟုတ်ပါ။

ကြောက်စရာ အကောင်းဆုံးက 'ဗမာတံတား'အတိုင်း ပေ ၃၀ လောက် ကိုက် ၂၅-၃၀ ဝေးသော သစ်ပင်နှစ်ပင်တန်းထားသော တံတားတစ်မျိုး ။ အပေါ်က သံမဏိကြိုးတစ်ချောင်း၊ အောက်ကလည်း တစ်ချောင်းသာ ။ ကြိုးနှစ်ချောင်း အပေါ်အောက် အကွာအဝေးက ၆ ပေလောက် ရှိ သည်။ အပေါ်တန်းကို လက်နှစ်ဖက်နှင့်ကိုင်၊ အောက်တန်းပေါ်က စစ်ဖိနပ် နှင့် ပုစွန်လုံးသွားသလို ဘေးတိုက်တစ်လှမ်းချင်း သွားရခြင်းဖြစ်ပါသည်။ က လက်နှစ်ချောင်းစုလျှင် အောက်ကခြေနှစ်ချောင်း ခွဲ၊ အောက်က လျှင် လက်နှစ်ဖက်ခွဲပြီး ကူးရခြင်းဖြစ်၏။ အဆိုးဆုံးက ကိုယ့်ရှေ့က ၆ ပေလောက် ဂေါရာကသွားနှင့်ပြီး ကိုယ်က ဆက်လိုက်ရသောအခါ ခင်တော်နံ့ပါတော့သည်။ သံမဏိကြိုးက ရှေ့ကအရပ်ရှည်ကြီး လျှောက်နေ၍ နှစ်ချောင်းမှာ တော်တော်ကျဲနေပြီး ကျွန်တော်တို့ အရပ်နှင့်ကျတော့ ကျေခြေပါ လွတ်ထွက်မသွားရအောင် မနည်းကုတ်ကတ်ထားရပါသည်။ တဆ လက်ပြုတ်ပြီးကျလျှင် မသေတောင် ကျိုးမှာသေချာ၏။

ယင်းတို့မှာ ကြောက်စရာအကောင်းဆုံး နေရာများဖြစ်ပါသည်။ တစ်ခု ာ့ သိပ်အဆိုးကြီးမဟုတ်ပါ။ သစ်သားတန်းတွေ တစ်ခုနှင့်တစ်ခုကြားခြင် မ်းစာလောက် ခွာထားပြီး စစ်ဖိနပ်ကြီးနှင့် 'ခုန်ကူး'ကြရခြင်းဖြစ်ပါသည်။ င်လမ်း (Cat Walk) ဟုခေါ်၏။ အမြင့်ဆုံးတန်းမှာ ၃၀ ပေကျော် ာ်မြင့်ပါလိမ့်မည်။ အဆိုးကြီးမဟုတ်ဟုဆိုစေကာမူ ကျွန်တော်တို့ တစ်ခွ

www.burmeseclassic.com

www.burmeseclassic.com



ကင်းစဝုဒ် (Kingswood)ဆိုသော ဗိုလ်လောင်းမှာ ကြောင်လမ်းမှ ကျပြီး လက်ကျိုးသဖြင့် ဆေးရုံတင်ကုယူရပါသည်။ မိုးရွာနှင်းကျနေ သားများမှာ ချောနေ၍ စစ်ဖိနပ်ကြီးနှင့် ခုန်ကူးရသည်မှာလည်း မလွယ

ကျောင်းသား ခေါင်းဆောင်များကို ရွေးချယ်ရာတွင် စာ လက်တွေ့ပါတော်သူများကိုသာ ရွေးချယ်ခြင်းဖြစ်၏။ သူတို့ မှုအရဟု သည်။ ကျွန်တော်တို့ သိသလောက် နိုင်ငံခြားသားများထဲမှ ကျောင်း ခေါင်းဆောင်မခန့်ပါ။ တပ်ခွဲတစ်ခွဲတွင် တပ်ခွဲတာဝန်ခံ (Senior Officer SUO) ကျောင်းသား တပ်ခွဲမှူးတစ်ဦး၊ တပ်စုတာဝန်ခံ (J Under Officer JUO) က တပ်စုတစ်ခုတွင် တစ်ယောက်၊ ကျောင်း တပ်စုမှူးသဘောဖြစ်၏။ ထို့နောက် တပ်ခွဲအရာခံဗိုလ်ကတော့ တပ်ခွဲတ တစ်ယောက်ပဲ ခန့်ထားပါသည်။ သူတို့ကိုတော့ အခြားဗိုလ်လောင်း ခွဲခြားနိုင်ရန် ဝတ်သော စစ်ဝတ်စုံလက်များတွင် ပန်းခက်များ ထိုးပေးထား သူတို့အလုပ်မှာ စည်းကမ်းကူထိန်းပေးရ၏။ ဘီအာစီကို တာဝန်ယူ ၏။ အပြစ်ကျသူများကို ညနေတွင် စစ်ပြီး အပြစ်ပေးရ၏။ ကျန်တာ အခြားဗိုလ်လောင်းများကဲ့သို့ အားလုံးရောပြီး လုပ်ကြရပါသည်။ စစ်ရေး ဗိုလ်လောင်းတပ်ခွဲမှူး၊ တပ်စုမှူးများက ခားကိုင်ရပါသည်။

သည်လောက် အောက်ခြေက ရှင်းပြပြီးမှ နေ့စဉ်မှတ်တမ်းဖ အခါ ပိုပြီးရှင်းလင်းမည် ဖြစ်ပါသည်။ ထို့ကြောင့် နောက်ခံအနေနှင့် ထားရခြင်းဖြစ်ပါ၏။

၇-၉

ပစ္စည်းများ ထုတ်ကြရ၏။ စစ်ရေးပြတစ်ချိန် ရှိပါသည်။ အေ ထက် လှုပ်ရှားမှုပိုမြန်သည်ကလွဲပြီး အဆင်ပြေပါသည်။ ကျွန်တော်တို့ အိုကလည်း သဘောကောင်းပါသည်။

အခန်းအနေအထားကို တင်ပြပါမည်။ အိပ်ရာ၊ စောင်၊ ခေါင်း အပြင် ခြင်ထောင်မလိုပါ။ အဝတ်ထည့်သော ဗီရိုကြီးတစ်ခုရှိပါ စာကြည့်စားပွဲ၊ ကုလားထိုင်တစ်လုံးအပြင် ဆိုဖာကုလားထိုင်တစ်လုံး ရှိပါ အခန်းမီးအပြင် စားပွဲတင်မီးတစ်ခု ရှိသေး၏။ ဗီရိုကြီးကလည်း ထုတ်ေ သော အဝတ်များနှင့် ပြည့်သလောက်ဖြစ်ပါ၏။ အခန်းထဲတွင်ပင် ဆောင် တွင် ရေနွေးငွေ့လွှတ်ထားသော ပိုက်ကြီးများရှိသဖြင့် အခန်းတံ



ထိုအောင်ပိတ်ထားလျှင် နွေးနေပါသည်။ သို့သော် ပြတင်းပေါက်ကလေးကို သုံးနည်းလေးဖွင့်ထားပြီး လေကောင်းလေသန့်ဝင်စေရ၏။

၈-၉-၅၁

သင်္ချာနှင့် သိပ္ပံစာမေးပွဲ စစ်ပါသည်။ အခြေခံ မည်မျှရှိသည်ဆိုသည်ကို သိရအောင်စစ်ခြင်း ဖြစ်ပါသည်။ သင်္ချာထဲကပဲ ဖြေနိုင်သလောက် ဖြေလိုက် ပါသည်။ သိပ္ပံက ကိုယ်လုံးဝမယူခဲ့သောဘာသာဖြစ်၍ အသာပဲ ထားလိုက်ရပါ သည်။ စစ်တက္ကသိုလ်တွင် သင်ရသောဘာသာများကို တင်ပြပါဦးမည်။ အေ၊ ဘီ ၁၊ ဘီ ၂ နှင့် စီ သင်တန်းဟု ခွဲခြားထားပါသည်။ အင်ဂျင်နီယာတပ်၊ အီးမီး (E.M.E) တပ်သွားမည့်ဗိုလ်လောင်းများက အေသင်တန်း (A) ကို ယူရပြီး အမြောက်တပ်သွားမည့်ဗိုလ်လောင်းများက ဘီသင်တန်း (B 1 or B 2) ယူရပါသည်။ ကျန်ခြေလျင်နှင့် အခြားတပ်များက စီသင်တန်းယူရ၏။ တစ်ခုက အခြားတစ်ခုထက် ပိုကောင်းသည်ဟုမရှိပါ။ အေက သိပ္ပံဘာသာ၊ အင်ဂျင်နီယာဘာသာများပြီး၊ ဘီက သင်္ချာများပါသည်။ စီကတော့ သိပ္ပံသင်္ချာ သိပ်မပါပါ။ ကျွန်တော်က အမြောက်တပ်သွားရန် စိတ်ကူးထားသဖြင့် (ဘီ) သင်တန်းယူရန် စာရင်းပေးလိုက်ပါသည်။

ကိုအုန်းဖေကြီးနှင့် ကိုမောင်မောင်တို့ ကျွန်တော့်အခန်းလာပြီး အားပေး ကြပါသည်။ သူတို့က အောင်ပွဲကောလိပ်ကဖြစ်၍ ကျွန်တော်တို့ ကောလိပ် ဆစ်နှင့်ကပ်လျက် ဖြစ်ပါသည်။ အောင်ပွဲကောလိပ်ပြီး အားကစားရုံ၊ ရုပ်ရှင်ပြ သော ခန်းမကြီးများ ခြားပြီးတော့မှ ကောလိပ်ဟောင်းဖြစ်ပါသည်။ ကောလိပ် ဟောင်းမှာက ကိုလေးမောင်၊ ကိုကိုကြီး၊ ကိုချစ်ဆွေ၊ ကိုတင်ဝင်းညိုတို့ ရှိ ကြပါသည်။

ညနေတွင် ကိုလေးမောင်ကြီး လာပါသေးသည်။

၉-၉-၅၁

ဖိနပ်တွေ၊ ခါးပတ်တွေ တိုက်ကြ၊ အဝတ်အစားတွေ မီးပူတိုက်ကြ အလုပ်များနေကြပြီ။

အမှတ်တရ နေ့တစ်နေ့ဖြစ်ပါသည်။ ညနေတွင် အပြေအကျင့်ရပါ သည်။ တောလမ်း၊ တောင်လမ်းတွေကို မနားတမ်း ပြေးရခြင်းဖြစ်၏။ ကျောင်းသားငယ် ဂျူနီယာများကို ကျောင်းသားကြီးအချို့ ဦးဆောင်ပြီး ပြေးပေါ

www.burmeseclassic.com

www.burmeseclassic.com



သည်။ ဂေါ်ရာကြီးများက အရပ်ရှည်ပြီး ခြေလှမ်းကျဲသဖြင့် ဘယ်လိုကြိုး လိုက်လိုက် မမီနိုင်ပါ။ ကျွန်တော်တို့ တပ်ခွဲတွင် အရပ်ပုသော ဂေါ်ရာက နှစ်ယောက်ရှိပါသည်။ အရပ်ပုသည်ဆိုသော်လည်း ၅ ပေ၊ ၅ လက်မလော တော့ရှိကြပါသည်။ ကင်းစရဒ်နှင့် တားလက်ဆိုသူတွေပါ။ ထို့နောက် မ သိပ်ဟိုဋ္ဌ်တို့မှ ကျောင်းသားများကလည်း အလုံးအရပ် ကျွန်တော်တို့ လောက် ရှိကြပါသည်။ သူတို့ထက်တော့သာအောင် နောက်မကျအောင်ပြေးမည် အားခဲပြေးရပါတော့သည်။ ဤကဲ့သို့ ပြေးကြခြင်းကို (Steeple Chase) ဟုခေါ်၏။ 'တောလမ်းကို ဖြတ်ပြေးကြသော မြင်းပြိုင်ပွဲ'ဟု အဓိပ္ပာယ်ရ

ညနေတွင် ရေချိုးကန်ကို ရေဖြည့်ရင်း ရေမပြည့်မချင်း အခန်းပြန် ဖိနပ်တိုက်နေရာ အချိန်နည်းနည်းကြာသွားသဖြင့် ရေတွေလျှံကုန်ပြီး ကျောင်းသားကြီးတစ်ယောက်က ကျွန်တော့်အား အက်စ်ယူအိုထံ ခေါ်သွားပါသည်။ ကံကောင်းလို့ နာမည်တော့မရှုံးပါ။ နောက်မဖြစ်စေနဲ့၊ ရေကို ချွေတာသုံး မည်ဟုပြောလိုက်ပါသည်။

၁၁-၉-၅၁

မနေ့က ပြေးထားသော ဒဏ်ကြောင့် ကြွက်သားများ နာနေပါသည်။ ကြိုးစားပြေး၍ တပ်စု ဂျေယူအိုက သဘောကျနေပါသည်။ သူကိုယ်တိုင် စတီပယ်ချေ့စ် (Steeple Chase) တပ်ခွဲခေါင်းဆောင် ဖြစ်ပါသည်။ ကျွန်တော် အဝတ်အစားကို ဘီအာစီမှ သဘောလောက်သာစစ်ပြီး 'မနေ့ကပြေးခဲ့ ကြွက်သားတွေ ဘယ်လိုနေလဲ'ဟုမေးပါသည်။ 'အားလုံးကောင်းပါတယ် ခင်ဗျား' ဟုသာ ဖြေလိုက်ရပါသည်။ ညနေမှာလည်း ပြေးပွဲပါ။ ဖွတ်မှိတ် လိုက်ရပါတော့သည်။

၁၂-၉-၅၁

ယနေ့ ရိုင်ဖယ်များ စစ်ပါသည်။ ပြောင်နေအောင်တိုက်ပြီး ကိုယ် အခန်းမှ စားပွဲပေါ်တင်ထားကြရပါသည်။ ကျောင်းသားကြီးများနှင့် ဂျေယူ တို့က သူတို့အားသောအချိန် ညပိုင်းတွင် လျှောက်စစ်ကြခြင်း ဖြစ်ပါသည်။ ယနေ့ စက်ဘီးငှားရပါ၏။ (စစ်တက္ကသိုလ်မှာပင် စက်ဘီးငှားသောနေရာ ရှိပါသည်။) စက်ဘီးကလည်း မရှိမဖြစ်ပစ္စည်းဖြစ်ပါသည်။ တစ်နေရာနှင့် တစ်နေရာ သွားရသည်မှာတော်တော်ဝေးပါ၏။ ကျွန်တော်တို့နေရာမှာကော



ဖြစ်သော်လည်း တစ်ခါတစ်ရံ သင်တန်းအချို့ကို ကောလိပ်ဟောင်းမှာ တက်ရပါသည်။ စက်ဘီးငှားခပေးရပြီး ကိုယ်သုံးပြီးလျှင် စက်ဘီးကို ဘီးထားသောရုံမှာသော့ခတ်၍ သွားသိမ်းထားရပါသည်။ စက်ဘီးကလည်း စီးလျှင် မီးပါရ၏။ မီးမပါလျှင် ရုံးတင်ခံရပြီး အပြစ်ရမှာ သေချာပါသည်။

ယနေ့ မော်တော်ဆိုင်ကယ် စစီးရပါသည်။ လမ်းပေါ်မှာရော တော တောင်လမ်းမှာပါ စီးရခြင်းဖြစ်ပါသည်။ တော်တော်ပျော်ဖို့ ကောင်းပါ၏။ လမ်းတောင်လမ်း တောင်တက်တွင်လဲလျှင်တော့ သက်သာမည်မဟုတ်ပါ။

၁၈-၉-၅၁

ယနေ့ ပြေးပွဲကတော့ တကယ့်ကို ဖားလှသည်။ ချောင်းဖြတ် ပြေးကြ ၏၊ ဆင်းဟတ်စ် စစ်တက္ကသိုလ်ကြီးကို ဝိုင်းပတ်ပြီးစီးနေသော ချောင်းလေး ကို ဆုတောင်းပြည့် ချောင်း (Wish Stream) ဟုခေါ်၏။ ထိုချောင်းကို ပြီး ဆင်းဟတ်စ်ကထုတ်သော မဂ္ဂဇင်းကိုပါ ဆုတောင်းပြည့် ချောင်း င်းဟု ခေါ်ကြပါသည်။ ချောင်းမှာ ၄ ပေခွဲခန့် ကျယ်ပြီး ရေက ရင်ခေါင်း တက် ရှိပါသည်။

၁၉-၉-၅၁

ဗုဒ္ဓဟူးနေ့ဖြစ်၍ နေ့ဝက်သာ ကျောင်းတက်ရပါသည်။ အခြားတပ်ခွဲ ကျောင်းသားငယ်များ ပြေးကြရသော်လည်း ကျွန်တော်တို့တပ်ခွဲက မပြေး ၊ စံချိန်ကောင်းနေ၍ ဖြစ်ပါသည်။ နေ့ဝက်ဖြစ်သော်လည်း အပြင်ထွက် ည်ကြရသေးပါ။ ယနေ့ နိုင်ငံခြားသား ဗိုလ်လောင်းတွေအားလုံး ဝုတ်ကင်း rking) ရဲဌာနတွင် သွားပြီးမှတ်ပုံတင်ကြရပါသည်။

၂၀-၉-၅၁

ချောင်းဖြတ်ပြီး ပြေးရပါ၏။ သက်လုံ ပိုကောင်းလာ၍ ထင်ပါသည်။ တော် ခံနိုင်ရည်ရှိလာပါသည်။ ယနေ့ ပြင်သစ်နှင့် ဂရိဗိုလ်လောင်းများ ကလာကြပါသည်။ ဆင်းဟတ်စ်စစ်တက္ကသိုလ်ကို လာရောက်လေ့လာ င်း ဖြစ်ပါသည်။

ယနေ့ ဖိနပ်၊ ခါးပတ်၊ သေနတ်လွယ်ကြိုးများကို အခန်းထဲက ပေါ်မှာပင် စီပြီးချထားရပါသည်။ စစ်ဆေးရာကို ပြင်သစ်၊ ဒရိ

www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်လောင်းများပါ လိုက်ကြည့်ကြ၍ ကျွန်တော့်ပစ္စည်းများကို ချီးကျူးသွား ပါသည်။

၂၃-၉-

တနင်္ဂနွေနေ့ဖြစ်၍ ဗိုလ်မှူးကြီးသောင်းကြည်[၁] အိမ်သွားလည် သည်။ ဗိုလ်မှူးက ကျွန်တော်တို့ စစ်တက္ကသိုလ်နှင့် ကပ်လျက်ရှိသော ကင်း လေ စစ်ဦးစီးတက္ကသိုလ် လာတက်နေသူဖြစ်ပါသည်။ ထိုကျောင်းမှာ အ ကြီးများတက်သော ကျောင်းဖြစ်၏။ ယခုအပတ်တွင် မြန်မာပြည်မှ ဗိုလ်မှူး သောင်းကြည်တစ်ဦးတည်း လာတက်နေပါသည်။

သူ့ဇနီးနှင့် သမီးလေးကို ခေါ်လာပါသည်။ ကင်ဘာလေထဲမှာ အိမ်ငှားနေကြပြီး အလွန်ဖော်ရွေကြပါသည်။ သူတို့ ချက်ကျွေးသော မြ ထမင်းနှင့် ဟင်းကလည်း အလွန်ကို စားလို့ကောင်းပါသည်။ လုံးဝ လင့်ဘဲ စားနေသောက်နေ အိမ်ရနေကြခြင်း ဖြစ်ပါသည်။ ယခုကဲ့သို့ ဆင်းရဲစွာ သင်တန်းတက်နေကြစဉ်တွင် မြန်မာထမင်းဟင်း ရံဖန်ရံခါ စား မှာ တကယ့်ဖြစ်တောင့်ဖြစ်ခဲပင်ဖြစ်ပါသည်။ ဗိုလ်မှူးကြီးတို့ ကျေးဇူးမှာ ပါ၏။

၂၇-၉-

ယနေ့ အပြေးပြိုင်ပွဲ နောက်ဆုံးစံချိန် ယူပါသည်။ နေ့စဉ် ၃ ၄ မိုင် ပြေးခဲ့ရပြီး နောက်ဆုံးနေ့မို့ အားခဲပြီး ပြေးလိုက်ရာ ဆုတော ချောင်းဖြတ်ပြီး ပန်းဝင်တော့ ကျွန်တော့်နောက်တွင် ဗိုလ်လောင်း ၄- ကိုဖြတ်ထားနိုင်ခဲ့ပါသည်။ အခက်အခဲကြီးတစ်ခုကိုတော့ အောင်မြင်စွာ လွန်နိုင်ခဲ့ပါပြီ။

၂၉-၉-

ယနေ့ တော်တော် နေပူပါသည်။ အင်္ဂလန်တွင် ယခုကဲ့သို့ နေပူ နေ့ အလွန်ရှားပါသည်။ စစ်ရေးပြ နှစ်ချိန် လုပ်ကြရ၏။ ထို့နောက် ကို မောင်အခန်းသွား၍ မယ်ဒလင်တီးရင်း စကားစုပြောကြပါသည်။ ဗိုလ် စိုးတင် (ယခင်လေ့ကျင့်ရေး ညွှန်ကြားရေးမှူးရုံး၊ ယခု အနားယူနေပြီ)

၁။ ဗိုလ်မှူးကြီးသောင်းကြည်၊ ဦးသောင်းကြည် (လမ်းစဉ်ပါတီဌာန (ကွယ်လွန်)



ပြီး ဓာတ်ပုံများရိုက်ကြပါသည်။ ကိုလေးမောင်အခန်းမှာ ကျွန်တော်တို့ မြန်မာကျောင်းသား တော်တော်များများဆုံကြရာ ဖြစ်ပါသည်။ ကိုလေးမောင် စကားပြောကလည်း ကောင်း၊ မယ်ဒလင်အတီးကလည်း ကောင်းပြီး စေစသည်းခံတတ်သဖြင့် သူ့အခန်းတွင်ဆုံကြပြီး စကားပြောကြ၊ စားကြ သောက်ကြတာများပါသည်။ တစ်ယောက်ယောက်က ငါးပိကြော်ရလာသော တွင်လည်း သူ့အခန်းတွင်ပင် စုပြီးစားကြတာများပါသည်။ ယနေ့လည်း ဂျက်ဖ်ဂျီအက်စ်မှ ဝက်အူချောင်း (မြန်မာဝက်အူချောင်းလို အရသာမရှိပါ။ သို့သော် အခြားအစားအသောက်နှင့်စာလျှင် စားလို့ရသေး၏။) အာလူးကြော် ဝယ်ပြီး ငါးပိကြော်နှင့်စားကြပါသည်။

၁-၁၀-၅၁

အကောင်းဆုံး ဖိနပ်နှင့်ပစ္စည်းများ စစ်ဆေးသည်။ ပြဿနာမရှိပါ။

၃-၁၀-၅၁

တပ်စုလိုက် ပြင်ပထွက်ပြီးလေ့ကျင့်ရ၏။ လဟာပြင်ထဲမှာပင် အိပ် စားကြရ၏။ ရွက်ဖျင်တဲကလေးများ ထိုးပြီးနေကြရခြင်း ဖြစ်ပါသည်။ တွင် တိုက်ကင်းထွက်ကြရ၍ ကင်းခေါင်းဆောင်မှာ ကျောင်းသားလတ်



ကိုလေးမောင်ကြီးအခန်းတွင် ဝဲမှယာ စာရေးသူ၊ ကိုကိုကြီး (ကွယ်လွန်)၊ ကိုခင်မောင်တင့်၊ ကိုမောင်မောင်

စစ်ဦးဖြစ်ပါသည်။ အပြန်တွင် ကျောင်းသားခေါင်းဆောင် မျက်စိလည်ပြီး လျှောက်ခေါ်သွား၍ တော်တော်မိုးချုပ်မှ တပ်စုနေရာပြန်ရောက်ကြ၏။ အသော

www.burmeseclassic.com

www.burmeseclassic.com



ဖား၍ အတော်လည်းအိပ်ရေးပျက်ရ၏။

၄-၁၀-

ယနေ့ လေ့ကျင့်ခန်းမှာ သောင်းကျန်းသူ လူဆိုးဖမ်းသော လေ့ ခန်းဖြစ်၏။ လူဆိုး (Bandit) ဆိုသည်မှာ မလေးယား (ယခု မလေး ကွန်မြူနစ်သူပုန်များကို အင်္ဂလိပ်ကခေါ်သောနာမည် ဖြစ်ပါသည်။ လူဆိုး သောနေရာကို ညမှောင်နှင့်မည်းမည်းတွင် တွားသွားပြီး ကိုယ့်ဘက်က အ သေနတ်နှင့် ချိန်ဖမ်း၍ လူဆိုးတစ်ဦး လက်ရဖမ်းနိုင်ခဲ့ကြပါသည်။ ဤ နှစ်ဖက်ပါသော လေ့ကျင့်ခန်းများတွင် ဆရာများက ဒိုင်လူကြီးလုပ်ပြီး အ လက်ဦးသူက နိုင်တမ်းဖြစ်ပါသည်။ တစ်ဖက်က ပြန်ပြီးငြင်းမနေရပါ။ အ ခံပြီး အသာလိုက်လာရုံဖြစ်ပါ၏။

၅-၁၀-

ယနေ့နံနက်တွင် အုပ်ချုပ်မှုတာဝန်ကျသဖြင့် အခြားဗိုလ်လော နှစ်ယောက်နှင့်အတူ နံနက်စာ ပြင်ဆင်ပေးရ၏။ (တပ်စုပြင်ပစခန်းချ လေ့ ခန်းသို့ အစေခံများလိုက်မလာကြရပါ။) အရုဏ်ဦးတိုက်ပွဲ လွတ်သွားပါသ နေ့လယ်တွက် တပ်စိတ်မှူးလုပ်ရ၏။ ညတွင် တပ်စုတစ်စုနှင့်တစ်စု အော ခိုးကြရပါသည်။ ယနေ့ညမှာ တော်တော်လေးကို အေးပါသည်။ အောက်တို လထဲ ဝင်လာပြီဖြစ်၍ အအေးပိုလာပြီး အပြင်မှာဖြစ်သဖြင့် လေက အရမ်းတိုက်ပါ၏။ မြက်ခင်းပေါ်မှ နှင်းစိုစိုအပေါ်မှောက်ပြီး တွားသွားကြ လှုပ်ရှားနေစဉ်တွင် မအေးအားပါ။ နားလည်းနားကြရော တုန်တက်လာအေ ချမ်းလှပါသည်။ လက်ဖျားများမှာ ကျဉ်နေပါ၏။

ယနေ့ စစ်တက္ကသိုလ်ကို ပြန်ကြရ၏။ ကပ္ပာကယာ သေနတ်တို ကိုလေးမောင်၊ ကိုကြည်အေးတို့နှင့် ကမ်ဘာလေတွင် ရုပ်ရှင်သွားကြည့်ကြ သည်။ အပြင်ထွက်လည်သောအခါဝတ်ရသော အဝတ်အကြောင်း မရေးရ သဖြင့် ယနေ့ရေးရဦးမည်။ အထူးခြားဆုံးမှာ ဦးထုပ်ဖြစ်၏။ ကျောင်းအ ထွက်လျှင် (အဆောက်အအုံအပြင်ထွက်လျှင် ဆိုလိုပါသည်။) ဦးထုပ်ပါ ဦးထုပ်မပါလျှင် နာမည်ရှုံးပါသည်။ ဆင်းဟတ်စ်ဘလေဇာအင်္ကျီမှာ န ရောင်၊ နောက်ကျော အောက်ခြေနှစ်ဖက်က အကွဲလေးများပါ၏။ ဆင်းဟ ကြေးကြယ်သီးကြီးများ တပ်ရသည်။ ဘလေဇာမှာ မဝတ်မနေရမဟုတ်



သော် ကျောင်းသားတိုင်းလို ဝတ်ကြပါသည်။ ဘလေဇာ မဝတ်လိုသော် ခြား ကိုယ်ကြိုက်ရာ ဝတ်စုံဝတ်နိုင်ပါသည်။ ဦးထုပ်ကတော့ အမြဲပါရမည်။ လောင်းများမှာ အသက်ငယ်ရွယ်သူများ ဖြစ်၍ လူကြီးစတိုင် ဦးထုပ် ဆောင်းလိုကြပါ။ ထို့ကြောင့် များသောအားဖြင့် ကက်ဦးထုပ်အပျော့များ ယူထားကြ၍ ကျောင်းအနီးတွင် ဦးထုပ်ဆောင်းပြီး ကျောင်းနှင့်ဝေးကွာသော ါ ဦးထုပ်ကိုခေါက်၍ အပေါ်အင်္ကျီအတွင်း အိတ်အတွင်းထည့်ထားလေ့ ၏။

ကင်ဘာလေမြို့မှာ ကျောင်းမှ ၁၀ မိနစ် ၁၅ မိနစ်ခန့် လမ်းလျှောက် က်လျှင် ရောက်သည်ဖြစ်၍ အားသောအခါတိုင်း ထွက်လည်၍ ရနေပါသည်။ နင်္ဂနွေတစ်နေ့လုံး ကျောင်းပိတ်ပြီး ဗုဒ္ဓဟူး၊ စနေနေ့တိုင်း နေ့ဝက်ပိတ်သဖြင့် ပြင်ထွက် ရုပ်ရှင်ကြည့်၊ အပြင်မှာ စား၍ရပါသည်။

၇-၁၀-၅၁

ကိုလေးမောင်ကြီးအခန်းတွင် စုကြပြီး မယ်ဒလင်တီး သီချင်းဆော် ကြ၏။ ကိုခင်မောင်တင့်က ဓာတ်ပုံတွေ ရိုက်သေး၏။ ညနေတွင် ရိုင်ဖယ် ပါသည်။ တပ်စုမှူးကိုယ်တိုင် စစ်သော်လည်း ပြဿနာ မရှိပါ။

၉-၁၀-၅၁

ယနေ့ စစ်ရေးပြတွင် လုံ့စွပ်အိတ် ညစ်ပတ်၍ဟုဆိုပြီး နာမည်ရှုံးပါ၏။ စ်ပတ်သည်ဆိုသည်မှာ သုံးနေကျစကား ဖြစ်ပါသည်။ လုံ့စွပ်အိတ်မှာ သားရေ ပြီး ကြေးကွင်းပါသေး၏။ ကြေးကွင်းတိုက်ရင်း ဘရာဆိုက သားရေ နည်းနည်း ထိသွားလျှင်လည်း ညစ်ပတ်သည်ဟုမှတ်၏။ ညနေတွင် အက်စ် ကိုကပြန်ပြ (Show again) ပေး၍ ကျေးဇူးတင်ရသေး၏။ ယနေ့ ခေတ် ဘာသာရပ်ဟုခေါ်သော (Modern Subjects) စသင်ရပါသည်။ သမိုင်း၊ ငံရေးသိပ္ပံနှင့် မျက်မှောက်ရေးရာ၊ နိုင်ငံတကာရေးရာများ ဖြစ်ပါသည်။ တော် စိတ်ဝင်စားဖို့ ကောင်းပါသည်။ သင်ကြားသူများမှာ အရပ်ဘက်မှ နှစ်မျိုးသုံးမျိုးရပြီး ဆရာများဖြစ်၏။ ယခု ခေတ်သစ် ဘာသာရပ် သင်ကြား မှာ ပီအိတ်(ချ်)ဒီဘွဲ့ရသူဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



၁၃-၁၀-

ယနေ့ ကောလိပ်ဟောင်း စစ်ရေးပြကွင်းကြီးတွင် စစ်ရေးပြ လေ့ကျင့်ကြရပါသည်။ ကောလိပ်ဟောင်း စစ်ရေးပြကွင်းကြီးမှာ စစ်တက္ကသိုလ် တစ်ခုလုံး စစ်ရေးပြလုပ်သည့်အခါ အခမ်းအနားစစ်ရေးပြ၊ ကျောင်း အားလုံး ထိုစစ်ရေးပြကွင်းမှာပင်လုပ်ကြရပါသည်။ စစ်ရေးပြကွင်းကြီးထိပ် ဝိတိုရိယဘုရင်မကြီးကျောက်ရုပ်ရှိပါသည်။ နေ့ခင်းတွင် ဗိုလ်မှူးကြီးသောင်း အိမ်သွား စားကြသောက်ကြ ဝါသနာပါသူများက ဖဲကစားကြ၏။

၁၅-၁၀-

ယနေ့ (Passing out the square) ဟုခေါ်သော အခြေခံ စစ် စစ်ဆေးခြင်းခံရပါသည်။ ကျွန်တော်တို့ အပတ်ထဲမှ ကျွန်တော်ကစပြီး အ ခြင်းဖြစ်ပါသည်။ လက်နက်မဲ့စစ်ဆေးခြင်းမှာ အောင်သော်လည်း လက် နှင့် စစ်ရေးပြတွင်မူရှုံးပါ၏။

၁၇-၁၀-

အချိန်ပို စစ်ရေးပြ လုပ်ရပါသည်။ အပြစ်ကျ၍ လုပ်ရခြင်း မဟုတ် အခြေခံစစ်ရေးပြ စစ်ဆေးခြင်းအတွက်လုပ်ရခြင်း ဖြစ်ပါသည်။ မော် ဆိုင်ကယ်ကို တောင်တက် တောင်ဆင်းများအပြင် ရေမြောင်းလေးများ၊ နွံ များကိုလည်း ဖြတ်စီးကြရသည်။

၂၀-၁၀-

ကင်ဘာလေသွား၍ ရုပ်ရှင်ကြည့်ကြပါသည်။ ကိုလေးမောင်၊ ကို အေး၊ ကိုအေးကျော်တို့နှင့် ကြည့်ကြခြင်း ဖြစ်၏။ ညစာကို ဂေါ်ဒွန် (Gor ဆိုသောဆိုင်တွင် စားကြပါသည်။ ယင်းဆိုင်မှာ အီတလီအမျိုးသား အီတလီများက ကျွန်တော်တို့လို ရေတိသီးအစပ် စားတတ်သဖြင့် သူ့ဆိုင် ရေတိသီးစိမ်းကို ထက်ခြမ်းခွဲပြီးကြော်၊ ကြက်သွန်ဥကြီးကို အဝိုင်းလိုက်လှီး ပြီး စိုစိုလေးကြော်ထားသည်များ၊ တစ်ခါတစ်ရံ မှိုကြော်လေးများလည်း ရှ ပါသည်။ ကင်ဘာလေတွင် စားကြသောက်ကြလျှင် ထိုဆိုင်မှာပင် စားကြ များပါသည်။ ဈေးတော့ကြီး၏။ နေ့ခင်းတွင် သချ်ာစာမေးပွဲစစ်ကြ၏။ ပါသည်။



၂၁-၁၀-၅၁

ကိုကြည်အေး၊ ကိုမောင်မောင်တို့နှင့် ရုပ်ရှင်သွားကြည့်ကြသည်။ (Guada Canal Diary) တော်တော်ကောင်းသော စစ်ကားဖြစ်ပါသည်။ ဂေါ်ဒွန်ဆိုင်မှာပင် ညစာစားကြသည်။

၂၂-၁၀-၅၁

ကားမောင်းသင်တန်းကို သူ့သင်တန်းခန်းမတွင် သွားသင်ရပါသည်။ ကားမောင်းသင်တန်းဟု အလွယ်ဆိုလိုက်သော်လည်း အမှန်မှာ ယာဉ်မောင်းနှင့် ထိန်းသိမ်းပြုပြင်ရေးသင်တန်း ဖြစ်ပါသည်။ ကားစက်ပြင်ခြင်း၊ ထိန်းသိမ်းခြင်း သင်ကြားပေးပါသည်။ သင်တန်းခန်းမမှာ ကားမောင်း၊ ယာဉ်မောင်း သင်တန်းအတွက် သီးသန့်ဆောက်လုပ်ထားသော အခန်းကြီးဖြစ်၍ သူ့ခန်းမဟု ခေါ်ခြင်း ဖြစ်ပါ၏။ အခန်းကြီးတွင် အင်ဂျင်အမျိုးမျိုးကို မှန်သေတ္တာကြီးများ ထည့်ထားသည်။ သေတ္တာတစ်ခုတွင် ခလုတ်နှစ်ခုစီရှိ၏။ တစ်ခုက ဂျင်လည်အောင် နှိပ်ရသောခလုတ်ဖြစ်ပြီး နောက်ခလုတ်တစ်ခုကို နှိပ်လျှင် ရပ်သွားပါသည်။ ဝါသနာပါသူများအတွက် အလွန်ကို လေ့လာ၍ ကောင်း အခန်းကြီး ဖြစ်ပါသည်။ ပစ္စည်းစုံလင်လှပါသည်။ ကားချပ်ကြီးများ ခွဲပြီး နံရံများတွင် ချိတ်ဆွဲထားသေး၏။ ကျွန်တော့်မှာ စက်နှင့် ပတ်သက် လျှင် မည်သည့်ပါရမီရယ်မသိ။ ဝါသနာကို လုံးဝမပါ၍ ဟိုသေတ္တာရှေ့ ၊ လည်သောခလုတ်နှိပ်လိုက်၊ ခဏကြည့်ပြီး ရပ်သည့်ခလုတ်နှိပ်လိုက်သာ ကြည့်မိသည်။ သင်တန်းစသောအခါ အသာတက်ခဲ့ပြီး ပြန်လာခဲ့ပါသည်။ သင်တန်းတွင် စာမေးပွဲအောင်ရုံပင် စာကြည့်မည်ဟုဆုံးဖြတ်ထား၏။ ကျွန်တော့်အတွက် မိမိ လုံးဝဝါသနာမပါသောအလုပ်ကို ပါလာအောင် လုပ်ယူ ရနိုင်ပါ။

၂၃-၁၀-၅၁

အော်ဒါရှော့သွား၍ တပ်ခွဲလိုက် ဘောလုံးလေ့ကျင့်ရပါသည်။ ဘောလုံးကန်ဖိနပ် ပထမဆုံးအကြိမ် စီးဖူးခြင်းဖြစ်ပါ၏။ ဘောလုံးလည်း ကျွန်တော်နှင့် မဟန်သေးပါ။ စစ်တက္ကသိုလ်တွင် (Organized games) ဟုခေါ်သော အများနှင့် လေ့ကျင့်ကြရသော အားကစားတစ်မျိုးမျိုးကို လေ့ကျင့် ၏။ နေ့လယ်ပိုင်းတွင် အားကစားလုပ်ကြရခြင်း ဖြစ်ပါသည်။ နံနက်ပိုင်း သင်တန်းများတက်၊ နေ့လယ်စာစားပြီးလျှင် အားကစားတစ်ခုခု လေ့ကျင့်ပြီး


www.burmeseclassic.com

www.burmeseclassic.com



တပ်ခွဲလိုက်ထားသော အားကစားစာအုပ်တွင် မိမိဘာကစားသည်ကို ရေး ရပါသည်။ ကိုကြည်အေးရော ကျွန်တော်ပါ ယခုအထိ ကိုယ်နှင့် အံကိုက် အားကစားနည်း မတွေ့ရသေးပါ။ ကျောင်းမှာ အလွန်ခေတ်စားသော (Rugger, Rugby) ဆိုသော ကစားနည်းရှိပါသည်။ နှစ်ဖက်ချွန်ဘော ကျွဲလို၊ နွားလိုလုပြီး ကစားရသော ကစားနည်းဖြစ်၏။ တကယ့်ကို တမ်းပါသည်။ ဂေါ်ရာများ အရပ်အလုံးနှင့် ကျွန်တော်တို့နှင့်က မယှဉ် ထို့ကြောင့် ထိုကစားနည်းမှာလည်း ကျွန်တော်တို့နှင့် မဖြစ်သေး။

ကျွန်တော်တို့နှစ်ယောက် (ကိုကြည်အေးနှင့် ကျွန်တော်) မ သင့်တော်မည့် အားကစားနည်း မတွေ့ရသေးပါ။ ယနေ့ နေ့လယ် လ နှင့် အခြေခံ စစ်ရေးပြ ထပ်အစစ်ဆေးခံရသည်။ ရှုံးပြန်ပြီ။ ကျွန်တော် တော်တော်ကို စိတ်ပျက်သွားမိပါသည်။ ဘာမှလည်း ခက်ခဲသည့်ကိစ္စ ပါ။ သေနတ်ထမ်း၊ သေနတ်အောက်ချ၊ သေနတ်မြှောက်၊ အလေး နှစ်ကြိမ်စီလောက် ခိုင်းသည်ကို ထပ်ပြီးကျနေ၍ တော်တော်ကိုစိတ်ပျက် သည်။ ကျွန်တော် စိတ်ပျက်သွားသည်ကို ကျွန်တော်တို့ တပ်ခွဲအရာခံဗိုလ် သိသွား၏။ တပ်ခွဲအရာခံဗိုလ်က စစ်ဆေးရသည့်အထဲမပါပါ။ စစ်ဆေး အဖွဲ့မှာ တပ်ရေးဗိုလ်မှူး တပ်ရင်းအရာခံဗိုလ်နှင့် အခြားလူများပါပါ



ဘုရင့်စစ်တက္ကသိုလ် တစ်ပတ်တည်းတက်ရောက်ခဲ့ကြသူများ ဝဲမှယာ ကိုခင်မောင်တင့်၊ ကိုအေးကျော်၊ ကိုကြည်အေး၊ စာရေးသူ



ကျွန်တော်တို့ တပ်ခွဲအရာခံဗိုလ်က နံဘေးကပင် ရပ်ကြည့်ရပါသည်။ တပ်ခွဲ ပြန်ရောက်သောအခါ (စစ်ဆေးတာက ကောလိပ်ဟောင်းစစ်ရေးပြကွင်းတွင် သွားအစစ်ခံကြရခြင်း ဖြစ်ပါသည်။) အရာခံဗိုလ်က 'မစ္စတာထိုက်လာဦး'ဟု ခေါ်ပါသည်။ ဗိုလ်လောင်းများကို (အရာခံဗိုလ် အကြပ်များက နာမည်နှင့် ခေါ်လျှင် မစ္စတာ ထည့်ခေါ်ရပါသည်။) 'မင်းဘာကြောင့် ရှုံးသလဲသိသလား' တဲ့။ ကျွန်တော်ကမသိကြောင်း ကျွန်တော်လည်း ကြိုးစားလုပ်သည့်အကြောင်း ပြောသောအခါ 'မင်းလုပ်တာ ဒီလို ဖြစ်နေတယ်'ဆိုပြီး ကျွန်တော့်သေနတ်ကို ယူပြီး သေနတ်ထမ်း၊ သေနတ်မြှောက်၊ အလေးပြုလုပ်ပြပါသည်။ မျက်စိက ကြောင်ကြောင်ဖြစ်ပြီး ပါးစပ်ကစေ့ပြီး အံကြိတ်တင်းထား၏။ ပြီးတော့ မင်းစိတ်လျှော့ လျှော့ထား (Relax) လုပ်ပြီး လုပ်စမ်း'တဲ့။ ထိုအခါကျတော့မှ ကျွန်တော်လည်း ပြုံးလာနိုင်ပါသည်။ သူ့ကိုလည်း အလွန်ပင်ကျေးဇူးတင် ပါသည်။

ယင်းအချက်ကိုသာ သူထောက်မပြလျှင် ကျွန်တော် ဘယ်နှကြိမ်ထပ် ၍ စစ်ရေးပြရှုံးနေမည်မသိပါ။ ဤကဲ့သို့ မျက်နှာထားတင်းထားပြီး ပြောသည့် လုပ်သည့်အလုပ်မှာ ကျွန်တော်တို့ ဂျပန်ခေတ်ကရခဲ့သော လေ့ကျင့်ရေး၏ အမွေအနှစ်တစ်ခုဟု ထင်ပါသည်။ ဂျပန်လေ့ကျင့်ရေးက စိတ်ဓာတ်၊ စစ်စိတ် ဓာတ်သွေး (ဂျွန်ကျင်ဖေးရှင်းဟု ခေါ်ပါသည်။)ကို အဓိကထားသဖြင့် ဘာလုပ်လုပ် မျက်နှာထားတင်းပြီးပြောလျှင်လည်း စိတ်လိုက်မာန်ပါ၊ ဘာလုပ်လုပ် စိတ်လိုက် မာန်ပါလုပ်ကြရသည်။ ဥပမာ ကျွန်တော့်ကို 'မင်း ဒီစာကို ဗိုလ်စိန်ကို သွားပေးစမ်း'ဟု အထက်အရာရှိကအမိန့်ပေးလျှင် ကျွန်တော်က ရင်ကော့ပြီး သတိအနေအထားနှင့် 'ဒီစာကို ဗိုလ်စိန်ကို သွားပေးပါ့မယ်'ဟု ကိုယ့်ကိုခိုင်း သော အရာရှိအား အကျယ်ကြီးအော်ပြီး သတင်းပို့ခဲ့ရ၏။ ပြီးမှ ကိုယ်လုပ်စရာ ရှိတာကို ဆက်လုပ်ရပါသည်။ ပေးလိုက်သောအမိန့်ကို နားလည်ပါသည်ဆို သည်ကို ပြသသည့်သဘော ဖြစ်ပါသည်။

ယင်းနှင့်ပတ်သက်၍ ဗိုလ်မှူးကြီးထွန်းတင် (ယခု ဒုဝန်ကြီးချုပ်၊ ဘဏ္ဍာရေးနှင့် စီမံကိန်းဌာနဝန်ကြီး)ပြောဖူးသည်ကို သတိရမိပါသည်။ ဗိုလ်မှူး ကြီးထွန်းတင်သည် တတိယအပတ် မင်္ဂလာဒုံစစ်တက္ကသိုလ်ဆင်း ဖြစ်ပါသည်။ ဂျပန်ဆရာက အတန်းထဲတွင် မေးခွန်းမေး၍ သူ့နာမည်ခေါ်လိုက်လျှင် သူက ဆရာက ဘာမျှမမေးရမီ ဟိုက်–ထွန်းတင်ကောဆေ (ဟုတ်ကဲ့၊ ဗိုလ်လောင်း ထွန်းတင်ပါ)ဆိုပြီး မတ်တတ်ထလိုက်သည်မှာ နောက်က ကုလားထိုင်များ

www.burmeseclassic.com

www.burmeseclassic.com



တစ်တန်းကြီး လဲသွားသည်ဟုပြောပါသည်။ ၎င်းကို ဂျပန်ကသဘောကျ... မေးရမည့်မေးခွန်း မမေးသေးဘဲ စိတ်ဓာတ် အလွန်ကောင်းတယ်ဟု ချီးကျူး... ဖူးသည်ဟုပြောဖူးပါသည်။ ကျွန်တော်လည်း မျက်နှာပေါက်က ထိုအချိန်ထ... အလွန်တင်းမာနေပါလိမ့်မည်။ ထို့ကြောင့် ကိုယ့်အခန်းထဲက မှန်ထဲကြည့်... မျက်နှာထားလျှော့ပြီး ပြန်လေ့ကျင့်ရပါသည်။

ကျွန်တော့်ကို သတိပေးသော တပ်ခွဲအရာခံဗိုလ်မှာ စီအက်အမ်ဂေါ်... ဒတ် (C S M Goddard) ဖြစ်ပါသည်။ ကိုစထရင်းဂတ် (Coldstre... Guards) တပ်ကဖြစ်၍ အလွန်သဘောကောင်းပြီး သူ့မျက်နှာမှာ ပြုံးနေ... သည်။ ကျွန်တော်နှင့် ကိုကြည်အေးက ဆရာများကို နာမည်ပြောင်ပေးသ... အခါ ယင်းအရာခံဗိုလ်ကို ဘုန်းကြီး၊ ကိုကြည်အေး တပ်စုမှူးမှာ အရပ်ရှည်... ခါးက ခပ်ကိုင်းကိုင်း၊ စကားပြောလျှင် မဲ့ရွဲ့ပြောတတ်၍ သူ့ကို ကိုကျော်ရွဲ့... ခေါ်ကြသည်။ နောက်ရောက်သော တပ်ခွဲမှူးမှာ ဗွီစီတံဆိပ်ရသည့်အပြင် မိ... ဂိုက်ဖြစ်၍ မိုက်ခဲဟုခေါ်ကြ၏။

၂၄-၁၀-...

ယနေ့ အင်္ဂလန် အထွေထွေ ရွေးကောက်ပွဲနေ့ဖြစ်၍ ကျွန်တော်... စစ်တက္ကသိုလ်တက်သည့် ရင်းနှီးသော ဂေါရာဗိုလ်လောင်းအချို့ကို တီးခေါ်... ကြည့်ရာတော်တော်များများသည် ကွန်ဆာဗေးတစ်ပါတီကို သဘောကျကြောင်း... တွေ့ရပါသည်။

ခေတ်သစ်ဘာသာရပ် စာမေးပွဲ၊ ကောင်းကောင်းဖြေဆိုနိုင်ပါသည်... ယနေ့ ယုံကြည်မှုနေရာသွား၍ လေ့ကျင့်ကြရ၏။ ခြေချော်လက်ချော် မဖြစ်... ရန် မနည်းသတိထားလုပ်ရပါသည်။

၂၆-၁၀-...

ယနေ့ သောင်းလေးဆီက စာရပါသည်။ မရတာကြာ၍ အလွန်ဝမ်း... ရပါသည်။ စာကို အထပ်ထပ်ဖတ်မိပါသည်။

၂၇-၁၀-...

ဗိုလ်မှူးကြီး သောင်းကြည်အိမ်သွားပြီး စားကြ၊ သောက်ကြ၊ စစ်သီချင်း... တွေဆိုကြနှင့် တော်တော်ကို စိတ်ပေါ့ပါးသွားပါသည်။



၃၀-၁၀-၅၁

ယနေ့ လက်နက်နှင့် အခြေခံစစ်ရေးပြ ထပ်ပြီးအစစ်ခံရပါသည်။ ...ကျွန်တော်တို့ တပ်ခွဲအရာခံဗိုလ် ကျေးဇူးပါပဲ။ စိတ်ခပ်လျှော့လျှော့ထားပြီး ...လုပ်သောအခါ ကောင်းကောင်းပင် အောင်မြင်ခဲ့ပါပြီ။ ညနေတွင် ဗိုလ်မှူးကြီး ...သောင်းကြည်အိမ်တွင် စားကြ၊ သောက်ကြပါသည်။ ဗိုလ်မှူးကြီးနှင့် အစ်မကြီး ...၏ ကျေးဇူးမှာ အလွန်ကြီးပါသည်။ ဤကဲ့သို့ နိုင်ငံခြားတွင် ဝေးပြတ်နေကြစဉ် ...အလွန်လည်း ဆင်းရဲပင်ပန်းနေစဉ်တွင် မြန်မာပီပီ ချက်ထားသော ထမင်းနှင့် ...ဟင်းကို စားရသည့်ကျေးဇူး ကြီးမားလှသည်။ ဤကဲ့သို့ ကြုံကြိုက်ရန် အလွန် ...ခဲပါသည်။ သူတို့ကိုယ်တိုင်လည်း ချောင်ချောင်လည်လည် သိပ်ရှိလှသည် ...မဟုတ်ပါ။ ရသည့်လခနှင့် နေရသည့်အထဲက ကျွန်တော်တို့ တသိုက်ကြီးကို ...ကျွေးမွေးနေခြင်း ဖြစ်ပါသည်။

၁-၁၁-၅၁

ရက်သတ္တပတ်အဆုံးနှင့် ဆက်ရသော အားလပ်ခွင့်ကို (Long Week ...d)ဟုခေါ်ပါသည်။ ထိုအားလပ်ခွင့်ရပြီး ယနေ့ လခပါရကြ၍ ကိုလေးမောင်၊ ...မောင်မောင်၊ ကိုကြည်အေးတို့နှင့်အတူ လန်ဒန်သွားကြပါသည်။ ဘားမား ...စင်တာမှာတည်းကြပြီး ယနေ့ည စားရသောညစာထမင်းဟင်းကလည်း အလွန် ...ကောင်းလှပါသည်။ ထုံးစံအတိုင်း ဦးဘတင်ကြီးလက်ရာဖြစ်၏။

၂-၁၁-၅၁

ရုပ်ရှင်သွားကြည့်ကြသည်။ ကိုလေးမောင်နှင့် ဝေလွင့် ကျေးဇူးကြောင့် ...ရေးကြေးရေး တော်တော်ပြေလည်သွားပါသည်။

၃-၁၁-၅၁

ယနေ့တော့ မြန်မာပြည် ပြန်ရောက်နေသလား အောက်မေ့ရပါသည်။ ...ဘားမားစင်တာ ဧည့်ခန်းမှာပင် ကိုလေးမောင်က မယ်ဒလင်၊ ဝေလွင်က ...ယောနှင့် ဂျင်မီ (ဒိုင်ယာရီတွင် ဂျင်မီဟုသာ ပါတော့သည်။ ဦးဖိုးစိန်ကြီး ...သား တသက်စိန်ဖြစ်မည် ထင်ပါသည်။ သူလည်း အင်္ဂလန်တွင် ရောက်နေ ...ဘားမားစင်တာတွင် မကြာခဏတွေ့ဖူးပါသည်။)က ပီယာနိုတီးပြီး မြန်မာ ...သီချင်းများ နားထောင်ရသည်မှာ တကယ့်အရသာဖြစ်ပါသည်။ လောကကြီး

www.burmeseclassic.com

www.burmeseclassic.com



တစ်ခုလုံး မေ့လိုက်ပြီး ဂီတရေလျဉ်ကြောတွင် မျောနေလိုက်ပါသည်။

ရုပ်ရှင်ကြည့်ကြသည်။ (David and Bethsheba) နေ့လယ်… လန်ဒန်ထဲမှာပင် မြေအောက်ရထား (Tube-Underground Rail… လျှောက်စီးကြသည်။ မြေအောက်ရထားအကြောင်း ရေးဦးမည်။ လန်ဒန်… ခရီးသွားရ အလွယ်ကူဆုံးမှာ မြေအောက်ရထားဖြစ်ပါသည်။ ဘူတာရုံတိုင်း… မြေပုံကြီးများ ချိတ်ထားပြီး 'သင် ဒီမှာရောက်နေပြီ' (You are Here) ဆို… မြားကြီးနှင့် ကိုယ်ရောက်နေသော ဘူတာကို ဖော်ပြထားပါသည်။ မိမိ… သောနေရာမှ သွားလိုသောဘူတာကို မြေပုံတွင် မှတ်ထားလိုက်ရုံဖြစ်ပါ… ဥပမာ တစ်နေရာကနေ ပစ်ကာဒီလီလိုင်း ရထားစီး၊ ၃ ဘူတာဆို… ကိုယ်သွားလိုသောနေရာကိုရောက်မည်ဆိုလျှင် ထိုရထားစောင့်ပြီး ၃ ဘူတာ… ဆင်းလိုက်ရုံသာဖြစ်၏။ လမ်းက ဘူတာများကိုလည်း မှတ်သွားပြီး မြေ… တိုက်ကြည့်လို့ရသေး၏။ ရထားတွဲတိုင်းမှာလည်း ရထားနံရံအပေါ်မှာ… မြေပုံများပါသေး၏။ မြေပုံမှာ စာလုံးအကြီးကြီးများနှင့်ရေးထား၍ ထ… မလိုဘဲ ကိုယ်တိုင်ထိုင်ခုံကနေဖတ်လျှင် ရပါသည်။ ဘယ်ဘူတာကို ဘယ်… ရောက်မည်ဆိုသည်ကိုပါ ကြိုတင်သိနေနိုင်ပါသည်။

တကယ် လူစည်ကား၍ လူစီးများသည့်နေရာများတွင် မြေအော… ရထားက နှစ်မိနစ် တစ်စင်းလောက်လာနေ၍ ရထားစောင့်ဖို့အချိန်… မကုန်ပါ။ ဈေးလည်း အလွန်သက်သာပြီး ဘူတာတိုင်းမှာပင် လက်မှတ်စက်… ရှိပါသည်။ လက်မှတ်စက်ဆိုသည်မှာ မြန်မာပြည်မှာရှိသော စာတိုက်ပုံး အ… လောက်၊ ယင်းတို့ထက် ၄-၅ ဆ လုံးပတ်အရွယ် ပုံးကြီးများ ဖြစ်ပါသ… ယင်းစက်များတွင် ကိုယ်ဝယ်ချင်သော လက်မှတ်ဝယ်၍ ရပါသည်။ ၃… တန်၊ ၆ ပဲနီတန်၊ ၁ သျှီလင်တန်၊ သူ့ကျသလောက် ပိုက်ဆံ ထည့်လိုက်… လက်မှတ်ထွက်လာပါသည်။ တစ်ခါတစ်ရံ အနုတ်မရှိ၍ ၂ သျှီလင်… ထည့်ပြီး ၆ ပဲနီ လက်မှတ်ခလုတ်နှိပ်လျှင် ၁ သျှီလင် ၆ ပဲနီ အအမ်း… ၆ ပဲနီတန် လက်မှတ်ပါကျလာပါသည်။ ထို့ကြောင့် လက်မှတ်ဝယ်ရာ… လည်း အလွန်အချိန်ကုန်သက်သာပါသည်။

လန်ဒန်တွင် ရုံးတက်ရုံးဆင်းချိန် မနက် ၁၀ နာရီလောက်နှင့် ည… ၄ နာရီလောက် ခရီးမသွားဘဲ ရှောင်နိုင်လျှင် ပိုကောင်းပါသည်။ ထိုအချိန်… တွင် လူစီးများလှ၍ ရထားများမှာ တကယ်ကြိတ်ကြိတ်တိုး ဖြစ်နေပါသည်… ကားများရော မြေအောက်ရထားများပါ လူတိုးလွန်း၍ (Rush Hou…



…တိုးချိန်ဟု ခေါ်ပါသည်။ မြေအောက်ရထားဆိုလျှင်လည်း ထိုင်ရန်နေရာရဖို့ …လွယ်ကူပါ။ မတ်တတ်ပဲ လိုက်ရသည်က များပါသည်။ အပေါ်တွင် လက်ဆွဲ… နေရာများ၊ တန်းများရှိပါသည်။ ယင်းကို ကိုင်လိုက်ရပါသည်။ ဘူတာ… တွင် ဒေါက်မြင့်ဖိနပ်များနှင့် လမ်းလျှောက်ကြသော အမျိုးသမီးများကိုလည်း ကျွန်တော်တို့ လိုက်၍မမီပါ။ အလွန် မြန်ဆန်လှပါသည်။

ကျွန်တော် (Escalator) ခေါ် လျှောလှေကား စီးဖူးခြင်းမှာ မြေအောက်ရထားမှာပင် ဖြစ်ပါသည်။ အချို့ဘူတာများမှာ မြေညီထပ် သိပ်… …က်၍ ရိုးရိုးလှေကားနှင့်ပင် ဆင်းလိုက်လျှင် ဘူတာသို့ ရောက်ပါသည်။ အချို့ဘူတာများတွင် အက်စ်ကလေတာနှင့် တော်တော်ကို ဆင်းရ၏။ ထိုလျှော… …ကားမှာ တစ်ချိန်လုံး ဆင်း/တက်နေသော လှေကားထစ်များဖြစ်ပြီး လျှပ်စစ်… …သွားသော လှေကားများဖြစ်ပါ၏။ လှေကားများတွင် နှစ်ခုယှဉ်ပြီး ရှိတတ်၍ …တစ်ခုက အဆင်း၊ တစ်ခုက အတက်ဖြစ်ပါသည်။ အောက်ဆင်းမည်ဆိုလျှင် …အပေါ်တက်ပြီး လှေကားထစ်ပေါ် ခြေတင်၍ ရပ်လိုက်သွားရုံ ဖြစ်ပါသည်။ …အောက်ရောက်တော့မှ ခြေလှမ်းပြီး ဆင်းလိုက်ရုံဖြစ်ပါသည်။ အတက်ဆိုလျှင် …လည်း လှေကားထစ်ပေါ်တက်လိုက်ရုံသာ ဖြစ်ပါ၏။ ကျွန်တော်တို့ လန်ဒန် …ရောက်စကတော့ အဲဒီ လျှောလှေကားနှင့် တက်လိုက်ဆင်းလိုက် လုပ်နေရသည် …မှာ ပျော်စရာကြီးပင်ဖြစ်နေပါသည်။

လျှောလှေကားစီးသည့်အခါ ထဘီဝတ်သော အမျိုးသမီးများမှာ သတိ …ထားဖို့လိုပါသည်။ ထဘီတိုတိုဝတ်ရန်လည်း လိုအပ်ပါသည်။ မြေအောက် …ကားထဲ ထဘီညပ်မသွားအောင်သတိထားရပါမည်။ အထူးသဖြင့် အတက် …ဆင်းများတွင် သတိထားဖို့လိုပါသည်။

လန်ဒန်တွင် ဘတ်စ်ကားနှင့် ခရီးသွားရသည်မှာ မလွယ်ကူပါ။ …ကားများမှာ သူ့နံပါတ်နှင့်သူ ရှိပါသည်။ နှစ်ထပ်ကားကြီးများဖြစ်၍ အပေါ်ထပ် …စီးသွားလျှင် လမ်းတွင် အားလုံးမြင်တွေ့နိုင်ပြီး တစ်မျိုးကောင်းပါသည်။ …သော် ဘယ်ကိုသွားချင်လျှင် ဘာနံပါတ်စီးရမည်ဆိုသည်ကို သိရပါ၏။ …ကျွန်တော်တို့တော့ အင်္ဂလန်တွင် နှစ်နှစ်လေးလနေလာပြီး ကိုယ်သွားချင်သော …ရာ ၄-၅ နေရာကိုသာ ဘတ်စ်ကားနံပါတ်မှတ်မိပါသည်။ ကျန်နေရာ …အားလုံးကို မြေအောက်ရထားနှင့်သာ သွားခဲ့ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



၅–၁၁–၅...

ယနေ့ ခွင့်ရက်စေ့၍ စစ်တက္ကသိုလ် ပြန်ကြရပါသည်။ သံရုံးတွ... နေ့တွက်နှင့် ခရီးစရိတ်ထုတ်မပြီးနိုင်၍ ၁၃း၃၀ နာရီ ဘတ်စ်ကား လွတ်သွား... ၁၆း၅၀ နာရီ ဘတ်စ်ကားနှင့် ပြန်ခဲ့ကြရ၏။ ကင်ဘာလေဂေါ်ဒွန် (အီတ... ဆိုင်မှာပင် ညစာစားကြပါသည်။

၆–၁၁–၅...

လက်ဝှေ့အတွက် လေ့ကျင့်ရပါသည်။ ဓားခုတ်နှင့် လှံစွပ်ထိုးလေ့ကျ... ပါသည်။ အားကစားအနေနှင့် လုပ်ကြည့်ခြင်းဖြစ်ပါ၏။ ဓားခုတ်ဆိုသော်လည်း ဘယ်ဘက်လက်ကို ပျော့ပျော့ပျောင်းပျောင်းလေး မြှောက်ထားပြီး ညာလက်နှ... ထိုးရခြင်းဖြစ်၏။ ဓားခုတ်ဆိုခြင်းထက် ဓားထိုးဆိုလျှင် ပိုမှန်လိမ့်မည်။ ကျွ... တော်တို့ ဂျပန်ခေတ်တုန်းက ဂျပန်ဓားကို လက်နှစ်ဖက်ကိုင်ပြီး အားရပါ... ခုတ်ရသည်နှင့်တော့ တခြားစီဖြစ်ပါသည်။

ကျောင်းသားယေ် စစ်ရေးပြပြိုင်ပွဲ နီးနေ၍ ဖိနပ်များ၊ ခါးပတ်များ ကောင်းကောင်းတိုက်နေကြရပြီ။ ညနေတွင် ကိုတင်ဝင်းညိုလာပြီး အတိုက် အချွတ် ကူညီပါသည်။ ညနေတွင် အက်စ်ယူအိုက ပစ္စည်းများစစ်ဆေးပါသည်။

၁၀–၁၁–၅...

ယနေ့ ဗိုလ်မှူးကြီး သောင်းကြည်အိမ်မှာ အချိန်ကုန်ခဲ့၍ အပြန်တွင် ဆောမ်တပ်ခွဲ ဧည့်ခန်းတွင် ဂေါ်ရာဗိုလ်လောင်းတစ်ယောက်က ကျွန်တော့် ဖောင်တိန်ငှားပြီး လက်မှတ်ထိုးရာပြန်ပေးသောအခါ ပိုင်းလော့ဖောင်တိန်အစု... ဖြစ်နေပါသည်။ ညအိပ်ခါနီးဖြစ်နေပြီး ဖောင်တိန်များမှာ အရောင်တူဖြစ်နေ၍ မသိလိုက်ပါ။ နံနက်ကျတော့မှ သိရပါ၏။ စနေ၊ တနင်္ဂနွေ ဗိုလ်လောင်းများ အပြင်ထွက်လည်ကြပြီး ကိုယ်ပြန်ရောက်သောအချိန်ကို ခွင့်စာအုပ်တွင် ဘယ... အချိန် ပြန်ရောက်ကြောင်း လက်မှတ်ရေးထိုးကြရပါသည်။ ယနေ့ ကျွန်တော်တို့ ကောလိပ်တစ်ခုလုံး ဆောမ်တပ်ခွဲဧည့်ခန်းတွင် လက်မှတ်သွားထိုးရခြင်း ဖြစ်... သည်။ လက်မှတ်ထိုးစဉ်မှာ ကျွန်တော့် ပါကာဖောင်တိန်ပျောက်ပြီး ပိုင်းလော့ အစုတ် ကျန်နေခဲ့ခြင်းဖြစ်ပါသည်။ တမင်လုပ်ခြင်းမဟုတ်ဘဲ မှားသွားတာ ဖြစ်နိုင်ပါသည်။ ကျောင်းသားများ တန်းစီပြီးလက်မှတ်ထိုးကြရာ မှားသွားခြင်း ဖြစ်မည်ထင်ပါသည်။



၁၅–၁၁–၅၁

ယနေ့နံနက် သင်တန်းတွင် မီးတန်းသေနတ် (Flame Thrower) ...ဘားပစ် အမြောက်နှင့် လက်ဖြောင့် သေနတ် (Sniper Gun) ပစ်ပြသည် ...သရုပ်ပြ ကြည့်ကြရပါသည်။ အလွန် စိတ်ဝင်စားစရာကောင်းပါသည်။

၁၇–၁၁–၅၁

ယနေ့ သောင်းလေးနှင့်သမီးလေးထံမှ စာရပါသည်။ ကျွန်တော် ...ပြည်က ထွက်လာစဉ် သမီးက ၄ နှစ်သမီးပဲရှိသေးပါသည်။ အိမ်မှာ အမေက စာသင်ပေး၍ ယခုစာရေးနိုင်ပြီး ကျွန်တော့်ထံ စာရေးလိုက်ခြင်း ...ပါသည်။ ယနေ့ မိုးများရွာနေပါသည်။ မိုးရွာထဲမှာပင် စစ်တက္ကသိုလ် ...ရေးပြ လုပ်ကြရပါ၏။ ကောလိပ်ဟောင်း စစ်ရေးပြကွင်းသို့ သွားလေ့ကျင့် ...ခြင်း ဖြစ်ပါသည်။ တပ်ခွဲ ၁၂ ခွဲလုံးဖြစ်၍ ဗိုလ်လောင်း ၁၂၀၀ ကျော် ...ပါ၏။ ကျွန်တော်တို့ တပ်ခွဲကို တပ်ခွဲ အရာခံဗိုလ်နှင့် ဆာဂျင်များက ...လိပ်ဟောင်း စစ်ရေးပြကွင်းထဲသို့ခေါ်သွားပြီး စစ်ရေးပြကွင်း ရောက်သော ...ခါ ကျွန်တော်တို့ တပ်ခွဲနောက်တွင် ဆရာများကတန်းစီပြီး စစ်တက္ကသိုလ် ...ရေး (ဗိုလ်မှူး)နှင့် တပ်ရင်းအရာခံဗိုလ်တို့က စစ်ရေးပြကို တာဝန်ယူ ...ဆောင်ပါသည်။

အစက (ဘတ်ဖ်)ခါးပတ်အဖြူ၊ သေနတ်လွယ်ကြိုး၊ လှံစွပ်အိတ် ...များ ဝတ်ရမည်ဟု အမိန့်ထုတ်ထားသော်လည်း မိုးရွာလာသဖြင့် ရိုးရိုး ...ရေ ခါးပတ်၊ သားရေ လှံစွပ်အိတ်များနှင့်ပင် စစ်ရေးပြလုပ်ကြရပါသည်။ ...နတ်လွယ်ကြိုးကလည်း ရိုးရိုးပတ္တူစလင်းကြိုးပင် ဖြစ်ပါသည်။

ညနေတွင် ဗိုလ်မှူးကြီး သောင်းကြည်အိမ်သွားပြီးအပြန် ကိုလေးမောင် ...န်း ဝင်စကားပြောနေ၍ ည ၁၂ နာရီခွဲမှ မိမိအခန်းပြန်ရောက်ပါသည်။

၁၉–၁၁–၅၁

ယနေ့ တပ်ခွဲမှူး ရုံးတက်ရပါ၏။ ငွေပိုထုတ်မိ၍ ဖြစ်ပါသည်။ ...င်းဟတ်စ်စစ်တက္ကသိုလ်မှာပင် ဘဏ်ရှိပါသည်။ ကျွန်တော်တို့ လစာများ ...တွက်စရိတ်များကို မြန်မာသံရုံးက ကျွန်တော်တို့ဘဏ်၊ ကျွန်တော်တို့...ရင်း ...သို့ မှန်မှန်ပို့ပေးလေ့ရှိပါသည်။ ယခုတစ်ကြိမ်တွင် သံရုံးက ကျွန်တော်တို့ထံ ...ရောက်သင့်သည့်အချိန်တွက်ပြီး ငွေထုတ်မိရာ၊ သံရုံးက ငွေရောက်မလာ

www.burmeseclassic.com

www.burmeseclassic.com



သဖြင့် ငွေပိုထုတ်မိ၍ ရုံးတက်ရခြင်း ဖြစ်ပါသည်။ တပ်ခွဲမှူးကို ရှင်းပြသော
သဘောပေါက်သွားပါသည်။ (Admonished) သတိပေးပြီး နည်းနည်း အပြ
ပြောခံရပါသည်။ အပိုစစ်ရေးပြမလုပ်ရ၍ တပ်ခွဲမှူးကြီးအား ကျေးဇူးတင်ရ
၏။

အပိုစစ်ရေးပြအကြောင်းကို ရေးရဦးမည်။ အပိုစစ်ရေးပြဆိုသည်မှာ
ကျောင်းသားခေါင်းဆောင် အက်စ်ယူအို၊ ဂျေယူအိုများကပေးသော အပိုစစ်ရေး
ရှိသည်။ ထို့ပြင်ပိုပြီးအပြစ်ကြီးသော ခါးပတ်ဖြူပတ်ပြီး ဗုဒ္ဓဟူး၊ စနေ အပြ
သူများ ထွက်လည်ချိန်တွင် အပြစ်ကျသူများမှာ ကောလိပ်ဟောင်း စစ်ရေးပြ
ကွင်းတွင် အပိုစစ်ရေးပြသွားလုပ်ရခြင်း ရှိပါသည်။ ကျောင်းသားအချင်းချင်း
ပေးသော အပိုစစ်ရေးပြမှာ နံနက်စာမစားမီ စောစောထပြီး ကိုယ့်ကောလိပ်
စစ်ရေးပြကွင်းထဲမှာပင် တစ်ချိန်လောက် အမောင်းခံရခြင်းဖြစ်ပါသည်။ ခါးပတ်
ဖြူပတ်လုပ်ရသော စစ်ရေးပြမှာ သူများတွေ ထွက်လည်နေသော (ဗုဒ္ဓဟူး
စနေ)နေ့လယ်ချိန်တွင် ကောလိပ်ဟောင်း စစ်ရေးပြကွင်းသွား၍ အပြစ်ကျသော
ဗိုလ်လောင်းအားလုံးစုပြီး အပိုစစ်ရေးပြလုပ်ကြရခြင်း ဖြစ်ပါသည်။


အပြစ်ကျသည့် ဗိုလ်လောင်းကို ကန့်သတ်ခြင်း၊ ချုပ်ချယ်ခြင်း
(Restriction) ဆိုသည့် အပြစ်လည်းပေးတတ်သေး၏။ နေ့စဉ် သင်တန်း
တက်စဉ်မှာပင် ခါးပတ်ဖြူကြီး ပတ်ထားရခြင်းဖြစ်၏။ အခြားသူများ
သားရေ ခါးပတ်တွေနှင့် အပြစ်ခံကျောင်းသားက ခါးပတ်ဖြူကြီးနှင့်ဖြစ်၍
ထင်းထင်းထင်းထင်းနှင့်ဖြစ်၏။ ယခုလို ကန့်သတ်ခြင်း၊ ချုပ်ချယ်ခြင်း အပြစ်
ကျကျောင်းသားက အချိန်မှန် တစ်နေ့လျှင် ၃ ကြိမ်ဆို ၃ ကြိမ် စစ်တက္ကသိုလ်
တာဝန်မှူးအား သွားပြီး သတင်းပို့ရပါသေးသည်။

၂၀-၁၁-၅၁

သိပ္ပံစာမေးပွဲ။ ကောင်းကောင်း ဖြေနိုင်ပါသည်။ ကျွန်တော်တို့ သိပ္ပံ
ဆရာမှာ ထိပ်ပြောင်ကြီးနှင့်လူက ခပ်ပုပု၊ သိပ်တိကျ၊ သိပ်ဖြောင့်သည့် ဆရာ
ကြီးဖြစ်ပါသည်။ ရယ်လည်း ရယ်ခဲသည်။ သူ့ကို ကျွန်တော်နှင့် ကိုကြည်အေး
က နပိုလီယံဟုခေါ်ကြပါသည်။

၂၁-၁၁-၅၁

မော်တော်ဆိုင်ကယ်စီး အရည်အချင်း ဆန်းစစ်ခြင်းပင်။ သိပ်မဟန်ပါ



ဘုရင့်စစ်တက္ကသိုလ်အရာရှိရိပ်သာရှေ့တွင်
ကိုကြည်အေး စာရေးသူ ကိုခင်မောင်တင့်

နေ့လယ်တွင် လက်ဖွေ့ထိုးလေ့ကျင့်ရ၏။

၂၂-၁၁-၅၁ (တနင်္ဂနွေ)

ဗိုလ်မှူးကြီး သောင်းကြည်တို့ မြန်မာပြည် ပြန်သွားကြပါပြီ။ ကျွန်တော်
တို့တစ်တွေ သူတို့ မသွားခင်ပင် အိမ်ကိုသွားပြီး ကူညီညာ ရှင်းလင်းပေးကြပါ
သည်။

၂၃-၁၁-၅၁

ပြင်ပတွင် မြေပုံဖတ် လေ့ကျင့်ကြရပါသည်။ ကောက်ကတည်းက
အအေးဆုံးနေ့ဟုထင်ပါသည်။ ရေစခဲသည့် နေ့လည်းဖြစ်ပါ၏။ ယနေ့

www.burmeseclassic.com

www.burmeseclassic.com



ကြားရသည့်သတင်းက မကောင်းပါ။ ကျွန်တော်နှင့်ကိုကြည်အေး ယှဉ်ပြိုင်လက်ဝှေ့ထိုးသတ်ကြရမည် ဖြစ်၏။ နှစ်ယောက်စလုံးကပင် ချက်ချင်းပဲ မသတ်ဘူးကွာဟု ဆုံးဖြတ်ကြပါသည်။ ယခုကဲ့သို့ မြန်မာအချင်းချင်း အထိုးခိုင်းသည်မှာ ပထမဆုံးအကြိမ် ဖြစ်၏။ ယခင်က တခြားအလေးချိန်တူသော လူတွေနှင့်တွဲပေးနေကျဟု သိရပါသည်။ ကျွန်တော်တို့နှင့် အလေးချိန်တူသော မလေးသီဟိုဠ်၊ အင်ဒိုနီးရှားအပြင် ဂေါ်ရာလေးများပါရှိပါသည်။ ဤကဲ့သို့ တစ်ထောတည်း အတူလာသော လူချင်း၊ ထို့ပြင် အမြဲတတွဲတွဲနေသော လူချင်းကိုစင်မြင့်ပေါ်တက် လက်ဝှေ့အထိုးခိုင်းခြင်းမှာ မကောင်းလွန်းဘူးဟု ထင်ပါသည်။ ကျွန်တော်တို့ နှစ်ယောက်စလုံးက ဤဆုံးဖြတ်ချက်ကို အချိန်ယူစဉ်းစားမနေဘဲချက်ချင်းချနိုင်ခဲ့ကြပါသည်။ ယင်းအတွက် ကျွန်တော့်အား ထိခိုက်ပုံကို အလျဉ်းသင့်သည့်အခါ တင်ပြပါမည်။

၂၇-၁၁-၅၁

ယုံကြည်မှုနေရာသွား၍ လေ့ကျင့်ကြရသည်။ အေးရသည့်အထဲအလွန်ကို ပင်ပန်းပါသည်။ 'ဗမာတံတား'ဆိုသည်ကို ဖြတ်ကြရပါသည်။ သူ့ထက် ကြောက်စရာကောင်းသည်မှာ သံမဏိကြိုးနှစ်တန်းတည်းကို ကူးရခြင်းဖြစ်ပါသည်။ ယနေ့တော့ လူရေမလည်သေးသဖြင့် ကိုယ့်ရှေ့က အရပ် ၆ ပေလောက်ရှိသော ဂေါ်ရာဗိုလ်လောင်း ဝါးတားဆိုတဲ့ကောင်ကြီး ရောက်နေ၍တံတားဖြတ်စဉ်မှာ ကြိုးက ကဲ့ကဲ့သွား၍ မနည်းချော်မကျရအောင် ကုတ်ကပ်ထားရပါသည်။

၂၈-၁၁-၅၁

ကိုကြည်အေးက ယုံကြည်မှုနေရာတွင် လေ့ကျင့်ရင်း ဒူးနာသွားပါသည်။ သူလက်ဝှေ့ပါထိုးနိုင်မှာ မဟုတ်တော့ပါ။ ခင်မောင်တင့်ကလည်းနေမကောင်းနေ၍ လက်ဝှေ့မထိုးရပါ။ အေးကျော်က ဂေါ်ရာတစ်ယောက်နှင့်ထိုးရမည် ဖြစ်ပါသည်။ ပြဿနာတစ်ရပ်အေးသွားပြီ ထင်နေတုန်း မအေးသေးပါ။ တပ်စုမှူးက ကျွန်တော့်ကို သူ့အခန်းသို့ခေါ်ပါသည်။ သူ့အခန်းတွင်အထိုင်ခိုင်းပြီးတော့မှ 'အခု ကြည်အေး ဒူးနာလို့ လက်ဝှေ့ထိုးနိုင်မှာ မဟုတ်ဘူးတကယ်လို့များ ဒူးမနာဘူးဆိုရင် မင်း သူနဲ့ ထိုးမလား'တဲ့။ ကျွန်တော်တို့ကအချင်းချင်းမထိုးဘူးဆိုတာ ကြေညာထား၍ သူက ထိုသတင်းကိုကြားထားပြီး



ခါမေးခြင်းဖြစ်၏။ ကျွန်တော်က ချက်ချင်း သူ ဒူးမနာဘူးဆိုရင်လည်းသူနဲ့တော့ မထိုးဘူးဆိုသည်ကို ပြန်ပြောလိုက်ပါသည်။ ကျွန်တော့်တပ်စုမှူးကဗိုလ်မှူးဂိတ်စကဲဆိုသူပါ။ သူ့ရင်ဘတ်တွင်လည်း တိုက်ပွဲတံဆိပ်တွေ တစ်တန်းကြီးနှင့်သူဖြစ်၏။ သူက အတော်ကြာ ဘာမှမပြောဘဲ ကျွန်တော့်ကို စိုက်ကြည့်နေ၏။ 'မင်း စစ်တက္ကသိုလ်မှာ အမိန့်မနာခံရင် ဘယ်လို အပြစ်ကြီးတယ်ဆိုတာသိသလား'ဟုမေးပါ၏။ ကျွန်တော်က 'သိပါတယ်၊ ဒါပေမဲ့ ကိုကြည်အေးဆိုတာ ကျွန်တော်နဲ့ ခုမှသိတာမဟုတ်ဘဲ ဖက်ဆစ်တော်လှန်ရေးမှာအတူလက်တွဲတိုက်ခဲ့ကြတဲ့ ရဲဘော်ဖြစ်ကြောင်း၊ (တော်လှန်ရေးမှာ တိုင်းတစ်တိုင်းတည်းမကျပါ။ အတူပါဝင်ဆင်နွှဲခဲ့ခြင်းကို ဆိုလိုပါသည်။) ယခု လက်ဝှေ့မှာ အားကစားဆိုသော်လည်း စစ်တက္ကသိုလ်တစ်ခုလုံး လာကြည့်၍ မိမိတို့အချင်းချင်း မထိုးသတ်လိုခြင်းဖြစ်ပါကြောင်း၊ ထို့ပြင် စစ်တက္ကသိုလ်တစ်ခုလုံးဗိုလ်လောင်း ၁၂၀၀ လောက်အနက် ကျွန်တော်နှင့် ကိုယ်အလေးချိန်ချင်းတူသူကိုကြည်အေးမှလွဲ၍ အများအပြားရှိကြောင်း ကောင်းကောင်းမွန်မွန် ရှင်းပြလိုက်ပါသည်။ သူက ပြုံးပြီး ကိုင်းသွားတော့ဆို၍ ထွက်လာခဲ့ရသော်လည်း သူပြုံးပုံက ဆော်မှာလား၊ အပြစ်များကျနေမှာလား တထိတ်ထိတ် ဖြစ်မိပါသည်။ ကိုကြည်အေး အခန်းထဲသွားပြီး နှစ်ယောက်သားတိုင်ပင်ကြရပြန်၏။ နှစ်ယောက်သား ဘာဖြစ်ဖြစ် ရင်ဆိုင်ဖို့ ထပ်ပြီးဆုံးဖြတ်ချက်ချကြပါသည်။

ယခုကိစ္စမှာ သေးသည့် ကိစ္စမဟုတ်ပါ။ ဆင်းဟတ်စ်လို အလွန်စည်းကမ်းကြီးသည့်နေရာတွင် သည်လိုကိစ္စမျိုးကို မိခင်တပ်ရင်းပြန်ပို့သည့်(RTU) အထိ အပြစ်ပေးနိုင်သည်ကိုလည်း ကျွန်တော်တို့သိပြီးပါ။ သို့သော်မှန်သည်ထင်လို့ လုပ်လိုက်ခြင်းဖြစ်၏။ ကျွန်တော်တို့ ဆုံးဖြတ်ချက် မှန်ကန်ကြောင်း နောက်ပိုင်းတွင် ထပ်ပြီးတင်ပြပါမည်။ ကျွန်တော့်ဘဝတွင် ကိုယ်မှန်တယ်ထင်သည်ကိုလုပ်မိသဖြင့် ခံရခြင်းအတော်ရှိပါသည်။ ဒီတစ်ခါတော့တပ်စုမှူးဂိတ်စကဲကို ကျေးဇူးတင်ရပါမည်။ သူနှင့်တကွ တာဝန်ရှိသူအားလုံးကိုပါ၏။ နောင်လည်း ထိုကိစ္စနှင့်ပတ်သက်၍ ဘာမှ ထပ်မကြားရတော့ပါ။

၂၉-၁၁-၅၁

ကျောင်းသားငယ် လက်ဝှေ့ပွဲသွားကြည့်ပါသည်။ ကျောင်းသားငယ်တွေကို လေ့ကျင့်ပြီး စစ်တက္ကသိုလ်တစ်ခုလုံးတွင်ရှိသော ကျောင်းသားငယ်အချင်းချင်း ကိုယ်အလေးချိန်တူသူများ ပြိုင်ပြီးထိုးကြရခြင်း ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com





စစ်တက္ကသိုလ်တစ်ခုလုံးလာပြီး အားပေးကြ၍ ဆူညံနေပါသည်။ လက်ဖွဲ့ လုပ်သည့်နေရာမှာ စစ်တက္ကသိုလ်ဝင်းထဲမှ မာလိုးခန်းမကြီး (Marlow Hall) တွင် ဖြစ်၏။

၃၀-၁၁-၅၁

ကျွန်တော် လက်ဖွဲ့ထိုးရသောနေ့ ဖြစ်ပါသည်။ ဗိုင်နော့အဘာဒင် ဆိုသာ မလေးရှားက ဗိုလ်လောင်းနှင့် ထိုးရခြင်းဖြစ်၏။ သူနှင့် ကျွန်တော်က ခင်မင်ပြီးသားပါ။ ကျွန်တော်တို့ ကောလိပ်သစ်ကပဲဖြစ်၏။ တပ်ခွဲတော့ မတူပါ။ သူက ဆောမ်တပ်ခွဲကဟု ထင်ပါသည်။ ထိုးသတ်ကြရာမှာ တဒိုင်းဒိုင်း ဖြစ်နေ၍ ပရိသတ်ကလည်း အရမ်းအားပေးကြပါသည်။ လက်ဖွဲ့စင်အပေါ်နား တွင် ပရိသတ်ဆူလွန်း၍ သတိပေးသော 'ငြိမ်ငြိမ်' (Silence) ဆိုသည့် ဆိုင်းဘုတ်ဆွဲထားပြီး ဆိုင်းဘုတ်ကို မကြာမကြာ မီးလင်းပြီးပြရပါသည်။ ကျွန်တော် နှစ်ခါတောင်ခြေချော်လဲပါသေး၏။ အထိုးခံရ၍ လဲတာမဟုတ်ဘဲ ကိုယ့်ဟာကိုယ် မဟန်နိုင်၍ လဲခြင်းဖြစ်ပါ၏။ ဤကဲ့သို့ လဲကျလျှင် ဒိုင်လူကြီးက (၁ မှ ၉ လောက်)အထိ ရေတွက်ချက်ကို လဲသူကအမောပြေအောင် စောင့်ပြီး အမောပြေမှထလေ့ရှိပါသည်။ ကျွန်တော်က ဒိုင်လူကြီးက စပြီး မရေတွက်ခင်ထပြီး ပြန်ထိုးပါသည်။ နှစ်ယောက်သား ပရိသတ်ကလည်း မြှောက်ပေးနေ၍ မညှာတမ်းထိုးကြပါသည်။ ၃ ချီပြီးတော့ ကျွန်တော်က ပွိုင့်နှင့်အနိုင်ရပါသည်။ အနိုင်ရသော်လည်း မောလွန်း၍ အဝတ်လဲသော အခန်းတွင် လှဲပြီးနားနေလိုက်ရ၏။ ဗိုင်နော့က လာနှုတ်ဆက်ပြီး အတူပြန်ရအောင်ခေါ်ပါသေးသည်။ ကျွန်တော်က မင်းပြန်နှင့်ကွာဆိုပြီး သူ့ကို လက်ဆွဲနှုတ်ဆက်ပြီး နားနေရပါသေးသည်။ အပြန်လမ်းမှာတော့ ကျွန်တော့် တပ်ခွဲကရော၊ ပဏ္ဏာဖက်ဆာများကပါ လက်ဖွဲ့နိုင်သဖြင့် ချီးကျူးကြပါသည်။ ချီးကျူးသည့်အထဲတွင် တပ်စုမှူးဂိတ်စကဲလည်း ပါပါသည်။

၁-၁၂-၅၁

မနေ့က လက်ဖွဲ့အရှိန်ကြောင့် မနက်ဆက်ပြီး အိပ်ပစ်လိုက်၍ နံနက်စာတောင် လွတ်သွားပါသည်။ အက်ဂျီအက်ဆိုင်တွင် နံနက်စာ သွားစားရသည်။

၂-၁၂-၅၁

ကိုလေးမောင်၊ ကိုကြည်အေး၊ ကိုအေးကျော်တို့နှင့် ရုပ်ရှင်သွားကြည့် ...သည်။ (An escape to Glory) ကားကောင်းတစ်ခု ဖြစ်ပါသည်။

၄-၁၂-၅၁

ဒေးလီးတယ်လီဂရပ် သတင်းစာတွင် အောင်ကျော်ခိုင် သတင်းပါလာ ...စိတ်မကောင်းပါ။ တပ်မတော်က ထွက်ရတော့မည် ထင်ပါသည်။

၈-၁၂-၅၁

ယနေ့ စစ်တက္ကသိုလ် စစ်ရေးပြရှိပါသည်။ စစ်တက္ကသိုလ်တစ်ခုလုံး ...သည့် စစ်ရေးပြကို အနည်းငယ် တင်ပြပါမည်။ စစ်တက္ကသိုလ် စစ်ရေးပြ ...demy Parade) ဟုဆိုသော်လည်း လေ့ကျင့်သော စစ်ရေးပြ၊ အခမ်း... စစ်ရေးပြ (Ceremonial Parade) ဟု နှစ်မျိုးရှိပါသည်။ လေ့ကျင့်သော ...ပြမှာ စစ်တက္ကသိုလ် တပ်ရေးဗိုလ်မှူးနှင့်ပင် ပြီးပါသည်။ ဤကဲ့သို့ ...ပြတွင် တပ်ရေးသဘောမကျလျှင် ပြန်ပြီး အထပ်ထပ်လေ့ကျင့်ရလေ့ ...သည်။ အခမ်းအနားစစ်ရေးပြဆိုလျှင် မှားမှားမှန်မှန် တစ်ခါပဲ လုပ်ကြရပါ ...ည်။ အခမ်းအနား စစ်ရေးပြဆိုသောနေရာတွင်လည်း ကျောင်းအုပ်ကြီးက ...းပြခံသည်မှာ ရီးရီးပွဲဟု ဆိုရပါမည်။ သို့သော် သူကလည်း ဗိုလ်ချုပ် ...ပင် ဖြစ်ပါသည်။ အမှားမခံပါ။ မှားလျှင် အပြစ်တော်တော်ကြီးပါသည်။ ...မာမပြောနှင့် ပင်ပန်းသဖြင့် သို့မဟုတ် နေပြင်း၍ မူးလဲလျှင်တောင် ...သောဗိုလ်လောင်းကို တပ်ရင်းအရာခံဗိုလ်က 'သူ့ကို ကွာတာဂတ်ထဲ ...င်းထည့်လိုက်' (March him to the Quarter guard) ဟု အမိန့်ပေး ...၏။ လဲသောဗိုလ်လောင်းကို ဆာဂျင်နှစ်ယောက်က တစ်ဖက်တစ်ချက် ... ကွာတာဂတ်အချုပ်ခန်းတွင်ထည့်ပြီးမှ သတိရအောင် နှာနှပ်ယူ၏။ ...ကာက နေမကောင်းလျှင် စစ်ရေးပြမလိုက်နှင့်။ စစ်ရေးပြလိုက်ပြီးမှ ...ခြင်းသည် စစ်ရေးပြ ရှုံးဂျက်ဆင်းပျက်ဖြစ်အောင် လုပ်ခြင်းဟုဆို၏။

မြန်မာ ဗိုလ်လောင်းထဲက မူးလဲတာ တစ်ခါပဲကြုံဖူးပါသည်။ ဂေါ်ရာ ...မှာ အပူလုံးလုံးမခံနိုင်ပါ။ နွေအခါတွင် ဂေါ်ရာများ မူးလဲသည်မှာ ၄- ...မြိမ်ကြုံဖူးပါသည်။ နေကျပ်ကျပ်ပူရသည့်အထဲ ဆောင်းရသည့် ဦးထုပ်များ ...ည်း ကျပ်သည်ဆိုလျှင်လဲပါတော့သည်။ လဲရာမှာလည်း ဟတ်တက်ကြီးများ

www.burmeseclassic.com

www.burmeseclassic.com



လဲကျသလို သစ်ပင်များ ခုတ်လှဲလိုက်သကဲ့သို့ တောင့်တောင့်ကြီး မျက်နှာ... မှောက်လျက်ကျတတ်သည်။ သို့မဟုတ် နောက်ပြန်ပြီး ပက်လက်စန့်စန့်... လဲရင်လဲသည်။ ဤကဲ့သို့လဲသောအခါ သူ့အနားက ဗိုလ်လောင်းများက... တောင်မကြည့်ရပါ။ ယခင်က တင်ပြခဲ့သလို ဆရာများကတွဲခေါ်ပြီး အ... ခန်းထဲပို့လိုက်ကြပါသည်။

တစ်ခါတစ်ရံ နိုင်ငံခြားက စစ်ခေါင်းဆောင်ကြီးများလာသော... လုပ်သည့် စစ်တက္ကသိုလ် စစ်ရေးပြများ၊ ကျောင်းဆင်းပွဲများ၊ အလံတော်... ပြများရှိပါသေးသည်။ ယင်းတို့ကို နောက်မှတင်ပြပါမည်။ ယခုမူ ရိုးရိုးလုပ်... စစ်တက္ကသိုလ်စစ်ရေးပြကို တင်ပြပါမည်။

တပ်ခွဲ ၁၁ ခွဲက သူ့အစီအစဉ်နှင့်သူ ကောလိပ်ဟောင်း စစ်ရေးပြ... ကို လာကြပြီး ၆ ယောက်တန်း သတ်မှတ်ထားသည့်နေရာတွင် တန်းစီနေ... သည်။ ဘုရင့်တပ်ခွဲ (ကျွန်တော်တို့ ဂါဇာတပ်ခွဲ)က နောက်မှဝင်လာပြီး ... အတွက် သတ်မှတ်ထားသည့်နေရာတွင် ဝင်လာရသည်။ ဘုရင့်တပ်ခွဲဝင်... လျှင် ကျန်တပ်ခွဲအားလုံးက သေနတ်မြှောက် အလေးပြုကြရပါသည်။ ဘု... တပ်ခွဲတွင် ဘုရင်ပေးထားသော အလံပါ၍ဖြစ်ပါသည်။ ထို့နောက် ဘု... တပ်ခွဲက သေနတ်မြှောက်အလေးပြု၊ အားလုံး စစ်တက္ကသိုလ်တစ်ခုလုံး သေန... ထမ်းပြီး အလေးပြုခံယူသူက တပ်ခွဲများကို လိုက်စစ်ဆေးပါ၏။ ဤ... စစ်ဆေးနေစဉ်တွင် တီးဝိုင်းအဖွဲ့က အနှေးလျှောက် စစ်တီးလုံးများ တီး... ပါသည်။ အားလုံးစစ်ဆေးပြီးသောအခါ (များသောအားဖြင့် တပ်ခွဲများ၊ ရှေ့... တန်းကိုသာ စစ်ဆေးပါသည်။) စစ်တက္ကသိုလ်တစ်ခုလုံး ညာလှည့်ပြီး အ... လျှောက်နှင့်တစ်ခါ၊ အနှေးလျှောက်နှင့်တစ်ခါ ချီတက်အလေးပြုရပါသည်... ထို့နောက် တစ်ဖက်တွင် တပ်ခွဲ ၄ ခွဲစီ အင်္ဂလိပ်လို ယူပုံသဏ္ဍာန် (ပ... ပုံသဏ္ဍာန်) အလေးပြုစင်ကို မျက်နှာပြုပြီး တန်းစီကြရလေသည်။ သေန... ထမ်းပြီး ရှေ့သို့ မိန့်ခွန်းနားထောင်ရန် ၁၅ လှမ်း လှမ်းတက်ကြရပါသည်... အလေးပြုခံယူသူက မိန့်ခွန်းပေးစရာရှိပေးပြီး အစောဆုံး ဘုရင့်တပ်ခွဲ... စတင်ထွက်ခွာရပါသည်။ သူတို့ထွက်ခွာစဉ် ကျန်တပ်ခွဲ ၁၁ ခွဲက သေန... မြှောက် အလေးပြုကြပြီးမှ နောက်တပ်ခွဲများ တစ်ခွဲစီထွက်ခွာကြရပါသည်။

အစမ်းလေ့ကျင့်သော ပွဲများဖြစ်သော်လည်း အကောင်းဆုံး ဖိနပ်... ခါးပတ်များ သုံးနေကြရပါပြီ။ ပွဲမဝင်ခင် အပြင်က ကျင်းပနေကြခြင်း ဖြစ်... စစ်တက္ကသိုလ် စစ်ရေးပြပြီးသောအခါ ကိုလေးမောင်နှင့် ရုပ်ရှင်သွားကြ...

...သည်။ သံရုံးမှ နေ့တွက်နှင့် ခရီးစရိတ်တောင်းခံလွှာများ ပို့ပေးလိုက်ပါပြီ။ ...မေတ် ကျောင်းပိတ်ရက်အတွက် ဖြစ်ပါသည်။

၁၂-၁၁-၅၁

မနက်ခင်းတွင် ကိုယ်ပိုင်စာကြည့်ချိန်ရပြီး နေ့လယ်တွင် ၁၅ ဟန္ဒရက် ...ကားများ မောင်းကြရပါသည်။

၁၂-၁၂-၅၁

တပ်ခွဲစစ်ရေးပြ လေ့ကျင့်ကြရပါ၏။ တပ်ခွဲလိုက် ပြိုင်ရသောပွဲများ ...စစ်ရေးပြလည်း ပါဝင်ပါသည်။ ကျောင်းသားကြီး၊ လတ်၊ ငယ် အားလုံး ...ခွဲတစ်ခုလုံး စုပေါင်းလေ့ကျင့်ကြရခြင်း ဖြစ်ပါသည်။

၁၃-၁၂-၅၁

နှင်းအနည်းငယ်ကျနေပြီး စစ်ရေးပြအချိန်တွင် တကယ့်ကို မောလှပါ ...။ ရာသီဥတုတော်တော်အေးနေပြီဖြစ်၍ စစ်ရေးပြချိန်၏ ပထမ ၅ ... ၁၀ မိနစ်လောက်ကို အရမ်းမောင်းတော့၏။ သွေးပူအောင်ဆို၏။ ...သူ့ရှမက ချွေးပါ ဖြိုင်ဖြိုင်ကျကြပါသည်။

နေ့လယ်တွင် အားကစားရုံကြီးထဲတွင် ကြံ့ခိုင်မှုလေ့ကျင့်ခန်း လုပ် ...၏။ ကျွန်တော်တို့ အခက်အခဲတွေ့ရသော လေ့ကျင့်ခန်းတစ်ခုမှာ မြင်း ...လေ့ကျင့်ခန်းဖြစ်၏။ ခြေလေးချောင်းထောက် ခုံခပ်ရှည်ရှည် အမြင့် ၄ ... ၅ ပေလောက်ကို အပြေးသွားပြီး တစ်ဖက်ကအစွန်းကို လက်နှစ်ဖက် ...၍ လွှတ်အောင် ခုန်ရခြင်းဖြစ်၏။ ယင်းကို လုပ်နိုင်အောင် တော်တော် ...ကျင့်ယူကြရပါသည်။ ယနေ့ ကြိုးတက်ကြိုးဆင်းလုပ်ကြရ၏။ တကယ် ...န်းပါသည်။ မနီလာကြိုးကြီးများကို ထုတ်တွင်ဆွဲထားပြီး သူတို့ပြသော ...များအတိုင်း တက်လိုက်ဆင်းလိုက် လုပ်ရခြင်းဖြစ်ပါသည်။

၁၄-၁၂-၅၁

ဒီဇင်ဘာလအတွက် ကြိုတင်လစာကို သံရုံးကပို့လိုက်၍ ဘဏ်က ...ပေါင်ထုတ်ခဲ့ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



၁၅-၁၂-...

ယနေ့ စစ်ရေးသုံးသပ်ခြင်း (Appreciation) တွင် အမှတ်အော... ကောင်းမရပါ။ စစ်ဆေးသူမှာ ကိုကျော်ရွှဲ ဖြစ်၏။ လေ့ကျင့်ခန်းမှာ မသော... တောစခန်းတစ်ခုတွင်ရှိသော လူဆိုးဗိုလ် (Bandit) ကိုဖမ်းရန် ဖြစ်ပါသည်... ကိုကျော်ရွှဲ မှတ်ချက်တွေထဲက 'ဒီတော့ ဘာဖြစ်သလဲ' (So What?)ဆို... မှတ်ချက်ကို ကျွန်တော်အခံရအခက်ဆုံးပါ။ ကိုယ်က ကောက်ချက်ချ... သည်ကို ဆရာလုပ်သူက မင်းရဲ့ကောက်ချက်ဟာ မရေရာသေးဘူးဟု ဆို... ဖြစ်၏။

စစ်ရေးသုံးသပ်ချက် ပညာရပ်မှာ ကျွန်တော်တို့ သင်ခဲ့ရသော... ပညာ တစ်ရပ်လုံးထဲတွင် အဖိုးအတန်ဆုံးဟုဆိုရပါမည်။ စစ်တပ်ထဲတွင်... အပြင်လောကမှာပါ အသုံးကျသောပညာရပ် ဖြစ်ပါ၏။ တပ်ထဲမှာသ... တပ်စိတ်မှူးမှစပြီး တပ်တော်စုကို အုပ်ချုပ်ရသော ဗိုလ်ချုပ်ကြီးအထိ သူ့အ... နှင့်သူ ယခု စစ်ရေးသုံးသပ်ချက်ကို အမြဲတစေလုပ်နေကြရပါသည်။ ထို့ကြေ... စစ်ရေးသုံးသပ်ချက်အကြောင်းကို အကျဉ်းတင်ပြပါမည်။

ပြဿနာတစ်ရပ်နှင့် ရင်ဆိုင်ရသည့်အခါ သူ့ကို ဖြေရှင်းနိုင်ရေး... ပထမဆုံး **ရည်မှန်းချက်**ကို ဆုံးဖြတ်ရပါမည်။ ကိုယ် ဘာကိုလိုချင်သ... ဆိုသည်ကို တိတိကျကျသတ်မှတ်ရပါမည်။ ယင်းသည် ခေါင်းဆောင်တစ်... အတွက် အရေးအကြီးဆုံးဖြစ်၏။ ကိုယ်ဘာလုပ်ချင်သည်၊ ဘာကို လိုချင်သ... ဆိုသည်ကို တိကျစွာသိရမည်။ ယင်းနှင့်ပတ်သက်၍ စစ်သူကြီး ဆာဝီလျံစ... က သူ့စစ်ရေးသုံးသပ်ချက်လုပ်ပြီး အမိန့်စာရေးသည့်အခါ အမြဲပင် ရည်... ချက်ကို သူကိုယ်တိုင် ရေးကြောင်း၊ ကျန်စာပိုဒ်တွေကိုသာ သူ့လက်အောက်... ဦးစီးအရာရှိများကို အရေးခိုင်းကြောင်း ရေးသားဖူးပါသည်။ ရည်မှန်း... ချမှတ်ပြီးသည့်အခါ ထိုရည်မှန်းချက်ရရှိရေးအတွက် **သက်ဆိုင်သည့် အ... အားလုံးကို** ထည့်သွင်းတွက်ချက်ရပါမည်။ ဤအချက်အားလုံးမှ ကောက်... များချနိုင်ရမည်။ ကောက်ချက်အားလုံးသည် မိမိစီမံချက်ကို တစ်နည်းနည်... အထောက်အကူပြုနိုင်ရမည်။ ကောက်ချက်က စီမံချက်ကို အထောက်အ... မပြုနိုင်ဘဲ မရေမရာဖြစ်နေသည့်အခါ ဆရာလုပ်သူက 'အဲဒီတော့ ဘာဖြ... သလဲ'ဆိုသော မှတ်ချက်ချတတ်ပါသည်။ နောင်ဆိုလျှင် ကိုယ့်ဟာကို... ဤမေးခွန်းကိုမေးပြီး ယင်းသို့ မေးခွန်းမေးမရအောင်၊ မေးလို့မရသည့် ကော... ချက်မျိုးသာချရ၏။ အချက်အလက်များအားလုံး စဉ်းစားပြီးသည့်အခါ နည်...



...များစဉ်းစားရ၏။ တစ်စုံတစ်ခုကိုရအောင်လုပ်သည့်အခါ တစ်နည်းမကဘဲ ...နည်းသုံးနည်း စသည်ဖြင့်ရှိနိုင်၏။ ပုံစံအားဖြင့် နေရာတစ်နေရာကို တိုက်ခိုက် ...သိမ်းပိုက်မည်ဆိုလျှင် ထိုနေရာကို ရှေ့တည့်တည့်က တိုက်မည်လော။ နောက် ...ပန်းတိုက်မည်လော၊ ညာဘက်က ဝိုင်းတိုက်မည်လော၊ ဘယ်ဘက်က ...တိုက်မည်လောဆို၍ နည်းလမ်း ၄ ခု တွေ့ရပါမည်။ နည်းလမ်း ၄ ခု ...တွင် အကျိုးအပြစ်များရှိ၏။ ယင်းတို့ကို သေသေချာချာ သုံးသပ်ရပါမည်။ ...ဘောမှာ မိမိအတွက် အကျိုးအများဆုံးဖြစ်ပြီး အပြစ်အနည်းဆုံးလမ်းမှာ ...ကောင်းဆုံးနည်းလမ်းဖြစ်၏။ ဤကဲ့သို့ နည်းလမ်းများကို သေသေချာချာ ...သပ်ပြီးသောအခါ အကောင်းဆုံးနည်းလမ်းကို တွေ့လာပါလိမ့်မည်။ နောက် ...ဆင့်မှာ ထိုနည်းလမ်းကို မည်ကဲ့သို့အကောင်အထည်ဖော်မည်ဆိုသော ...ချက်ချမှတ်ခြင်းဖြစ်၏။ ယင်းမှာ နောက်ဆုံးအဆင့် ဖြစ်ပါသည်။ ထို့ကြောင့် ...ရေးသုံးသပ်ချက်တွင် အဓိကအားဖြင့် ရည်မှန်းချက်၊ အချက်အလက်များ၊ ...လမ်းနှင့် စီမံချက်ဟူ၍ အပိုင်းကြီး ၄ ပိုင်းရှိပါသည်။ စစ်ရေးသုံးသပ်ချက် ...ရခြင်းသည် စဉ်းစားတွေးခေါ်ပုံကိုပါ ပိုပြီးစနစ်ကျန ထက်မြက်စေပါသည်။ ...တွေးအခေါ် ပိုပြီးရင့်သန်စေပြီး တဖြည်းဖြည်းနှင့် ပြဿနာနှင့် ရင်ဆိုင်ရတိုင်း ...နည်းနှင့် တွေးတတ်လာသည်ကို တွေ့ရပါသည်။

၁၉-၁၂-၅၁

ယုံကြည်မှုနေရာသွား၍ လေ့ကျင့်ကြရပါသည်။ ယနေ့ဆိုလျှင် ယုံ ...ကြည်မှုနေရာတွင်ရှိသော အခက်အခဲများအားလုံး မလုပ်ဖူးတာမရှိတော့ပါ။ ...အားလုံး လုပ်နိုင်သွားပါပြီ။

၂၀-၁၂-၅၁

ကျောင်းအုပ်ကြီးနှင့် စစ်ရေးပြပွဲ လုပ်ကြရ၏။ စစ်တက္ကသိုလ်တစ်ခုလုံး ...လုပ်ကြရသော စစ်တက္ကသိုလ် အခမ်းအနား စစ်ရေးပြဖြစ်ပါသည်။ တပ်ရေး ...ဗိုလ်မှူးက မြင်းဖြူကြီးနှင့် အလွန်ပင်ခန့်ညားပါသည်။ သူ့မြင်းကြီးကလည်း ...အလွန်လိမ္မာပါသည်။ ဗိုလ်မှူးက အမိန့်တွေအော်ပေးနေသည့်အခါ မြင်းကြီးက ...းဝမလှုပ်ဘဲ ငြိမ်နေပါသည်။

နေ့လယ်ပိုင်းတွင် လက်နက်များကို သွားအပ်ကြရပါသည်။ လက်နက်... ...ပ်သည့်နေရာကို လက်နက်တိုက် (Armourer's Shop) ဟု ခေါ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



သေနတ်များ စက်ပစ်ကွင်းတွင်ပစ်၍ ဘယ်ဘက်ဆွဲသည်၊ ညာဘက်ဆွဲသည် ဆိုလျှင် လက်နက်တိုက်မှာပင် ပြင်ပေးနိုင်ပါသည်။

၂၁-၁၂-၅၁

ယနေ့ ခရစ်စမတ်ပွဲတော် ကျောင်းပိတ်ရက် စသည့်နေ့ဖြစ်ပါသည်။ မနက်ဘီအာစီကို အရပ်ဝတ်စုံတွေနှင့် တန်းစီကြရ၏။ ကောလိပ်ဟောင်း ဒက်တင်ဂျင်တပ်ခွဲက ဘီအာစီတွင် စည်းကမ်းမကျ၍ တပ်ခွဲတစ်ခွဲလုံး ဝိတ်ဂိုရီး ဘုရင်မကြီးကျောက်တိုင် ပတ်ပြေးကြရသေးသည်။ လန်ဒန်ကို မီးရထားနှင့် သွားကြရပါသည်။ ဘားမားစင်တာတွင် လူတွေပြည့်နေပြီ။ တော်တော်ကျဉ်း ကျပ်တည်းတည်း နေကြရလိမ့်မည်။ နေ့လယ်စာကို အားစ်ကုတ်တွင်ရှိသော ဂရင်းမာ့စ် (Green Mask)ဆိုသည့် ကုလားဆိုင်တွင် စားကြပါသည်။ ထမင်း စား စားပွဲများမှာ လူတွေပြည့်နေပါသည်။

၂၂-၁၂-၅၁

သံရုံးသွားပြီး နေ့တွက်နှင့် ခရီးစရိတ် ထုတ်ကြရသည်။ သံရုံးတွင် တောင်တွင်းကြီးမှ မောင်အောင်ညွန့်ဆိုသည့် သူငယ်လေးနှင့်တွေ့ရသည်။ အလွန်ကြိုးစားမှုရှိသောသူတစ်ယောက် ဖြစ်သည်။ ကျွန်တော် တောင်တွင်းကြီးမှ ထွက်လာစဉ်က ထိုသူငယ်လေးမှာ မြင်းလှည်းမောင်းနေသူဖြစ်၏။ ယခု အင်္ဂလန်သို့ ပညာတော်သင်အဖြစ် ရောက်လာခြင်း ဖြစ်ပါသည်။ နေ့လယ် စာကို ဂရင်းမာ့စ်မှာပင်စားကြပါသည်။

၂၃-၁၂-၅၁

တစ်နေ့လုံး ဘားမားစင်တာမှာပင် စကားပြောလိုက်ကြ၊ စားလိုက် သောက်လိုက်ကြ အချိန်ဖြုန်းကြ၏။

၂၅-၁၂-၅၁

ညစာ အုန်းထမင်းနှင့် ကြက်သားဟင်းမှာ ဦးဘတင်ကြီးလက်ရာဖြစ်၍ အလွန် စားလို့ကောင်းကြပါသည်။



၂၆-၁၂-၅၁

ဤရက်များတွင် ဘယ်မှ သိပ်မလည်နိုင်ပါ။ ငွေကြေး နည်းနေ၍ ဘားမားစင်တာမှာပင် စာဖတ်လိုက်၊ အိပ်လိုက်၊ စားလိုက် ကျွန်တော့်လို ထွက်နိုင်ကြသည့်သူများနှင့် စကားပြောလိုက် အချိန်ကုန်ရ၏။ တောင် ကြီးမှ ဇနီးသည်ထံကိုတော့ တစ်နေ့စာတစ်စောင်မှန်မှန်ရေးနိုင်ခဲ့၏။

၁-၁-၅၂

ယနေ့ စစ်တက္ကသိုလ်သို့ ပြန်ကြပါသည်။ ညစာကို ဂေါ်ဒွန်ဆိုင်မှာပင် ကြပါသည်။ ကိုယ့်အခန်းကို ပြန်ရောက်ရသည်မှာ ကိုယ့်အိမ် ကိုယ်ပြန် သလိုဖြစ်နေပါပြီ။ အတော် စိတ်ချမ်းသာရပါသည်။

၂-၁-၅၂

လက်နက်တိုက်မှ လက်နက်များ စောစောသွားထုတ်ကြရသည်။ နပ်ပင်ပန်းသော ကွဲခိုင်ရေးတစ်ချိန်နှင့် စစ်ရေးပြတစ်ချိန်လုပ်ကြရပါသည်။ သို့ ခွင့်ရက်ရှည်ပြီးလျှင် ကျောင်းမှန်းကန်မှန်းသိအောင် အရမ်း မောင်းပစ် ခြင်းမှာ ဆင်းဟတ်စ်တက္ကသိုလ်၏ မူတစ်ခုဖြစ်ပါ၏။ စစ်ရေးပြ လုပ်နေ မိုးလေးတဖွဲဖွဲ ရွာနေသေး၏။ ဇနီးသည်ထံမှ စာနှစ်စောင်ရ၍ ညတွင် နှင့်ဖတ်ရပါသည်။

၃-၁-၅၂

နံနက်ခင်းတစ်ခုလုံး ပြင်ပတွင် မြေပုံဖတ် လက်တွေ့လုပ်ကြရ၏။ ချိန်လုံး ပြင်ပမှာမိုးရွာ၍ အလွန်ကိုအေးပါသည်။

၄-၁-၅၂

ယနေ့ (၄)ကြိမ်မြောက် မြန်မာ့လွတ်လပ်ရေးနေ့ ဖြစ်၏။ ဗိုလ်မှူးကြီး င်းကြည်ထံမှ လွတ်လပ်ရေးကတ်ရပါသည်။ ခေတ်သစ် ဘာသာရပ်တွင် လွန်ကောင်းသော မှတ်ချက်များရပါသည်။ အလွန်အားတက်ပြီး ကြိုးစားသည် သန္နိဋ္ဌာန်ချမိပါသည်။

www.burmeseclassic.com

www.burmeseclassic.com



၅-၁-၅၂

အလွန်မောရသော စစ်ရေးပြ ဖြစ်၏။ နွားနို့ပိုသောက်ပြီး အမောအားဖြည့်ရပါသည်။ နွားနို့ ပိုသောက်သည်ဆိုသည်မှာ ခါတိုင်းသောက်နေသော ညအိပ်ရာဝင် သောက်သည့်အပြင် အက်ဂျီအက်စ်တွင် သောက်သည်ကိုဆိုလိုပါသည်။ အင်္ဂလန်တွင် နွားနို့သောက်ရသည်မှာ အလွန်ကောင်းပါသည်။ နွားနို့ကို နေ့စဉ်သောက်ရန် မှာထား၍ ညနေတွင် ပုလင်းအသေးနှင့်တစ်ပုလင်း ရပါသည်။ ညအိပ်ရာဝင်တိုင်း သောက်ပါသည်။ နွားနို့မှာ တကယ်စင်ပြီး အလွန်လည်း သန့်ရှင်းပါသည်။ သောက်ပြီး နွားနို့ပုလင်းလွတ်ကို မနက်တွင် ပြန်ပေးရပါသည်။

၇-၁-၅၂

ယနေ့ တစ်မနက်လုံး နည်းဗျူဟာလေ့ကျင့်ခန်း လုပ်ကြရသည်။ ထို့နောက် ကြွခိုင်ရေးသင်တန်း၊ ညနေတွင် ခေတ်သစ်ဘာသာရပ် ဆရာက မြန်မာပြည်ဖွဲ့စည်းပုံအကြောင်း ကျွန်တော့်ကို မိန့်ခွန်းအပေးခိုင်းပါ၏။ ကျွန်တော်က မပေးချင်လှပါ။ ဘာကြောင့် မြန်မာပြည်ဖွဲ့စည်းပုံကို မိန့်ခွန်းပေးခိုင်းသည်ဆိုသည်ကို စဉ်းစားမရပါ။ တခြားနိုင်ငံခြားသား ကျောင်းသားတွေလည်း ရှိကြ၏။ ထိုင်း၊ သီဟိုဠ်၊ နီပေါ၊ ဂျော်ဒန် တော်တော်များများကို ရှိပါသည်။ သူတို့ကိုအပြောမခိုင်းဘဲ ကျွန်တော့်ကို အပြောခိုင်းခြင်း ဖြစ်ပါသည်။

၈-၁-၅၂

တပ်ခွဲစစ်ရေးပြ လေ့ကျင့်ကြရ၏။ အပြင်တွင် အလွန်ကို အေးနေပြီ။ ယနေ့ ပစ္စည်းစစ်ဆေးရာတွင် ပြဿနာအနည်းငယ် ပေါ်သေးသည်။ ကျွန်တော့်တပ်စုက ပစ္စည်းစစ်မည်ဆို၍ ကျွန်တော့်ဖိနပ်နှင့် အခြားပစ္စည်းများအဆင်သင့်ဖြစ်၏။ ခါးပတ်က သိပ်မကောင်းသေး၍ ကိုကြည်အေး ခါးပတ်ငှားပြီးပြရန် ပြောထားကြပြီး စစ်ဆေးချိန်နီးကာမှ သူတို့တပ်စုကလည်း ပစ္စည်းစစ်ဆေးခြင်းရှိနေ၍ အခန်းမြန်မြန်ပြန်ပြီး ကိုယ့်ခါးပတ်ကိုယ် အမြန်တိုက်ရပါသေးသည်။ စစ်ဆေးသော အက်စ်ယူအိုက ချီးမွမ်းတောင် သွားပါသေးသည်။



၉-၁-၅၂

ခါးပတ်တိုက်ပြီး ကိုလေးမောင်ဆီ သွားပါသည်။ ကောလိပ်ဟောင်းမှ နိုင်ငံခြားသား ဗိုလ်လောင်းများ အထူးအင်္ဂလိပ်စာသင်တန်း တက်ရမည်ဟု ကြားရ၏။ ယနေ့ နေ့လယ်တွင် ယာဉ်မောင်းသင်တန်း ဆရာလုပ်သူက ပြောအဆိုကြမ်းတမ်း၍ ကျွန်တော်နှင့် စကားများရသေး၏။

၁၁-၁-၅၂

နက်ဖြန် စစ်တက္ကသိုလ် စစ်ရေးပြတွင် အပြာဝတ်စုံများနှင့် အဖြူ ... (ဖ်) ဝတ်ရမည်ဆို၍ပြင်ကြဆင်ကြရ၏။ လုပ်ရမည့် စစ်ရေးပြမှာ အလံ ... အပ်နှင်းပွဲ ဖြစ်သည်။

ယနေ့ စစ်တက္ကသိုလ် စစ်ရေးပြအားလုံး ချောချောမောမော ဖြစ်ပါသည်။ သောင်းလေးထဲမှ စာနံပါတ် ၂၁ ရပါသည်။ စာရေးစက္ကူနှင့် ၁၂ ... နှာရှိ၍ နှစ်ခေါက် ခပ်ဖြည်းဖြည်းဖိမ်ယူဖတ်ပြီးမှ အိပ်လိုက်ပါသည်။

၁၃-၁-၅၂

ယနေ့ အော်ဒါရှော့မောန်း ဗိုလ်သင်တန်းကျောင်းကို သွားကြပါသည်။ နောက်တစ်ပတ် ဆင်းဟတ်စ်တက်မည့် မြန်မာကျောင်းသား ငါးယောက် ရောက်နေကြပြီ။ ကိုသန်းဝင်း၊ မြတ်စိုးညိမ်း၊ ကိုစိုးလွင်၊ ကိုတင်မောင်နှင့် ကိုတင်ကြီးတို့ဖြစ်ပါသည်။ သူတို့ကို ဆင်းဟတ်စ်အကြောင်းတွေ ပြောပြ၊ ဘာတွေမလုပ်နှင့်၊ ဘာတွေလုပ်၊ ထို့နောက် ဖိနပ်ခါးပတ်များကို တိုက်ပေးကြသည်။ ကျွန်တော်တို့က ကျောင်းသားလတ်တွေ ဖြစ်တော့မည်။

၁၄-၁-၅၂

မြန်မာ့ဖွဲ့စည်း အုပ်ချုပ်ပုံ အခြေခံဥပဒေ လက်ချာပေးရေးနှင့် ပတ်သက်ပြီး ကျွန်တော်နှင့်ကိုအေးကျော်၊ ကိုခင်မောင်တင့်တို့ နည်းနည်း သဘောကွဲကြပါသည်။ သူတို့က ဆရာခိုင်းသလို လက်ချာပေးလိုက်ချင်သည်။ ကျွန်တော်က မပေးသင့်ဘူးလို့ထင်သည်။ ကျွန်တော် လက်ချာမပေးချင်သည့်အကြောင်းကို အရင်ကလည်းရေးခဲ့ပါပြီ။ နောက်တစ်ကြောင်းက ... ကျွန်တော်တို့တွေမှာ အင်္ဂလိပ်စာ အရေးအသားမှာမည့်ကြပါ။ စာရေးဖြေကြည့်နေရာတွင် အမှတ်ကောင်းရကြသည်က များပါသည်။ သို့သော် စကား

www.burmeseclassic.com



ပြောသည့်နေရာတွင် သူတို့လေသံ ထွက်လို့ကိုမရပါ။ ကျွန်တော်တို့ ပြောသ
ကို နားတော့လည်ကြပါသည်။ သို့သော် အသံထွက်က တော်တော်ကိုကွာ
သည်။ ဥပမာတစ်ခုပြောရလျှင် ကျွန်တော်တို့ လန်ဒန်မှာ တည်းခိုသည့်နေရာ
အားစ်ကုတ်ဆိုသည်ကို သူတို့ကိုပြောလျှင် တစ်ခါပြောရုံနှင့် နားမလည်ကြ
နှစ်ခါသုံးခါထပ်ပြောမှ 'အိုး အားစ် ကုတ် ကိုး'ဟု ဆိုကြပါသည်။ သူတို့ပြ
သော အားစ်ကုတ်မှာ အာလုပ်သံကြီးနှင့် ထွက်လာ၏။ ယင်း အာလုပ်သံမျိုး
မြန်မာအာ၊ မြန်မာလျှာနှင့်ပြောမရပါ။ ထို့ကြောင့် ကျွန်တော့်သဘောက အထ
နှင့်ပတ်သက်လာလျှင် ပြောမည်၊ လုပ်မည်၊ တခြားအပိုတွေ သိပ်မလုပ်ထ
ယင်းကိစ္စတွင် ကျွန်တော်က အစိုးရိမ်လွန်နေသည်လည်း ဖြစ်နိုင်ပါသည်။

၁၅-၁-

တပ်ခွဲစစ်ရေးပြတွင် ကျွန်တော်တို့တပ်ခွဲက နိုင်လိုက်၍ ကျွန်တော်
တပ်ခွဲက ဘုရင့်တပ်ခွဲဖြစ်ပြန်ပြီ။ တပ်ခွဲတစ်ခွဲလုံးမှာ ဆူညံနေပါသည်။ ကျော
သားငယ်များက အပြေးနှင့် စစ်ရေးပြပြိုင်ရ၏။ ကျောင်းသားလတ်က ကြ
ရေးပြိုင်ပြီး ကျောင်းသားကြီးများက သေနတ်ပစ်ပြိုင်ကြရပါသည်။ တပ်ခွဲအာ
လုံးစုပြီး တပ်ခွဲစစ်ရေးပြပြိုင်ရ၏။ အမှတ်အများဆုံးတပ်ခွဲက ဘုရင့်တပ်
ဖြစ်လာပါသည်။

၁၈-၁-


ယနေ့ အုပ်ချုပ်မှုနှင့် နည်းဗျူဟာ စာမေးပွဲ။ ကောင်းကောင်း ဖြေ
နိုင်ပါသည်။

၁၉-၁-

ယနေ့ ကောလိပ်ဟောင်း စစ်ရေးပြကွင်းသွား၍ လေ့ကျင့်ကြရ
စစ်တက္ကသိုလ်တစ်ခုလုံးက ကျောင်းသားလတ်နှင့် ကျောင်းသားငယ်တွေချည်
လေ့ကျင့်ကြရခြင်းဖြစ်ပါသည်။ တော်တော်မောင်းပစ်လိုက်၍ အလွန်မော
သည့် ရာသီဥတုတွင် ချွေးပြိုက်ပြိုက်ကျပါ၏။


၂၀-၁-

ကိုအုန်းဖေ၊ ကိုကြည်အေးနှင့် မောင်း မြန်မာဗိုလ်လောင်း အသ



ကျောင်းသားငယ်များ စစ်ရေးပြပြိုင်ပွဲ
တပ်ခွဲရှေ့မှ အမိန့်ပေးနေသူမှာ တပ်ခွဲအရာခံဗိုလ် ဂေါ်ဒတ် (ဘုန်းကြီး)
အလယ်တန်းတွင် ကိုကြည်အေးနှင့် စာရေးသူ

www.burmeseclassic.com



ကျောင်းသားငယ်များ စစ်ရေးပြပြင်ဆင်
အလယ်တန်းကျောင်းအုပ်မှ ဖြေတွက်လျှင်
သုံးမှ ဝဝ လေး၊ ကိုကြည်အေး



းထဲ သွားကြပါသည်။ ကိုလေးမောင်နှင့် ကိုအေးကျော်က နောက်မှ လိုက်ကြသည်။ သူတို့တွေ ဖိနပ်၊ ခါးပတ် တိုက်ရာတွင် ကူညီညာတိုက်ကြပြီး ရှင်သွားကြည့်ကြပါသည်။ ယနေ့သတင်းစာတွင် မြန်မာနယ်ခြားတွင် ကောမ်တီ တရုတ်တပ်များ ရောက်ရှိသောင်းကျန်းနေကြောင်း ဖတ်ရပါသည်။ န်းဒေး အော်ဆာဗာမှာပါလာခြင်းဖြစ်၏။) ထိုရန်က သိပ်မသေးပါ။ ကျွန်တော်တို့ မြန်မာပြည်နှင့် တရုတ်ပြည်နယ်ခြားက အရှည်ကြီးဖြစ်၍ ကောမ်တီ ရှာရယ်မှာမသေးပါ။

၂၁–၁–၅၂

ယနေ့ မြေပုံဖတ် ဆရာများက မြေပုံညွှန်းပါသော စာရွက်လေးများကို စ်နေရာစီတွင် ဝှက်ထားသည်ကို ဗိုလ်လောင်းများက မြေပုံညွှန်းအရ လျှောက်ကြပြီး မြေပုံညွှန်းအတိုင်း ဆက်သွားကြ၊ နောက်စာရွက်တွေ့လျှင် ထို တိုင်းလိုက်ကြနှင့် စက်ဘီးနှင့် သွားကြရခြင်းဖြစ်၏။ အားလုံး မိုင် ၃၀ ခန့် ပေါက်ပါလိမ့်မည်။ စစ်တက္ကသိုလ် ပြန်ရောက်သောအခါ နေ့လယ် ၁ ရိုးထိုးနေပြီ။ ယနေ့ မောင်မောင်အေး၏အစီရင်ခံစာကို ဖတ်ကြည့်ရပါသည်။ ကော်တော်ကို ကောင်းပါသည်။

၂၃–၁–၅၂

မနက်ပိုင်း စစ်ရေးပြအချိန်ပြီးသောအခါ ယာဉ်မောင်းစာမေးပွဲ န်တော်ရော ကိုကြည်အေးပါ မဟာန်ကြပါ။

၂၄–၁–၅၂

အုပ်ချုပ်မှုနှင့် နည်းဗျူဟာ အမှတ်များကို တပ်ခွဲကြော်ငြာသင်ပုန်းတွင် ပ်ထားပြီ။ ကျွန်တော်က တပ်ခွဲတွင် အမှတ်အများဆုံးရ၏။ အုပ်ချုပ်မှုတွင် ၈)ရပြီး နည်းဗျူဟာတွင် (+၇)ရပါသည်။ အများဆုံးရနိုင်သည်မှာ (+၉) င်၏။ တပ်ခွဲတွင် နှစ်မျိုးစလုံး (+၉)ရသူ မရှိပါ။ အမှတ်တူများရှိပါသည်။ ည်းဗျူဟာ (+၈)နှင့် အုပ်ချုပ်မှု (+၇)ရသူ ဂေါ်ရာတစ်ဦးရှိပါသည်။ ဂေါ်ရာ စ်ယောက်က အုပ်ချုပ်မှု (+၆) နည်းဗျူဟာ (+၉)ရ၏။ ကျွန်တော်တို့ ်ငံခြားသားအနေနှင့် ဤကဲ့သို့ အမှတ်များများရလိုက်သဖြင့် ဆရာများ လယ်မှာရော၊ ဗိုလ်လောင်းအချင်းချင်းပါ မျက်နှာတော်တော် ပွင့်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ယနေ့ အလံတော် စစ်ရေးပြအတွက် လေ့ကျင့်ကြရပါသည်။ တကာ
ကို ပင်ပန်းလှပါသည်။ မကောင်းမချင်း ပြန်ပြန်လုပ်ကြရ၏။ ဂျပန်ဆေး
စစ်တက္ကသိုလ်မှာသာမက ဆင်းဟတ်စ်တွင်လည်း **မြွေကိုက်**ရှိ၏။

သင်တန်းတွင် ရုပ်ရှင်ကြည့်ရပါသည်။ တိုက်ကင်းထွက်ပုံ ရုပ်ရှင်ပြ
အလွန်ကို ကောင်းပါသည်။ တိုက်ကင်းမထွက်မီ ပြင်ဆင်ခြင်း၊ တိုက်ကင်း
ထွက်သွားပုံ၊ ရန်သူနှင့်တွေ့သည့်အခါ လုပ်ပုံကိုင်ပုံမှာ တကယ့်ကို သရုပ်
ပါသည်။

ယုံကြည်မှုနေရာတွင် တစ်ချိန်။ အေးနေ၍ သံမဏိကြိုး ကိုင်ရသည်
တကယ့်ကို ဒုက္ခရောက်ပါသည်။ သစ်ပင်ပေါ် မတက်မီ လက်ပူသွားအောင်
မနည်းလှုပ်ရှားပစ်ရသည်။

၂၅-၁-၅

သချ်ာနှင့် ခေတ်သစ်ဘာသာ စာမေးပွဲ၊ ခေတ်သစ်ဘာသာမှာ
ကောင်းကောင်း ဖြေနိုင်သော်လည်း သချ်ာတွင် ၈ ပုဒ်အနက် ၅ ပုဒ်သာရ

သတင်းစာတွင် ကေအမ်တီတပ်တွေအကြောင်း ဖတ်ရပြန်ပြီ။
ဆာမှ မြန်မာပြည် မြစ်ကြီးနားအထိ လေယာဉ်နှင့် ကေအမ်တီတပ်
ပို့ပေးမှာဖြစ်သည့်အကြောင်းရေးထား၏။ တကယ်သာမှန်လျှင် တရုတ်ပြည်
ပြဿနာဖြစ်တော့မည်။

ညနေတွင် ကိုလေးမောင်အခန်းသွားပြီး ရေနွေးကြမ်း သောက်ကြ
သည်။

၂၆-၁-၅

ယနေ့ နှင်းတွေအများကြီး ကျနေပါသည်။ အပြင်တွင် နှင်းထု
တစ်ပေကျော်လိမ့်မည်။ ဘယ်နေရာ ကြည့်လိုက် ကြည့်လိုက် ဖြူဖွေးနေပါ
သည်။ ဘီအာစီကို အဆောက်အအုံထဲမှာပင် လုပ်ရ၏။

၂၇-၁-၅

ကျွန်တော် အီဂျစ်မှ ဝယ်ခဲ့သော လက်အိတ်ပျောက်သွားပါသည်
ထမင်းစားခန်းအပြင်တွင် ဦးထုပ်နှင့်လက်အိတ် ထားပစ်ခဲ့၏။ ဦးထုပ်ကို
လက်အိတ်ကို ယူသွားကြခြင်းဖြစ်၏။ လက်အိတ်မှာ အတွင်းက ကု



ာ်အမွေးများနှင့် အပြင်က သားရေအစစ်နှင့်ဖြစ်၍ တော်တော်ကောင်းပါ
သည်။ လက်အိတ်ကို ထမင်းစားခန်းထဲ မယူခြင်းမှာ ဦးထုပ်နှင့် လက်အိတ်ကို
င်းစားခန်းထဲ မယူရဆိုသော အမိန့်ကြောင့် ဖြစ်ပါသည်။

နှင်းမှာ ယနေ့ထိ မပျော်သေးပါ။ ယနေ့ ကိုလေးမောင်အခန်း
ကြပါသည်။ နှင်းပေါ်လျှောက်ရသည်မှာ တရှူရှူနှင့် အလွန်လျှောက်၍
ာင်းပါသည်။ ချော်မလဲရအောင်လည်း မနည်းသတိထားရ၏။ လူတော်
တ်များများ လျှောက်ထားကြ၍ နှင်းမပျော်ဘဲ ရေခဲလိုမာနေသည့်နေရာဆိုလျှင်
လွန်ကို ချော်တတ်ပါသည်။

၂၈-၁-၅၂

သိပ္ပံစာမေးပွဲ ကောင်းကောင်းဖြေနိုင်ပါသည်။ စာအမှတ် ၂၃
ာင်းလေးထဲမှရ၏။ ယနေ့ လက်အိတ်ဝတ်ပြီး စစ်ရေးပြ လုပ်ရပါသည်။
းလိုက်သည်မှာတော့ ပြောမယုံအောင်ပင်ဖြစ်၏။ စစ်ရေးပြပြီး နားလိုက်သည့်
ချိန်တွင် နားရွက်ဖျားလေးများကို ပွတ်နေရပါသည်။ ကျဉ်ပြီး ထုံသလို
ဖြစ်နေ၏။

၂၉-၁-၅၂

ပေါ့တလန် (Portland) သို့ သွားကြရပါသည်။ ညသန်းခေါင်ကျော်
င် အိပ်ရာထကြပြီး ၁၂း၃၀ တွင် နံနက်စာစား၊ ၀၃း၃၀ နာရီတွင် ဘတ်စ်
ကြီးများနှင့် သွားကြခြင်းဖြစ်၏။ ပေါ့တလန်ကို ၀၈း၁၅ နာရီတွင်
ောက်ပါသည်။ မော်တော်ကလေးများနှင့် ကရူဇာစစ်သင်္ဘောကြီးကို သွား
လာကြရပါသည်။ ကရူဇာမှာ (Battle Ship) သင်္ဘောကြီးတွေထက်
ပြီး (Destroyer) သင်္ဘောထက်ကြီးသည့် စစ်သင်္ဘောအမျိုးအစား ဖြစ်
သည်။ စစ်တက္ကသိုလ်ကပါလာသော ကိတ်မုန့်၊ ပေါင်မုန့်၊ အသားသွတ်
င်းဝစ်နှင့် သင်္ဘောပေါ်မှာဖျော်သည့် လက်ဖက်ရည် သောက်ကြရပါသည်။
ုပ်သင်္ဘော ရေပေါ်ကနေ ရေငုပ်ပြသည်ကိုလည်း ကြည့်ကြရပါသည်။
ုပ်သင်္ဘောက အနံ ၅ ပေလောက်နှင့် အလျား ၂၅ ပေလောက် ရှိလိမ့်မည်။
ာ်ပီဒိုနှစ်ခုပါပြီး ကရူဇာသင်္ဘောကြီးမှာ ၄ ဒသမ ၅ လက်မ အမြောက်ကြီး
လက်နှင့် လေယာဉ်ပစ် အမြောက်တစ်လက်ပါပါသည်။

စစ်တက္ကသိုလ်သို့ ညနေ ၁၆း၃၀ နာရီတွင် ပြန်ထွက်ခွာလာကြပြီး

www.burmeseclassic.com

www.burmeseclassic.com



ည ၂၂:၁၅ နာရီကျမှ ပြန်ရောက်ကြပါသည်။ ည ၂၀:၁၅ နာရီတွင် ပြန်ရော ကြပြီး ညစာ မှုပူနွေးနွေးစားကြရန် အစီအစဉ်ရှိသော်လည်း အပြန်နောက် နေ၍ ဘာမှမစားကြရတော့ပါ။ တန်းအိပ်ကြရ၏။ ညမိုးချုပ်မှရောက်၍ နံ တွင် ဘီအာစီမရှိဟုသိရ၏။

ကိုယ်ပိုင် စာကြည့်ချိန် နှစ်ချိန်ရပါသည်။ လက်ချာပေးရန် ပြင်ဆ ကြရပါသည်။ လက်ချာဆိုသော်လည်း ၁၀ မိနစ်ဖြစ်၍ လက်ချာက (Lecturette) ဟုခေါ်ပါသည်။ သတင်းစာ (Daily Mirror) တွင် မြန်မာ နှင့် ကေအမ်တီသတင်းပါလာပြန်ပြီ။ စစ်အတွင်းက ကြွင်းကျန်နေ ကေအမ်တီ ၆၀၀၀ ခန့်ကို မြန်မာ့တပ်မတော်က နယ်ခြားတွင် တိုက်နေသ ဆိုသောသတင်း ဖြစ်ပါသည်။ မြန်မာပြည် အစိုးရက အမေရိကန်အစိုး တောင်းပန်၍ (Requested) ဟုသုံးသည်။ အမေရိကန် အစိုးရက ဖော်မို အစိုးရကို တရုတ်တပ်တွေ မြန်မာနယ်ခြားမှ ပြန်ဆုတ်ပေးရန် ပြောကြား ကြောင်း၊ သို့သော် ယခုအထိ ကေအမ်တီတပ်များသည် မြန်မာနယ်ခြားမှာ ရှိသေး၍ မြန်မာ့တပ်မတော်က တိုက်နေကြောင်း ရေးထားပါသည်။ မြန်မာ က သတင်း ဘာပဲလာလာ အခုလို နိုင်ငံခြားရောက်နေစဉ်မှာ အထူးဂရုစိုက် ဖတ်ကြရပါသည်။ နောင်ဘာတွေ ဖြစ်လာနိုင်သည်ဆိုသည်ကိုလည်း အချင်ချင်း ဆွေးနွေးကြည့်ကြရသည်။

၃၁-၁-၅

အလွန်ပင်ပန်းသော စစ်ရေးပြအချိန် ဖြစ်၏။ ကျောင်းဆင်းပွဲအတွက် လေ့ကျင့်ခြင်း ဖြစ်ပါသည်။ ကိုမောင်မောင်တို့ အပတ် (တင်ဝင်းညို၊ ချစ် အုန်းဖေ) ကျောင်းဆင်းကြမည် ဖြစ်၏။ ယနေ့ စစ်တက္ကသိုလ်က ထုတ် သော ပစ္စည်းများကို စတိုခန်းတွင် ပြန်အပ်ကြရပါသည်။ ဓားခုတ် လေ့ ရန်အတွက် ထုတ်ထားသော ဓားနှင့်လက်အိတ်များပါ အပ်လိုက်ပါသည်။ ကိုမောင်မောင်တို့တစ်တွေ အရာရှိငယ်သင်တန်းမတက်တော့ဘဲ မြန်မာပြည် တန်းပြန်တော့မည်ဟုကြားရ၏။ ဖေဖော်ဝါရီလ ၁၂ ရက်တွင် ပြန်ကြရမည် ဖြစ်၏။

၁-၂-၅

ယနေ့ စစ်ရေးပြကို နှင်းကျနေစဉ်မှာပင် လုပ်ကြရပါသည်။ ယ



စစ်ရေးပြမှာ ဝတ်စုံအပြည့်နှင့် အလံတော် စစ်ရေးပြလေ့ကျင့်ရခြင်းဖြစ်၏။ ခေတ်သစ် ဘာသာရပ်တွင် အမှတ်အလွန်ကောင်းပါသည်။ (+၇)ရပြီး ယင်း အမှတ်မှာ ကျွန်တော်တို့တပ်ခွဲတွင် အများဆုံးဖြစ်ပါ၏။ သိပ္ပံတွင် (+၆)ရပါ သည်။ သိပ္ပံဘာသာကို တစ်ခါမှမယူခဲ့ဖူးဘဲ ဆင်းဟတ်စ်ကျမှ သင်ရသော်လည်း တော်တော်ဟန်ကျနေပါပြီ။

ဘဏ်တွင် ကျွန်တော်တို့အတွက် ဖေဖော်ဝါရီလ လစာအတွက် ကြိုတင် လစာ ရောက်နေပြီဟုသိရပါသည်။ သတင်းကောင်းတစ်ရပ်ဖြစ်ပါ၏။

၂-၂-၅၂

ယနေ့ အလံတော် စစ်ရေးပြပါ၏။ ရာသီဥတုကောင်း၍ စစ်ရေးပြ လည်း လုပ်ရကောင်းပါသည်။ ရာသီဥတုကောင်းသည်ဆိုသည်မှာ နေပွင့်ပြီး မိုးမရွာ နှင်းမကျခြင်းကို ဆိုလိုပါသည်။ ကျွန်တော်တို့ တပ်ခွဲက အလံတော်ရ သည့်အခါ အမျိုးသားသီချင်း တီးရပါသည်။ ဆုတွေပေးသည့်အခါ ကျွန်တော် တို့ အက်စ်ယူအိုက စာအုပ်တစ်အုပ် ဆုရပါသည်။ နေ့ခင်းတွင် မောန်းသွားပြီး မြန်မာဗိုလ်လောင်း အသစ်များကို ကူညီကြပါသည်။

၃-၂-၅၂

ယနေ့ စာအုပ်တွေသိမ်း၊ အဝတ်တွေ ထုပ်ရပိုးရပြီ။ နက်ဖြန် အပြာ ဝတ်စုံနှင့် စစ်ရေးပြဖြစ်၍ ကြေးကြယ်သီးများတိုက် အပြာဝတ်စုံ မီးပူတိုက်ရ၏။

၄-၂-၅၂

ယနေ့ စစ်ရေးပြမှာ ကျောင်းဆင်းပွဲအတွက် ဝတ်စုံအပြည့်နှင့် လေ့ ကျင့်ကြရခြင်း ဖြစ်၏။ သောင်းလေးဆီမှ စာနံပါတ် ၂၄ ရပါသည်။ အိမ်ကို စာပြန်မရေးအားသေးပါ။ ယနေ့ တပ်ခွဲမှူးနှင့် တွေ့ရ၏။ ကျောင်းသားငယ် ဘဝတွင် ကျွန်တော်တို့ လုပ်ခဲ့ကိုင်ခဲ့သည်နှင့် ပတ်သက်ပြီး ကျွန်တော့် အစီ ရင်ခံစာကိုပြခြင်း ဖြစ်ပါသည်။ အကောင်းလည်း ပါသည်။ မကောင်းသည်တွေ များနေပါသည်။ ကောင်းတာကတော့ စာမေးပွဲများတွင် အမှတ်ကောင်းခြင်း ကြောင့်ဖြစ်ပြီး မကောင်းသည့် အချက်မှာမူ အောက်ပါ အကြောင်းများကြောင့် ဖြစ်ပါသည်။

(၁) အဖွဲ့အစည်းနှင့် အားကစားတွေမှာ တက်တက်ကြွကြွ ပါဝင်ခြင်း

www.burmeseclassic.com

www.burmeseclassic.com



မရှိ။ (ဒါအမှန်ပါပဲ)

(၂) ခေတ်သစ်ဘာသာရပ်ဆရာက မိန့်ခွန်းပြောခိုင်းသည်ကို မပြောဘဲ နေခြင်း။ (ဒါကလည်း ဆရာက သူခိုင်းတာမလုပ်၍ ဘယ်ကျေနပ်နိုင်ပါ့မလဲ။ ကျွန်တော်ကလည်း ကိုယ့်အကြောင်းနှင့်ကိုယ် ရှိပါသည်။)

(၃) ကိုကြည်အေးနှင့် လက်ဝှေ့မထိုးခြင်း။ (ဒါကတော့ ကျွန်တော် မှန်တယ်ထင်လို့လုပ်တာဖြစ်သဖြင့် ဘယ်လိုရေးရေး ဂရုမစိုက်ပါ။ နောက်ကျမှ ကျွန်တော်တို့ဆုံးဖြတ်ချက် မှန်သည်ကိုတင်ပြရပါဦးမည်။)

(၄) ကိုကျော်ရွှေ့ ဘာသာရပ်မှာ ညံ့ခြင်း။ (ဒါတော့ ပိုကြိုးစားရမှာ ဖြစ်ပါသည်။)

တပ်စုမှူး ဗိုလ်မှူးဂိတ်စကဲက ကျွန်တော့်အတွက် တော်တော်ကောင်းကောင်း ရေးထားသည်ကို တွေ့ရပါသည်။ စာပေဘာသာရပ်တွေမှာလည်း ဆရာအားလုံးကပဲ (ခေတ်သစ်ဘာသာရပ် ဆရာကလွဲပြီး) အကောင်းရေးထားကြပါသည်။ ခေတ်သစ် ဘာသာရပ် ဆရာက မကောင်းရေးထားသော်လည်း သူ့ဘာသာမှာ ကျွန်တော်က အမြင့်ဆုံးအမှတ်ရထား၍ တပ်ခွဲမှူးက အကျိုးအကြောင်း မေးသည်နှင့်ရှင်းပြခဲ့ရပါသေးသည်။

၅-၂-၅၂

စစ်တက္ကသိုလ် စစ်ရေးပြအားလုံး ချောချောမောမောပင် ဖြစ်ပါသည်။ ယနေ့ စာကြည့်တိုက်မှငှားထားသော စာအုပ်များအားလုံး ပြန်အပ်လိုက်ပါသည်။

၆-၂-၅၂

ဘုရင်ကြီး နတ်ရွာစံကြောင်း ကြေညာလိုက်ပါပြီ။ ကျောင်းဆင်းပွဲ ရက်ရွှေ့ရမလားမသိပါ။ သင်္ချာနှင့်သိပ္ပံစာအုပ်များ ပြန်အပ်လိုက်ပါ၏။ နေ့လယ်တွင် မာလိုးခန်းမတွင် ရုပ်ရှင်ကြည့်ကြရပါသည်။ (Divide and Conquer တဲ့။ ကျောင်းဆင်းပွဲ မလုပ်ဖြစ်တော့ဟု ယနေ့ညပဲ သတင်းရပါသည်။ ကိုအုန်းဖေတို့အဖွဲ့က ကျောင်းဆင်းပွဲမလုပ်ဖြစ်ဘဲ ဗိုလ်ဖြစ်ကြရမည့်သူတွေပါ။

၇-၂-၅၂

ယနေ့ ရိုင်ဖယ်စစ်ပြီး ဝတ်စုံအပြာတွေ ပြန်အပ်ရပါသည်။ ဘုရင်ကြီး



နတ်ရွာစံ၍ ကျောင်းပိတ်ရက် တစ်ရက်ပိုရလိုက်ကြ၏။ အမှန်က ၈ ရက်နေ့မှ ကျောင်းပိတ်ရန်ဖြစ်ပြီး ယနေ့ပိတ်လိုက်သဖြင့် ယနေ့ပင် လန်ဒန်သို့ သွားကြပါသည်။ ဘားမားစင်တာမှာ တပ်မတော်ကရွေးပြီး ပညာတော်သင်လွှတ်သော (Boys Company) မှ ကျောင်းသားငယ်တွေ တွေ့ရပါသည်။ သူတို့ အခြေအနေမှာ သနားစရာဖြစ်နေ၏။ စရိတ်စကရော၊ သင်တန်းပါ ရေမရာဖြစ်နေကြပါသည်။ ညတွင် ဒေါက်တာယုထယန်က (ဘွဲ့လွန်ပညာတော်သင်တစ်ဦးဖြစ်၏။) ရေနွေးကြမ်းနှင့်ဧည့်ခံပါသည်။ အမြည်းမှာ လက်ဖက်၊ ကြော်နှင့် ထန်းလျက်ခဲဖြစ်၏။ မစားရသည်မှာ ကြာပြီဖြစ်၍ နတ်သုဒ္ဓါဟု ထင်ရပါသည်။ စကားကောင်းနေကြပြီး ညသန်းခေါင်ကျော် ၀၁း၀၀ နာရီကျမှ အိပ်ရာဝင်ကြပါသည်။

၈-၂-၅၂

၈ နာရီ ၂၀ ကျမှ အိပ်ရာကနိုးပါသည်။ ရာသီဥတု အလွန်အေးသော်လည်း ဘားမားစင်တာတွင် ရေနွေးမရပါ။ ဘားမားစင်တာ၏ အဆင့်အတန်းမှာ သိသိသာသာကြီး ကျနေပါပြီ။ စည်းကမ်းဆိုသည်မှာလည်း လုံး၀ မရှိတော့ပါ။

သံရုံးသွားပြီး နေ့တွက်စရိတ်နှင့် ခရီးစရိတ် တင်ရ၏။ တော်တနမ်ကုတ်လမ်း (မြန်မာထမင်းဆိုင်ရှိသောလမ်း)ကိုသွားပြီး မုန့်ဟင်းခါး စားပါသည်။ အပြန်တွင် (Foyles) စာအုပ်ဆိုင်ကြီးကို တွေ့ရပါသည်။ အလွန်ကြီးကျယ်သော စာအုပ်ဆိုင်ကြီးဖြစ်ပါသည်။ သည်လောက် ကြီးကျယ်သော စာအုပ်ဆိုင်ကို တစ်ခါမှ မတွေ့ဖူးပါ။ (နောင်လည်း ကမ္ဘာအနှံ့အပြား ရောက်ခဲ့ရာ ရောက်ဖူးသမျှ မည်သည့်နိုင်ငံတွင်မှ ဤစာအုပ်ဆိုင်လောက်ကြီးသော ဆိုင်ကို မတွေ့ဖူးပါ။ နိုင်ငံကြီးတွေအနက် အမေရိကန်၊ ရုရှား၊ အရှေ့နှင့် အနောက်ဂျာမနီ၊ ဂျပန်၊ ပြင်သစ်နှင့် အခြားနိုင်ငံတော်တော်စုံအောင်ရောက်ဖူးရာ Foyles လောက် ကြီးကျယ်သောစာအုပ်ဆိုင်ကို မတွေ့ခဲ့ရပါ။) စာအုပ်ဆိုင်ကြီးမှာ လမ်းမကြီးနှစ်ခုဆုံရာ (တော်တနမ်ကုတ်လမ်းနှင့် အောက်စဖို့ဒ်လမ်း၊ သို့မဟုတ် ချဲအားရင်းကရော့စ်လမ်းဟုထင်ပါသည်။)တွင်ရှိပြီး အခန်းကြီးတွေမှာ စာအုပ်များနှင့် အပြည့်ဖြစ်ပါသည်။ လမ်းကဝင်လျှင်ဝင်ချင်း ပေါက်ဝစားပွဲများပေါ် ဖြန့်ခင်းထားသော စာအုပ်မြောက်မြားစွာကို တွေ့ရပါသည်။ အချို့စားပွဲအလယ်တွင် နှစ်သျှီလင် ဆိုင်းဘုတ်ကလေးချထားပြီး

www.burmeseclassic.com

www.burmeseclassic.com



အချို့စားပွဲများမှာ ၂ သျှီလင် ၆ ပဲနိ ကတ်ပြားချထားပါသည်။

စားပွဲပေါ်မှ ကြိုက်ရာစာအုပ်ကိုဆွဲယူပြီး ငွေသွားချေသည့်နေရာတွင် ငွေပေးရန်ဖြစ်ပါသည်။ ငွေချေသည့်နေရာကို သွားမချေဘဲ စာအုပ်တစ်အုပ် နှစ်အုပ် အသာဆွဲသွားလည်း မည်သူမျှ သတိထားမိမည်မဟုတ်ပါ။ သည်နေရာတွင် အင်္ဂလန်မှလူတွေ စည်းကမ်းကြီးကြသည်မှာ အံ့သြလောက်ပါသည်။ စာအုပ်ဆိုင်များသာ မဟုတ်သေး။ သတင်းစာရောင်းသည့်နေရာမှာလည်း ဤသို့ပင်ဖြစ်၏။ သတင်းစာမျိုးစုံကို စင်တစ်ခုတွင် အမျိုးအစားအလိုက် ထောင်ထားပြီး ပိုက်ဆံပုံးတစ်ခုချထားပါသည်။ သူ့သတင်းစာနှင့်သူ့ တန်ဖိုးချင်း မတူကြ။ သတင်းစာဖတ်သူက ကြိုက်သည့်သတင်းစာဆွဲယူပြီး ကျသင့်သည့်တန်ဖိုးကို ပိုက်ဆံပုံးထဲထည့်သွားကြပါသည်။ အချို့ဆိုလျှင် သူဖတ်ပြီးသော သတင်းစာကို သူ့နေရာမှာသူ ပြန်ထည့်ထားခဲ့ပါသေးသည်။ လူယုံသွားသည့် သဘောဖြစ်၏။

ကျွန်တော့်ထံတွင် Foyles မှဝယ်ခဲ့သော စာအုပ်နှစ်အုပ် ယခုထိ ရှိပါသေးသည်။ တစ်အုပ်က ၂ သျှီလင် စားပွဲကလား၊ ၂ သျှီလင် ၆ ပဲနိ စားပွဲကလားမသိပါ။ Meaning of Immortality စာအုပ်၊ နောက် တစ်အုပ်ကတော့ အင်မတန်ရှားပါးသောစာအုပ်ဖြစ်ပါသည်။ ဟစ်တလာရေးသော Meinkampf ပါ။ ဟစ်တလာရေးသည့်စာအုပ်တွင် အယ်ဒီတာများက အောက်ခြေမှတ်စုတွေ၊ အခန်းလိုက် မှတ်စုများထည့်ထားသည့် စာအုပ်အထူကြီး ဖြစ်ပါသည်။ ၁ ဂင်နီ (၂၁ သျှီလင်) ပေးခဲ့ရပါသည်။

၁၅-၂-၅၂

တစ်ယောက်တည်းပင် အမျိုးသားပန်းချီပြတိုက် (National Gallery) ကို သွားကြည့်ပါသည်။ ဤကဲ့သို့ လန်ဒန်တွင်ရှိသော ပြတိုက်များ ပြခန်းများသွားကြည့်နိုင်အောင် ကျွန်တော်က လန်ဒန်မြို့ အခြေပြစာအုပ် (London Guide Book) တစ်အုပ်ဝယ်ထားပါသည်။ စာအုပ်မှာ ဘယ်ပြတိုက်ကို ဘယ်ဘတ်စ်ကားနံပါတ်စီးပြီး ဘယ်ဘက်ကို ခြေလျှင်ဘယ်နှမိနစ် လျှောက်ရသည်။ မြေအောက်ရထား ဘယ်လို စီးသွားရသည်ပါပါသည်။ ပြတိုက်များ ဖွင့်ချိန်ပိတ်ချိန်လည်း ပါသေး၏။ အလွန်အံ့သြလောက်အောင် လက်ရာမြောက်သော ပန်းချီကားများဖြစ်ပါ၏။ ပန်းချီကားတစ်ခုမှာ ပန်းပွင့်တစ်ပွင့်တွင် ပျားတစ်ကောင်နားနေသည်ကို တကယ့်ပျားကောင်လား အနားကပ်၍ သေသေ



ချာချာကြည့်ယူရပါ၏။ ပန်းချီ 'ပျား' ပါ။

၁၈-၂-၅၂

ယနေ့ သံရုံးတွင် လခထုတ်ရပါသည်။ ထို့နောက် သံရုံးတွင် ယနေ့ နေ့လယ်စာစားခဲ့ပါသည်။ ခေါက်ဆွဲကြော်မှာ အတော်ကောင်းပါသည်။ ထို့နောက် အမျိုးသား ပုံတူပန်းချီပြတိုက် (National Portrait Gallery) ကို သွားကြည့်ပါသည်။ တစ်နေ့ကကြည့်ခဲ့သော အမျိုးသားပန်းချီပြတိုက်နှင့် ကပ်လျက်အဆောက်အအုံ တစ်ခုတည်းဖြစ်၏။ အလွန်လက်ရာမြောက်သော ပန်းချီကားများဖြစ်၏။ စိတ်ဝင်စားစရာ အကောင်းဆုံး၊ ကျွန်တော့်အကြိုက်ဆုံး ပန်းချီကားမှာ ဦးခေါင်းဖြတ် အသတ်ခံသွားရသော ပထမမြောက်ချားစ်ဘုရင်၏ သားသမီးများ ပန်းချီကားကြီးဖြစ်ပါသည်။ တကယ်အသက်ဝင်ပြီး အပြစ်ကင်းစင်သော သနားဖွယ်ကလေးတွေပုံမှာ မျက်စိထဲကမထွက်တော့ပါ။

သံရုံးကကြားခဲ့ရသောသတင်းမှာ **စစ်သံ** ဒုတိယမ္ပူးကြီးဘရှင်က တရုတ် သင်နေပါသတဲ့။

၂၃-၂-၅၂

ယနေ့ ဗြိတိသျှပြတိုက်ကြီး (British Museum) ကို သွားပါသည်။ အလွန်ကြီးကျယ်ပြီး ခင်းကျင်းပြသထားသည်မှာ အလွန်စနစ်ကျနသော ပြတိုက်ကြီး ဖြစ်ပါသည်။ ကျောင်းသား၊ ကျောင်းသူကလေးများ၊ စာအုပ်ကလေးများနှင့် လျှောက်ကြည့်ကြ၊ ရေးမှတ်လိုက်ကြ လုပ်နေသည်ကို တွေ့ရပါသည်။ သမိုင်းပညာသားကို သွားသတိရမိပါသည်။ ကျွန်တော် စိတ်အဝင်စားဆုံးမှာ အာရှတိုက်ခန်း (Asiatic Saloon)ဖြစ်ပါသည်။ ဘုရားဆင်းတုတော်တွေလည်း တော်တော်များများ ဖူးတွေ့ခဲ့ရပါသည်။ ဂျပန်လက်နက်များမှာ ၁၈ ရာစုတွင် အသုံးပြုခဲ့သော သံချပ်အင်္ကျီကစပြီး ဒုတိယကမ္ဘာစစ်ပွဲတွင် အသုံးပြုခဲ့သော လက်နက်တွေအထိပြထားပါသည်။

၂၅-၂-၅၂

ယနေ့ ဗြိတိသျှပြတိုက်ကို ပြန်သွားခဲ့ပါသည်။ ပြတိုက်ကြီးမှာ ကြီးကျယ်လွန်း၍ တကယ်လေ့လာမည်ဆိုလျှင် တစ်လနှင့်ပင် အကုန်ကြည့်ရှုလာ ပြီးနိုင်မည်မဟုတ်ပါ။ ယနေ့ ကြည့်ခဲ့ရသည့်အထဲမှ စိတ်ဝင်စားဖို့

www.burmeseclassic.com

www.burmeseclassic.com



အကောင်းဆုံးမှာ **အီဂျစ်ပြခန်း** (Egyptian Saloon) ဖြစ်ပါသည်။ အလောင်းကြီးများ အမြောက်အမြားတွေ့ခဲ့ရပြီး လူတွေကိုသာ ဆေးစီ နှစ်ပေါင်း အကြာကြီးခံအောင် မမ္မီလုပ်ထားခဲ့သည်ဟုသိခဲ့ရာ ယခု ခွေးလေး ကြောင်လေးများကိုပါ မမ္မီလုပ်ထားသည်ကို တွေ့ခဲ့ရပါသည်။ မှန်သေတ္တာ တစ်ခုထဲမှ အလောင်းမှာ မမ္မီလုပ်ခဲ့သည်မဟုတ်ဘဲ သူ့အပေါ်က သဲအ ကြောင့် အခုလို ရုပ်ကြွင်းဖြစ်နေသည်ဟု စာတန်းကပ်ထားပါသည်။ မမ္မီ မှာလည်း အကောင်းဆုံးလက်ရာနှင့် မမ္မီများက ကိုယ်ခန္ဓာအနေအထား အဆစ်ကောက်ကြောင်းနေရာများပါ ပေါ်လွင်အောင် ပတ်တီးစည်းထား ရုပ်ကြွင်းများဖြစ်ပါ၏။

နောက်တစ်ခန်းတွင် ရောမ ဧကရာဇ်ဘုရင်များ၏ ကျောက်ရုပ် တွေ့ခဲ့ရသည်။ ထရာဂျန်၊ အက်ဒရိုင်ယဉ်တို့ ရုပ်တုများအပြင် အခြား များ၏ ရုပ်တုများပါ တွေ့ခဲ့ရပါသည်။

ယနေ့ ဘုရင်စစ်ပြတိုက် (Imperial War Museum) ကို လေ့လာခဲ့ပါသည်။ ဂျာမန်များအသုံးပြုခဲ့သော သံလိုက်ဗုံးများ၊ လူတော် ဗွီ ၁၊ ဗွီ ၂ လက်နက်များတွေ့ခဲ့ရပါသည်။ လူတော်ပီဒိုမှာ တော်ပီဒို လူစီးပြီး ပဲ့ကိုင်လိုက်နိုင်အောင်လုပ်ထား၍ ပစ်မှတ်ရန်သူ သင်္ဘောကို တွင် လူက သပ်သပ်ခွဲထွက်နိုင်အောင်လုပ်ထားသော လက်နက်ဖြစ် ဂျပန်ကာမီကာဇေထက် ဉာဏ်သာသည်ဟုခေါ်ရမည်။ ကာမီကာဇေလို တမ်း ပစ်မှတ်ကိုထိအောင်လုပ်နိုင်သည့်အပြင် ပိုင်းလော့ကို တစ်ခါတည်း စတေး လိုက်ရသည်မဟုတ်ဘဲ ပိုင်းလော့လွတ်မြောက်ဖို့ လမ်းအများကြီးရှိ နည်းဖြစ်၏။ ဗွီ ၁ လက်နက်မှာ (ပြထားသောလက်နက်များအောက်က တန်းများအရ) ပေါင် ၅၀၀၀ လေးပြီး တစ်နာရီကို မိုင် ၂၄၅ မိုင် ပျံသန်းနို သည်။ ဗွီ ၂ က ၁၂.၇ တန်လေးပြီး တစ်နာရီကို မိုင် ၂၀၀ ပျံသန်းနိုင်ပါသ စစ်သင်္ဘော အမျိုးမျိုးပုံတွေကိုလည်း ပြထားပါသည်။ ဂျာမန်စကြာတံ ကြီးနှင့် သိမ်းငှက်ပုံကြီးကိုလည်းတွေ့ခဲ့ရပါသည်။ ကျည်ဆန်များထိမှန်ထား ရုရှားကျည်များဖြစ်ကြောင်း ကမ္ပည်းထိုးထားပါသည်။ ဘာလင်ကို ရုရှားတပ် တော်က သိမ်းပိုက်ခဲ့ခြင်း၏ အထိမ်းအမှတ်တစ်ခုဖြစ်၏။ ပဉ္စမမြောက် ဘုရင်၊ လော့ကစ်ချင်းနား၊ ဒေါက်ဂလပ်ဟေ့တို့ဝတ်ခဲ့သည့် ဦးထုပ်များ

* အော်တိုစကော်ဇေနီတို့ တီထွင်ခဲ့ခြင်းဖြစ်ပြီး စာရေးသူ ဘာသာပြန် 'အထူး ကွန်မန်ဒိုစာအုပ်'တွင် ဖော်ပြထားပါသည်။



တ်စုံများလည်းတွေ့ခဲ့ရပါသေးသည်။

ယနေ့သံရုံးမှာ နေ့တွက်ထုတ်ရပြီး သံရုံးတွင်ပင် နေ့လယ်စာ စားခဲ့ပါ သည်။

၁-၃-၅၂

ယနေ့ တိရစ္ဆာန်ရုံ သွားပြီး ကြည့်ပါသည်။ အထဲတွင် မြတ်စိုးညိမ်းနှင့် ကိုတင်ကြီးကို တွေ့ပါသည်။ တိရစ္ဆာန်ရုံထဲတွင် နေ့လယ်စာစားကြပြီး လျှောက် ကြည့်ခဲ့ကြပါသည်။

၃-၃-၅၂

ယနေ့ ဝူးဝပ်ဆိုင်ကြီး (Woolworth) သွားပြီး လိုအပ်သောပစ္စည်း များဝယ်ခဲ့ပါသည်။ ဝူးဝပ်မှာ တကယ့်ကုမ္ပဏီကြီးဖြစ်ပြီး အင်္ဂလန်မြို့ကြီး တိုင်းမှာရှိပါသည်။ လန်ဒန်မှာကို ရပ်ကွက်ကြီးတိုင်းမှာရှိပြီး အသေးဆုံး ကြယ်သီး၊ တိုင်ပင်ကအစ ခပ်ကြီးကြီး ဘူဒိုဇာစက်ကြီးများအထိ ဝယ်နိုင်ပါ သည်။ ဈေးလည်း သိပ်မများဘဲ ဝယ်ရခြမ်းရ အလွန်လွယ်ကူသောနေရာ ဖြစ်ပါသည်။ (ဝူးဝပ်ဆိုင်ကြီးများကို နောင်တွင် ကမ္ဘာအနှံ့အပြားမှာ တွေ့ခဲ့ရပါ သည်။ အနောက်ဘာလင်၊ အမေရိကန် စသည့်နေရာများတွင်လည်း ရှိပါ သည်။)

၅-၃-၅၂

ဆင်းဟတ်စ် အပတ်စဉ် ၁၁ ကိုတက်ကြမည့် ကိုသန်းဝင်းတို့လူစု သနေ့ပင် ဝါတာလူးဘူတာမှ ဆင်းဟတ်စ်ကို ထွက်သွားကြပါပြီ။ ကျွန်တော် တို့က ဝါတာလူးဘူတာရုံကို လိုက်ပြီးပို့လိုက်ကြပါသည်။

၇-၃-၅၂

ယနေ့ ကျွန်တော်တို့တစ်တွေ ဆင်းဟတ်စ်ကို ပြန်ကြသည့်နေ့ ဖြစ်ပါ သည်။ မနေ့ကတည်းကပဲ ဆံပင်ညှပ်ထားလိုက်ရပါ၏။ ကျွန်တော်တို့တစ်တွေ ဟာ ကျောင်းသားလတ်တွေ ဖြစ်နေကြပါပြီ။ ကျောင်းသားလတ်ဘဝ ကျောင်း သားငယ်တွေလောက် မပင်ပန်းတော့ပါ။ အထူးသဖြင့် ကျောင်းသားကြီးမှာထ ကျောင်းသားငယ်တွေကိုမဲနေ၍ ကျွန်တော်တို့တစ်တွေ သူတို့ကို သိပ်

www.burmeseclassic.com

www.burmeseclassic.com



စရာမလိုတော့ပါ။ ကျွန်တော်တို့တစ်တွေ ကျောင်းသားငယ်ဘဝတွင် အ... ကျောင်းသားကြီးဖြစ်သူတွေက ကျောင်းသားလတ် ဖြစ်ပါ၏။ သို့သော် အငြ... မရှိအောင်တော့ ဂရုစိုက်နေရပါသည်။

၈-၃-၅...

ယနေ့ ကျောင်းသားလတ်ဘဝနှင့် ပထမဆုံး ဘီအာစီတန်းစီး... သည်။ ကျွန်တော်က ရှေ့တန်းမှာတန်းစီရပြီး ကျောင်းသားငယ်တွေကို ကျော... သားခေါင်းဆောင်တွေက နာမည်ဆွဲသည့်အထဲတွင် ဂေါ်ရာကျောင်းသား... တစ်ယောက် ပါသွားပါသည်။ ကျောင်းသားကြီးများက သူတို့လုပ်နိုင်သ... အာဏာရှိသည်ဆိုသည်ကို ပြလိုက်ခြင်းဖြစ်ပါသည်။ ထို့ပြင် ယခု အဆွဲခံရ... ကျောင်းသားကလည်း ကျောင်းသားငယ်ဘဝတွင် မကြာခဏ အဆွဲခံရလွန်... ၍ ကျွန်တော်နှင့် ကိုကြည်အေးက 'ပွကြီး'ဟုနာမည်ပေးထားသော တာ... ဆိုသူဖြစ်ပါသည်။ အဝတ်အစားက အလွန်ကပိုကရိုနိုင်သူ ဖြစ်ပါသည်။

ဆင်းဟတ်စ်ဝါဒကိုက ကျောင်းသားလတ်ဘဝတွင် ရပြီးသား အ... အနေကို ခိုင်မြဲအောင်လုပ်ရန်၊ ကိုယ့်ဘဝကိုယ် ဖွံ့ဖြိုးတိုးတက်အောင် လု... ဖြစ်ပါသည်။ (Consolidation and Development) ကျွန်တော်တို့တစ်... ကျောင်းသားငယ်များကို ဖိနပ်၊ ခါးပတ်များတိုက်နည်းပြကြရပါသည်။

၉-၃-၅...

ကိုသန်းဝင်းတို့ လူစုကို ဖိနပ်၊ ခါးပတ်တွေ တိုက်ပေးကြပါသည်။

၁၀-၃-၅...

ယနေ့ စစ်သမိုင်း စသင်ကြရပါသည်။ ကျောင်းသားလတ်ဘဝ... သင်္ချာဆရာနှင့်သိပ္ပံဆရာတွေက ကျောင်းသားငယ်ဘဝက ဆရာများပင် ဖြစ်... သည်။ ဆရာနှစ်ယောက်စလုံးက လူတော်လူဖြောင့်များဖြစ်၍ ဝမ်းသာနေရ... သည်။ ကျောင်းသားလတ်ဘဝတွင် ခေတ်သစ်ဘာသာရပ် မသင်ရတော့... စီးပွားရေးဘာသာယူရပါသည်။ ကျွန်တော် ကျောင်းသားငယ်ဘဝတွင် ခေ... သစ်ဘာသာရပ်ဆရာက ကျွန်တော့်အတွက်ရေးထားသည့် အစီရင်ခံစာကို စီးပွား... ရေးဆရာကပြ၍ ဖတ်ကြည့်ရပါသည်။ စာအရေးအသား တော်သော်လည်... ခေါင်းမာသည်တဲ့။



၁၂-၃-၅၂

ယနေ့ သိပ္ပံစာအုပ်များ ထုတ်ကြရပါသည်။ ဆရာက ကျွန်တော်တို့ကို ...ကောင်းကောင်းမှတ်မိပါသည်။ ယနေ့ စီးပွားရေးအချိန်တွင် ကိုယ်ပိုင် စာကြည့် ...ခိုင်းရပါသည်။ ကိုစော (ဗိုလ်မှူးကြီး စောလွင်၊ လန်ဒန်တွင် စစ်သံအဖြစ် ...တာဝန်ထမ်းဆောင်ရင်း ကွယ်လွန်သွားရှာပြီ)ထံမှ စာရပါသည်။ သောင်းလေး ...ထားသော ငါးပိကြော် သူ့ဆီရောက်နေပြီဖြစ်သည့်အကြောင်း လူကြုံနှင့် ...ပေးမည်ဟုရေးထားပါသည်။ ကိုသန်းဝင်း သေနတ်ဆေးတင်သည်ကို ကူလုပ် ...ပေးခဲ့ပါသည်။

၁၃-၃-၅၂

ယနေ့ မက်စ်နိုက်တွင် ပထမဆုံးအကြိမ် ဘုရင်မကို ကျန်းမာစေ ...ကြောင်း ဆုတောင်းပြီး အရက်၊ ဖျော်ရည်သောက်ကြရပါသည်။ ကျွန်တော်တို့ ...ပွဲတွင် တပ်ခွဲမှူး ဗိုလ်မှူးဒွန်းနှင့် တပ်စုမှူးဂိတ်စကဲလာပြီး ညစာစားကြပါ ...သည်။ စားသောက်ခန်းမကြီးအကြောင်း အနည်းငယ်တင်ပြပါမည်။ စား ...သောက်ခန်းမကြီးမှာ လူ ၁၀၀၀ ကျော်ခန့် ဆံ့မည်ထင်ပါသည်။ အလယ်က ...တိုင်များမပါဘဲ ဆောက်လုပ်ထားခြင်းဖြစ်၏။ ကောလိပ်သစ်နှင့် အောင်ပွဲ ...ကောလိပ်မှကျောင်းသားများ အတူစုစားကြသောနေရာဖြစ်၏။ နေ့စဉ်ပင် ...ဆရာများတပ်စု၊ တပ်ခွဲမှူးများက အလှည့်ကျလာပြီးစားကြ၏။ သူတို့အရာရှိ ...သော သီးသန့်ရှိပြီး ကျန်အရာရှိဆရာများက အရာရှိရိပ်သာတွင်ပင် စားကြ ...ပါသည်။ ကောလိပ်ဟောင်းက သူ့ထမင်းစားခန်းနှင့်သူ သီးသန့်ရှိပါသည်။ ...ကျောင်းသားတွေထဲမှ အဖျော်ယမကာတာဝန်ကျ ကျောင်းသားလတ်များက ...တပ်စုအလိုက် ညစာစားရင်း သောက်စားကြမည့် ယမကာစာရင်း ယူထားကြရ ...ပြီး ညတွင် သူ့စာရင်းအတိုင်း ဗိုလ်လောင်းများထိုင်သည့်နေရာများတွင် လိုက် ...ပေးရ၏။ ကျောင်းသားလတ်၊ ကျောင်းသားကြီးများက ဘီယာပေးအေးလ် (Pale ale)တို့သောက်နိုင်ပြီး ကျောင်းသားငယ်များကတော့ ဆိုင်ဒါ (ပန်းသီး ...ဖျော်ရည်)နှင့် တခြားဖျော်ရည်တွေပဲ သောက်ခွင့်ရှိပါသည်။ မက်စ်နိုက်ရှိသည့် ...နေ့များတွင် ဘင်ခရာစစ်တီးဝိုင်းအဖွဲ့က သီချင်းနှင့် တီးမှုတ်ဖျော်ဖြေသည်။ ...စားသောက်နေကြစဉ်တွင် သူတို့ယဉ်ကျေးမှုနှင့် ကျွန်တော်တို့နှင့် ကွာခြားချက် ...တစ်ခုရှိပါသည်။ ကျွန်တော်တို့သည် ငယ်စဉ်ကတည်းက ထမင်းစားစဉ် စကား ...ပြောသည်ကို လူကြီးများကအားမပေးပါ။ 'စားမှာ ပြီးအောင်စားစမ်း၊ စားပြီးမှ...

www.burmeseclassic.com

www.burmeseclassic.com



ပြော'ဆိုပြီး ပြောဆိုဆုံးမလေ့ရှိပါသည်။ အထူးသဖြင့် ထမင်းပလုတ်ပ
နှင့် စကားပြောသည်ကို ခွင့်မပြုခဲ့ပါ။ ဤနိုင်ငံတွင် စားတုန်းသောက်တုန်း
များများစကားပြောနိုင်ရ၏။ ပြက်လုံးထုတ်နိုင်ရ၏။ သို့မှလူရာဝင်သည်
အပေါင်းအသင်းကောင်းသည်ဟု ယူဆကြလေသည်။ ထို့ပြင် ညစာစားပွဲသည်
လည်း တစ်ပတ်တစ်ခါလောက်ရှိနေသဖြင့် ယင်းလိုညများတွင် တော်
မိုးချုပ်မှ စားသောက်ပြီးကြ၏။ ပြီးလျှင်ပြီးချင်းဆိုသလိုပင် ကျောင်းသာ
ခေါင်းဆောင်များက ဖိနပ်၊ ခါးပတ်များစစ်ဆေးတတ်၍ ကျွန်တော်တို့ ကျော
သားငယ်ဘဝတွင် စားရသောက်ရသည်ပင်မဖြောင့်ပါ။ အခန်းသာ ပြန်
ပြန်ပြီး သူတို့ မစစ်ခင်လေးတွင် ဖိနပ်တိုက်လိုက်ချင်သည့်စိတ်ကများနေ
စားရတာကလည်း စွပ်ပြုတ်၊ ငါး၊ အသား တစ်မျိုးစီ တစ်ခါစီ စားရခြင်း
၏။ အချိန်အလွန်ကြာပါသည်။ ထို့ပြင် စားပွဲက လူကြီးထပြန်မှ ပြန်ကြရသည်
ဖြစ်၍ ကျောင်းသားငယ်ဘဝတွင် ညစာစားပွဲများမှာ တကယ့်စိတ်ညစ်စရာ
ဖြစ်နေ၏။ ကျောင်းသားလတ်ဘဝတွင် တော်လာပြီး ကျောင်းသားကြီးဘဝ
တော့ ဘာမှအပူအပင်မရှိတော့၍ ထိုအချိန်ကျမှ ညစာစားပွဲည၏အရသာ
ခံစားနိုင်ပါတော့သည်။ ဘီယာလေးစုပ်ရင်း စကားပြောလား၊ ရယ်လားမော
လုပ်နိုင်ကြပါသည်။ ထမင်းစားစဉ်တွင် စားပွဲထိုးသော လူများကတော့ ကျွ
တော်တို့ ဖိနပ်၊ ခါးပတ်အကြမ်းများတိုက်ပေးသော အစေခံဆိုသူများ
ဖြစ်ပါသည်။

ယနေ့ည ညစာစားပွဲအပြီးတွင် တပ်စုမှူး ဂိတ်စကဲက တပ်စု ကျောင်း
သားကြီး၊ လတ်၊ ငယ် အားလုံးစုပြီး ဆုံးမစကားပြောပါသည်။ အချက်
ချက်ပြောပြီး ပထမအချက်က သစ္စာရှိကြရန်ဖြစ်၍ ဒုတိယအချက်မှာ
ကစား မှန်မှန်ကစားကြရန် အထူးသဖြင့် ကောလိပ်၊ စစ်တက္ကသိုလ်ကို ကိုယ်
စားပြုကြရန်နှင့် တတိယအချက်မှာ တပ်စုပြင်ပ စခန်းချလေ့ကျင့်ခန်း (
Camp) အတွက် ခုနေကတည်းက ပြင်ဆင်ထားကြရန်နှင့် နောက်ဆုံးအချက်
ကျောင်းသားဘဝကတည်းက ကြွေးမတင်အောင် နေကြရန်ဖြစ်ပါသည်။

၁၄-၃-၅

အလွန်ပင်ပန်းသည့် စစ်ရေးပြတစ်ချိန်နှင့် ကြံ့ခိုင်ရေး နှစ်ချိန် ဆ
တိုက်လုပ်ကြရ၏။ ကျွန်တော် ကျောင်းရောက်စကထက် ကိုယ်အလေးချိ
၅ ပေါင်တိုးလာပါသည်။ အားကစားရုံတွင် မှန်မှန် ကိုယ်အလေးချိန် ချိ



သည့်ကြရ၏။ ဘီလပ်တွင် အာလူးကို ထမင်းအစား စားနေကြရ၍ အာလူး၊
ပေါင်မုန့်၊ နွားနို့က လူကိုအလွန်ဝစေပါသည်။ အင်္ဂလန်ရောက်ပြီး ၆ လ
လောက်မှာပင် လူတိုင်းလိုလိုပင် သိသိသာသာ ဝဖောလာကြပါ၏။ စစ်သင်
တန်းတက်ရသည့်သူများကတော့ ပင်ပင်ပန်းပန်းလည်း လုပ်ကိုင်နေကြရ၍
အလွန်ပင် ကျန်းမာလာကြပါသည်။

၁၅-၃-၅၂

ပထမအချိန်တွင် အချက်ပြဆက်သွယ်ရေးစက်တွေနှင့် အပြောအဆို
လေ့ကျင့်ရပါသည်။ ထို့နောက် စစ်ရေးပြတစ်ချိန်လုပ်ပြီး ခြေလျင်တင့်ကား
ပေါင်းစစ်ဆင်ရေး သရုပ်ပြ ကြည့်ကြရသည်။

၁၇-၃-၅၂

ယနေ့ သင်္ချာအချိန်နည်းနည်း နောက်ကျသွား၏။ ကျွန်တော်တို့
တန်းက ဗိုလ်လောင်းတစ်ဝက်နီးနီး နောက်ကျခြင်းဖြစ်ပါသည်။ စစ်
တက္ကသိုလ်တွင် နောက်ကျလျှင် တစ်မိနစ် နှစ်မိနစ်ကအစ အပြစ်ကြီးပါသည်။
အကြောင်း နောက်ကျရသည်ကို ဒိုင်ယာရီတွင် ရေးမထားမိပါ။ တစ်ခါတစ်ရံ
ခင်ကြားနေကျအခန်းတွင်မဟုတ်ဘဲ အခန်းပြောင်းထားပါက အခန်းရှာနေရ၍
နောက်ကျခြင်းများ ရှိတတ်ပါသည်။ တစ်ခါတစ်ရံတွင် အချိန်တစ်ခုနှင့်တစ်ခု
အဝတ်လဲပြီးမှသွားရ၍လည်း နောက်ကျတတ်ပါသည်။ ဥပမာ ယုံကြည်မှုနေရာ
ပြီး စာသင်တန်းတက်ရသည့်အခါ ယုံကြည်မှုနေရာအတွက် ဝတ်ထားသော
အဝတ်များချွတ်ပြီး စာသင်ခန်းအတွက် သက္ကလတ်ဝတ်စုံများ လဲနေရသဖြင့်
လည်း နောက်ကျတတ်ပါသည်။ ယုံကြည်မှုနေရာမှ အခန်းပြန် အဝတ်လဲပြီးမှ
ခြားနေရာတွင်ရှိသော သင်တန်းသို့သွားရပါသည်။ များသောအားဖြင့် စာသင်
ခန်းများကို စက်ဘီးနှင့် တက်ကြရပါသည်။)

သင်္ချာဆရာက နောက်ကျသည့် ကျောင်းသားတွေများနေသဖြင့်
အမည်များကိုမှတ်ထားပြီး သက်ဆိုင်ရာတပ်ခွဲမှူးများကို သတင်းမပို့ဟု ပြောပါ
သည်။

၁၈-၃-၅၂

ကြံ့ခိုင်ရေးအချိန်တွင် မြင်းခုန်ကို အကြိမ်ကြိမ်ခုန်ကြရ၏။ နေ့လယ်

www.burmeseclassic.com

www.burmeseclassic.com



တွင် စက်ပစ်ကွင်းသွား၍ ခြောက်လုံးပြူးပစ်ကြရပါသည်။

၁၉-၃-၄၅

မနက်ပိုင်း နှစ်ချိန်သာ သင်တန်းတက်ရ၏။ နောက်နှစ်ချိန် ကိုယ်ပိုင်စာကြည့်ချိန် ဖြစ်ပါသည်။ ကိုယ်ပိုင်စာကြည့်ချိန်တွင် ရိုင်ဖယ်စစ် ကြော်ငြာသင်ပုန်းတွင် ရေးထားသည်ကို မသိလိုက်၍ ဘာမှလုပ်မထားမိ ကျွန်တော့်အစေခံ ဂျက် (ကျောင်းသားလတ်ဘဝတွင်ရသော အစေခံ)က ပြော မှသိရှိပြီး ကပျာကယာ ရိုင်ဖယ်ကိုတိုက်ရ၏။ ပြီးလျှင်ပြီးချင်းပင် တပ်ရင်း ဗိုလ်မှူးဂိတ်စကဲ အခန်းထဲကို ရောက်လာပါတော့သည်။ ဂျေယူအိုလည်း ပါလာ ၏။ ဂျက် ကျေးဇူးပါပဲ။ တပ်စုမှူးကိုယ်တိုင်စစ်သည်ကို မသိလိုက်၍ ဘာမှ လုပ်မထားမိလျှင် တကယ့်အပြစ်ဖြစ်မည်။ စစ်တက္ကသိုလ်တွင် ကြော်ငြာ သင်ပုန်းကို တစ်နေ့သုံးကြိမ် အနည်းဆုံးသွားကြည့်ကြရပါသည်။ ကြော်ငြာ သင်ပုန်းထားသည်မှာ ညစာမစားခင် တန်းစီရသည့် တပ်ခွဲဧည့်ခန်း (Ante Room) ရှေ့တွင်ဖြစ်ပါသည်။ ယခုကဲ့သို့ ကြော်ငြာသင်ပုန်းကို မကြည့်မိသည့် အခါ လစ်ဟင်းမှုများ ဖြစ်ပါတော့သည်။

၂၀-၃-၄၅

စစ်သမိုင်းအချိန်တွင် ရှေးခေတ်က သုံးခဲ့သည့် မတ်စ်ကက်သေနတ် ပစ္စတိုသေနတ်၊ ရင်ကာ သံချပ်အင်္ကျီ (Breast Plate) များကို ကြည့်ရှုလေ့လာ ကြရပါသည်။ ညနေတွင် အော်ဒါဂျူသွား၍ ဘောလုံးကန်ကြရပါသေးသည်။

၂၁-၃-၄၅

ယနေ့ စစ်ရေးပြအချိန်တွင် သေနတ်လွယ်ကြိုး ညစ်ပတ်၍ နာမည် ရှုံးခဲ့၏။ ညနေတွင် အက်စ်ယူအိုက မနက်စောစောနှိုးဖို့ (early call) အ အပြစ်ပေးပါသည်။ အခြား သေနတ်လွယ်ကြိုး ညစ်ပတ်သည့် ဂေါ်ရာလေးများ အား အက်စ်ယူအိုက စစ်ရေးပြ (အချိန်ပိုစစ်ရေးပြ)တစ်ချိန်စီ အပြစ်ပေးလိုက် ပါသည်။

၂၂-၃-၄၅

စစ်တက္ကသိုလ် စစ်ရေးပြ။



၂၃-၃-၄၅

နံနက်စာစားပြီး ကိုလေးမောင်အခန်း သွားပါသည်။ နေ့လယ်စာရော နေ့လယ် လက်ဖက်ရည်ပါ ကောလိပ်ဟောင်း အက်ဖ်ဂျီအက်စ်မှာပင် စား သောက်လိုက်ကြပါသည်။ ကိုလေးမောင်အခန်းမှာပင် မယ်ဒလင်တီး စစ်တုရင် ထိုးပြီးမှ မိုးရွာစဉ်ပင် ကိုယ့်အခန်းကိုယ်ပြန်ခဲ့ပါသည်။

၂၄-၃-၄၅

ယနေ့ ရိုင်းနေ့ (Rhine Day) ဖြစ်သည်။ ဒုတိယကမ္ဘာစစ်တွင် မောင်ဂိုမာရီတပ်များ ရိုင်းမြစ်ကို ဖြတ်ကူးသည့် နှစ်ပတ်လည်နေ့ ဖြစ်ပါသည်။ ရိုင်းတပ်ခွဲတစ်ခုလုံး စစ်တက္ကသိုလ်အနီးမှ ဆုတောင်းပြည့်ချောင်းကို ဖြတ်ကူးပြီး ရိုင်းနေ့ကို ကျင်းပကြ၏။ ဖြတ်ကူးသည့်နေရာမှာ ဗိတိုရိယဘုရင်မကြီး ကျောက် ရုပ်အနီးတွင်ဖြစ်ပါသည်။ ဒယ်ရာဒွန်း ကိုမြသင်းကြီးဆီမှ စာရပါသည်။

၂၅-၃-၄၅

ကိုကြည်အေးနှင့်အတူ အပိုကြံ့ခိုင်ရေး လုပ်နေကြရ၏။ မြင်းခုန် လွှတ်အောင် မခုန်နိုင်သောကြောင့်ဖြစ်၏။

၂၇-၃-၄၅

ယနေ့ ကျွန်တော်တို့တပ်ခွဲမှ ကျောင်းသားငယ်များ အပြေးပြိုင်ရ သည့်နေ့ ဖြစ်၏။ ဆုတောင်းပြည့် ချောင်းကမ်းပါးမှ သွားပြီးအားပေးကြရပါ သည်။ သူတို့ကို အားပေးရင်း ကျွန်တော်တို့ ပြေးစဉ်က အသေအလဲ ပြေးခဲ့ရ သည်ကို သွားပြီးတွေးနေမိပါသည်။ ချောင်းဖြတ်ကူးနေစဉ် ဓာတ်ပုံများ အဖျတ်ဖျတ်ရိုက်ယူကြ၏။ ကျွန်တော်တို့ ပြေးနေကြစဉ် နံဘေးမှ အားပေး နေကြသည်ကိုရော ဓာတ်ပုံရိုက်ကြသည်ကိုပါ ဘာမှကိုမသိလိုက်ပါ။ ကိုယ့်ဟာ ကိုယ် ပန်းတိုင်ရောက်ရန်သာ ရှေ့ကိုကြည့်ပြီး ပြေးခဲ့ရကြ၏။ ကျွန်တော်တို့ တပ်ခွဲ ကျောင်းသားငယ်များက အပြေးတွင် နံပါတ်ခြောက် လိုက်ပါသည်။ (တပ်ခွဲ ၁၂ ခွဲအနက် နံပါတ် ၆ ဖြစ်၍ ကျွန်တော်တို့တုန်းကလောက် စံချိန် ကောင်းပါ။ ကျွန်တော်တို့ ကျောင်းသားငယ်များက နံပါတ် ၂ လိုက်ခဲ့ပါ သည်။)

www.burmeseclassic.com

www.burmeseclassic.com



၂၈-၃-၅၂

မနေ့ညနေကစပြီး နှင်းတွေ ကျနေပါသည်။ ယနေ့လည်း ဆက် နှင်းကျဆဲဖြစ်၏။ အပြင်မှာ ဖြူဖွေးပြီး နှင်းထုမှာ တော်တော်ထူနေပြီ။ လေ လည်းတိုက်နေ၍ အလွန်ပင်ချမ်းအေးလှပါသည်။ ရောက်ကတည်းက အအေး ဆုံးတစ်နေ့ဟုထင်ပါ၏။ အချက်ပြတစ်ချိန်ပြီး အခန်းပြန်၊ ကပျာ ကသီ အဝတ်လဲ ကြံ့ခိုင်ရေးခန်းမကို အပြေးသွားကြရ၏။ အလွန်ပင်ပန်းသည့် အ တစ်ချိန် ဖြစ်ပါသည်။ ထို့နောက် အခန်းပြန် လက်နက်ငယ်သင်တန်းအတွက် အဝတ်ပြန်လဲပြီး လက်နက်ငယ်သင်တန်းကို အပြေးသွားကြရပြန်၏။ တစ်ခါ တစ်ရံ ယခုကဲ့သို့ တစ်နေ့တည်း အဝတ်သုံးလေးခါလဲ၍ သင်တန်းအမျိုးမျိုး တက်ကြရပါသည်။

၂၉-၃-၅၂

ယနေ့အထိ နှင်းများဆက်တိုက်ကျနေပါသည်။ မတ်လကုန်ခါနီး ယခုကဲ့သို့ နှင်းများဆက်တိုက်ကျနေသည်မှာ ဆောင်းတွင်း အလယ်နှင့် တူ ပါသည်။ ရာသီဥတုမှာ ခါတိုင်းလိုမဟုတ်ဘဲ ထူးခြားနေသည်ဟု ဂေါ ဗိုလ်လောင်းများက ပြောကြပါသည်။ လေအေးက ပို၍ဆိုးနေပါသည်။ ကိုအေး မောင်ကြီး သိပ္ပံအဆောင်ကိုသွားရာ လေတိုက်ပြီး နှင်းများသိပ်ကျနေ၍ စက်ဘီး မစီးနိုင်တော့သဖြင့် အောင်ပွဲကောလိပ်ရှေ့တွင် စက်ဘီးထောင်ထားခဲ့ပြီး ခြေလျင်ဆက်လျှောက်သွားသည်ကို တွေ့လိုက်ရပါသည်။ (ကောလိပ်ဟောင်း နှင့် သိပ္ပံဆောင်သွားရန် အောင်ပွဲကောလိပ်နှင့် ကျွန်တော်တို့ကောလိပ်သစ် ဖြတ်သွားရပါသည်။) ကျွန်တော်တို့က အချက်ပြအတွက် (Signal Wing)သို့ သွားရောက်လေ့ကျင့်ကြရပါသည်။

၃၀-၃-၅၂

နှင်းတွေထဲထွက်ပြီး ဆော့ကြပါသည်။ နှင်းတွေကိုဆုပ်၍ ဘောလုံး လုပ်ပြီး တစ်ယောက်နှင့်တစ်ယောက် ပေါက်ကစားကြ၏။ နှင်းများကို လူရုပ် လုပ်ပြီး ခင်မောင်တင့်က ဓာတ်ပုံများရိုက်ပါသည်။ တစ်မနက်လုံး နှင်းထဲမှာ ဆော့နေကြပါသည်။ ကားတွေလည်းရပ်နေ၍ ကူတွန်းပေးကြရသေး၏။ အီစတာ (Easter) ကျောင်းပိတ်ရက်အတွက် နေ့တွက်ခရီးစရိတ်ပုံစံများ ဖြည့်ပြီး သံရုံးသို့ ပို့ကြရ၏။



၃၁-၃-၅၂

သင်္ချာအဆောင်က အမိုးသိပ်မလုံသဖြင့် နှင်းများအောက်အထိ ကျနေ ယနေ့ ကောလိပ်တစ်ခုလုံးက ဗိုလ်လောင်းများ အပြင်ထွက်ပြီး နှင်းတွေကို ပြားနှင့် ရှင်းကြရပါသည်။ နှင်းရှင်းရင်းလည်း နှင်းဘောလုံးများလုပ်ပြီး ယောက်နှင့်တစ်ယောက် ပေါက်ကစားကြသေး၏။

၁-၄-၅၂

ယနေ့ စက်ပစ်ကွင်းတွင် စတင်းစက်သေနတ်ပစ် လေ့ကျင့်ကြရပါ သည်။ ကယ်လီဆိုသော သီဟိုဠ်မှ ဗိုလ်လောင်းနှင့် စကားပြောကြရာ သူ့ ဆရာမှာ အလွန်ကိုဗိုလ်ဆန်နေပြီး အင်္ဂလိပ်များကို အလွန်အထင်ကြီး သည်ကိုတွေ့ရပါသည်။ သူကစပြီး ကျွန်တော့်ကိုမေး၏။ 'မင်းတို့ စာရေးတဲ့ ခါ မြန်မာလိုရေးရတာဟာ အင်္ဂလိပ်လို ရေးရတာထက် ပိုပြီးမြန်မြန်ရေးနိုင် လား'တဲ့။ ကျွန်တော်က 'ဟ ရေးနိုင်တာပေါ့'လို့၊ ကိုယ့် အမျိုးသားစာကို မြန်မြန်ရေးနိုင်သားနိုင်တာ သဘာဝကျပါတယ်'လို့၊ 'မင်းတို့ရော ဒီလိုပဲမဟုတ် လား'ဟုပြန်မေးရာ သူက 'မဟုတ်ဘူး၊ အင်္ဂလိပ်လိုရေးရတာ ပိုမြန်တယ်' သည်တွင်မရပ်သေးပါ။ ကယ်လီက ဆက်၍ သီဟိုဠ်တွင် လူမျိုးစု မျိုးရှိကြောင်း၊ ဗြိတိသျှလူမျိုးက ဆင်းသက်လာသူများနှင့် တိုင်းရင်းသား မျိုးနှစ်မျိုးရှိကြောင်း၊ သူတို့အမျိုးက ဗြိတိသျှ အဆက်အနွယ်တွေဖြစ်ကြောင်း ပြသေး၏။ သူ့နာမည်ကသာ အင်္ဂလိပ်နာမည်ဖြစ်နေသော်လည်း အသားက ည်းကိုနေပါသည်။ အသားလတ်တောင်မဟုတ်ပါ။ သို့နှင့် ကျွန်တော်က င်းအဖေက ဗြိတိသျှလူမျိုးလား'ဟုမေးရာ 'မဟုတ်ပါဘူး'တဲ့။ 'ဟိုးရှေးက းဘေးတွေပြောတာပါ'တဲ့။ ဗိုလ်လောင်းကယ်လီမှာ သဘောလည်း တော် တော်ကောင်းပါသည်။ ပေါင်းလို့သင်းလို့လည်း ကောင်းပါသည်။ ကရစ်ကက် စားလည်း တော်တော်ကို တော်ပါသည်။ ဆင်းဟတ်စ်တွင် ကရစ်ကက်ကစား တော်ဆုံးသူတစ်ယောက် ဖြစ်ပါ၏။ ဆင်းဟတ်စ်က အောင်ပြီးကြသောအခါ နှင့်အမြောက် အရာရှိငယ်သင်တန်းတွင် ထပ်ပြီး သင်တန်းအတူ တက်ကြရ သေးသည်။

၄-၄-၅၂

ကိုခင်မောင်တင့် (တက္ကသိုလ် ဘုန်းနိုင်)၊ ကိုစောတို့ထံမှ စာ၍ သူတို့ထံ စာပြန်ရေးပါသည်။

www.burmeseclassic.com

www.burmeseclassic.com



၃-၄-

ယနေ့ သင်တန်းတွင် ရုပ်ရှင်ကြည့်ရပါသည်။ လေတပ်က စစ်ဆင်... မလုပ်မီ စီမံချက် လုပ်ပုံကိုင်ပုံများ ဖြစ်ပါသည်။ ခြေလျင်တပ်ကို မည်... ကူညီမည်ဆိုသည်ကို စီမံချက် ချသည်ကို ပြပါသည်။ အလွန် စိတ်ဝင်စား... ကောင်းပါသည်။ ယနေ့ ညစာစားပွဲညတွင် အမှတ် (၂) စကော့ဂါတ် (... Scots Guard) မှ နောက်ကျောလွယ် နဲ့၊ ပလွေ (Bag Pipes) ကြီးများ... သော တီးဝိုင်းက ဖျော်ဖြေပါသည်။ စကော့အမျိုးသားများဝတ်သည့် ဂါဝ... ဝတ်စုံများနှင့် အလွန် ကြည့်၍ ကောင်းပါသည်။ ညစာ မစားမီ ကျွန်တော်... ကောလိပ်သစ် စစ်ရေးပြကွင်းတွင် ချီတက်ရင်း တီးမှုတ်ပြကြ၍ အလွန်ခန့်ညား... လုပါသည်။ အချက်ပြသော တုတ်ရှည်ကြီး (ကျိုင်းခေါ်မလား) ကိုင်ထား... တီးဝိုင်း ခေါင်းဆောင်မှာလည်း အလွန်ပင် ခန့်ညားပါသည်။ ဦးထုပ်များ... အနက်ရောင်တွင် ညာဘက်ပခုံးပေါ်အထိ အစကိုချထား၏။ အဝတ်ထား... အနီအနက်ကွက်တုံးများနှင့် အစတစ်စကို ညာဘက်ပခုံးပေါ်တွင် တင်ထား...



နှင်းတောထဲဝယ်

ရှေ့တန်း ဝဲမှယာ ကိုတင်ကြီး (ယခုဗိုလ်မှူးကြီး တင်ကြီး၊ စစ်ပစ္စည်း ထယ်မှူး... ညွှန်ကြားရေးမှူး)၊ ကိုကြည်အေး၊ ကိုသန်းဝင်း (ဒုဗိုလ်မှူးကြီးသန်းဝင်း ဘီ... စာရေးသူ၊ ကိုလွင် (ခြံကြီးဟုခေါ်ကြသည်။ မြင်းခြံမှ ဖြစ်သည်။ ယခု အင်... နောက်တန်း ဝဲမှယာ- ကိုကိုကြီး (ကွယ်လွန်)၊ ကိုမြတ်စိုးညိမ်း (ဦးဆောင်ညွှန်... ရေးမှူး၊ စက်မှု ၁ ဝန်ကြီးဌာန)၊ ကိုခင်မောင်တင့်



သည်။ ညစာမစားကြမီ ကျောင်းအုပ်ကြီးက တီးဝိုင်းခေါင်းဆောင်အား အရက် တစ်ခွက်ပေးလိုက်ရာ သူတို့ ရှေးဂေါလ်လူမျိုးများ ပြောသည့်စကားနှင့် အော် တစ်ဆုတောင်းလိုက်ပြီးမှ အရက်ကို တစ်ချက်တည်း မော့ပြီး သောက်လိုက်ပါ သည်။ သူ့ဆုတောင်းကို အနားတွင်ရှိသော ဂေါရာဗိုလ်လောင်းက ဘာသာ ပြန်ပြီးပြောပြပါသည်။

၄-၄-၅၂

ထောက်ပံ့ရေးတပ် (RASC) သရုပ်ပြ ကြည့်ကြရပါသည်။ ကုန်း၊ ရေ နှစ်သွယ်သွားနိုင်သော (DUKW) ယာဉ်များအပြင် ဘတ်ဖဲလိုး (Buffalo) ယာဉ်များ စင်ကျူရီယန် တင့်ကားများပါ မောင်းပြပါသည်။ ကျွန်တော်နှင့် အခြားဗိုလ်လောင်းလေးဦး စင်ကျူရီယန်တင့်ကား တက်စီးကြပါသည်။ ပြပွဲ တစ်ခုကလည်း အလွန်စိတ်ဝင်စားဖို့ကောင်းပါသည်။ တပ်ကြပ်သုံးယောက်က မြင်းစီးရင်း ဓားနှင့်ထိုးခုတ်၊ ပစ္စတိုသေနတ်နှင့် လက်စွမ်းပြကြပါသည်။ ပစ်မှတ်မှာ သုံးလေးပေမြင့်သော နံရံပေါ်တွင်တင်ထားသည့် စီဖောင်းများ ဖြစ်ပါသည်။ စီဖောင်းအောလုံးများနှင့် မြေအောက်တွင်ချထားသော ဘောလုံး များကို တပ်ကြပ်များက မြင်းစီးရင်း ဓားနှင့် ပစ္စတိုနှင့် ထိုးကြပစ်ကြပါသည်။ မြင်းနှင့် တန်းခုန်ရင်းလုပ်ရခြင်းဖြစ်၍ တော်တော်ကြည့်၍ ကောင်းပါသည်။ တစ်ခါနှစ်ခါ ပစ္စတိုက လွဲသွားသေး၏။ သူတို့ ဤကဲ့သို့ လက်စွမ်းပြနေတုန်း စစ်တီးဝိုင်းကလည်း တီးမှုတ်ပေးနေပါသည်။

ပေါင်မုန့်ဖိုကို ယာဉ်နှင့်တင်သွားပြီး သွားလေရာတွင် ပေါင်မုန့် သတ်လတ်ဆတ်ဆတ်ရအောင်လုပ်သော (Mobile Bakery) ကိုပြပြီး ရိက္ခာ တွေ လေယာဉ်က ချပေးသည်ကိုလည်းပြပါသေးသည်။

၅-၄-၅၂

ယနေ့ ဆေးနှစ်မျိုး တစ်ခါတည်းထိုးရ၍ အတော် 'အီ'သွား၏။ နေ့လယ်တွင် ကိုလေးမောင်အခန်းသွားပြီး မယ်ဒလင်တီးကြပါသည်။

၆-၃-၅၂

နေ့လယ်တွင် စီးပွားရေး စာစီစာကုံး ရေးရ၏။ ကျောင်းပိတ်ရက်တွင် အပြာဝတ်စုံများ ယူသွားခွင့်ရအောင် လျှောက်လွှာတင်ခဲ့ရ၏။

www.burmeseclassic.com

www.burmeseclassic.com



၈-၄-

ယနေ့ တပ်ခွဲလိုက် အပြေးပြိုင်ပွဲကို အားပေးကြရ၏။ ယခုပွဲက အမှတ်ပေးသည့်ပွဲ မဟုတ်ပါ။ အပြေး ဝါသနာပါသူများ တပ်ခွဲလိုက် ပြိုင်ကြခြင်းဖြစ်၏။ ဘလင်ဟိန်းတပ်ခွဲက ပထမရပြီး ကျွန်တော်တို့ တပ်ခွဲ နောက်ပိတ်ဆုံးရပါ၏။

၉-၄-

စီးပွားရေး စာစီစာကုံး ပြန်ရသည်။ 'အေ'ရသည့်အပြင် အလွန် ကောင်းကြောင်း ဆရာက မှတ်ချက်ရေးထားပါသေးသည်။ ကျောင်းသား ဘဝက ခေတ်သစ်ဘာသာရပ်ဆရာက မကောင်းရေးထား၍ စီးပွားရေးဆရာ များ မျက်နှာမလား စိုးရိမ်နေရရာ ယခု ဆရာနှင့်အဆင်ပြေနေပါပြီ။

၁၀-၄-

အီစတာကျောင်းပိတ်ရက်စပါပြီ။ ကျွန်တော့် အဝတ်သေတ္တာ ဂျက်က စတိုခန်းထဲမှ ထုတ်ပေးမထား၍ ညနေအထိစောင့်နေရပါသည်။ ညနေ ၅ နာရီမှ သေတ္တာရတော့၏။ အပြင် ရောက်လာသောအခါ ဂျူတ်အော ယောက် (Duke of York) ဟိုတယ်ရှေ့တွင် ကိုကြည်အေးနှင့် ကိုခင်မောင်တင် ကျွန်တော့်ကို စောင့်နေကြသည်ကို တွေ့ရပါသည်။ (ရထားနှင့် အသွားအပြန် တစ်ယောက်ကို ၇ သျှီလင် ၆ ပဲနိ) ဘားမားစင်တာတွင် နေရာမရတော့၍ တခြားတည်းခိုခန်းတွင် အခန်းကြီးတစ်ခန်း၌ အတူနေကြရပါသည်။ တည်း ခိုခန်းများက နံနက်စာကျွေးပြီး အိပ်ရာအခန်းပေးသည်။ (Bed and Break- fast) တစ်ယောက်ကို ၇ သျှီလင် ၆ ပဲနိကျပါသည်။ အဆင့်အတန်း အသင့် အတင့်နှင့် ရပ်ကွက်ကလည်း အားစ်ကုတ်မှာပင်ဖြစ်၍ ဤနှုန်းနှင့်ရခြင်းဖြစ်၏။ အခြားနေရာများမှာ အလွန်ဈေးကြီးပါသည်။ ယခု တည်းခိုခန်းမှာ အမှတ် (၆)အားစ်ကုတ် စကွဲယားတွင်ဖြစ်ပါ၏။

၁၂-၄-

နေ့လယ်စာနှင့် ညစာကို ဂရင်မတ်စ်မှာ သွားစားကြပါသည်။



၁၄-၄-၅၂

နေ့လယ်စာ ဂရင်မတ်စ်မှာပဲ စားကြပြီး စစ်တက္ကသိုလ်ကို ပြန်ကြပါ သည်။ ကိုကြည်အေး၊ ကိုအေးကျော်၊ ကိုခင်မောင်တင့်တို့နှင့် အတူတူပင် ရထားနှင့် ပြန်ခဲ့ကြခြင်းဖြစ်ပါသည်။

၁၅-၄-၅၂

နံနက် ပထမအချိန်မှာ စစ်ရေးပြ ဖြစ်၏။ ထုံးစံအတိုင်း ခွင့်ပြန်လာ သော ဗိုလ်လောင်းများကို ခွင့်ကိုမေ့သွားအောင် မောင်းပစ်လိုက်ခြင်းဖြစ်၏။ ဆော်မ် တပ်ခွဲကို ကောလိပ်ကျောင်းအုပ်ကြီး ကိုယ်တိုင်စစ်ပြီး တပ်ခွဲတစ်ခွဲလုံး သဘောမကျ၍ အပိုစစ်ရေးပြ မောင်းခံရပါသည်။

၁၇-၄-၅၂

ယနေ့နေ့လယ် ရိုင်ဖယ်များ ဘယ်ညာအထက်အောက် မဆွဲအောင် ပြိုင်ကြရ၏။ ပထမ စက်ပစ်ကွင်းမှာ ပစ်ကြည့်ကြပြီးမှ ပြင်ကြရခြင်း ဖြစ်ပါသည်။ (Zero) လုပ်သည်ဟု ခေါ်ပါသည်။

၁၈-၄-၅၂

တစ်မနက်လုံး ဘုရင့်လေတပ် (RAF)အကြောင်း ရုပ်ရှင်များ ကြည့် ကြရပါသည်။ ကြည်းလေ ပူးပေါင်း စစ်ဆင်ရေးအကြောင်းနှင့် ဒုတိယကမ္ဘာ စစ်အတွင်းက မောင်ဂိုမာရီ၏တပ်များ ရိုင်းမြစ်ကြီး ဖြတ်ကူးသည်ကို ရိုက်ကူး ထားသော ရုပ်ရှင်ဖြစ်၏။ ရိုင်းမြစ်ဖြတ်ကြရသည်ကို စစ်ဆင်ရေး 'ဗာစတီ'ဟု ခေါ်ပါသည်။ (Operation Varsity) မဟာဗျူဟာစီမံချက်မှာ မြစ်ကြီး မဖြတ် ကူးခင်တွင် ရန်သူ ဂျာမန်များ၏ စက်မှုလက်မှုလုပ်ငန်းများနှင့် ထောက်ပံ့ရေး လုပ်ငန်းများကို ဖျက်ဆီးပစ်ရန်ဖြစ်လေသည်။ ပထမဦးစားပေးပစ်မှတ်မှာ သံမဏိ စက်ရုံကြီးများဖြစ်ပါသည်။ သည်အချက်တွင် ပထမကမ္ဘာစစ်ပွဲနှင့် ဒုတိယကမ္ဘာ စစ်ပွဲတို့၏ခြားနားချက်ကို သေသေချာချာပြောပြပါသည်။ ပထမကမ္ဘာစစ်တွင် စစ်မြေပြင်မှာရှိသော ရန်သူတပ်ချေမှုန်းရေးမှာ တစ်ခုတည်းသော ရည်မှန်းချက် ဖြစ်၏။ ဒုတိယကမ္ဘာစစ်တွင်မူ ရန်သူ နောက်ပိုင်းတွင်ရှိသော စက်ရုံကြီးများ၊ အလုပ်ရုံကြီးများကို ပထမ ဗုံးကြဲဖျက်ဆီးပစ်လေသည်။ စက်မှုလက်မှု လုပ်ငန်း များ ပြိုကွဲပျက်စီးကုန်လျှင် အရင်းလဲ အဖျားထင်းဖြစ်တော့သည်။ စစ်မြေပြင်မှ

www.burmeseclassic.com

www.burmeseclassic.com



တပ်များ ချေမှုန်းရသည်မှာ ပို၍လွယ်ကူ၏။ နည်းဗျူဟာ စီမံချက်မှာ အောက်ပါများကို ရအောင်လုပ်ရန်ဖြစ်ပါသည်။

၁။ လေကြောင်းစိုးမိုးမှု

၂။ စစ်မြေပြင်မှာရှိသော ရန်သူတပ်ကို နောက်ပိုင်းနှင့် အဆက်ဖြတ်ရန်

၃။ စစ်မြေပြင်တွင်တိုက်နေသော မိမိတပ်များကို လေကြောင်းမှ အနီးကပ်ကူပေးရန် ဖြစ်ပါသည်။

အလွန်ကြည့်ကောင်းပြီး ဗဟုသုတဖြစ်သော ရုပ်ရှင်များဖြစ်၏။

နေ့လယ်တွင် ယုံကြည်မှုနေရာသွားလုပ်ကြရသေး၏။ စစ်တက္ကသိုလ်ကို အလည်ရောက်နေသော ဘယ်လ်ဂျီယန်မှ ဗိုလ်လောင်းများက သေမင်းလျှော (Death Slide) စီးကြည့်ကြ၏။

ညနေတွင် ဝါးလုံးထောက်ခုန် လေ့ကျင့်ကြည့်ပါသည်။ တော်တော် ပြန်ခုန်နိုင်သည်ကို တွေ့ရပါသည်။

၁၉-၄-၅၂

စစ်တက္ကသိုလ်စစ်ရေးပြ။

၂၀-၄-၅၂

ယနေ့ နံနက်နှစ်နာရီကစပြီး နွေရာသီစံတော်ချိန်ကို ပြောင်းကြရသည်။ တစ်နာရီ ရှေ့ကိုရွှေ့ရခြင်းဖြစ်၏။ အလင်းရောင် ပိုရလာသည်နှင့်ကိုက်အောင် အချိန်ပြောင်းရခြင်း ဖြစ်ပါသည်။ အင်္ဂလန်တစ်ကျွန်းလုံး ယခုကဲ့သို့ စံတော်ချိန် ပြောင်းကြရခြင်းဖြစ်ပါ၏။

ယနေ့နံနက်စာကို အင်္ဂလိပ်အင်္ကျီမှာပင် စားကြပါသည်။ တကယ်စားလို့ကောင်းပါသည်။ နေ့လယ်တွင် ဝါးလုံးထောက်ခုန် ထပ်ပြီးလေ့ကျင့်ပါသည်။ ဝါးလုံးထောက်ခုန်သင်သောဆရာမှာ ကျွန်တော်တို့ နပိုလီယံ(သိပ္ပံဆရာ) ဖြစ်၏။ ကျွန်တော့်အတွက် တကယ်ပညာရပါသည်။ ကျွန်တော် မြန်မာပြည်တွင် ခုန်ခဲ့သည်မှာ ဝါးလုံးကိုင် စနစ်မကျပါ။ ဝါးလုံးအဖျားမှာ အောက်ထိုးစိုက်နေ၍ ဝါးလုံးကိုင်ရသည်ကိုက အားတော်တော်ကုန်နေပါသည်။ ယခု သင်ရသော ဝါး (သတ္တုဝါးလုံး)ကိုင်နည်းမှာ ညာလက်နှင့် ဝါးလုံးကို အောက်လက်တဆုံးဖိကိုင်ပြီး ဝါးလုံးအဖျားကို ထောင်ထားရသဖြင့် ကိုင်ရသည်မှာ သိပ်မပင်ပန်းလှပါ။ ဝါးလုံးရှည်ရှည် ကိုင်နိုင်သည်နှင့်အမျှ မြင့်မြင့်ခုန်နိုင်

ရသည်။ ထို့ပြင် ၉ ပေအမြင့်ကို ၉ လှမ်းပဲ အရှိန်ယူပြီးလွှတ်အောင် ခုန်ရခြင်းဖြစ်ပါသည်။ သင်ပြပုံ စနစ်ကျ၍ တော်တော်တိုးတက်မှုရှိပါသည်။ စစ်တက္ကသိုလ်တွင် ဝါးလုံးထောက်ခုန်နိုင်သူ တော်တော်ကို နည်းပါသည်။ ဂါရာနစ်ယောက်၊ သီဟိုဠ်တစ်ယောက်၊ မလေးတစ်ယောက်နှင့် ကျွန်တော် အားလုံး ၅ ယောက်ပဲရှိပါသည်။

၂၁-၄-၅၂

နေ့လယ်တွင် မိုးရွာ၍ တော်တော်အေးလာပါသည်။ နေ့လယ်တွင် ကျောင်းသားကြီးများ သေနတ်ပစ်ပြိုင်ရာတွင် အလာမိန်းတပ်ခွဲက ပထမ၊ ကျွန်တော်တို့ တပ်ခွဲက တတိယရပါသည်။ ညစာစားပွဲတွင် အလာမိန်းတပ်ခွဲက သေနတ်ပစ်ဒိုင်းကြီးနှင့် တပ်ခွဲက အမှတ်အများဆုံးကျောင်းသားကြီးကို အခြားဗိုလ်လောင်းများက ပခုံးပေါ်ထမ်းပြီး ထမင်းစားခန်းထဲ လျှောက်ပတ်ကြ၏။ ကျန်ဗိုလ်လောင်းများက ပေါင်မုန့်လုံးလေးတွေနှင့် ဝိုင်းပေါက်ကြတော့၏။

ညနေတွင် ဝါးလုံးထောက်ခုန် လေ့ကျင့်ပါသည်။ တော်တော် တိုးတက်လာပါသည်။ ၉ ပေကျော် ခုန်နိုင်နေပါပြီ။

၂၂-၄-၅၂

ယနေ့လည်း မိုးရွာလိုက်၊ နေကျဲကျဲပူလိုက်နှင့် အေးနေဆဲ ဖြစ်၏။ နောက်ပိုင်း ၃ ချိန်ကို ပုံစံပြခန်း (Model Room) မှာပင် အချိန်ကုန်ခဲ့၏။ ပုံစံပြခန်းအကြောင်း အနည်းငယ် တင်ပြပါဦးမည်။ နည်းဗျူဟာ ပို့ချချိန်များကို စာသင်ခန်းတွင် မဟုတ်ဘဲ ပုံစံခန်းတွင် လာသင်ကြရသည်က များပါသည်။ ပုံစံပြခန်းတွင် လက်ချာမစမီ ဆရာများ (ဗိုလ်မှူးများ၊ ဗိုလ်ကြီးများ)က ပထမ သရုပ်ပြလေ့ရှိ၏။ အလွန်သရုပ်ပါပြီး ရယ်လည်းရယ်ကြရပါသည်။ ပုံစံကတော့ သင်ကြားရမည့် ဘာသာရပ် မြေအနေအထားကို ပုံစံစကားနှင့် တည်ဆောက်ထားပြီး ဗိုလ်လောင်းများထိုင်သည့် ခုံတန်းများက အဆင့်များနှင့် တစ်ခုထက်တစ်ခု မြင့်တက်သွားပါသည်။ ပုံစံနှင့် အနီးဆုံး ခုံများက အနိမ့်ဆုံး ဖြစ်ပါသည်။

နောက်နှစ်ချိန်မှာ အားကစားရုံထဲသွား၍ လေ့ကျင့်ကြရသည်။ တစ်နေ့လုံး အေးနေပါသည်။

www.burmeseclassic.com

www.burmeseclassic.com



၂၄-၄-[…]

ယနေ့ သောင်းလေးထံမှ စာနံပါတ် ၃၀ နှင့် သားသမီးလေး[…] ဓာတ်ပုံတွေပါရ၍ သိပ်ပျော်နေပါ၏။ ဂေါ်ရာဗိုလ်လောင်းတစ်ယော[…] (ပရိုင်ယာ Prior)၏ ဖိနပ်၊ ခါးပတ်နှင့် လုံ့ခွပ်အိတ်များမှာ လုံးဝမကောင်း[…] ကျွန်တော်က ကူပြီးလုပ်ပေးရန် ဂျေယူအိုကပြောပါသည်။ သူတို့ ကျောင်းသ[…] ငယ်များ စစ်ရေးပြပြိုင်ပွဲက နီးနေပါပြီ။ စစ်လက်နက်ပစ္စည်းတပ် သရုပ်[…] ကြည့်ကြရ၏။ စိတ်ဝင်စားစရာမရှိဘဲ ကျည်ဆန်အမျိုးမျိုးတွေ ကြည့်ကြရ[…] သာဖြစ်ပါသည်။

၂၅-၄-[…]

ယနေ့ ညစာစားပွဲတွင် တပ်စုအတွက် အဖျော်ယမကာ တာဝန်ယူ[…] စီစဉ်ရပါသည်။ နံနက်ကတည်းက ညတွင် ဘယ်သူ ဘာသောက်မည်ဆိုသ[…] ကို မေးထားပြီး စာရင်းကောက်ထားရ၏။ ဘာမှ ပြဿနာမရှိပါ။ မြေးခန်း[…] ပွဲတွေအတွက် လူရွေးပွဲတွေနီးလာ၍ ဝါးလုံးထောက်ခုန် လေ့ကျင့်ရ၏။ ထို[…] နောက် ပရိုင်ယာ၏ ခါးပတ်နှင့် လုံ့ခွပ်အိတ်ကို ကူညီပြီးတိုက်ပေးလိုက်[…] သည်။ တိုက်နည်းကိုပါ သူ့ကို သေသေချာချာပြရ၏။ ဖိနပ်တိုက်နည်း[…] ယခင်ကလည်း အနည်းငယ်တင်ပြခဲ့ဖူးပါသည်။ ယခင်က ရေးသည့်အထဲတွ[…] မပါသေးသော ဖိနပ်တိုက်နည်းတစ်ခုကို ရေးရဦးမည်။ ဖိနပ်တွင် ထိမိခိုက်မိ[…] 'ဒဏ်ရာရသွားလျှင်'လုပ်သောနည်းဖြစ်၏။ ဖိနပ်ကလည်း အလွန် ထိမိခိုက်[…] တတ်ပါသည်။ ဆင်းဟတ်စ်တွင် စစ်ရေးပြ လုပ်ရသည်မှာ ဖနောင့်ကိုဆောင့်ပြီး ပေါက်ချရသောနည်းဖြစ်၏။ သတိသက်သာ ခွဲရာတွင် ဘယ်၊ ညာ နောက် လှည့်ရာတွင် ဖနောင့်ကိုခွဲပြီး ဖြောင်းခနဲ အောက်ကိုဆောင့်ချရ၏။ ထို့ကြောင့် ဖနောင့်မှာ ကိုယ့်ဟာကိုယ်ပင် သံခွာနှင့်ထိခိုက်မိပြီး ပွန်းပဲ့သွားတတ်ပါသည်။ တစ်ခါတစ်ရံကျလျှင် ကိုယ့်ဖိနပ်ဦးကို သူများက အမှတ်တမဲ့ တက်နင်းမိတ[…] ပါသေး၏။ သေသေချာချာ ပြောင်နေအောင်တိုက်ထားသော အကောင်းဆုံး ဖိနပ်ကို ယခုကဲ့သို့ ထိခိုက်မိသည့်အခါဆိုလျှင် လူကို အရိုက်ခံလိုက်ရသည် ထက် အခံရခက်ပါသေးသည်။ ဤကဲ့သို့ ဖိနပ်ကို ထိမိခိုက်မိသည့်အခါ ဖိနပ်တွင် ဒဏ်ရာရသည့်နေရာကို ဖယောင်းတိုင်မီးနှင့် ပြလိုက်၊ ဆေးတင်ပြီး စိတ်ရှည်လက်ရှည်တိုက်လိုက် လုပ်ရပါသည်။ ထို့ကြောင့် ဖိနပ်တိုက်သည့် ပစ္စည်းများတွင် ဖယောင်းတိုင်နှင့် မီးခြစ်ကလည်း မရှိမဖြစ်ပစ္စည်းများထဲ[…]



[…]စ်၏။ တစ်ခါတစ်ရံ ဒဏ်ရာကြီးသွားလျှင် ဘယ်လိုမှ ဆေးကု၍ မရတော့ဘဲ […]နပ်အသစ် လဲလိုက်ရပါတော့သည်။

၂၈-၄-၅၂

ယနေ့ သင်္ချာစာမေးပွဲဖြေရ၏။ သိပ်အားမရလိုက်ပါ။ မနေ့က စာကြည့်တိုက်မှငှားခဲ့သော ဖရက်ဒရစ်နစ်ရှေးရေးသည့် (Thus Spake Zara[…]tra) ကိုဖတ်ပါသည်။ အလွန်ကောင်းသည့်စာအုပ် ဖြစ်ပါသည်။

၂၉-၄-၅၂

ပြင်ပတွင် သုံးကြိမ်သွား လေ့ကျင့်ကြရသည်။ ခံစစ်လေ့ကျင့်ခန်း […]၏။ နေ့လယ်တွင် အဝတ်ပြန်လဲပြီး ကျောင်းသားလတ်များချည်း ကောလိပ် […]ောင်းတွင် သွား၍ စစ်ရေးပြလေ့ကျင့်ကြရပါသည်။ ညနေတွင် ဝါးလုံး […]ောက်ခုန်လေ့ကျင့်ကြရ၏။ ယခုဆိုလျှင် ၉ ပေကို ၉ လှမ်းနှင့် ခုန်နိုင်နေပြီ။ […] ပေကျော်အထိခုန်နိုင်နေပြီ။ ဆရာကတော့ ၁၀ ပေကျော်ရမည်ဆိုပြီး […]တင်းတွန်းခိုင်းနေ၏။

၁-၅-၅၂

သိပ္ပံစာမေးပွဲ ကောင်းကောင်းဖြေနိုင်ပါသည်။ ယနေ့ မိုးရွာပြီး လျှပ်စီး […]ပါ တဝင်းဝင်းလက်နေ၏။ နေ့လယ်တွင် ကြံ့ခိုင်ရေးသင်တန်းတွင် လုံးဝ […]နားမပေးဘဲ ဆက်တိုက်ခိုင်းတော့၏။ အပြန်တွင် အဝတ်မြန်မြန်လဲပြီး […]င်တန်းခန်းမတွင် ရုပ်ရှင်ကြည့်ကြရ၏။

၂-၅-၅၂

ယနေ့ ကျောင်းသားခေါင်းဆောင်များ တော်တော်ခံလိုက်ကြရ၏။ […]စားပြီး ကင်ဘာလေကို လစ်ထွက်ကြရာ တပ်ရေးဗိုလ်မှူးနှင့်တွေ့၍ […]စ်တပ်ခွဲမှ အင်စ်ယူအိုနှင့် ဂျေယူအိုတစ်ယောက်၊ ကျွန်တော်တို့တပ်ခွဲမှာ […]ကျောင်းသားကြီးတစ်ယောက် အပြစ်ပေးခံကြရ၏။ ကျောင်းသားခေါင်းဆောင် […]းက ခေါင်းဆောင်ရာထူးပြုတ်ပြီး ကျောင်းသားကြီးကတော့ နှစ်ပတ် ကန့် […]တ်ချုပ်ချယ်ခြင်း (Restriction) ထိလေသည်။

www.burmeseclassic.com

www.burmeseclassic.com



၃-၅-၅

ဇနီးနှင့် သားသမီးများထံသို့ စာနှင့်ဓာတ်ပုံများ ပို့လိုက်ပါသည်။ ဂေါ်ရာကျောင်းသားယော်များ အတိုက်အချွတ်လိုသည်များ ကူညီပေးရ သူတို့စစ်ရေးပြပြိုင်ပွဲအတွက် ဖြစ်ပါသည်။ ပြင်သစ်ဗိုလ်ချုပ် ဗွူအမ် (Gen Juin) အတွက် အခမ်းအနား စစ်ရေးပြကို ဝတ်စုံအပြည့်နှင့် လေ့ကျင့်ကြရ

၅-၅-၅

သင်္ချာတွင် ကျေနပ်လောက်သည့် (Satisfactory) မှတ်ချက်ရ တော်ပါသေးသည်။ စာမေးပွဲတွင် သိပ်မဖြေနိုင်ခဲ့ပါ။ သိပ္ပံနှင့် စီးပွားရေး နှစ်ခုစလုံး 'အေ'ရပါသည်။ နေ့လယ် ပြေးခုန်ပစ် လူရွေးပွဲတွင် ဝါးလုံးထော ခုန်ရာ ၈ ပေခွဲပဲလွတ်၏။ ခါတိုင်း ၉ ပေကျော်လွတ်နေကျ၊ ယနေ့ ခုန် မရဘဲ ဖြစ်သွားပါသည်၊ ညနေ အမ်အာစီ (Mess Roll Call-ည မစားမီတန်းစီခြင်း)မှာ နောက်ကျသော်လည်း ပြေးခုန်ပစ်တာဝန်ခံက ရ တော် လူရွေးပွဲတွင် ဝါးလုံးထောက် ခုန်နေကြောင်းပြောထား၍ ဘာအပြ မကျပါ။

၆-၅-၅

ယနေ့ ဗြိတိသျှတပ်မတော် ကျန်းမာရေးကျောင်း (Army Sc of Health)ကို သွားလေ့လာကြရသည်။ ယနေ့ ကျောင်းသားယော်တွေ ရေးပြပြိုင်ပွဲတွင် ကျွန်တော်တို့တပ်ခွဲက ဒုတိယရ၏။ ယခုအတိုင်းဆို ဘုရင့်တပ်ခွဲပြန်ရရန် အလားအလာ ကောင်းနေပါသည်။

စီးပွားရေး စာစီစာကုံးတွင် 'အေ' ထပ်ရပြန်ပြီး ကြိုးစားရကျိုးနပ် သည်။

ကိုလံဘိုရောက်နေသော တောင်တွင်းကြီးမှ အသျှင်ရေဝ ကျွန်တော့်ထံ လူကြုံနှင့် ငါးပိကြော်ပို့လိုက်ကြောင်း စာရေးလိုက်ပါသ ငါးပိကြော်ကတော့ မရောက်သေးပါ။ ဆရာတော်ကို အထူးကျေးဇူးတင်နေ သည်။ ဘီလပ်တွင် ငါးပိကြော်မှာ နတ်သုဒ္ဓါဖြစ်ပါ၏။

၇-၅-၅

ယနေ့ ဗိုလ်ချုပ်ကြီးဗွူအမ်၏ အခမ်းအနား စစ်ရေးပြလုပ်ကြ



သည်။ ဗိုလ်ချုပ်မှာ ယခု ဥရောပတွင်ရှိသည့် နေတိုး (NATO) မဟာမိတ် ကုန်းတပ်အားလုံး၏ စစ်သေနာပတိ[1] ဖြစ်ပါသည်။ စစ်ရေးပြကို ဦးစီးလုပ် သော စစ်တက္ကသိုလ် တပ်ရေးက ပြင်သစ်ဘာသာနှင့် သတင်းပို့ပြီး ဗိုလ်ချုပ်က ယ်ဘက်လက်နှင့် အလေးပြုသည်ကို တွေ့လိုက်ရပါသည်။ ညာလက် ဘာ နေသည် မသိရပါ။ ထို့နောက် ပြင်သစ်ဘာသာနှင့်ပင် မိန့်ခွန်းပြောသည်ကို လောင်းတစ်ဦးက အင်္ဂလိပ်ဘာသာပြန်ပြောပါသည်။ သူ့မိန့်ခွန်းက ယခု သို့ဂုဏ်ပြုသော စစ်ရေးပြကို စစ်တက္ကသိုလ်ကပြုလုပ်ပေး၍ ကျေးဇူးတင် မြောက်ကြောင်း၊ သူသည် စစ်ကြီးအတွင်းက စစ်သူကြီးမောင်ဂိုမာရီ လက် အောက်တွင် အမှုထမ်းခဲ့ကြောင်း၊ ယခု ဥရောပတွင်ရှိသော ဗြိတိသျှတပ်များ ပါအဝင် အနောက်နိုင်ငံတပ်များကို သူကဦးစီးရ၍ ဝမ်းမြောက်ဂုဏ်ယူ ကြောင်းပဲဖြစ်ပါသည်။ ဗွူအမ်မှာ အရပ်ပုပြီး အသံကပြတ်ပြတ်နှင့် အောင်မြင် သည်။ သူ ဆင်းဟတ်စ်စစ်တက္ကသိုလ်သို့ လာရောက်ခြင်းနှင့်ပတ်သက်ပြီး နောက်တစ်နေ့ ဒေလီတယ်လီဂရပ် သတင်းစာကရေးထားသည်ကို ကျွန်တော့် ဒိုင်ယာရီတွင် ဖြတ်ပြီးကပ်ထား၍ ဤသတင်းကို အောက်တွင်ဘာသာပြန်ပြီး ဖော်လိုက်ပါသည်။

'ဗိုလ်ချုပ်ဗွူအမ်စစ်သူကြီး[2] ရာထူးတိုးမြှင့်ရခြင်း'

ဆင်းဟတ်စ်သို့ သွားရောက်ခဲ့ခြင်း

ရေးသူ-ဗိုလ်ချုပ်မာတင်[3]

ဒေလီတယ်လီဂရပ် စစ်သတင်းထောက်

ဗိုလ်ချုပ် ဗွူအမ်သည် ဆင်းဟတ်စ် ဘုရင့်စစ်တက္ကသိုလ်သို့ ယမန်နေ့ သွားရောက်နေစဉ်မှာပင် သူ့အား စစ်သူကြီးရာထူးသို့ တိုးမြှင့်ပေးလိုက် ကြောင်း ပါရီကကြေညာခဲ့ပါသည်။

စစ်သူကြီး ရာထူးများကို ၁၁၈၅ ခုနှစ်တွင် ပြင်သစ်ပြည်တွင် စတင် ခဲ့ရာ ဗွူအမ်သည် ၃၃၄ ကြိမ်မြောက် စစ်သူကြီး ဖြစ်လေသည်။ ယခု ပြင်သစ်ပြည်၏ အသက်ရှင်လျက်ရှိသောစစ်သူကြီးမှာ ဗွူအမ်တစ်ဦး ဖြစ်ပါသည်။ ဤကဲ့သို့ ရာထူးတိုးပေးလိုက်ခြင်းမှာ ဥရောပတွင် ပြီးခဲ့သည့် အဌမမြောက် အထိမ်းအမှတ်နေ့ (VE Day) တွင် ဖြစ်ပါ

[1] C in C of Allied land Forces in Central Europe

[2] Field Marshal

[3] Lt. Gen H.G. Martin

www.burmeseclassic.com

www.burmeseclassic.com



သည်။

အသက် ၆၃ နှစ်ရှိပြီဖြစ်သော စစ်သူကြီးဇွန်အမ်သည် မဟာမိတ်
တွင် (ကြည်းတပ်) စစ်သေနာပတိဖြစ်သည့်အပြင် ပြင်သစ်တပ်မတော်
ချုပ်လည်းဖြစ်လေသည်။

ယနေ့ သိပ္ပံစာမေးပွဲ အမှတ်တွေသိရပါသည်။ ကျွန်တော်က '
ဆိုသောမှတ်ချက်ရပါသည်။ တစ်ဖွဲ့လုံးမှာ ကောင်းရသည်မှာ ၄
ရှိပါသည်။ ရသည့်အမှတ်က ၇၇ ဒသမ ၅ ရာခိုင်နှုန်းဖြစ်ပါ၏။

ယနေ့ ဂေါ်ရာဗိုလ်လောင်း မောရစ် (Morris) က ပြောပြသည်
စိတ်ဝင်စားဖို့ ကောင်းပါသည်။ မောရစ်က သင်္ချာသင်တန်းတွင် ကျွန်
အတူတူတက်ရသူ ဖြစ်ပါသည်။ ကျွန်တော်တို့ သင်္ချာသင်တန်းတွင်
နောက်ကျသည်ကို သင်္ချာဆရာက တပ်ခွဲကိုသတင်းပို့ခဲ့ကြောင်း၊ သို့
တပ်ခွဲအရာခံဗိုလ်က တပ်ခွဲမှူးကို ထပ်ပြီးသတင်းပို့ခြင်း မပြုခဲ့ပါ။ စီးအ
ကြီး ကျွန်တော့်ကို သိသိသာသာကူညီသည်မှာ နှစ်ခါရှိပါပြီ။ ကျောင်းသ
ဘဝတွင် လက်နက်နှင့် စစ်ရေးပြစစ်ဆေးစဉ်ကတစ်ခါ၊ ယခု ကျောင်း
လတ်ဘဝ သင်္ချာချိန်နောက်ကျရာတွင် ကူညီခဲ့ခြင်းဖြစ်၏။ ယနေ့ည ရုပ်
သွားကြည့်ကြပါသည်။ ကားကောင်းဖြစ်၏။ (Last Days of Po
and She) 'ရှီ'ဆိုသာရုပ်ရှင်မှာ ဆရာကြီးရွှေဥဒေါင်း ဘာသာပြန်ခဲ့
ကျွန်တော်တို့ငယ်စဉ်က အသည်းစွဲ ရှုပနန္ဒီပင်ဖြစ်ပါ၏။

၈-၅-

ယနေ့ည ညစာစားပွဲတွင် စစ်တက္ကသိုလ် တပ်ရေးဗိုလ်မှူး အ
ကရမ်းက ကျွန်တော်နှင့်မျက်နှာချင်းဆိုင်တွင်ကျပြီး ဘယ်ဘက်တစ်
ကျော်က ကျွန်တော့်တပ်ခွဲမှူးဖြစ်၏။ ညစာစားပွဲ မြန်မြန်ပြီးပါစေဟု ကျိ
ဆုတောင်းမိ၏။ သို့သော် ခုလိုတွေ့ရတော့လည်း သူမဟုတ်သလိုပါပဲ။
ရေးက ပြက်လုံးတွေထုတ်နေ၍ ရယ်နေကြရ၏။

၉-၅-

စက်မှုလက်မှုတပ် (REME) သရုပ်ပြကြည့်ကြရ၏။ အလွန်
စားဖို့ကောင်းပါ၏။ အစီအစဉ်တစ်ခုမှာ ဂျစ်ကားတစ်စီးကို အစိတ်အပိုင်း
တစ်ခုစီဖြုတ်ထားပြီး အချက်ပေးလိုက်သည့်အခါ လူ ၈ ယောက်က



ဘက်တစ်လက်နှင့် ဂျစ်ကားကိုဆင်လိုက်ကြသည်မှာ တစ်မိနစ် နှင့် ၃၅ စက္ကန့်
ကြာပါသည်။ ဆင်လည်းပြီးရော ဂျစ်ကားကိုမောင်းထွက် သွားကြလေ
သည်။ စဆင်သည့်အချိန်မှ ဂျစ်ကားမောင်းထွက်သည့်အထိ တစ်မိနစ် ၃၅
စက္ကန့်သာကြာ၏။ မှောက်နေသော ချာချီတင့်ကားကို စင်ကျူရီယန် တင့်ကား
တည့်အောင်ပြန်ထောင်ပြီး ဆွဲယူသွားသည်မှာလည်း ကြည့်၍ကောင်းပါ
သည်။

ယနေ့ ကုမ္ပဏီကြီးတစ်ခုကရသည့် ပြန်စာကို ဖတ်ကြည့်ပြီး တစ်
ဘက်တည်း အခန်းထဲတွင် ရယ်နေမိပါသည်။ ကျွန်တော်က ကုမ္ပဏီကို
ယောင်း ကိုယ်တစ်ပိုင်း (Bust) ကျောက်ရုပ် ဝယ်လိုကြောင်း ရေးထားခဲ့
သည့်စာကို ပြန်လိုက်ခြင်းဖြစ်ပါသည်။ သူတို့ ကျောက်ရုပ်တစ်ခု ရထား
ကြောင်း၊ ရောမဧကရာဇ်ဘုရင် ကလောဒီယပ်စ် (Clauduis) ၏ ခေါင်းပုံဟု
ကြည်ရကြောင်း (အာမတော့ မခံပါတဲ့)၊ ဈေးနှုန်းက ပေါင် ၄၀၀ ဖြစ်ပါ
သည်။ အသာပဲ အရုပ်မဆိုးအောင်ကြည့်ပြီး စာပြန်လိုက်ရ၏။ ဤငွေမှာ
ကျွန်တော်တို့ ရသည့်လခနှင့် ဘာမှ မစားမသုံးဘဲ ၃ နှစ်ကျော် စုမှရမည့်ငွေ
ဖြစ်ပါ၏။

၁၀-၅-၅၂

ယနေ့ ဆေးနှစ်မျိုးထိုးကြရသည်။

၁၁-၅-၅၂

ယနေ့ အော်ဒါရှော့ သွားကြရာ မြန်မာပြည်မှ အရာရှိ တော်တော်
များများ ရောက်နေသည်ကို တွေ့ရပါသည်။ အချက်ပြတပ်မှ ဗိုလ်ထွန်းရင်၊
တင့်လွင်၊ အမြောက်တပ်မှ ဗိုလ်ကျော်မြင့်၊ ဗိုလ်စိန်ဝင်းနှင့် ဗိုလ်သန်းလွင်တို့
ပြင် ခြေလျင်တပ်မှ ဗိုလ်စိုးမြင့်အောင်ပါ ကျွန်တော်တို့ကို ဂရိစားသောက်
ဆိုင်တွင် ညစာကျွေးပါသည်။ ထိုဆိုင်တွင် ကြိုတင်မှာထားပါက ထမင်းနှင့်
ဟင်းပါရနိုင်ပါသည်။

၁၂-၅-၅၂

ဆေးထိုးသည့်အရှိန်ကြောင့် နည်းနည်းဖျားနေ၍ ဆေးရုံတက်ပြရ၏။
ဆင့်စီရ၍ လက်ချာများ၊ သရုပ်ပြများသာ လိုက်တက်ပါသည်။ ကိုခင်မောင်

www.burmeseclassic.com

www.burmeseclassic.com



တင့် ဆေးရုံတက်နေ၍ သွားကြည့်ကြပါသည်။

၁၃-၅-

ယနေ့ နွားနို့ယူခြင်းနှင့်ပတ်သက်၍ ကျွန်တော်နှင့် ကျောင်းသား တစ်ယောက်ပြဿနာပေါ်၍ ဂျေယူအိုထံရောက်ကြ၏။ ဖြစ်ပုံကဒီယ ကျောင်းသားကြီး ဆီဘော (Sibbald) ဆိုသူက တပ်ခွဲနွားနို့ တာဝန်ခံဖြ သူက ကျွန်တော့်အား နွားနို့ပုလင်းတွေစုပြီးဝေရန် တာဝန်ပေးရာ ကျွန်တေ တမင်နှိမ်ပြီး ခိုင်းသည်ဟုယူဆ၍ မလုပ်နိုင်ကြောင်း ငြင်းလိုက်ပါ ထိုအချိန်တွင် အက်စ်ယူအိုအပြင်ထွက်နေ၍ ဂျေယူအို ဟောဝဒ်က ကျွန်တေ ဆီဘောကိုခေါ်ပြီး သေသေချာချာရှင်းပြပါသည်။ ဆီဘောက ပထမ ကျွ အခန်းနံဘေးမှ ဂေါ်ရာကျောင်းသားလတ်ကို နွားနို့ယူသလားမေးသော သူက နွားနို့ယူသူမဟုတ်ကြောင်း၊ ထို့ကြောင့် ကျွန်တော်က နွားနို့ နေ သဖြင့် ကျွန်တော့်ကို တာဝန်ပေးခြင်းဖြစ်ကြောင်း၊ ဂျေယူအိုက သူသာ တပ်မတော်က စစ်တက္ကသိုလ်တက်ရပြီး ဤကဲ့သို့ တာဝန်ပေးလျှင် လုပ်မှာ ကြောင်း၊ ထို့ပြင် ဤကဲ့သို့တာဝန်ပေးခြင်းမှာ နိုင်ငံခြားမှလာသော ဗိုလ်လေ များကို တမင်နှိမ်ခြင်းမဟုတ်ကြောင်းရှင်းပြ၍ ကျွန်တော်ကလည်း ဆီဘေ ဤကဲ့သို့ ရှင်းမပြ၍ဖြစ်ရကြောင်းပြောပြီး ပေးသည့်တာဝန်ကို လုပ်မေ ဖြစ်ကြောင်းပြောခဲ့ပါသည်။ ယခုအလုပ်မှာ ဘာမှပင်ပန်းသည့်အလုပ် မဟု နွားနို့ပို့သူက ပုလင်းအားလုံးကို သူ့ထည့်စရာသစ်သားသေတ္တာနှင့် ကျွ တို့နေသောအထပ်အထိ ပို့ထားပါသည်။ ကျွန်တော့်တာဝန်မှာ နွားနို့ အခန်းဝတွင် ပုလင်းသွားပြီး ထားပေးရုံသာဖြစ်ပါသည်။

၁၄-

အော်ဒါရှော့ သွားကြ၏။ ကိုသန်းဝင်း၊ မြတ်စိုးညိမ်းနှင့် ကိုစိုး ပါကြသည်။ ရုပ်ရှင်ကြည့်ပြီး ဂရိဆိုင်မှာ စားခဲ့ကြပါသည်။

၁၅-

အမေရိကန်တပ်မတော်မှ ဗိုလ်ချုပ်ကြီးဟား (General Hull) သူ့ကို ဂုဏ်ပြုသော စစ်တက္ကသိုလ်စစ်ရေးပြလုပ်ကြရ၏။ ညတွင် မိ အနည်းငယ်ပြောပြီး ဝက်စ်ပွိုင့် (West Point) အမေရိကန် စစ်တက္က



ရှင်ပြပါသည်။ တကယ်ကြည့်၍ ကောင်းပါသည်။ သူတို့ဆီမှာ ကျောင်းသား ယ်များကို မောင်းသည်မှာ ဆင်းဟတ်စ်မှာထက်တောင် ဆိုးပါလိမ့်ဦးမည်။

၁၇-၅-၅၂

ယနေ့ စစ်တက္ကသိုလ်စစ်ရေးပြမှာ နေတကယ်ပူ၍ ကျောင်းသားအချို့ းလဲကြ၏။ ဆောင်းရသည့်ဦးထုပ်တွေက အရာရှိဆောင်းဦးထုပ်များဖြစ်၍ ပြီး အခံရခက်နေပါသည်။ စစ်တက္ကသိုလ် အရာခံဗိုလ် (RSM Lord)က ဆင်းဟတ်စ်အလံတော်အကြောင်း မိန့်ခွန်းပေးပါ၏။ ၁၈၁၃ ခုနှစ်မှစ၍ နောက် ဘုရင်အဆက်ဆက်က အလံတော်ကို စစ်တက္ကသိုလ်ကိုပေးအပ်ခဲ့ကြောင်း၊ နောက်ဆုံးရခဲ့သောအလံတော်မှာ မကြာသေးမီက နတ်ရွာစံသွားသော ဆဋ္ဌမ ဂျော့ဘုရင်ပေးခဲ့သော အလံတော်ဖြစ်ကြောင်း၊ ယခု ကောလိပ်ဟောင်း မ်ရေးပြကွင်းတွင်ပင် ပေးအပ်ခဲ့ခြင်းဖြစ်ကြောင်း ပြောပြပါသည်။

ယနေ့ ဗိုလ်မြင့်စိုးအောင်[၁] ဆင်းဟတ်စ်ကို အလည်လာပါသည်။

၁၉-၅-၅၂

ယနေ့ ယုံကြည်မှုနေရာတွင် ကျွန်တော်တို့ ကျောင်းသားလတ်ထဲမှ ဆ်းစဝုဒ် (Kingswood) ဆိုသူမှာ ကြောင်လမ်းပေါ်မှာ လိမ့်ကျ၍ လက်ကျိုး သွားပါသည်။ နေ့လယ်တွင် အချက်ပြစာမေးပွဲ။ ကောင်းကောင်း ဖြေနိုင်ပါ သည်။

၂၁-၅-၅၂

မြန်မြန်အဝတ်လဲပြီး အားကစားရုံရှေ့ကို သွားရ၏။ အားကစားရုံရှေ့ တွင် ကားစောင့်နေပြီး ကိုဗ် (Cove) သို့ ဆင်းဟတ်စ် ပြေးခုန်ပစ်အဖွဲ့နှင့် သွားကြရ၏။ ကိုဗ်တွင်ရှိသော အင်ဂျင်နီယာလေ့ကျင့်ရေးတပ် (No.3 Training Regt RE) နှင့် ဆင်းဟတ်စ် ပြေးခုန်ပစ်အသင်းတို့ ယှဉ်ပြိုင် စားရာတွင် ကျွန်တော်က ဝါးလုံးထောက်ခုန် ဝင်ပြီးပြိုင်ရပါသည်။ ထိုပွဲတွင် ကျွန်တော်တို့အသင်းက နိုင်ခဲ့ပါသည်။ ဝါးလုံးထောက်ခုန်ပွဲတွင် ကျွန်တော်တို့

[၁] ဒုဗိုလ်မှူးကြီးအဆင့်ဖြင့် စက်မှု (၁) ဝန်ကြီးဌာနမှ အငြိမ်းစားယူသွားပြီ ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



အသင်းက ပထမနှင့်ဒုတိယရပါသည်။ ပထမရသူက ဂေါ်ရာကျောင်းသား [illegible] ဖြစ်ပြီး ၉ ပေ ၃ လက်မနှင့် နိုင်သွားပြီး ကျွန်တော်က ၉ ပေနှင့် ဒုတိယ [illegible] ရပါသည်။ အားလုံး ဝါးလုံးထောက်ခုန်သူ ၄ ယောက်ရှိပါသည်။ အင် [illegible] နီယာကျောင်းက လက်ဖက်ရည်နှင့်ဧည့်ခံပါသည်။ စားလို့သောက်လို့ [illegible] တော်ကောင်းပါ၏။

ကျွန်တော်နှင့်ကိုကြည်အေးကို လက်တွေ့ ယှဉ်အသတ်ခိုင်းသလို [illegible] မြန်မာကျောင်းသားငယ်နှစ်ဦးကိုလည်း လက်တွေ့အထိုးခိုင်းပါသည်။ သူတို့ [illegible] ခိုင်းသလို ထိုးကြသော်လည်း ဆရာတွေကမကျေနပ်၍ နောက်ထပ်ပြန် [illegible] ထိုးကြရပြန်သည်။ ကျွန်တော်ကတော့ ဂျပန်ခေတ် စစ်တက္ကသိုလ်တွင် [illegible] ချင်း ပါးရိုက်ခိုင်းစဉ်က ညှာရိုက်သည့်အတွဲကို ဆရာတွေက 'အဲဒီလို [illegible] ဘူး။ ဒီလို ရိုက်ရတယ်ကွ'ဟုဆိုပြီး နှစ်ယောက်စလုံးကို တအား ဘယ် [illegible] ညာပြန် ရိုက်ပြသလိုပင် မူကဘာမှမထူးပါ။ ဖက်ဆစ်စနစ်တုန်းကလို ပါး [illegible] သော်လည်း လုပ်နည်းလုပ်ဟန်သာကွာပါသည်။ မူကတော့ အတူတူပင် ဖြစ် [illegible] ၏။ ထို့ကြောင့် ကျွန်တော် ယခင်ကတင်ပြခဲ့ခြင်းဖြစ်ပါ၏။ ကျွန်တော် [illegible] ဆုံးဖြစ်ခဲ့တာ မှန်ပါတယ်လို့။

၂၂-၅-၅၂

ယနေ့ လက်ဟီလ် (Lark Hill) အမြောက်သင်တန်းကျောင်း [illegible] အမြောက်တပ်သရုပ်ပြ သွားကြည့်ကြရပါသည်။ ကားကြီးများနှင့် နှစ်နာရီ [illegible] သွားကြရ၏။ အမြောက်သင်တန်းကျောင်းမှာပင် သီဟိုဠ်မှ ဒုဗိုလ်နှစ်ယောက် [illegible] အိန္ဒိယမှ ဒုဗိုလ်မှူးကြီးနှစ်ယောက်ကို တွေ့ခဲ့ရပါသည်။ အမြောက်သရုပ်ပြ [illegible] ပတ်သက်ပြီး သရုပ်ပြအစီအစဉ်တွင် ဖော်ပြထားသည်။ (ယခု မရှိတော့ [illegible]

၂၃-၅-၅၂

ယနေ့ တပ်စု ပြင်ပစခန်းအတွက် ပြင်ဆင်ကြရ၏။

၂၄-၅-၅၂

တပ်စုစခန်းချ လေ့ကျင့်ခန်းစသည့်နေ့ ဖြစ်ပါသည်။

(တပ်စုလိုက် စခန်းချ လေ့ကျင့်ကြခြင်းမှာ ၅ ရက်ကြာပါသည် [illegible] ဒိုင်ယာရီတွင် ဘာမျှ ရေးထည့်မထားပါ။ ကျောင်းသားငယ်ဘဝက ပြင်ပ [illegible]



[illegible] လေ့ကျင့်ခြင်းနှင့် ခပ်ဆင်ဆင်တူ၍ ရေးမှတ်မထားခြင်း ဖြစ်နိုင်ပါသည်။ [illegible] ကျောင်းသားလတ်ဘဝတွင် ခေါင်းဆောင်မှု ပို၍သင်ကြားပါသည်။ အခြေခံ [illegible] ဖြင့်မှု ကျောင်းသားငယ်ဘဝက စခန်းချလေ့ကျင့်ခဲ့သည့် နည်းအတိုင်းပင် [illegible] ပါသည်။)

၂၈-၅-၅၂

ယနေ့ စစ်တက္ကသိုလ်ကို ပြန်ရောက်ကြပါသည်။

၃၀-၅-၅၂

ယနေ့ လန်ဒန်ကို သွားပါသည်။ သံရုံးသို့သွားပြီးမှ ရုပ်ရှင်ကြည့်ကြ [illegible] သည်။ ရုရှားစစ်ကား (The Fall Of Berlin) ဖြစ်ပြီး အလွန်ကောင်းပါ [illegible] သည်။ ကြည့်ခဲ့ဖူးသမျှ စစ်ကားများထဲတွင် အကောင်းဆုံး ကားတစ်ကား [illegible] ပါသည်။

၄-၆-၅၂

လန်ဒန်မှာပင်ဖြစ်၏။ သုံးရန် ငွေကုန်သွားသဖြင့် ကျွန်တော့်လက်ပတ် [illegible] ကို အပေါင်ဆိုင်သို့ ပို့လိုက်ရပါသည်။ ပြီးတော့ နာရီမရှိလည်း မဖြစ်သဖြင့် [illegible] သက်သာသော နှိုးစက်နာရီတစ်လုံးဝယ်လိုက်ပါသည်။ လန်ဒန်တွင် အပေါင် [illegible] က ရွှေဘောလုံးသုံးလုံး အမှတ်အသားနှင့်ဖြစ်၏။ အားစိုက်ကုတ်မှာပင် [illegible] အမှတ်အသားနှင့်ဆိုင်တွေ့ပြီး ဝင်ပေါင်လိုက်ရခြင်းဖြစ်သည်။ ရန်ကုန် [illegible] တက္ကသိုလ်မှာနေစဉ်က တရားအားထုတ်ရပါ၏။ ယခုတော့ ရွှေဘောလုံးသုံးလုံး [illegible] ထားရပါသည်။

၅-၆-၅၂

စစ်တက္ကသိုလ်ပြန်ရောက်ကြပြီး တစ်ဝပ်သ် (Tidworth)သို့သွား၍ [illegible] မတော်တပ်နှင့် အင်ဂျင်နီယာတပ် (Royal Armored Corps and Royal [illegible]gineers) သရုပ်ပြ ကြည့်ကြရပါသည်။ အင်ဂျင်နီယာတပ်မှာ အလွန်ပင် [illegible] သုံးစနစ်ကျနပြီး ကြည့်ပြီးသမျှ သရုပ်ပြတွေထဲတွင် အင်ဂျင်နီယာတပ်သည် [illegible] ကောင်းဆုံးဖြစ်၏။ မှတ်စုအပြည့်အစုံကို သရုပ်ပြအစီအစဉ်စာစောင်တွင် [illegible] ကြည့်ပါ။ (ယခု မရှိတော့ပါ။)

www.burmeseclassic.com

www.burmeseclassic.com



ယနေ့ညနေ စစ်တက္ကသိုလ်ပြန်ရောက်သောအခါ တပ်ခွဲကြော်[illegible]သည်။ သင်ပုန်းတွင် ဆင်းဟတ်စ် ပြေးခုန်ပစ်အသင်းက စနေနေ့မှာ အမှတ် [illegible] အမြောက်တပ် (Royal Artillery Regt:) နှင့် ယှဉ်ပြိုင်ကြရမည်ဆိုသည်[illegible] တွေ့ရပါသည်။ ကျွန်တော်က ဝါးလုံးထောက်ခုန်ဝင်ပြိုင်ရမည်ဖြစ်၏။

၆-၆-၅[illegible]

ယနေ့ သောင်းလေးထံမှ စာအမှတ် ၃၄ ရပါသည်။ ဇနီးနှင့် [illegible] သမီးများ ကျွန်တော်စီစဉ်ပေးထားသော (Family Allotment) လုံးဝ [illegible] သေးဆိုသည်ကို ယခုမှ သိရပါသည်။ လစဉ်ငွေ ၅၀ ကျပ် မှန်မှန်ရ[illegible] သေသေချာချာ ကျွန်တော်စီစဉ်ထားသည်ကိုမရသေးဆို၍ တော်တော်[illegible] ထိခိုက်မိပါသည်။ သို့နှင့် စစ်သံမှူးရုံးသို့ စာတစ်စောင်ရေးလိုက်ပါသည်[illegible] စစ်သံမှူး၏ အလွန်အသုံးမကျ၊ အလွန်ညံ့ဖျင်းသည့် ရုံးလုပ်သားများ [illegible] မကျွမ်းကျင်မှုကြောင့် ကျွန်တော့်မိသားစုများမှာ ယခုအထိ (Fa[illegible] Allotment) တစ်ပြားမှမရသေးဆိုသည်ကို ရေးလိုက်ပါသည်။ ဇနီးသည်[illegible] စာပြန်ပြီး ရန်ကုန်စစ်ရုံးက စစ်ရာထူးခန့် အတွင်းဝန်ရုံးကိုပါ စာတစ်[illegible] ထည့်လိုက်ပါသည်။ ယနေ့ ဆံပင်ညှပ်ဆိုင်မှာ လူတွေတစ်တန်းကြီး စောင့်[illegible] ညနေ ၁၆း၃၀ နာရီကျမှ ဆံပင်ညှပ်ပြီးပါ၏။ ပြီးလျှင်ပြီးချင်း သေနတ်[illegible] အမြန်အဝတ်လဲပြီး စက်ပစ်ကွင်းသို့ပြေးရပါသည်။ မိုးရွာနေ၍ မိုးထဲတွင်[illegible] အပြေးသွားခဲ့ပြီး ၁၅ မိနစ်လောက် နောက်ကျမှ ရောက်သွားပါသည်။ [illegible] ကောင်းထောက်မ၍ မိုးရွာနေသဖြင့် သေနတ်မပစ်ကြရသေးဘဲ စောင့်[illegible] သည်နှင့်တိုးပါသည်။ မိုးမတိတ်၍ သေနတ်ပစ် ရွှေ့ဆိုင်းလိုက်ရပါသည်[illegible]

ညနေတွင် တပ်ခွဲမှူးက ကျွန်တော့်ကို ခေါ်တွေ့ပါသည်။ ကျွန်[illegible] ကျောင်းသားလတ်ဘဝတွင် လုပ်ပုံကိုင်ပုံများကို သူ အားရကြောင်း၊ စာသင်[illegible] များမှ ဆရာများ၏ အစီရင်ခံစာများကို ရရှိရာ ကျွန်တော့်အပေါ် အားလုံး[illegible] ကောင်းကောင်းမွန်မွန် ရေးကြကြောင်း၊ အားကစားတွင်လည်း ဆင်းဟ[illegible] ပြေးခုန်ပစ် အသင်းတွင်ပါဝင်နေ၍ ချီးကျူးကြောင်းများကို ကျွန်တော့် [illegible] ခွဲမှူးက ပြောကြားပါသည်။ ကျွန်တော့် လက်ရုံးတပ် ရွေးချယ်ခြင်းကို [illegible] ပြီး အမြောက်တပ်ကို သွားချင်ကြောင်းပြော၍ အင်္ဂလန်တွင် အမြောက်သင်[illegible] ဆက်တက်ရန်ကိုပါ သူ ကူညီမည်ဖြစ်ကြောင်း ပြောပြပါသည်။ သတင်း[illegible] တွေ ဖြစ်ပါ၏။ ကျောင်းသားငယ်ဘဝကထက် အားရစရာ အလွန်ကောင်း[illegible]

၈-၆-၅၂

တစ်နေ့လုံး ကိုလေးမောင်အခန်းမှာပင် အချိန်ကုန်ခဲ့၏။

၉-၆-၅၂

ယနေ့ ကြံခိုင်ရေး တစ်ချိန်လုံးတွင် စက်ပစ်ကွင်းသွားပြီး သေနတ် [illegible]ကြရ၏။ သေနတ်ပစ်မှာ အမှတ် သိပ်မကောင်းပါ။

၁၀-၆-၅၂

ယနေ့ စာကြည့်တိုက်မှ အယ်လ်ဇင်ဒါး ဆီဗားစကီး (Alexander [illegible]eversky) ရေးသော စာအုပ် (Air Power)ကို ဖတ်ပါသည်။ ကျွန်တော် [illegible]ကုန်မှာကတည်းက ယင်းစာရေးဆရာ၏ စာအုပ်များကိုဖတ်ဖူးပါသည်။ [illegible]လွန်တော်သည့် စာရေးဆရာဖြစ်ပါ၏။ သို့သော် လေကြောင်းကို အားကိုး[illegible]ပြီး လေကြောင်းမှာ ရန်သူထက်သာနေလျှင် စစ်နိုင်နိုင်မည်ဟု အယူအဆ [illegible]သူတစ်ဦး ဖြစ်ပါသည်။ အီတလီက ဒေါက်ဟတ် (Douhet) ကဲ့သို့ ဖြစ်၏။ [illegible]ဗားစကီးမှာ အမေရိကန်လူမျိုး ဖြစ်ပါသည်။

၁၂-၆-၅၂

ယနေ့ ပထမဆုံးအကြိမ် အင်္ကျီလက်ပင့်ပြီး စစ်ရေးပြလုပ်ကြရ၏။ [illegible]ဝတ် သက္ကလတ်အင်္ကျီမဝတ်ဘဲ အတွင်းကအင်္ကျီ လည်စည်းနှင့်အောက်မှ [illegible]က္ကလတ်ဘောင်းဘီကြီးပင် ဝတ်ရပါသည်။ ညနေတွင် ပြေးခုန်ပစ် လူရွေးပွဲ [illegible] အရွေးခံရပြီး စနေနေ့၌ မိုးဘရားကောလိပ် (Marlborough College) [illegible] သွား၍ယှဉ်ပြိုင်ရပါလိမ့်မည်။

၁၃-၆-၅၂

ယနေ့တစ်နေ့လုံး ပြင်ပတွင် စက်ဘီးများနှင့် လေ့ကျင့်ခန်းလုပ်ကြ[illegible] [illegible] ခံစစ်အတွက် တပ်ခွဲနေရာ တပ်စုနေရာများရွေးချယ်ကြရပြီး တ[illegible]နေ့ [illegible] ကိုယ်ရွေးထားသောနေရာများမှာ ခံစစ်ကျင်းများလာပြီး တူ[illegible]ကြရပါလိမ့်

www.burmeseclassic.com

www.burmeseclassic.com



မည်။ ယနေ့ လန်ဒန်စစ်သံမှူး[၁] ထံမှ စာတစ်စောင်ရပါသည်။ ကျွန်တော ရေးလိုက်သောစာကို ပြန်ရေးထားခြင်းဖြစ်၏။ ကျွန်တော်က ဒေါသ တော်တော်ရေးလိုက်သည်ကို စစ်သံမှူးကြီးက 'ညီငယ် မောင်သောင်းထိုက် အစချီပြီး အတော်ရှည်ရှည် စာရေးလိုက်ပါသည်။ (Family Allotmen ကိစ္စမှာ သူ့ရုံးနှင့်တင်ဆိုင်သည်မဟုတ်ဘဲ မြန်မာပြည်က ကြန့်ကြာသည် ဖြစ်နိုင်ကြောင်း၊ အမြန်ဆုံးရရှိအောင် သူတို့ ဆောင်ရွက်နေကြောင်း၊ ကျွန်တော ရေးသောစာမှာ စိတ်လှုပ်ရှားနေစဉ် (emotional ဟုသုံး၏။)မို့ ဒေါ အလျှောက်ရေးသည်ဟုယူဆကြောင်း စိတ်လိုက်မာန်ပါမလုပ်ဖို့ ဆုံးမထား သည်။

၁၄-၆-၅

မိုးဘရား ကောလိပ်သို့ ကားနှင့်သွားကြပါသည်။ နှစ်နာရီ သွားကြရ၏။ နေ့လယ်စာနှင့် နေ့လယ်လက်ဖက်ရည်ကိုပါ ကောလိပ်ကျော သားများနှင့်ပင် သူတို့စားသလို ဝိုင်းစားကြရပါသည်။ ထမင်းစားခန်းကြီး မှာစားကြရခြင်းဖြစ်၏။ ပြေးခုန်ပစ်တွင် ဝါးလုံးထောက်က နိုင်သော အားလုံးအမှတ်ပေါင်းတွင် ဆင်းဟတ်စ်ကရှုံးပါသည်။ ကျွန်တော်နှင့် ပြိုင် ခုန်ရသူ မိုးဘရားကောလိပ်က ကျောင်းသားမှာ အမေရိကန်လူမျိုးဖြစ် အမေရိကန်မှ ကျောင်းလာတက်နေသူဖြစ်၏။ သူ့ဝါးလုံးထောက်ကိရိယာများ အမေရိကားမှ ယူလာပါသည်။ ကျွန်တော်က ၉ ပေ၊ ၆ လက်မ ခုန်နိုင် သူကို နိုင်လိုက်ပါ၏။ ညနေ ၁၉း၃၀ နာရီကျမှ စစ်တက္ကသိုလ်သို့ ပြန်ရော ကြပါသည်။ ကျောင်းပိတ်ရက်တွင် သွားလည်ရန် ခရီးလှည့်လည်ရေး ထိုး စားလှယ်များထံ စာရေးထားရာ ပြန်စာများ ရောက်နေပါပြီ။ ဈေးနှုန်းအ ဆုံးမှာ အီတလီကိုသွားလျှင် ၃၅ ပေါင် ကုန်ပါမည်။ သွားလာစရိတ်ချည်း အစားအသောက် မပါသေးပါ။ ထို့ကြောင့် သွားနိုင်မည်မဟုတ်ပါ။ အင်္ဂလန် ကို သွားမည်ဆိုလျှင် စစ်တက္ကသိုလ်က (ဗြိတိသျှတပ်မတော်က) အသွားအ မီးရထားစရိတ်အားလုံး အကုန်ခံသဖြင့် ခရီးစရိတ်တစ်ပြားမှ မကုန်ရသော ကိုပဲ လုပ်ရလိမ့်မည် ထင်ပါသည်။

၁။ ထိုစဉ်က စစ်သံမှူးကြီးမှာ ဗိုလ်မှူးကြီးတင်မောင်၊ (ဆရာမြတ်ထန်) ပါသည်။



၁၆-၆-၅၂

ညနေ ၁၆း၃၀ နာရီတွင် စစ်တက္ကသိုလ်မှ ထွက်လာကြပြီး ပြင်ပတွင် င် တစ်ညလုံး ခံစစ်ကျင်းများ တူးကြ၊ သံဆူးကြိုးများကာကြနှင့် ခံစစ်နေရာ ား ပြင်ကြဆင်ကြရပါသည်။ နွေအခါရောက်နေပြီဖြစ်သော်လည်း ညမှာတော့ ပြင်တွင် ချမ်းအေးလှပါသေး၏။

၁၇-၆-၅၂

စစ်တက္ကသိုလ်သို့ နေ့လယ် ၁၁ နာရီတွင် ပြန်လည်ရောက်ရှိကြပြီး ၂း၀၀ နာရီတွင် ရိုင်ဖယ်များ စစ်ဆေးပါသည်။ စစ်ဆေးသူက ကိုကျော်ရွှေ ဖြစ်၏။ ရိုင်ဖယ်လည်း စစ်ပြီးရော နေ့လယ်စာ မြန်မြန်စားပြီး တစ်နေ့လယ်လုံး အိပ်ပစ်လိုက်သည်။

ညနေတွင် ရိုင်ဖယ်ချိန် (Zero) ရ၏။ အပြီးမသတ်ခဲ့ပါ။ ယနေ့ ကျွန်တော်တို့တပ်စုက ဂေါ်ရာလေးနှစ်ယောက်က အကြပ်ကလေး (Corporal) ထူး တိုးရကြပါသည်။ ကျောင်းသားကြီးဘဝတွင် ဂျေယူအိုဖြစ်မည့် သူများ သည်။ တပ်စု ၂၃ က ပူးဗားမင်းဆိုသူက အက်စ်ယူအိုဖြစ်မည်ဟု သတင်းပြေး နေပါသည်။

၁၉-၆-၅၂

အက်ဒ်ဝင်အာနိုး (Edwin Arnold) ရေးသော လိုက်အော့အေးရှား (Light of Asia) ဖတ်ပါသည်။ အလွန်ကောင်းသည့်စာအုပ်ကလေး ဖြစ်၏။ ဒ္ဓ၏ဖြစ်စဉ်နှင့် ဗုဒ္ဓဘာသာ အဆီအနှစ်ကို ကဗျာနှင့် ရေးထားသောစာအုပ် ဖြစ်ပါသည်။

၂၀-၆-၅၂

ယနေ့ ကောလိပ်ဟောင်းကို စစ်ရေးပြ သွားကြရာ ကောလိပ်တစ်ခုလုံး နည်းငယ် နောက်ကျသွား၍ စစ်တက္ကသိုလ်အရာခံဗိုလ် (အာအက်စ်အမ်) ၏ အရမ်းကို မောင်းပစ်လိုက်ပါသည်။ ချီတက်ရင်း သေနတ်ထမ်း၊ သေနတ် မြောက်၊ အလေးပြုတွေ လုပ်ရ၏။ လုပ်နေရင်း ရယ်တောင်ရယ်ချင်ပါသေး သည်။ ယခုကဲ့သို့ ချီတက်ရင်း ရိုင်ဖယ်လေ့ကျင့်ခန်း တစ်ခါမှမလုပ်ဖူးပါ။ မင်နောက်ကျမလားဆိုပြီး ညည်းနေခြင်းဖြစ်၏။ စစ်တီးဝိုင်းကိုလည်း အမြန်

www.burmeseclassic.com

www.burmeseclassic.com



တီးခိုင်းထား၍ အရမ်းကို အမြန်ချီတက်ကြရပါသည်။ (စစ်တီးဝိုင်းနှင့် ချီတက် ရာတွင် တီးဝိုင်းမှဘင်သံအချက်တိုင်း ခြေလှမ်းချကြရခြင်းဖြစ်ပါသည်။ အဆ ပန်းဆုံး စစ်ရေးပြတစ်ခုဖြစ်၏။ အပြန်တွင် စာကြည့်တိုက်သွားပြီး အင်္ဂလိပ် အာနိုးရေးသော လိုက်အော့သဝါး (Light of the World) ကို ငှားခဲ့ပါသည်။ ညတွင် ဖတ်ကြည့်ရာကောင်းတော့ ကောင်းပါသည်။ လိုက် အော့ဖ်အော့ လောက်မကြိုက်ပါ။

၂၁–၆–၅၂

ယနေ့ ကျောင်းဆင်းပွဲအတွက် စစ်တက္ကသိုလ်စစ်ရေးပြ လေ့ကျင့်ရ အရာရှိဆောင်းဦးထုပ် ဆောင်းထား၍ အလွန်ပင်ခေါင်းကိုက်ပါသည်။ လယ်တွင် စစ်တက္ကသိုလ် ပြေးခုန်ပစ်အသင်းနှင့် ဗြိတိသျှတပ်မတော် အလု သင်ကျောင်း (Army Apprentice School) သွားပြိုင်ကြရသည်။ ကျွန်တော် တို့အသင်းကနိုင်ပါသည်။ ကျွန်တော်တို့က ဝါးထောက်ခုန်မှာ တတိယရ သည်။ ယနေ့ သောင်းလေးစာအမှတ် ၃၅ နှင့် ဓာတ်ပုံများရရှိ၍ အလွန် ပျော်နေပါသည်။

၂၄–၆–၅၂

ယနေ့ ကျောင်းသားလတ်များ ကြံ့ခိုင်ရေးပြိုင်ပွဲနေ့။ ကျွန်တော်တို့ တပ်ခွဲက ပထမရလိုက်၏။ အခုဆိုလျှင် ကျွန်တော်တို့ တပ်ခွဲက အမှတ်ပေါင်း တွင် ရှေ့ကပြေးနေပြီး ဒုတိယလိုက်သော တပ်ခွဲထက် ၁၃ မှတ်သာနေပါသည်။ အချက်ပြတပ် (Royal Signals)က မော်တော်ဆိုင်ကယ် သရုပ်ပြကြည့်ကြ သည်။ တကယ်ကောင်းပြီး တကယ်ကျင်လည်ကြပါသည်။

၂၅–၆–၅၂

ရိုင်ဖယ် ဆေးသစ် မတင်ရသည်မှာ ကြာပြီဖြစ်၍ ရိုင်ဖယ်မောင်းပြ ပြီး ဆေးတင်ပါသည်။ ၄၅ မိနစ်ကြာ၏။ ကိုကြည်အေး၊ ကိုခင်မောင်တင့် ကိုသန်းဝင်းတို့နှင့် ရုပ်ရှင်ကြည့်ကြသည်။ ကိုလေးမောင်အခန်းတွင် ဝေလွင်နှင့် တင်မောင်သန်းကို တွေ့ရပါသည်။ တင်မောင်သန်းမှာ ဆင်းဟတ်စ် နောက် တစ်ပတ်တက်မည့်သူ ဖြစ်ပါသည်။ သူကိုတွေ့သောအခါ တစ်မျိုး ဝမ်းသာ သည်မှာ သူတို့ ကျောင်းသားငယ်ဆိုလျှင် ကျွန်တော်တို့တစ်တွေက ကျောင်း



သားကြီး ဖြစ်တော့မည်။ ကိုလေးမောင်အခန်းတွင် ပေါင်မုန့်၊ အာလူးကြော်နှင့် ငါးပိကြော်များ စားကြပါသည်။ ဆေးပေါ့လိပ်လည်း တွေ့ရ၏။ ကျွန်တော် ဆေးလိပ်ဖြတ်ထားသည်မှာ နှစ်လရှိပါပြီ။ ဆေးပေါ့လိပ် သောက်ချင်စိတ်ကို မနည်းထိန်းထားရပါသည်။

၂၆–၆–၅၂

စစ်ရေးပြ တစ်ချိန်ရှိသည်။ ညနေတွင် စကော့ဂတ်စစ်တီးဝိုင်းက ဆာလိပ်သစ် စစ်ရေးပြကွင်းတွင် (Retreat) တီးမှုတ် ပြကြပါသည်။ အလွန် ကြည့်ကောင်း၊ နားထောင်ကောင်းပါသည်။ ကျွန်တော်တို့ ရိပ်သာကြေး ပေး သွင်းထားသည့် ငွေများ ပြန်ရမည်ဟု ကြားရပါသည်။ ၅ ပေါင် ၁၆ သျှီလင် မျှော်လင့်ဘဲ ပြန်ရမည်ဖြစ်၍ သိပ်ပျော်နေရပါသည်။

၂၇–၆–၅၂

ယနေ့ စစ်နည်းဗျူဟာ လက်တွေ့စစ်ဆေးခြင်းခံရပါသည်။ ကျွန်တော် တို့အဖွဲ့က နေ့လယ် ၁၂:၅၀ နာရီကျမှ စလုပ်ရမည်ဖြစ်၍ တစ်မနက်လုံး အားနေကြပါသည်။ နက်ဖြန် ဆောက်သမ်တမ် (Southamton)သို့ ပြေးခုန်ပစ် အဖွဲ့လုံးသွားရမည်ဖြစ်၍ ညနေတွင်ပြင်ဆင်ထားရပါသည်။

၂၈–၆–၅၂

မနက် စစ်ရေးပြက တကယ်ပင်ပန်းလှပါသည်။ ၁၀:၂၀ နာရီတွင် စစ်ရေးပြပြီး ၁၀:၄၅ နာရီတွင် ဆောက်သမ်တမ်သို့ ထွက်လာကြရပါသည်။ ယနေ့ပြိုင်ပွဲတွင် ကျွန်တော်တို့အသင်းက ရှုံး၏။ ဝါးထောက်ခုန်မှာတော့ ကျွန်တော်တို့အသင်းက ပထမ၊ ဒုတိယ၊ တတိယသုံးယောက်စလုံးကနိုင်ခဲ့ပါ သည်။ ကျွန်တော်က တတိယရပါသည်။ စစ်တက္ကသိုလ်ကို ည ၉ နာရီကျမှ ပြန်ရောက်၍ လန်ဒန်သွားရန် အစီအစဉ်ဖျက်လိုက်ရပါသည်။

၂၉–၆–၅၂

ကင်ဘာလေက ဝေးဆိုက်ကဖေး (Way side Cafe) တွင် နံနက်စာ စားပါသည်။ ယခုဆိုင်မှာ ဂေါ်ဒွန်လို ကျွန်တော်တို့အကြိုက်အစားအစာ မရ သော်လည်း နေရာက အကွက်အကွင်းကျပါ၏။ လမ်းမကြီးနံဘေးမှာဖြစ်၍

www.burmeseclassic.com

www.burmeseclassic.com



မှန်တံခါးကြီးတွေကနေ လမ်းသွားလမ်းလာတွေကို ငေးလို့ကောင်းပါသည်။ နေ့လယ်တွင် ကိုလေးမောင်အခန်းတွင် ကိုကြည်အေး၊ ကိုကိုကြီးတို့နှင့် ... ပိကြော်၊ ဝက်အူချောင်း၊ ပေါင်မုန့်၊ အာလူးကြော်များနှင့် ရေနွေးကြမ်း... သောက်ကြ၊ စားကြ၊ မယ်ဒလင်တီးကြနှင့် အချိန်ကုန်ကြရ၏။

၁-၇-...

မနက်မိုးလင်း၍ ဘီအာစီကို ထွက်လာသောအခါ အရာရှိရိပ်သာ... အပေါ်ထပ်က နာရီစင်ကြီးပေါ်တွင် မိုးကာကြီးအုပ်ထားပြီး အရာရှိရိပ်သာ... ဖြတ်၍ ကျောင်းသားအဆောင် ဒီဘလောက် (D block) မှ စီဘလော... (C block) ကို ကြိုးတန်းတန်းထားကာ ကြိုးတွင် မီးသတ်ရေပုံးများ ... ဆွဲထား၏။ အရာရှိရိပ်သာနှင့် အားကစားရုံအမိုးပေါ်တွင် စက်ဘီးများ ... ထားကြသည်။ ဗိုလ်လောင်းတွေ ညက သောင်းကျန်းထားကြခြင်း ဖြစ်... သည်။ ဆောမ်တပ်ခွဲက အကဲဆုံးဖြစ်၏။ တပ်ခွဲတစ်ခွဲလုံး အပျော်အပျက်ဝတ်... (Gala dress) များဝတ်ထားကြပြီး စစ်ဆေးသူ ကျောင်းသားက ကား... ကလေးတစ်စီးနှင့် ပြီးတော့ ဗိုလ်လောင်းနှစ်ယောက်က ထိုကားနောက်... မြင်းစီးပြီးလိုက်စစ်ဆေးကြ၏။ မလေးရှားဗိုလ်လောင်း ခူကလူဖီးဆိုသူ... အရာခံဗိုလ်လုပ်ပြီး တပ်ခွဲကိုတန်းညှိပါသည်။ သူ့အသံကစူးရှပြီး အမိန့်ပေး... အလွန်ကောင်းသူဖြစ်ပါသည်။ [ကျွန်တော် ၁၉၇၄ ခုနှစ်၊ မလေးရှား... ရောက်ခဲ့ရာတွင် (သမ္မတကြီး ချစ်ကြည်ရေးခရီးတွင် လိုက်ပါရခြင်းဖြစ်ပါ... ခူကလူဖီးအကြောင်းမေးကြည့်ရာ ထိုအရာရှိမှာ သောင်းကျန်းသူများနှင့် တိုက်... ရင်းကျဆုံးသွားပြီဖြစ်ကြောင်းသိရပါသည်။ ကျွန်တော်တို့ ကျောင်းသား... ဘဝတွင် ကျောင်းသားငယ်တစ်ဦးဖြစ်သူကို ၁၉၇၄ ခုနှစ်တွင် ဗိုလ်ချုပ်ရာထူး... တွေ့ရ၍ ကျောင်းသားကြီးဖြစ်သူ အော့သမင်မှာ မလေးရှားတပ်မတော် ဦး... ချုပ် ဗိုလ်ချုပ်ကြီးဖြစ်နေသည်ကို တွေ့ခဲ့ရပါသည်။]

စစ်တက္ကသိုလ် ၆ လပတ်ပြီးခါနီးတွင် ဤကဲ့သို့ ဗိုလ်လောင်းများ... သောင်းကျန်းမြဲဖြစ်၏။ တစ်ချိန်လုံး စည်းကမ်းကြီးမားလှသည့်နေရာ... ကျပ်ကျပ်တည်းတည်းနေလာကြရပြီး ယင်းသို့တစ်ခါတစ်ရံ ပျော်ကြနောက်ကြ... သည်ကို စစ်တက္ကသိုလ်ကလည်း ခွင့်လွှတ်ထား၏။



၂-၇-၅၂

သင်တန်းများအပြီး လန်ဒန်သွားကြပါသည်။ လက်ပတ်နာရီ ပြန်...ရသည်။ အတိုးက ၁ သျှီလင် ၇ ပဲနီ ကျပါသည်။ အလွန်ပင် သက်သာပါ...သည်။ ဟောင်ကောင်စားသောက်ဆိုင် (Hong Kong Restaurant) ကို ...ပြီး တရုတ်စာ စားသောက်ကြပါသည်။ တကယ်လည်း စားကောင်း၊ ...ကယ်လည်း ပိုက်ဆံကုန်သည့်နေရာဖြစ်၏။ ထို့ကြောင့် လန်ဒန်တရုတ်ဆိုင်...င် ကျွန်တော်တို့ စားခဲ့ပါသည်။ ထိုတရုတ်ဆိုင်တွင် မြန်မာပြည်မှ အဘိုး...တစ်ယောက်တွေ့ပါသည်။ စားပွဲထိုး လုပ်နေခြင်းဖြစ်၏။ အသက် ၅၀ ...ကျော်ရှိပါပြီ။ သင်္ဘောမီးထိုးအဖြစ်လိုက်လာရင်း လန်ဒန်တွင် အိမ်ထောင်ကျ... တရုတ်ဆိုင်တွင် စားပွဲထိုးလုပ်နေခြင်းဖြစ်၏။ ထိုအလုပ်က အလွန်ပင် ...ကျကြောင်းပြောပါသည်။ ရသည့်လခမှာ မများလှပါ။ သို့ရာတွင် အဖျား (Tips)က အများကြီးရပါ၏။ ဘီလပ်တွင် အဖျားကို ၁၀ ရာခိုင်နှုန်း ပေးကြရ...သည်။ ဥပမာ သူငယ်ချင်းနှစ်ယောက် ကောင်းကောင်းစားကြလျှင် ၅ ပေါင် ...ကျတော့ကုန်ကျပါ၏။ ၅ ပေါင်ဆိုလျှင် အဖျားက ၁၀ သျှီလင်ဖြစ်၏။ ...လို့ မဖြစ်ပါ။ ဆိုင်မှာစားသွားပြီး အဖျားပေးမသွားလျှင် နောင်သည်ဆိုင် ...၍ စားဖို့မကြံပါလေနှင့်။ စားပွဲထိုးက လုံးဝဂရုမစိုက်တော့ပါ။ ထို့ပြင် ...လေးစားလုပ်ခြင်းကို ခံရပါမည်။ ယင်းအဘိုးကြီးသည် အဖျားကို တစ်နေ့ ...င် ၂၀၊ ၃၀ ကောင်းကောင်းရနေပါသည်။ ဟောင်ကောင်ဆိုင်တွင်စားလျှင် ...ကို မေးစမ်းပြီးသူနှင့် မြန်မာလိုပြောကာ ကြိုက်တာကို မှာစားကြရသည်။ ...နောက် ရုပ်ရှင်ကြည့်ကြပြီး စစ်တက္ကသိုလ်ကို ညနေ ၁၉း၅၀ နာရီ ကားနှင့် ...လာကြ၍ ၂၂း၁၅ နာရီတွင် ကင်ဘာလေကို ရောက်ကြပါသည်။ လမ်းဘေး ...တွင်ပင် ညစာစားကြ၏။ ဝေါ်ဒွန်ကလည်း ငွေများများပါမှ စားလို့ကောင်း...သည်။

၄-၇-၅၂

ကျောင်းဆင်းပွဲအတွက် ကျောင်းသားလတ်များ အားလုံးစုပြီး စစ်ရေး ...လေ့ကျင့်ကြရသည်။ ကောလိပ်ဟောင်း စစ်ရေးပြကွင်းဖြစ်၏။

၅-၇-၅၂

စစ်တက္ကသိုလ် စစ်ရေးပြတွင် အပြာဝတ်စုံနှင့် ခါးပတ် သေနတ်ကြိုး

www.burmeseclassic.com

www.burmeseclassic.com



အဖြူ (ဘတ်ဖ်)တွေဝတ်ကြရ၏။ ဖိနပ်ကတော့ ဒုတိယအကောင်းဆုံးဖိနပ်စီးရပါသည်။ နေ့လယ်တွင် ဆေးထိုးရ၏။ တီတီတစ်လုံးတည်းမို့ ဆေးသေး၏။ ကိုလေးမောင်၊ ကိုကြည်အေးတို့နှင့် ရုပ်ရှင်သွားကြည့်ကြပြီး ကိုလေးမောင်အခန်းတွင်ပင် ငါးပိကြော်၊ ဝက်အူချောင်း၊ အာလူးကြော်နှင့် ရေနွေးကြမ်းဝိုင်း၊ မယ်ဒလင်ဝိုင်းလုပ်ကြပါသည်။ ညစာကိုတော့ ဝေးဆိုက် ကာဖေး ထွက်ပြီး တစ်ယောက်တည်းပင် စားလိုက်ပါသည်။

၆-၇-

ရိုင်ဖယ်တိုက်ပြီးနားရင်း စာကြည့်၏။ နေ့လယ် ကိုလေးမောင်အခန်းသွားပြီး ညစာ ဝေးဆိုက်ကာဖေးမှာပင် စားကြပါသည်။

၇-၇-

နက်ဖြန် စစ်ရေးပြရှိ၍ ကျောင်းက ဆံပင်ညှပ်ဆိုင်သွားသော်လူတွေများလွန်း၍ မစောင့်နိုင်တော့ဘဲ အပြင်ထွက်ပြီး ညှပ်လိုက်ရ၏။ နေ့လယ်တွင် ရိပ်သာငွေစာရင်း လေ့ကျင့်ခန်း လုပ်ကြရ၏။ တော်တော်နောက်ကျပြီးပါသည်။ တော်ပါသေး၏။ ကိုကျော်ရွှေ့အခန်း သွားပေးသောအခါ အခန်းထဲ မရှိသည်နှင့် သူ့စားပွဲပေါ်တွင်ပင် တင်ပစ်ခဲ့ရသည်။ သူနှင့်တွေ့ရန် နောက်ကျသဖြင့် ဆိုနေဦးမည်။

၈-၇-

ယနေ့ တပ်ခွဲစစ်ရေးပြပြိုင်ပွဲဖြစ်၏။ ကျွန်တော်တို့ တပ်ခွဲက နံပါတ် (၇) ချိတ်သည်။ သို့သော် အခြားပြိုင်ပွဲတွေမှာ အမှတ်များနေ၍ ကျွန်တော်တို့ ဂါဇာတပ်ခွဲက နောက်တစ်ကြိမ် ဘုရင့်တပ်ခွဲဖြစ်ပြန်ပါပြီ။ ယခုကဲ့သို့ ဆန်းဟတ်စ်သမိုင်းတွင် တပ်ခွဲတစ်ခွဲက ၃ ကြိမ်ဆက်ပြီး ဘုရင့်တပ်ခွဲဖြစ်သည်မှာ ပထမဆုံးအကြိမ်ဖြစ်ပါ၏။ တစ်ညနေလုံး ကျွန်တော်တို့တပ်ခွဲမှာ ဆူညံပွက်လော ဗျောက်အိုးတွေ ဖောက်ကြ၊ သံပုံး၊ သံခွက်များ တီးကြ၍ တပ်ခွဲမှူးကလည်း တပ်ခွဲတစ်ခွဲလုံးကို ပေးအေး (Pale Ale) တိုက်ပါသည်။ ယနေ့ ညစာစားပွဲမှာ နောက်ကြပြောင်ကြ ဆူကြဟစ်ကြနှင့် ပျော်စရာ အလွန်ကောင်းသည်။ တစ်ယောက်နှင့်တစ်ယောက် ပေါင်မုန့်နှင့်ပစ်၊ ဖွန်းလေးတွေနှင့် ခေါက်နှင့် ကျွန်တော့်နဖူးကို ဘယ်သူပစ်လိုက်သည့်ဖွန်းမှန်းမသိ လာမှန်၍ ထိုးကောက်ပြီး မကောင်းသူထိပ် ကောင်းသူထိပ် ပြန်ပစ်ထည့်လိုက်ပါသည်။



ညစာစားပြီးကြသောအခါ မီးသတ်ပိုက်ကြီးများနှင့် တပ်ခွဲတစ်ခွဲနှင့်တစ်ခွဲ ပက်ကြပြန်၏။ မှန်ပြတင်းတွေကနေ ပိုက်နှင့်ထိုးပြီး တအားပက်ကြခြင်း ဖြစ်၏။ အမဲလိုက်သောအခါ မှုတ်သည့်ခရာများ ဘယ်ကထွက်လာသည်မသိ ခရာတွေမှုတ်၊ ဝီစီတွေ မှုတ်ကြအော်ကြနှင့် တိုင်းပြည်ပျက်သလို ဖြစ်နေ၏။ ဤကဲ့သို့ တပ်ခွဲစစ်ရေးပြပြိုင်ပွဲပြီးလျှင် အော်ကြဆူကြပူကြလုပ်သည်မှာ ထုံးစံလို ဖြစ်နေကျဖြစ်နေသော်လည်း ယခုနှစ်တော့ အကြမ်းဆုံးဖြစ်၏။ ကျွန်တော်တို့ ၃ ကြိမ်ဆက်ပြီး ဘုရင့်တပ်ခွဲဖြစ်သဖြင့် ပိုသောင်းကျန်းကြခြင်းဖြစ်၏။ ကျွန်တော်တို့ တပ်ခွဲကိုလည်း အခြားတပ်ခွဲများက ဝိုင်းပြီး သောင်းကျန်းကြ၏။ ဤသို့ သောင်းကျန်းကြသည်ကို (Sandhurst Rag) ဟု ခေါ်ပါသည်။ ဘုရင့်စစ်တက္ကသိုလ် ဆူပွဲပူပွဲ၊ ကျောင်းစည်းကမ်းတွေ ချိုးဖောက်ပွဲဟု အဓိပ္ပာယ်ရပါသည်။ တစ်နှစ်လုံး စည်းနှင့်ကမ်းနှင့်နေလာကြပြီး တစ်နှစ်မှတစ်ခါ ယခုကဲ့သို့ သောင်းကျန်းကြသည်ကို တရားဝင်ကို ခွင့်ပြုထားပါသည်။ တစ်ချိန်လုံး စည်းကမ်းစနစ်ဖယားနှင့် ချုပ်ချယ်ထား၍ အပြင်ပန်းက ငြိမ်ဝပ်ပိပြားနေသော်လည်း အတွင်းကျိတ် မကျေနပ်မှုများ၊ ခံစားမှုများရှိနေသည်ဖြစ်၍ တစ်ခါတစ်ရံ ထွက်ပေါက် (Safety Valve) ထားပြီး လွှတ်ပေးသည့်သဘောဖြစ်ပါ၏။

ညစာစားအပြီး ကိုကြည်အေးနှင့် ပြောနေကြရသေး၏။ ကျွန်တော်တို့ ရောက်မှာ တကယ်ကို ကံကောင်းပါ၏။ စရောက်သည့်အချိန်တွင် ဘုရင့်တပ်ခွဲကိုရောက်ကြ၏။ နောက်နှစ်ကြိမ် ဘုရင့်တပ်ခွဲဖြစ်ရသည်မှာ ကျွန်တော်တို့ စားမှုလည်းပါပါသည်။ ထိုကဲ့သို့ မကြုံစဖူး ၃ ကြိမ်ဆက်ပြီး ဘုရင့်တပ်ခွဲ၌ ကျွန်တော်တို့ရောက်နေခြင်းမှာ တကယ့်ကုသိုလ်ကံဖြစ်၏။ ဘုရင့်တပ်ခွဲဖြစ်သည်မှာ စစ်ရေးပြတွင် အခြားတပ်ခွဲများ၏ သေနတ်မြှောက် အလေးပြုခံရခြင်းကို ရေးခဲ့ပြီးပါပြီ။ နောက်တစ်ချက် ကျန်ပါသေးသည်။ စစ်တက္ကသိုလ် ကျောင်းသားတိုင်း ဘယ်ဘက်ပခုံးတွင် ဝီစီကြိုး (Lanyard) တပ်ကြရပါသည်။ ကျွန်တော်တို့ ကောလိပ်သစ်က ကြိုးအပြာရောင်၊ ကောလိပ်ဟောင်းက ကြိုးအနီ၊ ဗစ်တိုရီးယားအောင်ပွဲကောလိပ်က ကြိုးအဝါရောင်ဖြစ်၏။ ဘုရင့်တပ်ခွဲမှ မိုလ်လောင်းများက အနီ၊ အပြာ၊ အဝါ ကြိုးသုံးရောင်ပူးပြီး ကျစ်ထားသော သုံးရောင်ခြယ်ကြိုးတပ်ထားရ၏။ နေ့စဉ်ပင် ကျွန်တော်တို့ကို ဘုရင့်တပ်ခွဲက မိုလ်လောင်းများ လူတိုင်းသိကြရပါသည်။

ကိုကြည်အေးနှင့် စကားပြောနေစဉ် ကျွန်တော့်အတွက် စာတိုက်မှ တစ်စောင်ရောက်နေသည်ဆို၍ သောင်းလေးစာပဲ ဖြစ်ရသည်။ ယနေ့တော့

www.burmeseclassic.com

www.burmeseclassic.com





အင်္ဂလန်ရောက်ပြီး အပျော်ဆုံးနေ့တစ်နေ့ပင် ဖြစ်ပါသည်။

၉-၇-၅၂

သောင်းလေးစာထဲတွင် သူတို့တစ်တွေ တစ်နှစ်လောက် မရခဲ့သော (Family Allotment) ငွေ ၆၀၀ လောက် စုထုတ်ရကြောင်းသိရပါသည်။ သိပ်ကိုပျော်သွားပြီး စစ်သံမှူးကြီးကိုလည်း ကျေးဇူးတင်ကြောင်း၊ မိသားစုလည်း ငွေများရပြီဖြစ်ကြောင်း စာပြန်ရေးလိုက်ပါသည်။ သောင်းလေးဆီ စာပြန်ရေးရပါသည်။ မိသားစုငွေတွေစုပြီးထုတ်ကြရ၍ ပျော်သည့်အထိမ်းအမှတ်နှင့် ညစာကို တစ်ဦးတည်း အပြင်ထွက်၍ ဝေးဆိုက်ကာဖေးမှာ စားလိုက်ပါသည်။

၁၀-၇-၅၂

ယနေ့ ညစာစားပွဲညဖြစ်၏။ တီးဝိုင်းအဖွဲ့က ဘုရင်မ တပ်ရင်းတီးဝိုင်း (Queen's Own Regiment) မှ ဖြစ်ပါသည်။ ကျွန်တော်ကတော့ ညစာစားပွဲ မြန်မြန်ပြီးစေချင်ပါသည်။ စာမေးပွဲတွေနီးလာ၍ အခန်းပြန်ပြီး စာကြည့်ချင်နေပါသည်။ ပြီးစေချင်ကာမှ ညစာစားပွဲမှာ တော်တော်နှင့်မပြီးနိုင်ဘဲ အတော်ကြာမှ ပြီးပါတော့သည်။

၁၁-၇-၅၂

ကြံ့ခိုင်ရေးသင်တန်းမှာ တကာယ်ကို ပင်ပန်းပါသည်။ အင်္ဂါနေ့က ...လ်လောင်းများ သောင်းကျန်းကြ၍ အပျက်အစီးများရှိကြောင်း၊ ပေါင်စတာလင် ၃၉ ဖိုး ပျက်စီးကြောင်း၊ ကင်ဘာလေ ရေကန်ထဲမှ လှေများမှောက်ပစ်ပြီး ...အချို့ကိုပါ ရေကန်ထဲပစ်ထည့်ကြကြောင်း၊ ကင်ဘာလေသတင်းစာ (Camberly News) က ရေးသားထားပါသည်။ ခေတ်သစ်စစ်သမိုင်း ဘာသာ ...တွင် လက်ချာပေးရမည်ဖြစ်သဖြင့် ပြင်ဆင်နေရပါပြီ။

၁၂-၇-...

ယနေ့ ကျောင်းသားလတ်၊ ကျောင်းသားငယ်များ အ... ...ပတ်၊ ဖိနပ်များနှင့် စစ်တက္ကသိုလ် စစ်ရေးပြလုပ်ကြရပါသည်။ ... ...လ်လောင်းများ သောင်းကျန်းကြသည်မှာ တရားလွန်ဖြစ်၍ ... ...တ်တော်မှာပင် မေးခွန်းမေးမည် ကြားရသည့်အကြောင်း ...

www.burmeseclassic.com

www.burmeseclassic.com



သူမိန့်ခွန်းတွင် ထည့်ပြောပါသည်။

လန်ဒန်ကို ကားနှင့်လာခဲ့ပြီး ဟောင်ကောင်တရုတ်ဆိုင်တွင် ညစာ စားပါသည်။ ထိုဆိုင်မှာပင် မြန်မာပြည်မှ ဆရာမဒေါ်စောစနှင့် အခြား အမျိုး သမီးနှစ်ဦးကိုတွေ့ခဲ့ရပါသည်။ နိုင်ငံခြားရောက်နေစဉ်တွင် ယခုကဲ့သို့ မြန်မာ အချင်းချင်းတွေ့ကြလျှင် ယခင်က မသိဖူးစေကာမူ ချက်ချင်းပင် ခင်မင်သွား ကြပြီး မြန်မာပြည်ကသတင်းများ မေးကြစမ်းကြနှင့် စကားပြော၍ အလွန် ကောင်းပါသည်။ မြန်မာလိုပြောရသည်ကိုက အရသာရှိနေသည် ထင်ရပါ ဟောင်ကောင်စားသောက်ဆိုင်တွင် စားသောက်ရာတွင် ငွေများများ အကုန် နိုင်၍ ခေါက်ဆွဲပြုတ်ပဲ သောက်ခဲ့ခြင်းဖြစ်ပါသည်။ ညစာကို ဗမာသစ်ဆိုင်တွင် မုန့်ဟင်းခါးသွားစားပါသည်။ မြန်မာဆိုင်တွင် မလေးရှားက ဗိုလ်လောင်းများ လာပြီး စားသောက်နေကြသည်ကို တွေ့ရပါသည်။ ညမှာပင် စစ်တက္ကသိုလ်သို့ ပြန်လာခဲ့ကြပါသည်။

၁၃-၇-၅

ကိုကိုကြီးနှင့် ရုပ်ရှင်အတူကြည့်ပြီး ဂေါ်ဒွန်ဆိုင်တွင် ညစာစားကြ သည်။ အပြန်တွင် စစ်သမိုင်းလက်ချာပေးရန် ပြင်ရဆင်ရပါသည်။

၁၄-၇-၅

ယနေ့နံနက်ခင်းတွင် လက်ချာတစ်ချိန်သာတက်ရပါသည်။ ကိုယ်တိုင် စာကြည့်ချိန်ရပြီး နောက်တစ်ချိန်တွင် ကျွန်တော်က စစ်သမိုင်း ဘာသာရပ် လက်ချာပေးရပါသည်။ မိုးဘရား၏ တိုက်ပွဲစဉ် (Campaigns of Marlborough) အကြောင်းဖြစ်ပြီး မြေပုံတွေနှင့်ရှင်းပြီး ပြောရပါသည်။ ဆရာကရော ဗိုလ်လောင်းများကပါ စိတ်ပါဝင်စားကြပြီး မေးခွန်းများ တော်တော်မေးကြ ပါသည်။

၁၅-၇-၅

ယနေ့ အားကစားပစ္စည်းများ ပြန်အပ်ကြရပြီး ကိုယ်အလေးချိန် အရပ်တိုင်းလုပ်ကြရပါသည်။



၁၇-၇-၅၂

ယုံကြည်မှုနေရာတွင် တစ်ချိန်သွားပြီး လေ့ကျင့်ကြရပါ၏။ အနီးကပ် တ်ပုတ်ခြင်း (Close Combat) သင်ကြရပါသည်။ စစ်သမိုင်း စာစီစာကုံး ပြန်ရပြီး မှတ်ချက်များ တော်တော်ကောင်းပါသည်။ ယင်းဘာသာရပ်မှာ န်တော် ဝါသနာအပါဆုံးတစ်ခုဖြစ်ပြီး ဖတ်ထားသောစာအုပ်ကလည်း တော်များသဖြင့် စာစီစာကုံးများ၊ ဆွေးနွေးပွဲများတွင် မှတ်ချက် အတော် င်းပါသည်။ နက်ဖြန် စီးပွားရေးဘာသာနှင့် သိပ္ပံစာမေးပွဲအတွက် စာကြည့် ဆင်ရပါသည်။ သံရုံးကလည်း ကျောင်းပိတ်ရက်အတွက် နေ့တွက်ခရီးစရိတ် င်းခံလွှာများ ပို့လိုက်ပါပြီ။

၁၈-၇-၅၂

ယနေ့နံနက် ၅ နာရီတွင်ထပြီး စာကြည့်ပါသည်။ သိပ္ပံစာမေးပွဲတွင် ညို့ထားသည်များ အများကြီးတို့၍ ကြိုးစားရကျိုးနပ်ပါသည်။ စီးပွားရေး သာရပ်တွင် ကျွန်တော့်အတွက် ဘာပြဿနာမှမရှိပါ။ ကောင်းစွာ ဖြေဆို ပါသည်။ နေ့တွက် ခရီးစရိတ် တောင်းခံလွှာများဖြည့်ပြီး သံရုံးသို့ ပြန်ပို့ က်ပါသည်။

၁၉-၇-၅၂

ကျောင်းပိတ်ရက်မှာ လည်ကြရန် ယနေ့ တပ်ခွဲမှူးထံသို့ မီးရထား မ်းတောင်းခံလွှာ တင်ကြရပါသည်။ ကိုကြည်အေးနှင့် ကျွန်တော်က ကျောင်း တ်ရက်တစ်လတွင် စကော့တလန်နှင့် အိုင်ယာလန် ဘယ်ဖတ် (Belfast) ားလည်ကြရန် စီစဉ်ထားပါသည်။

၂၀-၇-၅၂

မီးရထားဝရမ်းလျှောက်လွှာ တပ်ခွဲမှူးထံမှပြန်ရပါပြီ။ ရထားလက်မှတ် းကို အီဒင်ဘာရာမှ အိုင်ယာလန်ကို ထုတ်ပေးမည်ဖြစ်ကြောင်း၊ ရထား က်မှတ် ၃ စောင်ရမည်ဖြစ်ပြီး ပထမ ကင်ဘာလေမှ အီဒင်ဘာရာသို့ စ်စောင်၊ နောက်တစ်စောင်က အီဒင်ဘာရာမှ ဘယ်ဖတ်၊ နောက်အပြန် က်မှတ်မှာ ဘယ်ဖတ်မှ ကင်ဘာလေကိုပြန်ရန်ဖြစ်ပါသည်။ နက်ဖြန် သင်္ချာ မေးပွဲဖြစ်၍ တစ်နေ့လယ်လုံးစာကြည့်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



၂၁-၇-၅

ယနေ့ သင်္ချာနှင့်အုပ်ချုပ်မှုစာမေးပွဲ ကောင်းကောင်းမဖြေနိုင်၍ အသင့်အတင့်လောက်ပဲ ရပါသည်။

၂၂-၇-၅

အချက်ပြစာမေးပွဲ ကောင်းကောင်းဖြေနိုင်ပါသည်။ စစ်ရေး စာမေးပွဲကတော့ အသင့်အတင့်ပဲရပါ၏။ အရေးကြီးသောစာမေးပွဲများ အားလုံးဖြေ၍ပြီးပါပြီ။

၂၃-၇-၅

ယနေ့ စစ်ရေးပြနှစ်ချိန်ပြီး၍ လက်နက်သင်တန်းကို စက်ပစ်ကွင်း အသေး (Miniature Range) တွင်သင်ကြရ၏။ စက်ပစ်ကွင်း အသေး သည်မှာ ပုံစံခန်းလိုအခန်းထဲတွင် စကေးအလိုက် စက်ပစ်ကွင်းပုံသဏ္ဌာန် လုပ်ထားခြင်း ဖြစ်ပါသည်။ ပွိုင့်တူးတူး (.22) သေနတ်နှင့် ပစ်ကြ နေ့လယ်တွင် ပြင်ပ၌ အမိန့်ပေးသင်ခန်းစာလုပ်ကြရပါသည်။ ပထမ သရုပ် ကြည့်ကြရ၏။ အလွန်စိတ်ဝင်စားဖို့ကောင်းသော သင်ခန်းစာဖြစ်ပါသည်။ စစ်မြေပြင်တွင် အမိန့်ပေးသောနည်းများကို လေ့ကျင့်ရခြင်းဖြစ်ပါသည်။

၂၄-၇-၅

နံနက် စစ်ရေးပြနှစ်ချိန်ပြီးသောအခါ တပ်ခွဲမှူးနှင့် တွေ့ရပါသည်။ ကျွန်တော် ကျောင်းသားလတ်ဘဝတွင် လုပ်တာကိုင်တာနှင့်ပတ်သက်ပြီး ရေးထားသော အစီရင်ခံစာကိုပြပါသည်။ သင်ကြားသော ဆရာအားလုံး လည်း ကျွန်တော်နှင့်ပတ်သက်၍ အစီရင်ခံစာတွေ ကောင်းတာတွေ ရေး ရထားပြီး သူ့ထင်မြင်ချက်ကလည်း သိပ်ကောင်းပါသည်။ အကောင်းဆုံး ကျွန်တော့်အကြိုက်ဆုံးအချက်ကတော့ 'ဆုံးဖြတ်ချက်ခိုင်မာပြီး အလွန် ကြိုး စားမှုရှိသည်'ဆိုသည့်အချက်ပင် ဖြစ်ပါသည်။

၂၅-၇-၅

စစ်ရေးပြ နှစ်ချိန်ရှိပါသည်။ အလံတော် စစ်ရေးပြအတွက် လေ့ကျင့် ကြရခြင်းဖြစ်၏။ နေ့လယ်တွင် စာမေးပွဲအမှတ်များကို တပ်ခွဲကြော်ငြာသင်ပုန်း



တပ်ထားပါသည်။ စီးပွားရေးတွင် အဆင့် +၀ ရပြီး သိပ္ပံတွင် +၇ နှင့် တွင် +၂ သာ ရပါသည်။ စီးပွားရေးတွင် တပ်ခွဲတစ်ခုလုံး၌ +၈ မှာ ဆုံးအဆင့်ဖြစ်ပြီး သိပ္ပံတွင် +၇ မှာ ဒုတိယအများဆုံးအဆင့် ဖြစ်ပါသည်။

၂၆-၇-၅၂

အလံတော် စစ်ရေးပြနေ့ဖြစ်၏။ ကျွန်တော်တို့ တပ်ခွဲကိုပင် အလံ ထပ်ပြီးပေးသည့် အခမ်းအနား ဖြစ်ပါသည်။ ကျောင်းအုပ်ကြီးကလည်း ကြီးနှင့်ပင်ဖြစ်၏။ ကျောင်းအုပ်ကြီး ပထမဆုံးအကြိမ် မြင်းစီးသည်ကို ခြင်း ဖြစ်ပါသည်။ ဆုတွေလည်းပေးပါ၏။ ဘားမားတပ်ခွဲမှ ဂျေယူအို က ဂုဏ်ထူးဆောင်ဓားရပြီး ကျွန်တော်တို့ တပ်ခွဲကိုတော့ တပ်ခွဲတစ်ခု ကျောင်းအုပ်ကြီးက ချီးကျူးပါသည်။ ဘုရင့်တပ်ခွဲဆက်ပြီး ရသည့် ဖြစ်ပါ၏။ တပ်ခွဲမှူးနှင့် တပ်ခွဲအရာခံဗိုလ်ကိုလည်း သီးခြားချီးကျူး ည်။ ညတွင် အပြင်ထွက်ပြီး ဝေးဆိုက်ကာဖေးမှာပင် ညစာစားကြပြီး ကြည့်ကြပါသည်။

၂၇-၇-၅၂

ယနေ့ မောန်းကိုသွားကြပါသည်။ အပတ်စဉ် (၁၂)တက်ရောက်မည့် ကျောင်းသားငါးဦး ရောက်နေကြပါပြီ။ ယခုအပတ်တွင် ကိုတိုက်သိမ်း ပါလာပြီး ကျွန်တော်တို့အဖွဲ့ကို ငါးပိကြော် တစ်ပုလင်းပေး၍ ထုံးစံ း အက်ဂျီအက်မှ ဝက်အူချောင်း၊ ပေါင်မုန့်၊ အာလူးကြော်နှင့် ကိုလေး ခန်းမှာပင် ဝိုင်းစားကြပါသည်။ အပတ်စဉ် (၁၂) ဆင်းဟတ်စ် တက် ဗိုလ်လောင်းများမှာ ဗိုလ်တိုက် (တိုက်သိမ်းမောင်)၊ ထွန်းကြည်၊ တင်မောင်သန်းနှင့် ယင်ယင်ချန်းတို့ဖြစ်ပါသည်။ (ဗိုလ်တိုက်မှာ ယခု တောင်ညွှန့်မြို့နယ်၊ ပြည်သူ့ကောင်စီ ဥက္ကဋ္ဌ၊ ထွန်းကြည်မှာ ဗိုလ်ကြီး ကြည် (ကွယ်လွန်)၊ စိန်ရှမှာ ယခု လေ့ကျင့်ရေးညွှန်ကြားရေးမှူး ဗိုလ်မှူးကြီး တင်မောင်သန်းမှာ ဘီလပ်သူနှင့်ရပြီး တပ်ထဲမှထွက်၍ ဘီလပ်တွင် သည်။ ချန်းမှာ စောစောကပင် တပ်မတော်မှထွက်သွားခဲ့ပါသည်။)

၂၈-၇-၅၂

ယနေ့ ဝတ်စုံအပြည့်နှင့် ကျောင်းဆင်းပွဲလေ့ကျင့်ကြရပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် ကောလိပ်ကျောင်းအုပ်ကြီး၏ လက်ချာတစ်ချိန် တက်ကြ… စက်ပစ်ကွင်းတွင် ရိုင်ဖယ်သွားပစ်ကြရပါသေး၏။ ကိုက် ၃၀၀ မှ… ကျွန်တော်က တားဂက်ကြီးတစ်ခုလုံးကို မမှန်ပါ။ ၅ ချက်ပစ်တာ… ပစ်တိုင်း အလဲနီပြတော့၏။ ကျွန်တော်တို့အချင်းချင်း ဤကဲ့သို့ အ… သည်ကို လုကလေးစိန်ထွက်သည်ဟုခေါ်ကြပါသည်။ ကျွန်တော့်သေ… ဓါးရိုးလည်း သေသေချာချာ မလုပ်ရသေးသည့်အပြင် ကျွန်တော်… သေနတ်ပစ် ခပ်ချာချာနှင့်တူပါသည်။ မြန်မာပြည်မှာ ပစ်ခဲ့စဉ်က… သေနတ်ပစ် သိပ်မစွံသည်ကို ကိုယ့်ဟာကိုယ် သိပြီးဖြစ်ပါသည်။

ဘဏ်မှ ၂၈ ပေါင် ထုတ်လိုက်ပါသည်။ ကျောင်းပိတ်ရက် သုံး… ဖြစ်ပါသည်။

၂၉-…

ယနေ့ ကျောင်းဆင်းပွဲစစ်ရေးပြ။ (ဘုရင့်စစ်ရေးပြ The Sov… Parade ဟုလည်း ခေါ်ပါသည်။) ဘီဒီ (B.D. Battle Dress) သ… ဝတ်စုံများနှင့် လေ့ကျင့်ကြရပါသည်။ ယနေ့ကစပြီး ကျောင်းပိတ်သည့်… ကျွန်တော်က တပ်ခွဲကျောင်းသား တာဝန်ခံ (Orderly Corporal) … သည်။ သောင်းလေးထံမှ စာနံပါတ် ၃၇ ရပြီး စာပြန်ရေးပါသည်။ … တွင် သချာနှင့်သိပ္ပံစာအုပ်များပြန်အပ်ပြီး ကျောင်းပိတ်ရက် ခွင့်ပြန်… ပစ္စည်းများသိမ်းနေပါပြီ။

၃၀-…

ကျောင်းသား တာဝန်ခံကျသည်ကလွှဲ၍ ယနေ့မနက် သင်… မများလှပါ။ စီးပွားရေးစာအုပ်များ ပြန်အပ်ပြီး ခွင့်သွားစဉ် မလိုမည့်… ကို ပစ္စည်းခန်းသို့ပို့ပါသည်။ ယနေ့ ဗိုလ်လောင်းများ၏ စာတွေ့… စုပေါင်းအဆင့် (Combined Grade) တွေ ကြော်ငြာသင်ပုန်းမှာ က… ကျွန်တော်က ရှစ် (+၈) ရပါသည်။ အင်မတန်ကောင်းသည့် အဆင့်… ညစာကို အပြင်ထွက်ပြီး ဝေးဆိုက်ကာဖေးမှာပင်စားပါသည်။ … အဘိုးကြီးက လူနည်းနည်းရှင်း၍ ကျွန်တော်နှင့် လာ၍စကားပြော… သူ့အနေနှင့် နိုင်ငံခြားသားများအားလုံး ရိုးသားမှုရှိသည်ကို တွေ့ကြ… များကို ပြောပြပါသည်။ သူတွေ့ဖူးသည်ကလည်း ဆင်းဟတ်စ်လာ…



ဗိုလ်လောင်းများကိုသာ တွေ့ဖူးထားခြင်းဖြစ်ပါလိမ့်မည်။

၃၁-၇-၅၂

ဘုရင့် စစ်ရေးပြ (ကျောင်းဆင်းပွဲ စစ်ရေးပြ) နေ့ပင်ဖြစ်၏။ ကိုလေး မောင်ကြီးတို့အပတ် ကျောင်းဆင်းပွဲဖြစ်၏။ မနက်စောစောမှာ မိုးဖွဲလေးများ ကျပြီး နောက်ပိုင်း လင်းလာပါသည်။ ကျောင်းဆင်းပွဲတွင် ဧည့်သည်များ တော်တော်လာကြပါသည်။ ကျွန်တော်တို့ မြန်မာသံရုံးမှ စစ်သံမှူးကြီးလည်း ကျောင်းဆင်းပွဲ တက်ရောက်ပါသည်။ ကျောင်းဆင်းပွဲတွင် အလေးပြုခံသူက ရေတပ်ဗိုလ်ချုပ်ကြီး အာသာပါဝါ (Admiral Arthur Power) ဖြစ်ပါသည်။ ယနေ့ ဘုရင့်စစ်ရေးပြဟု ခေါ်သည့် ကျောင်းဆင်းပွဲ စစ်ရေးပြကို နည်းနည်း ရှင်းပြပါမည်။

ကျောင်းဆင်းကြမည့် စစ်တက္ကသိုလ်တစ်ခုလုံးမှ ကျောင်းသားကြီး များက စစ်ရေးပြကွင်းတွင် တန်းစီနေကြရပါသည်။


ကျွန်တော်တို့ ဘုရင့်တပ်ခွဲမှလွဲ၍ ကျန်တပ်ခွဲ ၁၁ ခွဲက ကျောင်းသား လတ်၊ ကျောင်းသားငယ်များသည် ၆ ယောက်တန်းစီပြီး ကောလိပ်ဟောင်း စစ်ရေးပြကွင်းကြီးသို့ သွားကြပါသည်။ ဤကဲ့သို့ အခမ်းအနား စစ်ရေးပြများ မလုပ်မီ လူအရပ်ညှိရအောင် တန်းစီကြသည်ကို အနည်းငယ် တင်ပြလိုပါ သေးသည်။ ယင်းကို တပ်ခွဲလိုက်လုပ်ကြရပါသည်။ တပ်ခွဲအရာခံဗိုလ်က 'အရပ်အမြင့်ဆုံး ညာဘက်၊ အနိမ့်ဆုံး ဘယ်ဘက်တန်းစီ'ဟု အော်လိုက်ပါ သည်။ ထိုအခါတွင် နိုင်ငံခြားသားများဖြစ်သော မြန်မာ၊ မလေး၊ ဂျော်ဒန်၊ သီဟိုဠ် စသူများမှာ ဘယ်ဘက်သို့ ပြေးကြရပါသည်။ ဤကဲ့သို့ တစ်တန်း တည်းစီပြီးတော့မှ သုံးယောက်တန်းစီသည့်အခါ အရပ်ပုဆုံးသူများ အလယ်တွင် ရောက်သွားပါသည်။ ထိုသို့လူညှိပြီး ၆ ယောက်တန်း တပ်ခွဲများသည် သူတို့ အတွက် သတ်မှတ်ထားသော စစ်ရေးပြကွင်းကြီးထဲမှ နေရာများတွင်သွားပြီး တန်းစီနေကြရပါသည်။ ဗိုလ်လောင်းများက သေနတ်တွင် လှံစွပ်တပ်ထားကြ ရပြီး ကျောင်းသားခေါင်းဆောင်များက ဓားတွေထုတ်၍ ကိုင်ထားကြရပါသည်။ အခမ်းအနားစစ်ရေးပြတွင် အချိန်ကို အထူးကိုလေးစားကြရပါသည်။ နည်းနည်း ကလေးမှ နောက်မကျရပါ။ နည်းနည်းလေးမှလည်း ပိုစောမနေရပါ။ စစ်ရေးပြ ကွင်းသို့ အလေးပြုခံမည့်သူ မရောက်မီ ၅ မိနစ်တွင် အားလုံးရောက်ပြီး တန်းစီလူညှိပြီးဖြစ်ရပါသည်။

www.burmeseclassic.com




အလံတော်စစ်ရေးပြ

ဘုရင့်တပ်ခွဲက အလံတော်လက်ခံယူရန် တန်းစီထားစဉ်




www.burmeseclassic.com

www.burmeseclassic.com



ဘုရင့်တပ်ခွဲက တပ်ခွဲအတန်းများအလယ်မှ အနေးလျှောက်စဉ်၊
[illegible]

ဘုရင့်တပ်ခွဲ (ဂါဒရေ့သူတို့ တပ်ခွဲ)က အလံတော် လက်ခံယူပြီ



www.burmeseclassic.com



တပ်ခွဲ ၁၁ ခွဲရောက်ပြီးမှ ဘုရင့်တပ်ခွဲ ဝင်လာရပါသည်။ ထိုအခါ မြင်းဖြူကြီး (ဒတ်စတာ) စီးထားသော စစ်တက္ကသိုလ်တပ်ရေးအမိန့်နှင့် တက္ကသိုလ်က သေနတ်မြှောက်အလေးပြုကြရပါသည်။ ဘုရင့်တပ်ခွဲက နေရာကိုယ်ယူပြီး ဘုရင့်တပ်ခွဲကပါ သေနတ်မြှောက် အလေးပြုပြီးသည် စစ်တက္ကသိုလ်တစ်ခုလုံး သေနတ်ထမ်းရန် တပ်ရေးကအမိန့်ပေးပါသည် ထို့နောက် သေနတ်အောက်ချပြီး သက်သာအနေအထားနှင့် အလေးပြုခံ ပုဂ္ဂိုလ်ကို စောင့်ကြရပါသည်။ အခမ်းအနား စစ်ရေးပြတွင် အေးဆေး သက်သာအနေအထားကလည်း နည်းနည်းမှ မလှုပ်ရ၍ ကြာလျှင် အ ခြေထောက်တောင့်သည့်ကိစ္စပါ။ ထိုအချိန်တွင် စစ်တက္ကသိုလ်တစ်ခုလုံး ငြိမ်နေကြပြီး အပ်ကျသည်ကိုပင် ကြားရမလောက်ဖြစ်ပါ၏။

အလေးပြုမည့်ပုဂ္ဂိုလ်က ဘုရင်ကိုယ်တိုင်သော်လည်းကောင်း၊ မင်း မင်းမျိုးတစ်ဦးဦးသော်လည်းကောင်းဖြစ်လျှင် ဘုရင့်လမ်းဟုခေါ်သော (Ki Walk) မှ အလေးပြုစင်မြင့်ပေါ်ကို လာရပါသည်။ ဆွေတော်မျိုးတော် မဟုတ်လျှင်တော့ တခြားလမ်းမှနေပြီး အလေးပြုခံစင်မြင့်ကို လာရပါသည်

သူကိုမြင်သည့်အချိန်တွင် တပ်ရေးက စစ်တက္ကသိုလ်ကို သတိ ပြီး သူလည်း အလေးပြုခံစင်မြင့်သို့စတက်သည်နှင့် သေနတ်ထမ်းထားပါ ထို့နောက် အလေးပြုခံပုဂ္ဂိုလ်ကို သေနတ်မြှောက် အလေးပြုပါသည်။ အ ခံမည့်ပုဂ္ဂိုလ်က မင်းဆွေမင်းမျိုးဖြစ်ခဲ့သော် စစ်တီးဝိုင်းက နိုင်ငံတော်သီ တီးရပါသည်။ ရိုးရိုးအရာရှိကြီးဖြစ်ခဲ့သော် အထွေထွေအလေးပြု (Ge Salute) တီးရပါသည်။ သေနတ်ထမ်းအမိန့်ပေးပြီး တပ်ရေးက စစ် အင်အားမည်မျှ တက်ရောက်ကြောင်းသတင်းပို့၏။ ကျောင်းသားကြီး နေမြဲ၊ ကျန်တပ်ခွဲများ သေနတ်အောက်ချပြီး စစ်ဆေးခြင်းခံကြရပါသ ရှေ့တန်းကိုသာစစ်ဆေးပါသည်။ အလေးပြုခံပုဂ္ဂိုလ်ရှေ့မှ ကျောင်းသာ နှစ်ယောက်က (ထိုနှစ်ဦးကို ကြိုတင်ရွေးချယ် လေ့ကျင့်ပေးထားရ၏။) အ လျှောက်ပြီး အရာရှိကြီးကို ဦးဆောင်ခေါ်လာရလေသည်။ ပထမတပ်ခွဲ ပြီးခါနီးတွင် ဒုတိယတပ်ခွဲကို သူ့အက်စ်ယူအိုက သေနတ်ထမ်း အမိန့် သည်။ ဤကဲ့သို့ ရှေ့တန်းတွေစစ်ပြီးသွားသောအခါ တပ်ရေးက တန် ချီတက်အလေးပြုရန် ခွင့်တောင်းရ၏။ (အလေးပြုခံပုဂ္ဂိုလ်က ကျွန် တပ်ခွဲရှေ့ရောက်သောအခါ တပ်ခွဲအလယ်တွင်ရှိသော အလံရှေ့တွင် အလံ အား အလေးပြုသွားရပါသည်။ အမြန်လျှောက်နှင့်တစ်ခါ အနှေးလျှော



တစ်ခါ ချီတက်အလေးပြုရပါသည်။

ထို့နောက် အလေးပြုစင်မြင့်ကို မျက်နှာမူပြီး ယူပုံသဏ္ဍာန် (Hollow Square) သုံးဖက် တန်းစီကြရပါ၏။ ထိုအခါတွင် ကျောင်းသားကြီးများချည်း တန်းစီထားသူတွေက အလယ်တွင်ရောက်နေပါသည်။ မိန့်ခွန်းနားထောင်ရန် ရှေ့သို့ ၁၅ လှမ်းလှမ်းပြီး တက်ကြရပါသည်။ မိန့်ခွန်းပေးပြီးသော် အလေးပြုခံ ပုဂ္ဂိုလ်ကို စစ်တက္ကသိုလ်တစ်ခုလုံးက သေနတ်မြှောက် အလေးပြုပြီး တန်းဖြုတ် ရန် အခွင့်တောင်းပါသည်။ ကျောင်းသားကြီးတပ်ခွဲက အတွင်းဘက်လှည့် (Inward Turn) အမိန့်ပေးသည့်အခါ နှစ်ခုဖြစ်နေသည့် အတန်းနှစ်ခုမှာ တစ်ခုက ညာဘက်၊ နောက်တစ်ခုက ဘယ်ဘက်လှည့်ကြရပါသည်။ တပ်ရေး က ကျောင်းသားကြီးတပ်ခွဲကို အနှေးလျှောက်ရန် အမိန့်ပေးပြီး ကျန်တပ်ခွဲ အားလုံးက သေနတ်မြှောက် အလေးပြုကြရပါသည်။ ကျောင်းသားကြီးများ အနှေးလျှောက်သွားသည့်အခါ စစ်တီးဝိုင်းက (Auld Langsyne) နှုတ်ဆက် သီချင်းကို တီးမှုတ်ပါ၏။ ထိုသီချင်းတီးလုံးနှင့် ကျောင်းသားကြီးများ အနှေး လျှောက်သွားသည့်အခါ စစ်တက္ကသိုလ်တွင် တစ်နှစ်ခွဲနေသွားကြပြီး ကျောင်း ဆင်းသွားသည့်သူများကို နှုတ်ဆက်သော တီးလုံးဖြစ်သဖြင့် အတော်ကို လွမ်းဆွတ်ဖွယ်တီးလုံးဖြစ်ပါ၏။ သူတို့တွေ အနှေးလျှောက်သည်မှာ အကြာ ကြီးဖြစ်၍ သေနတ်မြှောက် အလေးပြုထားရသည်မှာ လက်များကို သွေးတောင့် နေပါသည်။ ကျောင်းသားကြီးများက ကောလိပ်ဟောင်း ကျောက်လှေကားထစ် ကြီး ၁၅ ထစ်လောက်ကို အနှေးလျှောက်တက်ကြပြီး ခန်းမကြီးထဲ ဝင်သွားကြရ ၏။ သူတို့နောက်မှ တပ်ရေးကပါ သူ့မြင်းဖြူကြီးနှင့် တက်ပြီး ဝင်သွားပါသည်။ တပ်ရေးဝင်သွားပြီးမှ အခန်းတံခါးကြီးကို စစ်ရေးပြတပ်ကြပ်တစ်ယောက်က ပိတ်လိုက်ရ၏။ ထို့နောက် ကျန်တပ်ခွဲများထဲမှ ကျွန်တော်တို့ ဘုရင့်တပ်ခွဲက အရင်ဆုံးထွက်ခွာရပါသည်။ ကျွန်တော်တို့ ထွက်ခွာစဉ် ကျန်တပ်ခွဲ ၁၁ ခွဲက ကျောင်းသားလတ်၊ ကျောင်းသားငယ်များက နောက်ထပ်သေနတ်မြှောက် အလေးပြုကြရပြန်ပါသည်။ ကျွန်တော်တို့ စစ်ရေးပြကွင်းအပြင်ရောက်တော့မှ နောက်ထပ်တပ်ခွဲများ ထွက်ခွာကြရ၏။

ကျောင်းသားကြီးများက ခန်းမကြီးထဲရောက်ပြီးမှ တန်းဖြုတ်ပြီး သူတို့ ဂါရာဗိုလ်လောင်းများက စစ်တက္ကသိုလ်ဝင်းထဲရှိ ဘုရားရှိခိုးကျောင်း (Chapel) ထဲသွားပြီး ဘုန်းကြီးက တရားဟောသေးသည်ဟုပြောပါသည်။ နိုင်ငံခြားသား ကျောင်းသားကြီးများအတွက် ခန်းမကြီးထဲမှာ တန်းဖြုတ်ပြီးသည်

www.burmeseclassic.com

www.burmeseclassic.com



နှင့်တစ်ပြိုင်နက် ပြီးပါတော့သည်။ ဒုဗိုလ်တွေ ဖြစ်ကြပြီ။

ယနေ့ ကျောင်းဆင်းသည့်အထဲမှ မြန်မာဗိုလ်လောင်း မောင်မောင်အေးမှာ ထူးထူးချွန်ချွန် အောင်မြင်သူဖြစ်၏။ နိုင်ငံခြားသားများအားလုံးထဲတွင် သူက ပထမရပါသည်။ ဗိုလ်လောင်းအားလုံးထဲတွင် နံပါတ် ၆၉ လိုက်ပါသည်။ ကျောင်းဆင်းသော ဗိုလ်လောင်းများစစ်တက္ကသိုလ်တစ်ခုလုံးဆိုလျှင် ၃၅၀ နှင့် ၄၀၀ ကြားတွင်ရှိသဖြင့် အဆင့် ၆၉ ဆိုသည်မှာ တော်တော်ကို မြင့်ပါသည်။ ဂေါ်ရာများထဲတွင် ပထမလူ ၆၀ (The First Sixty) ထဲပါလျှင် တကယ့်လူတော် ဖြစ်ပါ၏။ မောင်မောင်အေးမှာ မြန်မာတွေထဲတွင် ဂုဏ်ယူဖွယ် ဖြစ်ပါသည်။ ဤကဲ့သို့ နိုင်ငံခြားသားများထဲတွင် ပထမရသူကိုသာ ဘယ်အဆင့်က အောင်သည်ဆိုသည်ကို ကြေညာပေးပါသည်။ ကျန်နိုင်ငံခြားသားအားလုံးကို ဘယ်အဆင့်မှအောင်သည်ဆိုသည်ကို ကြေညာမပေးပါ။

၁-၈-၅၂

ယနေ့ စစ်တက္ကသိုလ်ကျောင်းပိတ်ရက် စသည့်နေ့ဖြစ်၏။ နံနက်စာစားပြီး ၁၀ နာရီကားနှင့် လန်ဒန်ကိုလာခဲ့ပါသည်။ သတင်းကားများချည်း ပြသော ရုပ်ရှင်ရုံ (News Theatre) ကိုဝင်ကြည့်ပါသည်။ ထိုရုပ်ရှင်ရုံမှာ (West End) ဆိုသော လူကုံထံရပ်ကွက်တွင်ရှိပြီး သတင်းကားတွေချည်း ပြခြင်းဖြစ်၏။ သတင်းစာ မဖတ်အား၊ တီဗွီမကြည့်လိုက်ရသူများအဖို့ ခဏဝင်ကြည့်လိုက်လျှင် ခေတ်မီသွားပါသည်။ ထို့ပြင် ရိုးရိုးရုပ်ရှင် ကြည့်သကဲ့သို့ အချိန်လည်း မကုန်ပါ။ ၄၅ မိနစ်၊ တစ်နာရီ အများဆုံးကြာပါသည်။ တစ်ကမ္ဘာလုံးက သတင်းထူးများကိုသိလိုက်ရခြင်း ဖြစ်ပါသည်။

ခရီးထွက်သည့်အခါ ဟိုတယ်များ၊ တည်းခိုအိမ်များမှာ တည်းရတော့မည်ဖြစ်၍ မရှိမဖြစ်သော ပစ္စည်းများဝယ်ရပါတော့သည်။ ဥပမာ (dressing gown) ခေါ် ရေချိုးခန်းဝင်လျှင်ဝတ်ရသည့် ဝတ်ရုံအရှည်ကြီး။ အင်္ဂလန်ရောက်တာ ကြာသော်လည်း ကျွန်တော့်အနေနှင့် ထိုဝတ်ရုံကိုမဝတ်ပါ။ စစ်တက္ကသိုလ်မှာ ယင်းဝတ်စုံမရှိလည်းဖြစ်ပါသည်။ ယခုအချိန်တွင် မဖြစ်တော့၍ ဝယ်လိုက်ရပါသည်။ ဖိနပ်နှင့် လက်ဆွဲအိတ်တစ်အိတ်လည်း ဝယ်လိုက်ပါသည်။

၃-၈-၅၂

တစ်ယောက်တည်း ဗြိတိသျှပြတိုက်ကြီးကို နောက်တစ်ခေါက် သွား



း လေ့လာပါသည်။

၅-၈-၅၂

သံရုံးသွားပြီး နေ့တွက်ထုတ်ရပါ၏။ သံရုံးက နေ့တွက်ထုတ်ပေးသည် ၃ ရက်စာ လျော့နေ၍ ဒုစစ်သံ ဗိုလ်မှူးထွန်းရွှေကို ရှင်းပြမှရကြပါသည်။ နောက် ဗြိတိသျှ နိုင်ငံကူးလက်မှတ်ရုံးသွားပြီး ဗြိတိန်ကို ပြန်ဝင်သော (Re-entry Visa) ယူရပါသည်။ အိုင်ယာလန်မှအပြန် လိုမည်ဖြစ်၍ ထားရခြင်း ဖြစ်ပါသည်။ ကိစ္စမပြီးပြတ်ခဲ့သေးပါ။ အပြန်တွင် အီဒင်ဘာရာ းရန် လက်မှတ်ဝင်ယူခဲ့ပါသည်။ သောကြာနေ့ (၈-၈-၅၂)တွင် သွားကြရ ည် ဖြစ်ပါသည်။

၆-၈-၅၂


ဗြိတိသျှ နိုင်ငံကူးလက်မှတ်ရုံးနှင့် အိုင်ယာလန်နိုင်ငံကူးလက်မှတ်ရုံး သွားပါသည်။ ဗီဇာတွေ ရလာပါပြီ။ အပြန်တွင် မဒမ်တူဆော့ (Madame ssaud) ဖယောင်းပြတိုက်ကို ကိုစောနှင့် သွားကြည့်ကြပါသည်။ တကယ့်ကို လောက်သော ပြတိုက်ကြီးဖြစ်ပါသည်။ ဝင်ခမှာ သုံးသျှီလင် ဖြစ်၏။ ဘာတွင် နာမည်ကြီးသည့် လူမှန်သမျှ နာမည်ကြီးကျော်ကြားသူ နာမည်ဆိုးသူ မာ လူသတ်သမားကြီးများ)တွေကို လူနဂိုအရွယ်အစားအတိုင်း ဖယောင်းနှင့် လုပ်ထားသော ပြတိုက်ဖြစ်၏။ တကယ့်လူတွေ တွေ့လိုက်ရသလို ဖြစ်ပါ ည်။ ကျွန်တော် စိတ်အဝင်စားဆုံးမှာ ပြင်သစ်တော်လှန်ရေးတွင် အသုံးပြုခဲ့ ာ ဂီလိုတင်း (Guillotine) ဆိုသည့် လူခေါင်းဖြတ်သတ်သော ဓားစင်ကြီး ၏။ အခန်းတစ်ခန်းတွင် အလယ်ခေတ်မှလူတွေကို ညှဉ်းဆဲသော ကိရိယာ းကို စုံနေအောင်ပြထားပါသည်။ လူသတ်ခဲ့သောပုံတွေကိုလည်း ပြသထားပြီး ခန်းအမည်ကတော့ 'အသည်းတုန် အူတုန်အခန်း' (Room of Horrors) ၏။ ကြည့်ရသည်ကိုက ကြက်သီးထစရာဖြစ်နေ၏။ ကမ္ဘာ့ခေါင်းဆောင် းများလည်း လူစုံလိုလို ပြတိုက်တွင်တွေ့နိုင်ပါသည်။

၇-၈-၅၂

မြန်မာ့အိုလံပစ်အသင်း လန်ဒန်ကို ရောက်လာပါသည်။ ကျားဘဦး၊ ဂျင်ထွန်းမောင်တို့ ပါလာကြ၏။


www.burmeseclassic.com

www.burmeseclassic.com



ကျောင်းဆင်းပွဲ စစ်ရေးပြ (ဘုရင့်စစ်ရေးပြ)
**အမြန်လျှောက်နှင့် ရှိတက်အလေးပြုကြစဉ်**

ကျောင်းသားကြီးများက အနှေးလျှောက်ဖြင့်
တပ်ခွဲများအလယ်မှ ဖြတ်သွားစဉ်၊
ကျန်တပ်ခွဲများက သေနတ်မြှောက် အလေးပြုကြရ၏။




www.burmeseclassic.com

www.burmeseclassic.com



ကျောင်းသားကြီးတပ်ခွဲက အနေးလျှောက်ဖြင့် ခန်းမကြီးထဲဝင်သွားပြီး
နောက်ဆုံးမှ တပ်ရေးဗိုလ်မှူးက သူ့မြင်းကြီး (ဒတ်စတာ)စီး၍ ခန်းမကြီးထဲ
ဝင်လိုက်ရ၏။ သူဝင်သွားပြီးမှ ခန်းမကြီးတံခါး ပိတ်လိုက်ရ၏။

အလေးပြုခံယူသူအား သေနတ်မြောက် အလေးပြုကြစဉ်
တပ်ခွဲများရှေ့မှ မြင်းနှင့်လူမှာ တပ်ရေးဗိုလ်မှူးဖြစ်ပြီး
**နောက်မှ မြင်းနှင့်လူမှာ လက်ထောက် တပ်ရေးဗိုလ်ကြီး ဖြစ်၏။**



www.burmeseclassic.com

www.burmeseclassic.com



၈–၈–၅၂ (သောကြာ[illegible])

ယနေ့ ကိုကြည်အေးနှင့် ခရီးစထွက်သောနေ့ဖြစ်ပါ၏။ ၁၀း[illegible] နာရီတွင် ဘားမားစင်တာမှထွက်ပြီး ယူစတွန် (Euston) ဘူတာသို့လာကြ[illegible] ယူစတွန်မှ ကင်းကရော့စ် (King Cross) ဘူတာသို့ လာရ၏။ ကင်းက[illegible] ကမှ အီဒင်ဘာရာကို တိုက်ရိုက်သွားသော ရထားများ ထွက်ပါသည်။ နေ့[illegible] ၁၂း၀၀ နာရီတွင်ထွက်မည့် နာမည်ကြီး ပူးမင်း (Pullman) ရထားတွဲများ[illegible] နေရာမရှိတော့ပါ။ ထို့ကြောင့် ရထားဘက်မှ အရာရှိများပြောသည့် အကြံ[illegible] အတိုင်း ၁၂း၀၀ တွင် ထွက်သောရထားနှင့် နယူးကာဆယ် (New Cas[illegible] သို့ လိုက်ရပါသည်။ ထိုကမှ ပူးမင်းရထားတွဲ နေရာရနိုင်မှာဖြစ်ပါသည်[illegible] ကျွန်တော်တို့ရထားသည် နယူးကာဆယ်သို့ ၁၀ မိနစ်ပဲစောပြီး ရောက်ပါသည်[illegible] ညနေ ၅ နာရီ ၅၀ တွင် နယူးကာဆယ်ရောက်ပြီး နယူးကာဆယ်မှထွက်သော[illegible] ပူးမင်းရထားက ညနေ ၆ နာရီတွင် အီဒင်ဘာရာသို့ ပြန်ထွက်၏။ ရထား[illegible] တွေမှာ နာမည်ကြီးသလောက်လည်း ကောင်းမွန်ခန့်ညားလှပါသည်။ ထိုင်ခုံ[illegible] အားလုံးမှာ ကတ္တီပါထိုင်ခုံများဖြစ်ပြီး ထိုင်လိုက်လျှင် ဆိုဖာလို အိကျသွား[illegible] သည်။ အလွန်လည်းသန့်ရှင်းပါ၏။

အီဒင်ဘာရာသို့ ညနေ ၂၀း၁၀ တွင် ရောက်ပါသည်။ နေ့လယ်စာ[illegible] နယူးကာဆယ်အသွား ရထားပေါ်က စားသောက်ဆိုင်မှာပင် စားခဲ့ပါသည်[illegible] အလွန် သန့်ပြန့်ပြီးတော့ ဈေးလည်းသိပ်မကြီးလှပါ။ နှစ်ယောက်စားသည်[illegible] ၁၀ သျှိလင် ၆ ပဲနိသာ ကျပါသည်။

အီဒင်ဘာရာဟိုတယ်တွင် တည်းခိုမေးကြည့်သောအခါ တစ်ယော[illegible] ကို တစ်ရက်လျှင် သျှိလင် ၃၀ (တစ်ပေါင်ခွဲ)ကျပါမည်။ ကျွန်တော်[illegible] ရသောလခ ပါလာသောငွေနှင့် တည်းနိုင်မည်မဟုတ်ပါ။ ထို့နောက် တ[illegible] သမားမေးကြည့်ကြရာ တစ်နေရာတွင် အိပ်ခန်းနှင့်နံနက်စာ တစ်ယောက်[illegible] ၁၄ သျှိလင် ၆ ပဲနိနှင့်ရမည့်နေရာကို သူသိပြီး ပို့ပေးမည်ဆို၏။ ထိုနေရာ[illegible] ဝင်ဆာလမ်း၊ အမှတ် (၁၀)တွင်ရှိသည့် တည်းခိုခန်းဖြစ်ပါသည်။ ထိုနေရာ[illegible] လည်း နေရာမရတော့ပါ။ ပတ်ဝန်းကျင်တစ်ခုလုံးက အမှန်မှာ ရိုးရိုးအိမ်[illegible] ဖြစ်ပါသည်။ အီဒင်ဘာရာပွဲတော် ကျင်းပချိန်ဖြစ်၍ အခန်းများကို တည်းခို[illegible] ဖွင့်ထားကြသော နေရာများဖြစ်ပါ၏။ သို့နှင့် ပါးစပ်ပါရွာတွေ့ဆိုသ[illegible] ဟိုမေးသည်မေးနှင့် ဟာမစ်တိတ်လမ်းမှအိမ်တစ်အိမ်တွင် ကျွန်တော်တို့ န[illegible] ယောက်အတွက် အခန်းတစ်ခန်းရပါသည်။ အခန်းနှင့် နံနက်စာ (B[illegible]



[illegible]reakfast) အတွက် တစ်ယောက်ကို ၁၄ သျှိလင် ၆ ပဲနိနှင့်ပင် ငှားလိုက်ကြ[illegible]ပါသည်။

နှစ်ယောက်သား ညစာစားရန်ထွက်လာကြပြီး လမ်းဘေးမှ ကာဖေး[illegible] တစ်ခုတွင်ဝင်စားကြပါသည်။ ဈေးသက်သာပြီး နှစ်ယောက်အတွက် ၆ သျှိလင် [illegible] ပဲနိသာကျပါသည်။ ဆိုင်က အမျိုးသမီးကလေး နှစ်ယောက်ကလည်း [illegible]ကယ့် ချစ်စရာလေးတွေဖြစ်၏။ အလွန်ပျူငှာဖော်ရွေပြီး တစ်ချိန်လုံးပြုံးနေ[illegible]ကြပါသည်။ သို့နှင့် ပိုက်ဆံပေးသည့်အခါ ကျွန်တော်က အဖျား ၁ သျှိလင် [illegible]ထား၍ ကိုကြည်အေးကလည်း အားကျမခံ နောက် ၁ သျှိလင် ထပ်ချလိုက်[illegible]ပါသည်။ ၆ သျှိလင် ၆ ပဲနိဖိုးစားပြီး ၂ သျှိလင် အဖျားပေးသည်မှာ [illegible]တော်တော်ကိုများပါသည်။ သို့သော် စေတနာကိုး။ ဆိုင်နာမည်ကို သေသေ[illegible]ချာမှတ်လာကြပါသည်။ (Shrubhill cafe) ဖြစ်ပါသည်။

၉–၈–၅၂

ယနေ့ အမှတ် (၁၀) ဝင်ဆာလမ်းက အိမ်ကိုပြောင်းကြပါသည်။ [illegible]ထိုအိမ်တွင်နေရာရ၍ ဖြစ်ပါ၏။ ထို့ပြင် ထိုအိမ်ပိုင်ရှင်အမျိုးသမီးကြီးမှာ [illegible]လွန်သဘောကောင်းပြီး အလွန်ကြင်နာတတ်သော အမျိုးသမီးကြီးဖြစ်၍ [illegible]ျွန်တော်တို့နှစ်ယောက်စလုံးက ထိုအိမ်မှာပင် နေချင်နေကြပါသည်။ အမျိုး[illegible]သမီးအမည်က မစ္စက်ဘာရိုး (Mrs. Burrows) ပါ။ တည်းခိုခမှာ အခန်းနှင့် [illegible]နက်စာကို တစ်ယောက် ၁၄ သျှိလင် ၆ ပဲနိဖြစ်ပါ၏။ ညစာကိုတော့ [illegible]နေ့ညကစားခဲ့သောဆိုင်ကိုပင် ပြန်စားကြပါသည်။ အမျိုးသမီးလေးနှစ်ယောက် [illegible] နက်ဖြန်အားလျှင် တို့နှင့်လိုက်ခဲ့ပါ၊ အီဒင်ဘာရာကို လျှောက်ပြမ်းပါ၊ [illegible]နေ့လယ်စာ အတူစားကြတာပေါ့ဟုပြောရာ အလွယ်တကူပင် လက်ခံလိုက်၍ [illegible]တော်ဝမ်းသာသွားရပါသည်။ သူတို့နိုင်ငံမှာ ဤကဲ့သို့နှစ်ယောက်ချင်း ချိန်းကြ[illegible]သည်ကို (Dating) လုပ်သည်ဟုခေါ်ပါသည်။ ယင်းသို့ချိန်းပြီးအတူ ရုပ်ရှင်[illegible]ကြည့်၊ လျှောက်လည်လုပ်ကြသည်မှာ သူတို့ယဉ်ကျေးမှု၊ သူတို့ထုံးစံပင်ဖြစ်၏။ [illegible]ခန်းပြန်ရောက်သောအခါ မစ္စက်ဘာရိုးက သူ့အဖွဲ့တွေနှင့် စန္ဒရားတီးနေကြ[illegible]သည်မှာ တော်တော်ညဉ့်နက်ပါသည်။ သူ့အဖော်များမှာ အိမ်နီးချင်းများနှင့် [illegible]တ်ကြားထားသော ဧည့်သည်များဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



၁၀-၈-၅၂

ကျွန်တော်တို့နှစ်ယောက်က ချိန်းထားသည့်နေရာကို ၅ မိနစ်စော ရောက်ပါသည်။ စစ်ရေးပြကွင်းသို့ ၅ မိနစ် စောရောက်ရသည့်အကျင့်ပါနေ၍ လားမသိပါ။ မကြာမီ မချောနှစ်ယောက်ရောက်လာပြီး အီဒင်ဘာရာ ရဲတိုက် ကြီးကို ပထမသွားကြည့်ကြပါသည်။ အလွန်ကြီးကျယ်ခမ်းနားသည့် ရဲတိုက် ကြီးဖြစ်ပါ၏။ အဖော်နှင့်ဘာနှင့်ဆိုတော့ ကျွန်တော်လည်း စီးကရက် ဖြိုး သောက်နေပါပြီ။

ပထမဆုံး ရဲတိုက်ကြီးတစ်နေရာရှိ ရေဒုပ်သဘော်ာ တယ်လီစကုတ် မှန်ပြောင်းလို ရဲတိုက်ပတ်လည် မိုင် ၃၀ ကို မြင်နိုင်သော မှန်ပြောင်းကြီးကို သွားကြည့်ပါသည်။ ပိုက်ဆံထည့်၍ကြည့်ရပြီး မှန်ပြောင်းအနီး သံပုံစံနှင့် ဘယ်ဘက်မှာ ဘာအဆောက်အအုံ ဘာသစ်တောဆိုသည်တွေ ပြထားပါ၏။ ကိုယ်ကြည့်လိုသောဘက်ကို မှန်ပြောင်းကြီး လှည့်ပြီးကြည့်ရပါသည်။ ရဲတိုက် ကြီး ပတ်ချာ မိုင် ၃၀ တွင်ရှိသော မြင်ကွင်းကို (ရာသီဥတု ကောင်းသည့် နေ့များတွင်) အနားကပ် ကြည့်ရသလို မြင်ရပါသည်။ အလွန်စိတ်ကူးကောင်း ပြီး အလွန်လည်းအဖိုးတန်သော မှန်ပြောင်းကြီးဖြစ်၏။ နေရာတွေနှင့်အောင် ပိုက်ဆံထပ်ထပ်ထည့်ပြီး ကြည့်ကြရပါသည်။ သို့နှင့်ပင် အားမရသေးသော် လည်း အခြားကြည့်မည့်သူများ တန်းစီနေကြ၍ အသာဖယ်ပေးလိုက်ကြရပါ သည်။ မှန်ပြောင်းကြီးကို (Camera Obscura) ဟုခေါ်ပါသည်။ ရဲတိုက်မှာပင် ကော်ဖီသောက်ကြပြီး နေ့လယ်စာစားရန်အတွက် ရဲတိုက်တွင် လူတွေများ လွန်းနေ၍ မြို့ထဲပြန်ပြီး ဟိုတယ်တစ်ခုတွင်ပင် စားလိုက်ကြ၏။ အီဒင်ဘာရာ က ဟိုတယ်အထဲသို့ဝင်ရအောင် ကျွန်တော်နှင့်ကိုကြည်အေးက ဟိုတယ် အဝင်ဝက ကြိုဆိုရေးကောင်တာတွင် လက်မှတ်ထိုးရသေး၏။ ကလေးမ နှစ်ယောက်လည်း ပါပါသည်။ သူတို့နာမည်ကတော့ မာဂရက်နှင့် အစ္စဘယ် ဖြစ်၏။ မာဂရက်က အလုပ်ဝင်ရမှာဖြစ်၍ နေ့လယ်စာစားပြီးပြန်ပါသည်။ ကျွန်တော်လည်း တည်းခိုခန်းကိုပြန်ခဲ့ပြီး ကိုကြည်အေးနှင့် အစ္စဘယ်ကတော့ တိရစ္ဆာန်ရုံ သွားကြည့်ကြပါသည်။

၁၁-၈-၅၂

ယနေ့မနက် ၁၀:၃၀ နာရီကျမှ အိပ်ရာက ထကြပါသည်။ ပရင်စက်စ် လမ်းမကြီး (Princess Street)တွင် နှစ်ယောက်သား ဈေးဝယ်ကြရင်း အမျိုး



မ်းနှစ်ယောက်တွေ့ကြပါသည်။ အရှေ့တိုင်း မျက်နှာပေါက်ဖြစ်၍ မြန်မာ မျိုးသမီးလေးများလား မိတ်ဆက်ရင်းမေးကြည့်ကြသောအခါ ယိုးဒယားမ းတွေဖြစ်နေပါသည်။ သူတို့က လစ်ဗာပူး (Liverpool) တွင်နေသည့် ာတော်သင်တွေဖြစ်ပြီး အီဒင်ဘာရာကို လာလည်ကြခြင်းဖြစ်၏။ မနေ့က တို့လည်း အီဒင်ဘာရာရဲတိုက်ကြီးကိုရောက်ကြောင်း၊ ကျွန်တော်တို့ကို မြင် က်ကြောင်း ပြုံးစိစိနှင့်ပြောပြပါသည်။ နိုင်ငံခြားတွင် ကျွန်တော်တို့ ဤကဲ့သို့ ဖြစ်မျိုးနှင့် မကြာခဏကြုံရပါသည်။ နိုင်ငံခြားရောက်စဉ်မှာ ကိုယ့်လူ အချင်း င်းတွေ့လျှင်လည်း ချက်ချင်းခင်မင်သွားပြီး စကားပြော၍မဆုံးတော့ပါ။ န်တော်တို့ကိုလည်း မကြာခဏ ယိုးဒယားလား၊ မလေးလား၊ အင်ဒိုနီးရှား း အမေးခံရဖူးလှပါပြီ။ ကျွန်တော်တို့ အရှေ့တောင်အာရှတိုက်သားများမှာ ရည်ချင်း၊ အသားအရည်ချင်း တော်တော်ကိုတူပါသည်။ အထူးသဖြင့် မာ၊ ခမာ (ကမ္ဘောဒီးယား ယခု ကမ်ပူးချား)၊ မလေး၊ အင်ဒိုနီးရှားတို့မှာ လွန်ကို ရုပ်ချင်းတူညီကြပါသည်။ ထိုင်း (ယိုးဒယား)ကတော့ တချို့မှာ ကယ့်မြန်မာအတိုင်းပင်ဖြစ်၏။ တချို့ကျတော့ ရှမ်း၊ တရုတ်နှင့် ပိုတူပါ ည်။

ယနေ့ ဓာတ်ရထား (Tram) စီးပြီး မြို့ကို လျှောက်ကြည့်ကြပါသည်။

၁၂-၈-၅၂

ယနေ့ ဘူတာရုံသွားပြီး ကျွန်တော်တို့ ရထားလက်မှတ်က နောက် နေ့ ပိုနေ၍ ရ၊မရသွားပြီး သေချာအောင် မေးရပါသည်။ အီဒင်ဘာရာမှာ ယောက်စလုံး မူလအစီအစဉ်ထက် တစ်ရက်လောက် ပိုနေချင်နေကြ၏။ တာရုံက အိုကေသည်နှင့် ကျွန်တော်တို့နှစ်ယောက် မာဂရက်နှင့် အစ္စဘယ် ပြီး တရုတ်ဆိုင်ကိုသွားစားကြပါသည်။ အမျိုးသမီးနှစ်ယောက်အတွက် တ်အစားအစာနှင့် တူနှင့်ကိုင်တွယ်သည်မှာ အဆန်းဖြစ်နေပါသည်။ တရုတ် သောက်ဆိုင် အီဒင်ဘာရာမှာရှိကြောင်းကို ကျွန်တော်တို့က သတင်းရပြီး ကဲ့သို့သွားရမည်၊ ဘာကားနံပါတ်နှင့် သွားရမည်ဆိုသည်ကို စုံစမ်းထားပြီး ပါသည်။ တရုတ်အစားအသောက်ကလည်း မစားရသည်မှာကြာ၍ အလွန် အရသာရှိနေပါသည်။ ထို့နောက် ဖို့သ်မြစ် (River Forth) ကို ဖြတ်ထား ာ ဖို့သ်တံတားကြီး (Forth Bridge) သို့သွားကြပါသည်။ ထိုတံတားကြီး တကယ့်အမိကရတံတားကြီးပင် ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



ဖို့သ်တံတားကြီးမှာ သာမန်မြစ်တစ်ခုကိုသာ ဖြတ်သန်းထား တံတားကြီး မဟုတ်ပါ။ ဖတ်သ် (Firth) ဟုခေါ်သော ပင်လယ်လက်တက် ပါ ဖြတ်ကူးထားသောတံတားကြီးဖြစ်ပါ၏။ ဗြိတိန်ကျွန်း အရှေ့ဘက် ပင်လ ထဲသို့စီးဆင်းသော ဖို့သ်မြစ်မှာလည်း အနောက်ဘက်ကနေ ဖို့သ်ပင်လ လက်တက်မှတစ်ဆင့် မြောက်ပိုင်းပင်လယ် (North Sea) ထဲသို့ စီးဆင် သည်။

ဖို့သ်တံတားကြီးကို ၁၈၈၂ ခုနှစ်၊ ဒီဇင်ဘာလတွင်စတင်ဆောက် ပြီး ၁၈၉၀ ခုနှစ်၊ မတ်လကျမှ ပြီးခဲ့ခြင်းဖြစ်ပါသည်။ ခုနစ်နှစ်ကျော် ဆော လုပ်ရသော တံတားကြီးဖြစ်၏။ စတာလင်ပေါင် ၃ သန်းခွဲ ကုန်ကျသည် သိရပါသည်။ တစ်မိုင်ခွဲကျော်ရှည်လျားပြီး သံမဏိတန်ချိန် ၅၄,၀၀၀ အသုံ ထားရာ ရေမတံတားကြီးဖြစ်၏။ အုတ်မြစ်ချသည်ကိုက မြစ်အောက် မြေသားအောက် ပေ ၆၀ အနက်အထိ အုတ်မြစ်ချပြီး ဆောက်လုပ်ထား တံတားကြီးဖြစ်ပါသည်။

တံတားပေါ် တက်ကြည့်ကြပြီးတော့မှ မြစ်ကို ဖယ်ရီသင်္ဘောလေး ကူးကြပါသည်။ မြစ်ကူးသောအချိန်မှာ ညနေစောင်း မှောင်စပျိုးနေပြီ မီးခိုးနှင့်မြူရောနေသော ပြာညစ်ညစ်အခိုးများ တော်တော်ပိတ်နေပါပြီ။ လည်း တော်တော်လေး အေးနေပါသည်။ ထို့ကြောင့် တည်းခိုအိမ် ပြန်လာ ပါသည်။

၁၃-၈-

ယနေ့ ကျွန်တော်တို့ စကော့ အထိမ်းအမှတ်ရုပ်တုကြီးကို သွား ကြပါသည်။ ရုပ်တုအကြောင်းက ပို့စ်ကတ်မှာရေးထားပါသည်။ (ယခုမရှိ ပါ။)

ယနေ့ ညစာကို တရုတ်ဆိုင်မှာပင်စားကြပါသည်။ အမျိုးသမီး ယောက်က ကျွန်တော်တို့ချည်း အကုန်အကျများနေ၍ သူတို့လည်း မည်ဆို၍ အတင်းငွေထုတ်ပေးပါသည်။ ကျွန်တော်တို့ကမပေးရပါ။ နှစ်ယော အတူ အကုန်အကျခံကြပါသည်။ ဘတ်ဂျက်တော့ တော်တော်ထိခိုက်နေ

၁၄-၈-

ယနေ့ အီဒင်ဘာရာပြတိုက်ကို သွားကြည့်ကြပါသည်။ စကော့လူ များ၏ ယဉ်ကျေးမှုသမိုင်းနှင့် အစဉ်အလာများကို ပြသခင်းကျင်းထာ



သည်။ တော်တော်ကြီးကျယ်ခမ်းနားပါသည်။ ညစာကို တရုတ်ဆိုင်မှာပင် စားကြပါသည်။ ယနေ့ညတော့ ကျွန်တော်တို့နှစ်ယောက်တည်းပင် ဖြစ်၏။ အမျိုးသမီးများက အလုပ်ဆင်းကြပါသည်။

၁၅-၈-၅၂

ယနေ့ နေ့လယ်စာကို မာဂရက်တို့က ဖိတ်ပြီးကျွေးပါသည်။ အင်္ဂလိပ် အစားအသောက်ပင် ဖြစ်၏။ တော်တော်ပင် စားလို့ကောင်းပါသည်။ သူတို့ အလုပ်လုပ်သောဆိုင်မှာမကျွေးဘဲ ဆိုင်ကြီးတစ်ခုတွင် ဖိတ်ပြီးကျွေးခြင်းဖြစ်၏။ နေ့ခင်းမှာတော့ တိရစ္ဆာန်ရုံသွားပြီး ကြည့်ကြပါသည်။

၁၆/၁၇-၈-၅၂

မာဂရက်တို့ အစီအစဉ်နှင့် ပျော်ပွဲစားထွက်ကြပါသည်။ ဖို့သ်တံတား ကြီးကို သွားကြပြီး မြစ်ကိုတော့ တစ်ခါတုန်းကလို ဖယ်ရီသင်္ဘောနှင့်ကူးကြ၍ ဒမ်ဖမ်လင် (Dunfermline) ကိုသွားကြပါသည်။ ထိုနေရာမှာပင် ညစာ စားကြပြီး မာဂရက်အစ်မများရှိသော ရွာကလေးကိုဝင်ကြ၏။ မာဂရက်က သူ့အစ်မများ၊ ဆွေမျိုးများနှင့် ကျွန်တော်တို့ကို မိတ်ဆက်ပေးကြပါသည်။ အလွန်ဖော်ရွေကြပါသည်။ အထူးသဖြင့် ကျွန်တော်တို့မှာ အင်္ဂလန်ဘုရင့်စစ် တက္ကသိုလ်မှ ဗိုလ်လောင်းတွေမှန်းသိကြ၍ ပိုပြီး လေးလေးစားစား ရှိကြပါ သည်။ စစ်တက္ကသိုလ်အကြောင်းတွေမေး၍ ကျွန်တော်တို့ အတွေ့အကြုံများ ပြန်ပြောပြကြရပြီး တဝါးဝါးပွဲကျနေပါသည်။

၁၈-၈-၅၂

ယနေ့ ဘယ်ဖတ်သို့ ထွက်ကြရမည်ဖြစ်၍ မစ္စက်ဘာရီးကို တည်းခိုခ ရှင်းပေးကြပါသည်။ ကျွန်တော်တို့တွက်ထားသည်မှာ ၁၃ ပေါင်ကျမည် ထင် သော်လည်း အဘွားကြီးဘီလ် (Bill) က ၁၀ ပေါင် ၃ သျှီလင်ပဲ တောင်းထား ၍ ကျေးဇူးတင်ရပါသည်။ အိမ်တွင် မစားသောနံနက်စာများအတွက် မတောင်း ခြင်းဖြစ်ပါလိမ့်မည်။ ငွေနည်းနေစဉ် ၃ ပေါင်ဆိုသော အသပြာမှာ များလှ ပါ။ အမျိုးသမီးနှစ်ယောက်က ကျွန်တော်တို့တည်းခိုအိမ်လာပြီး ဘူတာရုံအထိ လိုက်ပို့ကြပါသည်။ အီဒင်ဘာရာမှ ဂလပ်ဂို (Glasgow)၊ ဂလပ်ဂိုကမှ သင်္ဘောနှင့် အိုင်ယာလန်သို့ ကူးကြရပါသည်။ ဘယ်အချိန် အီဒင်ဘာရာမှ

www.burmeseclassic.com

www.burmeseclassic.com




ထွက်သည်ကို မှတ်တမ်းတွင်မရေးမိပါ။ တစ်ညလုံး သင်္ဘောစီးရပြီး ဘယ်ဖတ် သို့ နောက်တစ်နေ့ နံနက် ၆ နာရီခွဲတွင် ရောက်ကြပါသည်။

၁၉-၈-၅

ဘယ်ဖတ်မှာ ကြာကြာနေရန် အစီအစဉ်မရှိပါ။ ပိုက်ဆံလည်း သိပ် မကျန်ကြတော့ပါ။ သို့နှင့်မြို့ကိုဓာတ်ရထားနှင့်ပင် တော်တော်နဲ့အောင် လျှောက်ကြည့်ကြပြီး ပြတိုက်ကြီးကို သွားကြည့်ကြပါသည်။ ထို့နောက် ရထား လက်မှတ်လဲကြပါသည်။ ဘယ်ဖတ်မှ လစ်ဗာပူကိုဖြတ်ပြီး လန်ဒန်ပြန်ရန် ဖြစ်၏။ ဘယ်ဖတ်မှာ စားရသောက်ရသည်နှင့်ပတ်သက်ပြီး ကျွန်တော်တို့ မမေ့နိုင်သောအစားအသောက်မှာ စကျူးဟုခေါ်သော အသားကို နူးနေအောင် ခပ်ပျစ်ပျစ် ကျိုထားသောအစာ ဖြစ်ပါ၏။ မြန်မာဟင်းနှင့်တူပြီး စားလို့လည်း အလွန်အရသာရှိလှပါသည်။ သူတို့တစ်တွေ ကြည့်ရသည်မှာ ကြက်သားကြော် တို့၊ အမဲသားစတိတ်တို့လောက် စကျူးကို ကြိုက်ပုံမရပါ။ ကျွန်တော်တို့က တော့ မြန်မာဟင်းနှင့်တူ၍ ပိုကြိုက်နေကြပါသည်။ ပိုအဆင်ပြေသည်မှာ စကျူးက ဈေးလည်းသိပ်မများလှပါ။

ဘယ်ဖတ်မှ သင်္ဘောက ည ၂၀:၃၀ နာရီမှာ ထွက်ပါသည်။ ညစာ သင်္ဘောပေါ်ပင်စားကြရပါသည်။ ဂလပ်ဂို၊ ဘယ်ဖတ်မှာတုန်းကလောက် စား မကောင်းလှပါ။



အီဒင်ဘာရာ ပင်လယ်လက်တက်ကို ဖြတ်ကူးထားသော ဖို့သ်တံတားကြီး



၂၀-၈-၅၂

လစ်ဗာပူကို မနက် ၀၆:၃၀ နာရီတွင်ရောက်ပါသည်။ လစ်ဗာပူတွင် ...ည်ပတ်မကြည့်တော့ဘဲ ဆိပ်ကမ်းကပို့ပေးသောကားနှင့်ပင် ဘူတာရုံကို ...ကြပြီး လန်ဒန်သို့ပြန်ကြပါသည်။ လစ်ဗာပူမှ ၀၈:၂၀ နာရီတွင် ရထား ...ပ်ပြီး ယူစတွန်ဘူတာသို့ ၁၂:၃၀ နာရီတွင် ရောက်ကြပါသည်။ ထိုမှ ...မားစင်တာကို ပြန်လာကြပြီး ခရီးရောက်မဆိုက်ပင် ဦးဘတင်ကြီးအား ...တစ်ခေါက် ခွင့်အပြန် ဘိုင်ကျလာကြလို့ တည်းခိုခကို နောက်တစ်ခေါက်မှ ...နိုင်မှာ'ဖြစ်ကြောင်း ပြောကြရပါသည်။ နေ့လယ်စာကို ဂရင်းမတ်စ်တွင် ...လေးမောင်နှင့်သွားစားကြပါသည်။ စားလို့ အလွန်ကောင်းပါ၏။ နေ့လယ်စာ ...တော်ကတော့ ကိုလေးမောင်ကြီး ဖြစ်ပါသည်။

၂၁-၈-၅၂

**ငွေနည်းနေပါသည်ဆိုမှ** ရှူးဖိနပ်ပြင်ထားသည်က ၁၅ သျှိလင်ကျပြီး ...က အဝတ်ရွှေးသည်က ၈ သျှိလင်ကျပါသည်။ နေ့လယ်စာကို ချွေတာ ...လုပ်ရန် ပေါင်မုန့်နှင့် ငါးသေတ္တာ၊ ကြက်စွပ်ပြုတ် အိတ်ကလေးများ ...လာခဲ့ပါသည်။ **ကြက်စွပ်ပြုတ်က** သူ့ ပလတ်စတစ်အိတ်ထဲမှာပင် ကြက် ...၊ **အချိုမှုန့်၊ မြူစွမ်လို** အဖတ်ကလေးများပါပြီးသားပါ။ ရေနွေးကျိုပြီး ...ဖောက်ထည့်လိုက်ရုံ ဖြစ်၏။ အလွန်ကိစ္စအေးပြီး အကုန်အကျနည်းသော ...ဖြစ်ပါသည်။ စစ်သံရုံးမှာ အရင်ကလို မြန်မာသံရုံးနှင့်တွဲထားခြင်း မဟုတ် ...ဘဲ စလုံးစကွဲယား (Sloane Square) သို့ပြောင်းပြီး ဖွင့်ထားပါသည်။

၂၂-၈-၅၂

ကိုကြည်အေးနှင့် ရုပ်ရှင်သွားကြည့်ကြပါသည်။ (Sacramauch)။ ...နောက် သံရုံးသွားပြီး နေ့တွက်ထုတ်ကြရပါ၏။

၂၃-၈-၅၂

ဟမ်းမားစမစ်တွင် အမေရိကန် ရုပ်ရှင်ကားကောင်းပြနေ၏။ ကိုကြည် ...၊ ကိုလေးမောင်တို့နှင့် သွားကြည့်ကြပါသည်။ (Gone with the Wind) ...မေရိကန် ပြည်တွင်းစစ်သရုပ်ဖော်ကားဖြစ်ပြီး အလွန်ကိုကောင်းသောကား ...ပါသည်။ နာမည်ကြီးမင်းသား ကလပ်ဂေဘယ်နှင့် မင်းသမီး ဗီဗီယန်လေး

www.burmeseclassic.com

www.burmeseclassic.com



တို့က ပရိသတ်အသည်းစွဲသွားအောင် သရုပ်ဆောင်ထားသောကား ဖြစ် ကားကလည်း တဝကြီး ၃ နာရီကျော်အောင် ကြည့်ရပါသည်။ ယနေ့နံနက် ၁ နာရီအချိန်တွင် ဦးဘတင်အမျိုးသမီးက သားယောကျ်ားလေး မွေးဖွားသည်။ စစ်သံမှူးက (၇၆)ကာဒိုဘင်စကွဲယားကို ပြောင်းရွှေ့ပြီးနေပါသည်။

၂၄-၈-၅၂

ကိုခင်ညို (ဒုဗိုလ်၊ အမြောက်တပ်၊ ယခု အငြိမ်းစားဒုဗိုလ်မှူး ခင်ညို၊ အထည်အလိပ် ကော်ပိုရေးရှင်း ဦးဆောင်ညွှန်ကြားရေးမှူး) လန်ဒန် နောက်တစ်ခေါက်ပြန်ပြီး သင်တန်းတက်ရန် ရောက်လာပါသည်။ ကိုခင်ညိုက ကျွန်တော်တို့နှင့်အတူတူ မောန်းမှာ တက်သွားသူပင်ဖြစ်၏။ မောန်းကအောင်ပြီး ဒုဗိုလ်ဖြစ်သွား၍ ယခု နောက်တစ်ခေါက် အင်္ဂလန်သို့ ပြန်ရောက်လာခြင်း ဖြစ်ပါသည်။ ကျွန်တော်တို့ မောန်းမှအောင်ပြီး ဆင်းဟတ်စ် ဆက်တက်ရ အခု ကျွန်တော်တို့ ကျောင်းသားလတ်ဘဝအပြီးတွင် ကိုခင်ညိုက ဒုဗိုလ် အဖြစ်နှင့် အင်္ဂလန်သို့ နောက်တစ်ခေါက်ရောက်လာခြင်း ဖြစ်ပါသည်။

၂၆-၈-၅၂

ဗစ်တိုရီးယားနှင့် အယ်လဘတ်ပြတိုက်ကို သွားကြည့်ပါသည်။ ထိုပြတိုက်ကြီးမှာ အားစကုတ်မှာပင်ရှိပြီး ကျွန်တော်တို့နေသည့်နေရာနှင့် မဝေးသော်လည်း ယခုမှ လေ့လာဖြစ်ပါသည်။ (သီးခြားမှတ်စုများတွင် ရေး မှတ်ခဲ့ ယခု မရှိတော့ပါ။)

၂၉-၈-၅၂

စစ်ရဲသင်တန်း (Provost Course) တက်နေသော ဒုဗိုလ်နေဒွန်း လန်ဒန်ဆင်းလာပါသည်။ နေဒွန်းက ကျွန်တော်နှင့် ဂျပန်ခေတ် စစ်တက္ကသိုလ် စတုတ္ထပတ်တွင် အတူတက်ရောက်ခဲ့သူဖြစ်ပါသည်။ (ယခု အငြိမ်းစား ဗိုလ်မှူး မင်းမောင်၊ လမ်းစဉ်ပါတီ စည်းကမ်းထိန်းသိမ်းရေးကော်မတီ)။

၃၀-၈-၅၂

ယနေ့ ဘားမားစင်တာမှာပင် ကိုယ့်ဟာကိုယ် ထမင်းချက်စားကြပါသည်။ ကိုခင်ညိုက သူ့မိတ်ဆွေပေးရန် ဆန်တစ်အိတ် ပါလာပါသည်။ သူ



သွားခင် ထိုဆန်အိတ်ထဲမှ ကြိုက်သလိုစားကြပါဆိုပြီး ကျွန်တော်တို့ကို အပ်ထားသည်နှင့် ချက်စားဖြစ်ခြင်းဖြစ်ပါသည်။ အပြင်ထွက်ပြီး ငါးသေတ္တာ၊ ကြက်သွန်အဖြူ၊ အနီနှင့် သံပရာသီးဝယ်ပြီး ငါးသေတ္တာကြော်နှင့် အချဉ်သုတ်၊ ရေနွေးကြမ်းနှင့် အလွန်ကိုစား၍မြိန်ပါသည်။ ကိုကြည်အေး၊ ကိုခင်ညိုနှင့် ကျွန်တော်တို့ အတူတူဝိုင်းပြီး စားကြခြင်းဖြစ်ပါသည်။

၂-၉-၅၂

ယနေ့ သံရုံးသွားပြီး ရိပ်သာကြေး ပေးသွင်းထားသည်များကို သံရုံးက ငွေပြန်အမ်းပါသည်။ ကျွန်တော်တို့ကိုပေးသည့် ချက်လက်မှတ်တွင် ကျောင်းသားကြီး (Senior Cadet)ဆိုပြီးရေးထားပါသည်။ ပထမဆုံးအကြိမ် ကျောင်းသားကြီးဟု အခေါ်ခံရခြင်းဖြစ်ပါ၏။ သံရုံးမှာပင် နေ့လယ်စာ (ခေါက်ဆွဲ) စားခဲ့ပါသည်။

၃-၉-၅၂

ယနေ့ ဆင်းဟတ်စ် တက်ကြမည့် ကျောင်းသားငယ်များ ကင်ဘာလေကို သွားကြပါပြီ။ ကျွန်တော်တို့က ဝါတာလူးဘူတာရုံ လိုက်ပို့ကြပြီး အားပေးစကားပြောလိုက်ကြပါသည်။ ယနေ့ ကင်ဆီတန်တွင်ရှိသော ဒယ်ရီ အဆောက်အအုံပေါ်မှ ဥယျာဉ် (The Derry Roorf Garden) ကိုသွားပြီး လေ့လာပါသည်။ ပေ ၁၀၀ ကျော်မြင့်သည့် အဆောက်အအုံကြီး ခေါင်မိုးပေါ်တွင် တည်ဆောက်ထားခြင်းဖြစ်ပြီး တစ်ဧကခွဲကျော်ကျယ်ပါသည်။ သည်လောက်မြင့်ပြီး သည်လောက်ကျယ်သော ဥယျာဉ်မျိုးကမ္ဘာပေါ်တွင် သည်တစ်ခုသာရှိသည်ဟုသိရပါသည်။ ပျမ်းမျှခြင်း မြေထုက နှစ်ပေခြောက်လက်မရှိပြီး အောက်တွင်ရှိသော ပေ ၄၀၀ နက်သည့် အဝီစိတွင်းနှစ်တွင်းမှ ရေတင်ပြီး စိုက်ပျိုးထားခြင်း ဖြစ်ပါသည်။

ဥယျာဉ်ဆိုသော်လည်း အခိုင်အခန့်တည်ဆောက်ထားပါသည်။ ရေပန်းများ ချောင်းကလေးများနှင့် အလွန်ကိုသာယာလှပါသည်။ စပိန် ဥယျာဉ်ဆိုသည့်နေရာတွင် နွယ်ပင်ပန်းပင်များ နွယ်တက်နိုင်သော ကွန်ကရစ် တိုင်ကြီးများ ဂိတ်ဝကြီးများဆောက်လုပ်ထားပါသေးသည်။ ရှေးခေတ် အင်္ဂလိပ် ဥယျာဉ်ဆိုသည့်နေရာမှာတော့ သစ်သားခုံးတံတားလေးနှင့် အောက်ကကြည်လင်သော ရေစီးနေသည့် ချောင်းကလေး၊ နံဘေးမှ စိမ်းစိုလှသည့်သစ်ပင်များနှင့် အလွန်ကို သာယာသည့်နေရာဖြစ်ပါသည်။ တစ်နေ့လုံး ထိုနေရာမှာပင်

www.burmeseclassic.com

www.burmeseclassic.com



အချိန်ကုန်ခဲ့ပါသည်။

ယနေ့ ဆင်းဟတ်စ်ကို ပြန်ကြပါသည်။ ကျွန်တော်တို့က ကျောင်းသားကြီးဘဝနှင့် ပြန်ကြရမည်ဖြစ်၍ ယခင်တုန်းကလို ကြောက်ရွံ့စိုးရိမ်စရာ မရှိတော့ပါ။ သည်တစ်ခါ ၆ လပြီးလျှင် ဗိုလ်ဖြစ်ကြတော့မည်ကို တွေး၍ ပျော်နေကြပါသည်။ ကိုခင်ညို၊ ကိုလေးမောင်နှင့် ကိုကိုကြီးတို့က ဝါတာလူ ဘူတာကို လိုက်ပို့ကြပါသည်။ စစ်တက္ကသိုလ်ပြန်ရောက်ကြပြီး ကျွန်တော်က အခန်းနံပါတ် (၅၉)တွင် နေရမည်ဖြစ်ပါသည်။ ယခင် ကျောင်းသားလတ် ဘဝတုန်းက အခန်းနှင့်ကပ်လျက်ဖြစ်ပါသည်။

ပစ္စည်းခန်းမှ ပစ္စည်းများထုတ်ယူပြီး အက်ဂျီအက် ဖွင့်နေပြီဖြစ်၍ ဆိုင်မှာပင် စားလိုက်ကြပါသည်။ ဆိုင်က အမျိုးသမီးတွေကလည်း ကျောင်းသားကြီးအဖြစ်နှင့် ပြန်လာသော ကျွန်တော်တို့အား ပျူပျူငှာငှာနှုတ်ဆက်ကြပါသည်။ ဆိုင်တွင် ကျွန်တော်တို့အပတ်မှ ဗိုလ်လောင်းစတော့ဖို့ (Stopford) နှင့်တွေ့၍ ကျွန်တော့်အတွက် စာများရောက်နေသည်ဆိုသည်ကို သိရပါသည်။ အလွန်ကိုပျော်သွားပါသည်။ စာတွေမျှော်ရသည်မှာကြာပါပြီ။ နိုင်ငံခြား ရောက်နေစဉ်တွင် မိသားစုနှင့်မိတ်ဆွေများဆီက စာကလေးများ အားတိုးဆေးများ ဖြစ်ပါ၏။ စာရောက်သင့်သည့်အချိန်တွင် ရောက်မလာလျှင် စိတ်ဓာတ် တော်တော်ကျရပါသည်။ စတော့ဖို့နှင့် ပစ္စည်းခန်းမှာတွေ့ကြပြီး သူ့ထံမှ သောင်းလေး၏ စာနှစ်စောင်ရခဲ့ပါသည်။ စာမဖတ်အားသေးဘဲ ရိုင်ဖယ်ထုတ် ဝတ်စုံအပြာတွေထုတ် လုပ်ရသေး၏။ ဝတ်စုံပခုံးတွင် အနီဒေါက်များ တပ်ထားပါပြီ။ ယင်းမှာ ကျောင်းသားကြီး အဆောင်အယောင်တစ်မျိုး ဖြစ်ပါ၏။ ကျောင်းသားလတ်နှင့် ကျောင်းသားငယ်များက ရိုးရိုးနက်ပြာဒေါက်နှင့် ကျောင်းသားကြီးများက ပခုံးတွင်အနီပတ်ဒေါက်များ ဖြစ်ပါ၏။ ပစ္စည်းများထုတ်ပြီး ကိုထွန်းကြည်အခန်းသွားပြီး အားပေးစကားပြော၊ ခါးပတ်အပေါက် ပြင်ပေးနေသည်ကို ကူညီပြီးတော့မှ အခန်းကိုပြန်ပြီး စာလေးနှစ်စောင်ကို ခိမ်နှင့် ဖတ်ရပါသည်။ ည ၁၀ နာရီခွဲနေပါပြီ။

၆-၉-၅၂

ဘီအာစီတန်းစီရာတွင် ကျောင်းသားကြီးဘဝနှင့် ပထမဆုံးတန်းစီရခြင်း ဖြစ်ပါ၏။ နာမည်ရှုံးမှာ ကြောက်စရာမလိုတော့ဘဲ စိတ်အေးလက်အေး နေနိုင်သည့်ဘဝ ဖြစ်ပါသည်။ ကောလိပ်ကျောင်းအုပ်ကြီး မိန့်ခွန်းတက်ကြရ



သည်။ ထရဲင်ဂျော်ဒန် (Trans Jordan) မှ ဘုရင်ဟူစိန်က ဆင်းဟတ်စ်ကို လာပြီး ကျောင်းတက်မည်ဆိုသည်ကို ပြောသွားပါသည်။

၇-၉-၅၂

ကိုစိန်ရအခန်းသွားပြီး သူ့သက္ကလတ်ဝတ်စုံကို မီးပူတိုက်သည်ကို ကူတိုက်ပေးလိုက်ပါသည်။ ထို့နောက် ဗိုက်တိုက်အခန်းသွား၍ စကားစုပြီး ပြောကြပါသည်။ သူကျောင်းသားငယ်ဘဝက အပြေးပြိုင်ပွဲ အတွေ့အကြုံများ ပြောပြ၍ ရယ်နေကြရ၏။

၈-၉-၅၂

ကျွန်တော်တို့ စာသင်တန်းတက်နေစဉ်တွင် ကျောင်းသားငယ်များက စစ်ရေးပြအချိန်ဖြစ်၏။ တပ်ခွဲအရာခံဗိုလ်နှင့်တပ်ကြပ်တွေ အော်သံများ၊ စစ်ရေးပြကွင်းတွင်ဆူညံနေပြီး ကျောင်းသားငယ်တွေက စစ်ရေးပြလှုပ်ရှားမှုတိုင်းတွင် အချိန်မှတ်သည့်သဘောနှင့် အော်လုပ်ကြသည်ကိုကြည့်ပြီး ကျွန်တော်တို့ ကျောင်းသားငယ်ဘဝတွင် ဘယ်လောက်ပင်ပန်းခဲ့သည်ဆိုသည်ကို ပြန်တွေးနေမိပါသည်။ အချိန်မှတ်သည့်သဘော အော်ရသည်ဆိုသည်မှာ လှုပ်ရှားမှုရှိသည့်အခါ '၁'ဟုအော်ပြီး လှုပ်ရှားမှုမရှိသောအခါ ခပ်ဆွဲဆွဲ '၂...၃'ဟု အော်ရသည်ကို ဆိုလိုပါသည်။ ဥပမာ ညာဘက်လှည့်မည်ဆိုလျှင် လှုပ်ရှားမှုနှစ်ခုရှိပါသည်။ ညာဘက်လှည့်လိုက်လှည့်လိုက်ချင်း '၁'ဟု အော်လိုက်ရ၏။ ယင်းအနေအထားတွင် ညာခြေက ညာဘက်လှည့်လျက်ရှိပြီး ဘယ်ခြေက မူလနေရာကနေ ညာဘက်ကိုလှည့်ပြီးဖြစ်သော်လည်း ခြေဖျားထောက် ဖနောင့်ကြွထားရသေး၏။ ယင်းသို့ နေစဉ်တွင် လှုပ်ရှားမှုမရှိ၍ '၂...၃' ဆိုပြီး ခပ်ဆွဲဆွဲ အော်ရ၏။ ထို့နောက် ဘယ်ခြေကညာခြေနှင့် စုံရပ်သည့် သတိအနေအထားရောက်အောင် ခေါက်ချလိုက်ရ၏။ တစ်ပြိုင်နက်တည်း '၁'ဟု အော်လိုက်ရပါသည်။ ယင်းသို့ အော်၍ စစ်ရေးပြလုပ်ရသည်မှာ မသက်သာလှပါ။ တစ်ခါတစ်ရံ လှုပ်ရကိုင်ရသည်က မောနေ၍ အသံသိပ်မထွက်သည့်အခါ အရာခံဗိုလ်နှင့် အကြပ်များက ဆတင်းအအော်ခိုင်းပါတော့သည်။ ယခု ကျွန်တော်တို့တွေမှာ ထိုဘဝမှ လွတ်မြောက်လာကြပါပြီ။

www.burmeseclassic.com

www.burmeseclassic.com



၉-၉-၅…

ယနေ့ တစ်မနက်လုံး မိုးရွာနေပါ၏။ သိပ္ပံသင်တန်း တက်ရပါသည်။ ကျွန်တော်တို့နှင့် ကျောင်းသားငယ်၊ ကျောင်းသားလတ်ဘဝတွင် ဆရာဖြစ်ခဲ့သော နပိုလီယံမဟုတ်တော့ပါ။ ဆရာအသစ်သင်တန်းတွင် တက်ရပါသည်။ ဆရာဟောင်းကို တမ်းတမိပါသေး၏။ ရိုင်ဖယ်ပစ်ကြရပါသည်။ ကိုက် ၁၀… မှ ဓါရိုးလုပ်ခြင်းဖြစ်ပြီး ၁၂ လက်မသာရ၏။ စင်စစ်ကိုက် ၁၀၀ မှဆိုလျှင် ၄ လက်မ၊ ၈ လက်မလောက်အတွင်း ဝင်ဖို့ကောင်းပါသည်။ ကျောင်းသားကြီးဘဝတွင် သေနတ်ပစ်ပြိုင်ကြရမည်ဖြစ်၏။

ယနေ့ ညနေ အမ်အာစီတွင် ကျွန်တော်တို့ အက်စ်ယူအိုက ကျောင်းသားကြီးများကိုခေါ်ပြီး စကားပြောပါသည်။ ဖိနပ်၊ ခါးပတ်တိုက်ရာတွင် သိပ်မပေါ့ကြဖို့၊ စစ်တက္ကသိုလ်စစ်ရေးပြများတွင် တပ်ရေးတို့၊ စစ်တက္ကသိုလ်အာအက်စ်အမ်တို့ စစ်ဆေးသည့်အခါ နာမည်မရှုံးဖို့နှင့် နောက်စာမေးပွဲတွေ နီးလာလျှင် နံနက်တိုင်း ကျောင်းသားကြီးနှစ်ယောက်စီ အလှည့်ကျနှင့် ဘီအာ… မတက်ဘဲနေရန် သူခွင့်ပြုမည့်အကြောင်းများ ဖြစ်ပါသည်။



ဒယ်ရီအဆောက်အအုံပေါ်မှ ဥယျာဉ်
အင်္ဂလိပ်ဥယျာဉ်ဟောင်းနေရာမှ ချောင်းနှင့်တံတား

၁၀-၉-၅…

ယနေ့မှစပြီး ဂျော်ဒန်ဘုရင် ဟူစိန်သည် စစ်တက္ကသိုလ်တွင်စ…



…တန်း တက်ရောက်ပါသည်။ ကောလိပ်ဟောင်း အင်ကာမင်တပ်ခွဲ (…erman Coy) တွင်နေရပြီး အခြားဗိုလ်လောင်းများလိုပင် နေထိုင်စား…က်သွားမည်ဖြစ်သည့်အကြောင်း၊ သို့သော် သူက ကျောင်းသားငယ်ဘဝ …၂ လ၊ ကျောင်းသားလတ်ဘဝတွင် ၂ လနေပြီး ကျွန်တော်တို့ ကျောင်း…ကြီးများနှင့်အတူ ကျောင်းဆင်းမည့်သူ ဖြစ်ပါသည်။

ကျွန်တော်တို့ တပ်ခွဲမှူးလည်း ပြောင်းပါပြီ။ တပ်ခွဲမှူးအသစ်က ဗိုလ်မှူး…တီးယတ် (Maj. Porteous V.C)ဖြစ်ပါသည်။ ဗြိတိသျှတပ်မတော်တွင် …ပြောင်မြောက်သည့်အတွက်ပေးသော အမြင့်ဆုံးဆုတံဆိပ်ဖြစ်သည့် ဗွီစီ (…toria Cross) ရထားသူဖြစ်ပါသည်။ သူက တပ်ခွဲတစ်ခွဲလုံးစုပြီး စကား…ပါသေးသည်။ စည်းကမ်းလိုက်နာကြရန် အဓိကထားပြောပါသည်။

ညနေတွင် ကျောင်းသားကြီးများချည်း သွားနိုင်သော ကလပ် (…iors' Club) သို့သွားပါသည်။ ထိုကလပ်တွင် စားသောက်ဆိုင်ရှိပြီး …ရည်သောက်ရင်း တီဗွီကြည့်ကြရ၏။ တီဗွီမှာ ၁၉၅၂ ခုနှစ်တွင် ပေါ်ခါစ …က်ဖြစ်သဖြင့် တပ်ခွဲဧည့်ခန်းဆောင်များတွင် ထားမပေးသေးဘဲ ကျောင်း…ကြီးများကလပ်မှာပင် တစ်လုံးထားပေးပါသေးသည်။ ယင်းမှာ ကျောင်း…ကြီးများအတွက် ပေးထားသည့် အထူးအခွင့်အရေးတစ်ရပ်ဖြစ်ပါ၏။

၁၁-၉-၅၂

စစ်ရေးပြတစ်ချိန် ရှိပါသည်။ ခွင့်အပြန် တကယ်မောင်းပစ်မှာကို …လင့်ထားသော်လည်း သည်လောက်ကြီး မပင်ပန်းလိုက်ပါ။ ယနေ့ …က္ကသိုလ်သို့ ပြင်သစ်စစ်တက္ကသိုလ် (St. Cyr) မှ ဗိုလ်လောင်းများ …ည်လာကြပြီး စာသင်ခန်းများ၊ သင်တန်းများကို လျှောက်ကြည့်ကြပါ…။ ကျွန်တော်တို့ တပ်စုမှူး ဗိုလ်မှူးဂိတ်စကဲက တပ်စုတွင်ရှိသော ဗိုလ်လောင်း…လုံးကိုခေါ်ပြီး စကားပြောပါသည်။ တပ်စုအပြင်ထွက် လေ့ကျင့်ခန်းမှာ …၂၈ ရက်နေ့တွင်စပြီး အောက်တိုဘာလ ၁ ရက်တွင် ကျောင်းပြန် …က်ကြမည့်အကြောင်း၊ လက်တွေ့စစ်ပညာများကို ဂရုစိုက်ကြရန် ပြောပါ…။ ထို့နောက် ကျွန်တော်တို့ ကျောင်းမဆင်းမီပင် သူလည်း ပြောင်းရွှေ့…ဖြစ်ကြောင်း ပြောပြပါသည်။ တစ်နှစ်ကျော်လောက် အတူနေလာပြီး …ို့ ပြောင်းမည်ဆို၍ လွမ်းသလိုလို ဖြစ်နေ၏။ အထူးသဖြင့် လက်တွေ့ …ည့်ကိစ္စတွင် ကျွန်တော့်ကို စိတ်ရှည်ရှည် ဆက်ဆံခဲ့သူဖြစ်၍ ကျေးဇူးရှင်

www.burmeseclassic.com

www.burmeseclassic.com



ဒယ်ရီဥယျာဉ်
စပိန်ဥယျာဉ်ခုံနှင့် ဂိတ်ဝကြီးများဟု အမည်ပေးထားပါသည်။



ဦးပင်ဖြစ်ပါသည်။ တပ်ခွဲမှူးကြီးကိုလည်း သတိရနေကြသည်။ အလွန် ဘောကောင်း၊ သဘောထားပြည့်ဝသော အရာရှိများဖြစ်ပါသည်။

၁၃–၉–၅၂

ယနေ့ စစ်တက္ကသိုလ်စစ်ရေးပြကို အကောင်းဆုံး ဖိနပ်၊ ခါးပတ်များဖြင့် ဆင်းကြရသည်။ ထိုကဲ့သို့ အကောင်းဆုံးတွေ ဝတ်ရမည်ဆိုလျှင် အကောင်းဆုံး သားရေ (Best Leather) ဟု တပ်ခွဲအရာခံဗိုလ် သို့မဟုတ် အက်စ်ယူဓက ပြောလိုက်ပါသည်။ ခါးပတ်၊ လုံ့စွပ်အိတ်၊ ဖိနပ်အားလုံးက သားရေနှင့်ပြုလုပ်ထား၍ အကောင်းဆုံးသားရေဆိုလျှင် နားလည်ကြပါသည်။ စစ်ရေးပြတွင် ဗိုလ်လောင်း ၄–၅ ယောက် နာမည်ရှုံးကြသေး၏။ ညနေတွင် စစ်တက္ကသိုလ်ကလပ် (Academy Club) သို့သွားပြီး ညစာစားကြပါသည်။ ကိုကြည်အေး၊ ခင်မောင်တင့်တို့နှင့်အတူ သွားကြခြင်းဖြစ်၏။ ညတွင် ဗိုလ်တိုက်အခန်းတွင် ငါးပိကြော်၊ သရက်သီး ကုလားတည်နှင့် အာလူးကြော်စားကြရင်း သူ့ခါးပတ်များ၊ ခြေပတ်များ တိုက်ပေးကြပါသည်။ ငါးပိကြော်ကတော့ ကိုသန်းဝင်းပါလာသော ငါးပိကြော်ဖြစ်ပါသည်။

၁၆–၉–၅၂

ယနေ့ သံရုံး ငွေစာရင်းကိုင်ချုပ်ထံမှ စာရပါသည်။ ကျွန်တော်တို့ မြန်မာပြည်တွင်ကျန်ရစ်ခဲ့သော မိသားစုအတွက် ငွေလွှဲသည်ကို အရင်က ကျွန်တော်တို့ မနုတ်ခဲ့မိသဖြင့် ရှေ့လကစပြီး တစ်လကို ၂ ပေါင် ၁၆ သျှီလင် ၃ ပဲနိ ဖြတ်မည်ဖြစ်ကြောင်း ဖြစ်သည်။ ကျွန်တော့်အနေနှင့် ကျောင်းသားကြီးဘဝတွင် ၁၁ ပေါင် ၈ သျှီလင် ၆ ပဲနိပဲ သုံးဖို့ကျန်ပါမည်။ သို့နှင့် တစ်ခါထပ်ပြီး ဆေးလိပ်ဖြတ်ရန် ဆုံးဖြတ်ရပြန်ပါသည်။ ဘိလပ်တွင် စီးကရက်က အလွန်ကို ဈေးကြီးပါသည်။

၁၇–၉–၅၂

ယနေ့ စက်ပစ်ကွင်းတွင် ရိုင်ဖယ်ပစ်ကြရ၏။ အမြန်ပစ်တွင် သိပ်မကောင်းသော်လည်း ကိုက် ၄၀၀ မှပစ်ရာတွင် ယခင်ကထက် တိုးတက်လာပါသည်။ ယနေ့ ဗိုလ်နေဒွန်းနှင့် ဗိုလ်ဝင်းမောင်တို့ ဆင်းဟတ်စ်ကို လာလည်ကြပါသည်။ ဗိုလ်ရာထူး (Lieutenant) ရနေကြပြီဖြစ်ပါ၏။

www.burmeseclassic.com

www.burmeseclassic.com



ယနေ့ စစ်တက္ကသိုလ်စာကြည့်တိုက်မှ သောမတ်ကာလိုင်ရေးသော စာအုပ်တစ်အုပ် ငှားခဲ့ပါသည်။ (Hero and Hero Worship by Thomas Carlyle) အလွန်ကိုကောင်းသည့်စာအုပ် ဖြစ်ပါသည်။ စာအုပ်ခေါင်းစဉ် ကြည့်လိုက်လျှင် ခေတ်မမီဘဲ သူရဲကောင်း ကိုးကွယ်မှု၊ သူရဲကောင်းတစ်ကိုယ်တော် အားကိုးမှုအကြောင်းရေးမည်ဟု ထင်ရသော်လည်း အမှန်မှာ သမိုင်းတွင် နာမည်ကျော်ကြားခဲ့သော ခေါင်းဆောင်ကြီးများအကြောင်း၊ သူတို့အားလုံးတွင်တွေ့ရသော အရည်အချင်းအကြောင်း ရေးသားထားသည့်စာအုပ် ဖြစ်ပါသည်။ ခေါင်းဆောင်ရွေးချယ်သည့်နေရာတွင်လည်း ဘာသာရေးခေါင်းဆောင်အဖြစ် သူရဲကောင်း အိုဒင် (Odin)၊ မဟာမက်၊ ကဗျာဆရာအဖြစ် ဒန်တေ ရှိတ်စပီးယား (Dante and Shakespeare) တို့အပြင် ဘုရင်နှင့် စစ်ခေါင်းဆောင်အဖြစ် ကရော်မ်ဝဲလ်နှင့် နပိုလီယံ (Cromwell and Napoleon)တို့ကို ရွေးချယ်ပြီး တင်ပြထားပါသည်။ သမိုင်းတွင် တကယ့်ခေါင်းဆောင်ဖြစ်သော တကယ်ကြီးကျယ်သော ခေါင်းဆောင်ကြီးများကို လေ့လာကြည့်လျှင် မရှိမဖြစ်သည့် အရည်အချင်းတစ်ရပ်ရှိကြောင်း၊ ထိုအရည်အချင်းမှာ ခေါင်းဆောင်ကြီးတစ်ဦး ဟုတ်မဟုတ် စစ်ဆေးရန် မှတ်ကျောက်ပင်ဖြစ်ကြောင်း၊ ထိုအရည်အချင်း တကယ်ရှိသည့်ပုဂ္ဂိုလ်မှာ သမိုင်းတွင် စာတင်ထိုက်သည့် သူရဲကောင်းဖြစ်လာကြောင်းကို ရေးသားထား၏။ ထိုအရည်အချင်းမှာ အမှန်တရားကို မြတ်နိုးမှု၊ ဟန်ဆောင်ခြင်းကင်းသည့် တကယ့်ရိုးသားမှုဟု ခေါ်ဆိုနိုင်သည့် (Sincerity) ပင်ဖြစ်ပါသည်။ အမှန်က စာအုပ်ဆိုသော်လည်း တစ်စုတည်း တပေါင်းတည်းကို တစ်ခါတည်း ရေးချထားသည်မဟုတ်ဘဲ ထိုဘာသာရပ်နှင့် ပတ်သက်၍ ကာလိုင်းပေးခဲ့သော လက်ချာများကို စုပေါင်းရိုက်နှိပ်ထုတ်ဝေခြင်း ဖြစ်ပါသည်။ ထိုစာအုပ်မှာ ကျွန်တော် အသည်းစွဲဖြစ်သွားပါသည်။ ထိုစာအုပ်မှာ စတင်ထုတ်ဝေခဲ့သော ၁၈၇၂ ခုနှစ်မှစပြီး နောက်အကြိမ်ကြိမ် ပြန်လည်ပုံနှိပ်ခဲ့၍ ယခု ကျွန်တော့်လက်ထဲတွင်ရှိသည့် စာအုပ်မှာ ၁၈၉၄ ခုနှစ်က ထုတ်ဝေသော စာအုပ် ဖြစ်ပါသည်။ အချို့က ထိုစာအုပ်မှာ ခေတ်နှင့်မလျော်ညီတော့ဟု ပြောချင်ပြောကြမည်ဖြစ်သော်လည်း ကျွန်တော်တင်ပြချင်သည်မှာ ထိုစာအုပ်မှာ ခေတ်တိုင်းနှင့်လျော်ညီသည့်စာအုပ် ဖြစ်ပါသည်။ သစ္စာတရားကို မြတ်နိုးသူများ ဟန်ဆောင်မှုကို မကြိုက်နှစ်သက်သူများရှိနေသေးသမျှ ကာလပတ်လုံး ထိုစာအုပ်မှာ ခေတ်မီနေမည်ဖြစ်သည်ဟုပြောချင်ပါသည်။ ထိုစာအုပ်ကို ကျွန်တော် ဘယ်လောက် စွဲသွားသည်ဆိုသည်ကို အလျဉ်းသင့်၍ တင်ပြလိုပါသေးသည်။



စစ်တက္ကသိုလ်ကဆင်း၊ ဗိုလ်ဖြစ်ပြီး (Folyes) ဆိုင်တွင် ထိုစာအုပ်သွားရှာ၍ တစ်အုပ်ရထား ပါသည်။ မြန်မာပြည် ပြန်ရောက်ပြီး သူငယ်ချင်းတစ်ယောက်ကို ငှားလိုက်ရာ စာအုပ်ပျောက်သည်ဆိုပြီး ပြန်မရတော့ပါ။

သို့နှင့် ၁၉၆၄ ခုနှစ် ဂျီနီဗာ (ဆွစ်ဇာလန်)တွင်ကျင်းပသော နိုင်ငံတကာ အလုပ်သမားကွန်ဖရင့် (ILO) ကို ကျွန်တော်တက်ရသောအခါ နက်စောစော လမ်းလျှောက်ရင်း စာအုပ်အဟောင်းဆိုင်တစ်ဆိုင်တွင် ထိုစာအုပ် သွားတွေ့ပါသည်။ သို့သော် အခြား ကာလိုင်းရေးသည့် စာအုပ်ငါးအုပ်နှင့် တစ်စုံလုံးယူမှ ရောင်းမည်ဆိုသည်နှင့် တစ်စုံလုံးကိုဝယ်လာခဲ့ရပါသည်။ အခြား အုပ်ငါးအုပ်ကို ကျွန်တော် စိတ်မဝင်စား၍ ယခုအထိ လှန်တောင်မကြည့်မိ ။

၁၈-၉-၅၂

ယနေ့ နေ့လယ်တွင် ကိုယ်ပိုင်စာကြည့်ချိန် နှစ်ချိန်ရပါသည်။ ညနေ ၌င် သေနတ်ပစ်ရပါသည်။

၁၉-၉-၅၂

ယနေ့ တစ်မနက်လုံး စာသင်တန်းတွေချည်း တက်ရ၏။ နေ့လယ် ၌င် ကျောင်းသားကြီးတွေချည်း အခမ်းအနား စစ်ရေးပြလုပ်ကြရပါသည်။ ကောင်းဆုံးသားရေနှင့် စစ်ရေးပြပါ။ ဩစတြေးလျစစ်တက္ကသိုလ် ကျောင်း ကြီး ဗိုလ်ချုပ်ကြီးက အလေးပြုခံယူပါသည်။ သူက အမေရိကန် ဝက်ပွိုင့် တက္ကသိုလ်နှင့် ကနေဒါစစ်တက္ကသိုလ်ကိုလည်း ကြည့်ရှုလေ့လာခဲ့ပြီး ယခု ဆင်းဟတ်စ်ကို ရောက်လာခြင်းဖြစ်၏။ ကျောင်းသားကြီးတွေချည်းလုပ်ရသော စစ်ရေးပြဖြစ်သည့်အတွက် သိပ်ပြီးမကောင်းလှဟု ထင်မိပါသည်။

ညနေတွင် ကင်ဘာလေထွက်ပြီး ဓာတ်ပုံတွေအကြီးချဲ့ပါသည်။ အိမ် ပြန်ပို့ရန်ဖြစ်ပါ၏။

၂၀-၉-၅၂ (စနေ)

အော်ဒါရှော့သွား၍ ကိုအေးကျော်နှင့် ရုပ်ရှင်ကြည့်ကြပါသည်။ ညစာ စစ်တက္ကသိုလ်ကလပ်တွင်ပင် စားကြပါ၏။ တီဗွီ ခဏကြည့်ကြပြီးမှ လာကြပါသည်။

www.burmeseclassic.com

www.burmeseclassic.com



၂၂-၉-၅၂

ယနေ့တစ်နေ့လုံး စာသင်တန်းများပင် တက်ရပါသည်။ စာကြည့်တိုက်မှ နပိုလီယံစာအုပ်တစ်အုပ် ငှားလာပါသည်။ ကျောင်းသားကြီးဘဝတွင် စစ်သမိုင်းအနေဖြင့် ကျွန်တော်က နပိုလီယံတိုက်ပွဲစဉ်ကို ယူထားပါ၏။ စစ်တက္ကသိုလ်တွင် စစ်သမိုင်းဘာသာရပ်သင်သည်မှာ တော်တော်စိတ်ဝင်စားဖို့ကောင်းပါသည်။ မသင်မနေရ ဘာသာရပ်ဖြစ်ပြီး တိုက်ပွဲစဉ်များမှာ ကိုယ်ဝါသနာပါရာ၊ ကိုယ်ယူလိုသော တိုက်ပွဲစဉ်ကို သင်ယူနိုင်ပါသည်။ စာလည်းတော်တော်ဖတ်ရ၏။ ဆရာက ဖတ်ရန် ရည်ညွှန်းစာအုပ်များနှင့်တကွ မည်သည့်စာမျက်နှာမှ မည်သည့်စာမျက်နှာထိ ဖတ်ရမည်ကို တာဝန်ပေးလိုက်ပြီး နောက်တစ်နေ့တွင် ဗိုလ်လောင်းများက မိမိတို့ဖတ်ရှုလာကြသည်များနှင့်ပတ်သက်၍ ဆွေးနွေးကြရ၏။ တာဝန်ပေးလိုက်သည့်အတိုင်း ဖတ်မလာသူများမှာ ဝင်ဆွေးနွေးနိုင်ခြင်းမရှိပါ။ အရမ်းကိုယ်ထင်ရာ ဝင်ပြော၍မရ။ ဆရာများမှာလည်း တကယ်စာဖတ်ထားသူများဖြစ်၍ အလွန်ပြည့်ဝသူများ ဖြစ်ကြပါ၏။ ယနေ့ ငှားလာသော စာအုပ်မှာ အီမယ်လက်ဝစ် (Emil Ludwig) ရေးသည့်စာအုပ်ဖြစ်သည်။ နပိုလီယံ စာအုပ်များအနက် အလွန်ကောင်းသည့် စာအုပ်တစ်အုပ်ဖြစ်ပါသည်။ ရန်ကုန်တွင် ဖတ်ခဲ့ပြီးဖြစ်၏။ ယခု ကျွန်တော် ဘိလပ်သို့ ယူမလာမိ၍ ထပ်ငှားရခြင်းဖြစ်ပါ၏။

၂၃-၉-၅၂

ယနေ့လေ့ကျင့်ခန်းမှာ တပ်မပါဘဲလုပ်ရသည့် လေ့ကျင့်ခန်းဖြစ်၏။ အတိုကောက် တျူတ် (Tewt) ဟုခေါ်ပြီး အရှည်မှာတော့ (Tactical Exercise Without Troops) တပ်မပါသော စစ်နည်းဗျူဟာ လေ့ကျင့်ခန်းဟု အဓိပ္ပာယ်ရပါသည်။ မြေပုံများနှင့် လေ့ကျင့်ကြရခြင်း ဖြစ်၏။ ခွာစစ် (Withdrawal) လေ့ကျင့်ခန်းဖြစ်ပြီး မြစ်တစ်ဖက်ကမ်းတွင် မိမိတပ်များမှာ ရန်သူနှင့် အကြီးအနယ်တိုက်နေရပြီး မြစ်ကို ဖြတ်ကူးသည့်ယာဉ်များသွားနိုင်သော တံတားကြီး တစ်ခုရှိပါသည်။ ထိုတံတားကို ရန်သူရသွားလျှင်လည်း အင်နှင့်အားနှင့် ရန်သူ ယာဉ်များ သံချပ်ကာတပ်များနှင့် ထိုးတက်လာကြမည်ဖြစ်၍ တံတားမှာ အလွန်အရေးကြီးသော နည်းဗျူဟာ ရည်မှန်းချက်တစ်ရပ် ဖြစ်နေပါသည်။ သို့သော် မြစ်တစ်ဖက်ကမ်းတွင်လည်း မိမိတပ်များက ရန်သူနှင့် တိုက်လျက်ရှိကြ၏။ ထိုအခြေအနေတွင် မိမိက တပ်မှူးတစ်ယောက်အနေဖြင့် ဘာလုပ်



မည်ဆိုသည်ကို ဆုံးဖြတ်ရန်ဖြစ်၏။ အဖြေကတော့ မိမိတပ်များ အမြောက်များ တစ်ဖက်ကမ်းတွင်ရှိနေသည့်တိုင်အောင် တံတားကို ဖောက်ခွဲဖျက်ဆီးရန် ဖြစ်၏။ ဒုတိယကမ္ဘာစစ်အတွင်းက အကောင်းဆုံးသော သာဓကမှာ ဂျပ်သျှတပ်မှူးက စစ်တောင်းတံတားကြီးကို ဖျက်ဆီးခဲ့ခြင်းကို ဆရာက ပြန်လည်ပြောပြပါသည်။ စစ်တောင်းတံတား ဖျက်သည့်အချိန်တွင် တစ်ဖက်ကမ်း၌ မဟာမိတ်အများအပြားမှာ ဂျပန်နှင့် ရင်ဆိုင်တိုက်နေဆဲ ဖြစ်ပါသည်။

သောင်းလေးထံမှ စာနံပါတ် ၄၁ ရပါသည်။ စာမျက်နှာ ၄ မျက်နှာပဲ ၌ ဖတ်လို့သိပ်အားမရပါ။

၂၅-၉-၅၂

ယနေ့ စစ်ရေးပြအချိန်မှာ အလွန်ကို ပင်ပန်းပါသည်။ တပ်ရေးဗိုလ်မှူး စစ်တက္ကသိုလ် တပ်ရင်းအရာခံဗိုလ်လာပြီး ကျွန်တော်တို့ကောလိပ်သစ် ရေးကွင်းနံဘေးမှ ကြည့်နေ၍ ကျွန်တော်တို့တပ်ခွဲ အရာခံဗိုလ်နှင့် စစ်ရေးပြ ဆိုကြပ်များက အစွမ်းကုန် ပညာပြကြပါတော့သည်။ အထူးသဖြင့် နောက်ဆုံး ခါနီး ၁၀ မိနစ်လောက်ကို မညှာမတာ တရကြမ်း မောင်းပစ်လိုက်ပါသည်။

ယနေ့ ကျောင်းသားငယ်များ အပြေးပြိုင်သည့်နေ့ဖြစ်ပါသည်။ ကျွန် တော်တို့ ထုံးစံအတိုင်းဆုတောင်းပြည့် ချောင်းနံဘေးမှာသွားပြီး အားပေး ပါသည်။ ကျွန်တော်တို့ တပ်ခွဲက ဒုတိယလိုက်ပါသည်။

မြန်မာသံရုံးမှ ကျွန်တော့်အတွက် အစီရင်ခံစာရပါသည်။ စစ် တက္ကသိုလ်ကရေးသည့် အစီရင်ခံစာကိုမှုတည်ပြီး ရေးထားသောအစီရင်ခံစာ ပါသည်။ ယင်းကို မြန်မာပြည်စစ်ရုံး ပြန်ပို့ရန်ဖြစ်ပါသည်။ အလွန်အားရ ကျေနပ်ဖို့ကောင်းပါသည်။

၂၆-၉-၅၂

တစ်မနက်လုံး စာသင်တန်းများတက်ရပြီး နေ့ခင်းတွင် ကြံခိုင်ရေး အချိန်ရှိပါသည်။ ထို့နောက် နက်ဖြန် အကောင်းဆုံး သားရေ၊ အပြာဝတ် များနှင့် စစ်ရေးပြလုပ်ကြမည်ဖြစ်၍ ပြင်ကြဆင်ကြရပါသည်။

၂၇-၉-၅၂

ယနေ့ စစ်တက္ကသိုလ်စစ်ရေးပြမှာ ကျောင်းသားကြီးနှင့်ကျောင်းသား

www.burmeseclassic.com

www.burmeseclassic.com



လတ်များချည်း လုပ်ရသော စစ်ရေးပြ ဖြစ်ပါသည်။ အပြာဝတ်စုံနှင့် ခါးထ ဖိနပ် အခြေအနေစစ်ဆေးရန် အဝတ်ခိုင်းခြင်းဖြစ်ပါ၏။ စစ်တက္ကသိုလ် တပ်ရေးကိုယ်တိုင်စစ်ဆေး၍ ကျွန်တော်တို့ တပ်ခွဲမှ လူ ၃၀ လောက် နာမည်ရှုံးကြပါသည်။ ကံကောင်းထောက်မ၍ ကိုကြည်အေးရော ကျွန်တော် နာမည်မရှုံးကြပါ။ တပ်ခွဲတစ်ခွဲလုံး ဆာ၊ ဆာနှင့် ထူးသံများ ဆူညံသွားတော့ ၏။ တပ်ရေးက ရှေ့ကနေ ဒီဗိုလ်လောင်းခါးပတ် ညစ်ပတ်တယ်ဟုဆို လိုက် လျှင် အပြောခံရသော ဗိုလ်လောင်းက 'ဆာ'ဟု အကျယ်ကြီးအော်ပြီး ထူးရ အော်သည်မှာ တိုးနေလျှင် တပ်ရင်းအရာခံဗိုလ်က 'ဆာ'ဟု အကျယ်ကြီးအော် ပြပြီး အကျယ်ကြီး ပြန်အအော်ခိုင်းပါသည်။

ကိုလေးမောင်ကြီး ဆင်းဟတ်စ်ကို လာလည်ပါသည်။ ကိုတင်ကြီး အခန်းတွင် ရခိုင်ငါးပိကြော်ရောက်နေသည်နှင့် ကျွန်တော်တို့တွေစုပြီး ကိုတင် ကြီးအခန်းတွင် ငါးပိကြော်၊ ပေါင်မုန့်၊ ဝက်အူချောင်းများ စားကြပါသည်။ ရခိုင်ငါးပိကြော်မှာ တကယ်စပ်ပြီး တကယ်ကောင်းလှပါသည်။ ထို့နောက် တင်မောင်သန်း (ကျောင်းသားငယ်) အခန်းတွင်စုကြပြီး မယ်ဒလင်တီးကြ စကားပြောကြနှင့် ညနေအထိ ဖြစ်ပါသည်။

၂၈-၉-၅၂

တပ်စုပြင်ပလေ့ကျင့်ခန်း စပါသည်။ လေ့ကျင့်ခန်း မှတ်စုများ ကလင် ဒါတွင် မှတ်ထားပါသည်။ (ယခု ကလင်ဒါ မရှိတော့ပါ။) ကလင်ဒါဆိုသည်မှာ ရိုးရိုးပြက္ခဒိန်ကိုခေါ်သည် မဟုတ်ပါ။ စစ်တက္ကသိုလ်တစ်ခုလုံး ကျောင်းသားကြီး လတ်၊ ငယ်ဘဝတွင် အရေးကြီးသော အဖြစ်အပျက်များအားလုံး ကလင်ဒါတွင် ဖော်ပြထားပါသည်။ ပုံစံအားဖြင့် ဘယ်နေ့တွင် ဘယ်နိုင်ငံမှ ဗိုလ်ချုပ် ဆင်း ဟတ်စ်သို့ လာလည်မည်၊ သူ့ကို ဂုဏ်ပြုအခမ်းအနား စစ်ရေးပြဘယ်နေ့မှာ လုပ်ရမည်၊ ဘယ်နေ့တွင် စစ်တက္ကသိုလ်အားကစားအဖွဲ့သည် ဘယ်ကောလိပ် ကိုသွားပြီး ပြိုင်ကစားကြမည်။ ဘယ်နေ့တွင် ကျောင်းသားငယ် လက်ရွေး စသည်ဖြင့် အရေးကြီးသည့်အဖြစ်အပျက်အားလုံး အသေးစိတ်ဖော်ပြထားခြင်း ဖြစ်ပါသည်။ ထိုကလင်ဒါကို သင်တန်းပတ်တစ်ခု မစမီကတည်းက ရိုက်နှိပ်ပြီး ဖြစ်၍ တကယ်ကို တန်ဖိုးရှိလှပါသည်။ အင်္ဂလိပ်လူမျိုးအနေနှင့်ရော စစ် တက္ကသိုလ်အနေနှင့်ပါ အုပ်ချုပ်ရေးရာကို မည်မျှ အသေးစိတ်တိတိကျကျ လုပ်တတ်သည်၊ လုပ်နိုင်သည်ဆိုသည်ကို ပြသည့်သာဓကဖြစ်၏။



တက္ကသိုလ်တွင် အဖြစ်အပျက်ကြီးကြီးကျယ်ကျယ်မှန်သမျှ တစ်ခုမျှ လက်တန်း ပါ။ အားလုံး အစီအစဉ်ထဲတွင် ထည့်သွင်းရေးဆွဲထားပြီး ဖြစ်ပါသည်။

ကျွန်တော်တို့က တပ်စုပြင်ပလေ့ကျင့်ခန်းမှတ်စုကို ကလင်ဒါမှ တ်သောနေရာများတွင် မှတ်ထားမိပါသည်။ အခု ထိုကလင်ဒါမရှိတော့ပါ။

၂၉/၃၀-၉-၅၂

ရာသီဥတုမကောင်းဘဲ မိုးဆက်တိုက်ရွာနေ၍ ၃၀-၉-၅၂ နေ့မှာပင် စစ်တက္ကသိုလ်သို့ ပြန်လာကြရပါသည်။ အမှန်မှာ အောက်တိုဘာလ ၁ ရက်နေ့အထိ ပြင်ပတွင် လေ့ကျင့်ခန်းလုပ်ကြရန် ဖြစ်ပါသည်။

၁-၁၀-၅၂

တပ်ခွဲမှူးတပ်စုမှူးတို့က ပြင်ပလေ့ကျင့်ခန်းနှင့်ပတ်သက်ပြီး သူတို့ အမြင်ချက်နှင့် ပြောပြပါသည်။ ယင်းကို (Post-mortem) ဟု ခေါ်ပါသည်။ ပို့စ်မော်တမ်မှာ လက်တင်စကားဖြစ်ပါ၏။ အဓိပ္ပာယ်ရင်းမှာ 'သေပြီးနောက်'ဟု အဓိပ္ပာယ်ရပါသည်။ ဥပမာ Post Mortem Examina-tion ဆိုလျှင် သေဆုံး ရုပ်အလောင်းကို ခွဲဖျက်ကြည့်ခြင်းဖြစ်၏။ စစ်တက္ကသိုလ်တွင်လည်း လေ့ကျင့်ခန်းကြီးတစ်ခုပြီးလျှင် ယင်းသို့ ပို့စ်မော်တမ်လုပ်နေကျဖြစ်၏။

သေနတ်တိုက်ပြီး ကိုကြည်အေး၊ ကိုစိုးလွင်နှင့် ကိုတင်ကြီးအခန်းတွင် ငါးပိကြော် သွားစားကြပါသည်။

၂-၁၀-၅၂

ယုံကြည်မှုနေရာတွင် တစ်ချိန်သွားလေ့ကျင့်ကြရပြီး လက်ချာတက် ကြရပါသည်။ ပထမ၊ ဒုတိယ ကမ္ဘာစစ်ကြီးများတွင် လက်နက်အသစ်အဆန်း များ ပေါ်လာရာမှ နည်းဗျူဟာများ၊ မဟာဗျူဟာများ ပြောင်းလဲလာပုံနှင့် အနာဂတ် စစ်ပွဲတွင် မည်ကဲ့သို့ ဖြစ်နိုင်သည်ဆိုသည်များကို သင်ကြားကြရပါ သည်။ တကယ် စိတ်ဝင်စားဖို့ ကောင်းပါသည်။ ပထမကမ္ဘာစစ်ပွဲတွင် ခံစစ် ကျုံးမြောင်းများတူးပြီး တိုက်ကြသည်မှာ စစ်သေနတ်ပေါ်လာ၍ လုပ်ကြခြင်း ဖြစ်ကြောင်း၊ နောက် တစ်ဖက်နှင့်တစ်ဖက် ရှေ့မတက်နိုင်အောင် ရှိကြသည့် ခံ တူးမြောင်းများကို ဖြတ်နိုင်မည့် သံချပ်ကာတင့်ကားများ ပေါ်ပေါက်လာ ကြောင်း၊ ပထမကမ္ဘာစစ်၏ လက်နက်ဆန်းများမှာ စက်သေနတ်နှင့် သံချပ်

www.burmeseclassic.com

www.burmeseclassic.com



ကားပင်ဖြစ်ကြောင်း၊ ထိုသံချပ်ကား၊ တင့်ကားကို ဒုတိယကမ္ဘာစစ်တွင် ဂျ
များက ပန်ဇာတပ်မကြီးများဖွဲ့စည်းပြီး အနီးကပ် လေတပ်ပစ်ကူနှင့် တို
ခိုက်ခဲ့ကြ၍ နည်းဗျူဟာ ပြောင်းလဲလာပုံ၊ ထိုနောက် အဝေးပျံသန်းနိုင်သော
ဗုံးကြဲလေယာဉ်ကြီးများနှင့် ရန်သူ စက်မှုလက်မှုနေရာများ၊ နောက်ပိုင်းဒေ
များကို ဗုံးကြဲတိုက်ခိုက်ကြ၍ မဟာဗျူဟာမြောက် ဗုံးကြဲတိုက်ခိုက်ခြင်း
ပေါ်ပေါက်လာပုံများကို ပြောသွားပါသည်။ ယခုဆိုလျှင် အဏုမြူထိပ်ဖူးတ
သော အမြောက်ဆန်များပေါ်လာပြီး အမြောက်မှာလည်း မိုင် ၃၀ လောက်အထ
ဝေးအောင် ပစ်နိုင်သဖြင့် မဟာဗျူဟာနည်းဗျူဟာ ပြောင်းလဲလာပုံ၊ ဒုံးကျည်
များ၊ တိုက်ချင်းပစ်ဒုံးပျံများ၊ နည်းဗျူဟာ အဏုမြူလက်နက်များ ပေါ်ပေါ်
လာပုံများ၊ ထို့ကြောင့် တစ်ဖန် မဟာဗျူဟာနည်းဗျူဟာ ပြောင်းလဲလာပြီ
ဆိုသည်များကို သာဓကများနှင့် သင်ကြားခြင်းဖြစ်ပါသည်။ အလွန် စိတ်ဝင်စား
ဖွယ်ကောင်းပါသည်။

ညနေတွင် စက်ပစ်ကွင်းသွား၍ သေနတ်ပစ်ကြရပါသည်။ ယနေ့
ပစ်ရာတွင် အမှတ်ကောင်းပါသည်။ ထို့နောက် တစ်နေ့လယ်လုံး ကိုယ်ပိုင်
စာကြည့်ချိန်ပေးထား၍ လက်ချာပေးကြရန် ပြင်ကြဆင်ကြရပါသည်။ ကိုယ်
လောင်းများက တစ်ဦးစီ လက်ချာပေးရမည် ဖြစ်ပါသည်။

၃-၁၀-၅၂

စစ်ရေးပြ တစ်ချိန်ရှိ၏။ ညတွင် ညလေ့ကျင့်ခန်းလုပ်ကြရပါသည်။
ခွာစစ်လေ့ကျင့်ခန်းဖြစ်ပြီး ရာသီဥတုကသိပ်မအေး၍ လုပ်ရကောင်းပါသည်။
ညသန်းခေါင်ကျော် ၀၀:၀၅ မှ ပြန်လာကြပြီး ဆောမ်းတပ်ခွဲညှိခန်းတွင်
ကိုကိုးနှင့် မုန့်များကျွေးပါသည်။ ယခုအပတ်မှာ အလွန်ကို အလုပ်များသော
သီတင်းပတ်ဖြစ်ပါသည်။ တပ်စုပြင်ပ လေ့ကျင့်ခန်း၊ ပြင်ပ ညလေ့ကျင့်ခန်း
ယှဉ်ကြည်မှုနေရာ၊ အကောင်းဆုံးသားရေနှင့် စစ်ရေးပြတို့မှာ ဆက်တိုက် ဖြစ်နေ
၏။ တော်တော်ကို အလုပ်များလိုက်ပါသည်။ အလုပ်အများဆုံး သီတင်းပတ်ဆို
လျှင်မမှားပါ။

၄-၁၀-၅၂

မနေ့ည လေ့ကျင့်မှုအပြန် နောက်ကျ၍ ယနေ့မနက် ဘီအာစီမရှိပါ။

* Strategic Bombing



အခမ်းအနားဝတ်စုံနှင့် ကျောင်းသားလတ်ဘဝ
ဘုရင့်တပ်ခွဲ (ဂါဇာတပ်ခွဲ) ကျောင်းသားဆောင်များရှေ့တွင်

၅ နာရီအထိ အိပ်ပြီးတော့မှ ညလေ့ကျင့်ခန်းအတွက် ထုတ်ထားသော
း်များ လက်နက်များအပ်ရပါသည်။ ထိုနောက် မနေ့ညက လေ့ကျင့်ခန်း
က် ဝေဖန်ချက် (ပို့မော်တမ်)တက်ရ၏။ ကိုခင်မောင်တင့် ကျွန်တော့်
း်လာပြီး စကားပြောကြရင်း သတင်းစာဖြတ်ပိုင်းများ ညှပ်ပါသည်။
ဉ်သတင်းစာများမှ စစ်ရေး၊ နိုင်ငံရေးမှ ကျွန်တော်က မိမိဝါသနာပါရာ
ာရပ်များကို ဘာသာရပ်အလိုက် ဖိုင်တွဲထားပါသည်။

၅-၁၀-၅၂

ယနေ့ ခင်မောင်တင့်နှင့် ကောလိပ်ဟောင်းကိုသွားပြီး ဓာတ်ပုံရိုက်ကြ
သည်။ ထို့နောက် ကိုတင်ကြီးအခန်းတွင် ငါးပိကြော်နှင့် နေ့လယ်စာ

www.burmeseclassic.com

www.burmeseclassic.com



စားလိုက်ကြပါသည်။

၆-၁၀-၅

ယနေ့ ဆောင်းတွင်းအချိန် စပါပြီ။ ဆောင်းတွင်းအချိန် ဆိုသည် နေ့ခင်းတွင် အားကစားလုပ်ကြရပြီး ညနေကျတော့မှ စာသင်တန်းများ တ ကြရပါသည်။

အားကစား ပြီးသောအခါ စာကြည့်တိုက်သွား၍ နပိုလီယံတိုက်ပွဲ နှင့်ပတ်သက်သော စာအုပ်များငှားခဲ့ပါသည်။

ဘဏ်ကိုသွား၍ စာရင်းကြည့်ရာ ငွေတော်တော်စုမိနေသည်ကို တွေ့ ပါသည်။ ကျွန်တော် မှန်းထားသည်ထက် များနေပါ၏။ ကျွန်တော့်စာရင်း ထဲတွင် ၃၁ ပေါင် ၁၀ သျှီလင်ရှိနေပါ၏။ ဗိုလ်လောင်းဘဝတွင် အချမ်းသာဆုံး အချိန်ပိုင်းကလေး ဖြစ်ပါ၏။

၇-၁၀-၅

ယနေ့ စစ်ရေးပြအချိန်တွင် အမိန့်ပေးလေ့ကျင့်ရပါသည်။ ဗိုလ်လောင်း တစ်ယောက်စီထွက်ပြီး အမိန့်ပေးရ၏။ ဒါကလည်း စိတ်ဝင်စားဖို့ တော်တော် ကောင်းပါသည်။ အမိန့်ပေးသူက ပြတ်ပြတ်သားသား အမိန့်ပေးတတ်မှ စစ်ရေးပြလုပ်ရသည်မှာ ပိုကောင်းပါသည်။ ဘယ်ခြေ မြေအကျတွင် အမိန့်ပေး မည်။ ဘယ်ဘက်ညီပြီး လျှောက်ရမည်ဆိုသည်ကိုပါသိရှိရန်၊ အမိန့်ပေးတတ် ရန်လိုပါသည်။

ယနေ့ ဇနီးနှင့် သားသမီးလေးများ ဓာတ်ပုံရ၍ သိပ်ကိုပျော်နေပါ သည်။ စာနံပါတ် ၄၃ ဖြစ်၏။

၈-၁၀-၅

သောင်းလေးဆီ စာထည့်ပြီး ကိုကြည်အေးနှင့် အော်ဒါရှော့ကို ရုပ်ရှင် သွားကြည့်ကြပါသည်။ ဆံပင်ပါညှပ်ခဲ့ပြီး အပြန် ဝေးဆိုက်ကာဖေးတွင် ည စားကြရင်း ရှေးဟောင်းနှောင်းဖြစ်တွေ စားမြုံ့ပြန်ကြရ၏။

၉-၁၀-၅

ယနေ့ ဗြိတိသျှ တပ်မတော်စစ်ဦးစီးချုပ် (Chief of Impe General Staff C I G S) အတွက် အခမ်းအနား စစ်ရေးပြလေ့ကျင့်ကြ



။ အဖြူ (ဘပ်) ခါးပတ်၊ လုံ့စွပ်အိတ်၊ သေနတ်ကြိုးများနှင့် အကောင်းဆုံး စီးပြီး လေ့ကျင့်ကြရပါသည်။

နေ့လယ်တွင် စစ်သမိုင်း စာစီစာကုံးရေး၏။ စာမေးပွဲတွေ နီးလာ၍ ပွ ဖိပြီးကြည့်နေရပါသည်။

စစ်တက္ကသိုလ် ကလပ် အစည်းအဝေး တက်ရပါသည်။ ကျောင်းအုပ် ကိုယ်တိုင် တက်ရောက်ပါသည်။

၁၀-၁၀-၅၂

တစ်နေ့လယ်လုံး ကိုယ်ပိုင်စာကြည့်ချိန်ရပြီး နေ့ခင်းတွင် စက်ပစ် သွားပြီး ရိုင်ဖယ်ပစ်ရပါသည်။ တော်တော်ဟန်ကျပါသည်။

ညတွင် စီးပွားရေး စာစီစာကုံးရေးပါ၏။

၁၁-၁၀-၅၂

ကြံ့ခိုင်ရေးသင်တန်းတွင် ဗိုလ်လောင်းတစ်ဦးစီထွက်ပြီး ကျန် လောင်းများကို အုပ်ချုပ်ပြသရပါသည်။ နေ့လယ်တွင် စက်ပစ်ကွင်းသွား၍ တ်ပစ်ပြိုင်ပွဲတွင် ပစ်ကြရမည့်အတိုင်း ပစ်ကြရပါသည်။ ၃ ကြိမ်ပစ်ကြရ ဖြစ်ပြီး ပထမနှစ်ကြိမ်မှာ အမှတ်တော်တော်များပြီး နောက်ဆုံးတစ်ကြိမ်က ဟန်ပါ။

ညနေတွင် ကိုကြည်အေးနှင့် ရုပ်ရှင်သွားကြပြီး အက်ဂျီအက်မှာပင် စားကြ၏။ အက်ဂျီအက်မှာ စားရသောက်ရသည်ကို နည်းနည်းရေးပါဦး ထိုဆိုင်များတွင် ရောင်းသူများမှာ အရပ်ဘက်မှ အမျိုးသမီးများ ဖြစ်၏။ သာချောင်ချိရေးသဘော စစ်တက္ကသိုလ်က ဖွင့်ထားသောဆိုင်များ ဖြစ်ပါ ။ ကော်ဖီ၊ လက်ဖက်ရည်၊ အဖျော်ယမကာ၊ ဘီယာ အားလုံးရနိုင်ပြီး စုံ ရပါသည်။ ထို့ပြင် ကျွန်တော်တို့ ပါးစပ်နှင့်တွေ့သော အာလူးကြော်နှင့် ချောင်းပါ ရပါသည်။ ဆိုင်တွင်ဝယ်ရန် ကူပွန်စာအုပ်များကို ကြိုတင် ထားရပြီး စားတိုင်းသောက်တိုင်း ကူပွန်ပေးကြရ၏။ ထိုဆိုင်များတွင် င်းသည့်အချက်မှာ အဖြားပေးစရာမလိုပါ။ ထိုအချက်တွင် အပြင်ဆိုင်နှင့် ပါသည်။ တကယ်အဝစားမည်ဆိုလျှင် ထိုဆိုင်များတွင် ကြက်သားကြော်လို၊ (အမဲသား)လို ပူပူနွေးနွေး ချက်ပြုတ်ထားသော အစားအစာတော့ ပါ၊ ဗိုလ်လောင်းများ အားချိန်လေးတွင် စားနိုင်သောက်နိုင်အောင်

www.burmeseclassic.com

www.burmeseclassic.com



ဖွင့်ထားသောဆိုင်များ ဖြစ်ပါသည်။ ပိုက်ဆံပြတ်နေ၍ ကျွန်ုပ်ရှိသေးသည်
ထိုဆိုင်များတွင်သာ စားကြရပါတော့သည်။

၁၂-၁၀-

တစ်မနက်လုံး စစ်သမိုင်းစာစီစာကုံးရေးပြီး သင္ကလတ်ဝတ်
တိုက်၊ သေနတ်နှင့် ခါးပတ်များ၊ ဖိနပ်များ ပြန်တိုက်ရပါသည်။ ဗြိ
စစ်ဦးစီးချုပ်အတွက် စစ်ရေးပြမှာ အင်္ဂါနေ့တွင် ဖြစ်၏။ ထိုနောက် တစ်
တည်း ရုပ်ရှင်ထွက်ကြည့်ပါ၏။ (Beyond Glory) အမေရိကန် စစ်တက္က
(West Point) အကြောင်း ရိုက်ထားသော အလွန်ကောင်းသည့်ရုပ်ရှင် ဖြ
သည်။

၁၃-၁၀-

ယနေ့တစ်နေ့လုံး စာသင်တန်းတွေပဲ တက်ကြရပါသည်။ ထို့အ
ကိုကြည်အေးနှင့် အပြင်ထွက်ပြီး ဆံပင်ညှပ်ကြပါသည်။ ယခုလို အခမ်း
စစ်ရေးပြနီးသည့်အခါ စစ်တက္ကသိုလ်မှ ဆံပင်ညှပ်ဆိုင်များမှာ လူတွေ
များပါသည်။ အင်္ဂလန်တွင် ဆံပင်ညှပ်ရသည်ကို အနည်းငယ်တင်ပြ
စစ်တက္ကသိုလ်၊ ကင်ဘာလေနှင့် အော်ဒါရှော့ ဆံပင်ညှပ်ဆိုင်များ
စစ်တပ်ပုံစံကို ကောင်းကောင်းသိကြ၍ ဘာမှပြဿနာမရှိပါ။ စစ်တပ်ပုံ
သည်မှာ နောက်နှင့်နံဘေးက တော်တော်ကို ကုန်အောင်ပြောင်အောင် ညှပ်
လိုက်ပြီး အပေါ်ကပင် နည်းနည်းချန်ပါသည်။ လန်ဒန်တွင် ဆံပင်ညှပ်
ညှပ်သူက ဘယ်လိုညှပ်မလဲ၊ ဘယ်လိုပုံစံ လိုချင်သလဲဆိုသည်ကို မေး
နဂိုက ပုံစံအတိုင်းပင် သို့မဟုတ် နောက်နှင့် နံဘေးက နည်းနည်းပါး
စသည်ဖြင့် ပြောရပါသည်။ ခေါင်းလျှော်မှာလား မေးတတ်ပါသည်။
တုန်းက ကျောင်းသားတစ်ယောက်မှာ မေးသမျှ 'ယက်စ်'လိုက်မိသဖြင့်
ညှပ်ခ ၁၀ သျှီလင်ကျော်လောက် ကျသွားပါသည်။ အင်္ဂလန်တွင် ဆံပင်
ရသည်မှာ ဈေးအလွန်ကြီးပါသည်။ စစ်တက္ကသိုလ်ဆိုင်မှာပင် တစ်ခါညှပ်
၂ သျှီလင် ၆ ပဲနိပေးရပါသည်။ ထို့ပြင် ထိုဆိုင်မှာလည်း အဖြားပေးရ
မည်သည့်ဆိုင်တွင်မဆို အရင်ရောက်သူကို အရင်ညှပ်ပေးပါသည်။
တက္ကသိုလ်ဆိုင်များမှာတော့ ယခုလို အခမ်းအနား စစ်ရေးပြနီးသော
အထဲက ထိုင်ခုံများတွင် လူများပြည့်နေသည့်အပြင် အပြင်တွင်ထွက်ပြီး



ကြရပါသည်။ ညှပ်သည်ကတော့ အလွန်မြန်ပြီး တစ်ခါညှပ်လျှင်လည်း ၅ မိနစ်လောက် အကြာဆုံးဖြစ်၏။ ထို့ကြောင့် ယခုလို အခမ်းအနားစစ်ရေးပြနီးလျှင် အပြင်ထွက်၍ ဆံပင်ညှပ်ရသည်ကများပါသည်။

၁၄-၁၀-၅၂ (အင်္ဂါနေ့)

အပြင်သွား၍ တပ်စုတိုက်စစ် သရုပ်ပြ ကြည့်ကြရ၏။ စက်ဘီးများနှင့် သွားကြရ၏။ ထို့နောက် ကပ္ပာကယာပြန်လာကြပြီး အကောင်းဆုံး ဘီဒီဝတ်စုံများလဲ၍ ဗြိတိသျှစစ်ဦးစီးချုပ် စစ်ရေးပြလုပ်ကြရပါသည်။ ကျွန်တော်နှင့် ကိုကြည်အေးနှစ်ယောက်စလုံးမှာ ရှေ့တန်းတွင်ရောက်နေကြပါသည်။ ဗြိတိသျှစစ်ဦးစီးချုပ်မှာ မြန်မာပြည်တိုက်ပွဲတွင် နာမည်ကြီးသွားသည့် စစ်သူကြီးစလင်း (Field Marshal Sir William Slim) ဖြစ်ပါသည်။

စလင်းကတပ်ခွဲကို စစ်သွားရင်းနှင့် ကျွန်တော့်ရှေ့ရောက်သည့်အခါ မေး၍ ပြန်ပြောရပါသည်။ မေးခွန်းက ပထမ ကျွန်တော့်နာမည်မေးပြီး 'မြန်မာပြည် ဘယ်နေရာက လာတာလဲ'ဟု မေးပါသည်။ ကျွန်တော်က 'မကွေးခရိုင် တောင်တွင်းကြီးက လာတာပါ'ဆိုတော့ 'ဩော်- တောင်တွင်းကြီးလား၊ ငါ ကောင်းကောင်းသိတယ်။ ငါ ကောင်းကောင်းသိတယ်'ဟု ပြန်ပြောသွားပါသည်။ နောက်ကျတော့မှ သူရေးသော အရှုံးမှအောင်ပွဲသို့ (From Defeat into Victory) စာအုပ် ဖတ်ကြည့်သောအခါ တောင်တွင်းကြီးမှာပင် သူ၏ အမှတ် ၁၄ တပ်တော်စစ်ဌာနချုပ် ဖွင့်သွားခဲ့ပါ၏။ တောင်တွင်းကြီးကို သူ ကောင်းကောင်း မှတ်မိနေပါသည်။

စစ်ရေးပြပြီးသည့်အခါ ဗိုလ်လောင်းများအားလုံးကို ဝူးဝစ်ခန်းမကြီး (Woolwich Hall) တွင်စုပြီး စလင်းက စကားပြောပါသည်။ ခေါင်းဆောင်အရည်အချင်းကို ပြောပြခြင်းဖြစ်ပါ၏။ အရေးအကြီးဆုံး အရည်အချင်းများမှာ သတ္တိ၊ စိတ်တန်ခိုး (Will Power)၊ လက်ဦးမှုနှင့် အခြေအနေအရ တီထွင်လုပ်နိုင်ခြင်း (Initiative)၊ အကျင့်စာရိတ္တကောင်းမှု (Integrity) နှင့် အနစ်နာခံစွန့်စားမှု (Self Sacrifice) တို့ ဖြစ်သည်ဆိုသည်ကို ဟာသတော်တော်များများနှော၍ ပြောသွားပါသည်။ စိတ်တန်ခိုးကိုရှင်းသည်မှာ တော်တော်မှတ်သားဖို့ ကောင်းပါသည်။ စိတ်တန်ခိုးဆိုသည်မှာ ဇွတ်တရွတ် ခေါင်းမာမှု (Thick headed Obstinacy)နှင့် အခြေအနေအရ လိုက်လျောညီထွေ ပြောင်းလွယ်ပြင်လွယ်လုပ်ဆောင်တတ်မှု (Flexibility of mind)တို့ ပျှတပေးခြင်း၊

www.burmeseclassic.com

www.burmeseclassic.com



ချိန်ခွင်လျှာကို ဟန်ချက်ညီအောင် သမပေးခြင်း (Balance)မှ စိတ်တန်ခိုး ရနိုင်ကြောင်းကို သေသေချာချာရှင်းပြသွားပါသည်။ ဟာသ တော်တော်ပါ၍ ဗိုလ်လောင်းများ တဝါးဝါးပွဲကျနေပါသည်။

**သောင်းလေးထံမှ စာနံပါတ် ၄၅ ရပါသည်။**

၁၅-၁၀-၅၂

စစ်တက္ကသိုလ် ဘာသာရပ်အသီးသီးကပေးသော သင်ခန်းစာ အကျဉ်းချုပ်များ (Precis) ကို ပြန်စီပြီး စနစ်တကျဖိုင်တွဲရပါသည်။ ရသည့်သင်ခန်းစာ အကျဉ်းချုပ်က တော်တော်များပြီး အရင်ကအလုပ်များလွန်း၍ စနစ်တကျ ဖိုင်တစ်ခုစီ တွဲမထားနိုင်ခဲ့ပါ။ သူ့အပုံနှင့်သူစုပြီးထားခဲ့ရပါသည်။ ခုမှ အနည်း ငယ်အားလာ၍ လုပ်နိုင်ခြင်းဖြစ်ပါသည်။ မြတ်စိုးညိမ်းနှင့် ရုပ်ရှင်ထွက်ကြည့် ကြပြီး ဝေးဆိုက်ကာဖေးတွင် ညစာစားကြပါသည်။

၁၆-၁၀-၅၂

ယနေ့ ကိုလေးမောင်ထံမှ စာရပါသည်။ သူတို့ မြန်မာပြည် ပြန်ကြ တော့မည့်အကြောင်း၊ ယခုလ ၂၅ ရက်နေ့တွင် အက်စ်အက်စ်ပရုမ်း (S.S. Prome)သင်္ဘောနှင့် ပြန်ကြမည်ကို ရေးထားပါသည်။ သူနှင့် ကိုဝင်းမောင်တို့ က ကျောင်းဆင်းပြီး တပ်စုမှူးသင်တန်း ဆက်တက်ခွင့်မရကြပါ။ ထိုအချိန်က များသောအားဖြင့် ခြေလျင်တပ်သွားမည့်သူများကို အင်္ဂလန်တွင် ဆက်ပြီး တပ်စုမှူးသင်တန်း မတက်ခိုင်းပါ။ သူတို့အပတ်မှ မောင်မောင်အေးက စက်မှု လက်မှုတပ်သွားပြီး ကိုကိုကြီးက အမြောက်တပ်သွားမှာဖြစ်၍ အင်္ဂလန်တွင် ဆက်၍ တပ်စုမှူးသင်တန်းတက်ကြရပါသေးသည်။

စနေ၊ တနင်္ဂနွေနှင့်ဆက်သော ကျောင်းပိတ်ရက် (Long week end) ရသော်လည်း ကျွန်တော်တော့ စစ်တက္ကသိုလ်မှာပင် စာဆက်ကြည့်မည် ဆုံးဖြတ်ထားပါသည်။ ခွင့်မသွားဆိုသည်ကို တပ်ခွဲတွင် စာရင်းပေးရပါသည်။ ယနေ့ အပိုသေနတ်ပစ် လေ့ကျင့်ခန်း ဆင်းရပါ၏။ အပိုသေနတ်ပစ် လေ့ကျင့် ခန်းမှာ သေနတ်ပစ်ကွင်း အမှတ်နည်းသူများကို သီးသန့်သင်ကြားပေးခြင်း ဖြစ်၏။



ံ စက်ကလေး (၂)ကို ပေးလိုက်ရပါ၏။

၂၃-၁၀-၅၂

**ယနေ့နံနက် စစ်ရေးပြက တာကယ်ကိုပင်ပန်းပါသည်။ အထူးသဖြင့်** ထမ ၁၀ မိနစ်လောက်ကို သွေးပူလေ့ကျင့်ခန်းအဖြစ် လျှာထွက်အောင် ာင်းပစ်လိုက်ပါသည်။ ထို့နောက် သေနတ်သွားပစ်ကြရပါသည်။ ပြန်ရောက် ာအခါ ၁၅း၅၈ နာရီရှိနေပါပြီ။ ချက်ချင်းအဝတ်လဲပြီး ၁၆း၀၀ နာရီတွင် က်ဖက်ရည်သောက်၍ ၁၆း၁၅ နာရီတွင် စာသင်တန်း ဆက်တက်ကြရပါ ည်။

၂၄-၁၀-၅၂

ယနေ့ သိပ္ပံလက်တွေ့လုပ်ရသည်မှာ ပျော်စရာကောင်းပါသည်။ နှစ် ောက်တစ်တွဲ လုပ်ရခြင်းဖြစ်ပြီး ကျွန်တော်နှင့်တွဲကျသော ဂျော်ဒန်ဗိုလ်လောင်း အားလုံး ကျွန်တော်နှင့်ပင်လွှဲထားပါသည်။ သူက နံဘေးကကြည့်သမား စ်၏။

နက်ဖြန် စစ်တက္ကသိုလ်စစ်ရေးပြရှိ၍ အဝတ်များ၊ ဖိနပ်များ ပြင်ဆင် ါသည်။ စစ်ရေးပြမှာ အကောင်းဆုံးဝတ်စုံ၊ အကောင်းဆုံးသားရေနှင့် ပ်ကြရပါသည်။

၂၅-၁၀-၅၂

စစ်တက္ကသိုလ်စစ်ရေးပြကို မိုးရွာထဲတွင်ပင် လုပ်ကြရပါသည်။ ထို့ ာက် စစ်ဥပဒေတစ်ချိန် တက်ရ၏။

ကင်ဘာလေ မာတ်ပုံဆိုင်သွားပြီး မာတ်ပုံများ အကြီးချဲ့ပါသည်။ နေ့ ကျွန်တော့်အတွက် စာတစ်စောင် ရောက်နေသည်ဆိုသည်ကို သိရသော် ည်း စနေနေ့ဖြစ်နေ၍ စာတိုက်က ၁ နာရီတွင် ပိတ်သွားသဖြင့် ယူလို့ တော့ပါ။ နောက်ကျသွား၍ နောက်နေ့ကျမှ ဖတ်ရတော့မည်။ ဖနီးသည်ထံမှ ဖြစ်ပါလိမ့်မည်။

၂၆-၁၀-၅၂

ယနေ့ ၀၃း၀၀ နာရီမှ ဆောင်းတွင်းအချိန်စပါသည်။ နာရီများ

www.burmeseclassic.com

www.burmeseclassic.com



နောက်သို့ တစ်နာရီပြန်ရွှေ့ကြရပါသည်။ အပြင်တွင် ရုပ်ရှင်ကြည့်ကြ၍ အပြင်မှာပင်စားကြပါသည်။ ယနေ့ စားသည်မှာ ငါးနှင့် အာလူးကြော်ဖြစ် (Fish & Chips) ဈေးက သိပ်မကြီးဘဲ ဗိုက်လည်းဝပါသည်။ စား၍လည်း သိပ်မဆိုးပါ။ အင်္ဂလန်တွင် ငါးနှင့် အာလူးကတော့ အပေါစား အစားမျိုး ပါ၏။ ဘိုင်ကျသောအခါ စားကြသောအစာ ဖြစ်ပါသည်။ သို့သော် ငါး သံပရာရည်လေးညှစ်စားလျှင် တော်တော်လေးစားကောင်းပါသည်။

၂၇-၁၀-၅

ယနေ့ သောင်းလေးဆီမှ စာနံပါတ် ၄၆ ရပါသည်။ ကြားထဲမှ စာနှစ်စောင် ပျောက်နေပါသေးသည်။

စာကြည့်တိုက်မှ စာအုပ် သွားငှားပြီး စာအုပ်ဖတ်ရင်း နေ့လယ်တွင် အိပ်ပစ်လိုက်ပါသည်။ မြန်မာပြည်တွင် ကျန်ခဲ့သော ဇနီးနှင့်သားသမီးလေးများ ကို အလွန်ပင် လွမ်းရပါသည်။ အိပ်ရာမှထပြီး နက်ဖြန်ကောလိပ် စစ်ရေး အတွက် ပြင်ဆင်ရပြန်ပါသည်။ တပ်ခွဲမှူးကိုယ်တိုင် အဝတ်အစား စစ်မည်ဆို၍ သေသေချာချာ တိုက်ရချွတ်ရပါသည်။ ထိုစစ်ရေးပြက ရက်သတ္တပတ် အဆုံး (Long week end) မတိုင်မီ နောက်ဆုံး စစ်ရေးပြဖြစ်ပါသည်။ ကြာသပတေး နေ့မှစပြီး ကျောင်းပိတ်ဦးမည် ဖြစ်ပါသည်။

၂၈-၁၀-၅

စစ်ဥပဒေ စာမေးပွဲ၊ သိပ်မခက်သော်လည်း လှည့်ထားသည်များ တော်တော်ပါနေ၍ သေသေချာချာ ဖြေဆိုရပါသည်။

ယနေ့ ကောလိပ်စစ်ရေးပြတွင် အကောင်းဆုံး ဝတ်စုံဝတ်ရန် ကြေညာ ထားသော်လည်း အကောင်းဆုံးမဝတ်ရပါ။ ဒုတိယ အကောင်းဆုံးဝတ်စုံသာ ဝတ်ကြရပါသည်။ အနားကပ်ပြီးမှ ပြောင်းလိုက်ခြင်းဖြစ်၏။ တပ်ခွဲမှူး ကိုယ်တိုင်စစ်ဆေးသော်လည်း ထင်သလောက် ကြပ်ကြပ်မတ်မတ်မလုပ်ပါ။ တစ်ချိန်လုံး မိုးရွာနေ၍ အကောင်းဆုံးဝတ်စုံ မဝတ်ရတော့ခြင်းဖြစ်ပါသည်။ စစ်ရေးပြကလည်း ထင်သလောက် မပင်ပန်းလှပါ။ မိုးကိုပဲ ကျေးဇူးတင်ရပါ ဦးမည်။

နေ့လယ်တွင် မီးသတ်လေ့ကျင့်ခန်း လုပ်ကြရပါသည်။ မီးသတ်ဗူး များ အသုံးပြုပုံကြည့်ကြရပြီး လက်တွေ့လုပ်စမ်းကြရပါသည်။ ညတွင် ဘုရင်



၂၇-၁၀-၅၂ (သောကြာ)

ကြံခိုင်ရေးအချိန်က ပင်ပန်းသော်လည်း ကစားနည်းများဖြစ်၍ ပျော်ဖို့ ကောင်းပါသည်။ ညစာစားပြီး ကိုခင်မောင်တင့်အခန်းသွား၍ စကားပြောကြပါ သည်။

၁၈-၁၀-၅၂

မြတ်စိုးညိမ်းနှင့် ကင်ဘာလေတွင် ရုပ်ရှင်ကြည့်ကြပြီး အပြင်မှာပင် စားကြပါသည်။ ရုပ်ရှင်မှာ ကွန်မန်ဒိုများကို စကော့တလန်တွင် လေ့ကျင့် သာ ရုပ်ရှင်ကားဖြစ်၍ အလွန်စိတ်ဝင်စားဖို့ကောင်းပါသည်။ ယနေ့ သတင်း တွင် ဗိုလ်ချုပ်ကြီးနေဝင်းဓာတ်ပုံနှင့် သတင်းတိုလေးတစ်ပုဒ်ပါလာပါသည်။ ဗိုလ်ချုပ် အမေရိကန်အသွား လန်ဒန်ဝင်လာသည့်သတင်းဖြစ်ပါ၏။ သတင်း ပုံက နည်းနည်းကလိထားပါသေးသည်။

ဒုတိယကမ္ဘာစစ်အတွင်းက ဂျပန်တို့ဘက်မှ တိုက်ခိုက်ခဲ့သော ဗိုလ်ချုပ် နေဝင်း* ဆိုပြီး ဖော်ပြထားပါသည်။ ဖက်ဆစ်ကို ပြန်တော်လှန်ခဲ့သည်ကိုတော့ ည့်မရေးပါ။ ကိုယ်လိုသလို ဆွဲရေးသောသဘောဖြစ်၏။

စစ်တက္ကသိုလ်မှာလည်း ကိုကြည်အေးနှင့် ကျွန်တော်တို့ နှစ်ယောက် စစ်ကြီးအတွင်းတွင် ပါဝင်တိုက်ခိုက်ခဲ့၍ ရင်ဘတ်တွင် တံဆိပ်တွေ အများ ကြီးနှင့်ဖြစ်၏။ ယင်းနှင့်ပတ်သက်၍ ဂေါရာဗိုလ်လောင်းများက မေးသည့်အခါ တံဆိပ်များကို လက်ညှိုးထိုးပြပြီး 'ဟောဒါက မင်းတို့ အင်္ဂလိပ်တွေကိုတိုက်လို့ ရတဲ့တံဆိပ်၊ နောက်တံဆိပ်ကတော့ ဂျပန်ဖက်ဆစ်တွေကို တိုက်လို့ရတဲ့တံဆိပ်' ဆိုပြီး ရှင်းပြကြပါသည်။ တချို့ကတော့ မျက်နှာရှုံ့သွားပြီး တချို့က သူတို့ လုပ်နေကျအတိုင်း ပခုံးတွန့်ပြပါသည်။ ပြီးတော့မှ 'ဒါ တို့တိုက်တာဟာ လွတ်လပ်ရေး မရလို့တိုက်တာ' ဖြစ်ကြောင်း၊ 'ဘယ်သူမဆို လွတ်လပ်ရေး တိုက်ပွဲကိုဟန့်တားရင် တိုက်ရမှာပဲ' ဆိုသည်ကို ရှင်းပြကြပါသည်။ စစ် တက္ကသိုလ်တစ်ခုလုံးတွင် ဒုတိယကမ္ဘာစစ်အတွင်းက ပါဝင်တိုက်ခိုက်ခဲ့သော ဗိုလ်လောင်းဆိုလို့ ကျွန်တော်နှင့် ကိုကြည်အေးနှစ်ယောက်ကလွဲပြီး ဘယ်သူမှ ရှိပါ။ ထို့ကြောင့် နှစ်ယောက်သားညှိထားကြပြီး ဤကဲ့သို့ရှင်းပြကြခြင်း ဖြစ်ပါသည်။ တချို့ ဂေါရာလေးများက နားလည်မှု ရှိပါသည်။ 'အေး၊ တို့

(General Ne Win... Who fought for the Japanese in World War II...)

www.burmeseclassic.com

www.burmeseclassic.com



လည်း မင်းတို့အခြေအနေဆိုရင် ဒီလိုပဲလုပ်မိမှာပဲ'ဟု ပြောကြပါသည်။

၁၉-၁၀-၅၂

ယနေ့နေ့လယ် ကျွန်တော့်အခန်းကို ဂျွန်ဒီ (Jundi)ဆိုသော ဗိုလ်လောင်းလာပါသည်။ သူက ဂျော်ဒန်က ဗိုလ်လောင်းဖြစ်ပါသည်။ စားပွဲပေါ်တွင် ကျွန်တော့်ဇနီးနှင့် ကလေးနှစ်ယောက်ဓာတ်ပုံတင်ထားသည်ကိုတွေ့၍ 'မင်း အဲဒီဓာတ်ပုံတွေ အသာသိမ်းထားကွ'တဲ့။ 'ဒီလိုတင်ထားတော့ အမြဲမြင်နေရပြီး လွမ်းနေတာပေါ့'တဲ့။ ဗိုလ်လောင်းမှာ အလွန်ပျော်ပျော်နေတတ်သောလူဖြစ်ပါ၏။ လူကလည်း သိပ်ထွားကျိုင်းပါသည်။ သူတို့နိုင်ငံက ထောက်ပံ့ကြေးလည်း တော်တော်ရကြပါသည်။ တစ်ခါက ဂျွန်ဒီသည် စနေ၊ တနင်္ဂနွေကျောင်းပိတ်ရက်ကို ပြင်သစ်ပြည် ပါရီသွားလည်၍ အပြန်စစ်တက္ကသိုလ်သို့ အရောက်နောက်ကျသွားသဖြင့် ခါးပတ်အဖြူကြီး တနင်္ဂနွေတစ်ပတ် ပတ်လိုက်ရပါသည်။ သူပြောသလိုပင် ဓာတ်ပုံများ အမြဲစားပွဲပေါ်တင်မထားဖို့ ဆရာတင့်တယ်ကလည်း သူ့ဆောင်းပါးတွေမှာ ရေးဖူးပါ၏။ ဂျွန်ဒီက ကျွန်တော့်သိပ္ပံလက်တွေ့စာအုပ် လာငှားခြင်းဖြစ်ပါသည်။

ဒုဗိုလ်မောင်မောင်အေး ယနေ့ ဆင်းဟတ်စ်လာပြီး ကျွန်တော်တို့အခွဲကို ဂေါ်ဒွန်ဆိုင်တွင် ညစာကျွေးပါသည်။ ရေတ်သီးစိမ်းကြော်၊ ကြက်သွန်ဥပါးပါးလှီးကြော်၊ မှိုနှင့် ကြက်သားကြော် စားရသည်မှာ အလွန်အရသာရှိပါသည်။ ဂေါ်ဒွန်မှာ မစားရသည်မှာကြာပြီဖြစ်၍ ပိုစားကောင်းနေပါသည်။

၂၀-၁၀-၅၂

ယနေ့သချ်ာစာမေးပွဲ။ ကောင်းကောင်းဖြေနိုင်ပါသည်။ ရိုင်ဖယ် မောင်းအတင်အချ (Bolt Drill)လေ့ကျင့်ကြရပြီး နက်ဖြန် နည်းဗျူဟာလေ့ကျင့်ခန်းအတွက် ဘရင်းစက်သေနတ်ကလေး ထုတ်ရပါသည်။

၂၁-၁၀-၅၂

တပ်ခွဲ ချိစစ်လေ့ကျင့်ကြရပါ၏။ ကျွန်တော်က စက်ကလေး (၁)နေရာကဝင်ရပါသည်။ ထို့နောက် 'ရန်သူ'နှင့်တွေ့ပြီး တိုက်စစ်ပါ ဆက်လေ့ကျင့်ကြရပါသည်။ တစ်ချိန်လုံး ဘရင်းစက်သေနတ်ထမ်းရ၍ တော်တော်လေးပင်ပန်းပါသည်။ တိုက်စစ်လေ့ကျင့်ခန်းပြီးတော့မှ ကျွန်တော့် စက်ကလေး



စစ်တက္ကသိုလ်နှင့် ကမ်ဘရစ်တက္ကသိုလ်တို့ လက်ဝှေ့ပြိုင်ပွဲကြည့်ကြရပါသည်။ စစ်တက္ကသိုလ်ကရှုံးပါသည်။ သို့သော် စစ်တက္ကသိုလ်ကဝင်ထိုးသော သီဟိုဠ်ဗိုလ်လောင်းနှစ်ယောက်ပါပြီး သူတို့နှစ်ယောက်စလုံးက သူတို့နှင့်ယှဉ်ထိုးသော ဂေါ်ရာလေးများကို နိုင်လိုက်ပါသည်။

၂၉-၁၀-၅၂

ယနေ့ ဂါဇာတိုက်ပွဲ နှစ်ပတ်လည်နေ့ဖြစ်၍ ဗိုလ်မှူး ဂိတ်စကဲဦးစီးပြီး ရေကန်နံဘေးတွင် မီးကျည်မီးပန်းများ လွှတ်ကြရပါသည်။ ကျွန်တော်က ဗဲရီပစ္စတို (Verey Pistol) ပစ်ရပါသည်။

ညစာစားပြီး အဝတ်အစားတွေ ပြင်ကြဆင်ကြပါသည်။ ကျွန်တော်က ခွင့်ရက်အတွင်း အပြင်မထွက်ဘဲ စစ်တက္ကသိုလ်မှာပင် နေမည်ဖြစ်သော်လည်း အပြာဝတ်စုံနှင့် တခြားပစ္စည်းများ ပြန်အပ်ရန်ပြင်ဆင်ရခြင်း ဖြစ်ပါသည်။

၃၀-၁၀-၅၂

ယနေ့ ကြံ့ခိုင်ရေးအချိန် အပြီးတွင် ခွင့်ရက် စပါသည်။ အပြင်ထွက်ပြီး ရုပ်ရှင်ကြည့်၍ ဝေးဆိုက်ကာဖေးမှာပင် ညစာစားကြပါသည်။

၃၁-၁၀-၅၂

အော်ဒါရှော့သွား၍ ရုပ်ရှင်ကြည့်ပါသည်။ (Objective Burma) မြန်မာပြည်တိုက်ပွဲနောက်ခံထားပြီး ရိုက်ထားသောရုပ်ရှင်ဖြစ်ပါသည်။ ညတွင် ခွင့်မပြန်သော ကျောင်းသားများ ကျွန်တော့်အခန်းတွင်စု၍ စကားပြောကြပါသည်။

၁-၁၁-၅၂

မနက်ခင်းစာကြည့်၍ နေ့ခင်းတွင် ထွန်းကြည်၊ စိန်ရ၊ အေးကျော်တို့နှင့် စစ်တက္ကသိုလ် ဝင်းထဲမှာပင် လမ်းလျှောက်ကြပါသည်။ ယနေ့မှာ တန်ဆောင်မုန်းလပြည့်နေ့ဖြစ်၍ အိမ်ကို ပိုပြီးသတိရနေပါသည်။ တန်ဆောင်မုန်းလပြည့်ကျော် ၂ ရက် (နိုဝင်ဘာလ ၃ ရက်နေ့)မှာ ကျွန်တော်တို့ ဇနီးမောင်နှံ၏ ၇ နှစ်မြောက် မင်္ဂလာနေ့ ဖြစ်ပါသည်။ ညတွင် အိပ်၍မပျော်ပါ။ နောက်မနက် ၃ နာရီအထိ မျက်စိကြောင်နေပါသည်။

www.burmeseclassic.com

www.burmeseclassic.com



၂-၁၁-၅၂

ယနေ့ ရုပ်ရှင်ကြည့်ပြီး ညစာကို စစ်တက္ကသိုလ်မှာပင် စားပါသည်။ ကျွန်တော်၊ စိန်ရ၊ ထွန်းကြည် သုံးယောက်တည်း ဖြစ်၏။ ထမင်းစားခန်းကြီး တစ်ခုလုံးမှာ ကျွန်တော်တို့ပင် ရှိပါသည်။ စားပွဲထိုးတစ်ယောက်က ကျွန်တော် တို့ကို ကျွေးမွေးနေခြင်း ဖြစ်ပါသည်။ လူတစ်ထောင်လောက်ဆံ့သော ထမင်း စားခန်းထဲတွင် ၃ ယောက်တည်းဖြစ်၍ တစ်မျိုးကြီးဖြစ်နေပါသည်။

၃-၁၁-၅၂


ယနေ့ ကျောင်းပိတ်ရက် နောက်ဆုံးနေ့ဖြစ်၍ နက်ဖြန်အတွက် အဝတ် များ၊ ဖိနပ်များပြင်ရပါပြီ။

၄-၁၁-၅၂

စစ်ရေးပြ တစ်ချိန်တွင် ထုံးစံအတိုင်း ခွင့်ရက်တွင် ပျော်သည်များကို မေ့သွားအောင် မောင်းပစ်လိုက်ပါသည်။ ယနေ့ အုပ်ချုပ်မှု လေ့ကျင့်ခန်းတွင် ဗိုလ်လောင်း ၄ ယောက်စီပါသော အဖွဲ့လိုက်လုပ်ကြရပါသည်။ ကျွန်တော်တို့ အဖွဲ့တွင် ရှေ့တန်းကထိုင်သည့် ဗိုလ်လောင်းနှစ်ယောက်မှာ တစ်ယောက်က အက်စ်ယူအို၊ နောက်တစ်ယောက်က ဂျေယူအိုဖြစ်၏။ ကျွန်တော့်နံဘေးမှ ဂေါ်ရာကျောင်းသားကြီးတစ်ယောက်ဖြစ်၏။ တခြားသူများကိုလည်း ဤကဲ့သို့ပင် လေးယောက်တစ်ဖွဲ့ခွဲထားပြီး ရှေ့တန်းတွင် ထိုင်သူများက နောက်သို့ လှည့်ထိုင်၍ ဗိုလ်လောင်း ၄ ယောက်သား မျက်နှာချင်းဆိုင် လုပ်ကြပါသည်။ ကျွန်တော့်ရှေ့က နှစ်ယောက်မှာ ဘဝင်ကိုင်နေကြသူများဖြစ်ပြီး ကျွန်တော်တို့ ဘက်ကို လှည့်မထိုင်၍ ၄ ယောက်တိုင်ပင်၍မရ ဖြစ်နေပါသည်။ ကျွန်တော့် ဘေးက ဂေါ်ရာကတော့မနေနိုင်ပါ။ ထထပြီး သူတို့ကို မေးလိုက် ကိုယ့်ဘာသာ ကိုယ် လုပ်လိုက်လုပ်နေပါသည်။ ကျွန်တော်က ဒီလိုတော့ ကိုယ့်နေရာကထပြီး မေးမနေနိုင်ပါ။ ကိုယ့်ဘာသာကိုယ်ပင် လုပ်လိုက်ပါသည်။ အုပ်ချုပ်မှုဘာသာရပ် တွင် ကျောင်းသားငယ်ဘဝမှာရော ကျောင်းသားလတ်ဘဝမှာပါ ကျွန်တော်က အမှတ်ကောင်းကောင်း ရထားပါသည်။ ကျွန်တော် နားမလည်သည့်ဘာသာ ဖြစ်နေတောင်မှ ယခုလို အခြေအနေမျိုးမှာတော့ သူတို့ကို ကိုယ့်နေရာကထပြီး မေးမည်မဟုတ်ပါ။ လုံးဝမလုပ်တတ်လျှင် အသာထိုင်နေလိုက်မည်ဖြစ်၏။ သူတို့က ဘဝင်ကိုင်ပြတော့ ကျွန်တော်က သူတို့ထက် ဘဝင်ကိုင် ပြလိုက်ပါ



သည်။ ဘယ်သူမှ မတိုင်ပင်တော့ဘဲ ကိုယ့်ဘာသာကိုယ် လုပ်ပါသည်။ အချိန် ...နိုခါနီး၍ ကျောင်းသားများ၏အဖြေကိုမေးပြီး ကျောင်းအဖြေကို ပေးသည့်



အခမ်းအနားဝတ်စုံနှင့် ကျောင်းသားကြီးဘဝ

အပြာဝတ်စုံ (ဘလူးစ်)ကိုပင် ပခုံးဒေါက်တွင် အနီကွပ်နှင့် ဘောင်းဘီတွင် အနီစင်းတပ်ပေးထားခြင်း ဖြစ်သည်။

မိမိအခန်းတွင်းမှာပင် ကိုခင်မောင်တင့် ရိုက်ကူးပေးသောပုံဖြစ်သည်။

...ခါ ကျွန်တော့်အဖြေက ဘဝင်ကိုင်သူများအဖြေထက် ကျောင်းအဖြေနှင့် ...စပ်ပါသေးသည်။

ညနေတွင် သေနတ်ပစ်ကြရ၏။

၅-၁၁-၅၂

ယနေ့ ရိုင်ဖယ်စစ်ဆေးပြီးသောအခါ အော်ဒါရှော့သို့ ရုပ်ရှင်သွားကြည့် ...ပါသည်။ ညနေကျမှပြန်လာ၍ စစ်တက္ကသိုလ်မှာပင် ညစာ စားပါသည်။ ...ညစာစားနေရင်း ကျွန်တော်တို့တပ်ခွဲမှ မလေးလူမျိုး ကျောင်းသားငယ်တစ် ...ယောက်က ကျွန်တော့်ဆီ ခပ်မြန်မြန်လာပြီး သူ ယနေ့အိမ်မှ ...ြေးနှံစာ ...ကြောင်း၊ သူ့ဇနီးက သားဦးလေးဖွားမြင်ကြောင်းပြောပါသည်။ သားဦးလေး

www.burmeseclassic.com

www.burmeseclassic.com





ဖြစ်နေ၍ ဗိုလ်လောင်းလေးမှာ သိပ်ကိုပျော်နေပုံရပါသည်။ ကျွန်တော် ကိုယ်ချင်းစာပြီး သူ့ကိုသားလေးမွေးလို့ ချီးကျူးလိုက်ရပါသည်။ ထိုဗိုလ်လောင်း ကို ကျွန်တော်က လိုတာများကြည့်ပြီးပြောပေး၊ ကူညီပေးလုပ်နေ၍ ကျွန်တော် သိပ်ခင်နေပါသည်။ နက်ဖြန် သိပ္ပံနှင့်စီးပွားရေးစာမေးပွဲဖြစ်၍ စာကြည့် ပါသည်။ ယခုစစ်မည့်စာမေးပွဲမှာ ကျောင်းသားကြီးဘဝတစ်ဝက်ကျိုး၍ (Mi term) အချိန်တွင်စစ်မည့် စာမေးပွဲဖြစ်ပါသည်။

၆-၁၁-၅

သိပ္ပံနှင့် စီးပွားရေးဘာသာရပ် စာမေးပွဲ ကောင်းကောင်းဖြေနိုင် သည်။ သိပ္ပံမှာ ခါတိုင်းလောက် စိတ်တိုင်းမကျပါ။ ညနေတွင် သေနတ်ပစ်ကြ ပြီး ညတွင် မားလိုခန်းမကြီး၌ သင်တန်းရုပ်ရှင် ကြည့်ကြရပါသည်။ ယနေ့ ညစာစားပွဲတွင် ကျွန်တော်တို့တပ်ခွဲက ထိပ်စားပွဲ (High table)တွင် ထိုင် ကြရပါသည်။ တပ်ခွဲတစ်ခွဲစီ စားပွဲကြီးတွင် တစ်လှည့်စီထိုင်ကြရ၏။ ဗိုလ် လောင်းများနှင့်လာ၍ စားသောက်သော ရာထူးအကြီးဆုံးအရာရှိကလည်း စားပွဲကြီးအလယ်နေရာတွင်ထိုင်ရပြီး ထိုအရာရှိ စားပြီး၍ထတော့မှ ကျန် ဗိုလ်လောင်းအားလုံး စားပွဲမှထကြရပါသည်။

ယနေ့ သိပ္ပံလက်တွေ့လုပ်ရသည်မှာ တော်တော်ရှုပ်ပါသည်။ ဆရာ လည်း ပထမစားပွဲတွင် ကူပြီးလုပ်ပေးနေဆဲမှာပင် အချိန်ကုန်သွား၍ မည်သူမျှ အပြီးမသတ်ကြပါ။ ယနေ့ ရိုင်ဖယ်ပစ် ပြိုင်ကြရမှာဖြစ်၍ ကျောင်းသားတွေ လည်း ဖင်တကြွကြွဖြစ်နေသဖြင့် ဆရာက သင်ခန်းစာကို နောက်နေ့မှ ဆက်လုပ်ရန်ပြောပြီး တန်းဖြုတ်လိုက်ပါသည်။

ယနေ့ ကောလိပ်သစ်က ကျောင်းသားကြီးများ သေနတ်ပစ်ပြိုင်ပွဲနေ့ ဖြစ်၏။ ကျောင်းသားများရသော အမှတ်တွေပေါင်းပြီး ပျမ်းမျှခြင်း အမှတ်တူ ကောလိပ်အတွင်း တပ်ခွဲအချင်းချင်း ပြိုင်ကြရခြင်းဖြစ်ပါသည်။ တပ်ခွဲပျမ်းမျှ အမှတ်မှာ ၅၇.၆ ဖြစ်ပြီး ကျွန်တော်က ၅၂ မှတ်ရပါသည်။ ကောလိပ် သေနတ်ပစ်ပြိုင်ပွဲပြီးလျှင် စစ်တက္ကသိုလ်တစ်ခုလုံး သေနတ်ပစ်ပြိုင်ပွဲဝင်ကြ ရမည်ဖြစ်၏။ သေနတ်ပစ်ပြိုင်ပွဲပြီးလျှင် သေနတ်ပစ်ခြင်းပြီးသွားပါပြီ။ နက်ဖြန် စစ်တက္ကသိုလ် စစ်ရေးပြကို အကောင်းဆုံးဝတ်စုံ၊ အကောင်းဆုံးသားရေနှင့် လုပ်ကြရမည်ဖြစ်၍ သေနတ်တိုက်ပြီး ဝတ်စုံများပြင်ဆင်ရပါသည်။ ကျွန်တော် ခါးပတ်အိတ်များမှာ ဆေးသားကျပြီး ညိုနေပါပြီ။ တပ်ရေးက စစ်တက္ကသိုလ် တစ်ခုလုံး ဆေးရောင်ဖျော့ဖျော့သုတ်ရမည်ဟု အမိန့်ထုတ်သဖြင့် ခါးပတ်၊ လွယ်အိတ်မှဆေးများချွတ်ပစ်ပြီး ဆေးအသစ်ပြန်တင်ရပါသည်။

ထိုသို့ ဆေးအဟောင်းချွတ်ရန် စစ်တက္ကသိုလ်မှာပင် အရက်ပျံ* ဝယ်လို့ ရပါသည်။ ယင်းဆေးကိုလည်း အမြဲဆောင်ထားရပါသည်။ ယခုလို ဆေးချွတ် လျှင် အဝတ်ကို အရက်ပျံများများဆွတ်ပြီး ခါးပတ်စသော ကိုယ်ဆေးချွတ် မည့်ပစ္စည်းကို တိုက်ပစ်ရပါသည်။ သေသေချာချာ ပြောင်နေအောင် တိုက်ပြီး အား ဖိနပ်နှင့်ခါးပတ်၊ လွယ်အိတ်များကို အားလုံးဆေးတိုက်ပြီးသည့်အခါ အဝတ်ကို ထုံးလုပ် အရက်ပျံနည်းနည်းဆွတ်၍ ဖိနပ် (စသည်)ကို မထိစေဘဲ အပေါ်ယံ လေးကဝှေ့ပြီး အနံ့ပေးသည့်သဘောလုပ်လျှင် ဆေးမှာ ပိုပြီးအရောင်တောက် လာပါသည်။ ယနေ့တော့ ခါးပတ်နှင့် လွယ်အိတ်ကို ဆေးများအကုန်ပြန်ချွတ် ပြီးမှ ဆေးသစ်ခပ်ပါးပါး ပြန်တင်ရ၏။

ခါးပတ်၊ လွယ်အိတ်နှင့် သေနတ်တိုက်သည့် ဆေးမှာ ကီဝီးဖိနပ် ဆေး** နီညိုရောင်ပါ။*** ထိုဆေးရောင်နှင့် ခပ်ပါးပါးပင် တင်ထားရပါသည်။ ဆေးရောင် သုတ်နေကျလာသောအခါ ညိုမှောင်လာပါသည်။

၈-၁၁-၅၂

ယနေ့ ရိုးရိုး စစ်ရေးပြကိုပင် အကောင်းဆုံး ဝတ်စုံနှင့် ဖိနပ်များ ဝတ်ပြီး လုပ်ကြရပါသည်။ တပ်ရေးကိုယ်တိုင် အဝတ်အစားကို စစ်ဆေးပါ၏။ ဒါရာ တော်တော်များများ နာမည်ရှုံးကြပါသည်။ ထို့နောက် ကျောင်းသား ကြီး၊ ကျောင်းသားလတ်တွေချည်း စစ်တက္ကသိုလ် စစ်ရေးပြ လုပ်ရပါသည်။

ယနေ့ ကျွန်တော်မှာထားသော ခရစ်စမတ်ကတ်များ ရလာ၍ ဇနီး သည်၊ သားသမီး၊ ဆွေမျိုးများနှင့် မိတ်ဆွေများထံသို့ ကတ်များ ပို့ရပါသည်။ စစ်တက္ကသိုလ်မှာပင် စာပုံနှိပ်တိုက်ရှိပြီး ကိုယ်လိုချင်သောကတ်ကို ကိုယ့်နာမည် နှင့် ပုံနှိပ်နိုင်ပါသည်။

၉-၁၁-၅၂

ကိုစိန်ရနှင့် အပြင်တွင်ရုပ်ရှင်ကြည့်ကြပြီး အပြန်တွင် အက်ဂျီအတ်

---

* Mentholated Spirit

** Kiwi

*** Dark Tan

www.burmeseclassic.com

www.burmeseclassic.com



မှာ ညစာစားကြပါသည်။ နက်ဖြန် စစ်သမိုင်းနှင့်သင်္ချာစာမေးပွဲရှိ၍ စာကြည့် ပါသည်။

၁၀-၁၁-၅၂

သင်္ချာနှင့် စစ်သမိုင်းစာမေးပွဲမှာ ကောင်းကောင်းဖြေဆိုနိုင်ပါသည်။ ယနေ့ စစ်တက္ကသိုလ်တစ်ခုလုံး သေနတ်ပစ်ပြိုင်ပွဲအတွက် ကျွန်တော်တို့တစ် သေနတ်ပစ်ကြရပါသည်။ ကျွန်တော်က ၄၂ မှတ်သာရပါသည်။ ကောင်း ပြိုင်ပွဲတုန်းကလောက်တောင် အမှတ်မများပါ။ သေနတ်ပစ်ပြိုင်ပွဲပြီးသွား တော်တော်စိတ်အေးသွားရပါပြီ။

၁၁-၁၁-၅၂

သောင်းလေး၏ စာနံပါတ် ၄၇ ကိုရပါသည်။ စစ်ဥပဒေအမှတ်များ သိရပါပြီ။ ကျွန်တော် အမှတ်တော်တော်ကောင်းကောင်းရပါသည်။ သိပ္ပံစာမေး အမှတ်တွေလည်းသိရပါပြီ။ စာမေးပွဲတုန်းက သိပ်အားမရလိုက်သော်လည်း အတန်းထဲတွင် ကျွန်တော်က ဒုတိယ အမှတ်အများဆုံးဖြစ်နေ၏။ ယနေ့ လန်ဒန်သံရုံးမှ ငွေစာရင်းကိုင်ချုပ်ထံ စာရေးပါသည်။ ကျွန်တော့်မိသားစုအတွက် ငွေပို့ပြီးလွှဲပေးရန်ဖြစ်ပါ၏။ ထို့နောက် စစ်သံမှူးထံသို့လည်း စာရေးပါသည်။ ဆင်းဟတ်စ်မှအောင်ပြီး အမြောက်အရာရှိငယ်သင်တန်းတက်ဖို့ ဖြစ်ပါသည်။

၁၃-၁၁-၅၂

စစ်ရေးပြတစ်ချိန်ပြီး စာသင်တန်းများ တက်ကြရပါသည်။ ယနေ့ သေနတ်ပစ်ပြိုင်ပွဲ အမှတ်များအားလုံးသိကြရပါပြီ။ ကျွန်တော်တို့တပ်ခွဲက တတိယရပါ၏။ ကျွန်တော်တို့ အရင်က ကျောင်းသားကြီးများထက် အမှတ်ကောင်းပါသည်။ ကျောင်းဆင်းသွားသော ကျောင်းသားကြီးများက သေနတ်ပစ်ပြိုင်ပွဲတွင် နံပါတ် (၆)ပဲရပါသည်။ ကျောင်းသားကြီးများ အားလုံးထဲတွင် အမှတ်အများဆုံးရသူကတော့ ဘိတ်စ် (Bates) ဆိုသော အလာမိန်းတပ်ခွဲ ကျောင်းသားဖြစ်၏။ ၉၂ မှတ်ရပါသည်။ အများဆုံးရနိုင်သည်က အမှတ် ၁၀၀ ပါ။ ဘိတ်စ်က ကျွန်တော်နှင့် သိပ္ပံသင်တန်းတွင် တစ်ဖွဲ့တည်းကျသော ကျောင်းသားဖြစ်ပါသည်။ ဆင်းဟတ်စ်ကပြီး၍ အမြောက်သင်တန်းတွင်လည်း အတူတူပင် တက်ကြရပါသည်။ ထိုဗိုလ်လောင်းမှာ အမြဲမျက်မှန်တပ်ရသူ ဖြစ်ပြီး အခုလို သေနတ်ပစ်တော်နေသည်မှာ တကယ့်ကို ချီးကျူးဖို့ ကောင်းပါ



သည်။

၁၄-၁၁-၅၂

တစ်နေ့လုံး စာသင်တန်းများ တက်ရပါသည်။ နေ့လယ်စာ စားပြီးကြသောအခါ ရိုင်ဖယ်များ စစ်ပါသည်။ ညနေတွင် အဝတ်အစားများ၊ ခါးပတ်၊ နပ်များပြင်ကြရပါသည်။ မနက်ဖြန်တွင် စစ်တက္ကသိုလ် အခမ်းအနား စစ်ရေးပြဖြစ်ပါသည်။ နက်ပြာဝတ်စုံများနှင့် အဖြူ (ဘတ်ဖ်) ဝတ်ကြရမည်ဖြစ်ပြီး ကျောင်းသားငယ်တွေပါ ပါဝင်လုပ်ရမည့် စစ်ရေးပြဖြစ်ပါသည်၊

ဒုဗိုလ်လှမော်နှင့် ဗိုလ်ကြီးမောင်မောင်တို့ နက်ဖြန် ဆင်းဟတ်စ်ကို လာလည်မည်ဆိုသောစာရပါသည်။ ကိုလှမော်က ဂျပန်ခေတ်စစ်တက္ကသိုလ် တိယအပတ်ကျောင်းဆင်းဖြစ်ပြီး ဂျပန်သို့ ဆက်၍ စစ်ပညာသွားသင်ရသူ ပါသည်။ ဗိုလ်ကြီးမောင်မောင်မှာလည်း ဂျပန်ခေတ်စစ်တက္ကသိုလ်ဆင်း စ်ယောက် ဖြစ်ပါသည်။ (ဗိုလ်မှူးကြီးလှမော်၊ လေ့ကျင့်ရေး ညွှန်ကြားရေးမှူး၊ ခု လမ်းစဉ်ပါတီဌာနချုပ်နှင့် ဒုဗိုလ်မှူးကြီးမောင်မောင် မြန်မာစစ်သံ- ကာတာ၊ အင်ဒိုနီးရှား၊ ယခု အငြိမ်းစားသံအမတ်ကြီး ယူဂိုစလားဗီးယား၊)

၁၅-၁၁-၅၂

ယနေ့ စစ်တက္ကသိုလ်စစ်ရေးပြပြီး ကိုလှမော်နှင့် ဗိုလ်ကြီးမောင်မောင် ရောက်လာပါသည်။ ကိုကြည်အေး၊ အေးကျော်နှင့် ကျွန်တော်တို့က စစ်တက္ကသိုလ် အဆောက်အအုံများ လျှောက်ပြကြပြီး စစ်စာအုပ်များ ဝယ်ချင်သည် ဆို၍ အော်ဒါရှော့သွားကြပါသည်။ သို့သော် စနေနေ့ဖြစ်၍ တစ်နာရီတွင် ပိတ်သည့်အတွက် မဝယ်ဖြစ်ကြပါ။ အော်ဒါရှော့တွင်ပင် စားသောက်ပြီးမှ စစ်တက္ကသိုလ်သို့ ပြန်လာကြပါသည်။

၁၆-၁၁-၅၂

ယနေ့ တစ်ယောက်တည်း အခန်းထဲတွင် မယ်ဒလင်တီးနေသည်။ ကျွန်တော့်အစေခံ ဂျက်ကအပြင်မှာ နှင်းတွေကျနေပြီဖြစ်ကြောင်း လာပြောပါသည်။ အပြင်ကိုကြည့်လိုက်သောအခါ နှင်းများဖွေးနေပါပြီ။ ယခုနှစ် ပထမ နှင်းကျသောနှင်း ဖြစ်ပါသည်။

နက်ဖြန်ပေးရမည့် စစ်သမိုင်း စာစီစာကုံးရေးပါသည်။ ထို့နောက် အပြင်ထွက် ရုပ်ရှင်ကြည့်ပြီး အပြင်မှာညစာစားခဲ့ပါသည်။ အသွားအပြန်ပါ

www.burmeseclassic.com

www.burmeseclassic.com



နှင်းတောထဲတိုး၍ သွားရပါသည်။

၁၇-၁၁-၅၁

ကျွန်တော်တို့ ဂျေယူအိုသည် ကောလိပ်ကျောင်းအုပ်ကြီး (ကောလိပ် တစ်ခုစီတွင် ကျောင်းအုပ်ကြီးတစ်ဦးစီရှိ၍ ရာထူးမှာ ဗိုလ်မှူးကြီးဖြစ်သည်။ ထို့ကြောင့် ကျောင်းအုပ်ကြီး ဗိုလ်မှူးကြီး (Colonel Commandant) ဟု ခေါ်ပါသည်။)နှင့် ဝင်တွေ့ရပါသည်။ သောကြာနေ့ညက အပြင်ထွက်ရာ စနေနေ့မနက်အထိ ပြန်မရောက်ပါ။ စနေနေ့ ပထမအချိန်က သူ့အတန်းက ကိုယ်ပိုင်စာကြည့်ချိန်ဖြစ်၍ အပြင်မှာဆက်နေခြင်းဖြစ်၏။ ကျောင်းအုပ်ကြီးက ပြစ်တင်ရှုတ်ချလိုက်ပါသည်။ ကျောင်းသားလတ်တစ်ယောက်လည်း ကောလိပ် ကျောင်းအုပ်ကြီးဆီ ဝင်တွေ့ရပါသေးသည်။ သူ့အပြစ်မှာ ခပ်ဆန်းဆန်းဖြစ်၍ စာမေးပွဲတွင် မဆိုင်သည်များကိုရေးထည့်ခြင်း (Quibbling in Midterm test) ဟူ၏။

၁၈-၁၁-၅၁

ယနေ့ စစ်ရေးပြက သက်သာပါသည်။ စစ်တက္ကသိုလ်တွင် ယခုလို စစ်ရေးပြအချိန်မျိုး ရှားလှပါသည်။ သက်သာပုံမှာ ကင်းစောင့်စစ်ရေးပြဖြစ်၍ နှစ်ယောက်တွဲလုပ်ရသဖြင့် ကျန်သူများက စောင့်ကြည့်နေရပါသည်။ တစ်ခါ တစ်ရံတွင် ယခုကဲ့သို့ ကင်းစောင့်စစ်ရေးပြမှာပင် နှစ်ယောက်တစ်တွဲ လုပ်နေ ကြစဉ် ကျန်သူများကို တပ်ကြပ်တစ်ယောက်က မောင်းနေလေ့ရှိပါသည်။ ယနေ့တော့ နှစ်ယောက်တစ်တွဲလုပ်ရစဉ် ကျန်သူများက နားနေကြရ၏။

၂၀-၁၁-၅၁

ယနေ့ ယုံကြည်မှုနေရာသွား၍ အခက်အခဲ ကျော်ဖြတ်ခြင်းများ လုပ်ရပါသည်။ ယခုနှစ်မှထွင်လိုက်သော နည်းသစ်ဖြစ်ပါသည်။ ယခင်က ကျောင်းသားလတ်များက ကျွန်တော်တို့အပတ်အထိ ကြံ့ခိုင်ရေးကို တပ်ခွဲ အလိုက်ပြိုင်ကြရပါသည်။ ယခု ကျောင်းသားလတ်များက ကျွန်တော်တို့ လုပ်ရသော အခက်အခဲကျော်ဖြတ်ခြင်းကို တပ်ခွဲအလိုက် ပြိုင်လုပ်ကြရပါသည်။

ယနေ့ နှစ်ဝက် (Mid term) သချာၤအမှတ်များ သိကြရပါသည်။ ကျွန်တော်က ၇၃ ရာခိုင်နှုန်းရပြီး 'ကောင်း'မှတ်ချက်ရပါသည်။ အတန်းကို 'ကောင်း'၊ 'ကျေနပ်ဖွယ်'နှင့် 'ကျေနပ်ဖွယ်မရှိ'ဆိုပြီး သုံးစားခွဲပြီး အမှတ်ပေး



ခြင်းဖြစ်သည်။

ယနေ့ နည်းဗျူဟာ သင်တန်းတွင် ဗိုလ်မှူးကြီးဖာဂူဆန်က (စစ် အတွင်းက ဗိုလ်မှူးချုပ်ဖာဂူဆန် Brigadier Furgusson) မိန့်ခွန်းလာပေးပါ သည်။ ဗိုလ်ချုပ်ဝင်းဂိတ်၏ စစ်ကြောင်းမှူးတစ်ယောက် ဖြစ်ပါသည်။ (Beyond The Chindwin) 'ချင်းတွင်းမြစ်ကိုကျော်လွန်၍'နှင့် 'တောစိမ်းမြေ' (The Wild Green Earth) စာအုပ်များကို ရေးခဲ့သူဖြစ်ပါသည်။ မြန်မာပြည် မြောက်ပိုင်းတွင် ချင်းဒစ်စစ်ဆင်ရေးနှင့် ပါဝင်ခဲ့သူ ဖြစ်ပါ၏။ ယခု ဖာဂူဆန်မှာ မဟာမိတ်ဌာနချုပ် (Supreme H.Q. Allied Powers in Europe-SHAPE) ထောက်လှမ်းရေးဌာနတွင် အမှုထမ်းဆောင်နေသူ ဖြစ်ပါသည်။ ဖာဂူဆန်၏ ဥပဓိရုပ်ထူးခြားချက်ကတော့ မျက်စိတစ်ဖက်တည်းကို ကိုင်းမပါ သော မျက်မှန်တပ်ထားခြင်းပင် ဖြစ်ပါသည်။ စကားပြောအလွန်ကောင်းပြီး မြန်မာပြည် စစ်ဆင်ရေးမှ သူ့အတွေ့အကြုံများကို ဟာသနှောပြီး ပြောသွားပါ သည်။ သူ မြန်မာစကား နည်းနည်းပါးပါးတတ်ကြောင်းကို မြန်မာလို ထည့် သွင်းပြီး 'ဒီလမ်း ဘယ်ကိုသွားသလဲ'ဆိုသည်ကို မြန်မာလို ပြောပြသွားပါ သေး၏။ ဥရောပ မဟာမိတ် ဌာနချုပ်နှင့် အနာဂတ်ကိုပါ ထည့်သွင်းပြောကြား သွားပါသည်။

ယ


နက်ဖြန်ညတွင် စစ်သူကြီး မောင်ဂိုမာရီ (Field Marshal Bernard Law Montgomery) က စစ်တက္ကသိုလ်ရောက်လာပြီး အလာမိန်း တပ်ခွဲ စားပွဲတွင် ညစာလာစားမည်ဟု ကောလိပ်ကျောင်းအုပ်ကြီးကပြောပြပါသည်။ သူ့အား (Montgomery of Alamein)ဟု ဘွဲ့ပေးထား၍ အလာမိန်းမှာ ခရေ့အလယ်ပိုင်း၌ သူအောင်နိုင်ခဲ့သော နာမည်ကြီးတိုက်ပွဲနေရာဖြစ်ပါ၏။ နာမည်ကြီး ဂျာမန်စစ်သူကြီး ရော်မဲလ်တပ်များကို အောင်နိုင်ခဲ့ခြင်းဖြစ်ပါသည်။

၂၁-၁၁-၅၂

နံနက်ခင်းတွင် သိပ္ပံလက်တွေ့လုပ်ကြရ၏။ နေ့ခင်းတွင် ကျောင်း သားငယ်များ လက်ဝှေ့ထိုး၍ ကြည့်ရှုအားပေးကြပါသည်။ မောင်ဂိုမာရီလာပြီး ညစာစားသည့် ညစာ စားပွဲည ဖြစ်၏။ အလာမိန်းတပ်ခွဲထိပ်မှာ ထိုင်စားပါ သည်။ သူ့ဘယ်ဘက် ရင်ဘတ်တွင် စစ်မှုထမ်းတံဆိပ်များ ပြည့်နေပါသည်။ မိန့်ခွန်းမပေးပါ။ လာပြီး ညစာစားရုံသက်သက် ဖြစ်ပါ၏။ ခပ်သေးသေးနှင့် ရုပ်လည်း သိပ်မခြင့်ပါ။ ယနေ့ စစ်တီးဝိုင်းက မွန်တီ တပ်ရင်းမှူးဘဝတွင်

www.burmeseclassic.com

www.burmeseclassic.com



ကောလိပ်ဟောင်းတွင်
ရှေ့တန်း ကိုကြည်အေး၊ စာရေးသူ၊ ကိုကိုကြီး၊ ကိုလေးမောင်
(ယခု ပြည်သူ့ဥပဒေအကျိုးဆောင်အဖွဲ့ဝင်)
နောက်တန်း ကိုမောင်မောင်၊ ကိုတင်ဝင်းညို၊ ကိုအုန်းဖေ
ကိုခင်မောင်တင့်၊ ကိုအေးကျော် (ကိုမောင်မောင်၊ ကိုတင်ဝင်းညို၊
ကိုအုန်းဖေတို့က ကျောင်းသားကြီး၊ ကိုကိုကြီး၊ ကိုလေးမောင်တို့က
ကျောင်းသားလတ်၊ စာရေးသူတို့အဖွဲ့က ကျောင်းသားငယ်များ)

သူ့တပ်ရင်း တီးဝိုင်းကတီးလေ့ရှိသည့် အမြန်လျှောက် စစ်တီးလုံးကို တီးပေးပါသည်။ အလာမိန်းတပ်ခွဲ အက်ယူအိုက မွန်တီ၏အောင်တိုက်ရပ် ယူထားလိုက်၍ ညစာစားပြီးကြသောအခါ သူ့လက်မှတ်ထိုးထားသည်ကို ကြည့်ကြရပါသည်။

၂၂-၁၁-၅၂

ယနေ့ တပ်ခွဲလိုက် စစ်ရေးပြလုပ်ရသည်မှာ မိုးရွာကြီးထဲတွင် ဖြစ်၏။ နေ့ခင်းတွင် ရုပ်ရှင်ထွက်ကြည့်ကြပြီး ညတွင် ကိုထွန်းကြည်နှင့် ကိုစိန်ရတို့ ကျွန်တော့်အခန်းလာပြီး စကားကောင်းနေကြရာ ၁၀ နာရီ ထိုးသွားပါသည်။



၂၃-၁၁-၅၂

ယနေ့ ကျွန်တော်တို့ မြန်မာဗိုလ်လောင်းအားလုံး ကျွန်တော့်အခန်း ...ှင့် စုမိကြရင်း ၅၃ ခုနှစ် လွတ်လပ်ရေးနေ့တွင် လန်ဒန်တွင် ကျင်းပသော ...ခမ်းအနားသွားတက်ကြရန် ဆွေးနွေးကြပါသည်။ ကိုကြည်အေးနှင့် ကိုခင် ...င်တင့်တို့က လန်ဒန်သွားနေ၍ သူတို့မပါပါ။ အားလုံးကပင် လွတ်လပ်ရေး ...ခမ်းအနားကို တက်ချင်နေကြပါသည်။ သို့နှင့် ကိုယ့်သက်ဆိုင်ရာ တပ်ခွဲမှူး ...တွင်ခွင့်တောင်းကြပြီး လန်ဒန်-မြန်မာစစ်သံမှူးထံသို့ပါ စာတစ်စောင် ရေး ...က်ကြပါသည်။ မနှစ်ကလည်း ကျွန်တော်တို့တစ်တွေ အချင်းချင်း မတိုင်ပင်မိ ...၍ လွတ်လပ်ရေးအခမ်းအနားကို မတက်ရောက်လိုက်ကြရပါ။ မနှစ်က ...ွန်တော်တို့မှာ ကျောင်းသားလတ်ပဲ ရှိကြပါသေး၏။

၂၄-၁၁-၅၂

စာကြည့်တိုက်သွားပြီး နပိုလီယံ ရုရှားဝင်တိုက်သော စာအုပ် (Napoleon's Invasion of Russia) ငှားခဲ့ပါသည်။ ယနေ့ သောင်းလေးထံမှ ...နံ့ပါတ် ၄၉ ရပါသည်။ နေ့လယ်တွင် ကျောင်းသားငယ်များ လက်ဖွေ့ထိုး ...ည်ကို သွားကြည့်အားပေးပါသည်။ ထွန်းကြည်နှင့် ဂျဗား (သီဟိုဠ်ကဟု ...င်သည်။ ဘာလူမျိုးဟု မှတ်မထားမိပါ။) ထိုးကြရာ ထွန်းကြည်က TKOနှင့် ...ပါသည်။ ယနေ့ ရေ စပြီးခဲသောနေ့ဖြစ်ပါ၏။

၂၅-၁၁-၅၂

တပ်ခွဲ တိုက်စစ်လေ့ကျင့်ခန်း လုပ်ကြရပါသည်။ ကျွန်တော်က ယခု ...မည့်အင်္ဂါနေ့မှ နောက်အင်္ဂါနေ့အထိ တာဝန်ကြပ် (Orderly Sergeant) ...ဝန်ထမ်းဆောင်ရပါလိမ့်မည်။ တာဝန်ကျနေသည့်အတွင်း နေ့စဉ်ည ၁၁ ...ရီအထိ စောင့်ကြပ်တာဝန် ထမ်းဆောင်ရပါသည်။ တခြားလုပ်ဆောင်ရ ...ာ တာဝန်တွေလည်း တော်တော်များများရှိပါသည်။ ဘာတွေလုပ်ရမည်ဆို ...ည်ကို ယခင်တာဝန်ကျ တပ်ကြပ်လုပ်ဆောင်ဖူးသူများအား မေးထားရပါ ...ည်။ အရေးကြီးသည့်တာဝန်တစ်ခုမှာ နေ့စဉ်နေ့လယ်တွင် အပြစ်ကျသော ...ိုလ်လောင်းများကို ကောလိပ်ဟောင်းစစ်ရေးပြကွင်းသို့ တာဝန်ကြပ်က ...ဆောင်ပြီး သွားပို့ပေးရခြင်းဖြစ်၏။ ကောလိပ်ဟောင်း စစ်ရေးပြကွင်းတွင် ...ရေးပြတပ်ကြပ်တစ်ယောက်က သူတို့အား စစ်ရေးပြပေးပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ပြင်ပလေ့ကျင့်ခန်းရှိပြီး အပြင်၌ တော်တော်ကိုအေးနေပါပြီ။ ငယ်လေးများ ရေအိုင်လေးများ အားလုံးရေခဲကုန်ကြပါပြီ။

၂၆-၁၁-

မနက်ခင်းတစ်ချိန်ပင် စာသင်တန်းတက်ရပြီး ကျန်အချိန်များ ကိုယ်ပိုင်စာကြည့်ချိန် ဖြစ်ပါ၏။ နေ့ခင်းတွင် အပြစ်ကျကျောင်းသားများ ကောလိပ်ဟောင်းသို့ သွားပို့ရပါသည်။ ဤကဲ့သို့ ကိုယ်တိုင်သွားပို့ရ အပြစ်ကျ ကျောင်းသား တော်တော်များကြောင်း တွေ့ရပါသည်။ နေ့စဉ် အခြားကျောင်းသားများ နားနေစဉ်တွင် ဤကဲ့သို့ အပိုစစ်ရေးပြလုပ်ကြ ဗုဒ္ဓဟူးနှင့် စနေနေ့များတွင် အကောင်းဆုံးဝတ်စုံ၊ အကောင်းဆုံးသား စစ်ရေးပြလုပ်ကြရခြင်းဖြစ်၍ တော်တော်ကို ထိခိုက်ပါသည်။

ကျွန်တော် အလွန်ကံကောင်းသည်မှာ ယခုကဲ့သို့ အပိုစစ်ရေးပြ စစ်တက္ကသိုလ် သက်တမ်းတစ်လျှောက်လုံးတွင် တစ်ခါမှမလုပ်ခဲ့ရဖူးပါ။ ကောလိပ်ဟောင်းတွင်လုပ်သော အပိုစစ်ရေးပြ မပြောနှင့် အက်စ်ယူအိုပေး ကိုယ့်ကောလိပ် စစ်ရေးပြကွင်းမှာပင်လုပ်ရသော အပိုစစ်ရေးပြတောင် တစ် မလုပ်ခဲ့ဖူးပါ။ ယခုလို အပိုစစ်ရေးပြ လုံးဝမလုပ်ဖူးသူမှာ စစ်တက္ကသိုလ် တစ်ခုလုံးမရှိသလောက်ပင် ရှားပါလိမ့်မည်။ ကံကလည်းကောင်း၊ ကျွန်တော် လည်း အထူးဂရုစိုက်၍ဖြစ်ပါသည်။ ကံကောင်းလျှင် ကိုယ့်ကျောင်းသား ဆောင်က လူကောင်းတွေ့ရတတ်ပါသည်။ ကျွန်တော်တို့ မြန်မာဗိုလ်လော တစ်ယောက်မှာ ဂျေယူအိုဆိုးတစ်ယောက်နှင့်ကြုံရပြီး အတော့်ကို ခံလိုက် သည်။ နောက်ကတစ်ချိန်လုံးကို မဲပြီးနေသည်ကို (Chase) လုပ်သည် ခေါ်ပါသည်။ နောက်ကလိုက်နေသလိုကြည့်နေပြီး အပြစ်တွေ့တိုင်း တွယ် ၏။ နက်ဖြန် သင်္ချာစာမေးပွဲဖြစ်၍ စာကြည့်ပါသည်။

၂၇-၁၁-

သင်္ချာစာမေးပွဲ။ နှစ်ဝက်စာမေးပွဲမှာတုန်းကလောက် စိတ်တိုင်း မဖြေနိုင်ပါ။ စာမေးပွဲက မြန်မြန်ပြန်လာပြီးအဝတ်လဲ၍ ကောလိပ်ဟော စစ်ရေးပြကွင်းတွင် စစ်ရေးပြသွားလုပ်ကြရပါသည်။ ရာသီဥတုက အလွ အေးနေပါပြီ။

နေ့လယ်တွင် အပြစ်ကျကျောင်းသားများကို ကောလိပ်ဟောင်း

ပြကွင်းသို့ပို့ရပါသည်။ စစ်တက္ကသိုလ် အရာခံဗိုလ်က စစ်ရေးပြတပ်ကြပ်များကို စစ်ရေးပြမောင်းနေပြီး ဤကဲ့သို့ မောင်းနေသည့်ကြားကပင် ဗိုလ်လောင်းတချို့ တန့်သတ်ထားသော မြက်ခင်းနေရာတွင် စက်ဘီးစီး၍ လှမ်းပြီး နာမည်မှတ်ယူ နေသည်ကို တွေ့ခဲ့ရပါသည်။

ယနေ့ ကင်ဘာလေစက်ချုပ်ဆိုင်များမှ ကျွန်တော်တို့ ဗိုလ်ဖြစ်လျှင် တတ်ရန် ဝတ်စုံနှင့်ပတ်သက်ပြီး ရေးလိုက်သောစာနှစ်စောင်ရပါသည်။ ကျောင်း ဆင်းရန် ရှေ့ပြေးအတိတ်နိမိတ်များဖြစ်၏။

ယနေ့ည အမ်အာစီတွင် ဂေါ်ရာကျောင်းသားလတ်တစ်ယောက် အမ်အာစီမပြီးမီ ဆေးလိပ်သောက်၍ ကျွန်တော်ကဆွဲပြီး အက်စ်ယူအိုထံ ပို့လိုက်ပါသည်။ ထိုကျောင်းသားမှာ ဆောင့်ကြွားကြွားနိုင်လွန်း၍ ဆွဲလိုက်ခြင်း ဖြစ်ပါသည်။ ကျွန်တော်က မဆွဲလည်း တခြားကျောင်းသားကြီးများက သူ့ကို ဆွဲတော့မည်မှာ သေချာပါသည်။ ကျွန်တော့်အနေနှင့် ကျောင်းသားကြီးဘဝတွင် မှတ်မှတ်ရရ ဒီတစ်ခါပဲ ကျောင်းသားလတ်တစ်ဦးကို ဆွဲဖူးပါသည်။ အမှန်က ကျောင်းသားကြီးတစ်ယောက်သည် ကျောင်းသားငယ်၊ လတ်များကို အပြစ်ရှာ ချင်သလို ရှာနိုင်ပါသည်။

၂၈-၁၁-၅၂

သိပ္ပံစာမေးပွဲ။ ကောင်းကောင်းဖြေနိုင်ပါသည်။ မနေ့ညနေက ကျွန် တော် နာမည်ယူလိုက်သော ကျောင်းသားလတ်က စောစောအိပ်ရာကနိုးပြီး ဝတ်စုံပြည့် ဝတ်ပြရသော အပြစ်တစ်ကြိမ်ရပါသည်။

ခရစ်စမတ် ကျောင်းပိတ်ရက်နှင့်ပတ်သက်ပြီး ကျွန်တော်တို့ သံရုံးမှ ညွှန်ကြားချက်များရပါပြီ။ နက်ဖြန် စစ်တက္ကသိုလ်စစ်ရေးပြကို အကောင်းဆုံး ဝတ်စုံ၊ အကောင်းဆုံးသားရေနှင့် လုပ်ကြရမှာဖြစ်၍ ပြင်ကြဆင်ကြရပါသည်။

၂၉-၁၁-၅၂

ယနေ့ ရာသီဥတုအလွန်ကို အေးသည့်အထဲတွင် စစ်တက္ကသိုလ် စစ်ရေးပြလုပ်ကြရပါသည်။

နေ့ခင်းတွင် စစ်ဥပဒေမှပြင်ဆင်ချက်များပြီးအောင် လုပ်လိုက်ပါသည်။ ထိုအလုပ်မှာ တော်တော်လက်ဝင်ပြီး တော်တော်လည်း စိတ်ရှုပ်ရပါသည်။ ဘယ်စာမျက်နှာ၊ ဘယ်စာကြောင်းရေ ဘယ်လောက်ကို ဘယ်လိုပြင်ပါ၊ ဘယ်

www.burmeseclassic.com

www.burmeseclassic.com



ဟာဖြုတ်ပါ၊ ဘယ်ဟာ အစားထိုးပါဆိုသည့်အတိုင်း လျှောက်ပြီးပြင်ရခြင်း ဖြစ်၏။ ယင်းသို့ ပြင်မထားလျှင် စစ်ဥပဒေစာမေးပွဲနှင့် လေ့ကျင့်ခန်းများတွင် အမှားမှားအယွင်းယွင်း ဖြစ်နိုင်ပါသည်။

၁၀–၁၁–၅၂

နေ့တွက်နှင့် ခရီးစရိတ်ပုံစံများဖြည့်ပြီး စစ်သံမှူးရုံးသို့ပို့ရပါသည်။ ထို့နောက် တည်းခိုခန်းများသို့ စာရေးပါသည်။ ကျောင်းပိတ်ရက်မှာ တည်း ကြရန် ကြိုတင်စီစဉ်ရခြင်းဖြစ်ပါ၏။

၁–၁၂–၅၂

သချင်္ာနှင့် သိပ္ပံစာမေးပွဲများပြီးသွား၍ စစ်သင်တန်းများနှင့် ခေတ်သစ် ဘာသာရပ်အချိန် တော်တော်ကိုများလာပါသည်။ နေ့လယ်တွင် ကိုခင်မောင် တင့်က ဓာတ်ပုံများရိုက်ပါသည်။ ခင်မောင်တင့်ကျေးဇူးကြောင့် ကျွန်တော်တို့ စစ်တက္ကသိုလ်တွင် နေထိုင်ခဲ့သည်များကို ဓာတ်ပုံတော်တော် ရလိုက်ကြပါသည်။

ယနေ့ ကျွန်တော် တာဝန်ကြပ်တာဝန် နောက်ဆုံးနေ့ဖြစ်ပါသည်။ ဘာမှပြဿနာ မရှိလိုက်ပါ။

ကျောင်းသားလတ် ၃ ဦး၊ တပ်ကြပ်ကလေးရာထူး တိုးရကြပါသည်။ နောက် သူတို့ကျောင်းသားကြီးဖြစ်လာလျှင် ကျောင်းသားခေါင်းဆောင် ဖြစ်လာ မည့်သူများဖြစ်သည်။ ကျွန်တော်တို့ ကျောင်းဆင်းရမည့် ရှေ့ပြေးနိမိတ် တစ် မျိုးဖြစ်၏။ ယနေ့ ဂေါ်ရာဗိုလ်လောင်းများက သူတို့ကျောင်းဆင်းလျှင် သွားကြ ရမည့်တပ်ရင်းအသီးသီးတွင်ဝတ်ကြရမည့် ဝတ်စုံများနှင့်ပတ်သက်ပြီး ညွှန်ကြား ချက်များယူကြရပါသည်။ ကျွန်တော်တို့ ရပ်ဝေးဗိုလ်လောင်းများနှင့် မဆိုင်၍ ထိုအချိန်တွင် ကျွန်တော်တို့တစ်တွေ အားနေကြပါသည်။

ကျွန်တော်တို့ တခြားနိုင်ငံမှ ဗိုလ်လောင်းများကို (Foreign Cadets) နိုင်ငံခြား ဗိုလ်လောင်းဟုမခေါ်ပါ။ နိုင်ငံခြားဆိုရင် ခြားနားသော အဓိပ္ပာယ် ပေါက်နိုင်သည်ဖြစ်၍ (Overseas Cadets) ခေါ်ပြီး ရေခြားမြေခြားမှ ဗိုလ် လောင်းများဟု အဓိပ္ပာယ်ရပါသည်။ အဆီလျော်ဆုံးကတော့ 'ရပ်ဝေးဗိုလ် လောင်း'များဟု ခေါ်ရမည်ထင်ပါသည်။





၂–၁၂–၅၂


ယနေ့နံနက် စစ်ရေးပြနှစ်ချိန်နှင့် နေ့ခင်းတွင် ငွေစာရင်းအင်းနှစ်ချိန်ပဲ ရှိပါသည်။ ကျန်အချိန်များမှာ ကိုယ်ပိုင်စာကြည့်ချိန်ဖြစ်၏။

၃–၁၂–၅၂

တစ်မနက်လုံး ပြင်ပတွင် တပ်မပါသောလေ့ကျင့်ခန်း လုပ်ကြရ၏။ အလွန်ကိုအေးလှပါသည်။ အထူးသဖြင့် ပင်ပင်ပန်းပန်း မလုပ်ရသော လေ့ကျင့် ခန်းဖြစ်၍ ပိုအေးနေပါသည်။ ထိုရာသီဥတုမှာ ပင်ပင်ပန်းပန်း လုပ်နေရလျှင် တော်ပါသေးသည်။ အေးသည်မှာ နားရွက်ဖျားများပြုတ်၊ ပြုတ်ကျသွားမလား အောက်မေ့ရ၏။ လက်အချင်းချင်းပွတ်၊ နားရွက်ကို ပွတ်လုပ်နေကြရပါသည်။

၄–၁၂–၅၂

ယနေ့ မနက်ကြဲခိုင်ရေးတစ်ချိန်ရှိပါသည်။ ထို့နောက် စစ်ဥပဒေနှင့် အချက်ပြသင်တန်း တက်ရပါသည်။ ဘာသာရပ် နှစ်ခုစလုံးတွင် ပြန်လည် သင်ကြားခြင်းများဖြစ်၏။



စက်ပစ်ကွင်းအသေးရှေ့ ကွင်းပြင်တစ်ခုလုံး နှင်းများဖုံးလွှမ်းနေစဉ် ဝဲ–ယာ ကိုကြည်အေး၊ ကိုမြတ်စိုးညိမ်း၊ ကိုတင်ကြီး၊ ကိုရေးသူ၊ ကိုခင်မောင်တင့်၊ ကိုသန်းဝင်း၊ ခြိကြီး၊ ကိုအေးကျော်

www.burmeseclassic.com

www.burmeseclassic.com



၅-၁၂-၅၂

ယနေ့ စစ်သံမှူးထံမှ ကျွန်တော်တို့ ဇန်နဝါရီ ၄ ရက်နေ့ခွင့်ထိ စီစဉ်မပေးနိုင်ဆိုသောစာရပါသည်။ စစ်တက္ကသိုလ်တွင် သက်ဆိုင်ရာ တပ်ခွဲများက ကျွန်တော်တို့ကို ခွင့်ပေးပြီးနေပါပြီ။ ကျွန်တော်တို့တွေ တက်ရသော သင်တန်းမှာ တစ်နှစ်ခွဲ ရှေရှည်သင်တန်းဖြစ်၍ ခွင့်တစ်ရက်နှစ်ရက်မှာ အရေး မကြီးပါ။ ဗိုလ်လောင်းများသည် အကြောင်းအမျိုးမျိုးပြပြီး ခွင့်ယူနေကျ ဖြစ်ပါသည်။ ထိုကိစ္စမှာ ကျွန်တော်တို့ လွတ်လပ်ရေး အခမ်းအနားတက်ရန်ဖြစ်ပြီး ဗြိတိန်ရောက် မြန်မာများနှင့် စည်းစည်းလုံးလုံး တွေ့ရအောင် ခွင့်တောင်းခြင်း ဖြစ်ပါသည်။ ဂေါ်ရာဗိုလ်လောင်းတွေရော၊ တခြားနိုင်ငံဗိုလ်လောင်းများပါ အချို့ဆိုလျှင် ကပွဲတက်ရန်ဆိုပြီး ခွင့်တောင်းခြင်းပင်ရှိပါသည်။ ခွင့်ပေးသည်ချည်း ဖြစ်ပါသည်။ ယခုလို အဘက်ဘက်မှတွက်သည့်အခါ ခွင့်တစ်ရက်ကို ခွင့်မပြုနိုင် ဆိုသည်ကို တော်တော်ခံရခက်သွားကြရပါသည်။ သံရုံးက ဒီလိုစာလာ၍ မြန်မာဗိုလ်လောင်းတွေအကြားတွင် ထင်မြင်ချက်အမျိုးမျိုး ထွက်လာပါသည်။ ကျွန်တော်ကတော့ ခွင့်ယူဖို့ဘက်ကသာဖြစ်၏။

ညတွင် စစ်တက္ကသိုလ်နှင့် RAFC လက်ဝှေ့ပွဲ သွားကြည့်ကြပါသည်။ RAFC ကနိုင်၍ ဒိုင်းကြီးရသွားပါသည်။ ဒိုင်းကို မြောက်ပိုင်းတိုင်းက ဗိုလ်ချုပ်ကြီး ဒေါင်း (Gen Downe of North Comd) က ပေးပါသည်။

၆-၁၂-၅၂

ယနေ့ စစ်ရေးပြ တစ်ချိန်ပဲရှိပါသည်။ သောင်းလေးထံသို့ စာရေးပြီး ကိုကြည်အေးအခန်းတွင် လွတ်လပ်ရေးခွင့်နှင့်ပတ်သက်ပြီး ဆွေးနွေးကြပါသည်။ ကိုသန်းဝင်းနှင့် ကိုထွန်းကြည်က လန်ဒန်သွားရန်ရှိ၍ စစ်သံမှူးထံဝင်ပြီး အကျိုး အကြောင်း ပြည့်ပြည့်စုံစုံတင်ပြရန် အားလုံးက သဘောတူ တာဝန်ပေးလိုက် ကြပါသည်။

၇-၁၂-၅၂

ကောလိပ်ဟောင်းသို့ နံနက်စာစားပြီးကတည်းက ထွက်လာခဲ့ပါသည်။ ကိုစိုးလွင်နှင့်စကားပြောကြပြီး အက်ဂျီအက်စ်တွင်စားကြ၍ ကိုကြည်အေးအခန်း သို့လာကြပါသည်။ ကိုသန်းဝင်းတို့ ပြန်လာကြပြီး စစ်သံမှူး ဒုဗိုလ်မှူးကြီး တင်မောင်က ခွင့်တစ်ရက်ပေးမည်ဟုပြောလိုက်ကြောင်း ပြန်ပြောပြပါသည်။



အားလုံးပင် စစ်သံမှူးကြီးကိုကျေးဇူးတင်နေကြပါသည်။

၈-၁၂-၅၂

နောက်ပိတ်ဆုံး စာမေးပွဲများအတွက် ယနေ့ကစပြီး အချိန်ဇယားဆွဲ၍ ကောင်းကောင်း စာကျက်ဖို့ ဆုံးဖြတ်လိုက်ပါသည်။ ကြံ့ခိုင်ရေးတစ်ချိန်တက်ပြီး တပ်ခွဲလိုက် လက်ဝှေ့ပြိုင်ပွဲသွား၍ အားပေးပါသည်။ စီးပွားရေးဘာသာရပ် စာစီစာကုံး ညတွင်ရေးပါသည်။ ရာသီဥတုကသိပ်အေးနေပြီး ကျွန်တော် နည်းနည်းအအေးမိ၍ ကောင်းကောင်းနေမကောင်းပါ။

၉-၁၂-၅၂

ယနေ့သင်တန်းများ ၀၈း၁၅ နာရီကျမှ စပါသည်။ နောက်ကျမှ စရသည့်အကြောင်းမှာ ကမ်းဘရစ်နှင့် အောက်စဖို့တက္ကသိုလ် ရက်ဘီ (Rugby) ကစားသည်ကို အားလုံးတီဗွီကြည့်၊ ရေဒီယိုနားထောင်နိုင်ကြရန် ဖြစ်ပါသည်။ အင်္ဂလိပ်လူမျိုးများမှာ အားကစားကို အလွန်ကို ဝါသနာကြီးလှ၍ ယခု ကစားကြသည်မှာ သူတို့တစ်နိုင်ငံလုံး အထူးစိတ်ဝင်စားကြသည့်ပွဲ ဖြစ်ပါသည်။ ထို့ကြောင့် စစ်တက္ကသိုလ်ကျောင်းချိန်ကိုပင် ရွှေ့ပေးလိုက်ခြင်း ဖြစ်ပါ၏။

ကိုကြည်အေး ဆေးရုံတက်နေ၍ သွားပြီးကြည့်ပါသည်။ ကျွန်တော်က စနေနေ့တွင် နပိုလီယံ တိုက်ပွဲစဉ်နှင့်ပတ်သက်၍ လက်ချာပေးရမည်ဖြစ်၍ မြေပုံများကို ပြင်ဆင်၊ လက်ချာအတွက် မှတ်စုများထုတ်ပါသည်။

၁၀-၁၂-၅၂

ယနေ့ ဗုဒ္ဓဟူးနေ့ဖြစ်၍ နေ့ဝက်သင်တန်းတက်ရပြီး တော်တော် စိတ်ချမ်းသာရသော နေ့ဝက်ဖြစ်ပါသည်။ အချက်ပြ ပြန်လည်သင်ကြားခြင်း အချိန်နှင့် ပုံစံခန်းမတွင် စစ်ခုံရုံးနှင့်ပတ်သက်ပြီး သရုပ်ပြကြည့်ကြရပါသည်။ စုံစမ်းစစ်ဆေးရေး ခုံရုံး[1] ဖွဲ့စည်း လုပ်ကိုင်ပုံများ သရုပ်ပြခြင်းဖြစ်၏။ ဆရာများ မှာ အလွန်သရုပ်ဆောင် ကောင်းကြပြီး တဝါးဝါး ပွဲကျနေကြပါသည်။

နေ့လယ်တွင် အော်ဒါရှော့သွား၍ စစ်တက္ကသိုလ်နှင့် ကရွန်ဝဲလ်[2] ရက်ဘီ ကစားပွဲသွား၍ အားပေးကြရ၏။ ပွဲဝက် အနားပေးချိန်တွင် ကျွန်တော်

---

၁။ Court of Inquiry

၂။ Cromwell

www.burmeseclassic.com

www.burmeseclassic.com



တို့က အပြင်ထွက်ပြီး ရုပ်ရှင်ကြည့်ကြပါသည်။ စစ်တက္ကသိုလ်က (၆-၈ နှင့် နိုင်လိုက်သည်ဟုသိရပါသည်။ (မှတ်တမ်းတွင် Cromwell ဟုသာ ကရွန်ဝဲလ် ကောလိပ်ဖြစ်ပါလိမ့်မည်။) ညစာကို အက်ဂျီအက်မှာပင်စား ကိုအေးကျော်နှင့်ဆေးရုံသွား၍ ကိုကြည်အေးနှင့်တွေ့ကြပါသည်။ အပြန်တွင် နက်ဖြန်တပ်မပါသော လေ့ကျင့်ခန်းအတွက် မြေပုံများပြင်ကြရပါသည်။

၁၁-၁၂-၅၂

တစ်မနက်လုံး တပ်မပါသော လေ့ကျင့်ခန်းပါ။ ရာသီဥတုက ထင် သလောက် မအေး၍ တော်ပါသေး၏။ ထိုလေ့ကျင့်ခန်းမှာ လက်တွေ့ ဆန်း ခြင်းမတိုင်မီ နောက်ဆုံးလေ့ကျင့်ခန်း ဖြစ်၏။ သောင်းလေး၏ စာနံပါတ် ၅၀ ရပါသည်။ နေ့လယ်တွင် ဆေးရုံသွား၍ ကိုကြည်အေးနှင့် တွေ့ခဲ့ရပါသည်။ သူလည်း သက်သာလာပါပြီ။ နက်ဖြန် စစ်တက္ကသိုလ် စစ်ရေးပြကို အကောင်း ဆုံးဝတ်စုံနှင့် လုပ်ရမည်ဖြစ်၍ ပြင်ရဆင်ရပါသည်။ သချာမှာအဆင့် ၃ ဝင် ရပြီး သိပ္ပံတွင် အဆင့် ၆ ရပါသည်။

၁၂-၁၂-၅၂

ယနေ့နံနက် နှစ်ချိန်မှာ စစ်တက္ကသိုလ် စစ်ရေးပြဖြစ်၏။ စစ်ရေး တပ်ကြပ်က ကျွန်တော့်နားတွင် ကျောင်းသားကြီးကို စကားပြောနေရာ စစ် ရောက်သွား၍ အချိန်မှတ်မအော်ရမည်ကို ယောင်ပြီးအော်မိပါသည်။ အာအက် အမ်ကအပြစ်ပေး၍ ဝိတိုရိယကျောက်တိုင်ကို အပြေးသွားပြီး သေနတ်မြှောက် အလေးပြုလိုက်ရပါသည်။ ပထမဆုံးအကြိမ် အပြစ်ပေးခံရခြင်းဖြစ်၏။ အပြန် တွင် လက်ချာပေးသည့်မှတ်စုများ ယပ်ထုတ်ပါသည်။ ညတွင် တပ်ခွဲလက်ဖွဲ့ ကိုသွားပြီး အားပေးရပါသေးသည်။

၁၃-၁၂-၅၂

ယနေ့ (စနေနေ့) ဘီအာစီ မရှိပါ။ ယင်းမှာလည်း စနစ်အသစ်တွင် လိုက်ခြင်းဖြစ်၏။ ကျောင်းသားတွေကတော့ အလွန်ကြိုက်ကြပါသည်။ ယနေ့ မနက်မှစပြီး အမောခံ လေ့ကျင့်ခန်း[1] လုပ်ကြရပါသည်။ ပြေးလိုက် လမ်း လျှောက်လိုက် လုပ်ရခြင်းဖြစ်၏။ အပြန်တွင် ကျွန်တော် လက်ချာပေးရ



သည်။ နပိုလီယံ တိုက်ပွဲစဉ်ထဲမှ အီတလီတိုက်ပွဲစဉ်ကို ပြောရခြင်းဖြစ်ပါသည်။ ကိုယ့်ဘာသာကိုယ် အလွန်ပင် ကျေနပ်ပါသည်။ သေသေချာချာ ပြင်ဆင်ရကျိုး ပေပါသည်။ တပ်ခွဲမှူးရော၊ ဆရာတွေပါ ဗိုလ်လောင်းများကပါ အလွန်ပင် ကိုတ်ဝင်စားကြပါသည်။ တပ်ခွဲမှူး မှတ်ချက်က 'အလွန်ကို ကောင်းပါသည်'[2] တဲ့။ ကိုကြည်အေး ဆေးရုံကဆင်းပြီဖြစ်၍ နှစ်ယောက်သား အပြင်ထွက် ရုပ်ရှင်ကြည့်ကြပါသည်။

၁၄-၁၂-၅၂

စစ်သမိုင်း စာစီစာကုံး ရေးရ၏။ နေ့လယ်တွင် ကိုခင်မောင်တင့်နှင့် အပြင်ထွက် ရုပ်ရှင်ကြည့်ကြပါသည်။

၁၅-၁၂-၅၂

ယနေ့နံနက် အချက်ပြဆက်သွယ်ရေး နှစ်ချိန်အပြီး စစ်ရေးပြတစ်ချိန် လုပ်ရပါသည်။ စစ်ရေးပြကွင်းတွင် ရေခဲများရှိနေ၍ တော်တော်သတိထား ရပါသည်။ နှင်းကျပါများလျှင် မြေကြီးပေါ်မှာ နှင်းထုတော်တော်ထူလာပြီး သိပ်လည်းကြည့်လို့လှပါသည်။ နေရာအားလုံးမှာ ဘယ်ကိုကြည့်လိုက် ကြည့် လိုက်ဖွေးနေပါတော့သည်။ ရက်နည်းနည်းကြာ၍ နေပူပြီး ထိုနှင်းများ အရည် ပျော်သည့်အခါ ရေဗွက်များဖြစ်ပြီး လမ်းလျှောက်၍ မကောင်းတော့ပါ။ တစ်ခါ နှင်းအေးလာ၍ ထိုရေတွေခဲသည့်အခါ လမ်းလျှောက်၍ မချော်အောင် အထူး သတိထားရပါသည်။ အခုလည်း ယင်းကဲ့သို့ ရေခဲများ တချို့နေရာများတွင် ရှိနေ၍ အထူးသတိထားရပါသည်။

လွတ်လပ်ရေးအောင်ပွဲတွင် အပြာဝတ်စုံများ ယူသွားရအောင် လျှောက် လွှာရေးပြီး တပ်ခွဲမှူးထံတင်ရပါသည်။

၁၆-၁၂-၅၂

ယနေ့တပ်ခွဲအလိုက် လက်ဖွေ့ပြိုင်ပွဲ ဖိုင်နယ်တက်သောနေ့ပင်ဖြစ်၏။ ကျွန်တော်တို့ ဘုရင်တပ်ခွဲကပင် ၄၉ မှတ်ရပြီးနိုင်ပါသည်။ ကျောင်းအုပ်ကြီး ဆယ်ချုပ်ကြီး ဒီဒေါ်နေက ဖလားဆုပေးပါသည်။

[1] Endurance Training

[2] 'Splendid, well Done'

www.burmeseclassic.com

www.burmeseclassic.com



၁၇-၁၂-၅

အုပ်ချုပ်မှုနှင့် စစ်ဥပဒေစာမေးပွဲဖြေရပါသည်။ ကောင်းကောင်း ဖြေနိုင်ပါသည်။ ခေတ်သစ်ဘာသာရပ် စာစီစာကုံးရေးရပါသည်။

၁၈-၁၂-၅

စစ်ရေးပြ တစ်ချိန်ပြီးသောအခါ အခက်အခဲကျော်ဖြတ်ခြင်းကို ခေါင်းဆောင်အနေနှင့် ဗိုလ်လောင်းတစ်ယောက်စီက ဦးဆောင်အမိန့်ပေးခိုင်းရ သည်။ ကောလိပ်သစ်မှ ကျောင်းသားကြီးများကို ကျောင်းဆင်းပွဲ စစ်ရေးပြ (ဘုရင့်စစ်ရေးပြ)အတွက် တန်းစီလူညီရပါသည်။ ယင်းမှာ ကျွန်တော်တို့ ကျောင်းဆင်းပွဲအတွက် ပထမဆုံး စစ်ရေးပြလှုပ်ရှားမှုဖြစ်ပါ၏။ ခေတ်သစ် ဘာသာရပ် ဆရာကို ကျွန်တော်ရေးထားသော စာစီစာကုံးပေးပြီး ဆံပင်ညှပ် သည်။

၁၉-၁၂-၅

ပထမနှစ်ချိန် ကိုယ်ပိုင်စာကြည့်ချိန်ရပြီး အကောင်းဆုံးဝတ် အကောင်းဆုံးသားရေနှင့် ကျောင်းအုပ်ကြီး စစ်ရေးပြလုပ်ကြရပါသည်။ ထို့ နောက် စာသင်တန်း နှစ်ချိန်တက်ပြီး ညနေ ၃ နာရီခွဲတွင် သင်တန်းဆင်း ပြီးပါသည်။ ရိုင်ဖယ်ကို ကျောင်းသားငယ် တစ်ယောက်ကိုပေး၍ လက်နက် တိုက် သွားအအပ်ခိုင်းလိုက်ပါသည်။ ယခုလို ကျောင်းသားငယ်ကို ခွင့်သွား ခါနီး ရိုင်ဖယ်အအပ်ခိုင်းသည်မှာ ကျောင်းသားကြီးတစ်ယောက်၏အခွင့်အရေး တစ်ရပ်ပင်ဖြစ်ပါသည်။ နက်ဖြန် နံနက်စာစားပြီးလျှင် ခွင့်သွားရန် အဝတ်အစား များ ပြင်ရဆင်ရပါသည်။ နက်ဖြန်ကစပြီး ခရစ်စမတ်အတွက် ကျောင်းပိတ်ရက် စပါသည်။

၂၀-၁၂-[illegible]

နေ့လယ် စစ်တက္ကသိုလ်မှ အထွက်နောက်ကျသွား၍ ကျ... ကျွန်တော် ကင်ဘာလေမှာပင် နေ့လယ်စာစားပြီးမှ မီးရထားနှင့် လန်ဒန်သို့ လာကြရပါသည်။ အမှတ် ၆၁ အားစ်ကုတ်စကွဲယားတွင် တည်းခိုကြပါသည်။ ၁၂ ရက်အတွက် ကြိုတင်အခန်းငှားထားကြခြင်းဖြစ်၏။ သည်တစ်ခါ အခန်း အပြင် နံနက်စာ၊ ညစာကိုပါ တည်းခိုခန်းတွင်စားရမည်ဖြစ်သဖြင့် တစ်ယောက်



... ၆ ပေါင်ခွဲကျပါသည်။ ကျွန်တော်တို့အတွက် ယနေ့ညစာ တည်းခိုခန်းမှ ...ဦမပေးနိုင်သေးသဖြင့် ဟောင်ကောင် စားသောက်ဆိုင်တွင် သွားပြီးစားကြ ပါသည်။

၂၁-၁၂-၅၂

နေ့လယ်စာ ကျွန်တော်တို့ တည်းခိုခန်းမှာပင်စားကြပြီး ညစာက ...တော့ ၂၂ ရက်နေ့(နက်ဖြန်)ကမှစရပါမည်။ ညစာကို တရုတ်ဆိုင်မှာပင် ...သွားစားကြပါသည်။

၂၂-၁၂-၅၂

စာအုပ်ဆိုင်သွားပြီး စာအုပ် ၃ အုပ် ဝယ်ခဲ့ပါသည်။ တစ်အုပ် ၂ ...ရှီလင်တန်များဖြစ်၏။ နေ့လယ်စာအတွက် ပေါင်မုန့်၊ ငါးသေတ္တာ၊ ကြက် ...ဥကြီးများနှင့် ပန်းသီးများဝယ်ထားလိုက်ပါသည်။ ယနေ့မှစပြီး နေ့လယ်စာ ...ကိုယ့်ဟာကိုယ် အခန်းထဲမှာပင်စားကြပါသည်။ ငါးသေတ္တာကြော်ပြီး ပေါင်မုန့် ...စားကြပြီး ပန်းသီးတစ်လုံးစားလိုက်လျှင် နေ့လယ်စာအတွက်ကောင်းကောင်း ...လုံပါသည်။

၂၄-၁၂-၅၂

ယနေ့ညနေမှာ ခရစ်စမတ်ညနေ[1] ဟု ခေါ်ပါသည်။ နက်ဖြန်မှာ ခရစ်စမတ်နေ့ ဖြစ်၏။ ခရစ်ယာန်တိုင်း အလွန်ပျော်နေကြသောအချိန်ဖြစ်ပါ သည်။ ရုပ်ရှင်ထွက်ကြည့်ကြပြီး အပြန်ဟိုတယ်တွင် ညစာမမီတော့၍ ကိုယ့် ဟာသာကိုယ် ချက်စားကြပါသည်။ ထို့နောက် နာမည်ကြီး ထရာဖာလဂါစကွဲ ယား[2] သို့ သွားကြပါသည်။ ညနေလောက်ကစပြီး ထိုနေရာသို့ လူများ ...ဖွဲ့ဖွဲ့ရောက်နေကြပါသည်။ ထရာဖာလဂါစကွဲယားတွင် ဗြိတိသျှရေတပ်ဗိုလ်ချုပ် ...ဆင်၏ကျောက်တိုင်ကြီးရှိ၏။ နေ့အခါတွင် နေ့လယ်နေ့ခင်း ခိုကလေးများ ...ပြီး ကျောက်ရုပ်ကြီးနံဘေးတွင် အပန်းဖြေနေနိုင်သော... ...ပါသည်။ ယနေ့ညနေတွင် လူအုပ်ကြီးမှာ ကရိုလ်[3] ခေါ် ခရစ်ယာန်

Christmas Eve

Trafalgar Square

Carol Singing

www.burmeseclassic.com

www.burmeseclassic.com



ဓမ္မသီချင်းများ ပြိုင်တူဆိုကြ၊ တစ်ယောက်နှင့်တစ်ယောက် ဖက်နမ်းလိုက်ကြ လုပ်နေကြပါသည်။ သည်အချိန်တွင် သူတို့တွေ ဘာမှ အတားအဆီး ပျော်နေကြသောအချိန် ဖြစ်ပါသည်။

၂၅-၁၂-၅၂

ယနေ့ တည်းခိုခန်းပိုင်ရှင် သူ့တည်းခိုခန်းတွင်ရှိသော သူများ ညစာစားပွဲ လုပ်ပေးပါသည်။ သို့သော် သူ့အလုပ်သမားများ စားပွဲထိုးများ ခွင့်ပေးထားရ၍ ကျွန်တော်တို့တစ်တွေ ကိုယ့်ပန်းကန် ကိုယ်ယူပြီး စားကြရ သည်။ ထမင်းစားပွဲပြီးသောအခါ ခန်းမကြီးထဲတွင် ပွတ်သဘင် ကျင်းပကြ သေးသည်။ ထို့နောက် ထရာဖာဂါစကွဲယားသို့ လာကြပါသည်။ ယနေ့ လူသိပ်မရှိတော့ဘဲ တော်တော်ကို တိတ်ဆိတ်နေပါသည်။ ဆိုင်များအားလုံး ပိတ်ထားပြီး ဘတ်စ်ကားလည်းမပြေးပါ။ မြေအောက်ရထားပင် တစ်စင်းနှင့် တစ်စင်း တော်တော်စောင့်ကြရပါသည်။

၂၆-၁၂-၅၂

ဆိုင်များ ယနေ့အထိ ပိတ်နေ၍ ကျွန်တော်တို့ ရာရှင် (ပေါင်မုန့် ငါးသေတ္တာ) ဝယ်၍ ခက်နေပါသည်။ အေဘီစီ[၁] ဆိုင်တစ်ဆိုင်ဖွင့်၍ ထိုဆိုင်မှ ပင် နေ့လယ်စာ စားကြပါသည်။ အေဘီစီဆိုင်မှာ ကိုယ့်ပန်းကန် ကိုယ်ယူ စားရခြင်းဖြစ်၍ ဈေးမများဘဲ စားသောက်နိုင်သောဆိုင် ဖြစ်ပါသည်။ မုန့် ဟင်းချက်နှင့် ပုံစံများ မှန်ဗီရိုတွင်ထည့်ထား၍ တစ်ခွက်စီကို ဈေးနှုန်းပါရေး ပြီး ကိုယ်ကြိုက်ရာကို လင်ဗန်းထဲထည့်၍ ငွေချေသည့်နေရာတွင် ငွေချေရ သည်။ ဇွန်း၊ ခက်ရင်း၊ ဓားပါ သူ့အပုံနှင့်သူ ဇလုံကြီးများတွင် ထည့်ထား သည်။ ကိုယ့်ဘာသာကိုယ် ဇွန်း၊ ခက်ရင်း၊ ဓားကိုယူပြီး အားသည့်စားပွဲတွင် တင်စားကြရပါ၏။ စားပြီးသား ပန်းကန်များကိုမူ မိမိဘာသာ သိမ်းရန်မလို ထိုဆိုင်မှာပင် ကြက်ဆူပ်ပြုတ် အထုပ်များဝယ်ရသဖြင့် ဝယ်လာကြပါသည်။ ညတွင် ရေနွေးကြမ်းသောက်ရင်း စကားဝိုင်းဖွဲ့ပြောကြရာ တော်တော် ညဉ့်နက် သွားပါသည်။

၁။ ABC
၂။ Self Service



၂၇-၁၂-၅၂

မနေ့ညက တစ်နာရီခွဲအထိ စကားထိုင်ပြောကြ၍ ယနေ့မနက် ၁၀ နာရီကျော်မှနိုးကြပါသည်။ ဟိုတယ်တွင် နံနက်စာလွတ်သွားပါသည်။ စား သောက်ချိန်မှာ သူ့အချိန်နှင့်သူ ဖြစ်၏။ အချိန်ကျော်သွားလျှင် မရနိုင်တော့ပါ။ ဥပမာ နံနက်စာက ၇ နာရီဆိုလျှင် ၉ နာရီကျော်လျှင် မရနိုင်တော့ပါ။ ညစာလည်း ထိုနည်းအတိုင်းပင်ဖြစ်၏။ ထို့ကြောင့် ကိုယ့်ဘာသာကိုယ် ချက် စားကြပါသည်။ နေ့လယ်တွင် အိပ်ကြပြီး ညစာဆင်းစားကြသောအခါ နေ့စနေ့ဖြစ်၍ ညစာမကျွေးဘဲ (ကျွန်တော်တို့ အိပ်နေကြစဉ်) နေ့လယ်စာ ကျွေးသဖြင့် ကျွန်တော်တို့ ညစာပါ ကိုယ့်ဘာသာကိုယ် ချက်စားကြရပါ သည်။ နည်းနည်း ကိစ္စပိုသော်လည်း ပိုတောင်စားကောင်းပါသေးသည်။

၂၉-၁၂-၅၂

ဟိုတယ်မှာပင် နားနေကြပါသည်။ ယနေ့ ကိုစောထံမှ စာရပါသည်။ နှင့် ဝင်းမောင် (ယခု ဗိုလ်ဇင်ဒေါင်း၊ အင်္ဂလန်တွင် နေထိုင်လျက်ရှိသည်။)တို့ ဆင်းဟတ်စ်ကို တက်ကြရမည် ဆိုသည့်အကြောင်း ဖြစ်ပါသည်။ ယခုဆိုလျှင် ကျွန်တော်တို့အဖွဲ့ထဲမှ ကိုလေးမောင်၊ အေးကျော်နှင့် ကျွန်တော်နောက် ကိုစော၊ ဝင်းမောင်တို့ပါ ဆင်းဟတ်စ်ကို သူငယ်ချင်းတွေ တော်တော်များများ တက်ကြရ သည်မှာ တော်တော်ကိုထူးပါသည်။ တစ်ပတ်တစ်ပတ်မှ (၆ လတစ်ခါ) မြန်မာပြည်မှ ရွေးလွှတ်သည်မှာ ၃ ယောက်၊ ၄ ယောက်၊ ၅ ယောက်ထက် မပိုပါ။ ထိုအထဲတွင် ကျွန်တော်တို့ သူငယ်ချင်းတစ်စုထဲမှ ပထမပတ်တွင် တစ်ယောက် (ကိုလေးမောင်) နောက်အပတ်တွင်နှစ်ယောက် (အေးကျော်နှင့် ကျွန်တော်)၊ နောက်တစ်ပတ်တွင် နှစ်ယောက် (ကိုစောနှင့် မောင်ဝင်းမောင်) လာမှာဖြစ်ပါသည်။

၃၁-၁၂-၅၂

ကျွန်တော်တို့ လွတ်လပ်ရေးနေ့အတွက် ခွင့်ကိုပယ်ဖျက်လိုက်သည် ဟူသော သတင်းကြားရပါသည်။ အားလုံးပင် တော်တော်စိတ်ပျက်သွားကြပါ သည်။ ထို့ကြောင့် ကိုတင်ကြီး၊ ကိုအေးကျော်နှင့် ကျွန်တော်တို့က စစ်သံမှူး ဗိုလ်မှူးကြီး တင်မောင်နှင့် သွားတွေ့ကြပါသည်။ ထိုကိစ္စကို သူပြန်ကြည့်ပေးပါ့ မယ်ဟု ပြောပါသည်။ သံရုံးမှအပြန် ထရာဖာဂါစကွဲယားကို သွားကြပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ယနေ့ညတော့ ထရာဖာဂါစကွဲယား ရောက်နေကြသော လူအုပ်ကြီးမှာ အလွန်ကိုများပြီး အရမ်းသီချင်းတွေ အော်ဆို၊ အရမ်းကိုပျော်နေကြပါသည်။ တစ်ယောက်နှင့်တစ်ယောက် လက်တွေဆက်တွဲထားပြီး သီချင်းများအော်ဆို နေပါသည်။ ဘစ်ဘင်[1] နာရီကြီးကလည်း ညသန်းခေါင် ၁၂ ချက်တီးရော လူအုပ်ကြီးမှာ ပိုသောင်းကျန်းလာကြပြီး တစ်ယောက်နှင့်တစ်ယောက် ဟက်ပီးနယူးယီးယား[2]ဟု နှုတ်ဆက်ကြ၍ တွေ့ရာလူကို ဖက်နမ်းကြပါတော့သည်။

၁-၁-၅၃

ကျွန်တော်တို့အဖွဲ့ထဲက တစ်ယောက်ကလည်း ဂေါ်ရာမများကို ဖက်နမ်းခဲ့၍ အပြန်တွင် တံတွေးတပျစ်ပျစ် ဖြစ်နေပါသည်။ ကျွန်တော်တို့ ကော်ဖီဝင်သောက်သည့်အခါ သူကော်ဖီမသောက်နိုင်ပါ။ ပလုတ်ကျင်း သွားတိုက်ပြီးတော့မှ သောက်လို့ဖြစ်မည်ဟုပြောပါသည်။ အားလုံးပင် ထရာဖာဂါစကွဲယားမှ အားကုတ်စ်သို့ လမ်းလျှောက်ပြန်ကြရပါသည်။ ကား၊ ရထား ဘာမှ မရနိုင်တော့ပါ။ သန်းခေါင်ကျော် ၁၂ နာရီ ၅၀ တွင်မှ လမ်းလျှောက်ကြပါ၏။ အခန်း ရောက်သောအခါ ကြက်ဥပြုတ်နှင့် ဆင်းဝစ် (အသားသွတ်ပေါင်မုန့်) စားကြပြီး မနက် ၄ နာရီကျမှအိပ်ရာဝင်ရပါသည်။

အိပ်ရာမှ နေ့လယ် ၁၁ နာရီတွင်ထကြပြီး ကိုတင်ကြီး၊ ချန်နှင့် ကျွန်တော်တို့က စစ်သံမှူးရုံးသို့လာကြပါသည်။ ဗိုလ်မှူးကြီးတင်မောင်ကို လွတ်လပ်ရေးနေ့ ခွင့်နှင့်ပတ်သက်ပြီး အတော်ကြာအောင် ရှင်းပြကြရပါသည်။ နောက်ဆုံးတွင် ခွင့်ကို စစ်တက္ကသိုလ်ကပေးပြီးဖြစ်နေသဖြင့် သူ့ကို မေးလာလျှင် သူက ကန့်ကွက်ဖို့မရှိကြောင်း ပြောပါမည်ဟုပြောလိုက်ပါသည်။ တော်တော် ခက်ခက်ခဲခဲလုပ်ယူရသော ခွင့်တစ်ရက်ဖြစ်၏။ ထိုခွင့်ရက်နှင့်ပတ်သက်ပြီး ဗိုလ်မှူးကြီးတင်မောင် ကိုင်တွယ်ဖြေရှင်းပုံမှာ နည်းယူလောက်ပါသည်။ သူ့ လက်အောက်ကအရာရှိက ပယ်ဖျက်ထားသောခွင့်ကို ဟိုလူလည်း မျက်နှာ မပျက်ရအောင် ကျွန်တော်တို့လည်းခွင့်ရအောင် စီစဉ်ပေးလိုက်ခြင်းဖြစ်ပါသည်။ တပ်ရောက်ကြ၍ တစ်စုမှူးဖြစ်ကြသောအခါ တပ်စုတပ်ကြပ်ကြီးနှင့် အလားတူ ကိစ္စမျိုးတွေ့လျှင် ပြေလည်အောင်ဖြေရှင်းနိုင်ရန် သင်ခန်းစာပါ ပေးလိုက်ပါသေး

၁။ Big Ben
၂။ Happy New Year



သည်။ နေ့လယ်စာ သံရုံးမှာပင်စားကြပြီး ညနေ ၁၆း၅၄ နာရီ ရထားနှင့် စစ်တက္ကသိုလ်သို့ ပြန်လာကြပါသည်။ ကင်ဘာလေ ဝေးဆိုက်ကာဖေးတွင် ညစာ စားကြပါ၏။

၂-၁-၅၃

ယနေ့ စာသင်တန်း နှစ်ချိန်အပြီးတွင် ဖတ်ဖတ်မောရသော ကြံ့ခိုင်ရေးတစ်ချိန်လုပ်ရ၏။ စစ်ရေးပြဌာနနှင့် ညှိထားသလားမသိပါ။ ယနေ့ ခွင့်က ပြန် စစ်ရေးပြမရှိတော့ ကြံ့ခိုင်ရေးက တရကြမ်းမောင်းပစ်လိုက်ပါသည်။

အုပ်ချုပ်မှု ပြန်လည်ဆန်းစစ်သည့် စာမေးပွဲ[1] နှင့် စစ်သမိုင်း စာစီကုံးတွင် 'အလွန်ကောင်း'ဆိုသော မှတ်ချက်များရပါသည်။ နက်ဖြန် စစ်တက္ကသိုလ် စစ်ရေးပြရှိ၍ အဝတ်များပြင်ဆင်ပြီး ကျွန်တော်တို့ခွင့်အကြောင်း ဆက်ထပ် သတင်းကြားမကြား ဆိုသည်ကို တပ်ခွဲအရာခံဗိုလ်ကို မေးကြည့်ပါသည်။ ဘာမှ ထပ်မကြားရဆို၍ ကျွန်တော်တို့ခွင့် အတည်ဖြစ်ပြီဟု ယူဆလိုက်ကြပါသည်။

၃-၁-၅၃

ယနေ့ စစ်တက္ကသိုလ်စစ်ရေးပြမှာ ကျောင်းဆင်းပွဲအတွက် လေ့ကျင့်ရခြင်းဖြစ်ပါသည်။ လေ့ကျင့်ခြင်းဖြစ်သော်လည်း အကောင်းဆုံး အဝတ်၊ အကောင်းဆုံး သားရေနှင့်လုပ်ကြရပါသည်။ ကောလိပ်ဟောင်း ကျောက်လှေကားထစ်များအပေါ် အနေးလျှောက် လျှောက်ရသည်မှာ အရသာရှိလှပါသည်။ ထိုအချိန်တွင် ကျောင်းသားလတ်၊ ကျောင်းသားငယ်များက ကျွန်တော်တို့ ကျောင်းသားကြီးများအား သေနတ်မြှောက် အလေးပြုနေကြပါသည်။ ယခင် ပါများက ကျွန်တော်တို့က ကျောင်းဆင်းမည့် ကျောင်းသားကြီးများအား သေနတ်မြှောက်အလေးပြုခဲ့ကြရာ ယခု ကျွန်တော်တို့က အလေးပြုခံယူသူများ ဖြစ်နေကြပါပြီ။ စစ်ရေးပြအပြီး နေ့လယ် ၂ နာရီခွဲတွင် ကိုတင်ကြီးနှင့် လန်ဒန်ကိုထွက်လာကြပြီး ၄ နာရီတွင် လန်ဒန်ရောက်ကြပါသည်။

Adm Revision Test

www.burmeseclassic.com

www.burmeseclassic.com



၄-၁-၅

မြန်မာသံရုံးရှိရာ ၁၉(အေ)၊ ချားလ်လမ်း[၁] တွင် ၅ နှစ်မြောက် လွတ်လပ်ရေးသဘင်ကျင်းပပါသည်။ ပထမ အမျိုးသားသီချင်းနှင့် အခမ်းအနား ဖွင့်ပြီး သံအမတ်ကြီး ဦးကာစီက မိန့်ခွန်းပြောကြားပါသည်။ သံအမတ်ကြီး မိန့်ခွန်းပြောနေစဉ်တွင် ပရိသတ်ထဲမှာ တိုးတိုးစကားပြောသံတွေပါ ကြားနေ ပါသည်။ ကျွန်တော်တို့ စစ်တပ်မျက်စိနှင့်တော့ တကယ့်စည်းကမ်းမဲ့မှု ဖြစ်ပေ ၏။ ထို့နောက် ဗမာအစည်းအရုံး[၂] ကို ပြန်လည်ဖွဲ့စည်းပါသည်။ (နေ့လယ်စာ က ထောပတ်ထမင်းနှင့် ကြက်သားဟင်းပါ။ ကျွန်တော်တို့အတွက် ခေတ္တခဏ နတ်ပြည်ရောက်သွားကြပြီး နတ်သုဒ္ဓါတွေ စားလိုက်ရသလား အောက်မေ့ပါ သည်။)

သံမှူးကလည်း မိန့်ခွန်းပေးသေး၏။ စစ်သံမှူးမိန့်ခွန်းက စည်းကမ်း ရှိကြ၍ မျိုးချစ်စိတ် ရှိကြရန်နှင့် နေရေးထိုင်ရေးနှင့်ပတ်သက်၍ အကြံဉာဏ် များ ပေးသွား၏။ ဂေါ်ရာမ မယူကြဖို့ သူပုံပြောပုံက 'ဂေါ်ရာမယူမယ်ကြံရင် တွင်းကြီးပေါ်မှာ ဆောင့်ကြောင့်ထိုင်နိုင်ပါ့မလားဆိုတာ စဉ်းစားပါ'တဲ့။ တကယ့် အဖိုးတန်သော အကြံဉာဏ်ဖြစ်ပါသည်။ ထိုအချက်နှင့်ပတ်သက်၍ ကျွန်တော် တို့ ဆင်းဟတ်စ်တက်ကြသော ဗိုလ်လောင်းများထဲမှ ဂေါ်ရာမ ယူကြသောသူ နှစ်ယောက်အကြောင်း အလျဉ်းသင့်၍ အစီရင်ခံလိုပါသည်။ နှစ်ယောက်စလုံး မှာ ပညာကောင်းသူများဖြစ်ပါသည်။ ဆင်းဟတ်စ်ကပြီးသောအခါ ဘုရင့် အင်ဂျင်နီယာကောလိပ်[၃] ဆက်တက်ခဲ့ကြရ၏။ အင်္ဂလန်မှာ ၅ နှစ်ကျော် နေခဲ့ကြရ၏။ နှစ်ယောက်စလုံး မြန်မာပြည်အပြန်တွင် ဂေါ်ရာမ ယူလာကြပါ သည်။ တစ်ယောက်က ကျွန်တော်နှင့်တော်တော်ရင်းနှီးသူဖြစ်၏။ ကျွန်တော် မေမြို့ စစ်တက္ကသိုလ်တွင်အမှုထမ်းရသောအခါ ကျွန်တော့်သူငယ်ချင်းက မေမြို့စက်မှုလက်မှုတပ်တွင်ဖြစ်ပါသည်။ ဂေါ်ရာမနှင့် မကြာခဏ ရန်ဖြစ်ကြပါ သည်။ သူက မိန်းမကိုရိုက်၊ မိန်းမကလည်းမခံ ပြန်ဆော်၏။ သူက ဗိုလ် အဆင့်ဖြစ်၍ ဂေါ်ရာမကို အဆင့်အတန်းမီအောင်မထားနိုင်။ အလွန်ကို စိတ်ညစ် ရပါသည်။ နောက် ကျွန်တော် ရန်ကုန်စစ်ရုံးပြောင်းလာသောအခါ သူလည်း ရန်ကုန်ရောက်လာပါသည်။ ကလေးနှစ်ယောက်နှင့် ဖြစ်နေပါပြီ။ မက်သအစ်

---

၁။ 19 A. Charles Street

၂။ Myanmar Association

၃။ Royal College of Engineering



ဘုရင့်စစ်တက္ကသိုလ် အရာရှိများရိပ်သာရှေ့တွင်

www.burmeseclassic.com

www.burmeseclassic.com



ကျောင်း (ယခု ဒဂုံ အမှတ် (၁)ကျောင်း)တွင် ကလေးများကျောင်းထား
ဂေါ်ရာမက ကလေးကို ကျောင်းမှာ လိုက်စောင့်ရှောက်ရင်း သူ့ဟာသူ နေ
စာစားသည်မှာ တစ်ယောက်ဟည်း ၇ ကျပ်လောက်ကုန်၍ ယောက်
ချုံသုံပါအောင် ညည်းပါတော့သည်။ သူတို့ဂေါ်ရာမအတွက် သည်လော
စားနေကျဖြစ်၏။ နည်းတောင် နည်းပါသေးသည်ဟုဆို၏။ ရှာမီးမုန့်တို့
ခေါက်ဆွဲနှင့် တစ်ခါတစ်ရံ ရေခဲမုန့်၊ တစ်ခါတစ်ရံ ချောကလက်စား
သို့သော် တစ်လမှာ ၄၀၀ ကျပ်ကျော်လောက်ရသည့် ဗိုလ်တစ်ယောက် လ
တော့ ဘယ်လိုမှ ဒီလိုအသုံးအဖြုန်းနှင့် နာလန်ထူနိုင်စရာမရှိပါ။ မကြာ
ဂေါ်ရာမ ဘိလပ်ပြန်ပြီး သူလည်းအကြောင်းအမျိုးမျိုးပြ၍ တပ်မတော်
နုတ်ထွက်ကာ ဘိလပ်လိုက်သွားပါတော့သည်။ နောက်တစ်ယောက်ကလည်း
ထိုနည်းအတိုင်းပင်ဖြစ်၏။ အခု သူတို့ နှစ်ယောက်စလုံး ဘိလပ်မှာပင်ဖြစ်
မြန်မာနိုင်ငံက ငွေကုန်ကြေးကျ အကုန်ခံသင်ထားရသော ပညာများမှာ နိုင်
အတွက် အလဟဿဖြစ်ရပြီး သူတို့လည်း တကယ်ပျော်နိုင်ကြမည်မဟုတ်

၅-၁-၅

နေ့လယ်စာ ဟိုတယ်တွင်စားပါသည်။ ကျွန်တော်တို့ ဟိုတယ်
တည်းခိုသည်မှာ နှစ်ရက်ကို နှစ်ပေါင်နှစ်သျှိလင်ကျပါသည်။ ညစာလည်း
အခန်းထဲမှာပင်စားပြီး ညနေ ဝါတာလူးဘူတာရုံမှ ၇ နာရီ ၅၀ ရထား
ကင်ဘာလေပြန်ခဲ့ကြပါသည်။ ကင်ဘာလေရောက်တော့ ည ၉ နာရီ ရှိနေပါ
နှင်းတွေ တဖွဲဖွဲကျနေစဉ် စစ်တက္ကသိုလ်သို့ လမ်းလျှောက်ပြန်လာကြပါသည်။

၆-၁-၅

မနက်တွင် ကိုယ်ပိုင်စာကြည့်ချိန်ရပြီး နောက်တစ်ချိန်တွင် တ
တစ်ခွဲလုံး စစ်ရေးပြလုပ်ကြရပါသည်။ ထိုစစ်ရေးပြမှာ အစီအစဉ်တွင်မပါ
ကိုယ်ပိုင်အချိန်တွင် လုပ်ရသော စစ်ရေးပြ ဖြစ်ပါသည်။ ကျောင်းဆင်းပွဲနီး
ဤကဲ့သို့ အချိန်ပိုစစ်ရေးပြ လုပ်ရတတ်ပါသည်။

၇-၁-၅

အိန္ဒိယ ဒယ်ရဒွန်း စစ်တက္ကသိုလ်တွင် တက်နေသော ကိုမြသင်း
ဆီမှ ခရစ်စမတ်ကတ်ကို ယခုမှရပါသည်။ နံနက်ခင်းတွင် အားကစားရုံထဲ



င် အနီးကပ် တိုက်ခိုက်ခြင်း လေ့ကျင့်ရပါသည်။ နည်းဗျူဟာများ ပြန်ကြည့်ရ
။

၈-၁-၅၃

တစ်မနက်လုံး သင်တန်းရုပ်ရှင်နှင့် သရုပ်ပြကြည့်ကြရပါသည်။
ပ်ရှင်မှာ အံလွန်ကို စိတ်ဝင်စားဖို့ ကောင်းပါသည်။ ကြည်း၊ ရေ၊ လေ
ပေါင်းစစ်ဆင်ရေးပြခြင်းဖြစ်၏။ သင်ကြားရသော ဘာသာရပ်မှာ ကုန်း၊ ရေ
နှစ်သွယ်စစ်ဆင်ရေး[1] ကို သုံးပိုင်းခွဲ၍ပြခြင်းဖြစ်ပါ၏။ စီမံကိန်းလုပ်ပုံမှာ ယ-
၀ ရက်မှ ယ ရက်အထိ လုပ်ဆောင်ဖွယ်တွေ ပြပါ၏။ ယင်းကို တစ်ခါထပ်၍
ကြည်း၊ ရေ၊ လေတပ်များ လုပ်ဆောင်ဖွယ် ထပ်ပြီးခွဲခြားပြပါသည်။ ယ ရက်မှာ
ဖြတော့ နာရီအလိုက် န နာရီ+ ၄ နာရီအထိ စီမံကိန်းလုပ်ကြခြင်းနှင့် စီမံ
ကိန်းလုပ်ပုံများ ပြသခြင်းဖြစ်၏။

ယရက်၊ န နာရီဆိုသည်များကို အနည်းငယ် ရှင်းပြဖို့လိုပါလိမ့်မည်။
ရက်[2] ဆိုသည်မှာ မိမိတပ်များက ရန်သူကို ထိုးစစ်ဆင်မည့်ရက်ကို ဆိုလိုပါ
သည်။ ယ-၉၀ ဆိုသည်မှာ ယ ရက်မတိုင်မီ ရက်ပေါင်း ၉၀ ကိုဆိုလိုပါသည်။
ယ+၁ ဆိုသည်က ယ ရက်ပြီး နောက်တစ်ရက်ပါ။ န နာရီ[3] ဆိုသည်မှာ
ထိုးစစ်စတင်သောနာရီဖြစ်၏။ န-၆၀ မိနစ်က န နာရီမတိုင်မီ ၆၀ မိနစ်
။ န+၁၀ မိနစ်က န နာရီအပြီး ၁၀ မိနစ်ဖြစ်၏။ ဒါတွေက စစ်ဘက်မှာ
နိုင်ငံတိုင်းလိုပင် ယင်းသင်္ကေတများကို သုံးစွဲကြပါသည်။ ကုန်းရေ နှစ်သွယ်
သွားနိုင်သောယာဉ်များလည်း အမျိုးစုံပြသပါသည်။ (Landing Craft Tank
LCT) မှာ တင့်ကားသယ်ဆောင်ပြီး ကမ်းတက်သောယာဉ်ဖြစ်၏။ (Landing
Ship Tank LST) ကလည်း အလားတူ တင့်ကားသယ်ဆောင်ပြီး ကမ်းတက်
သောယာဉ်ပင်ဖြစ်၏။ (Landing Ship Infantry LSI) မှာ ခြေလျင်တပ်
များကို ကမ်းအထိရောက်အောင် ပို့ပေးနိုင်သောယာဉ်ဖြစ်ပါသည်။ ကြည့်လို့
ကောင်းဆုံးမှာ လျှပ်စစ်နှင့် ထိန်းပေးသော ဒုံးကက်[4] များပင်ဖြစ်ပါသည်။
တစ်ခါပစ်လျှင် ဒုံးကက် ၁၀၀၀ ကျော်ပစ်ခဲ့ပါသည်။

[1] Amphibious Warfare
[2] D.Day
[3] H He.
[4] Electrically Controlled Rockets

www.burmeseclassic.com

www.burmeseclassic.com



နေ့လယ်တွင် တက်ရသော စစ်ဥပဒေလက်ချာမှာတော့ ပျင်းစရာမို့ အိပ်မငိုက်ရအောင် မနည်းမျက်စိဖြဲထားရပါ၏။

၉-၁-၅၃

ကျောင်းဆင်းပွဲ စစ်ရေးပြကို ဝတ်စုံအပြား၊ ခါးပတ်အဖြူနှင့် လေ့ကျင့်ရပါသည်။ ရာသီဥတုဆိုးရွားလှသော်လည်း ကိုယ့်ကျောင်းဆင်းပွဲ ကိုယ်လေ့ကျင့်ရတာမို့ စိတ်ဓာတ်တက်ကြွနေပါသည်။ ယနေ့ နည်းနည်း အအေးမိသွား၍ သိပ်နေမကောင်းပါ။

၁၀-၁-၅၃

ယနေ့ သောင်းလေးထံမှ စာနံပါတ် ၅၂ ရပါသည်။ ကျွန်တော့်မွေးနေ့ နတ်တော်လပြည့်ကျော် ၄ ရက်နေ့ (၅-၁၂-၅၂)တွင် ကုသိုလ်ကောင်းမှုအလှူဒါန ပြုခဲ့သည်များ ရေးထားပါသည်။ မမတင် (ကျွန်တော့်အစ်မအကြီးဆုံး)နှင့် လှဖေဝင်း (အစ်မ၏သားအကြီးဆုံး၊ ကျွန်တော့်တူ)တို့ထံမှလည်း စာရပါသည်။ ယနေ့ (TAB-TT) ဆေးများထိုးရ၍ ဆေးအရှိန်နှင့် နေမကောင်း၍ စောစောအိပ်လိုက်ပါသည်။

၁၁-၁-၅၃

ယနေ့ နည်းနည်းသက်သာ လာသော်လည်း နေလို့မကောင်းသေးပါ။

၁၂-၁-၅၃

ဖျားလာ၍ ဆေးခန်းလိုက်ရပါသည်။ ဆေးအဆောင် 'ဂ'ရှိ အခန်းထဲတွင် နားနေရပါသည်။

၁၃-၁-၅၃

ယနေ့ တပ်ခွဲအချိန်[1] ဆံပင်ညှပ်ရပါသည်။ လူများ စောင့်နေရသည်မှာ များလွန်း၍ တော်တော်ကြာအောင် စောင့်ရပါသည်။ တပ်ခွဲအချိန်ဆိုသည်မှာ တပ်ခွဲအလိုက်စစ်ရေးပြပြိုင်ပွဲမတိုင်မီ အချိန်သတ်မှတ်ပေးထားခြင်းဖြစ်၏။ ပုံစံအားဖြင့် နက်ဖြန် ကျွန်တော်တို့တပ်ခွဲ စစ်ရေးပြအစစ်ခံရမည်ဆိုလျှင် ယနေ့

၁။ Company Time



စ်တက္ကသိုလ်မှ ဆံပင်ညှပ်ဆိုင်များတွင် ကျွန်တော်တို့ တပ်ခွဲကပဲ ဆံပင်ညှပ်င်အောင် တပ်ခွဲအချိန်ဆိုပြီး သတ်မှတ်ထားခြင်းဖြစ်ပါသည်။

ကိုလေးမောင် ပို့လိုက်သော လွတ်လပ်ရေးကတ်က ယနေ့မှ ရောက်တပါသည်။ သူက မေမြို့၊ အမှတ် (၂၁)ခြေလျင်တပ်ရင်းတွင် ရောက်နေပါည်။

၁၅-၁-၅၃

ယနေ့ တပ်ခွဲစစ်ရေးပြပြိုင်ပွဲဖြစ်၏။ ကျွန်တော်တို့က ဒုတိယလိုက်ပါည်။ ပထမရမှ တခြားအမှတ်များနှင့် ပေါင်းလျှင် ဘုရင့်တပ်ခွဲ ပြန်ဖြစ်နိုင်မည်စ်၏။ ယခုတော့ အိပ်စ်တပ်ခွဲ (ခင်မောင်တင့်နှင့် အေးကျော်တို့တပ်ခွဲ)ကင်သွားပါသည်။ တပ်ခွဲစစ်ရေးပြမတိုင်ခင် အိပ်စ်က ကျွန်တော်တို့ တပ်ခွဲထက် မှတ်ခွဲပဲသာနေပါသည်။ ယခု သူတို့က တပ်ခွဲစစ်ရေးပြမှာပါနိုင်သွား၍စ်မှတ်တည်း ကျွန်တော်တို့ထက်သာပြီး ဘုရင့်တပ်ခွဲ ဖြစ်သွားပါပြီ။

၁၆-

ယနေ့ လက်တွေ့နည်းဗျူဟာစာမေးပွဲဖြစ်၏။ အပြင်ထွက်ပြီး လုပ်ကြပါ၏။ နေ့လယ်စာကို ကျောင်းကထုပ်ပြီး (Packed Lunch) ထည့်ပေးက်ပါ၏။ နေ့လယ် ၂ နာရီတွင် စစ်တက္ကသိုလ် ပြန်ရောက်ကြပြီး ကျန်သည့်ချိန်များတွင် ကိုယ်ပိုင်စာကြည့်ချိန်ဖြစ်၏။ ယနေ့ ကိုအေးကျော် နည်းနည်းား၍ ဆေးရုံတက်ပါသည်။

၁၇-၁-၅၃

ယနေ့ တစ်မနက်လုံး ကိုယ်ပိုင်စာကြည့်ချိန် ဖြစ်၏။ ဆင်းဟတ်စ်က်ကြမည့် ကိုစော၊ ဝင်းမောင်နှင့် စိုးမင်းတို့ မောန်းမှာ ရောက်နေကြပြီဖြစ်၍တို့နှင့်တွေ့ရအောင် လာခဲ့ပါသည်။ မောန်းရောက်ရောက်ချင်း သူတို့အဖွဲ့်ရှင်ကြည့်နေကြ၍ မတွေ့ရသေးဘဲ စောင့်နေရပါသည်။ သူတို့ ရုပ်ရှင်ကြည့်က်လာသောအခါတွေ့ရပြီး အလွန်ကိုပျော်ရပါသည်။ ကိုစောရော၊ ဝင်းမောင် ကျွန်တော်နှင့်ရင်းနှီးပြီး သူငယ်ချင်းများဖြစ်ကြပါသည်။ နာဖီ[1] လက်ဖက်ည်ဆိုင်တွင် လက်ဖက်ရည်သောက်ကြပြီးမှ စကားတွေ အားရအောင် ပြောကြ

Naafi

www.burmeseclassic.com

www.burmeseclassic.com



ပါသည်။ ဆင်းဟတ်စ်မှာရော မောန်းမှာပါ လုပ်သင့်သည်များကိုလုပ်၍ မလုပ်သင့်သည်များကိုမလုပ်ရန် ပြောပြီးမှပြန်ခဲ့ပါသည်။ သူတို့ဆီမှ မြန်မာပြည်က ပါလာသော တရုတ်ဆီးသီးနှင့် ဆေးပေါ့လိပ်အချို့ ရခဲ့ပါသည်။

၁၈-၁-၅၃

ယနေ့ အိမ်ကိုစာရေးပြီး ကျွန်တော်တို့ ကျောင်းဆင်းပွဲတက်ရအောင် ဒုဗိုလ်ခင်ညိုထံသို့ လက်မှတ်တစ်စောင်ပို့လိုက်ပါသည်။ မပြီးသေးသော စာမေးပွဲများအတွက် စာကြည့်ရ၏။

၁၉-၁-၅၃

နက်ဖြန် စာမေးပွဲများစစ်မည်ဖြစ်ပါ၏။ ယနေ့တော့ တစ်ချိန်လုံး ကိုယ်ပိုင်စာကြည့်ချိန် ပေးထားပါသည်။ ဆင်းဟတ်စ်မှ ရေကန်ကြီးမှာ တစ်ကန်လုံး ရေခဲနေ၍ ရေကန်ပေါ်မှာပင် ကလေးများ စကိတ်စီးပြီးဆော့နေကြပါပြီ။ ကလေးများမရှိသည့်အခါဆိုလျှင် ကျွန်တော်တို့က ရေလယ်ပေါ်တွင် ခဲကို ရုပ်တိုက်ပစ်ပြီး ကစားကြပါသည်။ ရေခဲကန်ပေါ် ခဲကိုရုပ်တိုက်ပစ်လိုက်လျှင် ၁ ရုပ်၊ ၂ ရုပ်၊ ၃ ရုပ်လောက် ခုန်ခုန်ပြေးသည်ကိုပင် ပျော်နေကြပါသည်။ အသံကလည်း ကျွီခနဲမြည်မြည်သွားပြီး အလွန်နားထောင်၍ ကောင်းပါသည်။

၂၀-၁-၅၃

နံနက်ခင်းမှာလည်း ကိုယ်ပိုင်စာကြည့်ချိန်ပင် ဖြစ်၏။ စာအုပ်အချို့ကို သက်ဆိုင်ရာဌာနသို့ ပြန်အပ်လိုက်ပါသည်။ နေ့လယ်တွင် အုပ်ချုပ်မှုစာမေးပွဲ ဖြစ်၏။ သောင်းလေးဆီမှ စာနံပါတ် ၅၃ ရပါသည်။ ယနေ့စာထဲတွင် သမီးလေးထံက စာတစ်စောင်ပါပါလာပါသည်။ ကျွန်တော်နှင့် ခွဲခွာနေရစဉ်မှာ သူ့အမေက သမီးကို အိမ်မှာပင်စာသင်ပေး၍ စာရေးတတ်နေပြီး ကျွန်တော့်ထံ စာရေးထည့်လိုက်ခြင်းဖြစ်၏။

စာမေးပွဲရက်အတွင်းတွင် သူတို့စာလေးများမှာ အားတိုးဆေးလေးများ ဖြစ်ပါ၏။ ယနေ့ ကျောင်းဆင်းပြီး လန်ဒန်တွင်တည်းခိုရန် ဟိုတယ်ကို စာရေးလိုက်ပါသည်။

၂၁-၁-၅၃

ခေတ်သစ်ဘာသာရပ် စာမေးပွဲဖြစ်၏။ ကောင်းကောင်းဖြေဆိုနိုင်



ပါသည်။ ကင်ဘာလေရုပ်ရှင်ရုံတွင် လရွန်းဒီ[1] ပြင်သစ်ရုပ်ရှင်ကားလာ၍ သွားကြည့်ပါသည်။ ဤကားမှာ လန်ဒန်မြန်မာသံရုံးရှိသောရပ်ကွက်မှ ရုပ်ရှင်ရုံတွင် နှစ်နှစ်ကျော်ပြခဲ့ရသော နာမည်ကြီးရုပ်ရှင်ဖြစ်၏။

ချားကြီးကလည်နေပြီး အဘိုးကြီးတစ်ယောက် ထွက်လာကာ စကားနည်းငယ်ပြောပြီးမှ ဇာတ်လမ်းကိုပြ၏။ အဘိုးကြီးပြောသည်က အခု ဇာတ်လမ်းမျိုးမှာ ရုပ်ရှင်ကြည့်နေသောပုဂ္ဂိုလ်များလည်း ကြုံတွေ့နိုင်ကြောင်း၊ ချားကြီးလည်နေသလို သံသရာလည်ကြရကြောင်းဖြစ်၏။ ဤကဲ့သို့ တစ်ခန်းပြီးလျှင် အဘိုးကြီးနှင့်ချားကြီး ပြန်ထွက်လာပြီး ယခင်ကအပြောမျိုး ထပ်ပြောပြန်၏။ ထို့နောက် အခန်းတစ်ခန်းပြပြန်လေသည်။ ယင်းသို့ အခန်းမျိုး ၆ ခန်းပြပါသည်။ ချားကြီးလည်နေစဉ် လရွန်းဒီသီချင်းတီးလုံး တီးပေးပါသည်။ ဇာတ်လမ်းများမှာတော့ နောက်မီးလင်းခန်းများ၊ အပြာခန်းများ ဖြစ်၏။ လန်ဒန်မှာ ကြိုကြိုက်ခဲ့၍ ယခုမှကြည့်ရပါသည်။

၂၂-၁-၅၃

နံနက်ခင်းတွင် စစ်ရေးသုံးသပ်ချက် စာမေးပွဲဖြစ်၏။ ဆံပင်ညှပ်ပြီး ကျောင်းဆိုင်တွင်မှာထားသော သားရေလွယ် ခါးပတ်[2] သွားယူပါသည်။ ၃ ပေါင်ခွဲကျပါသည်။ ယနေ့ မြေပုံများနှင့် မြေပုံဖတ်နှင့်ဆိုင်သော ပစ္စည်းများ ပြန်အပ်လိုက်ပါပြီ။ နက်ဖြန် တစ်ရက်ပြီးလျှင် စာမေးပွဲအားလုံး ပြီးသွားပါပြီ။ နက်ဖြန်တွင် နည်းဗျူဟာနှင့်စစ်ဥပဒေစာမေးပွဲဖြစ်၏။

၂၃-၁-၅၃

ယနေ့စစ်သော နှစ်ဘာသာစလုံး စိတ်တိုင်းမကျပါ။ မှန်းထားသည့် မေးခွန်းများပါမလာပါ။ သို့သော် နောက်ဆုံး စာမေးပွဲများဖြစ်၍ ပြီးသွားသည်ကိုပင် အလွန်ပျော်ကြရပါသည်။ ဆင်းဟတ်စ်ဘဝ တစ်လျှောက်လုံးတွင် စာမေးပွဲအားလုံးပြီးစီးသောနေ့ဖြစ်ပါ၏။

[1] La Runde

[2] Sam Browne Belt

www.burmeseclassic.com

www.burmeseclassic.com



၂၄–၁–

ယနေ့နံနက် သင်တန်းရုပ်ရှင်များ ကြည့်ကြရပါသည်။ ဘု စစ်ကောလိပ်[၁] နှင့် ဘုရင့်စစ်တက္ကသိုလ်[၂] ကျောင်းဆင်းပွဲများတွင် ရိုက် သော ရုပ်ရှင်များဖြစ်ပါသည်။ ကျောင်းဆင်းပွဲလာ၍ အလေးပြုခံသော ပု များမှာ (အမေရိကန်) ဗိုလ်ချုပ်ကြီးအိုက်ဆင်ဟောင်းဝါး၊ ဆဋ္ဌမမြောက် ဘုရင်၊ အယ်လီဇဘက် မင်းသမီး (ယခုဘုရင်မ ဖြစ်နေပါပြီ)နှင့် ပြင် ဗိုလ်ချုပ်ကြီး ဝေဂန်[၃] တို့ဖြစ်ပါသည်။

နေ့လယ်တွင် အကောင်းဆုံးဝတ်စုံ၊ အကောင်းဆုံးသားရေနှင့် တက္ကသိုလ် စစ်ရေးပြလုပ်ကြရပါသည်။ ထို့နောက် မောန်းမှ ကိုစောတို့ သွားကြပါသည်။ သူတို့ ဖိနပ်များကူတိုက်ပေးပြီး သူတို့ပါ ဆင်းဟ လိုက်လည်ကြပါ၏။ ကိုကြည်အေး အခန်းတွင်စုပြီး မယ်ဒလင်တီး၊ သီချင်း စကားပြောကြနှင့် ရေနွေးကြမ်းဝိုင်းကြပါသည်။ ဒုဗိုလ်မောင်မောင်အေးလ လိုက်လာသေး၏။ သူတို့အဖွဲ့ ကျွန်တော်တို့ဆီမှာပင် အိပ်ကြပါသည်။ ကို က အေးကျော်အခန်းထဲတွင်အိပ်ပြီး မောင်ဝင်းမောင်က ကျွန်တော်နှင့် အိ သည်။ မောင်မောင်အေးက ခင်မောင်တင့်အခန်းတွင်အိပ်၏။

၂၅–၁–

ကိုစောနှင့်ဝင်းမောင်ကို စစ်တက္ကသိုလ် လိုက်ပြကြပါသည်။ ကို မောင်တင့်က ဓာတ်ပုံရိုက်ပေးပြီး နေ့လယ်စာကို ဂေါ်ဒွန်ဆိုင်တွင် ထွက်စား ပါသည်။ ကင်ဘာလေတွင် ရုပ်ရှင်ကြည့်ပြီးမှ ကိုစောတို့ မောန်းကို ပြန်ကြ သည်။

၂၆–၁–

နံနက်ခင်းတွင် ယုံကြည်မှုနေရာ၌ တစ်ချိန်သွားပြီး အခက်အခဲ လုပ်ကြရသေး၏။ ကျန်အချိန်တွင် ကိုယ်ပိုင်စာကြည့်ချိန်ဖြစ်၏။ သို့ စာမေးပွဲများပြီးပြီဖြစ်၍ အားနေသောအချိန်များဖြစ်၏။ နေ့လယ်တွင် သင် ရုပ်ရှင်ကြည့်ရပါသည်။ ခေါင်းဆောင်မှုနှင့်ပတ်သက်သော ရုပ်ရှင်ဖြစ်ပါသ

၁။ Royal Military College R.M.C

၂။ Royal Military Academy Sandhurst

၃။ Gen: Weygand



တော်တော်ဗဟုသုတ ဖြစ်ပါ၏။ ညနေတွင် တပ်ခွဲလိုက် (တပ်ခွဲမှူးပါ) ဓာတ်ပုံ ရိုက်ကြရပါသည်။

၂၇–၁–၅၃

ယနေ့ တပ်ခွဲမှူးနှင့် ဝင်တွေ့ရပါသည်။ ကျွန်တော့်အတွက် ရေးထား သော အစီရင်ခံစာကိုပြခြင်းဖြစ်ပါသည်။ အလွန်ပင်ကောင်းပါသည်။ ခေတ်သစ် ဘာသာရပ်တွင် အဆင့် ၇ ရပြီး နောက်ဆုံးအဆင့် (စစ်တက္ကသိုလ်တစ်လျှောက် လုံးအတွက် ပေးသောအဆင့်)မှာ +၈ ဖြစ်ပါသည်။ ယင်းမှာတပ်ခွဲတွင် အမြင့် ဆုံးအဆင့်ဖြစ်၏။ အုပ်ချုပ်မှုတွင် နည်းသွား၏။ +၄ ပဲ ရပါသည်။ တပ်ခွဲမှူးက ကျွန်တော့်အတွက်ရေးထားသော မှတ်ချက်များမှာ အလွန်အားရဖွယ် ကောင်းပါ သည်။

၂၈–၁–၅၃ (ဗုဒ္ဓဟူး)

ယနေ့မနက် တက်ရသော သင်တန်းမှာ အရပ်ဘက်မှ အကူအညီ တောင်း၍ စစ်ဘက်မှ မည်ကဲ့သို့ကူညီရမည်[၁] ဆိုသည့်ဘာသာရပ် ဖြစ်၏။ အရေးကြီးသည့် အချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

(၁) အနည်းဆုံး လိုအပ်သည့်အင်အားသာသုံးရန်၊ ရိုင်ဖယ်များကိုသာ သုံးရန်။ (စစ်သေနတ်နှင့် လက်နက်များမသုံးရ)။

(၂) သေနတ်ပစ်ရန်လို၍ပစ်ရလျှင် လူကို မှန်အောင်ပစ်ရမည်။ ခေါင်းပေါ် ကျော် သေနတ်ဖောက်သည်မျိုး မလုပ်ရ။ (သေနတ်ကျော်ဖောက်၍ မမှန်မှန်းသိလျှင် လူထုကအားတက်ပြီး ပိုဆူလာမည်။)

(၃) ပုလိပ်နှင့်တွဲပြီး တာဝန်ယူရလျှင် ပုလိပ်အား ပစ္စည်းလုံခြုံမှု တာဝန် ပေးရမည်။

(၄) အင်အားကို အောက်ပါအခါများမှာသာသုံးရမည်။

(က) မိမိအသက်အန္တရာယ်ရှိလာလျှင်

(ခ) ပစ္စည်းလုံခြုံမှုကို ထိပါးလာလျှင်

(၅) သေနတ်နှင့် မပစ်ခင် လက်နက် အသုံးပြုမည်ဖြစ်ကြောင်း ရှင်းလင်း ပြတ်သားစွာ ပြောကြားရမည်။

သောင်းလေးထပ် စာထည့်ပြီး ဆံပင်ညှပ်ပါသည်။ ထို့နောက် အော်ဒါ

၁။ Aid to Civil Power

www.burmeseclassic.com

www.burmeseclassic.com



ရှောသွား၍ စစ်နှင့်ပတ်သက်သည့် စာအုပ်များ ဝယ်ပါသည်။ အော်ဒါရှော့တွင် စစ်စာအုပ်များ အလွန်စုံလင်သည့် စာအုပ်ဆိုင်ကြီးတစ်ဆိုင် ရှိပါသည်။ ဂေးအင်ပိုဒင်[၁] ဟုခေါ်ပြီး အလွန်ကိုကြီးကျယ်သည့် စာအုပ်ဆိုင်ကြီး ဖြစ်ပါသည်။

၂၉-၁-၅၃

ကျောင်းဆင်းပွဲ လေ့ကျင့်ကြရပါသည်။ အကောင်းဆုံးဖိနပ်နှင့် ခါးပတ်ဖြူများ အသုံးပြုရပါသည်။ နေ့လယ်တွင် အချိန်မဟုတ်[၂] စစ်ရေးပြ လေ့ကျင့်ရပါသည်။ စနေနေ့ (၃၁-၁-၅၃)တွင် လုပ်မည့် အလံတော်စစ်ရေးပြ အတွက် လေ့ကျင့်ကြရခြင်း ဖြစ်၏။ စစ်ရေးပြတွင် ကျွန်တော်တို့တပ်ခွဲက အိပ်စ်တပ်ခွဲကို အလံတော် လွှဲပြောင်းပေးကြရမည် ဖြစ်ပါသည်။ ထိုစစ်ရေးပြ မတိုင်မီ ကျွန်တော်တို့က ဘုရင့်တပ်ခွဲပင်ဖြစ်နေပါသေးသည်။ ထို့ကြောင့် ကျွန်တော်တို့ ဂါဇာတပ်ခွဲမှာ ဆင်းဟတ်စ်စစ်တက္ကသိုလ်တက်ရသည့် တစ်နှစ်ခွဲ အတွင်းတွင် နောက်ဆုံး ၅ ရက်မှလွဲ၍ ဘုရင့်တပ်ခွဲ ဖြစ်ခဲ့ပါသည်။

ခေတ်သစ်ဘာသာရပ် ဆရာတစ်ယောက်ဖြစ်သော မစ္စတာ စတိုင်လာဘရက်[၃]က ကျွန်တော်နှင့် ကိုကြည်အေးကို သူ့အိမ်သို့ လက်ဖက်ရည်သောက် ဖိတ်ကြားပါသည်။ ကျောင်းသားယဉ်ဘဝကတည်းက သူက ကျွန်တော်တို့နှစ်ယောက်အား ဖိတ်နေခြင်းဖြစ်၏။ မအားမလပ်နှင့်ကြုံကို မကြုံကြိုက်သဖြင့် မသွားခဲ့ရပါ။ ယခုလာမည့် (၄-၂-၅၃)နေ့တွင် သူ့အိမ်သို့ လာပါမည်ဟု ကတိပြုလိုက်ရပါသည်။ ကျောင်းဆင်းပွဲမတိုင်မီတစ်ရက် ဖြစ်၏။

တပ်စုမှူးတစ်ယောက်ဖြစ်သော ကပ္ပတိန်အော်ဂန်က ဂေါ်ရခါးရိုင်ဖယ် အကြောင်း လက်ချာပေးပါသည်။ သူကိုယ်တိုင် ဂေါ်ရခါးရိုင်ဖယ်တပ်မှ ဖြစ်၏။ အော်ဂန်မှာ သရုပ်ပြများတွင် ဇာတ်လိုက်ဖြစ်၏။ အသံကြီးကအောပြီး အလွန် ဩဇာရှိသည့်အသံဖြစ်၏။ သူ့ဟန်အမူအရာမှာ အလွန်ခြေလျင်စစ်ဗိုလ် ပီသသူ ဖြစ်ပါ၏။ လက်ချာကလည်း အလွန်စိတ်ဝင်စားဖို့ ကောင်းပါသည်။

၃၀-၁-၅၃

အလွန်အေးသည့်ရာသီဥတုတွင် အလံတော်စစ်ရေးပြကို ဝတ်စုံ

---

၁။ Gale & Polden

၂။ Out of Hours

၃။ Mr. Stallabrass



အပြည့်အစုံနှင့် လေ့ကျင့်ကြရပါသည်။ စစ်တက္ကသိုလ် အရာခံဗိုလ်က သင့်လူများ[၁] ဆိုသည့် တပ်အုပ်ချုပ်ရေးနှင့်ပတ်သက်သည့် လက်ချာပေးပါသည်။ ဟာသတော်တော်များများပါပြီး ပွဲကျနေကြပါ၏။ အရာခံဗိုလ်များမှာ စစ်အေးချိန်တွင် စစ်ရေးပြမောင်းရလွန်း၍ တချို့မှာ စစ်ဖြစ်သည့်အခါ ရှေ့က ကျည်ဆန်နှင့်မသေဘဲ နောက်ကပစ်သည့်ကျည်ဆန်နှင့် သေရကြောင်းလည်း ပြောသေး၏။ သို့သော် တကယ့်အုပ်ချုပ်ပုံကောင်းလျှင် တကယ့်စေတနာထားလျှင် ဒါတွေ မဖြစ်နိုင်ကြောင်းပြောသွားပါသည်။ တဝါးဝါးရယ်ရသည့် လက်ချာဖြစ်ပါသည်။

ယနေ့ စစ်သံမှူးရုံးက ကျွန်တော်တို့ ကြည်းနံပါတ် (ဘီစီနံပါတ်)များ ပို့လိုက်ပါသည်။ အေးကျော်က ကြည်း(၆၅၃၁)၊ ကျွန်တော်က ကြည်း(၆၅၃၂)၊ ကိုကြည်အေးက ကြည်း(၆၅၃၃)နှင့် ခင်မောင်တင့်က ကြည်း(၆၅၃၄) ဖြစ်ပါသည်။ ကျောင်းအုပ်ကြီးက တိုက်ပွဲတစ်ပွဲအကြောင်း[၂] လက်ချာပေးပါသည်။ အလွန် ပျင်းစရာကောင်းပြီး ကျောင်းသားတစ်ဝက်နီးနီးမှာ အိပ်နေကြသည်ကို တွေ့ရပါသည်။

၃၁-၁-၅၃

ယနေ့ အလံတော်စစ်ရေးပြနေ့ ဖြစ်၏။ ကျွန်တော်တို့ တပ်ခွဲက ဆင္ဂမမြောက် ဂျော့ဘုရင်ပေးထားသည့် အလံတော်ကို အိပ်စ်တပ်ခွဲအား ပေးရသည့် စစ်ရေးပြဖြစ်ပါသည်။ ထိုစစ်ရေးပြ လုပ်ရပုံကိုတင်ပြပါမည်။

ကျွန်တော်တို့ ဘုရင့်တပ်ခွဲက တန်းချဲ့ထားပြီး လုံ့စွပ်တပ်ထားသည့် သေနတ်များနှင့် အရာရှိရိပ်သာရှေ့တွင် တန်းစီနေရပါသည်။ အလံတော်နှင့် ဝဲ-ယာ အစောင့်နှစ်ယောက်က အရာရှိရိပ်သာအထဲမှ စောင့်နေကြရ၏။ အက်စ်ယူအိုက 'အလံတော်ချီတက်' (March on the Banner) အမိန့်ပေးလိုက်သည့်အခါ အလံတော်နှင့် အစောင့်နှစ်ယောက်က ရိပ်သာထဲမှ ကျွန်တော်တို့တပ်ခွဲ၊ သူ့အတွက်ထားသည့် အလယ်နေရာတွင် လာနေရာယူကြ၏။ တပ်ခွဲက သေနတ်မြှောက်အလေးပြုပါသည်။ အလံတော်ကသာ တပ်ခွဲ အလယ်တွင်နေရာယူပြီး အစောင့်နှစ်ယောက်က တပ်ခွဲနောက်တွင် တန်းစီရပါသည်။ အလံတော် ကိုင်သောသူက 'အလံတော်အစောင့် သေနတ်မြှောက်

---

၁။ Your Men

၂။ Battle of Long Halt

www.burmeseclassic.com

www.burmeseclassic.com



အလေးပြု' (Escort to the Banner Present Arms) အမိန့်ပေးပါသည်။ ထိုအခါ တပ်ခွဲတစ်ခွဲလုံး သေနတ်မြှောက်အလေးပြုသည့် အနေအထား[...] ရှိကြပါသည်။ အက်စ်ယူအိုက 'သေနတ်ထမ်း'အမိန့်ပေးပါသည်။

အိပ်စ်နှင့် အခြားတပ်ခွဲ (၁၀)ခွဲ (ပေါင်း ၁၁ ခွဲ) ကောလိပ်ဟောင်း[...] စစ်ရေးပြကွင်းသို့ ချီတက်သွားကြပါသည်။

ဘုရင့်တပ်ခွဲက ကောလိပ်ဟောင်း အဆောက်အအုံ နံဘေးနား[...] ရပ်ပြီးစောင့်နေရပါသည်။ တပ်ခွဲ ၁၁ ခွဲကို စစ်တက္ကသိုလ်တပ်ရင်း အ[...] ဗိုလ်အမိန့်နှင့် ညာကညီကြပါသည်။ (ညာဘက်လှည့်၍ အတန်းညီခြင်း) တန်းညီပြီးသည့်အခါ တပ်ရေးက မြင်းဖြူကြီးစီးပြီး စစ်ရေးပြကွင်း တပ်ခွဲ[...] ရှေ့သို့ရောက်လာပါပြီ။ 'ဘုရင့်တပ်ခွဲချီတက်' (March on the Sov[...] Coy) အမိန့်ပေးပါ၏။ ကျွန်တော်တို့တပ်ခွဲက အမြန်လျှောက်နှင့် ချီတက်[...] သည်။ တီးဝိုင်းက ဘုရင့်တီးလုံး (Sov' tune နိုင်ငံတော်သီချင်းမဟုတ်[...] တီးပေးပါသည်။ ကျွန်တော်တို့တပ်ခွဲ ချီတက်လာစဉ် ကျန်တပ်ခွဲ ၁၁ ခွဲ[...] သေနတ်မြှောက်အလေးပြုနေပြီး ကျွန်တော်တို့အတွက် သတ်မှတ်ပေးသည့်နေ[...] ရောက်သောအခါ အက်စ်ယူအိုအမိန့်နှင့် တပ်ခွဲရပ်ပြီး သေနတ်မြှောက် အလေး[...] ပြုပါသည်။ ထိုအချိန်တွင် စစ်တက္ကသိုလ်တစ်ခုလုံး သေနတ်မြှောက် အလေး[...] အနေအထားတွင် ရောက်နေပါပြီ။ တပ်ရေး'စစ်တက္ကသိုလ် သေနတ်ထမ်း' (Sandhurst-Slope arms)။ တပ်ရေး 'အလံတော်အဖွဲ့ ချီတက်' (March on the Colours)။

အလံတော်အဖွဲ့ကိုခွဲပြီး ရေးသည်ကို သတိချပ်ရပါမည်။ Bann[...] နှင့် Colours ကွဲအောင်ရေးခြင်း ဖြစ်၏။ Colours ဆိုသည်မှာ အလံတော်[...] နှစ်ခုပါသော အလံတော်အဖွဲ့ဖြစ်၏။ ညာဘက်က ဘုရင့်အလံတော်။ ယင်း[...] ဘယ်တော့မှ အပြောင်းအလဲလုပ်ရန်မလိုပါ။ ဘယ်ဘက်မှာ စစ်တက္ကသိုလ်[...] ကျောင်း အလံဖြစ်၏။ ယင်းကိုလည်း အပြောင်းအလဲလုပ်ရန်မလိုပါ။ သူ[...] အဖွဲ့တွင် လူ ၅ ယောက်ပါပြီး အောက်ပါအနေအထားအတိုင်း ကောလိပ်[...] ဟောင်း အဆောက်အအုံနံဘေးတွင် တန်းစီနေရပါသည်။

* * *

အလယ်လူက အမိန့်ပေးရပါသည်။ တပ်ရေးက 'အလံတော်အဖွဲ့[...] ချီတက်'အမိန့်ပေးသည့်အခါ အလယ်လူအမိန့်နှင့် အလံတော်အဖွဲ့က ချီတက်[...]


[...]လာပြီး တပ်ခွဲ ၁၀ ခွဲ အလယ်နေရာတွင်နေရာယူပါသည်။ ယခုကဲ့သို့ [...]တို့ချီတက်နေစဉ်တွင် စစ်တက္ကသိုလ်တစ်ခုလုံးက သေနတ်မြှောက် အလေးပြု ပါသည်။ အလံတော်အဖွဲ့က သူ့နေရာသို့ရောက်သည့်အခါ အလယ်လူအမိန့်နှင့် သေနတ်မြှောက် အလေးပြုပါသည်။ ထိုအချိန်တွင် စစ်တက္ကသိုလ်တစ်ခုလုံးမှာ သေနတ်မြှောက် အလေးပြုသည့် အနေအထားတွင်ရှိနေပါသည်။ တပ်ရေး [...]အမိန့်နှင့် သေနတ်ထမ်းကြရ၏။ ထို့နောက် သေနတ်အောက်ချပြီး ကျောင်းအုပ် [...]ကြီးကို စောင့်နေကြရပါသည်။

ကျောင်းအုပ်ကြီးကလည်း မြင်းနှင့်ပင် ရောက်လာပါသည်။ သူ့နောက် [...]တွင် အော်ဒလီ (ဗိုလ်လောင်း)နှစ်ယောက်က ငွေကွပ်ကြိမ်တုတ်ကလေး [...]တစ်ချောင်းစီ ကိုင်ထားကြပါသည်။ ပခုံးတွင် အဖြူစလွယ်နှင့်ဖြစ်၏။

[...]တပ်ရေးအမိန့်နှင့် သေနတ်မြှောက် အလေးပြုပြီး ကျောင်းအုပ်ကြီးက [...]တပ်ခွဲတစ်ခွဲစီ ရှေ့တန်းတွေကို စစ်ဆေးပါသည်။ အိပ်စ်တပ်ခွဲ (ဘုရင့်တပ်ခွဲ [...]ဖြစ်မည့်သူများ)ကို စတင်စစ်ဆေးပါသည်။ စစ်ဆေးသည်ဆိုသော်လည်း [...]တပ်ခွဲများရှေ့တွင် မြင်းနှင့် လျှောက်စီးကြခြင်းသာ ဖြစ်၏။ ရှေ့က ကျောင်း [...]အုပ်ကြီး နောက်ကတပ်ရေးဖြစ်၏။ အော်ဒလီနှစ်ယောက်က ကျောင်းအုပ်ကြီး [...]မြင်းရှေ့က အနှေးလျှောက်နှင့်လျှောက်ပြီး စစ်တီးဝိုင်းကား တစ်ချိန်လုံး အနှေး [...]လျှောက်တီးလုံး တီးပေးရပါသည်။ စစ်ဆေးပြီးသည့်အခါ ကျောင်းအုပ်ကြီးက [...]ဘုရင့်လမ်းရှေ့မှ သွားပြီးနေရာယူပါသည်။ စစ်ဆေးနေစဉ်တွင် ကျောင်းအုပ်ကြီး [...]စစ်ပြီးသည့်တပ်ခွဲက အက်စ်ယူအိုအမိန့်နှင့် သေနတ်အောက်ချ၊ သက်သာနေကြ ရပါသည်။ အလံတော်နှစ်ဖွဲ့စလုံးက တစ်ချိန်လုံး သတိအနေအထားနှင့် နေကြရ ပါသည်။ ဘုရင့်တပ်ခွဲက သူတို့နေရာမှ စစ်ရေးပြကွင်း အလယ်ကို အနှေး လျှောက်နှင့် လာပြီးရပ်သည်။ အိပ်စ်တပ်ခွဲက အမြန်လျှောက်နှင့် ကွင်းအလယ် ရောက်အောင်လာရပါသည်။ ကျန်သူများက တပ်ရေးအမိန့်နှင့် သေနတ်ထမ်း ရ၏။ အိပ်စ်တပ်ခွဲက အလံတော်ယူမည့် အလံတော်ကိုင်ဆောင်မည့်သူနှင့် အစောင့်နှစ်ယောက်သည် အာအက်စ်အမ်အမိန့်နှင့် ရှေ့တက်ရ၏။ ကျွန်တော်တို့ အလံအဖွဲ့ကရှေ့တက်ရ၏။ ကျွန်တော်တို့ အလံဖွဲ့က ရှေ့တက်ပြီး နောက်ပြန် လှည့်လိုက်သည့်အခါ ကျွန်တော်တို့ ဘုရင့်တပ်ခွဲက နောက်ဆုံးအလေးပြုသည့် အနေနှင့် အလံတော်ကို အလေးပြုပါသည်။ ထို့နောက် ဘုရင့်တပ်ခွဲ[...]အဖွဲ့ က နောက်ပြန် လှည့်သည့်အခါ အာအက်စ်အမ်က အလံတော်[...]အလေးပြု အလံတော်ကိုယူပြီး အိပ်စ်တပ်ခွဲ အလံကိုင်လက်ထဲ အလံ[...] ထည့်လိုက်ပါ

www.burmeseclassic.com

www.burmeseclassic.com



ကောလိပ်သစ်မှ ကင်ဘာလေသွားသည့်လမ်းတွင်
ရှေ့တန်းဝဲ–ယာ ကိုလေးမောင်၊ ကိုသန်းဝင်း၊ ကိုမြတ်စိုးညိမ်း၊ ကိုခင်မောင်တင့်
နောက်တန်း ဝဲ–ယာ စာရေးသူ၊ ကိုတင်မောင် (ဘီအီး)၊ ခြိကြီး၊ ကိုကြည်အေး
ဗိုလ်စိုးမြင့်အောင်၊ ကိုအေးကျော်

သည်။ စစ်တက္ကသိုလ်တစ်ခုလုံးက တပ်ရေးအမိန့်နှင့် အလံတော်ကို သေနတ်မြှောက်အလေးပြုရပါသည်။ ဂါဇာတပ်ခွဲ (ကျွန်တော်တို့တပ်ခွဲ)က သူ့နေရာသူ အမြန်လျှောက်နှင့် ပြန်ကြပါသည်။ တပ်ရေး 'တပ်များ' (Troops) (ဟု အချက်ပေးလိုက်သည့် သဘောပင်ဖြစ်၏။) ထိုအခါတွင် ယခုဘုရင့်တပ်ခွဲ (အိပ်စ်တပ်ခွဲ)က အနှေးလျှောက်နှင့် တပ်ခွဲတစ်ခွဲစီ ကြားထဲမှနေ လျှောက်သွားရပါသည်။ ကျန်တပ်ခွဲများအားလုံးက သေနတ်မြှောက် အလေးပြုထားကြရပါသည်။

(ယင်းသို့ ဘုရင့်တပ်ခွဲက တပ်ခွဲများကြားထဲမှာ ဖြတ်မလျှောက်မီ တပ်ခွဲအားလုံးက တန်းချဲထားကြရပါသည်။) ဘုရင့်တပ်ခွဲက အခြားတပ်ခွဲ ၁၁ ခွဲကြားမှာဖြတ်လျှောက်ပြီး သူ့နေရာသူပြန်ပါသည်။ ဘုရင့်တပ်ခွဲပါ သေနတ်မြှောက်အလေးပြုပါသည်။

တပ်ရေး 'စစ်တက္ကသိုလ် သေနတ်ထမ်း'



ထို့နောက် စစ်တက္ကသိုလ်တစ်ခုလုံး အမြန်လျှောက်နှင့် ကျောင်းအုပ်ကြီးအား ချီတက်အလေးပြုကြပါသည်။ (ခါတိုင်းလို အနှေးလျှောက်နှင့် ချီတက်အလေးမပြုတော့ပါ။) ထို့နောက် ကိုယ့်နေရာကိုယ်ပြန်ရောက်သည့်အခါ ထပ်ပြီး ခပ်မြန်မြန်ပင်ညာညှိပြီး သေနတ်ထမ်းပြီး တပ်ရေးက စစ်ရေးပြကွင်းမှ ချီတက်ထွက်ခွာသည့်အမိန့်ပေးတော်း၍ ဘုရင့်တပ်ခွဲက စတင်ထွက်ခွာရပါသည်။ ကျန်တပ်ခွဲအားလုံးက သေနတ်မြှောက် အလေးပြုကြရပါသည်။ ထို့နောက်မှ တပ်ရေးအမိန့်နှင့် သေနတ်ထမ်း၊ သေနတ်အောက်ချပြီး တပ်ခွဲတစ်ခွဲစီ အက်စ်ယူအိုများအမိန့်နှင့် စစ်ရေးပြကွင်းမှ ပြန်ထွက်ခွာကြရပါသည်။

ကျွန်တော်တို့ တပ်ခွဲများ ချီတက် အလေးမပြုမီလေးတွင်ပင် လေရောမိုးပါ ကျလာပြီးနှင်းများပါကျလာပါသည်။ တပ်ခွဲများ မပြန်ကြခင်တွင် ဆုပေးပွဲလုပ်ပါသည်။ ဘုရင်မရွှေတံဆိပ်ကို မန်းတပ်ခွဲမှ အက်စ်ယူအိုဝေါ့တား[၁] ကရပြီး ဂုဏ်ပြုဓားဆုကို နော်မန်ဒီတပ်ခွဲမှ အက်စ်ယူအို ဂေါ်ဒွန်လင်နော[၂]က ရပါသည်။ သေနတ်ပစ်ပြိုင်ပွဲတွင် အမှတ်အများဆုံး ၆ ယောက်ကို ငွေဇွန်း[၃] တွေဆုပေးပါသည်။ ထိုအထဲတွင် သီဟိုဠ်မှ ဗိုလ်လောင်းချပ်မင်း[၄] ပါပါသည်။

အပြန်တွင် ကျောင်းဆင်းပွဲအတွက် တိုက်ရချွတ်ရလုပ်ပြီး သတင်းစာများဖြတ်ပါသည်။

၁–၂–၅၃

ယနေ့မှစပြီးကျောင်းဆင်း၍ ထွက်ခွာကြရန် အဝတ်အစားများ စပြီးသိမ်းကြရပါပြီ။

၂–၂–၅၃

စစ်တက္ကသိုလ် ရုပ်ရှင်ရုံတွင်ပင် လေ့ကျင့်ရေးရုပ်ရှင်[၅] ကြည့်ကြရပါ၏။ ဂျာမန် ရေငုပ်သင်္ဘော ယူဘုတ်များကို မည်သို့ တိုက်ခိုက်နှိမ်နင်းခဲ့ရသည်ကို ရိုက်ထားသည့်ရုပ်ရှင် ဖြစ်ပါသည်။ ထို့နောက် အခန်းပြန်ပြေးပြီး

---

၁။ Walters

၂။ Gordon Lennox

၃။ Silver Spoons

၄။ Chapman

၅။ Western Approaches

www.burmeseclassic.com

www.burmeseclassic.com



စစ်တက္ကသိုလ်ကျောင်းဆင်းပွဲ စစ်ရေးပြ လေ့ကျင့်ပွဲအတွက် အဝတ်မြန်မြန်လဲ ရ၏။ လေ့ကျင့်ခြင်းဖြစ်သော်လည်း ဝတ်စုံအပြည့်နှင့်ဖြစ်၍ ကျောင်းအုပ်ကြီး ကိုယ်တိုင် အလေးပြုခံမည်ဖြစ်ပါသည်။ ထိုစစ်ရေးပြကို အသေးစိတ် ရေးပြ ပါမည်။ ထိုစစ်ရေးပြကို အသေးစိတ် ရေးပြရသည်မှာ အောက်ပါအကြောင်း များကြောင့် ဖြစ်ပါသည်။

(၁) ဝတ်စုံအပြည့်နှင့်ဖြစ်၍ တကယ့် ကျောင်းဆင်းပွဲနေ့တွင် လုပ်သကဲ့သို့ လုပ်ရမည် ဖြစ်ပါသည်။

(၂) အစမ်းပြပွဲတွင် ပို၍ကြည့်ရှုမှတ်သားနိုင်၏။ တကယ့်နေ့တွင် ဂရုစိုက်နေရ၍ သည်လောက် မှတ်သားချင်မှ မှတ်သားနိုင်မည်။

(၃) ယနေ့ကျန်ခဲ့သည်ကို တကယ့်နေ့တွင် ဖြည့်စွက်မှတ်သားနိုင်မည်ဖြစ် ပါသည်။

ကျောင်းသားကြီးများက (ဘယ်ဘက်မှစပြီးပြောရလျှင်) အောင်ပွဲ ကောလိပ်၊ ကောလိပ်ဟောင်း၊ ကောလိပ်သစ် အစီအစဉ်အတိုင်း ၃ယောက်တန်း တန်းစီနေကြရပါသည်။ တစ်ဖွဲ့စီမဟုတ်ပါ။ အားလုံးပေါင်းပြီး ၃ ယောက် တန်းစီထားခြင်းဖြစ်၏။ တပ်ခွဲ ၁၂ ခွဲက ကျောင်းသားလတ်၊ ငယ်တွေသာ ၆ ယောက်တန်း ကျွန်တော်တို့ရှေ့တွင် တန်းစီထားပါသည်။ တပ်ရေး–

"စစ်တက္ကသိုလ် လှံစွပ်–တပ်"

(Sandhurst Fix Bayonets)

တပ်ရေး–

"အလံတော်အဖွဲ့ ချီတက်"

(March on Colours)

"စစ်တက္ကသိုလ် သေနတ်မြှောက်အလေးပြု"

(Sandhurst Present Arms)

အလံတော်အဖွဲ့က ကျောင်းသားကြီး တပ်ခွဲအလယ်မှာလာပြီး နေရာ ယူပါသည်။ ထို့နောက် အလံတော်အဖွဲ့အလယ်မှ အမိန့်ပေးသူက အလံတော် အဖွဲ့ပါ သေနတ်မြှောက် အလေးပြုစေပါသည်။

တပ်ရေး–

"သေနတ်ထမ်း"

"ကျောင်းသားကြီးတပ်ခွဲ သေနတ်အောက်ချ၊ သက်သာ"

"ကျန်တပ်ခွဲများ ညာလှည့်"



"ကောလိပ်သစ်ခေါင်းဆောင် အလေးပြုရန်–စလုပ်"

'Remainder will move to the Right in Sixes Right n'

'Remainder will march past in Half Colleges Right lf New College Leading'

ထို့နောက် တပ်ခွဲ အက်စ်ယူအိုများအမိန့်နှင့် အမြန်လျှောက်နှင့် တက်အလေးပြုကြပါသည်။ ထို့နောက် ကျောင်းသားကြီးတပ်ခွဲက ရှေ့ဆုံးမှ၊ န်တပ်ခွဲ ၁၂ ခွဲက သူတို့နောက်မှာ တန်းစီကြရပါသည်။ စစ်တီးဝိုင်းက ာလိပ်ဟောင်း လှေကားထစ်များပေါ်တွင် တန်းစီနေရာယူရ၏။

တပ်ရေး–

"စစ်တက္ကသိုလ် သေနတ်အောက်ချ"

(Sandhurst Order Arms)

"ကျောင်းသားကြီးတပ်ခွဲ တန်းချဲ့အတွင်းလှည့် ညှိ"

Senior Division Open Order March Inward Dress.

ထိုအခါတွင် အာအက်စ်အမ် ခေါင်းဆောင်ပြီး ကျောင်းသားကြီးတပ်ခွဲ ညီအောင်ညှိပါသည်။ ကျန်တပ်ခွဲများကို တပ်ခွဲအရာခံဗိုလ်များ ဦးစီးပြီး ညှိကြပါသည်။ အားလုံးပြီးမှ အာအက်စ်အမ်က ရှေ့ကြည့်အမိန့်ပေးပြီး ာများအားလုံး ကိုယ်ဆိုင်ရာ တပ်ခွဲများနောက်တွင် တန်းစီကြပါသည်။

တပ်ရေး–

"စစ်တက္ကသိုလ် သက်သာ"

ကျောင်းအုပ်ကြီးကို စောင့်ကြရပါသည်။ အော်ဒလီနှစ်ယောက်က ရင့်လမ်း တစ်ဖက်ထိပ်မှ ကျောင်းအုပ်ကြီးကို ကြိုပြီး စောင့်နေကြပါသည်။ ရင့်လမ်း သည်ဘက်ထိပ်တွင် အလေးပြုခံစင်မြင့်ဖြစ်၏။ ကော်ဇောများ ပြီး ပြင်ဆင်ထားပါသည်။

ကျောင်းအုပ်ကြီးအား မြင်ရသည်နှင့်–

တပ်ရေး–

"စစ်တက္ကသိုလ် သတိ– သေနတ်ထမ်း"

(Sandhurst Shun Slope Arms)

အော်ဒလီနှစ်ယောက်နှင့် ကျောင်းအုပ်ကြီး အလေးပြုစင်သို့ ရောက် သည့်အခါ (အော်ဒလီနှစ်ယောက်က စင်မြင့်အောက်တွင် တစ်ဖက်တစ်ချက်

www.burmeseclassic.com

www.burmeseclassic.com



သတိနှင့်နေကြပါသည်။)

တပ်ရေး–

"စစ်တက္ကသိုလ် သေနတ်မြှောက် အလေးပြု"

(Sandhurst General Salute Present Arms)

တပ်ရေးက စစ်တက္ကသိုလ်စစ်ရေးပြ တက်ရောက်သည့် အင်အား‌အားလုံးကို သတင်းပို့ပါသည်။ ထို့နောက်–

တပ်ရေး–

"ကျောင်းသားကြီး တပ်ခွဲ နေမြဲ၊ ကျန်တပ်ခွဲများ သေနတ်အောက်ချ သက်သာ"

(Stand Past Senior Division Remainder Order Arms Stand at ease)

ထို့နောက် ကျောင်းအုပ်ကြီးက ကျောင်းသားကြီးတပ်ခွဲမှစပြီး တပ်ခွဲအားလုံး ရှေ့တန်းများကိုစစ်ဆေးပါသည်။ အော်ဒလီနှစ်ယောက်က ၃–၄ လှမ်းအကွာမှ အနှေးလျှောက်နှင့် လျှောက်ကြရပါသည်။ ကျောင်းသား တပ်ခွဲ စစ်ပြီးခါနီးတွင် ကျန်ညာဘက်ဆုံးတပ်ခွဲမှာစပြီး သတိဆွဲ၊ သေနတ်ထမ်း ထားပြီး အစစ်ခံကြရပါသည်။

တပ်ရေး–

"စစ်တက္ကသိုလ် သတိ၊ ကျောင်းသားကြီးတပ်ခွဲ တန်းစု၊ စစ်တက္ကသိုလ် ညာလှည့်၊ တပ်ခွဲအလိုက် အနှေးလျှောက်၊ အမြန်လျှောက်နှင့် ချီတက်အလေးပြုရန် စ–လုပ်"

(Parade Shun
Senior Division Close Order March.
Sandhurst will move to the right. Right Turn March past in slow and quick time.)

တပ်ခွဲ အက်စ်ယူအိုများအမိန့်နှင့် အနှေးလျှောက် အမြန်လျှောက်နှင့် ချီတက် အလေးပြုကြပါသည်။ အနှေးလျှောက်စဉ်တွင် အလေးပြုစင် မရောက်မီ တန်းချဲ့ပြီး အလေးပြုစင်ကျော်ပြီး စစ်ရေးပြကွင်းအစွန်၌ တန်းစုကြပါသည်။ ချီတက်ရင်း လုပ်ကြရခြင်းဖြစ်၏။ ကိုယ့်တပ်ခွဲနေရာ ကိုယ်ပြန်ရောက်ကြပြီး တန်းချဲ့အတွင်းဘက်လှည့်ပြီး ညှိကြရပါသည်။ (Inward Dress)

တပ်ရေး–

"စစ်တက္ကသိုလ် မိန့်ခွန်းနားထောင်ရန် ချီ–တက်"



(Sandhurst will march in Review Order Quick March)

ယင်းမှာ ရှေ့သို့ ၁၅ လှမ်းချီတက်ကြပြီး ရောက်သည့်အခါ သေနတ် အောက်ချပြီး သက်သာခွဲကြပါသည်။ ၁၅ လှမ်းဆိုသည်မှာ ၁၄ လှမ်း လှမ်း ပြီး ၁–၂ ဆိုရပ်ရ၏။ ယင်းကို တီးဝိုင်းက ၁၄ လှမ်း ၁–၂ နှင့်လိုက်သော တီးလုံးကို သပ်သပ်တီးပေးပါသည်။

ကျောင်းအုပ်ကြီးက ဆုရသူများကို ဆုပေးပါသည်။ ဗိုလ်လောင်းတွေ ဝင်မကပါ။ အရာခံဗိုလ်၊ အကြပ်များ၊ ဆရာတွေထဲကပါ ဆုရသူများ (ဥပမာ– ဓါးလုပ်သက်ရှည်ဆု)ကို ဆုပေးပါသည်။ ဆုရသူကို တပ်ရေးက–

"အက်စ်ယူအို ရှေ့သို့ ချီ–တက်"

(S.U.O March to the Front)

ဟု အမိန့်ပေးပြီး ဆုယူကြရပါသည်။

တပ်ရေး–

"စစ်တက္ကသိုလ် သတိ၊ သေနတ်ထမ်း၊ သေနတ်မြှောက် အလေးပြု"

(Sandhurst Shun Slope Arms.)
General Salute-Present Arms.)

တပ်ရေး–

"ကျောင်းသားကြီးတပ်ခွဲတန်းစု၊ အတွင်းဘက်လှည့်၊ ကျန်သူများ သေနတ်မြှောက်အလေးပြု၊ ကျောင်းသားကြီးတပ်ခွဲ အတွင်းဘက်ကွေ့၊ အလယ် သို့၊ အနှေးလျှောက်"

(Senior Division Close Order March Inward Turn.)
(Remainder Present Arms.
Senior Division Inward Wheel
By the Centre Slow March.)

တီးဝိုင်းက နှုတ်ဆက်အနှေးလျှောက်တီးပေးပြီး ကျွန်တော်တို့ ကျောင်းသားကြီးများက ကျောက်လှေကားထစ်ကြီးတွေပေါ် လျှောက်တက်သွား၍ နောက်မှတပ်ရေးက မြင်းဖြူကြီးနှင့် လိုက်တက်လာပါသည်။ ကျွန်တော်တို့ အနှေးလျှောက်စဉ်တွင် ကျန်တပ်ခွဲအားလုံးသည် လက်ထောက်တပ်ရေး (လက် ထောက်တပ်ရေးက လူခပ်ပုပုဖြစ်၏။ သူစီးသည့် မြင်းကလည်း ခပ်ပုပုဖြစ်၍ ကာတွန်းနှင့် တူနေပါသည်။ သူက ဗိုလ်ကြီးလဖာနူး Captain La Fanu ဖြစ်၏။) အမိန့်နှင့် သေနတ်မြှောက်အလေးပြုကြပါသည်။ ထို့နောက် ကျွန်

www.burmeseclassic.com

www.burmeseclassic.com



တော်တို့တွေက ခန်းမကြီးထဲတွင် တန်းဖြုတ်ကြပါသည်။ ကျန်တပ်ခွဲများက ဘုရင့်တပ်ခွဲမှစထွက်ပြီး ကျန်သူများ သေနတ်မြှောက်အလေးပြုပြီးမှ တပ်ခွဲ တစ်ခွဲစီ အက်စ်ပယ့်အိုများအမိန့်နှင့် စစ်ရေးပြကွင်းမှ ကိုယ့်ကောလိပ် ကိုယ်ပြန် ကြပါသည်။

ညနေ ဘဏ်မှ ၄ ပေါင်ထုတ်ယူပါသည်။ ကိုတင်ကြီးက သူ့အခန်း တွင် ရခိုင်ငါးပိကြော် (ကိုတင်ကြီးက ရခိုင်အမျိုးသားဖြစ်၍။) ရောက်နေ ကြောင်း ကြေညာထား၍ ညတွင် သူ့အခန်းသွားကြပြီး ငါးပိကြော်၊ ရေတစ် စပ်စပ်နှင့် ပေါင်မုန့်၊ ဝက်အူချောင်း၊ အာလူးကြော်နှင့် စားကြသောက်ကြပါ သည်။

ကျောင်းသားကြီးများကို ကောလိပ်ကျောင်းအုပ်ကြီး (Colonel Commandant) က ဘုရင့်တပ်ခွဲ (အိပ်စ်တပ်ခွဲ) ညှော်ခန်းတွင်စုပြီး မိန့်ခွန်း အကြံဉာဏ်ပေးစကား ပြောပါသည်။ အရေးအကြီးဆုံးမှာ ကျောင်းဆင်းစတွင် 'ပါးစပ်တွေ ပိတ်ထားကြပြီး ဝမ်းမှန်အောင် ကျန်းမာခြင်းဂရုစိုက်' (Keep your mouths shut and bowels open)နေကြရန်နှင့် တပ်တွေရောက်သည့် အခါ တချို့တွေ အဆင့်အတန်းမမီသည်ကိုတွေ့ရလျှင် စိတ်မပျက်ကြဖို့ ဖြစ်ပါ သည်။

၃-၂-၅၃

ငါးပိကြော် ကောင်းမှုကြောင့် ထမင်းစားခန်းမှ ရေချိုးအိမ်သာကို ပြေးရပါသည်။ တစ်နေ့လုံး ဗိုက်မကောင်းပါ။

၄-၂-၅၃

စစ်တက္ကသိုလ်ရုပ်ရှင်ရုံတွင် (True Glory) ရုပ်ရှင်ကား ကြည့်ကြရပါ သည်။ အင်္ဂလိပ် အမေရိကန် ရုပ်ရှင်ထုတ်လုပ်သူများ (Anglo American Distributors) က ရိုက်ကူးထားခြင်းဖြစ်ပြီး ရိုက်ကူးသူများကလည်း တိုက်ပွဲဝင် ရုပ်ရှင်ဆရာများ (Combat Cameramen) ဖြစ်ပါသည်။ ထိုရုပ်ရှင်ရိုက်ရင်း ရုပ်ရှင်ရိုက်သူ ကင်မရာမင်း ၂၈ ယောက် ကျဆုံးခဲ့ကြရပါ၏။ ဂျာမနီကို တိုက်ကြရာတွင် နော်မန်ဒီ ကမ်းခြေတက်တိုက်ကြစဉ်မှ ရှာဗိုး၊ ကိန်း၊ ပါရီ၊ ဘာလင်အထိ (Normandy Landings, Cherboung, Cairn, Paris Berlin) ရိုက်ကူးထားသော သမိုင်းဝင်ရုပ်ရှင်ကားဖြစ်လေသည်။ အလွန်ထို ကြည့်ကောင်းပြီး ဗဟုသုတဖြစ်စေသည့် ရုပ်ရှင်ဖြစ်ပါသည်။ ထိုရုပ်ရှင်မျိုးကို

တပ်မတော်က ရအောင်ငှားပြီး စစ်တက္ကသိုလ်နှင့် စစ်ကျောင်းကြီးများတွင် ပြသင့်ပါသည်။

နက်ဖြန် ကျောင်းဆင်းပွဲအတွက် အဝတ်များ၊ ဖိနပ်၊ ခါးပတ်များ ပြင်ပြီး ဆရာစတိုင်လေဘရက်စ်ဖိတ်ထားသည့် လက်ဖက်ရည်ပွဲကို သွားပါ သည်။ သူ့ကားနှင့် ကိုကြည်အေးနှင့် ကျွန်တော့်ကိုလာခေါ်ပြီး ကျွန်တော်တို့ကို သစ်တောကလေးတစ်ခုမှ လမ်းကြားထိပ်တွင်ချပေးပါ၏။ သူက ကားရုံသို့ ကားသွားထားသည့်အခါ သူ့သားငယ်လေးနှစ်ယောက်က ကျွန်တော်တို့ကို လမ်းကလေးမှ သူ့အိမ်သို့ခေါ်သွားပါသည်။ ကလေးနှစ်ယောက်က ၅ နှစ် သားနှင့် ၃ နှစ်သားလေးများဖြစ်ပါ၏။ တောကလေးကိုဖြတ်ပြီး တော်တော် လေး လမ်းလျှောက်ရသေးသဖြင့် ကလေးနှစ်ယောက်က ကျွန်တော်တို့ကို ဦးဆောင်ခေါ်သွားပါသည်။ ဆရာဖိတ်ကြားထားသော သူ့ဆွေမျိုးတစ်စု၊ ကျွန် တော်တို့ နှစ်ယောက်အပြင် ကျွန်တော်တို့နှင့် တစ်ပတ်တည်း စစ်တက္ကသိုလ် တက်သည့် နိုင်ဂျီးရီးယားမှ ဗိုလ်လောင်းနှစ်ယောက်ဖြစ်ပါသည်။ လက်ဖက် ရည်၊ ကိတ်မုန့်များ စားသောက်ကြပြီး စကားပြောကြ၊ အိမ်တွင်း ကစားစရာ များ ကစားကြနှင့် တော်တော်ပျော်ဖို့ ကောင်းပါသည်။ ဆရာ့မိသားစုကလည်း အလွန်ပင် ညှော်ဝတ်ကျေပွန်ပါသည်။ ကျွန်တော့်အတွက် ယခုကဲ့သို့ သားသမီး အရွယ်ကလေးများကို တွေ့ရလေ အိမ်ကသားသမီးလေးများကို ပိုလို့လွမ်းရလေ ဖြစ်ပါ၏။

ယနေ့ည ကျောင်းသားကြီးများ ညစာစားပွဲ ဖြစ်ပါသည်။ ကျောင်းအုပ် ကြီး တက်ရောက်ပြီး မိန့်ခွန်းအနည်းငယ် ပြောပါသေးသည်။ ဂုဏ်ပြုဓားဆုရ သော ဗိုလ်လောင်းက စကားပြန်ပြောပါသည်။ တကယ် စကားပြောကောင်းသူ ဖြစ်၏။ ဗြိတိသျှစစ်ဦးစီးချုပ် ဗိုလ်ချုပ်ကြီးဆာဂျွန်ဟာဒင် (Gen: Sir John Harding) လည်း ညစာစားပွဲ တက်ရောက်ပါသည်။ သူက နက်ဖြန်စစ်ရေးပြ တွင် အလေးပြုခံမည့်ပုဂ္ဂိုလ်ဖြစ်ပါသည်။ ကျွန်တော်တို့ ကျောင်းသားကြီးများနှင့် ဖိတ်ကြားထားသူများမှာ ကောလိပ်ဟောင်း အင်ကာမင်တပ်ခွဲ ညှော်ခန်းသို့ ညနေ ၇ နာရီ ၁၅ မိနစ်မှစပြီးစုဝေးကြပြီး ညစာစားပွဲမှာ ၁၀ နာရီ ၁၅ မိနစ် ကျမှပြီးပါသည်။ ကျွန်တော်တို့အားလုံးမှာ မနက်မှာ ကျောင်းဆင်းကြရတော့ မည်ဖြစ်၍ သိပ်ကိုပျော်နေကြပါသည်။

www.burmeseclassic.com

www.burmeseclassic.com



၅-၂-၅၃

ကျွန်တော်တို့ ကျောင်းဆင်းပွဲနေ့ဖြစ်၏။ ဗြိတိသျှတပ်မတော် စစ်ဦးစီးချုပ် ဗိုလ်ချုပ်ကြီး ဆာဂျွန်ဟာဒင်က အလေးပြုခံယူသူဖြစ်၏။ ယနေ့ ရာသီဥတုကလည်း တောက်လျှောက် မိုးမရွာ၊ နှင်းမကျ၊ အလွန်ကောင်းနေ၍ စစ်ရေးပြလုပ်၍ အလွန်ပင် ကောင်းပါသည်။ စစ်ရေးပြနှင့်ပတ်သက်ပြီး ရေးဖို့ နည်းနည်းကျန်သည်လေးများ ရေးရပါဦးမည်။ စစ်ရေးပြလုပ်ပုံကတော့ တစ်နေ့ကရေးခဲ့သည့် ဝတ်စုံအပြည့်နှင့် လေ့ကျင့်တုန်းကအတိုင်းသာ ဖြစ်ပါသည်။ အကယ်၍ ကျောင်းဆင်းပွဲ (ဘုရင့်စစ်ရေးပြ The Sovereign's Parade) တွင် ဘုရင်မသော်လည်းကောင်း၊ ဆွေတော်မျိုးတော်တစ်ဦးဦး (ဥပမာ မာဂရက်မင်းသမီး)လာမည်ဆိုလျှင် သေနတ်မြှောက်အလေးပြုသည့်အခါ အထွေထွေအလေးပြု (General Salute) ဟုဆိုမည့်အစား (Royal Salute) ဟု အမိန့်ပေး၍ စစ်တီးဝိုင်းက သူတို့နိုင်ငံတော်သီချင်းတီးရမည်ဖြစ်ပါသည်။

ထို့နောက် စစ်ရေးပြ ကြည့်ကြသူများအတွက် လုပ်ဆောင်ဖွယ်များကိုလည်း စစ်ရေးပြအစီအစဉ်ထဲတွင်ထည့်ပြီး ရေးပေးထားပါသည်။ သေနတ်မြှောက် အလေးပြုသည့်အခါများတွင် ပရိသတ်ထဲမှ မတ်တတ်ရပ်ပေးရ၏။ ပရိသတ်ထဲ၌ စစ်ဝတ်စုံဝတ်ထားသူများပါလျှင် ဦးထုပ်ဆောင်းပြီး အလေးပြုကြရပါသည်။ မည်သည့်အချိန်တွင် အလေးပြုကြရမည် ဆိုသည်ကိုပါ သေသေချာချာ ရေးထားပါသည်။ ထို့နောက် အလံတော် ပရိသတ်ရှေ့မှ ဖြတ်သွားသည့်အခါ ပရိသတ်က မတ်တတ်ရပ်ကြရပါသည်။ စစ်ဝတ်စုံနှင့် သူများက မတ်တတ်ရပ်ပြီး ဦးထုပ်ချွတ်ထားကြရ၏။

ကျောင်းဆင်းပွဲကို စစ်သံမှူး ဗိုလ်မှူးကြီးတင်မောင်နှင့် ဇနီး၊ စစ်သံရုံးမှ ကိုကျော်စိန်၊ ကိုဝင်းရှိန်တို့ပါ ဟက်ရောက်ကြပါသည်။ စစ်ရေးပြပြီးသောအခါ ကျွန်တော်တို့အတွက်သတ်မှတ်ပေးသည့် အခန်းအမှတ် (၁၇) (ကောလိပ်ဟောင်း)တွင် စစ်သံမှူးကြီးနှင့် ကျွန်တော်တို့ တွေ့ကြရပါသည်။ ဗိုလ်မှူးကြီး တင်မောင်နှင့် ကျွန်တော်တို့တွေ အားလုံးတွဲပြီးတော့ ဓာတ်ပုံများရိုက်ကြပါသေးသည်။

နေ့လယ်စာကို အက်ဂျီအက်တွင် စားကြပြီး ညစာကို ဝေးဆိုက်ကာဖေးမှာပင် စားကြပါသည်။ ထို့နောက် ကိုတင်ကြီးအခန်းတွင် စုကြပြီး ရခိုင်ငါးပိကြော်နှင့် ရေနွေးကြမ်းဝိုင်းကြပါ၏။

ကျွန်တော်တို့ တစ်နှစ်ခွဲ တက်ခဲ့ရသည့်သင်တန်းမှာ ယနေ့ ပြီးဆုံးပါ



ပြီ။ ကျွန်တော့်အတွက်ဆိုလျှင် မိသားစုနှင့် ခွဲလာရသည်မှာ နှစ်နှစ်လောက် ရှိပါပြီ။ အင်္ဂလန်မှာ ၁ နှစ်နှင့် ၇ လလောက်နှင့် အင်္ဂလန်မလာမီ ရန်ကုန်တွင်



ကောလိပ်ဟောင်း သံလုံးအမြောက်ဆံထည့်ပစ်ရသည့် အမြောက်ကြီးများရှေ့တွင်
ထိုင်လျက် ကိုခင်မောင်တင့်၊ ကိုအေးကျော်
ရပ်လျက် ကိုကြည်အေး၊ စာရေးသူ၊ ကိုအုန်းဖေ၊ ကိုကိုကြီး၊ ကိုမောင်မောင်၊
ကိုလေးမောင်

သင်တန်း ၄ လခန့်ကြာခဲ့ပြီ ဖြစ်ပါ၏။ လမ်းမှာတင် တစ်လကြာပါသည်။ သင်တန်းပြီးသော်လည်း မြန်မာပြည်ကိုမပြန်နိုင်သေးပါ။ ကျွန်တော်က အမြောက်တပ် သွားမှာဖြစ်၍ နောက်ထပ် ၄ လခန့် အမြောက်အရာရှိငယ်သင်တန်းဆက်ပြီး တက်ရပါဦးမည်။ မြန်မာပြည်ကို ၁၉၅၃ ခုနှစ်၊ အောက်တိုဘာလကျမှ ပြန်ရပါ၏။ ကျွန်တော်က အမြောက်သင်တန်းနှင့် ကိုခင်မောင်တင့်က အားမားသင်တန်း ဆက်တက်ကြရပါသည်။ ကိုကြည်အေးနှင့် ကိုအေးကျော်တို့က ခြေလျင်တပ်သွားမည်ဖြစ်၍ သင်တန်း ဆက်မတက်ရဘဲ မြန်မာပြည်သို့ တန်းပြန်ကြရမည်ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



၆-၂-၅၃

ကျွန်တော်တို့တွေ ဘီအာစီကို အရပ်ဝတ်များနှင့် တန်းစီကြရပါသည်။ ရိုင်ဖယ် အစစ်ခံရပါသေး၏။ နောက်ဆုံး အစစ်ဆေးခံခြင်း ဖြစ်ပါသည်။ ထို့နောက် ရိုင်ဖယ်ကို ကျောင်းသားငယ်တစ်ယောက်ကို လက်နက်တိုက်တွင် အပ်ရသည့်တာဝန် ပေးလိုက်ပါ၏။ ယနေ့ သောင်းလေး၏စာအမှတ် (၅၅)ရ ပါသည်။ ဆင်းဟတ်စ်တွင်နေစဉ် ဇနီးသည်ထံမှ နောက်ဆုံးရခဲ့သည့်စာပင် ဖြစ်ပါသည်။ ပစ္စည်းများသိမ်းဆည်းပြီး နေ့လယ် ၁၂:၀၅ နာရီတွင် ကိုကြည်အေးနှင့်အတူ စစ်တက္ကသိုလ်ကြီးကိုနှုတ်ဆက်ပြီး နှစ်ယောက်သား ထွက်ခဲ့ပါသည်။

လန်ဒန်ရောက်ပြီး ဂိတ်ကလပ်ဟိုတယ် (Gate Club Hotel) တွင် တည်းခိုကြပါသည်။ ကျွန်တော်တို့မှာ ဒုဗိုလ်များဖြစ်နေကြပါပြီ။ (Lloyds Bank) လွိုက်ဘဏ်ကိုသွားသော်လည်း ဘဏ်ပိတ်နေပြီဖြစ်၍ ကိုကြည်အေးနှင့် နှစ်ယောက်သား ဟောင်ကောင်တရုတ်စားသောက်ဆိုင်သို့ သွားကြပြီး တရုတ်အစားအစာကို ရေနွေးကြမ်းနှင့် ဇိမ်ခံစားသောက်လိုက်ကြပါသည်။

BURMESE CLASSIC .com

၇-၂-၅၃

ယနေ့ စစ်သံမှူးဗိုလ်မှူးကြီးတင်မောင်က ကျွန်တော်တို့ကို နေ့လယ်စာကျွေးပါသည်။ အလွန်ကို စားလို့ကောင်းကြပါသည်။ ထမင်းစားစဉ်တွင် ဗိုလ်မှူးကြီးက သူ ဂျပန်စစ်တက္ကသိုလ် တက်ရောက်စဉ်က အတွေ့အကြုံများ ပြောပြပါသည်။ စကားပြော အလွန်ကောင်းပြီး တဝါးဝါးပွဲကျနေပါသည်။ သူတို့ ဇနီးမောင်နှံနှစ်ယောက်စလုံးမှာ အလွန်ပင် ဧည့်ဝတ်ကျေပွန်ကြပါသည်။ ကျွန်တော်က အမြောက်တပ်သွားမည်ဖြစ်၍ အမြောက်အရာရှိငယ် သင်တန်းတက်ရန် မသေချာသေးကြောင်း၊ မြန်မာပြည်ကထားသည့်ဝါဒမှာ အမြောက်အရာရှိငယ် သင်တန်းလောက်ကို မြန်မာပြည်မှာပဲသင်ပေးပြီး မြန်မာပြည်မှာ မသင်နိုင်သော နောက်ဆက်တွဲ သင်တန်းများမှသာ နိုင်ငံခြားပြန်လွှတ်ကြောင်း စစ်သံမှူးကြီးက ပြောပြပါသည်။

ကျွန်တော့်အတွက် သင်တန်းဆက်မတက်ရဘဲ မြန်မာပြည် ပြန်လိုက်ရလျှင်လည်း ဝမ်းသာမည်ဖြစ်ပါ၏။ မိသားစုနှင့် မြန်မြန်ပြန်တွေ့ရမည် ဖြစ်၏။ (အမြောက်သင်တန်း -အင်္ဂလန် လက်ဟေးကျောင်းတွင် ဆက်တက်ရပါသည်။) စစ်သံမှူးကြီးအိမ်မှ ပြန်လာကြပြီး ဘားမားစင်တာကို သွားလည်ကြပါသည်။



အမြောက်အရာရှိငယ်သင်တန်း ဆက်တက်ရပြီး နောက်နှစ်ပတ်ခန့် ဗြိတိသျှ အမြောက်ကြီးတပ်ရင်းတစ်ခုတွင် တွဲဖက်နေရပါသေး၏။ သူတို့တပ်ရင်း၏ လေ့ကျင့်ခန်းကြီးတစ်ခု လုပ်နေစဉ်ဖြစ်၍ တကယ့်ကို ဗဟုသုတရခဲ့ပါသည်။ ထိုတပ်ရင်းတွင် တပ်ရေးမှူး ဆင်းဟတ်စ်ကျောင်းဆင်းတစ်ဦးပင် ဖြစ်ပါ၏။

❖❖❖

www.burmeseclassic.com

www.burmeseclassic.com

## ဒုတိယပိုင်း နောက်ဆက်တွဲ (က)
## ဆင်းဟတ်စ် စစ်တက္ကသိုလ်ဖွဲ့စည်းပုံ

ဆင်းဟတ်စ်စစ်တက္ကသိုလ်ဖွဲ့စည်းပုံကို ဖော်ပြပါမည်။ ယင်းသို့ ဖွဲ့စည်းပုံကို အတော်အတန် တိတိကျကျဖော်ပြနိုင်သည်မှာ စစ်တက္ကသိုလ်အနေနှင့် အုပ်ချုပ်ရေးရာများကို အသေးစိတ်တိတိကျကျ လုပ်ဆောင်ထားချက်များ ကြောင့်ပင်ဖြစ်ပါသည်။

စစ်တက္ကသိုလ် ကျောင်းအုပ်ကြီးမှအစပြု၍ ဗိုလ်လောင်းအားလုံးအထိ အမည်၊ ရာထူး၊ ဘွဲ့ထူး၊ ဂုဏ်ထူးအပြည့်အစုံပါသည့် စာအုပ်ငယ်များကို ကျောင်းသားသစ်များရောက်ရှိ၍ သင်တန်းပတ်တစ်ခု မစမီ စစ်တက္ကသိုလ် ပုံနှိပ်တိုက်မှ ရိုက်နှိပ်ထုတ်ဝေ၍ ကျောင်းသားသစ်အားလုံးအား တစ်အုပ်စီ ဖြန့်ဝေပါသည်။

စစ်တက္ကသိုလ် အုပ်ချုပ်ရေးတွင် ပါဝင်ဆောင်ရွက်သူများအနေနှင့် အရာခံဗိုလ်နှင့် ရုံးအုပ်အထိကို ယင်းစာအုပ်ငယ်တွင် အသေးစိတ်ဖော်ပြထား ပါသည်။ ဖော်ပြရာတွင်လည်း စစ်တက္ကသိုလ် ဌာနချုပ်၊ ကောလိပ်ဌာနချုပ်နှင့် တပ်ခွဲရုံးများမှစ၍ ဗိုလ်လောင်းများကိုပါ တပ်ခွဲအလိုက် ကျောင်းသားကြီး၊ ကျောင်းသားလတ်၊ ကျောင်းသားငယ်ခွဲခြား၍ အမည်များနှင့် ရိုက်နှိပ်ထားခြင်း ဖြစ်ပါသည်။

စာပေဌာနများ အနေနှင့်လည်း ဌာနအလိုက် ဌာနမှူး၊ ကထိကများကို ယင်းတို့ စာပေဘွဲ့ထူး၊ ဂုဏ်ထူးများနှင့်တကွ ဖော်ပြထားပါသည်။

ကျွန်တော့်ထံတွင် ၁၉၅၁ ခုနှစ် နွေဦးအပတ်တွင် ရောက်နေကြ



သည့် ဗိုလ်လောင်းများ၊ ဆရာများ အမည်များပါသည့် စာအုပ်တစ်အုပ် ရှိ ထားပါသည်။ ယင်းစာအုပ်ကို ဆင်းဟတ်စ် အပတ်စဉ် (၉)တွင် တက်ရောက် ခဲ့သည့် ကိုဝင်းမောင်ထံမှ ရရှိခြင်းဖြစ်၍ စာအုပ်ကို ငှားရမ်းအသုံးပြုခွင့်ပေးသည့် ကိုဝင်းမောင်အား အထူးကျေးဇူးတင်ရှိပါကြောင်း ဖော်ပြအပ်ပါသည်။ ဖွဲ့စည်းပုံ ကို ဖော်ပြရာတွင် စစ်ဘက်ဖွဲ့စည်းပုံ ဖော်ပြသည့်အတိုင်း စာရင်းဇယားများ၊ ကိန်းဂဏန်းများ အတိအကျဖော်ပြလျှင် ရှည်လျားလွန်းသဖြင့် စာဖတ်သူများ ငြီးငွေ့ဖွယ် မဖြစ်စေရန် ဌာနအလိုက် အရေအတွက်ကိုသာ ဖော်ပြသွားပါမည်။

ယင်းစာရင်းအရ စစ်တက္ကသိုလ်တစ်ခုလုံးတွင် ကျောင်းအုပ်ကြီး ဗိုလ်ချုပ်မှစ၍ စစ်ဘက်အရာရှိ အရာခံပေါင်း ၁၇၅ ဦး ရှိပါသည်။ အကြပ် များနှင့် အခြားအဆင့်များ အားလုံးဆိုလျှင် ၃၀၀ ခန့်ရှိမည်ဟု ခန့်မှန်းရပါ သည်။

စာပေဌာနမှ ဌာနမှူးများ၊ ကထိကများအထိ ဖော်ပြထား၍ စုစုပေါင်း ၇၀ ရှိပါသည်။ ကထိကအောက် သူများကို ဖော်ပြထားခြင်းမရှိပါ။ ယင်း ရာထူးများနှင့် စာပေဌာနရုံးများတွင် လုပ်ကိုင်ကြသော အဆင့်အတန်းအားလုံး ကိုထည့်ပေါင်းလျှင် အနည်းဆုံး ဝန်ထမ်း ၁၀၀ ကျော်ရှိမည်ဟု ယူဆပါသည်။

ကျောင်းအုပ်ကြီးမှ အစပြု၍ ရုံးအုပ်အထိ ဌာနအသီးသီးတွင် အမှု ထမ်းဆောင်ကြသော သူများစာရင်းကို အောက်တွင်ဖော်ပြထားပါသည်။

**စစ်တက္ကသိုလ်ဌာနချုပ်**

| | | |
|---|---|---|
| ကျောင်းအုပ်ကြီး | ဗိုလ်ချုပ် | ၁ ဦး |
| လက်ထောက်ကျောင်းအုပ်ကြီး | ဗိုလ်မှူးချုပ် | ၁ ဦး |
| ကိုယ်ရံတော် | ဗိုလ်ကြီး | ၁ ဦး |
| တပ်ရေး | ဗိုလ်မှူး | ၁ ဦး |
| စစ်တက္ကသိုလ်အရာခံဗိုလ် | အရာခံဗိုလ် | ၁ ဦး |
| ရုံးအုပ် | အရာခံဗိုလ် | ၁ ဦး |
| | စုစုပေါင်း | ၆ ဦး |

www.burmeseclassic.com

www.burmeseclassic.com



**လေ့ကျင့်ရေးဌာန**

| | | |
|---|---|---|
| လေ့ကျင့်ရေးညွှန်ကြားရေးမှူးချုပ် | ဒုဗိုလ်မှူးကြီး | ၁ ဦး |
| စစ်ဦးစီး (၃) | ဗိုလ်မှူး (လေ့ကျင့်ရေး) | ၁ ဦး |
| စစ်ဦးစီး (တ) | ဗိုလ်ကြီး | ၄ ဦး |
| ရုံးအုပ် | | ၁ ဦး |
| | စုစုပေါင်း | ၇ ဦး |

**အုပ်ချုပ်ရေးဌာန**

| | | |
|---|---|---|
| စစ်ရေးနှင့် စစ်ထောက်ချုပ် | ဗိုလ်မှူးကြီး | ၁ ဦး |
| ဒုစစ်ရေးနှင့် စစ်ထောက်ချုပ် | ဒုဗိုလ်မှူးကြီး | ၁ ဦး |
| စစ်ဦးစီး (၃) | ဗိုလ်မှူး | ၃ ဦး |
| စစ်ဦးစီး (တ) | ဗိုလ်ကြီး | ၅ ဦး |
| မော်တော်ယာဉ်အရာရှိ | ဗိုလ် | ၁ ဦး |
| အရာခံဗိုလ်/ရုံးအုပ်များ | အရာခံဗိုလ် | ၁၁ ဦး |
| | စုစုပေါင်း | ၂၂ ဦး |

**ဆေးရုံ**

| | | |
|---|---|---|
| ဆေးမှူး | ဒုဗိုလ်မှူးကြီး | ၁ ဦး |
| ဒေါက်တာ | ဗိုလ်ကြီး | ၂ ဦး |
| သွားဘက်ဆရာဝန် | ဗိုလ်မှူး | ၁ ဦး |
| | စုစုပေါင်း | ၄ ဦး |

**ဘုရားရှိခိုးကျောင်း**

| | | |
|---|---|---|
| ချက်ပလိန် | | ၁ ဦး |
| လက်ထောက်ချက်ပလိန် | | ၁ ဦး |
| ရိုမန်ကက်သလစ်ချက်ပလိန် | | ၁ ဦး |
| | စုစုပေါင်း | ၃ ဦး |



**…ရေးပြနှင့် လက်နက်ငယ်သင်တန်း**

| | | |
|---|---|---|
| လေ့ကျင့်ရေး ညွှန်ကြားရေးမှူးချုပ်နှင့်တပ်ရေး | ဗိုလ်မှူး | ၁ ဦး |
| လက်ထောက်တပ်ရေး | ဗိုလ်ကြီး | ၁ ဦး |
| လက်နက်ငယ်တာဝန်ခံ | ဗိုလ်ကြီး | ၁ ဦး |
| စစ်တီးဝိုင်းခေါင်းဆောင် | ဗိုလ် | ၁ ဦး |
| စစ်တက္ကသိုလ်အရာခံဗိုလ် | အရာခံဗိုလ် | ၁ ဦး |
| တပ်ခွဲအရာခံဗိုလ် | အရာခံဗိုလ်-၂ | ၁ ဦး |
| | စုစုပေါင်း | ၆ ဦး |

**…က်ပြသင်တန်း**

| | | |
|---|---|---|
| …ည်းပြမှူးချုပ် | ဗိုလ်မှူး | ၁ ဦး |
| …ည်းပြ | ဗိုလ်ကြီး | ၁ ဦး |
| …အရာခံဗိုလ် | အရာခံဗိုလ် | ၁ ဦး |
| | စုစုပေါင်း | ၃ ဦး |

**…မောင်း/ ပြုပြင်ရေးသင်တန်း**

| | | |
|---|---|---|
| …ည်းပြမှူးချုပ် | ဗိုလ်မှူး | ၁ ဦး |
| …ည်းပြ | ဗိုလ်ကြီး | ၃ ဦး |
| …ရပ်ဘက် အထက်တန်းနည်းပြ | ဗိုလ်ကြီး | ၁ ဦး |
| …ရာခံဗိုလ် | အရာခံဗိုလ် | ၁ ဦး |
| | စုစုပေါင်း | ၆ ဦး |

**…လက်ကြံ့ခိုင်ရေးသင်တန်း**

| | | |
|---|---|---|
| …ည်းပြမှူးချုပ် | ဗိုလ်မှူး | ၁ ဦး |
| …ည်းပြ | ဗိုလ်ကြီး | ၁ ဦး |
| …ရာခံဗိုလ် | အရာခံဗိုလ် | ၁ ဦး |
| | စုစုပေါင်း | ၃ ဦး |

www.burmeseclassic.com

www.burmeseclassic.com





**စာကြည့်တိုက်**

| | | |
|---|---|---|
| စာကြည့်တိုက်မှူး | ဒုဗိုလ်မှူးကြီး | ၁ ဦး |
| လက်ထောက်စာကြည့်တိုက်မှူး | ဒုဗိုလ်မှူးကြီး | ၁ ဦး |
| လက်ထောက်စာကြည့်တိုက်မှူး | ဗိုလ်မှူး | ၁ ဦး |
| | စုစုပေါင်း | ၃ ဦး |

**ဆင်းဟတ်စ်စစ်တက္ကသိုလ်ပြတိုက်**

| | | |
|---|---|---|
| ပြတိုက်မှူး | ဒုဗိုလ်မှူးကြီး | ၁ ဦး |

**စစ်ဘက်ဘာသာရပ်များ သဘာပတိအဖွဲ့**

| | | |
|---|---|---|
| သဘာပတိအဖွဲ့ဝင် | ဗိုလ်မှူး | ၃ ဦး |

**မောင်းတပ်ခွဲ**

| | | |
|---|---|---|
| တပ်ခွဲမှူး | ဗိုလ်မှူး | ၁ ဦး |
| နည်းပြမှူးချုပ် | ဗိုလ်မှူး | ၁ ဦး |
| နည်းပြ | ဗိုလ်ကြီး | ၃ ဦး |
| နည်းပြ | ဗိုလ် | ၁ ဦး |
| အရာခံဗိုလ် | အရာခံဗိုလ် | ၁ ဦး |
| | စုစုပေါင်း | ၇ ဦး |

**အားကစားရုံး**

| | | |
|---|---|---|
| အားကစားအရာရှိ | ဗိုလ်ကြီး | ၁ ဦး |
| တွဲဖက် | ဗိုလ်ကြီး | ၁ ဦး |
| | စုစုပေါင်း | ၂ ဦး |

၄ **ာပေဌာန**

| | | |
|---|---|---|
| စာပေညွှန်ကြားရေးမှူး | | ၁ ဦး |
| လက်ထောက်စာပေညွှန်ကြားရေးမှူး | | ၁ ဦး |
| စာပေညွှန်ကြားရေးမှူး၏ ဦးစီးအရာရှိ | | ၁ ဦး |
| | စုစုပေါင်း | ၃ ဦး |

**ချိုးဌာန**

| | | |
|---|---|---|
| ဌာနမှူး | | ၁ ဦး |
| ကထိက | | ၁၆ ဦး |
| | စုစုပေါင်း | ၁၇ ဦး |

**ပွဲဌာန**

| | | |
|---|---|---|
| ဌာနမှူး | | ၁ ဦး |
| ကထိက | | ၁၄ ဦး |
| တွဲဖက်အရာရှိ | ဗိုလ်မှူး | ၁ ဦး |
| တွဲဖက်အရာရှိ | ဗိုလ်ကြီး | ၂ ဦး |
| | စုစုပေါင်း | ၁၈ ဦး |

**တ်သစ်ဘာသာရပ်**

| | | |
|---|---|---|
| ဝါရင့်ကထိက | | ၁ ဦး |
| ဌာနမှူး | | ၁ ဦး |
| ကထိက | | ၁၈ ဦး |
| | စုစုပေါင်း | ၂၀ ဦး |

**တ်သစ်ဘာသာစကားဌာန**

| | | |
|---|---|---|
| ဌာနမှူး | | ၁ ဦး |
| ကထိက | | ၁၅ ဦး |
| တွဲဖက်အရာရှိ | ဗိုလ်မှူး | ၁ ဦး |
| | စုစုပေါင်း | ၁၇ ဦး |

www.burmeseclassic.com

www.burmeseclassic.com



**ကောလိပ်သစ်ဌာနချုပ်**

| | | |
|---|---|---|
| ကောလိပ်ကျောင်းအုပ်ကြီး | ဒုဗိုလ်မှူးကြီး | ၁ ဦး |
| နည်းပြမှူးချုပ် | ဗိုလ်မှူး | ၁ ဦး |
| လက်ထောက်နည်းပြမှူးချုပ် | ဗိုလ်ကြီး | ၁ ဦး |
| တပ်ရင်းအရာခံဗိုလ် | အရာခံဗိုလ် | ၁ ဦး |
| | စုစုပေါင်း | ၄ ဦး |

နေ့စဉ်မှတ်တမ်းတွင် ဖော်ပြခဲ့သကဲ့သို့ ဆင်းဟတ်စ်စစ်တက္ကသိုလ်တွင် ကောလိပ်သုံးခုရှိသဖြင့် ကောလိပ်ဌာနချုပ် အရာထမ်းစုစုပေါင်းသိလိုလျှင် အထက်ဖော်ပြပါကို သုံးနှင့်မြှောက်ရန်ဖြစ်ပါသည်။

**ဂါဓာတပ်ခွဲ**

| | | |
|---|---|---|
| တပ်ခွဲမှူး | ဗိုလ်မှူး | ၁ ဦး |
| တပ်ခွဲအရာရှိများ | ဗိုလ်မှူး | ၄ ဦး |
| တပ်ခွဲအရာရှိများ | ဗိုလ်ကြီး | ၁ ဦး |
| တပ်ခွဲအရာခံဗိုလ် | အရာခံဗိုလ် | ၁ ဦး |
| | စုစုပေါင်း | ၇ ဦး |

မှတ်ချက်။ ။ စစ်တက္ကသိုလ် တစ်ခုလုံးတွင် ဗိုလ်လောင်းတပ်ခွဲ ၁၂ ခွဲရှိ၍ တပ်ခွဲအရာရှိ စုစုပေါင်းသိလိုလျှင် အထက်ဖော်ပြပါ အရေအတွက်ကို ၁၂ နှင့် မြှောက်ရန် ဖြစ်ပါသည်။

တပ်ခွဲတစ်ခွဲတွင် ဗိုလ်လောင်း ၁၀၀ ခန့်ရှိ၍ နေ့စဉ်မှတ်တမ်းတွင် ဖော်ပြခဲ့သည့်အတိုင်း တစ်ချိန်တစ်ချိန်၌ စစ်တက္ကသိုလ်တစ်ခုလုံးတွင် ဗိုလ်လောင်း ၁၂၀၀ ခန့်ရှိပါသည်။

❖❖❖

၁။ ကျွန်တော်တို့ လက်ထက်တွင် ဗိုလ်မှူးကြီး ဖြစ်ပါသည်။

၂။ ကျွန်တော်တို့ လက်ထက်တွင် ဒုဗိုလ်မှူးကြီး ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

ဒုတိယပိုင်း နောက်ဆက်တွဲ (ခ)

၅-၂-၁၉၅၃

ဘုရင့်စစ်ရေးပြ (ကျောင်းဆင်းပွဲ)တွင် ပြောခဲ့သော

ဗိုလ်ချုပ်ကြီး ဆာဝ္လျန်ဟာဒင်း
ကျီစီဘီ-ကျီဘီအီး-ဒီအက်စ်အို
ဘုရင့်စစ်ဦးစီးချုပ်၏

မိန့်ခွန်း

## ဘုရင့်စစ်တက္ကသိုလ်မှ လူကြီးလူကောင်းဗိုလ်လောင်းများ

အခု စစ်ရေးပြဟာ ဘုရင့်စစ်ရေးပြဖြစ်ပြီး ဘုရင်မကြီးက ကျွန်ုပ်အား စစ်ရေးပြမှာ အလေးပြုခံရန်အမိန့်ပေးလိုက်ခြင်းဟာ ကျွန်ုပ်အတွက် အကြီး ဆုံးသော အခွင့်အရေးကြီးတစ်ရပ် ဖြစ်ပါတယ်။ စစ်ရေးပြဟာ တကယ့်ကို ကောင်းဆုံးဖြစ်တဲ့အတွက် သင်တို့အား လှိုက်လှိုက်လှဲလှဲ ချီးကျူးရန် ဘုရင်မ ကိုယ်တိုင်က ကျွန်ုပ်အားတာဝန်ပေးအပ်မည်ကို ကျွန်ုပ် သေသေချာချာ ပါတယ်။

သင်တို့ရဲ့ စစ်ရေးပြနဲ့ ချီတက်အလေးပြုခြင်း၊ စစ်သား ပီသလှတဲ့ ဟန်အနေအထားနဲ့တကွ ကျွန်ုပ်အား ယခုမကြာမီကလေးက ချီတက် အလေးပြုကြစဉ် ကျွန်ုပ်အား စေ့စေ့ကြည့်သွားကြတာတွေကို ထောက်ရှုခြင်း ဖြင့် သင်တို့အားလုံးနှင့် ဘုရင့်စစ်တက္ကသိုလ်ကြီးတစ်ခုလုံးဟာ အားလုံး ကောင်းမွန် အဆင်ပြေနေတယ်ဆိုတာ ထင်ရှားနေပါတယ်။

ဒါတွေကို တွေ့မြင်ရတာဟာ အလွန်အားရကျေနပ်ဖွယ်ရှိပြီး နှစ် ကောင်းအားရလှပါတယ်လို့ ကျွန်ုပ်ပြောဆိုတာဟာ ဒီစစ်ရေးပြကို ကြည့်ရတဲ့သူ အားလုံးအတွက် ပြောဆိုတာပဲဖြစ်တယ်လို့ ယူဆစေချင်ပါတယ်။

သင်တို့အထဲကတချို့ဟာ ဘုရင်မကော်မရှင်ကိုယူဆောင်ပြီး ဘုရင်မ တပ်တော်မှာ အမှုထမ်းဆောင်ရအောင် တစ်ရက်နှစ်ရက်အတွင်းမှာကို စစ် တက္ကသိုလ်ကို စွန့်ခွာသွားကြရတော့မှာဖြစ်ပြီး ကျန်သူများကလည်း မကြာမီ စစ်တက္ကသိုလ်က ထွက်ခွာကြရတော့မှာဖြစ်ပါတယ်။ ကျွန်ုပ်ဟာ စစ်သား ဟောင်းကြီးတစ်ဦးအနေနှင့် ကျွန်ုပ်အတွေ့အကြုံမှ သင်တို့အား အကြံဉာဏ်

www.burmeseclassic.com

www.burmeseclassic.com



စကားသုံးခွန်း ပါးလိုက်ပါရစေ။

ပထမဆုံး သင်တို့ တာဝန်ကို ရှေ့ဆုံးတန်းမှာတင်ထားပါ။ သင်... သင်တို့ လုံခြုံရေး၊ သင်တို့ သက်သာချောင်ချိရေး၊ သင်တို့အကျိုးများထက် တာဝန်... ဦးစားပေးပါ။

စစ်သားတစ်ဦးရဲ့ ပထမဆုံးတာဝန်ဟာ ဘုရားသခင်အတွက် ဖြစ်... တယ်။ ဒါဟာ အားလုံးကိုလွှမ်းမိုးပေတယ်။ ဒါပြီးတော့ ကျွန်ုပ်တို့ရဲ့ မွန်... ချစ်မြတ်နိုးရတဲ့ ဘုရင်မကြီးနဲ့ တိုင်းပြည်အတွက် တာဝန်များဖြစ်ပေတ... တပ်မတော်အတွက် တာဝန်ပြီးတော့ ကျွန်ုပ်တို့ အမှုထမ်းဆောင်ရမယ့်တပ်... အတွက် တာဝန်များဖြစ်ပေတယ်။ ပြီးတော့ ရဲဘော်များ အထူးသဖြင့် ကျွန်... တို့ အုပ်ချုပ်ရတဲ့လူများအတွက် တာဝန်များဖြစ်ပေတယ်။

တန်ဖိုး ဘယ်လောက်ကြီးသည်ဖြစ်စေ၊ အန္တရာယ် ဘယ်လောက်... သည်ဖြစ်စေတာဝန်က ပထမဆုံး ဦးစားပေးပဲဖြစ်ရမယ်။

ဒုတိယ မြင့်မြင့်ကြံပါ။ သင်တို့ ဘာပဲလုပ်ရလုပ်ရ အကောင်း... ဖြစ်အောင် အစွမ်းကုန်ကြိုးစားကြပါ။ ရဲဝံ့ပြီး စွန့်စားပါ။ အခွင့်အလမ်းကို... သေသေချာချာတွက်ပြီး စွန့်စားဖို့ကို ဘယ်တော့မှ နောက်မတွန့်ပါနဲ့။ သင်... အတွက် စဉ်းစားပြီး ကြိုတင်တွေးခေါ်ပါ။ အချိန်ရှိသရွေ့ လေ့လာပါ။ သမိုင်း... ပထဝီ၊ လူ့သဘော၊ သိပ္ပံ စသည်တို့ကို သင်ပိုပြီးသိသမျှ၊ သင်ပိုပြီး ကျယ်ကျ... ပြန့်ပြန့် ခရီးသွားလာရသည်နှင့်အမျှ ကမ္ဘာကြီးနဲ့ ကမ္ဘာ့ရေးရာတွေကို သ... ပိုသိလာသည်နှင့်အမျှ သင်တို့ဟာ စစ်သားတွေအနေနဲ့ သင်တို့တိုင်းပြည်... ပိုပြီးကောင်းမွန်စွာ အမှုထမ်းဆောင်နိုင်ကြမယ် ဖြစ်ပါတယ်။

တတိယ ပျော်ပျော်နေပြီး စစ်သားအဖြစ် အမှုထမ်းဆောင်ရတာ... နှစ်ခြိုက်ပါ။

သင်တို့ရဲ့ အချို့တာဝန်များဟာ ပျင်းရိငြီးငွေ့ဖွယ် တွေ့ရပေလိမ့်... စိတ်ပျက်ဖွယ်၊ မျှော်မှန်းချက် မရှိတော့တဲ့ အခြေအနေမျိုးလည်း တွေ့ရနိုင်... တာဝန်တွေယူရတာကကြီးလေးပြီး ခက်ခဲတဲ့ဆုံးဖြတ်ချက်တွေကိုလည်း ချ... ပေလိမ့်မည်။ ဒါပေမဲ့ စစ်သားဘဝမှာ အပြစ်ကင်းစင်တဲ့ မွေ့လျော်ဖွယ်... အများအပြားပဲရှိပါတယ်။ အားကစားနည်းတွေနဲ့ အပန်းဖြေဖွယ်တွေမှာ... မဟုတ်ပါဘူး။ သင်တို့ အလုပ်ထဲမှာကို ပျော်စရာတွေ၊ စိတ်ချမ်းသာစရာ... တွေ့ကြရပါလိမ့်မယ်။ တပ်မတော်ထဲမှာ သင်တို့ ဘယ်လောက်ပျော်...

...နှစ်ခြိုက်မယ်ဆိုတာဟာ အများဆုံး သင်တို့အပေါ်မှာ တည်နေပေလိမ့်မယ်။ ...သင်တို့ပေးသည်နှင့်အမျှ အချိုးကျရကြမှာပဲဖြစ်ပါတယ်။ ဒါကြောင့် ရက်ရက် ...ရောပေးပါ။ သင်တို့မှာရှိတဲ့ ကောင်းတဲ့အရည်အသွေး တွေအားလုံးကို ...ပေးပါ။ ပြဿနာတွေကို ပြုံးပြီးရင်ဆိုင်ပါ။ ပြီးတော့ သင်တို့လုပ်သမျှမှာ ...ရဲ့ချမ်းမြေ့ဖွယ်တွေ ပါဝင်လာပါစေ။

ဒါဟာ ကျွန်ုပ်ရဲ့စကားလက်ဆောင်မွန် သုံးခွန်းပဲဖြစ်ပါတယ်။

အမြဲတမ်း တာဝန်ကိုဦးစားပေးပါ။

မြင့်မြင့်ကြံပါ။

ဘဝကိုပျော်မွေ့ပါ။

ဘုရင့်စစ်တက္ကသိုလ်က အောင်မြင်သွားကြပြီး ဘုရင့်ကော်မရှင်ရသူ ...များကို ကျွန်ုပ် ချီးကျူးလိုက်တာဟာ သင်တို့ရဲ့ ဆွေမျိုးရင်းချာများ၊ မိတ်ဆွေ ...ပေါင်းအသင်းများနဲ့ တပ်မတော်အတွက်တင် မဟုတ်သေးဘဲ တိုင်းပြည် ...တစ်ခုလုံးအတွက် ဖြစ်ပါပေတယ်။ သင်တို့ရဲ့ တပ်မတော်အသီးသီးမှာ အလွန် ...အောင်မြင်ကြစေကြောင်း ဆုမွန်ကောင်းတောင်းလိုက်ပါတယ်။ ဗြိတိသျှ ...တပ်မတော်ထဲမှာ အရာရှိအဖြစ် အမှုထမ်းဆောင်ခွင့် ရသူများအတွက် ပြောရရင် ...သင်တို့ဟာ ကမ္ဘာမှာ ဘယ်တပ်မတော်ရဲ့နောက်ကမှမလိုက်တဲ့ ဗြိတိသျှ ...တပ်မတော်မှာ ဘုရင်မကြီးနဲ့တိုင်းပြည်ကို အမှုထမ်းဆောင်ခွင့် ရကြပါလိမ့်မယ်။ ...ယ်မှာ အမှုထမ်းဆောင်ရသည်ဖြစ်စေ အလွန်ပဲကံကောင်းကြပါစေလို့ ဆု ...ကောင်းပတ္ထနာပြုလိုက်ပါတယ်။

❖❖❖

www.burmeseclassic.com

www.burmeseclassic.com



## ဒုတိယပိုင်း နောက်ဆက်တွဲ (ဂ)
## မြန်မာနိုင်ငံမှ ဗြိတိန်ဆင်းဟတ်စ် ဘုရင့်စစ်တက္ကသိုလ်သို့ တက်ရောက်ခဲ့ကြသူများစာရင်း

| စဉ် (က) | ခုနှစ် (ခ) | ရာထူး (ဂ) | အမည် (ဃ) | ယခုအလုပ်အကိုင် (င) |
|---|---|---|---|---|
| ၁။ | ၁၉၄၇ | တပ်သား | ချာ(လ်)စွက်ဘာ | |
| ၂။ | | တပ်ကြပ် | လှမောင် | |
| ၃။ | | ဒုတပ်ကြပ် | အီးဂျိဆမ်ဆင် | |
| ၄။ | | တပ်ကြပ် | စောဂျောနယ်ဆင် | ဗိုလ်မှူး (ကျဆုံး) |
| ၅။ | | တပ်သားသစ် | အုန်းညိမ်း | |
| ၆။ | | တပ်သားသစ် | မောင်လှ (ကွယ်လွန်) | ဒုဗိုလ်မှူးကြီး |
| ၇။ | | တပ်သားသစ် | မောင်မောင် | (ရေတာရှည်) အငြိမ်းစား ဒုဗိုလ်မှူးကြီး |
| ၈။ | | | မောင်မောင် | ကျော်ဇော |
| ၉။ | ၁၉၄၈ | တပ်ကြပ် | တင်ဦး | (ကွယ်လွန်) |
| ၁၀။ | | တပ်ကြပ် | ခင်မောင်လတ် | အငြိမ်းစား ဒုဗိုလ်မှူးကြီး |
| ၁၁။ | ၁၉၄၈ | တပ်ကြပ် | အောင်ကြူး | ဒုဗိုလ်မှူးကြီး (ကျဆုံး) |
| ၁၂။ | | တပ်ကြပ် | မောင်တင် | |
| ၁၃။ | | တပ်ကြပ် | စိဗင်ကြူး | ဒုဗိုလ်မှူးကြီး (အငြိမ်းစား) |
| ၁၄။ | ၁၉၄၉ | ဗိုလ်လောင်း | စိုးမင်း | – |
| ၁၅။ | | ဗိုလ်လောင်း | ညွန့်တင် | – |
| ၁၆။ | | ဗိုလ်လောင်း | တင်မြင့် | ဆောက်လုပ်ရေး |
| ၁၇။ | | ဗိုလ်လောင်း | ရွှေသန်း | ကြယ်ငါးပွင့် (ဦးဆောင်ညွှန်မှူး) |
| ၁၈။ | | ဗိုလ်လောင်း | မောင်မောင်ထွန်း | ဒုဗိုလ်မှူးကြီး |
| ၁၉။ | | ဗိုလ်လောင်း | တင်အေး | ဗိုလ်မှူးကြီး (အငြိမ်းစား) ကြေးမြေဦးဆောင်ညွှန်မှူး |
| ၂၀။ | | ဗိုလ်လောင်း | အောင်ကျော်ခိုင် | – |
| ၂၁။ | ၁၉၅၀ | ဗိုလ်လောင်း | မောင်မောင် | အငြိမ်းစား ဗိုလ်မှူးကြီး |
| ၂၂။ | | ဗိုလ်လောင်း | တင်ဝင်းညို | အငြိမ်းစား ဒုဗိုလ်မှူးကြီး |
| ၂၃။ | | ဗိုလ်လောင်း | ချစ်ဆွေ | (ကွယ်လွန်) |
| ၂၄။ | ၁၉၅၀ | ဗိုလ်လောင်း | အုန်းဖေ | ဦးအုန်းဖေ စာရင်းစစ်ချုပ်၊ အမ်အိုစီ |
| ၂၅။ | | ဗိုလ်လောင်း | ဝင်းမောင် | ဦးဝင်းမောင် စက်မှုလက်မှုဝန်ကြီးဌာန |
| ၂၆။ | | ဗိုလ်လောင်း | မောင်မောင်အေး | ဒုဗိုလ်မှူးကြီး (အငြိမ်းစား) ဟိုတယ်နှင့်ခရီးသွားလာရေး ကော်ပိုရေးရှင်း ဦးဆောင်ညွှန်မှူး |
| ၂၇။ | | ဗိုလ်လောင်း | ကိုကိုကြီး | ဒုဗိုလ်မှူးကြီး အမြောက်တပ်(လားရှိုး–ကွယ်လွန်) |
| ၂၈။ | | ဗိုလ်လောင်း | လေးမောင် | ပြည်သူ့ ဥပဒေ အကျိုးဆောင်အသွင့်ဝင် |
| ၂၉။ | ၁၉၅၁ | ဗိုလ်လောင်း | အေးကျော် | ဗိုလ်မှူးကြီး ကာကွယ်ရေးဝန်ကြီးဌာန |
| ၃၀။ | | ဗိုလ်လောင်း | သောင်းထိုက် | စာရေးသူ |





www.burmeseclassic.com

www.burmeseclassic.com



| စဉ် (က) | ခုနှစ် (ခ) | ရာထူး (ဂ) | အမည် (ဃ) | ယခုအလုပ်အကိုင် (င) |
|---|---|---|---|---|
| | | | | (အငြိမ်းစား၊ဒုဗိုလ်မှူးကြီး) |
| ၃၁။ | | ဗိုလ်လောင်း | ခင်မောင်တင့် | ဗိုလ်မှူးကြီး (အငြိမ်းစား) |
| ၃၂။ | ၁၉၅၁ | ဗိုလ်လောင်း | ကြည်အေး | ဗိုလ်မှူးကြီးအေးကို (ယခု ဦးအေးကို ဒုဝန်ကြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန) |
| ၃၃။ | ၁၉၅၂ | ဗိုလ်လောင်း | မြတ်စိုးညိမ်း | ဒုဗိုလ်မှူးကြီး ဦးဆောင်ညွှန်မှူး၊ စက်မှု(၁) |
| ၃၄။ | | ဗိုလ်လောင်း | တင်မောင် | ဒုဗိုလ်မှူးကြီး အင်ဂျင်နီယာတပ် |
| ၃၅။ | | ဗိုလ်လောင်း | စိုးလွင် | အမ်အိုစီ |
| ၃၆။ | | ဗိုလ်လောင်း | သန်းဝင်း | ဒုဗိုလ်မှူးကြီး စစ်ရုံး၊ အင်ဂျင်နီယာတပ် |
| ၃၇။ | | ဗိုလ်လောင်း | တင်ကြီး | ဗိုလ်မှူးကြီး ဒု-ဝန်ကြီး၊ ကုန်သွယ်ရေးဝန်ကြီးဌာန |
| ၃၈။ | | ဗိုလ်လောင်း | ချိုယင်ချိုင်း | – |
| ၃၉။ | | ဗိုလ်လောင်း | ထွန်းကြည် | အငြိမ်းစားဗိုလ်ကြီး (ကွယ်လွန်) |
| ၄၀။ | | ဗိုလ်လောင်း | စိန်ရ | ဗိုလ်မှူးကြီး လေ့ကျင့်ရေး ညွှန်ကြားရေးမှူး |
| ၄၁။ | ၁၉၅၂ | ဗိုလ်လောင်း | တင်မောင်သန်း | တပ်မတော်မှ နုတ်ထွက်၍ အင်္ဂလန်တွင်နေသည်။ |
| ၄၂။ | | ဒုဗိုလ် | တိုက်သိမ်းမောင် | မင်္ဂလာတောင်ညွန့် မြို့နယ်ကောင်စီဥက္ကဋ္ဌ |
| ၄၃။ | ၁၉၅၃ | ဗိုလ်လောင်း | စိုးမင်း | ဗိုလ်မှူး အငြိမ်းစား၊ အာတိစီ |
| ၄၄။ | | ဗိုလ်လောင်း | စောလွင် | ဗိုလ်မှူးကြီး |



| စဉ် (က) | ခုနှစ် (ခ) | ရာထူး (ဂ) | အမည် (ဃ) | ယခုအလုပ်အကိုင် (င) |
|---|---|---|---|---|
| | | | | (ကွယ်လွန်) |
| ၄၅။ | | ဗိုလ်လောင်း | ဝင်းမောင် | ယခု အင်္ဂလန်မှာနေ (ဗိုလ်ခင်ဒေါင်း) |
| ၄၆။ | | ဗိုလ်လောင်း | မျိုးသန့် | – |
| ၄၇။ | | ဗိုလ်လောင်း | ကြီးမောင် | ဒုဗိုလ်မှူးကြီး (ကျဆုံး) |
| ၄၈။ | | ဗိုလ်လောင်း | မောင်မောင်မြင့် | – |
| ၄၉။ | ၁၉၅၄ | ဗိုလ်လောင်း | ခင်မောင်ကြီး | – |
| ၅၀။ | | ဒုဗိုလ် | မောင်မောင် | – |
| ၅၁။ | | ဗိုလ်လောင်း | ဘထွေး | ဗိုလ်မှူး အမြောက်တပ်၊ ယခု သမဝန်ကြီးဌာန |
| ၅၂။ | | ဒုဗိုလ် | မြင့်ခင် | – |
| ၅၃။ | | တပ်ကြပ် | အေးပို | – |
| ၅၄။ | | ဗိုလ်လောင်း | အောင်ကြည် | – |
| ၅၅။ | | ဗိုလ်လောင်း | ဒေးဗစ်အိုလီဗာအေဘာယ် | ဗိုလ်မှူး |
| ၅၆။ | ၁၉၅၄ | ဗိုလ်လောင်း | ရွှေရိုး | |
| ၅၇။ | ၁၉၅၅ | ဗိုလ်လောင်း | ဖုန်းမြင့် | |
| ၅၈။ | | ဗိုလ်လောင်း | ဘသန်း | ဗိုလ်မှူးကြီး |
| ၅၉။ | | ဗိုလ်လောင်း | ဘီယင် | ဗိုလ်မှူးကြီးမြသင်း |
| ၆၀။ | | ဗိုလ်လောင်း | သောင်းစိန် | |
| ၆၁။ | | ဗိုလ်လောင်း | စိန်ရီ | |
| ၆၂။ | | ဗိုလ်လောင်း | သိန်းမြင့် | ဒုဗိုလ်မှူးကြီး |
| ၆၃။ | | ဗိုလ်လောင်း | ဆမ်ဆင်လှထွေး | |
| ၆၄။ | ၁၉၅၆ | ဒုဗိုလ် | စိုးလွင် | |
| ၆၅။ | | ဒုဗိုလ် | မောင်မောင်သိန်း | |

www.burmeseclassic.com

www.burmeseclassic.com



မှတ်ချက်။ ။ (၁) ကော်လံ (၄) ယခု အလုပ်အကိုင်နှင့် ပတ်သက်၍ စာရေးသူ သိရှိရသမျှသာ ဖော်ပြထားပါသည်။

(၂) မြန်မာနိုင်ငံ လွတ်လပ်ရေးမရမီ ကိုလိုနီခေတ်က ဦးထွန်းလှ အောင်နှင့် ဦးစောကြာဒိုးတို့ ဆင်းဟတ်စ် တက်ခဲ့သည်ဟု သိရှိရ၍ ဘုရင့်စစ်ကောလိပ် (The Royal Military College) တက်ရောက်ခဲ့ခြင်းဖြစ်သည်ဟု ယူဆရပါသည်။ ကာကွယ်ရေးဝန်ကြီးဌာန လေ့ကျင့်ညွှန်ကြားရေးမှူးရုံး စာတွဲများ၊ ရှာဖွေဖတ်ရှုခွင့်ရှိသူများ ဆက်လက်သုတေသနပြုမှ သေချာစွာ သိရှိရမည်ဖြစ်ကြောင်း တင်ပြအပ်ပါသည်။

www.burmeseclassic.com